
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

အမျိုးသားစီမံကိန်းနှင့်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန









# အမျိုးသားဖွံ့ဖြိုးတိုးတက်မှု

# ဒုတိယကာလတို (၅) နှစ်စီမံကိန်း

# (၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် မှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်)

# (မူကြမ်း)

## စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှု အခြေခံကောင်းများပိုမိုဖြစ်ပေါ်စေခြင်းမှတစ်ဆင့် စက်မှုဖွံ့ဖြိုးမှုဆီသို့





၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ

# မာတိကာ




| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| အကျဉ်းချုပ် | | |
| နိဒါန်း | | ၁ |
| **အခန်း(၁)** | **ပထမကာလတို (၅)နှစ် စီမံကိန်းအကောင်အထည်ဖော်နိုင်မှု အပေါ် စိစစ် သုံးသပ်ခြင်း** | ၃ |
| | ၁-၁ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ပုဂ္ဂလိက ကဏ္ဍပြုပြင် ပြောင်းလဲမှုများ | ၃ |
| | ၁-၂ မေခရိုစီးပွားရေး အပေါ်သုံးသပ်ခြင်း | ၁၂ |
| | ၁-၃ စီးပွားရေးနှင့် လူမှုရေးပြုပြင်ပြောင်းလဲမှု မူဘောင်အပေါ် သုံးသပ်ခြင်း | ၂၉ |
| | ၁-၄ ပကတိအခြေအနေ | ၄၈ |
| **အခန်း(၂)** | **ဒုတိယ ကာလတို (၅)နှစ်စီမံကိန်း၏ မဟာဗျူဟာ၊ နည်းဗျူဟာ၊ ရည်မှန်းချက်နှင့် ရှုမြင်ချက်** | ၅၀ |
| **အခန်း(၃)** | **စီမံကိန်းများအတွက် ဘဏ္ဍာငွေရရှိနိုင်မှု** | ၇၄ |
| | ၃-၁ နိုင်ငံပိုင်အခန်းရင်းနှီးမြှုပ်နှံမှု | ၈၄ |
| | ၃-၂ တိုင်းဒေသကြီး၊ ပြည်နယ်ရင်းနှီးမြှုပ်နှံမှု | ၈၅ |
| | ၃-၃ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု | ၈၇ |
| | ၃-၄ အစိုးရ - ပုဂ္ဂလိကပူးပေါင်းဆောင်ရွက်မှု | ၉၄ |
| | ၃-၅ ပြည်ပအကူအညီ၊ အထောက်အပံ့နှင့် ချေးငွေ | ၉၆ |
| **အခန်း(၄)** | **စီးပွားရေးကဏ္ဍ** | ၁၀၄ |
| | ၄-၁ စိုက်ပျိုးရေး | ၁၀၄ |
| | ၄-၂ စက်မှုဖွံ့ဖြိုးတိုးတက်ရေး | ၁၂၁ |
| | ၄-၃ စွမ်းအင် | ၁၃၁ |
| | ၄-၄ ကုန်သွယ်မှု | ၁၄၂ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | ၄-၅ ခရီးသွားလုပ်ငန်း | ၁၄၇ |
| **အခန်း(၅)** | **စက်မှုဖွံ့ဖြိုးမှုကို အားကောင်းစေသောကဏ္ဍများ** | **၁၆၂** |
| | ၅-၁ အခြေခံအဆောက်အအုံများခိုင်မာအားကောင်းစေခြင်း | ၁၆၂ |
| | ၅-၂ လျှပ်စစ်စွမ်းအားတိုးတက်ရရှိရေး | ၁၇၀ |
| | ၅-၃ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်ဖွံ့ဖြိုးရေး | ၁၈၂ |
| | ၅-၄ သယ်ယူပို့ဆောင်ရေး | ၁၈၇ |
| | ၅-၅ အထူးစီးပွားရေးဇုန်၊ စက်မှုဇုန်၊ နယ်စပ်ကုန်သွယ်ရေးဇုန်များ ဖွင့်လှစ် ဆောင်ရွက်ခြင်း | ၁၉၀ |
| | ၅-၆ စီးပွားရေးစင်္ကြံများ၊ နယ်စပ်ကုန်သွယ်ရေးဇုန်များ ဖွံ့ဖြိုး တိုးတက်ရေး | ၁၉၉ |
| | ၅-၇ လုပ်သာကိုင်သာရှိသည့် စီးပွားရေးဝန်းကျင်ဖြစ်ပေါ်စေခြင်း | ၂၁၀ |
| | ၅-၈ လူ့စွမ်းအားအရင်းမြစ်ဖွံ့ဖြိုးတိုးတက်ရေး | ၂၁၄ |
| | ၅-၉ သုတေသနနှင့် ဖွံ့ဖြိုးရေး | ၂၂၀ |
| **အခန်း(၆)** | **လူမှုရေးကဏ္ဍ** | **၂၂၇** |
| | ၆-၁ ပညာရေး | ၂၂၇ |
| | ၆-၂ ကျန်းမာရေး | ၂၄၀ |
| | ၆-၃ ယဉ်ကျေးမှု | ၂၅၂ |
| | ၆-၄ အပန်းဖြေမှု | ၂၆၀ |
| | ၆-၅ လူမှုဖူလုံရေးနှင့် လူမှုအကာအကွယ်ပေးရေး | ၂၆၂ |
| | ၆-၆ ရေရရှိမှု | ၂၆၇ |
| | ၆-၇ အိမ်ရာဖွံ့ဖြိုးရေး | ၂၆၉ |
| **အခန်း(၇)** | **လူမှုစီးပွားဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကဏ္ဍများအချင်းချင်း ချိတ်ဆက်အကောင်အထည်ဖော်မည့်မဟာဗျူဟာ** | **၂၇၅** |
| | ၇-၁ ကောင်းမွန်သောအစိုးရဖြစ်ပေါ်ရေး | ၂၇၅ |
| | ၇-၂ အမျိုးသားစာရင်းအင်းစနစ်ဖွံ့ဖြိုးတိုးတက်ရေး | ၂၉၀ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| | ၇-၃ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး | ၃၀၄ |
| | ၇-၄ စားနပ်ရိက္ခာဖူလုံရေးနှင့် အာဟာရဓာတ်ပြည့်ဝရေး | ၃၀၉ |
| | ၇-၅ ကျေးလက်ဒေသဖွံ့ဖြိုးရေး | ၃၁၆ |
| | ၇-၆ သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲရေး | ၃၃၅ |
| အခန်း(၈) | အရိုးကျမ္မတစွာဖွံ့ဖြိုးတိုးတက်ရေး | ၃၅၃ |
| | ၈-၁ ငြိမ်းချမ်းရေးနှင့်လုံခြုံရေး | ၃၅၄ |
| | ၈-၂ ငြိမ်းချမ်းရေးနယ်မြေဒေသများဖွံ့ဖြိုးတိုးတက်ရေး | ၃၆၁ |
| | ၈-၃ ဒေသများညီမျှစွာတိုးတက်မှုရရှိစေရေး | ၃၆၅ |
| | ၈-၄ ရွှေ့ပြောင်းသွားလာမှုတည်ငြိမ်ရေး | ၅၀၉ |
| နိဂုံး | | ၅၁၆ |

## ဇယားမာတိကာ



| စဉ် | | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|---|
| ၁ | ၁-၁ | ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် မှ ၂၀၁၅-၂၀၁၆ဘဏ္ဍာနှစ် အထိ ဂျီဒီပီ တိုးတက်မှုနှုန်း | ၁၄ |
| ၂ | ၁-၂ | ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အထိ လူတစ်ဦးစီ၏ ပျမ်းမျှထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (ကုန်ထွက်နည်းအရ) | ၁၅ |
| ၃ | ၁-၃ | ၂၀၁၁-၂၀၁၂ဘဏ္ဍာနှစ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အထိ ကဏ္ဍကြီးများအလိုက် ဂျီဒီပီတွင် ပါဝင်မှုအချိုးရည်မှန်းချက်နှင့် အကောင်အထည်ဖော်နိုင်မှုအခြေအနေ (ကုန်ထွက်နည်းအရ) | ၁၇ |
| ၄ | ၁-၄ | ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အထိ စားသုံးသူဈေးဆနှုန်း (CPI) နှင့် ငွေကြေးဖောင်းပွမှုနှုန်း (Inflation) | ၁၉ |
| ၅ | ၁-၅ | နိုင်ငံခြားငွေလဲလှယ်မှုနှုန်း | ၂၁ |
| ၆ | ၁-၆ | ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အထိပြည်ပ ပို့ကုန်/သွင်းကုန် ရည်မှန်းချက်နှင့် အကောင်အထည်ဖော်မှု အခြေအနေ | ၂၃ |
| ၇ | ၁-၇ | ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အထိ ပို့ကုန်၊သွင်းကုန်၊ ကုန်သွယ်မှုပမာဏနှင့် ပိုငွေ/လိုငွေအခြေအနေ | ၂၄ |
| ၈ | ၁-၈ | ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အထိပုံမှန် ပို့ကုန်/သွင်းကုန်နှင့် နယ်စပ် ပို့ကုန်/သွင်းကုန်အခြေအနေ | ၂၆ |
| ၉ | ၁-၉ | ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အထိ ပိုင်ဆိုင်မှုအခန်းအလိုက် ရင်းနှီးမြှုပ်နှံမှု အခြေအနေ (နှစ်အလိုက်ဈေးနှုန်း အရ) | ၂၇ |
| ၁၀ | ၁-၁၀ | ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အထိနိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေအရ ကဏ္ဍအလိုက် ရင်းနှီးမြှုပ်နှံ ခွင့်ပြုသောလုပ်ငန်းအရေအတွက်နှင့် တန်ဖိုး | ၂၉ |
| ၁၁ | ၁-၁၁ | ကျန်းမာရေးဝန်ကြီးဌာနအသုံးစရိတ် | ၃၉ |
| ၁၂ | ၁-၁၂ | ပညာရေးဝန်ကြီးဌာနအသုံးစရိတ် | ၄၀ |

| စဉ် | | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|---|
| ၁၃ | ၂-၁ | ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်နှင့်၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တို့အကြား ဂျီဒီပီတိုးတက်မှုနှုန်း ခန့်မှန်းချက် | ၆၄ |
| ၁၄ | ၂-၂ | လူမှုစီးပွားညွှန်ကိန်းများ | ၆၆ |
| ၁၅ | ၃-၁ | ဒုတိယကာလတို (၅)နှစ် စီမံကိန်း၏ မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုစီမံကိန်းလျာထားချက် (ကဏ္ဍအလိုက်) | ၉၁ |
| ၁၆ | ၃-၂ | ဒုတိယ ကာလတို (၅) နှစ် စီမံကိန်း၏ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု စီမံကိန်းလျာထားချက် (ကဏ္ဍအလိုက်) | ၉၂ |
| ၁၇ | ၃-၃ | ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှ ၂၀၂၀-၂၀၂၁ဘဏ္ဍာနှစ်အတွင်းဝန်ကြီးဌာန အဖွဲ့အစည်းများအလိုက် ပြည်ပ အကူအညီ၊အထောက်အပံ့ ရရှိနိုင်မှု | ၉၇ |
| ၁၈ | ၃-၄ | ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် မှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် အတွင်း ဝန်ကြီးဌာန အလိုက် ချေးငွေ ရရှိနိုင်မှု | ၁၀၁ |
| ၁၉ | ၄-၁ | အာဆီယံနိုင်ငံများ၏ လယ်ယာကုန်ထုတ်စွမ်းအား အခြေအနေ | ၁၀၆ |
| ၂၀ | ၄-၂ | လယ်ယာသုံးစက်ကိရိယာများအရစ်ကျစနစ်ဖြင့် ဖြန့်ဖြူး ရောင်းချမှုနှင့်တောင်သူများအားသင်တန်းပို့ချမှု ရည်မှန်းချက် | ၁၀၉ |
| ၂၁ | ၄-၃ | တောင်သူများအားသင်တန်းပို့ချရန် ရည်မှန်းချက် | ၁၁၀ |
| ၂၂ | ၄-၄ | မြေယာပြုပြင်ရေးလျာထားချက်နှင့်စက်ကိရိယာသုံးစွဲရေး ရည်မှန်းချက် | ၁၁၁ |
| ၂၃ | ၄-၅ | နှစ်စဉ် ဓာတ်မြေသြဇာ၊ ပိုးသတ်ဆေးလိုအပ်ချက် | ၁၁၂ |
| ၂၄ | ၄-၆ | မြန်မာနိုင်ငံ၏ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် အားသာချက် ရှိသည့် စိုက်ပျိုးသီးနှံ၊ တွင်းထွက်နှင့် လုပ်ငန်းများ | ၁၁၄ |
| ၂၅ | ၄-၇ | မြန်မာနိုင်ငံ၏ ဒုတိယကာလတို (၅)နှစ်တာကာလအတွင်း စပါးနှင့် ဆန် ပို၊လိုအခြေအနေ | ၁၁၇ |
| ၂၆ | ၄-၈ | မြန်မာနိုင်ငံ၏ ဒုတိယကာလတို (၅)နှစ်တာကာလအတွင်း ပဲအမျိုးမျိုးပို၊ လို အခြေအနေ | ၁၁၈ |
| ၂၇ | ၄-၉ | အသေးစား၊အလတ်စားစက်မှုလက်မှုလုပ်ငန်းများဖွံ့ဖြိုး တိုးတက်မှု မူဝါဒအကောင်အထည်ဖော်ခြင်းအတွက်တာဝန်ရှိ အဖွဲ့အစည်းများ | ၁၂၀ |

| စဉ် | | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|---|
| ၂၈ | ၄-၁၀ | မှတ်ပုံတင်ပုဂ္ဂလိကစက်မှုလုပ်ငန်းများ(၂၀၁၅ခုနှစ်၊မတ်လ) | ၁၂၅ |
| ၂၉ | ၄-၁၁ | ထုတ်လုပ်မှုစရိတ်လျှော့ကျစေပြီးဖန်လုံအိမ်ဓာတ်ငွေ့လျှော့ချနိုင်ရေး အစီအမံများ | ၁၂၉ |
| ၃၀ | ၄-၁၂ | ကဏ္ဍအလိုက်စွမ်းအင်လိုအပ်ချက်များ | ၁၃၄ |
| ၃၁ | ၄-၁၃ | စွမ်းအင်လိုအပ်ချက် ခန့်မှန်းမှုများ | ၁၃၆ |
| ၃၂ | ၄-၁၄ | စွမ်းအင်ဖန်ကြီးဌာန၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၏ရေနံစိမ်းနှင့် သဘာဝဓာတ်ငွေ့များထုတ်လုပ်မှုခန့်မှန်းချက် | ၁၄၀ |
| ၃၃ | ၄-၁၅ | စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံဓာတုလုပ်ငန်း၏ရေနံချက်ပစ္စည်းများထုတ်လုပ်မှုခန့်မှန်းချက် | ၁၄၁ |
| ၃၄ | ၄-၁၆ | ဝင်ပေါက်အလိုက် ကမ္ဘာလှည့်ခရီးသည်ဝင်ရောက်မှုအခြေအနေ (၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အထိ) | ၁၄၉ |
| ၃၅ | ၄-၁၇ | နိုင်ငံအလိုက်ခရီးသည်ဝင်ရောက်မှုအခြေအနေ (၂၀၁၀ ခုနှစ် မှ ၂၀၁၄ ခုနှစ်အထိ) | ၁၅၀ |
| ၃၆ | ၄-၁၈ | ခရီးသွားဧည့်သည်များ၏ အသုံးစရိတ်နှင့် နေထိုင်မှုအချိန် | ၁၅၁ |
| ၃၇ | ၄-၁၉ | စီးပွားရေးစင်္ကြံများတစ်လျှောက် အလားအလာရှိသော အရင်းအမြစ်များ | ၁၅၃ |
| ၃၈ | ၄-၂၀ | ဒုတိယ ကာလတို(၅) နှစ် အမျိုးသားစီမံကိန်း၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် မှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အထိ မြန်မာနိုင်ငံသို့ လာရောက်မည့် ကမ္ဘာလှည့်ခရီးသည်များနှင့် သုံးစွဲမည့် နိုင်ငံခြားငွေရည်မှန်းချက် | ၁၅၅ |
| ၃၉ | ၄-၂၁ | ဒုတိယကာလတို (၅) နှစ် အမျိုးသားစီမံကိန်း ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အထိ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနမှ ထုတ်ပေးသော လုပ်ငန်းလိုင်စင် (၄)မျိုးရည်မှန်းချက် | ၁၅၆ |
| ၄၀ | ၄-၂၂ | ဒုတိယကာလတို (၅) နှစ် အမျိုးသားစီမံကိန်း ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အထိ နိုင်ငံအလိုက်ခရီးသည်ဝင်ရောက်မှုအခြေအနေရည်မှန်းချက် | ၁၅၇ |

| စဉ် | | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|---|
| ၄၁ | ၄-၂၃ | ဒုတိယကာလတို (၅) နှစ် အမျိုးသားစီမံကိန်း၂၀၁၆-၂၀၁၇ဘဏ္ဍာနှစ်မှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အထိ ခရီးသွားလုပ်ငန်း မြှင့်တင်မှု ရန်ပုံငွေရည်မှန်းချက် | ၁၅၈ |
| ၄၂ | ၅-၁ | ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် အထိ ဖောက်လုပ်မည့် လမ်းများ (မိုင်-ဖာလုံ) | ၁၆၇ |
| ၄၃ | ၅-၂ | ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်ကုန်ထိ တပ်ဆင်ပြီးစီးသည့် လျှပ်စစ်ဓာတ်အားပေးစက်ရုံများ | ၁၇၁ |
| ၄၄ | ၅-၃ | ပထမကာလတို (၅) နှစ်စီမံကိန်းရည်မှန်းချက်နှင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်ကုန်အထိ ဆောင်ရွက်ပေးနိုင်ခဲ့မှုအခြေအနေ | ၁၇၁ |
| ၄၅ | ၅-၄ | ၂၀၁၅-၂၀၁၆ဘဏ္ဍာနှစ် မှ ၂၀၂၀-၂၀၂၁ဘဏ္ဍာနှစ်အထိ အိမ်ထောင်စုများ၏ လျှပ်စစ်ဓာတ်အားသုံးစွဲနိုင်မည့်အခြေအနေ | ၁၇၄ |
| ၄၆ | ၅-၅ | လျှပ်စစ်ဓာတ်အား တိုးတက်သုံးစွဲမည့်အခြေအနေနှင့် ဖြည့်ဆည်းပေးနိုင်မည့် အခြေအနေ | ၁၇၅ |
| ၄၇ | ၅-၆ | လျှပ်စစ်ထုတ်လုပ်မည့်နည်းလမ်းများ | ၁၇၅ |
| ၄၈ | ၅-၇ | ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်မှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အတွင်း တည်ဆောက်ပြီးစီးမည့်စက်ရုံများ၏ တပ်ဆင်အင်အား | ၁၇၆ |
| ၄၉ | ၅-၈ | ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် တည်ဆောက်မည့် ၅၀၀ ကေဗွီ၊၂၃၀ကေဗွီ၊၁၃၂ကေဗွီ၊ ၆၆ ကေဗွီ ဓာတ်အားလိုင်းများနှင့် ဓာတ်အားခွဲရုံများ | ၁၇၈ |
| ၅၀ | ၅-၉ | ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် တည်ဆောက်မည့် ၆၆/၃၃/၁၁/၀.၄ကေဗွီလိုင်းများနှင့် ဓာတ်အားခွဲရုံများ | ၁၇၉ |
| ၅၁ | ၅-၁၀ | ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အထိ နှစ်အလိုက် ဆောင်ရွက်သွားမည့် မိုဘိုင်းစခန်းများ | ၁၈၄ |
| ၅၂ | ၅-၁၁ | တိုင်းဒေသကြီး/ ပြည်နယ်အလိုက် တိုးချဲ့ရန်ရည်မှန်းထားသည့် မိုဘိုင်းစခန်း အခြေအနေ | ၁၈၅ |
| ၅၃ | ၅-၁၂ | ခေတ်မီ အော်တိုအိတ်ချိန်းများဖြင့် နှစ်အလိုက် အစားထိုးလဲလှယ်မည့်အခြေအနေ | ၁၈၆ |

| စဉ် | | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|---|
| ၅၄ | ၅-၁၃ | ဖိုင်ဘာကေဘယ်ဆက်ကြောင်းများ | ၁၈၆ |
| ၅၅ | ၅-၁၄ | ကွင်းဆက်ဖိုင်ဘာဆက်ကြောင်းနှင့် ဆက်ကြောင်းပမာဏ | ၁၈၇ |
| ၅၆ | ၅-၁၅ | Myanmar' s National Transport Master Plan အရ စတင်အကောင်အထည်ဖော်မည့်အစီအစဉ် | ၁၉၈ |
| ၅၇ | ၅-၁၆ | ဖွင့်လှစ်ပြီး နယ်စပ်ကုန်သွယ်ရေးစခန်းများ | ၂၀၃ |
| ၅၈ | ၅-၁၇ | ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် မှ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အထိတိုးတက်ပြောင်းလဲလာမည့်မြန်မာနိုင်ငံ၏လူဦးရေနှင့်မိုဘိုင်းသူ အချိုးခန့်မှန်းချက် | ၂၁၇ |
| ၅၉ | ၆-၁ | ပထမကာလတို(၅)နှစ် အမျိုးသားစီမံကိန်း(၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် မှ ၂၀၁၅-၂၀၁၆ဘဏ္ဍာနှစ် အထိ) သက်ကြီး စာတတ်မြောက်မှုနှုန်းနှင့် ကျောင်းနေနှုန်းကြမ်း | ၂၂၈ |
| ၆၀ | ၆-၂ | ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အထိ နှစ်အလိုက် ငွေလုံးငွေရင်းနှင့် သာမန်အသုံးစရိတ် | ၂၂၉ |
| ၆၁ | ၆-၃ | ပထမကာလတို(၅)နှစ် အမျိုးသားစီမံကိန်း(၂၀၁၁-၂၀၁၂ ပညာသင်နှစ် မှ ၂၀၁၅-၂၀၁၆ ပညာသင်နှစ် အထိ)ဆရာ-ကျောင်းသားအချိုး | ၂၃၁ |
| ၆၂ | ၆-၄ | ဒုတိယကာလတို (၅) နှစ် အမျိုးသားစီမံကိန်း၂၀၁၆-၂၀၁၇ဘဏ္ဍာနှစ်မှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အထိရည်မှန်းချက် | ၂၃၄ |
| ၆၃ | ၆-၅ | ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် ရောက်ရှိရန် ရည်မှန်းချက် | ၂၄၅ |
| ၆၄ | ၆-၆ | ဒုတိယကာလတို (၅)နှစ် စီမံကိန်းကာလအတွင်းကျောင်းကျန်းမာရေး ကဏ္ဍအတွက်အဓိကရည်မှန်းချက် | ၂၄၆ |
| ၆၅ | ၆-၇ | နှစ်အလိုက် တိုးချဲ့ဖွင့်လှစ်မည့် ကျန်းမာရေးဌာနများစာရင်း | ၂၄၇ |
| ၆၆ | ၆- ၈ | တိုးချဲ့ဖွင့်လှစ်မည့် ဆေးတက္ကသိုလ်များ | ၂၄၈ |
| ၆၇ | ၆-၉ | သူနာပြုပညာရည်ဖွံ့ဖြိုးရေးလုပ်ငန်းလျာထားချက် | ၂၄၈ |
| ၆၈ | ၆-၁၀ | အခြေခံကျန်းမာရေးဝန်ထမ်းများလေ့ကျင့်မွေးထုတ်ပေးရေးလုပ်ငန်းလျာထားချက် | ၂၄၉ |
| ၆၉ | ၆-၁၁ | နှစ်အလိုက်တိုးချဲ့ဖွင့်လှစ်ပေးရန်လိုအပ်သည့် ကျန်းမာရေးဌာနများစာရင်း | ၂၅၀ |

| စဉ် | | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|---|
| ၇၀ | ၆-၁၂ | ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အတွင်း တိုင်းဒေသကြီး/ ပြည်နယ်များတွင် မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ ဆောက်လုပ်မည့်အိမ်ရာစီမံကိန်းများ | ၂၇၂ |
| ၇၁ | ၆-၁၃ | မြို့ပြနှင့်ဒေသဖွံ့ဖြိုးရေးဌာနခွဲ၏ ၂၀၁၆–၂၀၁၇ ဘဏ္ဍာနှစ်မှ ၂၀၂၀–၂၀၂၁ ဘဏ္ဍာနှစ်အတွင်းနှစ်အလိုက်မြို့ပြစီမံကိန်းများ | ၂၇၃ |
| ၇၂ | ၇-၁ | ထုတ်လုပ်မှုစရိတ်လျော့ကျစေပြီးဖန်လုံအိမ်ဓာတ်ငွေ့ ထုတ်လွှတ်မှုလျှော့ချနိုင်ရေးဆိုင်ရာအစီအမံများ | ၃၀၈ |
| ၇၃ | ၇-၂ | ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် အထိ ဆောင်ရွက်မည့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့် ဆင်းရဲ နွမ်းပါးမှု လျှော့ချရေးလုပ်ငန်းများ | ၃၂၁ |
| ၇၄ | ၇-၃ | အသက်မွေးဝမ်းကြောင်းအထောက်အကူပြုသင်တန်းများ | ၃၂၉ |
| ၇၅ | ၇-၄ | ၂၀၀၈ ခုနှစ်နောက်ပိုင်းဖြစ်ပေါ်ခဲ့သည့် သဘာဝဘေးအန္တရာယ်ကြီးများနှင့် ထိခိုက်ဆုံးရှုံးမှုများ | ၃၃၈ |
| ၇၆ | ၇-၅ | ဆောက်လုပ်ပြီးနှင့်ဆောက်လုပ်ဆဲဆိုင်ကလုန်းဒဏ်ခံ အဆောက်အဦများ | ၃၅၀ |
| ၇၇ | ၇-၆ | ဒုတိယကာလတို( ၅)နှစ် စီမံကိန်းကာလအတွင်း ဆက်လက်ဆောက်လုပ်မည့် ဆိုင်ကလုန်းဒဏ်ခံအဆောက်အဦများ | ၃၅၁ |
| ၇၈ | ၈-၁ | တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ လူတစ်ဦးကျဝင်ငွေ (နှစ်အလိုက်ဈေးနှုန်းများအရ) | ၃၆၆ |
| ၇၉ | ၈-၂ | တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ အသားတင်ထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုးများအရ တိုးတက်မှုနှုန်း (၂၀၁၀ - ၂၀၁၁ ဘဏ္ဍာနှစ် ပုံမှန်ဈေးနှုန်းများအရ) | ၃၆၇ |
| ၈၀ | ၈-၃ | ဒုတိယ ကာလတို(၅)နှစ် စီမံကိန်းအတွင်းတိုင်းဒေသကြီးနှင့်ပြည်နယ်များ၏ တိုးတက်မှုနှုန်းရည်မှန်းချက် | ၃၆၈ |
| ၈၁ | ၈-၄ | ဒုတိယ ကာလတို(၅) နှစ် စီမံကိန်း၏ နောက်ဆုံးနှစ်ဖြစ်သော ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင်တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ လူတစ်ဦးကျ ဝင်ငွေ မျှော်မှန်းချက် | ၃၆၉ |

| စဉ် | | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|---|
| ၈၁ | ၈-၅ | ဒုတိယကာလတို (၅) နှစ် စီမံကိန်းအတွင်း လယ်ယာကဏ္ဍ လုပ်ငန်းများ ဆောင်ရွက်ရန် ရည်မှန်းချက် | ၃၇၁ |
| ၈၂ | ၈-၆ | ဒုတိယ ကာလတို(၅) နှစ် စီမံကိန်းအတွင်းစက်မှုလုပ်ငန်းများ ဆောင်ရွက်ရန် ရည်မှန်းချက် | ၃၇၂ |
| ၈၃ | ၈-၇ | ဒုတိယ ကာလတို(၅) နှစ် စီမံကိန်းအတွင်းပို့ဆောင်ရေးကဏ္ဍ လုပ်ငန်းများဆောင်ရွက်ရန် ရည်မှန်းချက် | ၃၇၃ |
| ၈၄ | ၈-၈ | ဒုတိယ ကာလတို(၅) နှစ် စီမံကိန်းအတွင်းကုန်သွယ်မှုကဏ္ဍ လုပ်ငန်းများဆောင်ရွက်ရန် ရည်မှန်းချက် | ၃၇၅ |
| ၈၅ | ၈-၉ | ဒုတိယ ကာလတို(၅) နှစ် စီမံကိန်းအတွင်းကျန်းမာရေးကဏ္ဍ လုပ်ငန်းများဆောင်ရွက်ရန် ရည်မှန်းချက် (ကချင်ပြည်နယ်) | ၃၇၅ |
| ၈၆ | ၈-၁၀ | ဒုတိယ ကာလတို(၅) နှစ် စီမံကိန်းအတွင်းကျန်းမာရေးကဏ္ဍ လုပ်ငန်းများဆောင်ရွက်ရန် ရည်မှန်းချက် (ကယားပြည်နယ်) | ၃၈၅ |
| ၈၇ | ၈-၁၁ | စိုက်ပျိုးရေရရှိရေးဆောင်ရွက်မည့်အစီအစဉ်များ | ၃၈၉ |
| ၈၈ | ၈-၁၂ | စိုက်ပျိုးစရိတ်ချေးငွေထုတ်ချေးမည့်ရည်မှန်းချက် | ၃၈၉ |
| ၈၉ | ၈-၁၃ | ပညာရေးကဏ္ဍဆောင်ရွက်မည့်မျှော်မှန်းချက်များ(ကရင်ပြည်နယ်) | ၃၉၂ |
| ၉၀ | ၈-၁၄ | စီမံကိန်းကာလဆောင်ရွက်မည့်လုပ်ငန်းများ | ၃၉၆ |
| ၉၁ | ၈-၁၅ | ပညာရေးကဏ္ဍဆောင်ရွက်မည့်မျှော်မှန်းချက်များ(ချင်းပြည်နယ်) | ၄၀၂ |
| ၉၂ | ၈-၁၆ | ဒုတိယ ကာလတို (၅) နှစ် စီမံကိန်းအတွင်းမြို့ပြလမ်းတံတား လုပ်ငန်းများဆောင်ရွက်ရန် ရည်မှန်းချက် | ၄၀၉ |
| ၉၃ | ၈-၁၇ | ဒုတိယကာလတို (၅) နှစ် စီမံကိန်းအတွင်းလျှပ်စစ်ဓာတ်အား လုပ်ငန်းများဆောင်ရွက်ရန် ရည်မှန်းချက် | ၄၁၀ |
| ၉၄ | ၈-၁၈ | ဒုတိယ ကာလတို(၅) နှစ် စီမံကိန်းအတွင်း စည်ပင်သာယာရေး ဦးစီးဌာနမှကျေးလက်လမ်းတံတား၊ ရေပေးဝေရေးလုပ်ငန်း များဆောင်ရွက်ရန် ရည်မှန်းချက် | ၄၁၃ |
| ၉၅ | ၈-၁၉ | ဒုတိယ ကာလတို(၅) နှစ် စီမံကိန်းအတွင်း ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဦးစီးဌာနမှ ကျေးလက်လမ်းတံတား၊ ရေပေးဝေရေး လုပ်ငန်းများဆောင်ရွက်ရန် ရည်မှန်းချက် | ၄၁၄ |

| စဉ် | | အကြောင်းအရာ | ၉ <br> စာမျက်နှာ |
|---|---|---|---|
| ၉၆ | ၈-၂၀ | ဆက်သွယ်ရေးလုပ်ငန်းများ၏ဆောင်ရွက်မည့်ရည်မှန်းချက်များ | ၄၃၉ |
| ၉၇ | ၈-၂၁ | သောက်သုံးရေရရှိရေးလုပ်ငန်းများဆောင်ရွက်မည့် ရည်မှန်းချက်များ | ၄၅၇ |
| ၉၈ | ၈-၂၂ | ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ၏ဆောင်ရွက်မည့် ရည်မှန်းချက်များ | ၄၅၈ |
| ၉၉ | ၈-၂၃ | တိုးချဲ့စိုက်ပျိုးမည့် သီးနှံများအတွက်ဆောင်ရွက်မည့် ရည်မှန်းချက်များ | ၄၆၁ |
| ၁၀၀ | ၈-၂၄ | သဘာဝဓာတ်ငွေ့ထုတ်လုပ်မည့် အစီအစဉ် | ၄၆၁ |
| ၁၀၁ | ၈-၂၅ | ပုဏ္ဏားကျွန်းစက်မှုဇုန်လုပ်ဆောင်မည့် အစီအစဉ် | ၄၆၃ |
| ၁၀၂ | ၈-၂၆ | လျှပ်စစ်ဓာတ်အားဖြန့်ဝေရေး ဆောင်ရွက်မည့်လုပ်ငန်းများ | ၄၆၅ |
| ၁၀၃ | ၈-၂၇ | လမ်းပန်းဆက်သွယ်ရေးကဏ္ဍဆောင်ရွက်မည့်လုပ်ငန်းများ | ၄၆၆ |
| ၁၀၄ | ၈-၂၈ | အဆင့်မြင့်လယ်ယာဖော်ထုတ်မည့် အစီအစဉ် | ၄၉၈ |

## ပုံပြဂရပ် မာတိကာ


| စဉ် | | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|---|
| ၁ | ၁-၁ | ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် အထိ ဂျီဒီပီတိုးတက်မှုနှုန်း(%) | ၁၄ |
| ၂ | ၁-၂ | ၂၀၁၁-၂၀၁၂ဘဏ္ဍာနှစ် မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အထိ လူတစ်ဦးစီ၏ ပျမ်းမျှ ထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုး (ကုန်ထွက်နည်းအရ) | ၁၅ |
| ၃ | ၁-၃ | ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အထိ စီးပွားရေးဖွဲ့စည်းမှုပုံသဏ္ဍာန်ပြောင်းလဲမှုအခြေအနေ | ၁၈ |
| ၄ | ၁-၄ | ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အထိ ပြည်ပပို့ကုန်/သွင်းကုန်ရည်မှန်းချက်နှင့် အကောင်အထည်ဖော်မှုအခြေအနေ | ၂၂ |
| ၅ | ၁-၅ | ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အထိ ပို့ကုန်၊ သွင်းကုန် အခြေအနေ | ၂၄ |
| ၆ | ၁-၆ | ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အထိ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ရည်မှန်းချက်နှင့် အကောင်အထည်ဖော်မှုအခြေအနေ | ၂၈ |
| ၇ | ၁-၇ | ပြည်ထောင်စု၏ အခွန်အကောက်ရငွေ (ခန့်မှန်းခြေ) | ၃၂ |
| ၈ | ၂-၁ | မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးရေးမူဝါဒ | ၅၁ |
| ၉ | ၂-၂ | ကာလတို (၅) နှစ် စီမံကိန်း (၄) ခု ပါဝင်သည့် ကာလရှည်နှစ်(၂၀) အမျိုးသားဘက်စုံဖွံ့ဖြိုးရေးစီမံကိန်း(၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှ ၂၀၃၀-၂၀၃၁ ဘဏ္ဍာနှစ်အထိ) | ၅၃ |
| ၁၀ | ၂-၃ | မြန်မာ့ဘက်စုံဖွံ့ဖြိုးရေး မျှော်မှန်းချက်အရ သုံးပွင့်ဆိုင်မဟာဗျူဟာ၏ဆက်စပ်တည်ရှိမှု (MCDV Strategic Triangle) | ၅၄ |
| ၁၁ | ၂-၄ | ဒေသတွင်းနိုင်ငံများ၊ အိမ်နီးချင်းနိုင်ငံများနှင့် ချိတ်ဆက်စေမည့် လမ်းကြောင်းများ | ၆၀ |
| ၁၂ | ၂-၅ | ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်နှင့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တို့အကြား ဂျီဒီပီတိုးတက်မှုနှုန်း ခန့်မှန်းချက် | ၆၄ |
| ၁၃ | ၂-၆ | နှစ် (၂၀) အမျိုးသားဘက်စုံဖွံ့ဖြိုးရေး စီမံကိန်းတွင် ဂျီဒီပီတိုးတက်မှုနှုန်းကို တွက်ချက်ခန့်မှန်းထားရှိပုံ | ၆၅ |

| စဉ် | | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|---|
| ၁၄ | ၃-၁ | ဒုတိယကာလတို (၅)နှစ် စီမံကိန်း၏ ဂျီဒီပီတိုးတက်မှုနှုန်း | ၇၉ |
| ၁၅ | ၃-၂ | ဒုတိယကာလတို (၅)နှစ် စီမံကိန်း ဂျီဒီပီ မျှော်မှန်းချက် | ၇၉ |
| ၁၆ | ၃-၃ | ဒုတိယကာလတို (၅)နှစ် စီမံကိန်း ရင်းနှီးမြှုပ်နှံမှုပမာဏ လိုအပ်ချက် | ၈၀ |
| ၁၇ | ၃-၄ | နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှု ဝင်ငွေအစုရှယ်ယာ (အမေရိကန်ဒေါ်လာ ဘီလီယံပေါင်း) | ၈၈ |
| ၁၈ | ၃-၅ | ဒုတိယ ကာလတို (၅) နှစ် စီမံကိန်း နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု မျှော်မှန်းချက်များ | ၈၉ |
| ၁၉ | ၃-၆ | ကဏ္ဍအလိုက် ခွဲဝေသုံးစွဲမှု ရာခိုင်နှုန်း(၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် မှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်) | ၉၉ |
| ၂၀ | ၃-၇ | ဒုတိယကာလတို(၅)နှစ်စီမံကိန်းကာလအတွင်း နိုင်ငံတကာ အစိုးရများ၊ အပြည်ပြည်ဆိုင်ရာ၊ ကုလသမဂ္ဂနှင့် နိုင်ငံတကာ အစိုးရ မဟုတ်သော အဖွဲ့အစည်းများမှ အကူအညီအထောက် အပံ့ ရရှိနိုင်မှု | ၁၀၀ |
| ၂၁ | ၃-၈ | ကဏ္ဍအလိုက်ခွဲဝေသုံးစွဲမှု ရာခိုင်နှုန်း(၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် မှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်) | ၁၀၂ |
| ၂၂ | ၄-၁ | စက်မှုလုပ်ငန်း အများဆုံးတည်ရှိသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များ(အရေအတွက် ၁၀ ရာခိုင်နှုန်းနှင့်အထက်) | ၁၁၅ |
| ၂၃ | ၄-၂ | စက်မှုလုပ်ငန်း ဒုတိယအများဆုံးတည်ရှိသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များ (အရေအတွက် ၅ ရာခိုင်နှုန်းနှင့် ၁၀ ရာခိုင်နှုန်းကြား) | ၁၁၅ |
| ၂၄ | ၄-၃ | စက်မှုလုပ်ငန်းအနည်းဆုံးတည်ရှိသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များ(အရေအတွက် ၅ ရာခိုင်နှုန်းအောက်) | ၁၁၆ |
| ၂၅ | ၄-၄ | အသေးစားနှင့်အလတ်စားစက်မှုလက်မှုလုပ်ငန်းများဖွံ့ဖြိုး တိုးတက်မှုပုံစံငယ် | ၁၁၉ |
| ၂၆ | ၄-၅ | တိုင်းပြည်ကိုအထောက်အပံ့ဖြစ်စေသော စွမ်းအင်မဟာ စီမံကိန်း၏ ပင်မစွမ်းအင်ဖွံ့ဖြိုးတိုးတက်မှုကာလရှည်စီမံကိန်း | ၁၃၂ |
| ၂၇ | ၄-၆ | မြန်မာနိုင်ငံ၏စွမ်းအင်ကဏ္ဍပုံစံငယ် | ၁၃၃ |

| စဉ် | | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|---|
| ၂၈ | ၄-၇ | ကဏ္ဍအလိုက်စွမ်းအင်လိုအပ်ချက်များ | ၁၃၄ |
| ၂၉ | ၄-၈ | မြန်မာနိုင်ငံသို့ ကမ္ဘာလှည့်ခရီးသည် ဝင်ရောက်မှု (၂၀၁၀ - ၂၀၁၄) | ၁၄၉ |
| ၃၀ | ၅-၁ | ၂၀၁၄-၂၀၁၅ဘဏ္ဍာနှစ်လျှပ်စစ်ထုတ်လုပ်သည့် အရင်းအမြစ်များ | ၁၇၂ |
| ၃၁ | ၅-၂ | တိုင်းဒေသကြီးများအလိုက်ဓာတ်အားလိုအပ်ချက် | ၁၇၃ |
| ၃၂ | ၅-၃ | ပြည်နယ်များအလိုက်ဓာတ်အားလိုအပ်ချက် | ၁၇၄ |
| ၃၃ | ၅-၄ | ၂၀၁၆-၂၀၁၇ဘဏ္ဍာနှစ်မှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အတွင်း တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် တပ်ဆင်အင်အား လျာထားချက် (မဂ္ဂါဝပ်) | ၁၇၇ |
| ၃၄ | ၅-၅ | ၂၀၁၄ ခုနှစ်အတွင်း တိုင်းဒေသကြီး နှင့် ပြည်နယ်အလိုက် လူဦးရေ ၁,၀၀၀ လျှင် အော်တိုတယ်လီဖုန်းအသုံးပြုနိုင်မှု အခြေအနေ | ၁၈၃ |
| ၃၅ | ၅-၆ | ၂၀၁၄ ခုနှစ်အတွင်း တိုင်းဒေသကြီး နှင့် ပြည်နယ်အလိုက် လူဦးရေ ၁,၀၀၀ လျှင် မိုဘိုင်းဖုန်းအသုံးပြုနိုင်မှုအခြေအနေ | ၁၈၃ |
| ၃၆ | ၅-၇ | သီလဝါအထူးစီးပွားရေးဇုန် | ၁၉၁ |
| ၃၇ | ၅-၈ | ထားဝယ် အထူးစီးပွားရေးဇုန်မှနိုင်ငံတကာထွက်ပေါက်များ | ၁၉၄ |
| ၃၈ | ၅-၉ | ပြည်တွင်းစင်္ကြံများနှင့် နိုင်ငံတကာလမ်းကြောင်း ချိတ်ဆက်မှုပုံ | ၂၀၀ |
| ၃၉ | ၅-၁၀ | ဂျီအမ်အက်စ် စီးပွားရေး စင်္ကြံများ | ၂၀၂ |
| ၄၀ | ၅-၁၁ | ရန်ကုန်(အထူးစီးပွားရေးဇုန်)မှ မြဝတီ | ၂၀၆ |
| ၄၁ | ၅-၁၂ | တောင်- မြောက် စီးပွားရေးစင်္ကြံ | ၂၀၇ |
| ၄၂ | ၅-၁၃ | အရှေ့- မြောက်နှင့် အနောက်- တောင်စီးပွားရေးစင်္ကြံ | ၂၀၇ |
| ၄၃ | ၅-၁၄ | အရှေ့- အနောက်စီးပွားရေးစင်္ကြံ | ၂၀၈ |
| ၄၄ | ၅-၁၅ | ၁၉၈၃ ခုနှစ်နှင့် ၂၀၁၄ ခုနှစ် မြန်မာနိုင်ငံ၏ လူဦးရေပိရမစ် | ၂၁၅ |
| ၄၅ | ၅-၁၆ | ၁၉၈၃ ခုနှစ်မှ ၂၀၁၄ ခုနှစ်အထိ မြန်မာနိုင်ငံ၏ မှီခိုသူအချိုး အခြေအနေ | ၂၁၆ |

| စဉ် | | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|---|
| ၄၆ | ၆-၁ | ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အထိ နှစ်အလိုက် ငွေလုံးငွေရင်းနှင့် သာမန်အသုံးစရိတ် | ၂၃၀ |
| ၄၇ | ၆-၂ | တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် တစ်နှစ်အောက်နှင့် ငါးနှစ်အောက် ကလေးသေဆုံးနှုန်း | ၂၄၃ |
| ၄၈ | ၆-၃ | တိုင်းဒေသကြီး/ပြည်နယ်အလိုက် မျှော်မှန်းသက်တမ်း | ၂၄၄ |
| ၄၉ | ၇-၁ | ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အထိ နှစ်စဉ် တူးဖော်မည့် ရေတွင်းရေကန်အရေအတွက် | ၃၂၄ |
| ၅၀ | ၇-၂ | ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အထိ ကျေးရွာမီးလင်းရေးအတွက်လျာထားသည့် ဘဏ္ဍာငွေ ခန့်မှန်းချက်နှင့် တပ်ဆင်မည့် ဆိုလာယူနစ် | ၃၂၅ |
| ၅၁ | ၈-၁ | ငြိမ်းချမ်းရေးဆွေးနွေးပွဲများနှင့် နိုင်ငံရေးဆွေးနွေးပွဲ အစီအစဉ်များနှင့် ပတ်သက်၍ ပြည်သူလူထု၏ သိရှိမှုကို ရာခိုင်နှုန်းဖြင့် နှိုင်းယှဉ်ပြပုံ | ၃၅၈ |
| ၅၂ | ၈-၂ | ပုဏ္ဏားကျွန်းစက်မှုဇုန် စီမံကိန်းဒီဇိုင်းပုံစံ | ၄၆၃ |
| ၅၃ | ၈-၃ | ကျောက်ဖြူအထူးစီးပွားရေးဇုန်ဒီဇိုင်းပုံစံ | ၄၆၄ |

## အမျိုးသားဖွံ့ဖြိုးတိုးတက်မှု
## (၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အထိ)
## ဒုတိယကာလတို (၅) နှစ် အမျိုးသားစီမံကိန်း
## အကျဉ်းချုပ်

ဒုတိယကာလတို (၅) နှစ် စီမံကိန်းကာလအတွင်း **ဖွံ့ဖြိုးမှု မူဝါဒအဖြစ် " ပြည်သူဗဟိုပြုဖွံ့ဖြိုးမှု မူဝါဒ"** ကိုပင် ဆက်လက်ကျင့်သုံးဆောင်ရွက်သွားမည်ဖြစ်သည်။ ပြည်သူများအားလုံး၏ လိုအပ်ချက်အား ဖြည့်ဆည်းနိုင်ရေးအတွက် ပြည်သူနှင့် ချိတ်ဆက်ကာ **စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှု အခြေခံကောင်းများ ပိုမိုဖြစ်ပေါ်စေခြင်းမှတစ်ဆင့်** ပြည်သူတို့အတွက် အလုပ်အကိုင်နှင့် စီးပွားရေး အခွင့်အလမ်းများ တိုးတက်စေရေး၊ ထုတ်လုပ်နိုင်စွမ်းအားမြှင့်တင်ရေး၊ ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများနှင့် အကောင်အထည်ဖော်ဆောင်မှုများ ကောင်းမွန်စေရေးအတွက် ဆောင်ရွက်ရန် ဖြစ်ပါသည်။

ဒုတိယကာလတို (၅) နှစ် စီမံကိန်းတွင် မာတိကာအဖြစ် အောက်ဖော်ပြပါ အခန်း (၈) ခန်း ပါဝင်ပါသည်-


နိဒါန်း

အခန်း(၁) - ပထမကာလတို (၅) နှစ် စီမံကိန်း အကောင်အထည်ဖော်နိုင်မှု အပေါ် စိစစ်သုံးသပ်ခြင်း

အခန်း(၂) - ဒုတိယကာလတို (၅) နှစ် စီမံကိန်း၏ မဟာဗျူဟာ၊ နည်းဗျူဟာ၊ ရည်မှန်းချက်နှင့် ရှုမြင်ချက်

အခန်း(၃) - စီမံကိန်းများအတွက် ဘဏ္ဍာငွေရရှိနိုင်မှု

အခန်း(၄) - စီးပွားရေး ကဏ္ဍ

အခန်း(၅) - စက်မှုဖွံ့ဖြိုးမှုကို အားကောင်းစေသောကဏ္ဍများ

အခန်း(၆) - လူမှုရေးကဏ္ဍ

အခန်း(၇) - လူမှုစီးပွားဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကဏ္ဍများအချင်းချင်း ချိတ်ဆက်အကောင်အထည်ဖော်မည့်မဟာဗျူဟာ

အခန်း(၈) - အချိုးကျမျှတစွာဖွံ့ဖြိုးတိုးတက်ရေး

နိဂုံး

ဒုတိယကာလတို (၅)နှစ် စီမံကိန်းသည် ကာလရှည် နှစ်(၂၀) စီမံကိန်းဖြစ်သော **အမျိုးသား ဘက်စုံဖွံ့ဖြိုးရေး စီမံကိန်း (၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှ ၂၀၃၀-၂၀၃၁ ဘဏ္ဍာနှစ် အထိ)၏ ဒုတိယမြောက် (၅) နှစ် စီမံကိန်း အစိတ်အပိုင်း** ဖြစ်ပါသည်။ **သို့ဖြစ်ပါ၍** ကာလတို (၅) နှစ် စီမံကိန်း (၄) ခု ပါဝင်သည့် **အမျိုးသား ဘက်စုံဖွံ့ဖြိုးရေး စီမံကိန်း ( National Comprehensive Development Plan-NCDP) ၏ ရေရှည် မျှော်မှန်းချက်** နှင့် ကိုက်ညီစေရန် လိုအပ်သကဲ့သို့ အရှေ့အာရှ စီးပွားရေးနှင့် သုတေသနအဖွဲ့ ( East Asia Economic Research Institute for ASEAN and East Asia -ERIA ) တို့နှင့် ပူးပေါင်း ပြုစုထားသည့် **မြန်မာ့ဘက်စုံဖွံ့ဖြိုးရေးမျှော်မှန်းချက် (Myanmar Comprehensive Development Vision-MCDV)** နှင့်လည်း လိုက်လျောညီထွေ ဖြစ်စေရန် လိုအပ်ပါသည်။

**၂၀၃၀-၃၁ ခုနှစ်တွင် အလယ်အလတ်ဝင်ငွေ မြင့်မားပြီး ကမ္ဘာ့အသိုက်အဝန်းသို့ ဝင်ဆံ့ လာနိုင်မည့် ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ဆီသို့ ဦးတည်သည့် အမျိုးသား ဘက်စုံဖွံ့ဖြိုးရေး စီမံကိန်း** အန္တိမရည်မှန်းချက်မှာ -

- မြင့်မားပြီး နိုင်ငံတကာနှင့် ချိတ်ဆက်မှုရှိသည့်တိုးတက်မှု၊
- အားလုံး ပါဝင်နိုင်ပြီး မျှတမှုရှိသည့်တိုးတက်မှုနှင့်
- **သဘာဝပတ်ဝန်းကျင်နှင့် သဟဇာတရှိ၍ စဉ်ဆက်မပြတ်သော တိုးတက်မှု** စသည့် **မဏ္ဍိုင်သုံးရပ်အပေါ်** အခြေပြု၍ **ပြည်သူကိုဗဟိုပြုသည့်ဖွံ့ဖြိုးမှု ရရှိအောင်မြင်ရေး** ပင်ဖြစ်ပါသည်။ အဆိုပါ ဖွံ့ဖြိုးမှုသည်လည်း မြန်မာနိုင်ငံ၏ ပြင်ပဂန်းကျင်အပြောင်းအလဲများအပေါ်အမှီပြု၍ ဖြစ်ပေါ်သည့် အခြေအနေသစ်၊ အခွင့်အလမ်းသစ်တို့နှင့်လည်း လိုက်လျောညီထွေရှိရမည် ဖြစ်ပါသည်။

ဒုတိယကာလတို (၅) နှစ် စီမံကိန်း၏ Theme မှာ **"စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှု အခြေခံကောင်းများ ပိုမိုဖြစ်ပေါ်စေခြင်းမှတစ်ဆင့် စက်မှု ဖွံ့ဖြိုးမှုဆီသို့"** ပင် ဖြစ်သည်။ **စက်မှု ဖွံ့ဖြိုးမှုဆီသို့ ဦးတည်သော်လည်း** -

- လယ်ယာထုတ်ကုန်များကို ဆင့်တိုးတန်ဖိုးမြှင့်တင် ထုတ်လုပ်နိုင်ရန်၊
- စက်မှုကဏ္ဍအတွက် လိုအပ်သော ကုန်ကြမ်းသွင်းအားစုများ ဖြစ်ပေါ်စေရန်၊

- ပြည်တွင်းစားသုံးမှုဖူလုံစေရေးနှင့် ဝယ်လိုအားရှိသည့် ပို့ကုန်ဈေးကွက်အတွက် ပိုမိုစီးပွားဖြစ်စေသော စိုက်ပျိုးရေးထုတ်ကုန်နှင့် သီးနှံများထုတ်လုပ်ပေးရန်၊
- လယ်ယာကဏ္ဍအား ခေတ်မီစက်မှုလယ်ယာသို့ ကူးပြောင်းရန်၊
- စိုက်ပျိုးရေးကဏ္ဍထုတ်လုပ်နိုင်စွမ်း တိုးတက်ရန် တို့အား ချဉ်းကပ်ဆောင်ရွက်ရန် ဖြစ်ပါသည်။

**စိုက်ပျိုးရေးကဏ္ဍအား စိုက်ပျိုးမွေးမြူရေး အပေါင်းအပေါင်း (Agriculture Plus Plus)** မဟာဗျူဟာအရ လယ်ယာထုတ်ကုန်များကို တန်ဖိုးမြှင့်တင်ပေးရန်ဖြစ်ပါသည်။ စက်မှုကဏ္ဍအတွက် လိုအပ်သော ကုန်ကြမ်းသွင်းအားစုများ၊ ပြည်တွင်းစားသုံးမှုနှင့် ပို့ကုန်ဈေးကွက်အတွက် ပိုမိုစီးပွားဖြစ်စေသော သီးနှံများထုတ်လုပ်ပေးခြင်းတို့ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ရန် ဖြစ်သည်။

**"နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့် တွန်းအားပေး၍ ပို့ကုန်မြှင့်တင်ရေး"** မဟာဗျူဟာသည် နိုင်ငံခြားအရင်းအနှီးများ၊ နည်းပညာများနှင့် **ကမ္ဘာလုံးဆိုင်ရာထုတ်လုပ်မှု ဖြစ်စဉ်ကွင်းဆက်မှတစ်ဆင့် နိုင်ငံတကာဈေးကွက်ကို မြန်မြန်ဆန်ဆန် ချိတ်ဆက် ဆောင်ရွက်နိုင်ရေးဖြစ်သည်။** အဆိုပါနည်းလမ်းကြောင့် အထူးသဖြင့် နိုင်ငံတကာဈေးကွက်ဝင် လယ်ယာထွက်ကုန်များ၊ စက်မှုကဏ္ဍအတွက် လိုအပ်သောကုန်ကြမ်းများ၊ ဆင့်တက်ကုန်စည်များ ပိုမိုထုတ်လုပ်ရန်ဖြစ် သည်။

**"ဝင်ရိုးနှစ်ခုအခြေပြုသည့် တိုးတက်မှုနှင့်အတူ ကူးသန်းယှက်နွယ်မှု ရဲ့ထွင်ရေး"** မဟာဗျူဟာသည် နိုင်ငံတစ်ဝှမ်း စီးပွားရေးတိုးတက်မှုကို ဦးဆောင်ဦးရွက်ပြုနိုင်သည့် စီးပွားဖြစ် လုပ်ငန်းများအတွက် လုပ်သာကိုင်သာရှိမည့် အချက်အချာနေရာများ ဖန်တီးပေးရန် ဖြစ်ပါသည်။ အခြေခံအဆောက်အအုံများ လုံလောက်မှုမရှိသေးသည့် လက်ရှိအခြေအနေတွင် အလားအလာရှိသော နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကို ဆွဲဆောင်နိုင်ရန်အတွက် အချက်အခြာနေရာများကို အရေအတွက် ကန့်သတ်ရွေးချယ်၍ အဆိုပါ နေရာများ ဖွံ့ဖြိုးရေးအတွက် ရင်းနှီးမြှုပ်နှံရန် ဖြစ်သည်။ **ပုဂ္ဂလိကပိုင်ပြုလုပ်ရေးနှင့် အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှု (Public Private Partnership -PPP)** တိုးတက်ရန် လိုအပ်သည့် ဥပဒေမူဘောင်များ၊ လမ်းညွှန်များ ပေါ်ထွက်ရေးသည်လည်း အဓိကကျပါသည်။ အဆိုပါ

Growth Pole နှင့် Growth Centre အဖြစ် ရွေးချယ်ထားသည့် နေရာများ သည် ဟင်းသီးဟင်းရွက်၊ အသီးအနှံများ၊ သားငါး၊ နို့ထွက်ပစ္စည်းများအစရှိသော စိုက်ပျိုးမွေးမြူရေးထွက်ကုန်များ၊ ရောင်းဝယ်ဖောက်ကားသည့် ဂယ်လိုအားအလုံးအရင်းဖြင့် တိုးပွားလာနိုင်မည်ဖြစ်ပြီး တန်ဖိုးမြင့်ကုန်စည်များ ထုတ်လုပ် ဖြန့်ဖြူး ရောင်းချနိုင်ရန် ဖြစ်သည်။

သို့ဖြစ်ပါ၍ **အထက်ဖော်ပြပါ အဓိက မဟာဗျူဟာသုံးရပ်အပြင်-**

- ကျေးလက် ဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေး၊
- အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေး၊
- **စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှု အခြေခံကောင်းများ ဖြစ်ပေါ်စေရေးအတွက်** ဥပဒေ၊ မူဘောင်များ၊ လုပ်ထုံးလုပ်နည်းများ လွယ်ကူသိသာစေနိုင်သည့် လုပ်သာကိုင်သာရှိသည့် စီးပွားရေးဝန်းကျင်များဖြစ်ပေါ်စေသည့် **တရားဥပဒေ စိုးမိုးရေးနှင့်အတူ ကောင်းမွန်သော အုပ်ချုပ်မှုစနစ်** တစ်ရပ် ဖြစ်ပေါ်စေရေး၊
- **မေခရိုစီးပွားရေး** တည်ငြိမ်စေရေး၊
- **လျှပ်စစ်စွမ်းအား** အပါအဝင် **ပေါင်းစည်းစွမ်းအင်** (Integrated Energy) **ဖွံ့ဖြိုးရေး၊**
- **မြို့ပြစနစ်** (Urban System) တိုးတက်ကောင်းမွန်ရေး၊
- **သုတေသန၊ ဖွံ့ဖြိုးမှုနှင့် နည်းပညာ** ပြန့်ပွား၍ တိုးတက်ဖွံ့ဖြိုးရေး၊
- **ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများ** ရရှိသည့် အခွင့်အရေးများအားလုံးအား ရရှိအသုံးချရေး၊
- ကျခံသုံးစွဲသွားရမည့် **ဖွံ့ဖြိုးမှုစီမံချက် အသုံးစရိတ်**များအတွက် ဘဏ္ဍာငွေရရှိရာအရင်းအမြစ်များအနေဖြင့် ပြည်တွင်းရင်းနှီးမြှုပ်နှံမှုများ (နိုင်ငံပိုင်၊ သမဝါယမပိုင်၊ ပုဂ္ဂလိကပိုင်)၊ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုများ၊ နိုင်ငံခြားအကူအညီ၊ အထောက်အပံ့၊ ချေးငွေများနှင့် **အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှု (Public Private Partnership -PPP)** တို့မှ ရရှိအောင် ဆောင်ရွက်ရေး၊
- ဘက်စုံဖွံ့ဖြိုးရေးအတွက် အရေးပါသည့် သဘာဝပတ်ဝန်းကျင်နှင့် သဟဇာတဖြစ်၍ အားလုံး ပါဝင်နိုင်သည့် **စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး** ဟူသော ရှုထောင့်မှ လည်း ချဉ်းကပ်ရန် ဖြစ်ပါသည်။

သယံဇာတများ တူးဖော်ထုတ်ယူခြင်း (သို့မဟုတ်) သဘာဝ သယံဇာတများအပေါ် အလွန်အကျွံရင်းနှီးမြှုပ်နှံခြင်းသည် ပတ်ဝန်းကျင်ကို ပျက်စီးစေရုံမျှမက အဆိုပါပတ်ဝန်းကျင်ကို အမှီပြုနေသည့် ဒေသခံများ၏ အသက်ရှင်နေထိုင်မှုကိုလည်း ခြိမ်းခြောက်လာနိုင်သည့်အတွက် **သယံဇာတအရင်းအမြစ်ထက် လူသားအရင်းအမြစ် ဖွံ့ဖြိုးမှုကို အခြေခံသည့် စီးပွားရေးဘက်သို့ ဇောင်းပေးကူးပြောင်းနိုင်ရေးအား** ဆောင်ရွက်နိုင်ရန် ဖြစ်ပါသည်။ ဘဏ်လုပ်ငန်းနှင့် ငွေကြေးဈေးကွက်၊ ဘဏ္ဍာရေးဈေးကွက်များ ပိုမိုတိုးတက်စေခြင်း၊ စတော့၊ ရှယ်ယာဈေးကွက် စတင်ဖွံ့ဖြိုးလာစေခြင်း၊ ခရီးသွားကဏ္ဍတိုးတက်စေခြင်းဖြင့် **ဝန်ဆောင်မှုကဏ္ဍ**ကိုလည်း ကြိုးပမ်းမြှင့်တင်ရမည် ဖြစ်ပါသည်။

ဘဏ္ဍာရေးမူဝါဒ၊ ငွေကြေးမူဝါဒ၊ ကုန်သွယ်ရေးမူဝါဒ၊ နိုင်ငံခြားငွေထိန်းချုပ်ရေးမူဝါဒများဖြင့် **မေခရိုစီးပွားရေးတည်ငြိမ်စေရန်** ဆောင်ရွက်ခြင်း၊ ဘဏ္ဍာရေးဆိုင်ရာဝန်ဆောင်မှုများတွင် အများစု ပါဝင်ခံစားနိုင်ရေး (Financial Inclusion) ဖြစ်ပေါ်စေခြင်း၊ ကြားခံကုန်ကျစရိတ်များ (Transaction costs) ကို လျှော့ချပေးခြင်း၊ ငွေသားဖြင့် ပေးချေသည့် အလေ့အထအား ဘဏ်စနစ်မှတစ်ဆင့် ပေးချေသည့်စနစ်များ (ဥပမာ-Mobile Banking) တိုးတက်လာစေခြင်းတို့ လိုအပ်ပါသည်။ ပထမကာလတို(၅)နှစ် စီမံကိန်းကာလနောက်ပိုင်း၏ စီမံကိန်းနှစ်တွင်ဖြစ်ပေါ်ခဲ့သည့် ငွေကြေးဖောင်းပွမှုနှုန်းအား ဒုတိယကာလတို (၅)နှစ် စီမံကိန်းကာလတွင် ၂ ရာခိုင်နှုန်း မှ ၄ ရာခိုင်နှုန်း အကြားအထိ လျှော့ကျအောင် ထိန်းချုပ်နိုင်ရေးနှင့် ကုန်သွယ်မှုလိုငွေပြမှုအား ကောင်းစွာချဉ်းကပ် ထိန်းချုပ်ဆောင်ရွက်နိုင်ရန်လည်း လိုအပ်ပါသည်။

ပထမ ကာလတို (၅) နှစ် စီမံကိန်း၏ နောက်ဆုံးနှစ်ကာလအတွင်း ဖြစ်ပေါ်ခဲ့သည့် ရေဘေးကဲ့သို့ သဘာဝဘေးအန္တရာယ်ကြောင့် ပြန်လည်ထူထောင်ရေး စီမံကိန်းများ၊ ငြိမ်းချမ်းရေးရယူခဲ့သည့် နယ်မြေများအတွက် နယ်စပ်နှင့် တိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးမှု စီမံကိန်းများ၊ လျှပ်စစ်ဓာတ်အား အပါအဝင် ဒေသတွင်းနိုင်ငံများနှင့် ကွန်ယက်ချိတ်ဆက်နိုင်မည့် အခြေခံအဆောက်အအုံကောင်းမွန်စေမည့် စီမံကိန်းများ၊ သယ်ယူပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်ဖွံ့ဖြိုးစေခြင်း၊ အထူးစီးပွားရေးဇုန်၊ စက်မှုဇုန်များ ဖွံ့ဖြိုးရေး၊ စီးပွားရေးစင်္ကြံများ ချိတ်ဆက်ခြင်း၊ နယ်စပ်ကုန်သွယ်ရေးဇုန်များ ဖွင့်လှစ်ဆောင်ရွက်ခြင်း၊ လုပ်သာကိုင်သာရှိမည့် စီးပွားရေးဝန်းကျင်များဖြစ်ပေါ်စေမည့် စီမံကိန်းများ၊ ထုတ်လုပ်မှုကို တိုးတက်စေနိုင်သော လူသားအရင်းအမြစ်ကို ဖွံ့ဖြိုးတိုးတက်စေမည့်

စီမံချက်များ၊ ဆက်လက်၍ ဆောင်ရွက်ရန်ရှိသည့် ကျေးလက်ဒေသဖွံ့ဖြိုးမှုနှင့် ဆင်းရဲမှုလျော့ကျရေး၊ ဖြစ်လာမှ ဆောင်ရွက်သည်ထက် မဖြစ်ခင်က ကြိုတင်ကာ သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းရေးနှင့် သဘာဝဘေးအန္တရာယ် ကျရောက်မှု ကြိုတင်ကာကွယ်ရေး စီမံကိန်းများ စသည်တို့အား **ပိုမိုအရှိန်မြှင့်တင်ဆောင်ရွက်ခြင်းများ** ပါဝင်မည်ဖြစ်ပါသည်။ စက်မှုဖွံ့ဖြိုးမှုကို အားကောင်းစေသော ကဏ္ဍများအား ဒုတိယ ကာလတို(၅)နှစ်စီမံကိန်းကာလအတွင်း ချဉ်းကပ်အကောင်အထည်ဖော် ဆောင်ရွက်ရာတွင်စီမံချက်များအား **စီးပွားရေးဆန်သည့် ဆောင်ရွက်မှုမျိုး** လိုအပ်ပါသည်။

ကျွမ်းကျင်မှုနှင့် နည်းပညာအားသင်ယူနိုင်စွမ်းအားရှိသည့် **ကျွမ်းကျင်လုပ်သားများ** မွေးထုတ်ပေးခြင်း၊ တက္ကသိုလ်ပညာရေးသည် လက်တွေ့လုပ်ငန်းခွင်များနှင့် ချိတ်ဆက်စေပြီး အသုံးချပညာရပ်များပါတိုးတက်ဖွံ့ဖြိုးစေခြင်း၊ သုတေသန၊ ဖွံ့ဖြိုးမှုနှင့် နည်းပညာပြန့်ပွား၍ တိုးတက်ဖွံ့ဖြိုးရေးအတွက် တွန်းအားပေးရန်၊ **လုပ်သားဈေးကွက်မှ တောင်းဆိုလာသည့် ကျွမ်းကျင်မှုများ၊ ပညာရပ်များအား ပုဂ္ဂလိကနှင့် အစိုးရကဏ္ဍတို့မှ တုံ့ပြန်ဖြည့်ဆည်းနိုင်ရေး**မှာ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုများနှင့် ပြည်ပပို့ကုန် တိုးတက်လာစေရေးအတွက် လွန်စွာ အရေးပါ ပါသည်။ **ဒေသဆိုင်ရာနှင့် ကမ္ဘာလုံးဆိုင်ရာ ထုတ်လုပ်မှု တန်ဖိုးကွင်းဆက် (Supply Chain) တွင် အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများပါဝင်နိုင်ရေးအတွက်** စွန့်ဦးတီထွင်မှုများနှင့် လုပ်ထုံးလုပ်နည်းများအား ဖြေလျော့ကာ အားပေးဆောင်ရွက်ရန်၊ တီထွင်လုပ်ကိုင်နိုင်စွမ်းနှင့် ပို့ကုန်ဈေးကွက်တွင် ပါဝင်နိုင်စွမ်းတို့ကို မြှင့်တင်နိုင်ရေးအတွက် **ဈေးငွေပမာဏများအား အတိုးနှုန်းနိမ့်နိမ့်ဖြင့် ကြာရှည် ရယူနိုင်သည့် ဘဏ္ဍာငွေကြေးရရှိနိုင်မှု အခွင့်အလမ်း များအား** ရရှိအောင်ပံ့ပိုးရန်လည်း လိုအပ်ပါသည်။ အလုပ်သမားများ၏ ထုတ်လုပ်နိုင်စွမ်းအား မြင့်မားစေပြီး **အလုပ်ရှင်-အလုပ်သမား ပြဿနာများ** ဖြေရှင်းနိုင်စေခြင်း၊ **အလုပ်သမား ဥပဒေများ ထိရောက်စွာ ကျင့်သုံးရန်**လည်း လိုအပ်ပါသည်။

နိုင်ငံရေးအရ တည်ငြိမ်အေးချမ်းစေရေးသည် နိုင်ငံဖွံ့ဖြိုးမှုအတွက် အခြေခံဖြစ်သည့်အလျောက် တိုင်းရင်းသားလူမျိုးစု၊ ဘာသာရေးနှင့် စပ်လျဉ်း၍ စည်းလုံးညီညွတ်မှု၊ တည်ငြိမ်မှုရရှိစေရေးသည် အလွန်အရေးပါသည့် ပြဋ္ဌာန်းချက်တစ်ရပ်ပင် ဖြစ်ပါသည်။ မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်တင်နိုင်ရန် အစိုးရ၊ ပုဂ္ဂလိက၊ ပြည်သူနှင့် **လူထုအခြေပြု အဖွဲ့အစည်းများက ထိရောက်စွာ ပါဝင်ဆောင်ရွက်နိုင်**

ရေး၊ တည်ငြိမ်အေးချမ်းသည့် နိုင်ငံတော် တည်ဆောက်ရေးတို့တွင် လူထုအခြေပြု အဖွဲ့အစည်းများ၏ အခန်းကဏ္ဍ မြှင့်တင်ရေးတို့သည် အရေးပါသကဲ့သို့ **ဗဟိုအစိုးရနှင့် သက်ဆိုင်ရာ ပြည်နယ်နှင့် တိုင်းဒေသကြီးအစိုးရတို့၏ လုပ်ထုံးလုပ်နည်းများ၊ ဗဟိုထိန်းချုပ်မှု လျှော့ချမည့် ဒီဂရီ အတိုင်းအတာတို့ကို တိကျရှင်းလင်းစွာ သတ်မှတ် ဆောင်ရွက်နိုင်ရေးသည်** လုပ်ငန်းများဆောင်ရွက်ရာတွင် ပိုမိုထိရောက် သွက်လက်စေနိုင် ပါသည်။ သက်ဆိုင်ရာ ပြည်နယ်နှင့် တိုင်းဒေသကြီးအစိုးရတို့၏ ဆောင်ရွက်နိုင်မည့် စွမ်းရည်များ အသင့်ဖြစ်စေရန်နှင့် ဖွံ့ဖြိုးတိုးတက်နိုင်ရန် ဖြစ်သည်။

ဒုတိယ ကာလတို (၅) နှစ် စီမံကိန်းကာလအတွင်း **နိုင်ငံ၏ ပြုပြင်ပြောင်းလဲရေး ကိစ္စရပ်များအား နိုင်ငံတကာမှ အသိအမှတ်ပြု လက်ခံထားပြီး အရှေ့အနောက် ခွဲခြားခြင်းမရှိဘဲ ဆက်ဆံရေး ကောင်းမွန်သည့် အခြေအနေအား မဟာဗျူဟာကျကျ ဆက်လက်ထိန်းသိမ်း၍ တိုးတက်အောင် ဆောင်ရွက်ရန်နှင့် မြန်မာနိုင်ငံ၏ မဟာဗျူဟာ ကျသည့် တည်နေရာအား ထိရောက်စွာ အသုံးပြုနိုင်ရန်** ဖြစ်ပါသည်။

ဒေသတွင်းပေါင်းစည်းမှုနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုအားလည်း တိုးချဲ့ ဆောင်ရွက်ရန် ဖြစ်သည်။ အိမ်နီးချင်းနိုင်ငံများနှင့် အရင်းအနှီး၊ နည်းပညာ အခြား လိုအပ်သောပစ္စည်းများနှင့် ဝန်ဆောင်မှုများကို ပံ့ပိုးပေးနိုင်သည့် ကမ္ဘာ့အခြားနိုင်ငံများ နှင့်ပါ ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်သွားရန်ဖြစ်သည်။ အာဆီယံစီးပွားရေး အသိုက်အဝန်း နှင့် Regional Comprehensive Economic Partnership – RCEP စသည့် အခြားသော **ဒေသဆိုင်ရာရဲ့ထွင်ပေါင်းစည်းမှုများအား အမျိုးသားအကျိုးစီးပွားအား မထိခိုက်စေဘဲ ပူးပေါင်းဆောင်ရွက်ရန်** ဖြစ်ပါ သည်။

၂၀၁၅ ခုနှစ်အလွန် **စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုပန်းတိုင်များ (Sustainable Development Goals-SDGs)** အရ ကမ္ဘာလုံးဆိုင်ရာ အစီအစဉ်တွင် ၂၀၃၀ ခုနှစ်၌ ဆင်းရဲမှုကို အဆုံးသတ်ရန် ဖြစ်ခြင်းကြောင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုကို မြှင့်တင်ရန် အတွက် သိပ္ပံနည်းကျ မူဝါဒနှင့် ချိတ်ဆက်၍ တွန်းအားပေးဆောင်ရွက်ရန် လိုအပ်ပါသည်။ ပေါင်းစည်းပြီး အလွှာစုံ ပူးပေါင်းပါဝင်သည့် ချဉ်းကပ်မှုများဖြင့် စီမံချက်ဆိုင်ရာ မူဝါဒ၊ လုပ်ငန်းစဉ်များချမှတ်ခြင်းနှင့် ပြဿနာများဖြေရှင်းခြင်း၊ **စီမံကိန်းစိစစ်ကြီးကြပ်ခြင်းနှင့်** အကဲဖြတ်ခြင်း လုပ်ငန်းများသည်လည်း အလွန်အရေးကြီးပါသည်။

# နိဒါန်း

# ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်
# အမျိုးသားဖွံ့ဖြိုးတိုးတက်မှု ဒုတိယကာလတို (၅) နှစ် စီမံကိန်း
# (၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် မှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်)

**နိဒါန်း**

မြန်မာနိုင်ငံအနေဖြင့် ရေရှည်ဖွံ့ဖြိုးတိုးတက်ရန်အတွက် မဟာဗျူဟာမူဘောင်တစ်ခုဖြစ်သည့် အမျိုးသားဘက်စုံဖွံ့ဖြိုးတိုးတက်မှု စီမံကိန်းကို ၂၀၁၁ ခုနှစ်တွင် ရေးဆွဲခဲ့ပါသည်။ ယင်းသည် မြန်မာနိုင်ငံ၏ လူမှုစီးပွားပြုပြင်ပြောင်းလဲမှု လုပ်ငန်းစဉ်၏ အစိတ်အပိုင်းတစ်ခုဖြစ်ပြီး၊ ဘက်စုံလွှမ်းခြုံမှုနှင့် စနစ်တကျအစီအစဉ်တကျရှိစေရေးအတွက် ဆောင်ရွက်ခဲ့ပါသည်။ မြန်မာနိုင်ငံအတွက် ဘက်စုံလွှမ်းခြုံမှုရှိပြီး၊ ရှုထောင့်မျိုးစုံမှသုံးသပ်ထားသည့် ပြုပြင်ပြောင်းလဲရေးအစီအစဉ်သစ်ကို ပထမကာလတို (၅) နှစ် စီမံကိန်းကာလအတွင်း စတင်ဆောင်ရွက်ခဲ့ ပါသည်။

မိမိတို့ မြန်မာ့လူ့အဖွဲ့အစည်းအား ပွင့်လင်း၍ နိုင်ငံရေးရင့်ကျက်မှုရှိသည့်၊ အပြန်အလှန် လေးစားတတ်သည့် အားလုံးပါဝင်နိုင်သည့် ခေတ်မီလူ့အဖွဲ့အစည်းတစ်ရပ်အဖြစ် ရောက်ရှိအောင် ဦးတည်သည့် ပြုပြင်ပြောင်းလဲမှု လုပ်ငန်း အဆင့်ဆင့်ကို လက်ရှိ နိုင်ငံတော်၏ ပြုပြင်ပြောင်းလဲမှုနယ်ပယ်များအဖြစ် ခွဲခြမ်းစိတ်ဖြာကြည့်ပါက နိုင်ငံရေး၊ လူမှု-စီးပွားရေး၊ အုပ်ချုပ်ရေးနှင့် ပုဂ္ဂလိကကဏ္ဍ ဟူ၍ တွေ့မြင်နိုင်ပါသည်။

ပထမကာလတို(၅)နှစ် စီမံကိန်းအတွင်း တစ်မျိုးသားလုံး၏ လူမှုစီးပွားတစ်ရပ်လုံး ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ပြည်သူတို့၏လိုအပ်ချက်၊ လိုလားချက် တို့နှင့်အညီ **ပြည်သူဗဟိုပြု ဖွံ့ဖြိုးမှု (People Centered Development)** ကိုအခြေခံ၍ နိုင်ငံတော်တွင် စိုက်ပျိုးရေးကဏ္ဍကို ပိုမိုတိုးတက်အောင်ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်ရေးနှင့်ကဏ္ဍစုံ၊ ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များ အချိုးကျမျှတစွာဖွံ့ဖြိုးတိုးတက်ရေး၊ စာရင်းဇယားကိန်းဂဏန်းများအရည်အသွေးပြည့်မီရေး၊ ဆင်းရဲချမ်းသာကွာဟမှု လျော့နည်းကျဆင်းရေး၊ ပြည်သူများ၏ လူနေမှုဘဝ မြင့်မားတိုးတက်ရေး၊ သန့်ရှင်းသောအစိုးရနှင့် ကောင်းမွန်သောအုပ်ချုပ်မှုစနစ်ဖြစ်ပေါ်ရေး စသည့် လူမှုစီးပွားရေး၊ နိုင်ငံရေးနှင့် အုပ်ချုပ်ရေးမူဝါဒများနှင့်အညီ ပထမကာလတို (၅)နှစ် အမျိုးသားစီမံကိန်း (၂၀၁၁-၂၀၁၂

ဘဏ္ဍာနှစ် မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အထိ) ကို ရေးဆွဲခဲ့ပြီး အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါသည်။

မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများအား အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အစိုးရ၊ ပုဂ္ဂလိကကဏ္ဍ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ အပြည်ပြည်ဆိုင်ရာမှ ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများနှင့် လူထုအခြေပြုအဖွဲ့အစည်းများက ထိရောက်စွာ ပါဝင်ဆောင်ရွက်နိုင်ခဲ့ပါသည်။ တည်ငြိမ်အေးချမ်းသည့်နိုင်ငံတော်တည်ဆောက်ရေးတွင် လူထုအခြေပြုအဖွဲ့အစည်းများ၏ အခန်းကဏ္ဍ မြှင့်တင်ရေးတို့အတွက် ဆွေးနွေးပွဲများ၊ အစည်းအဝေးများအားလည်း ကျင်းပဆောင်ရွက်ခဲ့ပါသည်။ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ရည်မှန်းချက်များကို အားလုံးပါဝင်သည့် ဖွံ့ဖြိုးမှုဖြစ်စဉ် (Participatory Development Process) ဖြစ်စေရန်အခြေခံသော ချဉ်းကပ်မှုမျိုးဖြင့် ဆောင်ရွက်နိုင်ခဲ့ပြီး လူမှုအရင်းအမြစ်များ (Social Capital) ကို လူ့အဖွဲ့အစည်းအကြား ကြိုးပမ်းတည်ဆောက်ခဲ့ပါသည်။

နိုင်ငံရေး အပြောင်းအလဲများမှတစ်ဆင့် နိုင်ငံတကာ၏ တားဆီးပိတ်ဆို့မှုများအား ဖယ်ရှားရေးနှင့် နိုင်ငံအား အထီးကျန်ဆန်ခဲ့ရမှုကို ချုပ်ငြိမ်းအောင်၊ အကြွေးလျှော်သည့်ကိစ္စရပ်များ၊ ဒေသတွင်းနှင့် ကမ္ဘာ့လုံခြုံရေး၊ ဖွံ့ဖြိုးမှုပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များတွင် တက်ကြွစွာ ပါဝင်လှုပ်ရှားနိုင်ပြီး ကမ္ဘာ့အလယ်တွင် ဂုဏ်သိက္ခာရှိစွာ ရပ်တည်နိုင်သည့်နိုင်ငံတစ်နိုင်ငံ ဖြစ်ရေးသည်လည်း ပထမကာလတို (၅) နှစ် စီမံကိန်း ကာလအတွင်း အရေးပါသည့် ရည်မှန်းချက်အဖြစ် သတ်မှတ်ဆောင်ရွက်ခဲ့ပါသည်။ သို့ဖြစ်ပါ၍ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ ကမ္ဘာ့နိုင်ငံများနှင့် ဆက်ဆံရေးမြှင့်တင်ခြင်း၊ အလုပ်သဘောနှင့် ချစ်ကြည်ရေးခရီးစဉ်များ လက်ခံခြင်းနှင့်သွားရောက်ခြင်း၊ အာဆီယံဥက္ကဋ္ဌတာဝန် ထမ်းဆောင်ခြင်း၊ ကမ္ဘာ့စီးပွားရေးဖိုရမ်နှင့် ဒေသဆိုင်ရာဆွေးနွေးပွဲများ လက်ခံကျင်းပခြင်း စသည်ဖြင့် မြန်မာကိုကမ္ဘာကသိအောင် "မြန်မာနိုင်ငံအတွက် Marketing" ဆောင်ရွက်ကာ ကမ္ဘာ့အသိုင်းအဝိုင်းနှင့် ပြန်လည်ချိတ်ဆက်နိုင်ရေး (Re-engaging with Global Community) ကို ကြိုးပမ်းဆောင်ရွက်ခဲ့ပါသည်။

# အခန်း(၁)

# ပထမကာလတို (၅)နှစ် စီမံကိန်း

# အကောင်အထည်ဖော်နိုင်မှု အပေါ် စိစစ် သုံးသပ်ခြင်း

## အခန်း (၁)

## ပထမကာလတို (၅)နှစ်စီမံကိန်းအကောင်အထည်ဖော်နိုင်မှုအပေါ် စိစစ်သုံးသပ်ခြင်း

### ၁-၁။ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ပုဂ္ဂလိကကဏ္ဍ ပြုပြင်ပြောင်းလဲမှုများ

### (က) နိုင်ငံရေး ပြုပြင်ပြောင်းလဲမှုများ

နိုင်ငံတော်အစိုးရ၏ ပထမပြုပြင်ပြောင်းလဲရေး မဟာဗျူဟာမှာ **နိုင်ငံရေးစနစ်ပြောင်းလဲခြင်းနှင့် တိုင်းရင်းသား လူမျိုးစုများအကြား အပြန်အလှန် နားလည်မှုနှင့်ငြိမ်းချမ်းရေး ဖော်ဆောင်ခြင်း**ပင်ဖြစ်သည်။ တနည်းအားဖြင့် **နိုင်ငံရေးတည်ငြိမ်မှုနှင့် အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး** ဖြစ်ပါသည်။

**ပြီးခဲ့သည့် (၅) နှစ်တာ ကာလအတွင်း စစ်အုပ်ချုပ်ရေးစနစ်ကို ရပ်တန့်နိုင်ခဲ့ပြီး ဖွဲ့စည်းပုံ အခြေခံဥပဒေကို အခြေခံသည့် အရပ်ဘက်အုပ်ချုပ်မှု ပုံစံသစ်တစ်ရပ်ကို ပုံဖော်နိုင်ခဲ့ခြင်း**သည် နိုင်ငံအတွက် ထူးခြားသည့်ပြောင်းလဲမှုတစ်ခု ဖြစ်ပါသည်။ တစ်ချိန်တည်းမှာပင် ၁၉၄၈ ခုနှစ် မြန်မာ့လွတ်လပ်ရေးနှင့်အတူ အမြစ်တွယ်ခဲ့သည့် **လက်နက်ကိုင် ပဋိပက္ခများအား ငြိမ်းချမ်းစွာ ဖြေရှင်းအဆုံးသတ်ရေးကို ဖော်ဆောင်ရာတွင်**ပြည်ထောင်စု ငြိမ်းချမ်းရေး ဖော်ဆောင်ရေးကော်မတီနှင့် တိုင်းရင်းသားအဖွဲ့အစည်းများဆိုင်ရာ တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေး ညှိနှိုင်းရေးအဖွဲ့တို့ သက်ဆိုင်သူများအားလုံး အကျေအလည် ဆွေးနွေးညှိနှိုင်းပြီး အားလုံးသဘောတူညီသည့် တစ်ခုတည်းသော **တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ သဘောတူညီချက်စာချုပ်**ကို ချုပ်ဆိုနိုင်ရန် နိုင်ငံရေးနည်းလမ်းဖြင့် ဆွေးနွေးအဖြေရှာခဲ့ပါသည်။ ပြည်ထောင်စုငြိမ်းချမ်းရေး ဖော်ဆောင်ရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် ပြည်နယ်အဆင့် လက်နက်ကိုင်အဖွဲ့များနှင့် စာချုပ်(၁၇) ခု ချုပ်ဆိုခြင်း၊ ပြည်ထောင်စုအဆင့် အနေဖြင့် လက်နက်ကိုင်အဖွဲ့ (၁၈) ခုနှင့် သဘောတူချက်များကို လက်မှတ်ရေးထိုးခြင်းများ ပြုလုပ်နိုင်ခဲ့ပါသည်။ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူညီချက်စာချုပ်ကို ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက်နေ့တွင် နိုင်ငံတော်သမ္မတဦးသိန်းစိန်နှင့်အဖွဲ့ဝင်များ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ရှစ်ဖွဲ့မှခေါင်းဆောင်များပါ ဝင်လက်မှတ်ရေးထိုးနိုင်ခဲ့ပါသည်။

မြန်မာနိုင်ငံ၏ နိုင်ငံရေးဖြစ်စဉ်သည် နက်နဲသိမ်မွေ့သည့် သဘောသဘာဝရှိပြီး မတူညီသည့် တိုင်းရင်းသားမျိုးနွယ်စုများ စုပေါင်းနေထိုင်ရာ နိုင်ငံတစ်နိုင်ငံဖြစ်သည့်အပြင် ဘာသာတရား ကိုးကွယ်မှုအမျိုးမျိုးနှင့် သမိုင်းနှင့်ချီသည့် လက်နက်ကိုင် ပဋိပက္ခများစွာ တည်ရှိခဲ့ပါသည်။ **နိုင်ငံရေးဆိုင်ရာ အကျုံးဝင်မှု (Political Inclusiveness) ဖြစ်ပေါ် စေရန်** မြန်မာနိုင်ငံရေးစာမျက်နှာသစ်တစ်ရပ် အနေဖြင့် **၂၀၁၂ ခုနှစ် ကြားဖြတ် ရွေးကောက်ပွဲ**အား လွတ်လပ်၍တရားမျှတစွာကျင်းပနိုင်ခဲ့ပါသည်။ သို့ဖြစ်ပါ၍ နိုင်ငံရေးအခင်းအကျင်းသစ်အရ နိုင်ငံရေးပါတီများကို နိုင်ငံရေးစင်မြင့်တွင် နေရာပေးအပ်ခဲ့ပါသည်။

အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး အားလုံးပူးပေါင်း ပါဝင်နိုင်သည့် နိုင်ငံရေး ဖြစ်စဉ် ပုံပေါ်လာစေရေးနှင့် အနာဂတ်နိုင်ငံတည်ဆောက်ရေး လုပ်ငန်းစဉ်များတွင် မိမိတို့ တတ်စွမ်းသည့်ဘက်မှ ပူးပေါင်းပါဝင်နိုင်ရေးတို့အတွက် ရည်ရွယ်ပြီး နိုင်ငံရေးခံယူချက်၊ သဘောထားများကြောင့် ခေတ်စနစ်အခြေအနေအရ **အကျဉ်းချစံခဲ့ရသူများကို လွတ်ငြိမ်း ချမ်းသာခွင့်**ပေးခဲ့ပါသည်။ ဤသို့ဖြင့် အခြားပြည်သူများတန်းတူ မိမိတို့ဘဝကို လွတ်လပ်စွာ ဖန်တီးပုံဖော်နိုင်ခွင့်နှင့် အနာဂတ် ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်များတွင် ပူးပေါင်းပါဝင် ဆောင်ရွက်ရန် အနေအထားတစ်ခုအား ဖြစ်ပေါ်စေခဲ့ပါသည်။ နိုင်ငံတော်မှ ပါတီစုံဒီမိုကရေစီ စနစ် သက်ဝင်လှုပ်ရှားရေး၊ အရပ်ဘက်အဖွဲ့အစည်းများ(Civil Society Organizations)၊ အစိုးရမဟုတ်သည့် အသင်းအဖွဲ့များ (NGOs) လွတ်လပ်စွာ ပါဝင် ဆောင်ရွက်ရေးနှင့် **ဒီမိုကရေစီနိုင်ငံရေး ဝန်းကျင်တစ်ရပ် ပေါ်ပေါက်လာစေရေး**ကို အားပေးဆောင်ရွက်ခဲ့ ပါသည်။

နိုင်ငံရေး အပြောင်းအလဲများမှ တစ်ဆင့် နိုင်ငံတကာ၏ တားဆီးပိတ်ဆို့မှုများအား ဖယ်ရှားရေးနှင့် နိုင်ငံအား အထီးကျန်ဆန်ခဲ့ရမှုကို ချုပ်ငြိမ်းအောင်၊ ဒေသတွင်းနှင့် ကမ္ဘာ့ လုံခြုံရေး၊ ဖွံ့ဖြိုးမှုပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များတွင် တက်ကြွစွာပါဝင်လှုပ်ရှားနိုင်ပြီး နိုင်ငံတကာဆက်ဆံရေးနယ်ပယ်တွင် ယခင်ကနှင့်မတူ ထူးခြားစွာ ပြောင်းလဲနိုင်ခဲ့ပါ သည်။ ကမ္ဘာ့အလယ်တွင် ဂုဏ်သိက္ခာရှိစွာ ရပ်တည်နိုင်သည့် နိုင်ငံတစ်နိုင်ငံအဖြစ် အရှေ့အနောက် မခွဲခြားဘဲ မိတ်ဆွေနိုင်ငံများ ပေါများလာစေရန် ကမ္ဘာ့အသိုင်းအဝိုင်းနှင့် ပြန်လည်ချိတ်ဆက် နိုင်ခဲ့ပါသည်။ အာဆီယံအခမ်းအနားများ၊ အရှေ့တောင်အာရှ အားကစား ပြိုင်ပွဲများကို အိမ်ရှင်အဖြစ် လက်ခံကျင်းပနိုင်ခဲ့ပါသည်။ မြန်မာနိုင်ငံအား Normal country status သို့

ရောက်ရှိစေရန် ကူးပြောင်းဆောင်ရွက်ခဲ့ပြီး လူသားချင်းစာနာထောက်ထားမှု အကူအညီထက် နိုင်ငံ့စီးပွားရေးကို အထောက်အပံ့ပြုမည့် ဖွံ့ဖြိုးမှုအကူအညီရရှိအောင် ကူးပြောင်းနိုင်ခဲ့ပါသည်။

**(ခ) စီးပွားရေးနှင့် လူမှုရေး ပြုပြင်ပြောင်းလဲမှုများ**

**ပြည်သူတစ်ရပ်လုံး ရရှိခံစားနိုင်မည့် ပြည်သူလူထုအခြေပြု ဖွံ့ဖြိုးတိုးတက်မှု**အတွက် ပြည်တွင်း၊ ပြည်ပမှ စီးပွားရေးကျွမ်းကျင်သူ ပညာရှင်များနှင့် ပူးပေါင်း၍ **လူမှု-စီးပွားပြုပြင်ပြောင်းလဲမှု မူဘောင် (Framework on Economic and Social Reform-FESR)** (၂၀၁၂-၂၀၁၅) ကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ အခြေခံကျသည့် ကိစ္စရပ်များအား အကောင်အထည်ပေါ်အောင် ဆောင်ရွက်နိုင်ခဲ့ပါသည်။ အဆိုပါ မူဘောင်သည် **ပြည်သူလူထုတစ်ရပ်လုံး ရရှိခံစားနိုင်မည့် ဖွံ့ဖြိုးမှုများနှင့် မြန်ဆန်သည့် အောင်မြင်မှု (Quick Wins) ရရှိစေမည့်မူဝါဒများဖြင့်** ကျန်းမာရေးနှင့်ပညာရေး၊ စားနပ်ရိက္ခာဖူလုံမှုနှင့်လယ်ယာစိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှု၊ အစိုးရစနစ်နှင့် ပွင့်လင်းမြင်သာမှုရှိရေး၊ မိုဘိုင်းဖုန်းနှင့် အင်တာနက်စနစ် တိုးတက်ဖြစ်ပေါ်ရေး၊ အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်များနှင့် ထိရောက်ထက်မြက်၍ စွမ်းဆောင်ရည်ပြည့်ဝသည့် အုပ်ချုပ်မှုစနစ်ဖြစ်ပေါ်ရေး စသည့် **မူဘောင် (၁၀) ရပ်** အဖြစ် သတ်မှတ်၍ တစ်ဆင့်ပြီးတစ်ဆင့် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါသည်။

မေခရိုစီးပွားရေးပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်ရာတွင် စီမံအုပ်ချုပ်မှုနှင့် လုပ်ထုံးလုပ်နည်းများအား **ပွင့်လင်းမြင်သာမှုရှိစေရေးကို ဆောင်ရွက်ခဲ့သည်**။ နိုင်ငံသား၊ နိုင်ငံခြားသား စီးပွားရေးလုပ်ငန်းရှင်များအတွက် ရင်းနှီးမြှုပ်နှံလိုမှုကို ပိုမိုဆွဲဆောင်စေနိုင်သည့် လုပ်သာကိုင်သာရှိသော စီးပွားရေးဝန်းကျင်တစ်ရပ် ပေါ်ပေါက်စေနိုင်ရန် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေကို ပြန်လည်သုံးသပ်ကာ ရင်းနှီးမြှုပ်နှံမှုဥပဒေ တစ်ခုတည်း ဖြစ်ပေါ်စေရေးအတွက် ပြုစုဆောင်ရွက်ခဲ့ပါသည်။ လုပ်ထုံးလုပ်နည်းများကို လွယ်ကူမြန်ဆန်ရေးအတွက် Delivery Unit များ ဖွဲ့စည်းဆောင်ရွက်ခဲ့ပါသည်။ စီးပွားရေးအရ အတိုင်းအတာတစ်ခုအထိ လွတ်လပ်ခွင့် ရှိလာစေပြီး ကုန်သွယ်မှုများ ဖွံ့ဖြိုးလာခြင်းတို့မှတစ်ဆင့် လူမှု-စီးပွား ဖွံ့ဖြိုးမှုဖြစ်ပေါ်စေရန် ဦးတည်ဆောင်ရွက်ခဲ့ပါသည်။

အမျိုးသားစီးပွားစနစ်တစ်ရပ်ထူထောင်ရာတွင်အဓိကအားဖြင့် ကုန်သွယ်မှု၊စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုတို့အတွက် အခြေခံအကျဆုံးဖြစ်သည့် အောက်ဖော်ပြပါကိစ္စရပ်များအား ဆောင်ရွက်ခဲ့ပါသည်-

(၁) ၂၀၁၂ခုနှစ်၊ ဧပြီလ(၁)ရက်နေ့မှစ၍ အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေ အဖွဲ့မှထုတ်ဝေသောအထူးထုတ်ယူခွင့် (Special Drawing Rights -SDRs) နှင့်ချိတ်ဆက်ထားသည့်စနစ် (SDR-Pegged Regime)မှ ဈေးကွက်အခြေခံ သောထိန်းကျောင်းမှုရှိသည့် နှုန်းရှင်နိုင်ငံခြားငွေ လဲလှယ်နှုန်းစနစ် (Managed Float Exchange Rate Regime) ကို စတင်ကျင့်သုံးခဲ့ခြင်း၊

(၂) မလိုလားအပ်သည့် Transaction Costs အပိုကုန်ကျစရိတ်များကို လျှော့ချရန် စီးပွားရေးဆိုင်ရာ မူဝါဒများအား ဖြေလျှော့မှုများပေးခြင်း၊

(၃) ဗဟိုဘဏ်ကိုသီးခြားလွတ်လပ်သည့်အဖွဲ့အစည်းအဖြစ်ပြောင်းလဲဖွဲ့စည်းခဲ့ခြင်း၊

(၄) ငွေကြေးဆိုင်ရာမူဝါဒကို ခိုင်မာစွာ ချမှတ်နိုင်ရေး၊ ဘဏ္ဍာရေးမူဝါဒများ ပြန်လည်ဆန်းစစ်ရေးအတွက် အပြည်ပြည်ဆိုင်ရာ ငွေကြေးအဖွဲ့အစည်းများ နှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

(၅) နိုင်ငံဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိကလိုအပ်သည့် တရားဝင်ဖွံ့ဖြိုးမှု အကူအညီ များရရှိရေးနှင့်အတူ ထိရောက်သည့် အကူအညီအထောက်အပံ့များ ဖြစ်စေရေး အတွက် နိုင်ငံခြားအကူအညီ အထောက်အပံ့ စီမံခန့်ခွဲမှုယန္တရား ထူထောင်ခြင်း၊

(၆) နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများဝင်ရောက်လာနိုင်ရန်အတွက်လည်း ဥပဒေအသစ် နှင့် အရပ်ဘက်ကိုယ်စားလှယ်များ၊ ပညာရှင်များနှင့် ပူးပေါင်းဖွဲ့စည်းထားသည့် ရင်းနှီးမြှုပ်နှံမှုကော်မရှင်အသစ်တစ်ရပ် ဖွဲ့စည်းခြင်း၊

(၇) စီးပွားရေး အကျိုးအမြတ်များကို ပြည်သူအများစု ခံစားနိုင်စေရန်နှင့် သဘာဝ ပတ်ဝန်းကျင်ကို ကာကွယ်နိုင်ရန် (Extractive Industry Transparency Initiatives-EITI) နှင့် ဆက်စပ်၍ ကြိုးပမ်းအားထုတ်မှုများကို ဆောင်ရွက် နိုင်ခဲ့ခြင်း၊

ပြည်သူကို တိုက်ရိုက်အကျိုးဖြစ်ထွန်းစေမည့် **ဦးစားပေး လုပ်ငန်းစဉ် (၇) ရပ် ဖြစ်သော လျှပ်စစ်မီး၊ သောက်သုံးရေ ရရှိရေး၊ စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးမှု၊ အလုပ်အကိုင်ရရှိရေး၊ ခရီးသွားလုပ်ငန်း၊ ငွေကြေးလုပ်ငန်းနှင့် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ** စသည်တို့ကို ဦးစားပေးဆောင်ရွက်ခဲ့ပါသည်။

လူမှုဖူလုံရေးနှင့် လူမှုကာကွယ်စောင့်ရှောက်မှုပေးခြင်း၊ အနိမ့်ဆုံး လုပ်ခလစာ သတ်မှတ်ခြင်းနှင့် အတူ အာမခံစနစ်ကို တိုးတက်အောင်ဆောင်ရွက်ခဲ့ပါသည်။ လူမှုဖူလုံရေး ဥပဒေ ချမှတ်ဆောင်ရွက်ကာ ပင်စင်စားများကိုလည်း လစာမြှင့်တင်ပေးခြင်း၊ ဝန်ထမ်းများ၏ လုပ်ခလစာအား ပုံမှန်တိုးမြှင့်ပေးခြင်းများ ဆောင်ရွက်ပေးခဲ့ပါသည်။

နိုင်ငံတော်၏အသားကဏ္ဍဖွံ့ဖြိုးရေး၊ လူတစ်ဦးချင်းစီ၏အသား၊ နို့၊ ဥ စားသုံးမှု မြင့်တက်လာစေရေးအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင်လည်း သားငါးကဏ္ဍ ဖွံ့ဖြိုးရေး လုပ်ငန်းများကိုစီမံကိန်းများ ချမှတ်ဆောင်ရွက်လျက်ရှိပါသည်။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် အသားကဏ္ဍဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရန် စီမံကိန်းကဏ္ဍ (၆) ခု အတွက် နိုင်ငံတော် ခွင့်ပြုထောက်ပံ့ငွေ ကျပ်သန်း (၃၉၀၀) ဖြင့်ဆောင်ရွက်လျက်ရှိပါသည်။ ယင်း စီမံကိန်း ကဏ္ဍ(၆)ခုမှာ -

(၁)သဘာဝဘေးအန္တရာယ်ကျရောက်သောဒေသများတွင် တိရစ္ဆာန်အစာဖြန့်ဖြူးရန်၊

(၂)သဘာဝဘေးအန္တရာယ်ကျရောက်သောဒေသများတွင်တိရစ္ဆာန်ဆေးဝါးဖြန့်ဖြူးရန်၊

(၃)မြစိမ်းရောင်ကျေးရွာစီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

(၄)School Milk Program အတွက် နို့စားနွားမများဖြန့်ဖြူးခြင်း၊

(၅)မျိုးကောင်းမျိုးသန့်ဘဲမျိုးများဖြန့်ဖြူးခြင်း၊

(၆)မျိုးကောင်းမျိုးသန့် ကျွဲ၊ နွား၊ ကြက်၊ ဝက်၊ သိုး ၊ ဆိတ်များဖြန့်ဖြူးခြင်း။

**နိုင်ငံတော် ထောက်ပံ့ငွေ ကျပ်သန်း (၃၉၀၀) သုံးစွဲခဲ့သည့်အစီအစဉ် (၂၀၁၅– ၂၀၁၆)**

| **စဉ်** | **အကြောင်းအရာ** | **ကျေးရွာ** | **အသုံးစရိတ် (ကျပ်သန်း)** |
|---|---|---|---|
| ၁။ | မြစိမ်းရောင်ကျေးရွာစီမံကိန်း | ၄၇ | ၁၄၁၀ |
| ၂။ | မျိုးကောင်းမျိုးသန့်ဖြန့်ဖြူးရန် | ၁၀ | ၃၀၀ |
| ၃။ | School Milk Program အရန်နို့ပေါင်း စက်ရှိသောရွာတွင် နို့စားနွားဖြန့်ဖြူးခြင်း | ၁၅ | ၄၅၀ |

| | | | |
|---|---|---|---|
| ၄။ | ဘဲမွေးမြူရေး | ၂၅ | ၇၅၀ |
| ၅။ | အစာနှင့်ဆေး | ၁၃ | ၃၉၀ |
| ၆။ | အရန်ရွာ | ၂၀ | ၆၀၀ |
| | စုစုပေါင်း | ၁၃၀ | ၃၉၀၀ |

**ဇယား**။ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးဗဟိုကော်မတီ အစီရင်ခံစာ

လူဦးရေ၏ ၇၀% သည် ကျေးလက်ဒေသတွင် နေထိုင်ကြသည့်အတွက် **ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးကို တစ်မျိုးသားလုံးနှင့် သက်ဆိုင်သည့် မဟာဗျူဟာအဖြစ် သတ်မှတ်ပြီး ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေး လုပ်ငန်းစဉ် (၈)ရပ်ကို ပြည်တွင်းသံယံဇာတနှင့်သာမက** ဒေသဆိုင်ရာပူးပေါင်းဆောင်ရွက်မှု ကမ္ဘာ့အသိုင်းအဝိုင်းတို့နှင့်ပါ အောက်ပါစီမံချက်များအရ ပူးပေါင်း **အကောင်အထည်ဖော်ဆောင်ရွက်ခဲ့**ပါသည်။

- ဂျပန်နိုင်ငံမှ အိုဒီအေ ချေးငွေ ယန်း(၁၇) ဘီလီယံဖြင့် လည်းကောင်း၊
- ကမ္ဘာ့ဘဏ်မှ လူထုအခြေပြု ဖွံ့ဖြိုးမှုစီမံချက် (Community Driven Development-CDD Project) အကူအညီ အထောက်အပံ့ အမေရိကန်ဒေါ်လာ သန်း (၈၀) ဖြင့်လည်းကောင်း၊
- အဆိုပါ CDD Project အား ဆက်လက် တိုးချဲ့သည့်အနေဖြင့် အီတလီနိုင်ငံမှ အတိုးမဲ့ ချေးငွေ ယူရိုသန်း (၂၀) ဖြင့် လည်းကောင်း၊
- ဂျာမဏီနိုင်ငံမှ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်မှုအတွက် အကူအညီ ယူရို (၁၀) သန်းဖြင့်လည်းကောင်း၊
- သမဝါယမဝန်ကြီးဌာနနှင့် INGO အဖွဲ့အစည်းအချို့ ပူးပေါင်းကာ အသေးစား အရင်းအနှီးချေးငွေ ထုတ်ချေးထားသည့်ပမာဏကျပ် ၃၀၈ ဘီလီယံကျော် နှင့် လယ်ယာသုံးကိရိယာ၊ လုပ်ငန်းသုံးကိရိယာနှင့် ရေလုပ်ငန်းသုံး ကိရိယာ ပစ္စည်းများအား Hire-purchase စနစ်ဖြင့် ရောင်းချပေးမှု တန်ဖိုးငွေ ကျပ် ၁၃ ဘီလီယံ ဖြင့်လည်းကောင်း၊
- ကိုရီးယားသမ္မတနိုင်ငံ၏ အကူအညီအထောက်အပံ့ (Grant) ဖြင့် Saemaul Undong စံပြကျေးရွာ စုစုပေါင်း ရွာပေါင်း (၁၀၀) ထူထောင်ခြင်းကိုလည်းကောင်း၊

- နိုင်ငံတော်ဘက်ဂျက်ဖြင့် "မြစိမ်းရောင်" ကျေးရွာ စီမံကိန်းကိုလည်းကောင်း၊ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါသည်။ အဆိုပါ စီမံကိန်းများ၏ မပြီးပြတ်သေးသည့် လုပ်ငန်းဆောင်ရွက်ချက်များကိုလည်း ဒုတိယကာလတို (၅) နှစ်စီမံကိန်းတွင် ဆက်လက် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ဖွံ့ဖြိုးရေးလုပ်ငန်းစီမံချက်များ ဆောင်ရွက်ရာတွင် နိုင်ငံတော်ဘဏ္ဍာငွေ တစ်ခုတည်း အပေါ် မှီခိုအားထားလုပ်ဆောင်ခဲ့သည့် အစဉ်အလာမှ အခြားသော ငွေကြေးဇာစ်မြစ်များ ဖြစ်သည့် နိုင်ငံတကာအကူအညီအထောက်အပံ့၊ ချေးငွေနှင့် ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှု များကို ရယူအသုံးပြုပြီး ကဏ္ဍအလိုက်၊ ဒေသအလိုက် လုပ်ငန်းစီမံကိန်းများကို ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်ရန် ကြိုးပမ်းခဲ့ပါသည်။ **နိုင်ငံတော်အစိုးရအနေဖြင့် ဖွံ့ဖြိုးမှုကို အဓိက စွမ်းဆောင်နိုင်သည့် Stakeholder ၊ အဓိက Player များ အဖြစ်အစိုးရ၊ ပုဂ္ဂလိကကဏ္ဍ၊ ပြည်သူများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ နိုင်ငံတကာ အစိုးရ မဟုတ်သော အဖွဲ့အစည်းများနှင့် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများတို့၏ ပူးပေါင်းပါဝင် မှုကို** အလေးထားလာခဲ့သည်။

၁၉၈၇ ခုနှစ်မှစ၍ ဖွံ့ဖြိုးမှု အနိမ့်ဆုံးနိုင်ငံစာရင်းတွင် ရောက်ရှိခဲ့သည့် မြန်မာနိုင်ငံ သည် ဖွံ့ဖြိုးမှုလမ်းကြောင်းပေါ်သို့ သွားရောက်နေစဉ်တွင်ပင် ဖွံ့ဖြိုးမှုအနိမ့်ဆုံးနိုင်ငံမှ လွတ် မြောက်ရေး(Graduation of LDCs) ကို ဆောင်ရွက်ရမည်ဖြစ်ရာ ထိုသို့ လွတ်မြောက်ရန် ကြိုးပမ်းသည့် နိုင်ငံများအတွက် ကုလသမဂ္ဂ အစီအစဉ်အောက်တွင် မြန်မာနိုင်ငံမှပါဝင် ဆောင်ရွက်ခဲ့ပါသည်။

## (ဂ) ပြည်သူ့ရေးရာ စီမံခန့်ခွဲမှု ပြုပြင် ပြောင်းလဲမှုများ

**ပြည်သူ့ရေးရာ စီမံခန့်ခွဲမှု ပြုပြင်ပြောင်းလဲရေးအတွက် ကောင်းမွန်သော အုပ်ချုပ်မှု (Good Governance)နှင့် သန့်ရှင်းသောအစိုးရ(Clean Government)** ဖြစ်ပေါ်လာစေရန် ကြိုးပမ်းဆောင်ရွက်ခဲ့ပါသည်။ မီဒီယာပွင့်လင်းမှုနှင့် လွတ်လပ်ခွင့်များကို ဖန်တီးပေးနိုင်ခဲ့ ပါသည်။ ဆုံးဖြတ်ချက်များတွင် အများစုပါဝင်ဆွေးနွေးသည့်စနစ်များကို ဖော်ဆောင်ခဲ့ပြီး လူမှုအဖွဲ့အစည်းများ၊ ဖွံ့ဖြိုးမှုအထောက်အကူပြုကော်မတီ၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီ၊ မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့မိမြို့ဖများ၊ တိုင်းရင်းသားလူမျိုးစု ကိုယ်စားလှယ် အဖွဲ့များနှင့်ဆွေးနွေးတိုင်ပင်သည့် လုပ်ငန်းစဉ်များအား ဆောင်ရွက်သည့် အလေ့အကျင့်များ

ပျိုးထောင်ပေးခြင်း စသည်ဖြင့် အများပူးပေါင်း ပါဝင်သည့် ဖွံ့ဖြိုးမှု (Participatory Development)အား ဖြစ်ပေါ်စေရန်နှင့် ဒေသဆိုင်ရာအုပ်ချုပ်မှုစနစ်များအားကောင်းစေရေး (Strengthening Local Governance) နှင့် ဗဟိုထိန်းချုပ်မှုလျှော့ချရေး (Decentralization) တို့အား ဦးတည်ဆောင်ရွက်ခဲ့ပါသည်။ သို့ဖြစ်ပါ၍ ထိုသို့ပြုပြင်ပြောင်းလဲရာတွင် **နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုဖြစ်စဉ်အားလုံးတွင် ပူးပေါင်းပါဝင်မှု၊ ပွင့်လင်းမြင်သာမှု၊ တာဝန်သိမှု၊ တာဝန်ရှိမှု၊ တာဝန်ယူမှု၊ တာဝန်ခံနိုင်မှုနှင့် အားလုံးအကျုံးဝင်မှုတို့ကို အလေးပေးဆောင်ရွက်ခဲ့ပါသည်။** ကမ္ဘာ့နိုင်ငံများ၏ အဂတိလိုက်စားမှုများအား စောင့်ကြည့်အကဲဖြတ်လျက်ရှိသည့် NGO အဖွဲ့ဖြစ်သော နိုင်ငံတကာ ပွင့်လင်းမြင်သာမှုရရှိရေးအဖွဲ့ (InternationalTransparency)မှ ထုတ်ပြန်ခဲ့သည့် အဂတိလိုက်စားမှုနှင့် ပတ်သက်သည့် အညွှန်းကိန်းအရ မြန်မာနိုင်ငံ၏ ပွင့်လင်းထင်သာမြင်သာမှု အဆင့်မြင့်တက်လာခဲ့ပါသည်။

ပြည်သူ့ဘဏ္ဍာရငွေ၊ သုံးငွေများ ပွင့်လင်းထင်သာမြင်သာမှု ရှိစေခြင်းနှင့် သုံးစွဲမှုများ ထိရောက်မှန်ကန်စေခြင်း၊ အကူအညီ အထောက်အပံ့များ စီမံခန့်ခွဲရေး ယန္တရားနှင့် အဖွဲ့အစည်း ထူထောင်ခြင်း၊ သုံးသပ်ကြီးကြပ်ခြင်း၊ သယံဇာတများ ထုတ်နုတ်သုံးစွဲရာတွင် ပွင့်လင်းထင်သာမြင်သာမှု ရှိစေခြင်းအတွက် Extractive Industries Transparency Initiatives ( EITI) အဖွဲ့ဝင် ဖြစ်စေရေး၊Open Government Partnership (OGP) အဖွဲ့ဝင်ဖြစ်ရေး၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေး ဥပဒေကို အတည်ပြုပြဋ္ဌာန်းနိုင်ခဲ့ခြင်း၊ မီဒီယာ လွတ်လပ်ခွင့်ပေးခြင်း၊ အပြည်ပြည်ဆိုင်ရာ Open Tender စနစ်ဖြင့် စီမံချက်များအား ဆောင်ရွက်စေခြင်း စသည့် ပြုပြင်ပြောင်းလဲမှုများအား ဆောင်ရွက်ခဲ့ပါသည်။

**(ဃ) ပုဂ္ဂလိက ကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှု ပြုပြင်ပြောင်းလဲရေး**

**"ပြည်သူ့စွမ်းအားဖြင့် နိုင်ငံတော်တည်ဆောက်ကြပါစို့" ဟူသည့် ဆောင်ပုဒ်ဖြင့် ပုဂ္ဂလိကကဏ္ဍကို အရှိန်အဟုန်ဖြင့် တိုးတက်စေမည့် ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှု ပြုပြင်ပြောင်းလဲရေးကို** ၂၀၁၃ ခုနှစ်၊ မေလမှ စတင်၍ ဆောင်ရွက်ခဲ့ပါသည်။ အဆိုပါ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်သည် ပုဂ္ဂလိကကဏ္ဍ၏ အားနည်းချက်များ၊ လုပ်ငန်းစဉ်များ ပိုမိုတိုးတက်ရေးအတွက် ပုဂ္ဂလိကဏ္ဍမှ စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် ကြိုးပမ်းဆောင်ရွက်ရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုပင်ဖြစ်သည်။ နိုင်ငံပိုင်လုပ်ငန်းများအား ပုဂ္ဂလိက

ကဏ္ဍသို့ လွဲပြောင်းမှုများကြောင့် လက်ရှိမြန်မာနိုင်ငံစီးပွားရေးမှာ ပုဂ္ဂလိကပိုင် **အခန်းကဏ္ဍ၊ သမဝါယမပိုင် အခန်းကဏ္ဍနှင့် နိုင်ငံပိုင်အခန်းကဏ္ဍတို့၏ ပါဝင်မှုအချိုးအစားသည်** ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်၌ စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးတွင် ပုဂ္ဂလိကပိုင် ၈၆.၈ %၊ သမဝါယမပိုင် ၁.၀%၊ နိုင်ငံပိုင် ၁၂.၂% ပါဝင်ခြင်းကြောင့် ပုဂ္ဂလိကကဏ္ဍအချိုးအစားမှာ တစ်မျိုးသားလုံး၏ စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးတွင် အများဆုံးပါဝင်သဖြင့် ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်မှု အလွန်အရေးပါပါသည်။

**နိုင်ငံ၏ GDP တိုးတက်မှုသည် လုပ်သားများ၏ ထုတ်လုပ်နိုင်စွမ်း( Productivity) အပေါ်များစွာ မူတည်နေခြင်းကြောင့် ပုဂ္ဂလိကကဏ္ဍ၏ စီးပွားရေး လုပ်ငန်းရှင်များသည် လုပ်သားများ၏ ထုတ်လုပ်နိုင်စွမ်း တိုးလာစေရန် ဆောင်ရွက်ရန် လိုအပ်ပါသည်။ သို့ဖြစ်၍ နိုင်ငံတော်အစိုးရသည် စီးပွားရေးလုပ်ငန်းရှင်များအားဖွံ့ဖြိုးမှုတွင်ပါဝင်သည့် Stakeholder အဖြစ်သတ်မှတ်ကာ ၎င်းတို့၏အခန်းကဏ္ဍကို မြှင့်တင်အားပေးသည့်အနေဖြင့်** ပုဂ္ဂလိကကဏ္ဍမှလူမှုရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ အခွန်အပြည့်အဝထမ်းဆောင်သည့် စီးပွားရေး လုပ်ငန်းရှင်များ၊ တစ်နည်းဆိုသော် လူမှုရေးပူးပေါင်းဆောင်ရွက်မှုတာဝန် (Corporate Social Responsibility) ကျေပွန်သည့် စီးပွားရေးလုပ်ငန်းရှင်များအား ၂၀၁၃ ခုနှစ်မှစတင်၍ နိုင်ငံ့စွမ်းဆောင်ရည်ဆုများ ချီးမြှင့်ပေးအပ်ခဲ့ပါသည်။ အခွန်များ ပုံမှန်ထမ်းဆောင်ခြင်းဖြင့် နိုင်ငံတော်၏ ဖွံ့ဖြိုးမှုစီမံချက်များအား အထောက်အကူပြုစေသည့် အသိပညာများ မြှင့်တင်ဆောင်ရွက်ခဲ့သည်။

စားသုံးသူပြည်သူများ ကျန်းမာရေးထိခိုက်စေမည့် အန္တရာယ်များကို ကာကွယ်ရန် **စားသုံးသူ အကာအကွယ်ပေးရေး ဥပဒေ (Consumer Protection Law)**၊ တန်းတူယှဉ်ပြိုင်နိုင်ရေးအတွက် **ယှဉ်ပြိုင်မှုဥပဒေများ (Competition Law)** ကိုလည်း အတည်ပြုပြဋ္ဌာန်းခဲ့ပါသည်။ အခွန်စနစ်ခေတ်မီတိုးတက်ရေး၊ ပို့ကုန် သွင်းကုန် လုပ်ထုံး လုပ်နည်းများအား ဖြေလျော့ပြင်ဆင်မှုများရှိသကဲ့သို့ ဖက်စပ်လုပ်ငန်းများ လုပ်ကိုင်နိုင်စေရန် ပြင်ပမှ ရင်းနှီးမြှုပ်နှံမှုများ ဖိတ်ခေါ်ခဲ့ပါသည်။

အီးယူပိတ်ဆို့မှုများရုပ်သိမ်းအပြီး ပို့ကုန်များအပြည်ပြည်ဆိုင်ရာဈေးကွက်သို့ပျံ့နှံ့ရေး၊ **အာဆီယံစီးပွားရေးအသိုက်အဝန်းသို့** ဝင်ရောက်ရေးအတွက် မိမိတို့၏ ပုဂ္ဂလိကကဏ္ဍအား မြှင့်တင်ခြင်းဖြင့် အစိုးရ - ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုများ (Public-Private Partnership) အပေါ်အခြေခံ၍ မိမိ၏အကျိုးစီးပွားတစ်ခုတည်းအတွက်သာ မဟုတ်ဘဲ

နိုင်ငံအတွက်၊ စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုတို့အတွက် စီးပွားရေးလုပ်ငန်းများနှင့် လူ့အဖွဲ့အစည်းတို့သည် အပြန်အလှန် အကျိုးပြုစေမည့် ပတ်ဝန်းကျင်ဖန်တီးပေးခဲ့ပါသည်။

ပထမကာလတို (၅)နှစ်စီမံကိန်း(၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်ထိ)တွင် စားနပ်ရိက္ခာဖူလုံရေးမှ စက်မှုလယ်ယာဖွံ့ဖြိုးမှုနှင့်ပို့ကုန်တိုးတက်ရေး၊ရေသယံဇာတ ထိန်းသိမ်းရေးနှင့် သားငါးကဏ္ဍဖွံ့ဖြိုးရေး၊ သစ်တောသယံဇာတ ထိန်းသိမ်းရေးနှင့် သစ်အခြေခံစက်မှုလုပ်ငန်းများထူထောင်ရေး၊ စွမ်းအင်သစ်နှင့် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် ဖွံ့ဖြိုးရေး၊ လုပ်ငန်းတိုင်းအတွက်လျှပ်စစ်၊ မြို့တိုင်းအတွက်လျှပ်စစ်၊ ကျေးရွာတိုင်းအတွက် လျှပ်စစ်ရရှိရေး၊ သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေးထိခိုက်မှုကင်းသည့် သတ္တုသယံဇာတ ထုတ်လုပ်မှုဖြစ်ထွန်းရေး၊ မြို့ပြများ ဖြစ်ထွန်းရေးနှင့် ခေတ်မီ လမ်းတံတားများ ဖြစ်ထွန်းပေါ်ပေါက်ရေး၊ အာဆီယံဒေသတွင်း ယှဉ်ပြိုင်နိုင်သည့် စက်မှုလုပ်ငန်းများ ပေါ်ပေါက်ရေး၊ ကျွမ်းကျင်မှုနှင့် ဖန်တီးနိုင်သောပညာရေးစနစ်ဖြစ်ပေါ်ရေး၊ လူတိုင်း၊ နေရာတိုင်း အတွက် ဆက်သွယ်ရေးစနစ်ပေါ်ပေါက်ရေး၊ အချိန်အခါမရွေးသောက်သုံးရေဖူလုံရေး၊သဘာဝအခြေခံ စီးပွားရေးလုပ်ငန်း ဖွံ့ဖြိုးရေး၊ ဆင်းရဲမှုလျှော့ချရေး၊ ယဉ်ကျေးမှုနှင့် အမျိုးသားအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေး၊ ငွေကြေးနှင့်ဘဏ္ဍာရေး ဝန်ဆောင်မှုလုပ်ငန်းများ ဖြစ်ထွန်းလာရေး၊ အမျိုးသားစာရင်းအင်းစနစ်များ ခိုင်မာကောင်းမွန်စေရေး လုပ်ငန်းစဉ်များကို အလေးထားရေးဆွဲဆောင်ရွက်ခဲ့ပါသည်။

၂၀၁၅ ခုနှစ် အတွင်း ဖြစ်ပေါ်ခဲ့သည့် ရေကြီး၊ ရေလျှံမှုနှင့် မြေပြိုမှုများကြောင့် သဘာဝဘေးအန္တရာယ် ကြုံတွေ့ရသည့် တိုင်းဒေသကြီး/ပြည်နယ်များတွင် ရေတို၊ ရေရှည် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကိုချမှတ်ကာဆောင်ရွက်ခဲ့ပါသည်။
ပြန်လည်ထူထောင်ရေး စီမံကိန်းကို ဆက်လက်ဆောင်ရွက်လျက် ရှိပါသည်။

## ၁-၂။ မေခရိုစီးပွားရေးအပေါ် သုံးသပ်ခြင်း

### (က) စီးပွားရေးတိုးတက်မှုအခြေအနေ

အခွန်စနစ် ပြုပြင်ပြောင်းလဲခြင်း၊ နှုန်းရှင် နိုင်ငံခြားငွေလဲလှယ်နှုန်း သတ်မှတ်ခြင်း၊ ကောင်းမွန်သည့် ရင်းနှီးမြှုပ်နှံမှုဝန်းကျင်ကို ဖန်တီးပေးခြင်း၊ ဘဏ္ဍာရေးစနစ်ဆိုင်ရာ တိုးတက်အောင်ဆောင်ရွက်ခြင်း၊ ခရီးသွားလုပ်ငန်းတိုးတက်စေခြင်း၊ နိုင်ငံ့ဝန်ထမ်းများ၏ ပင်စင်လစာတိုးမြှင့်ပေးခြင်း စသည်ဖြင့် စီးပွားရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ

တိုးတက်အောင် ဆောင်ရွက်ခဲ့ပါသည်။ ပထမကာလတို (၅) နှစ်စီမံကိန်း(၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အထိ)၏ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်တွင် ဂျီဒီပီ တိုးတက်မှုနှုန်း ၆.၀ ရာခိုင်နှုန်းတိုးတက်ရန်ရည်မှန်းခဲ့သော်လည်း အမှန်တိုးတက်မှုရာခိုင်နှုန်း မှာ ၅.၆ ရာခိုင်နှုန်းရှိခဲ့ပါသည်။ အလားတူပင် ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် တိုးတက်မှုနှုန်း ၆.၇ ရာခိုင်နှုန်းရည်မှန်းခဲ့ပြီး ၇.၃ ရာခိုင်နှုန်း အမှန်တိုးတက်ခဲ့ပါသည်။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် ၈.၉ ရာခိုင်နှုန်း တိုးတက်ရန်ရည်မှန်းခဲ့ပြီး ၈.၄ ရာခိုင်နှုန်း အမှန်တိုးတက်ခဲ့ပါသည်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ၉.၁ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းခဲ့ပြီး ၈.၇ ရာခိုင်နှုန်း အမှန်တိုးတက်ခဲ့ပါသည်။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် တိုးတက်မှုနှုန်း ၉.၃ ရာခိုင်နှုန်း ရည်မှန်းခဲ့ပါသည်။ သို့ဖြစ်ပါ၍ ပထမကာလတို (၅) နှစ်စီမံကိန်းအတွက် တစ်နှစ်ပျမ်းမျှတိုးတက်မှုနှုန်း ၈.၀ ရာခိုင်နှုန်းဖြင့် တိုးတက်ရန် ရည်မှန်းခဲ့သော်လည်း ၂၀၁၅ ခုနှစ်၊ ဇွန်၊ ဇူလိုင်၊ ဩဂုတ်လများတွင် ဖြစ်ပေါ်ခဲ့သည့် မိုးသည်းထန်စွာရွာသွန်းမှုနှင့် သဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးဆုံးရှုံးမှုပမာဏ များပြားခဲ့သဖြင့် ယခင်ရည်မှန်းထားသည့်အတိုင်း ပြည့်မီနိုင်မည်မဟုတ်ပါ။ သို့သော် ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွင်း ပျမ်းမျှ ၇.၅ ရာခိုင်နှုန်း တိုးတက်နိုင်ခဲ့ပါသည်။ ပထမကာလတို (၅)နှစ်စီမံကိန်းကာလအတွင်း ဂျီဒီပီ တိုးတက်မှုနှုန်းကို အောက်ဖော်ပြပါဇယားဖြင့် တင်ပြအပ်ပါသည် -

**ဇယား ၁-၁**


**ပထမ ကာလတို (၅)နှစ် အမျိုးသားစီမံကိန်း**
**(၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် မှ ၂၀၁၅-၂၀၁၆ဘဏ္ဍာနှစ် အထိ)**
**ဂျီဒီပီတိုးတက်မှုနှုန်း**

| စဉ် | ဘဏ္ဍာနှစ် | တိုးတက်မှုနှုန်း ရည်မှန်းချက် | တိုးတက်မှုနှုန်း (%) |
|---|---|---|---|
| ၁ | ၂၀၁၁-၂၀၁၂ | ၆.၀ | ၅.၆ |
| ၂ | ၂၀၁၂-၂၀၁၃ | ၆.၇ | ၇.၃ |
| ၃ | ၂၀၁၃-၂၀၁၄ | ၈.၉ | ၈.၄ |
| ၄ | ၂၀၁၄-၂၀၁၅ | ၉.၁ | ၈.၇ |
| ၅ | ၂၀၁၅-၂၀၁၆ | ၉.၃ | ၇.၆ (နှစ်ကုန်ခန့်မှန်းခြေ) |
| | တစ်နှစ်ပျမ်းမျှတိုးတက်မှုနှုန်း | ၈.၀ | ၇.၅ (၅ နှစ် ပျမ်းမျှ) |

ရင်းမြစ်။ စီမံကိန်းရေးဆွဲရေးဦးစီးဌာန

**ပုံ ၁-၁**

**ပထမ ကာလတို (၅)နှစ် အမျိုးသားစီမံကိန်း**
**(၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှ ၂၀၁၅-၂၀၁၆ဘဏ္ဍာနှစ် အထိ)**
**ဂျီဒီပီတိုးတက်မှုနှုန်း(%)**




ရင်းမြစ်။ စီမံကိန်းရေးဆွဲရေးဦးစီးဌာန


အဆိုပါ စီးပွားရေးတိုးတက်မှုခန့်မှန်းချက်များအရ ပထမ(၅)နှစ် အမျိုးသား စီမံကိန်း (၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အထိ)တွင် လူတစ်ဦးစီ၏ ပျမ်းမျှ ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (Per Capita GDP) ကို ဖော်ပြပါအတိုင်း ရရှိခဲ့ပါသည်-

**ဇယား ၁-၂**
**ပထမ ကာလတို (၅) နှစ် အမျိုးသားစီမံကိန်း**
**(၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှ ၂၀၁၅-၂၀၁၆ဘဏ္ဍာနှစ်အထိ)**
**လူတစ်ဦးစီ၏ ပျမ်းမျှထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး(ကုန်ထွက်နည်းအရ)**

| စဉ် | ဘဏ္ဍာနှစ် | လူတစ်ဦးစီ၏ ပျမ်းမျှ ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး(ကျပ်) |
|---|---|---|
| ၁ | ၂၀၁၁-၂၀၁၂ (အမှန်) | ၉၂၃,၄၀၆ |
| ၂ | ၂၀၁၂-၂၀၁၃ (အမှန်) | ၁,၀၁၁,၆၈၉ |
| ၃ | ၂၀၁၃-၂၀၁၄ (အမှန်) | ၁,၁၃၃,၄၀၃ |
| ၄ | ၂၀၁၄-၂၀၁၅ (မတ်လကုန်) | ၁,၂၆၂,၈၆၅ |
| ၅ | ၂၀၁၅-၂၀၁၆ (နှစ်ကုန်ခန့်မှန်းခြေ) | ၁,၄၁၃,၀၃၁ |

**ရင်းမြစ်။ စီမံကိန်းရေးဆွဲရေးဦးစီးဌာန**

**ပုံ ၁-၂**
**ပထမကာလတို (၅)နှစ် အမျိုးသားစီမံကိန်း**
**(၂၀၁၁-၂၀၁၂ဘဏ္ဍာနှစ် မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အထိ)**
**လူတစ်ဦးစီ၏ ပျမ်းမျှ ထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုး(ကုန်ထွက်နည်းအရ)**




**ရင်းမြစ်။ စီမံကိန်းရေးဆွဲရေးဦးစီးဌာန**

## (ခ) စီးပွားရေးဖွဲ့စည်းမှု ပုံသဏ္ဍာန်ပြောင်းလဲမှု

စီးပွားရေးဖွဲ့စည်းမှု ပုံသဏ္ဍာန်အနေဖြင့် လယ်ယာအခြေခံ စီးပွားရေးပုံစံမှ စက်မှုဖွံ့ဖြိုးမှုပုံစံသို့ တဖြည်းဖြည်းပြောင်းလဲလာရန် မျှော်မှန်းထားရာ နှစ်အလိုက် ကဏ္ဍကြီးများ၏ ဂျီဒီပီတွင်ပါဝင်မှုအချိုးပြောင်းလဲမှုအခြေအနေကို ပုံဇယား ၁-၃ တွင် ဖော်ပြထားပါသည်။

**လယ်ယာကဏ္ဍကြီး**တွင် ပထမကာလတို (၅)နှစ် စီမံကိန်းစတင်သည့် ကာလမှစ၍ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အထိ စီမံကိန်းရည်မှန်းချက်ကို ပြည့်မီစွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခြင်း မရှိခဲ့ပါ။ စိုက်ပျိုးသီးနှံများ ရည်မှန်းချက်များအတိုင်း ပြည့်မီစွာစိုက်ပျိုးနိုင်မှုမရှိခြင်း၊ ရာသီဥတုကြောင့် ပျက်စီးဆုံးရှုံးခြင်းများ ဖြစ်ပေါ်ခဲ့ပါသည်။ အခြားတစ်ဖက်တွင် စက်မှုကဏ္ဍနှင့် ဝန်ဆောင်မှုကဏ္ဍများ၏ တိုးတက်ဖြစ်ပေါ်မှုများကြောင့် လယ်ယာကဏ္ဍ၏ ဂျီဒီပီတွင် ပါဝင်မှုအချိုးအစား လျော့နည်းပြောင်းလဲခြင်းများ ဖြစ်ပေါ်ခဲ့ပါသည်။

**စက်မှုကဏ္ဍကြီး**တွင် ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်နှင့် ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တို့တွင် ရည်မှန်းချက်ကိုကျော်လွန်ခဲ့သော်လည်း ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်နှင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တို့တွင် စက်မှုကဏ္ဍ၏ အသွင်ပြောင်းရည်မှန်းချက်ပြည့်မီရန်လိုအပ်ခဲ့ပါသည်။ နိုင်ငံတော်အစိုးရသည် စက်မှုလုပ်ငန်းများဖွံ့ဖြိုးရေးအတွက် လိုအပ်သည့်မူဝါဒများ ချမှတ်ရေးဆွဲခြင်း၊ စားသုံးသူအကာအကွယ်ပေးရေး ဥပဒေ၊ ထုတ်ကုန်ပစ္စည်းများ၏ စံချိန်စံညွှန်းဥပဒေ၊ မူပိုင်ခွင့်ဥပဒေ ပေါ်ထွန်းရေးတို့ကို တွန်းအားပေးခြင်း၊ လုပ်ငန်းလုပ်ဆောင်မှုလွယ်ကူစေရေးအတွက် ကန့်သတ်ချက်များဖြေလျှော့ပေးခြင်း၊ နိုင်ငံတော်မှ လုပ်ငန်းစွမ်းဆောင်ရည်ဆုများချီးမြှင့်ပေးခြင်း၊ အသေးစားနှင့်အလတ်စားလုပ်ငန်းများ၏ ထုတ်ကုန်ပြပွဲများ၊ နိုင်ငံတကာစက်မှုကုန်စည်ပြပွဲများ ကျင်းပရန် ခွင့်ပြုပေးခြင်းနှင့် အပြည်ပြည်ဆိုင်ရာ ဈေးကွက်သို့ အလွယ်တကူချိတ်ဆက်ရောက်ရှိရန် စီစဉ်ပေးခြင်းများကို ဆောင်ရွက်ခဲ့ပါသည်။

အသေးစားနှင့် အလတ်စားလုပ်ငန်းများကို အကျိုးပြုနိုင်မည့် မူဝါဒနှင့် ဥပဒေများ ဘဏ္ဍာငွေအရင်းအနှီး၊ နည်းပညာနှင့် သုတေသနလုပ်ငန်းများ၊ ဈေးကွက်နှင့် အလုပ်အကိုင်အခွင့်အလမ်းများ၊ ကျွမ်းကျင်မှုနှင့် စီမံခန့်ခွဲမှုနည်းစနစ်များကို လိုအပ်သည့် ကဏ္ဍတိုင်းထိရောက်စွာ ပံ့ပိုးပေးနိုင်ရန်အတွက် အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများဖွံ့ဖြိုး တိုးတက်ရေးကော်မတီ၊ လုပ်ငန်းကော်မတီများကို ဖွဲ့စည်းခဲ့ပါသည်။

နိုင်ငံ၏ စီးပွားရေး၊ လူမှုရေး လျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လျှပ်စစ်သည် မရှိမဖြစ်လိုအပ်သည့်အတွက် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ (Independent Power Producer- IPP/ PublicPrivate Partnership - PPP) စနစ်များဖြင့် နိုင်ငံသားနှင့် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုများအား ဖိတ်ခေါ်၍ ရင်းနှီးမြှုပ်နှံခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။

**ဝန်ဆောင်မှုကဏ္ဍကြီး**တွင် ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်နှင့် ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တို့တွင် ရည်မှန်းချက် မပြည့်မီသော်လည်း နောက်ပိုင်းနှစ်များတွင် ရည်မှန်းချက် ပြည့်မီကျော်လွန်ခဲ့ပါသည်။ ကမ္ဘာ့လှည့်ခရီးသွားလုပ်ငန်းဖွံ့ဖြိုးလာခြင်း၊ တယ်လီဖုန်းဝန်ဆောင်မှုများ တိုးတက်လာခြင်း၊ ဘဏ်လုပ်ငန်း ဝန်ဆောင်မှုများ တိုးတက်လာခြင်း စသည်တို့ကြောင့် ရည်မှန်းချက်ထက် ပြည့်မီကျော်လွန်ခဲ့ခြင်း ဖြစ်ပါသည်။


**ဇယား ၁-၃**
**ပထမကာလတို (၅)နှစ် အမျိုးသားစီမံကိန်း**
**(၂၀၁၁-၂၀၁၂ဘဏ္ဍာနှစ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အထိ)**
**ကဏ္ဍကြီးများအလိုက် ဂျီဒီပီတွင် ပါဝင်မှု အချိုးရည်မှန်းချက်နှင့်**
**အကောင်အထည်ဖော်နိုင်မှုအခြေအနေ (ကုန်ထွက်နည်းအရ)**

နှစ်အလိုက်ဈေးနှုန်း

| ဘဏ္ဍာနှစ် | လယ်ယာကဏ္ဍကြီး | | စက်မှုကဏ္ဍကြီး | | ဝန်ဆောင်မှုကဏ္ဍကြီး | |
|---|---|---|---|---|---|---|
| | ရည်မှန်းချက် | ရရှိမှု | ရည်မှန်းချက် | ရရှိမှု | ရည်မှန်းချက် | ရရှိမှု |
| ၂၀၁၁-၂၀၁၂ | ၃၄.၆ | ၃၂.၅ | ၂၇.၁ | ၃၁.၃ | ၃၈.၃ | ၃၆.၂ |
| ၂၀၁၂-၂၀၁၃ | ၃၂.၃ | ၃၀.၆ | ၃၀.၃ | ၃၂.၄ | ၃၇.၄ | ၃၇.၀ |
| ၂၀၁၃-၂၀၁၄ (ရွေ့ပြေးအမှန်) | ၂၉.၉ | ၂၉.၅ | ၃၃.၈ | ၃၂.၄ | ၃၆.၃ | ၃၈.၁ |
| ၂၀၁၄-၂၀၁၅ (မတ်လကုန်) | ၂၈.၆ | ၂၇.၉ | ၃၅.၀ | ၃၃.၄ | ၃၆.၄ | ၃၈.၇ |
| ၂၀၁၅-၂၀၁၆ (နှစ်ကုန်ခန့်မှန်းခြေ) | ၂၇.၅ | ၂၆.၂ | ၃၅.၄ | ၃၅.၀ | ၃၇.၁ | ၃၈.၈ |

**ဓာတ်မြစ်။ စီမံကိန်းရေးဆွဲရေးဦးစီးဌာန**

## ပုံ ၁-၃
## ပထမ ကာလတို(၅)နှစ် အမျိုးသားစီမံကိန်း
## ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အထိ
## စီးပွားရေးဖွဲ့စည်းမှုပုံသဏ္ဍာန်ပြောင်းလဲမှုအခြေအနေ




**ဇာစ်မြစ်။ စီမံကိန်းရေးဆွဲရေးဦးစီးဌာန**

### (ဂ) ငွေကြေးဖောင်းပွမှုနှုန်း

ငွေကြေးဖောင်းပွမှုနှုန်းတွက်ချက်ရာတွင် စားသုံးသူဈေးဆနှုန်းအပေါ် အခြေခံ၍ တွက်ချက်ရသည့်အတွက် ယေဘုယျအားဖြင့် စားသုံးသူဈေးဆနှုန်း မြင့်တက်လျှင် ငွေကြေးဖောင်းပွမှုနှုန်း မြင့်တက်နိုင်ပါသည်။ စားသုံးသူဈေးဆနှုန်း ကျဆင်းခြင်း (သို့မဟုတ်) မြင့်တက်ခြင်း တို့မှာ အလေးပေးရာခိုင်နှုန်းများသော အခြေခံကုန်စည်များ၏ ဈေးနှုန်းများ ပြောင်းလဲမှုအပေါ်မူတည်ပါသည်။ ၂၀၁၁– ၂၀၁၂ ဘဏ္ဍာနှစ်မှ ၂၀၁၂– ၂၀၁၃ ဘဏ္ဍာနှစ်များ တွင် ငွေကြေးဖောင်းပွမှုနှုန်းများ တည်ငြိမ်ခဲ့သော်လည်း ၂၀၁၃–၂၀၁၄ ဘဏ္ဍာနှစ်မှ စတင်၍ ငွေကြေးဖောင်းပွမှုနှုန်း တရိပ်ရိပ်တက်လာခဲ့ပြီး ၂၀၁၅ ခုနှစ်၊ ဇူလိုင်လမှစတင်၍ ငွေကြေး ဖောင်းပွမှုနှုန်းတိုးတက်မှုများပြားလာပါသည်။

၂၀၁၃ ခုနှစ်တွင် တစ်ကြိမ်၊ ၂၀၁၅ ခုနှစ် နှစ်လယ်ပိုင်း၌တစ်ကြိမ် နိုင်ငံအနှံ့အပြား တွင် မိုးအဆက်မပြတ်ရွာသွန်းပြီး ရေကြီးနစ်မြုပ်မှုများ ဖြစ်ပေါ်ခဲ့သည့်အတွက် စိုက်ပျိုး သီးနှံအထွက်နှုန်းလျော့ကျခြင်း၊ ရေကြီးရေလျှံမှုကြောင့် တံတားများပျက်စီးခြင်း၊ ကားလမ်း၊ ရထားလမ်းများ လမ်းပန်းဆက်သွယ်ရေး ပြတ်တောက်ခြင်းများကြောင့် ကုန်စည်စီးဆင်းမှု အခက်အခဲဖြစ်ကာ ကုန်ကြမ်းဈေးနှုန်းများ မြင့်တက်လာခြင်း၊ ပို့ဆောင်ဆက်သွယ်ရေး

ခက်ခဲသည့် အတွက် သယ်ယူပို့ဆောင်စရိတ် မြင့်တက်ခြင်း စသည်တို့ကြောင့် အထွေထွေ စားသောက်ကုန်ပစ္စည်း ဈေးနှုန်းများ မြင့်တက်လာခဲ့သည်။ သဘာဝဘေးအန္တရာယ် ကျရောက်ခြင်းကြောင့် ဖြစ်ပေါ်လာသည့်အခက်အခဲများကို အသုံးချ၍ ကုန်သည်များ၏ ဈေးကစားမှုကြောင့်လည်း အထွေထွေစားသောက်ကုန်ပစ္စည်းဈေးနှုန်းများ မြင့်တက်ခဲ့ပါသည်။

မြန်မာနိုင်ငံ၏ တစ်နှစ်ပျမ်းမျှ ငွေကြေးဖောင်းပွမှုနှုန်းသည် ၂၀၀၆ ခုနှစ်၊ အခြေခံနှစ် အရ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်တွင် ၂.၈၂ ရာခိုင်နှုန်း၊ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် ၂.၈၅ ရာခိုင်နှုန်း၊ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် ၅.၇၂ ရာခိုင်နှုန်း၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ၅.၉၀ ရာခိုင်နှုန်း အသီးသီးဖြစ်ပေါ်ခဲ့ပါသည်။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ဇွန်၊ ဇူလိုင်၊ သြဂုတ်လများတွင် ဖြစ်ပေါ်ခဲ့သည့် ရေကြီးရေလျှံမှုများကြောင့် အစားအစာဈေးနှုန်းများ ဈေးတက်ခဲ့ပြီး ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် စက်တင်ဘာလတွင် ၈.၆၇ % အထိ မြင့်တက်ခဲ့ပါသည်။

**ဇယား ၁-၄**

**ပထမ ကာလတို(၅)နှစ် အမျိုးသားစီမံကိန်း**

**၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အထိ**

**စားသုံးသူဈေးဆနှုန်း (CPI) နှင့် ငွေကြေးဖောင်းပွမှုနှုန်း (Inflation)**

(၂၀၀၆ ခုနှစ် အခြေခံနှစ်)

| ခုနှစ် | စားသုံးသူ ဈေးဆနှုန်း | | | ပျမ်းမျှ ငွေကြေးဖောင်းပွမှုနှုန်း |
|---|---|---|---|---|
| | စုစုပေါင်း စားသုံးသူဈေးဆနှုန်း | အစားအစာအုပ်စု စားသုံးသူဈေးဆနှုန်း | အစားအစာ မဟုတ်သောအုပ်စု စားသုံးသူဈေးဆနှုန်း | |
| ၂၀၁၁-၂၀၁၂ | ၁၆၁.၈၁ | ၁၅၂.၂၂ | ၁၈၂.၄၀ | ၂.၈၂ |
| ၂၀၁၂-၂၀၁၃ | ၁၆၉.၄၄ | ၁၆၀.၀၅ | ၁၈၉.၆၀ | ၂.၈၅ |
| ၂၀၁၃-၂၀၁၄ | ၁၈၀.၀၄ | ၁၇၁.၄၀ | ၁၉၈.၅၈ | ၅.၇၂ |
| ၂၀၁၄-၂၀၁၅ | ၁၉၃.၄၅ | ၁၈၅.၄၀ | ၂၀၀.၇၄ | ၅.၉၀ |
| ၂၀၁၅-၂၀၁၆ (စက်တင်ဘာလ) | ၂၁၄.၃၁ | ၂၀၂.၅၉ | ၂၁၇.၉၈ | ၈.၆၇ |

ရင်းမြစ်။ ဗဟိုစာရင်းအင်းအဖွဲ့

နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများစွာ စီးဝင်လာခြင်း၊ လှည့်လည်သုံးစွဲနေသည့် ငွေကြေးပမာဏ (Money Supply) များပြားလာခြင်း၊ ငွေကြေးလှည့်လည်သုံးစွဲသည့် အရှိန်ပိုမိုများပြားလာခြင်း၊ လုပ်ခ၊ လစာတိုးမြင့်လာခြင်းနှင့် သွင်းကုန် တိုးတက်လာခြင်းတို့ကြောင့် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်မှစ၍ ငွေကြေးဖောင်းပွမှုနှုန်း တဖြည်းဖြည်းမြင့်တက်ခဲ့ခြင်းဖြစ်ပါသည်။ တစ်နှစ် ပျမ်းမျှငွေကြေးဖောင်းပွမှုနှုန်းသည် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် ၅.၇၂ ရာခိုင်နှုန်းသို့ ရောက်ရှိခဲ့ပြီး၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် မတ်လကုန်တွင် ၅.၉၀ ရာခိုင်နှုန်းအထိ ရောက်ရှိခဲ့ပြီး ပထမကာလတို(၅) နှစ် စီမံကိန်းကာလအတွင်းတွင် ငွေကြေးဖောင်းပွမှုနှုန်းများပြားခဲ့ခြင်းကြောင့် ဒုတိယကာလတို(၅) နှစ် စီမံကိန်းကာလတွင် ငွေကြေးဖောင်းပွမှုနှုန်း တည်ငြိမ်ရေးအတွက် ဆက်လက်ဆောင်ရွက်ရန် လိုအပ်ပါသည်။

**(ဃ) နိုင်ငံခြားငွေလဲလှယ်မှုနှုန်း**

နိုင်ငံခြားငွေလဲလှယ်မှုနှုန်းကို ၂၀၁၂ ခုနှစ်၊ ဧပြီလမှစ၍ အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့မှထုတ်ဝေသောအထူးထုတ်ယူခွင့် (Special Drawing Rights -SDRs)နှင့် ချိတ်ဆက်ထားသည့်စနစ် (SDR - Pegged Regime) မှဈေးကွက်အခြေခံသော ထိန်းကျောင်းမှုရှိသည့် နှုန်းရှင်နိုင်ငံခြားငွေလဲလှယ်နှုန်းစနစ်ဖြင့် ဆောင်ရွက်ခဲ့ရာ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်နှင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တို့တွင် ငွေလဲလှယ်မှုနှုန်း တဖြည်းဖြည်းမြင့်တက်လာခဲ့ပါသည်။

ငွေကြေးလဲလှယ်မှုနှုန်းတွင် မြန်မာကျပ်ငွေတန်ဖိုး ကျဆင်းခဲ့သဖြင့် ပို့ကုန်တွင် ယှဉ်ပြိုင်နိုင်စွမ်းရှိသော်လည်း သွင်းကုန်တန်ဖိုးများတွင် ဒေါ်လာပိုမိုသုံးစွဲရသဖြင့် နိုင်ငံခြားအရန်ငွေကြေးပမာဏ လျော့နည်းမှုများ၊ ဒေါ်လာဝယ်လိုအားများခြင်းများ ဖြစ်ပေါ်ခဲ့ပါသည်။ နိုင်ငံခြားငွေလဲလှယ်မှုတန်ဖိုး တည်ငြိမ်ရေးအတွက် ဆက်လက်ဆောင်ရွက်ရန် လိုအပ်ပါသည်။ အမေရိကန်ပြည်ထောင်စုမှ တင်းကြပ်သည့် ဘဏ္ဍာရေးမူဝါဒကျင့်သုံးခြင်း၊ အမေရိကန်ဒေါ်လာ၏ တန်ဖိုးအားမြင့်တင်ခြင်းတို့သည်လည်း နိုင်ငံခြားငွေလဲလှယ်နှုန်းအားသက်ရောက်မှုရှိပါသည်။

**ဇယား ၁-၅**
**နိုင်ငံခြားငွေလဲလှယ်မှုနှုန်း**

ကျပ်/အမေရိကန်ဒေါ်လာ

| စဉ် | လအမည် | ၂၀၁၂ | ၂၀၁၃ | ၂၀၁၄ | ၂၀၁၅ |
|---|---|---|---|---|---|
| ၁။ | ဇန်နဝါရီ | | ၈၅၄.၀၀ | ၉၈၇.၀၀ | ၁၀၂၅.၀၀ |
| ၂။ | ဖေဖော်ဝါရီ | | ၈၅၈.၀၀ | ၉၈၀.၀၀ | ၁၀၂၇.၀၀ |
| ၃။ | မတ် | | ၈၆၀.၀၀ | ၉၆၄.၀၀ | ၁၀၂၇. ၀၀ |
| ၄။ | ဧပြီ | ၈၁၉.၀၀ | ၈၉၀.၀၀ | ၉၆၂.၀၀ | ၁၀၇၈. ၀၀ |
| ၅။ | မေ | ၈၂၂.၀၀ | ၉၄၅.၀၀ | ၉၆၆.၀၀ | ၁၀၉၀. ၀၀ |
| ၆။ | ဇွန် | ၈၃၂.၃၆ | ၉၆၉.၀၀ | ၉၇၃.၀၀ | ၁၁၁၀. ၀၀ |
| ၇။ | ဇူလိုင် | ၈၅၀.၄၈ | ၉၇၅.၀၀ | ၉၇၂.၀၀ | ၁၂၃၆. ၀၀ |
| ၈။ | ဩဂုတ် | ၈၇၈.၁၀ | ၉၇၂.၀၀ | ၉၇၀.၀၀ | ၁၂၇၃. ၀၀ |
| ၉။ | စက်တင်ဘာ | ၈၇၄.၀၀ | ၉၇၃.၀၀ | ၉၉၂.၀၀ | ၁၂၈၇. ၀၀ |
| ၁၀။ | အောက်တိုဘာ | ၈၆၆.၀၀ | ၉၇၂.၀၀ | ၁၀၀၆.၀၀ | ၁၂၇၇. ၀၀ |
| ၁၁။ | နိုဝင်ဘာ | ၈၅၄.၀၀ | ၉၈၃.၀၀ | ၁၀၂၈.၀၀ | ၁၃၀၀.၀၀ |
| ၁၂။ | ဒီဇင်ဘာ | ၈၅၁.၀၀ | ၉၈၇.၀၀ | ၁၀၂၆.၀၀ | |


**ရင်းမြစ်။** မြန်မာနိုင်ငံတော်ဗဟိုဘဏ်

## (င) ကုန်သွယ်မှု

ပြည်ပကုန်သွယ်မှုတန်ဖိုး (ပို့ကုန်တွင် Re-export အပါအဝင်) သည် ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် စီမံကိန်းတွင် စုစုပေါင်းကျပ် ၁၄,၂၅၈,၁၉၃.၀ သန်း (အမေရိကန်ဒေါ်လာ ၁၇,၈၂၂.၇ သန်း)၊ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် ကျပ် ၁၅,၇၉၃,၉၄၃.၀ သန်း (အမေရိကန်ဒေါ်လာ ၁၉,၇၄၂.၄ သန်း)၊ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် ကျပ် ၂၃,၀၀၃,၈၁၃.၇ သန်း (အမေရိကန်ဒေါ်လာ ၂၅,၅၅၉.၈ သန်း)၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ကျပ် ၂၅,၁၈၆,၀၀၀.၀ သန်း (အမေရိကန်ဒေါ်လာ ၂၅,၇၀၀.၀ သန်း)၊ ၂၀၁၅ - ၂၀၁၆ ဘဏ္ဍာနှစ်တွင် ကျပ်သန်း ၃၀,၄၉၈,၀၀၀.၀ (အမေရိကန်ဒေါ်လာ ၂၉၉၀၀.၀၀ သန်း) ရည်မှန်းခဲ့သော်လည်း ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်မှစတင်၍ ကုန်သွယ်မှုလိုငွေဖြစ်ခဲ့ပါသည်။

## ပုံ ၁-၄
## ပထမ ကာလတို(၅)နှစ် အမျိုးသားစီမံကိန်း
## ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အထိ
## ပြည်ပပို့ကုန်/သွင်းကုန် ရည်မှန်းချက်နှင့် အကောင်အထည်ဖော်မှုအခြေအနေ

အမေရိကန်ဒေါ်လာသန်းပေါင်း




ဇာစ်မြစ်။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

## ဇယား ၁-၆

## ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အထိ ပြည်ပပို့ကုန်/သွင်းကုန် ရည်မှန်းချက်နှင့် အကောင်အထည်ဖော်မှုအခြေအနေ

အမေရိကန်ဒေါ်လာသန်းပေါင်း

| စဉ် | အကြောင်းအရာ | ၂၀၁၁-၂၀၁၂ | | | ၂၀၁၂-၂၀၁၃ | | | ၂၀၁၃-၂၀၁၄ | | | ၂၀၁၄-၂၀၁၅ | | | ၂၀၁၅-၂၀၁၆ | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ရည်မှန်းချက် | ၂၀၁၁-၂၀၁၂ (ဧပြီလမှ မတ်လအထိ) | အကောင်အထည်ဖော်မှု ရာခိုင်နှုန်း | ရည်မှန်းချက် | ၂၀၁၂-၂၀၁၃ (ဧပြီလမှ မတ်လအထိ) | အကောင်အထည်ဖော်မှု ရာခိုင်နှုန်း | ရည်မှန်းချက် | ၂၀၁၃-၂၀၁၄ (ဧပြီလမှ မတ်လအထိ) | အကောင်အထည်ဖော်မှု ရာခိုင်နှုန်း | ရည်မှန်းချက် | ၂၀၁၄-၂၀၁၅ (ဧပြီလမှ မတ်လအထိ) | အကောင်အထည်ဖော်မှု ရာခိုင်နှုန်း | ရည်မှန်းချက် | ၂၀၁၅-၂၀၁၆ (ဧပြီလမှ ဩဂုတ်လအထိ) | အကောင်အထည်ဖော်မှု ရာခိုင်နှုန်း |
| ၁။ | ပို့ကုန် | ၁၀၅၆၄.၁၀ | ၉၀၃၅.၆၀ | ၈၆.၄၈ | ၁၁၅၁၃.၉၀ | ၈၉၇၇.၀၁ | ၇၇.၉၇ | ၁၂၅၂၆.၂၀ | ၁၁၂၀၃.၉၆ | ၈၉.၄၄ | ၁၂၇၀၀.၀၀ | ၁၂၅၂၃.၇၁ | ၉၈.၆၀ | ၁၂၉၀၀.၀၀ | ၄၆၀၃.၉၇ | ၃၅.၆၉ |
| | နိုင်ငံပိုင် | ၅၉၀၂.၈၀ | ၅၀၂၈.၂၈ | ၈၅.၁၈ | ၆၀၄၉.၂၀ | ၄၅၆၂.၈၂ | ၇၅.၄၃ | ၅၄၃၃.၁၀ | ၆၁၀၂.၈၉ | ၁၁၂.၃၃ | ၅၅၅၃.၀၀ | ၇၁၆၉.၆၃ | ၁၂၉.၁၁ | ၆၁၅၀.၅၀ | ၂၅၁၇.၆၉ | ၄၀.၉၃ |
| | သမဝါယမပိုင် | ၉၆.၀၀ | ၃၅.၆၈ | ၃၇.၁၇ | ၁၀၀.၈၀ | ၃.၁၃ | ၃.၁၁ | ၂၇.၄၀ | ၁.၀၀ | ၃.၆၅ | ၂၉.၃၀ | ၀.၀၀ | ၀.၀၀ | ၂၀.၀၀ | ၀.၂၆ | ၁.၂၄ |
| | ပုဂ္ဂလိကပိုင် | ၄၅၆၅.၃၀ | ၄၀၇၁.၆၄ | ၈၉.၁၉ | ၅၃၆၃.၉၀ | ၄၄၁၁.၀၆ | ၈၂.၂၄ | ၇၀၆၅.၇၀ | ၅၁၀၀.၀၇ | ၇၂.၁၈ | ၇၁၁၇.၇၀ | ၅၃၅၄.၀၈ | ၇၅.၂၂ | ၆၇၂၈.၅၀ | ၂၀၈၆.၀၂ | ၃၁.၀၀ |
| ၂။ | သွင်းကုန် | ၇၂၅၈.၆၀ | ၉၀၃၅.၀၆ | ၁၂၄.၄၇ | ၈၂၂၈.၅၀ | ၉၀၆၈.၉၁ | ၁၁၀.၂၁ | ၁၃၀၃၃.၆၀ | ၁၃၇၅၉.၅၀ | ၁၀၅.၅၇ | ၁၃၀၀၀.၀၀ | ၁၆၆၃၃.၁၅ | ၁၂၇.၉၅ | ၁၇၀၀၀.၀၀ | ၆၇၉၈.၂၈ | ၃၉.၉၉ |
| | နိုင်ငံပိုင် | ၁၈၁၂.၅၀ | ၂၄၂၅.၇၂ | ၁၃၃.၈၃ | ၁၈၁၈.၈၀ | ၁၅၁၈.၄၂ | ၈၃.၄၈ | ၁၉၅၅.၀၀ | ၂၅၃၃.၇၀ | ၁၂၉.၈၁ | ၁၅၀၀.၀၀ | ၂၇၅၄.၀၆ | ၁၈၃.၆၀ | ၂၉၆၅.၀၀ | ၁၀၂၃.၂၁ | ၃၄.၅၁ |
| | သမဝါယမပိုင် | ၉.၉၀ | ၀.၀၀ | ၀.၀၀ | ၁၀.၃၀ | ၀.၀၀ | ၀.၀၀ | ၁၀.၂၀ | ၀.၀၀ | ၀.၀၀ | ၁၀.၂၀ | ၀.၀၀ | ၀.၀၀ | ၀.၀၀ | ၀.၀၀ | ၀.၀၀ |
| | ပုဂ္ဂလိကပိုင် | ၅၄၃၆.၂၀ | ၆၆၀၉.၃၄ | ၁၂၁.၅၈ | ၆၃၉၉.၄၀ | ၇၅၅၀.၄၉ | ၁၁၇.၉၉ | ၁၁၀၆၈.၄၀ | ၁၁၂၂၁.၈၀ | ၁၀၁.၃၉ | ၁၁၄၈၉.၈၀ | ၁၃၈၇၉.၀၉ | ၁၂၀.၇၉ | ၁၄၀၃၅.၀၀ | ၅၇၇၅.၀၇ | ၄၁.၁၅ |
| ၃။ | ကုန်သွယ်မှုပမာဏ | ၁၇၈၂၂.၇၀ | ၁၈၀၇၀.၆၆ | ၂၅၀.၃၃ | ၁၉၇၄၂.၄၀ | ၁၈၀၄၅.၉၂ | ၂၀၉.၃၁ | ၂၅၅၅၉.၈၀ | ၂၄၉၆၃.၄၆ | ၁၉၁.၅၃ | ၂၅၇၀၀.၀၀ | ၂၉၁၅၆.၈၆ | ၁၁၃.၄၅ | ၂၉၉၀၀.၀၀ | ၁၁၄၀၂.၂၅ | ၃၈.၁၃ |
| ၄။ | ပို့ငွေ/လိုငွေ | ၃၃၀၅.၅၀ | ၁၀၀.၅၄ | ၅.၅၅ | ၃၂၈၅.၄၀ | -၉၁.၉၀ | -၅.၀၅ | -၅၀၇.၄၀ | -၂၅၅၅.၅၄ | -၁၃၀.၇၂ | -၃၀၀.၀၀ | -၄၁၀၉.၄၄ | -၂၃၃.၉၆ | -၄၁၀၀.၀၀ | -၂၁၉၄.၃၁ | ၅၃.၅၂ |

ရင်းမြစ်။ ဗဟိုစာရင်းအင်းအဖွဲ့

ပထမကာလတို (၅) နှစ် စီမံကိန်းကာလအတွင်း မြန်မာနိုင်ငံ၏ကုန်သွယ်မှု အခြေအနေကို အောက်ပါဇယားဖြင့် ဖော်ပြအပ်ပါသည်။

**ဇယား ၁-၇**
**၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အထိ ပို့ကုန်၊ သွင်းကုန်၊ ကုန်သွယ်မှုပမာဏနှင့် ပိုငွေ/လိုငွေအခြေအနေ**


(အမေရိကန်ဒေါ်လာသန်းပေါင်း)

| နှစ် | ပို့ကုန် | သွင်းကုန် | ကုန်သွယ်မှု ပမာဏ | ပိုငွေ/လိုငွေ |
|---|---|---|---|---|
| ၂၀၁၁-၂၀၁၂ | ၉၁၃၅.၆ | ၉၀၃၅.၁ | ၁၈၁၇၀.၇ | ၁၀၀.၅ |
| ၂၀၁၂-၂၀၁၃ | ၈၉၇၇.၀ | ၉၀၆၈.၉ | ၁၈၀၄၅.၉ | (-)၉၁.၉ |
| ၂၀၁၃-၂၀၁၄ | ၁၁၂၀၄.၀ | ၁၃၇၅၉.၅ | ၂၄၉၆၃.၅ | (-)၂၅၅၅.၅ |
| ၂၀၁၄-၂၀၁၅ | ၁၂၅၂၃.၇ | ၁၆၆၃၃.၂ | ၂၉၁၅၆.၉ | (-)၄၁၀၉.၅ |
| ၂၀၁၅-၂၀၁၆ (ယာယီခန့်မှန်းခြေ) | ၁၁၂၃၇.၁ | ၁၅၇၇၇.၈ | ၂၇၀၁၄.၉ | (-)၄၅၄၀.၇ |

**ရင်းမြစ်။ ကုန်သွယ်ရေးဦးစီးဌာန**

**ပုံ ၁-၅**
**၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အထိ ပို့ကုန်၊ သွင်းကုန် အခြေအနေ**

**အမေရိကန်ဒေါ်လာသန်းပေါင်း**




**ရင်းမြစ်။ ကုန်သွယ်ရေးဦးစီးဌာန**

၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် မြန်မာနိုင်ငံ၏ စုစုပေါင်းကုန်သွယ်မှုပမာဏမှာ အမေရိကန်ဒေါ်လာ ၁၈၀၄၅.၉သန်း ဖြစ်ပြီး ကုန်သွယ်မှုလိုငွေ အမေရိကန်ဒေါ်လာ ၉၁.၉ သန်း ဖြစ်ပေါ်ခဲ့ပါသည်။ ပို့ကုန်တင်ပို့မှုတွင် ပဲအမျိုးမျိုး၊ ကျောက်စိမ်း၊ ရော်ဘာစိမ်း၊ ပြောင်း၊ သစ်လုံး၊ ငါး၊ ပုစွန်၊ သစ်ခွဲသား၊ ငါးရှဉ့်တို့ လျော့နည်း တင်ပို့ခဲ့ပြီး သွင်းကုန်တွင် မော်တော်ယာဉ်နှင့်မော်တော်ယာဉ်ပစ္စည်းများ၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးနှင့် တပ်ဆင်ရေးပစ္စည်းများ၊ သွပ်ပြား၊ မီးဖိုချောင်သုံးပစ္စည်းများ၊ မော်တော်ဆိုင်ကယ်များနှင့်သတ္တုကုန်ချောဆောက်လုပ်ရေးပစ္စည်းများ ပိုမိုတင်သွင်းခဲ့ခြင်းကြောင့် ကုန်သွယ်မှုလိုငွေဖြစ်ပေါ်ရခြင်းဖြစ်ပါသည်။

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် ပုစွန်၊ ငါး၊ သဘာဝဓာတ်ငွေ့၊ ဆန်၊ ပဲအမျိုးမျိုး၊ သစ်ခွဲသား၊ ရော်ဘာစိမ်းနှင့်သီဟိုစေ့တို့ကို လျော့နည်းတင်ပို့ခဲ့ပြီး သဘော်နှင့် သဘော်ပစ္စည်းများ၊ ရေနံထွက်ပစ္စည်းများ၊ အခြားစက်နှင့်စက်ပစ္စည်းများ၊ သံနှင့်သံမဏိဆောက်လုပ်ရေးပစ္စည်းများနှင့် စားအုန်းဆီ၊မော်တော်ဆိုင်ကယ်များနှင့် မော်တော်ယာဉ်နှင့်မော်တော်ယာဉ်ပစ္စည်းများ ပိုမိုတင်သွင်းခဲ့ခြင်းကြောင့် ကုန်သွယ်မှုပမာဏလိုငွေ အမေရိကန်ဒေါ်လာ ၂၅၅၅.၅ သန်း ဖြစ်ပေါ်ခဲ့ခြင်းဖြစ်ပါသည်။

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ပြည်ပတင်ပို့မှုတွင် သစ်လုံး၊ ရော်ဘာစိမ်း၊ ငါးနှင့် ငါးရှဉ့်၊ ကဏန်း၊ ပုစွန်၊ နှမ်း၊ သစ်ခွဲသားနှင့် ရေနံဂျိုး တင်ပို့မှုလျော့နည်းခဲ့ပြီး မော်တော်ယာဉ်နှင့်မော်တော်ယာဉ်ပစ္စည်းများ၊ လယ်ထွန်စက်များ၊ အခြားစက်နှင့် စက်ပစ္စည်းများ၊ သံနှင့်သံမဏိဆောက်လုပ်ရေးပစ္စည်းများ၊ ရေနံထွက်ပစ္စည်းများ၊ တယ်လီဖုန်းနှင့် ဆက်သွယ်ရေးပစ္စည်းကိရိယာများနှင့် လယ်ယာသုံးနောက်တွဲယာဉ်နှင့် အခြားယာဉ်များ ပိုမိုတင်သွင်းခဲ့ခြင်းကြောင့် ကုန်သွယ်မှုလိုငွေ အမေရိကန်ဒေါ်လာ ၄၁၀၉.၅ သန်း ဖြစ်ပေါ်ခဲ့ခြင်းဖြစ်ပါသည်။

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် (ယာယီခန့်မှန်း) ၌ **ပုံမှန်ပို့ကုန်** တန်ဖိုးတွင် အမေရိကန်ဒေါ်လာ ၇၀၆၅.၃၄ သန်းနှင့် **နယ်စပ်ပို့ကုန်** တန်ဖိုးတွင် ၄၁၇၁.၇၄ သန်းရှိပြီး **ပုံမှန်သွင်းကုန်**တန်ဖိုးတွင် အမေရိကန်ဒေါ်လာ ၁၃၂၄၆.၁၃ သန်း၊ **နယ်စပ်သွင်းကုန်** တန်ဖိုးတွင် ၂၅၃၁.၆၂ သန်းရှိပါသည်။

## ဇယား ၁-၈
## ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အထိ ပုံမှန် ပို့ကုန်/သွင်းကုန်နှင့် နယ်စပ် ပို့ကုန်/သွင်းကုန် အခြေအနေ

အမေရိကန်ဒေါ်လာသန်းပေါင်း

| ခုနှစ် | ပို့ကုန် | | သွင်းကုန် | |
|---|---|---|---|---|
| | ပုံမှန် | နယ်စပ် | ပုံမှန် | နယ်စပ် |
| ၂၀၁၁-၁၂ | ၇၁၀၇.၂၁ | ၂၀၂၈.၃၉ | ၇၆၉၅.၄၆ | ၁၃၃၉.၆၀ |
| ၂၀၁၂-၁၃ | ၆၈၄၃.၀၄ | ၂၁၃၃.၉၇ | ၇၈၃၀.၃၆ | ၁၂၃၈.၅၅ |
| ၂၀၁၃-၁၄ | ၈၄၄၂.၇၇ | ၂၇၆၁.၁၉ | ၁၁၉၃၂.၆၀ | ၁၈၂၆.၉၀ |
| ၂၀၁၄-၁၅ | ၈၂၃၀.၇၃ | ၄၂၉၂.၉၈ | ၁၄၁၃၉.၀၀ | ၂၄၉၄.၁၅ |
| ၂၀၁၅-၁၆ (ယာယီခန့်မှန်းခြေ) | ၇၀၆၅.၃၄ | ၄၁၇၁.၇၄ | ၁၃၂၄၆.၁၃ | ၂၅၃၁.၆၂ |

**ရင်းမြစ်၊ ဗဟိုစာရင်းအင်းအဖွဲ့**

### (စ) ရင်းနှီးမြှုပ်နှံမှု

ရင်းနှီးမြှုပ်နှံမှုတွင် နိုင်ငံပိုင်အခန်းမှရင်းနှီးမြှုပ်နှံမှု၊ သမဝါယမပိုင်အခန်းမှ ရင်းနှီးမြှုပ်နှံမှုနှင့် ပုဂ္ဂလိကပိုင်အခန်းကဏ္ဍတို့မှ ရင်းနှီးမြှုပ်နှံမှု ဟူ၍ ခွဲခြားထားပါသည်။ နိုင်ငံပိုင်အခန်း ရင်းနှီးမြှုပ်နှံမှုတွင် နိုင်ငံတော်ဖွံ့ဖြိုးမှုအတွက် လိုအပ်သည့် ဆည်မြောင်းတာတမံလုပ်ငန်း စီမံကိန်းများ၊ လမ်းတံတားတည်ဆောက်မှုလုပ်ငန်းများနှင့် အခြေခံလူမှုစီးပွားရေး အဆောက်အအုံ ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဦးစားပေး အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါသည်။

သမဝါယမနှင့် ပုဂ္ဂလိကပိုင်အခန်းကဏ္ဍတို့သည် နိုင်ငံ့စီးပွားရေးတွင် အများဆုံးပါဝင်နေသည့်အတွက် ပုဂ္ဂလိကကဏ္ဍ စွမ်းဆောင်ရည်မြင့်မားလာစေရန် အားပေးဆောင်ရွက်လျက်ရှိပါသည်။ ကောင်းမွန်သော စီးပွားရေးဝန်းကျင် ဖန်တီးရေးနှင့် မေခရိုစီးပွားရေး တိုးတက်ကောင်းမွန်ရန်၊ ကုန်ပစ္စည်းဈေးကွက်နှင့်ငွေကြေးအရင်းအနှီးဈေးကွက် ကောင်းမွန်စွာလည်ပတ်ရန် ဈေးကွက်ဖွံ့ဖြိုးတိုးတက်မှုကို အလေးထားစီမံ ဆောင်ရွက်ခဲ့ပါသည်။

ပုဂ္ဂလိကပိုင်ရင်းနှီးမြှုပ်နှံမှုများ တိုးတက်လာစေရေးအတွက် နိုင်ငံတော်အနေဖြင့် ဈေးကွက်စီးပွားရေးစနစ်အရ လွတ်လပ်စွာ လုပ်ကိုင်ခွင့်များကို စီးပွားရေးနယ်ပယ်အသီးသီးတွင် လမ်းဖွင့်ပေးခဲ့ပါသည်။ အထူးသဖြင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေနှင့် မြန်မာနိုင်ငံသား

ရင်းနှီးမြှုပ်နှံမှု ဥပဒေများပြဋ္ဌာန်းဆောင်ရွက်ခြင်းသည် ပုဂ္ဂလိကပိုင်အခန်း ရင်းနှီးမြှုပ်နှံမှုများအတွက် အခွင့်အလမ်းကောင်းများ ဖန်တီးပေးခြင်းဖြစ်ပါသည်။

**ဇယား ၁-၉**
**ပထမ ကာလတို (၅)နှစ် အမျိုးသားစီမံကိန်း**
**၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အထိ**
**ပိုင်ဆိုင်မှုအခန်းအလိုက် ရင်းနှီးမြှုပ်နှံမှု အခြေအနေ (နှစ်အလိုက်ဈေးနှုန်းအရ)**


( ကျပ်သန်းပေါင်း)

| ဘဏ္ဍာနှစ် | နိုင်ငံပိုင် | သမဝါယမပိုင် | ပုဂ္ဂလိကပိုင် | စုစုပေါင်း |
|---|---|---|---|---|
| ၂၀၁၁-၂၀၁၂ | ၃,၀၅၂,၆၇၀.၀<br>(၁၃.၀ %) | ၁,၅၄၇.၇<br>(၀.၀၁ %) | ၂၀,၄၆၁,၉၄၂.၂<br>(၈၇.၀ %) | ၂၃,၅၁၆,၁၅၉.၉<br>(၁၀၀ %) |
| ၂၀၁၂-၂၀၁၃ | ၄,၇၃၇,၀၈၈.၅<br>(၃၀.၉ %) | ၁,၉၀၀.၃<br>(၀.၀၁ %) | ၁၀,၅၇၇,၃၈၂.၅<br>(၆၉.၁%) | ၁၅,၃၁၆,၃၇၀.၃<br>(၁၀၀ %) |
| ၂၀၁၃-၂၀၁၄<br>(ရှေ့ပြေးအမှန်) | ၅,၀၇၀,၁၀၇.၅<br>(၂၇.၈ %) | ၁,၈၄၅.၉<br>(၀.၀၁ %) | ၁၃,၁၆၀,၅၀၀.၀<br>(၇၂.၂ %) | ၁၈,၂၃၂,၄၅၃.၄<br>(၁၀၀ %) |
| ၂၀၁၄-၂၀၁၅<br>(မတ်လကုန်) | ၆,၄၆၀,၄၄၃.၂<br>(၃၀.၃ %) | ၂,၃၈၀.၄<br>(၀.၀၁ %) | ၁၄,၈၃၈,၀၅၈.၇<br>(၆၉.၇ %) | ၂၁,၃၀၀,၈၈၂.၃<br>(၁၀၀ %) |
| ၂၀၁၅-၂၀၁၆<br>(နှစ်ကုန်ခန့်မှန်းခြေ) | ၇,၀၆၃,၁၆၉.၀<br>(၂၆.၇ %) | ၃,၃၃၈.၆<br>(၀.၀၁ %) | ၁၉,၃၇၉,၄၁၉.၅<br>(၇၃.၃ %) | ၂၆,၄၄၅,၉၂၇.၁<br>(၁၀၀ %) |

ရင်းမြစ်။ စီမံကိန်းရေးဆွဲရေးဦးစီးဌာန

**နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအနေဖြင့်** ပထမကာလတို (၅)နှစ်စီမံကိန်း ကာလအတွင်း ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်တွင် ငွေ ကျပ် ၃,၄၇၇၀၇၂.၈ သန်း၊ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်အတွက် ကျပ် ၃,၉၇၀,၈၁၇.၁ သန်း၊ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်အတွက် ကျပ်သန်း၄,၈၆၅,၄၀၀.၀၊၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အတွက် ကျပ်သန်း ၂,၉၂၁,၄၀၀.၀ ရင်းနှီးမြှုပ်နှံရန်လျာထားခဲ့ရာ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်အတွက် ကျပ်၃,၇၅၂,၇၂၃.၇ သန်း၊ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် ကျပ်၁,၂၀၆,၅၄၇.၀သန်း၊၂၀၁၃-၂၀၁၄ဘဏ္ဍာနှစ်မတ်လကုန်တွင်ကျပ် ၃,၉၀၁,၇၀၁.၃ သန်း၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မတ်လကုန်တွင် ကျပ် ၁၀,၆၆၃,၂၀၃.၇ သန်းရရှိခဲ့ပါသည်။

## ပုံ ၁-၆
## ပထမ ကာလတို (၅)နှစ် အမျိုးသားစီမံကိန်း
## ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အထိ
## နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ရည်မှန်းချက်နှင့် အကောင်အထည်ဖော်မှုအခြေအနေ




**ခာစ်မြစ်။ စီမံကိန်းရေးဆွဲရေးဦးစီးဌာန**

နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေအရ ပထမကာလတို (၅)နှစ်စီမံကိန်း ကာလအတွင်း ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်တွင် လုပ်ငန်းပေါင်း (၁၃) ခု (အမေရိကန်ဒေါ်လာ ၄၆၄၄.၄၆၀ သန်း)၊ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် လုပ်ငန်းပေါင်း (၉၄) ခု (အမေရိကန်ဒေါ်လာ ၁၄၁၉.၄၆၇ သန်း)၊ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် လုပ်ငန်းပေါင်း (၁၂၃) ခု (အမေရိကန်ဒေါ်လာ ၄၁၀၇.၀၅၅ သန်း)၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် လုပ်ငန်းပေါင်း (၂၁၁)ခု (အမေရိကန်ဒေါ်လာ ၈၀၁၀.၅၃၃ သန်း) ရင်းနှီးမြှုပ်နှံခွင့်ပြုခဲ့ပါသည်။

ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းတွင် ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်၌ လုပ်ငန်း (၅)ခု ရင်းနှီးမြှုပ်နှံခွင့်ပြုခဲ့ရာမှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် လုပ်ငန်းပေါင်း (၂၆)ခုအထိ တိုးတက်မြှုပ်နှံခွင့်ပြုခဲ့ပါသည်။ စက်မှုလုပ်ငန်းတွင် ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်၌ လုပ်ငန်း (၅)ခု ရင်းနှီးမြှုပ်နှံခွင့်ပြုခဲ့ရာမှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် လုပ်ငန်းပေါင်း (၁၄၁)ခုအထိ တိုးတက်မြှုပ်နှံခွင့်ပြုခဲ့ပါသည်။ လုပ်ငန်းအလိုက် ရင်းနှီးမြှုပ်နှံခွင့်ပြုခဲ့သည့် လုပ်ငန်းအရေအတွက်နှင့် ရင်းနှီးမြှုပ်နှံမှုပမာဏတို့ကို အောက်ပါဇယားဖြင့် ဖော်ပြအပ်ပါသည်။

## ဇယား ၁-၁၀
## ပထမ ကာလတို (၅)နှစ် အမျိုးသားစီမံကိန်း
## (၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အထိ)
## နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေအရ ကဏ္ဍအလိုက် ရင်းနှီးမြှုပ်နှံခွင့်ပြုသော လုပ်ငန်းအရေအတွက်နှင့် တန်ဖိုး

(တန်ဖိုး - သန်းပေါင်း)

| စဉ် | လုပ်ငန်း အမည် | ၂၀၁၁-၂၀၁၂ | | ၂၀၁၂-၂၀၁၃ | | ၂၀၁၃-၂၀၁၄ | | ၂၀၁၄-၂၀၁၅ | |
|---|---|---|---|---|---|---|---|---|---|
| | | အရေ အတွက် | တန်ဖိုး (USD) | အရေ အတွက် | တန်ဖိုး (USD) | အရေ အတွက် | တန်ဖိုး (USD) | အရေ အတွက် | တန်ဖိုး (USD) |
| ၁။ | စိုက်ပျိုးရေး | - | - | ၂ | ၉.၆၅၀ | ၄ | ၂၀.၂၆၉ | ၄ | ၃၉.၆၆၆ |
| ၂။ | မွေးမြူရေးနှင့် ရေလုပ်ငန်း | - | - | ၁ | ၅.၆၀၀ | ၃ | ၉၆.၀၁၆ | ၅ | ၂၆.၈၆၁ |
| ၃။ | သတ္တုတူးဖော်ရေး | ၂ | ၁၉.၈၉၇ | ၁ | ၁၅.၃၃၄ | ၂ | ၃၂.၇၃၁ | ၁ | ၆.၂၅၉ |
| ၄။ | ရေနံနှင့်သဘာဝဓာတ်ငွေ့ | ၅ | ၂၄၇.၆၉၇ | ၆ | ၃၀၉.၂၀၀ | - | - | ၂၆ | ၃၂၂၀.၃၀၆ |
| ၅။ | စက်မှု | ၅ | ၃၂.၂၅၄ | ၇၈ | ၄၀၀.၇၁၆ | ၉၄ | ၁၈၂၇.၂၇၉ | ၁၄၁ | ၁၅၀၂.၀၁ |
| ၆။ | လျှပ်စစ်ဓာတ်အား | ၁ | ၄၃၄၃.၉၇၈ | ၁ | ၃၆၄.၂၀၁ | ၁ | ၄၆.၅၁၁ | ၁ | ၄၀.၁၁ |
| ၇။ | သယ်ယူပို့ဆောင်ရေး | - | ၀.၆၃၄ | - | - | ၄ | ၁၁၉၀.၂၃၂ | ၈ | ၁၆၇၉.၃၀၄ |
| ၈။ | ဟိုတယ်နှင့်ခရီးသွား | - | - | ၁ | ၃၀၀.၀၀ | ၆ | ၄၃၅.၂၁၀ | ၅ | ၃၅၇.၉၄၉ |
| ၉။ | အိမ်ရာနှင့် အဆောက်အအုံတည်ဆောက်ဖွံ့ဖြိုးမှု | - | - | - | - | ၄ | ၄၄၀.၅၇၃ | ၆ | ၇၈၀.၇၄၅ |
| ၁၀။ | စက်မှုဇုန်တည်ဆောက်မှု လုပ်ငန်း | - | - | - | - | - | - | - | - |
| ၁၁။ | ဆောက်လုပ်ရေး | - | - | - | - | - | - | - | - |
| ၁၂။ | အခြား | - | - | ၄ | ၁၄.၇၆၆ | ၅ | ၁၈.၂၃၄ | ၁၄ | ၃၅၇.၃၂၀ |
| | စုစုပေါင်း | ၁၃ | ၄၆၄၄.၄၆၀ | ၉၄ | ၁၄၁၉.၄၆၇ | ၁၂၃ | ၄၁၀၇.၀၅၅ | ၂၁၁ | ၈၀၁၀.၅၃၃ |

ရင်းမြစ်။ ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှု ဦးစီးဌာန

### ၁-၃။ စီးပွားရေးနှင့်လူမှုရေးပြုပြင်ပြောင်းလဲမှုမူဘောင်အပေါ် သုံးသပ်ခြင်း

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ စတင်တာဝန်ယူခဲ့သည့် ၂၀၁၁ ခုနှစ်မှ စတင်၍ မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများကို အစဉ်တစိုက် ဆောင်ရွက်ခဲ့ပါသည်။ မြန်မာနိုင်ငံ၏လူမှုစီးပွားဘဝပြုပြင်ပြောင်းလဲမှုများကို ဆောင်ရွက်ရာတွင် စီးပွားရေးနှင့် လူမှုရေး ပြုပြင်ပြောင်းလဲမှုမူဘောင် (Framework on Economic and Social Reform-FESR) ကို ဦးစားပေးနယ်ပယ် (၁၀) ခုချမှတ်၍ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါသည်။ အဆိုပါဦးစားပေးနယ်ပယ် (၁၀)ခုတွင် နယ်ပယ်တစ်ခုချင်းစီအလိုက် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့မှုများကို အောက်ပါအတိုင်းသုံးသပ်တင်ပြအပ်ပါသည်။

(က) ဘဏ္ဍာရေးနှင့် အခွန်စနစ်

နိုင်ငံတော်အစိုးရ၏ ပြည်သူ့ဘဏ္ဍာငွေ စီမံခန့်ခွဲမှုစွမ်းရည်ကို တိုးတက်စေရန်အတွက် ကမ္ဘာ့ဘဏ်၊ အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့ အာရှဖွံ့ဖြိုးရေးဘဏ်တို့၏ နည်းပညာအကူအညီများရယူ၍ ပြည်သူ့ဘဏ္ဍာရေး စီမံခန့်ခွဲမှု ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများကို စီမံချက်ချမှတ်၍ ဆောင်ရွက်ခြင်း၊ လိုအပ်သည့်ဌာနအဖွဲ့အစည်းများကို တိုးချဲ့ဖွဲ့စည်းခြင်းနှင့် ပြင်ဆင်ဖွဲ့စည်းခြင်း၊ ပြည်ထောင်စုအစိုးရနှင့် တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်အစိုးရတို့အကြား ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ တစ်နှစ်ထက်တစ်နှစ်တိုးတက်ဆောင်ရွက်လျက်ရှိခြင်း၊ ပြည်ထောင်စု၏ ရငွေများကို အမျိုးအစားအလိုက်၊ ဌာနအဖွဲ့အစည်းအလိုက် သုံးသပ်ပြီး ပိုမိုတိုးမြှင့်ရရှိနိုင်ရေးနှင့် မှန်ကန်သော အသုံးစရိတ်များဖြစ်ရေးကို ဆောင်ရွက်လျက်ရှိပါသည်။

အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့၏ ကန့်သတ်ထိန်းချုပ်ထားသည့် စည်းမျဉ်းစည်းကမ်းအရ ဘတ်ဂျက်လိုငွေပြမှုသည် ဂျီဒီပီ၏ ၅ ရာခိုင်နှုန်းထက်မကျော်လွန်ရန် ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှစတင်၍ ငွေလုံးငွေရင်းသုံးစွဲမှုများကို စိစစ်၍ ပညာရေး၊ ကျန်းမာရေး၊ ဆင်းရဲမှုလျှော့ချရေး လုပ်ငန်းများတွင် တိုးချဲ့သုံးစွဲခြင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဘတ်ဂျက်များကို လွတ်လပ်စွာ စီမံခန့်ခွဲခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။နိုင်ငံတော်အစိုးရ၏ ပြည်သူ့ဘဏ္ဍာငွေ စီမံခန့်ခွဲမှု(Public Finance Management) စွမ်းရည်တိုးတက်စေရန် ပြုပြင်ပြောင်းလဲနေသော စီးပွားရေးစနစ်နှင့် လိုက်လျောညီထွေ ဖြစ်စေရန်ဆောင်ရွက်ခြင်း၊ မေခရိုစီးပွားရေးတည်ငြိမ်စေရေးအတွက် အခွန်စည်းကြပ်မှုတိုးတက်လာအောင် အခွန်ထမ်းရွေးချယ်ခြင်းတို့ကိုဆောင်ရွက်ခဲ့ပါသည်။အခွန်မူဝါဒနှင့် ရငွေစီမံခန့်ခွဲရာ၌ ပြည်တွင်း ရောင်းချမှုအပေါ် ကူးသန်းရောင်းဝယ်ခွန်များ လျှော့ချခြင်း၊ သွင်းကုန်ခွန်လျှော့ချခြင်းများကိုလည်း ဆောင်ရွက်ခဲ့ပါသည်။ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ ဘဏ္ဍာငွေများကို တိုင်းဒေသကြီး/ပြည်နယ်များအတွက် သင့်လျော်သလို ဖြည့်ဆည်းပေးခြင်း၊ အထူးကိစ္စတစ်ရပ်အနေဖြင့် ထောက်ပံ့ခြင်း၊ ချေးငွေများခွင့်ပြုခြင်းတို့ကိုဆောင်ရွက်ခဲ့ပါသည်။

မြန်မာနိုင်ငံတွင် အရင်းအနှီးဈေးကွက်ပေါ်ထွန်းလာစေရန် ရည်ရွယ်၍ ငွေချေးသက်သေခံ လက်မှတ်များ လဲလှယ်ရောင်းဝယ်ရေးဥပဒေကို ပြဋ္ဌာန်းခဲ့ပြီး ငွေချေးသက်သေခံ


လက်မှတ် လုပ်ငန်းကြီးကြပ်ရေးကော်မရှင်ကို အဖွဲ့ဝင် ၇ ဦးဖြင့် ဖွဲ့စည်းခဲ့ပါသည်။ ငွေအရင်း အနှီးဈေးကွက်တွင် အဓိကကျသည့် စတော့အိတ်ချိန်းကို ထူထောင်ရန် ၂၀၁၂ ခုနှစ်မှ စတင်၍ ကြိုးပမ်းခဲ့ပါသည်။ စတော့အိပ်ချိန်းထူထောင်ရန် လိုအပ်သည့်ဥပဒေရေးဆွဲခြင်း၊ အဖွဲ့ဖွဲ့ခြင်း၊ စတော့အိပ်ချိန်းထူထောင်မည့်နေရာရွေးချယ်ပြီး ရုပ်ပိုင်းဆိုင်ရာပြုပြင်မွမ်းမံမှု များပြုလုပ်ခြင်း တို့ကို ဆောင်ရွက်ခဲ့ပါသည်။

ခေတ်နှင့်မလျော်ညီတော့သော ဥပဒေတို့ကို ပြင်ဆင်ခြင်း၊ ဖျက်သိမ်းခြင်း၊ အသစ် ပြဋ္ဌာန်းခြင်းများကို ပြုလုပ်ခဲ့ရာ အမြတ်ခွန်ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေ၊ မြန်မာနိုင်ငံ တံဆိပ်ခေါင်းအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ၊ ဝင်ငွေခွန်ဥပဒေကို ပြင်ဆင်သည့် ဥပဒေ၊ ရုံးခွန်အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ၊ ကုန်သွယ်လုပ်ငန်းခွန်ကို ပြင်ဆင်သည့်ဥပဒေနှင့် ၂၀၁၄ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေပြဋ္ဌာန်းခြင်း အပါအဝင် ဥပဒေဆိုင်ရာ ပြုပြင် ပြောင်းလဲမှု ၁၂ ခုကိုပြုလုပ်ခဲ့ပါသည်။ ထို့အပြင် အခွန်တိမ်းရှောင်မှု ကာကွယ် တားဆီးနိုင်ရန်အတွက် ပို့ကုန်၊ သွင်းကုန်တင်ပို့ တင်သွင်းမှုအပေါ် ၂ ရာခိုင်နှုန်း ကြိုတင် ဝင်ငွေခွန် ကောက်ခံခြင်းကိုလည်း ဆောင်ရွက်ခဲ့ပါသည်။

အခွန်အကောက် စနစ်များ ပိုမိုပီပြင်လာခြင်းကြောင့် ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်တွင် ငွေကျပ် ၁ ဒသမ ၆၉ ထရီလီယံ မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ငွေကျပ် ၅ ဒသမ ၉ ထရီလီယံ အထိ ရရှိခဲ့ပါသည်။ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်တွင် အခွန်ရငွေနှင့် ဂျီဒီပီအချိုးသည် ၃ ရာခိုင်နှုန်း ရှိခဲ့ ရာမှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ၈ ရာခိုင်နှုန်းသို့ တိုးတက်ခဲ့ပါသည်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်နှင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စု၏ အခွန်အကောက်ရငွေကို အခွန် အမျိုးအစားအလိုက် ဖော်ပြအပ်ပါသည် (ပုံ-၇)။

ပုံ ၁-၇

<u>ပြည်ထောင်စု၏ အခွန်အကောက်ရငွေ (ခန့်မှန်းခြေ)</u>




**ဇာစ်မြစ်။ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန**

ဒုတိယကာလတို (၅) နှစ် စီမံကိန်းအတွင်းတွင် အခွန်ရရှိရန်ဇာစ်မြစ် (Tax Base) တိုးချဲ့ခြင်း၊ ထပ်ဆင့်တိုးခွန်(Value Added Tax-VAT)စတင်ကောက်ခံရန် ဆောင်ရွက်ခြင်း ၊ အခွန်၏စွမ်းဆောင်ရည်မြှင့်တင်ခြင်း၊ ATM ကွန်ယက်တိုးချဲ့တပ်ဆင်ခြင်း၊ အစိုးရ ငွေတိုက်လက်မှတ်၊ ငွေတိုက်စာချုပ်များအား ဈေးပြိုင်စနစ်ဖြင့်ရောင်းချခြင်း၊ အထူးကုန်သွယ်လုပ်ငန်းခွန် (Special Commercial Tax- SCT) စနစ်စတင်ခြင်းတို့ကို ဆက်လက်ဆောင်ရွက်ရန်ဖြစ်ပါသည်။

## (စ) ငွေကြေးကဏ္ဍ

ငွေကြေးဆိုင်ရာမူဝါဒအား ခိုင်မာစွာ ချမှတ်နိုင်ရေး၊ ဘဏ္ဍာရေးမူဝါဒများ ပြန်လည်ဆန်းစစ်ရေး အတွက် အပြည်ပြည်ဆိုင်ရာ ငွေကြေးအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ပါသည်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် သီးခြားအဖွဲ့အစည်း ဖြစ်လာသကဲ့သို့ ဘဏ္ဍာရေးဝန်ကြီးဌာနသည်လည်း သီးခြားအဖွဲ့အစည်းဖြစ်လာခဲ့ပါသည်။ ဘဏ်နှင့် ငွေရေးကြေးရေးအဖွဲ့အစည်းများအား ထိထိရောက်ရောက် ကြီးကြပ်ကွပ်ကဲနိုင်ရန်အတွက် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥပဒေအား ၂၀၁၃ ခုနှစ်၊ ဇူလိုင်လ ၁၁ ရက်နေ့တွင် ပြဋ္ဌာန်းခဲ့ပါသည်။

မြန်မာနိုင်ငံတော် ဗဟိုဘဏ်၏ ကြီးကြပ်မှုဖြင့် ၂၀၁၂ ခုနှစ်၊ ဧပြီလ (၁)ရက်နေ့မှစ၍ နိုင်ငံခြားငွေလဲလှယ်နှုန်းကို တစ်ညီတစ်ညွတ်တည်းဖြစ်စေရန် အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေ အဖွဲ့မှထုတ်ဝေသော အထူးထုတ်ယူခွင့် (Special Drawing Rights -SDRs) နှင့် ချိတ်ဆက်ထားသည့်စနစ်(SDR-Pegged Regime)မှ ဈေးကွက်အခြေခံသောထိန်းကျောင်းမှုရှိသည့် နှုန်းရှင်နိုင်ငံခြားငွေ လဲလှယ်နှုန်းစနစ် (Managed Float Exchange Rate Regime) ကိုစတင်ကျင့်သုံးခဲ့ပါသည်။ ယခင်က ငွေရေးကြေးရေးဈေးကွက်ဟူ၍ မရှိခဲ့သည့်အတွက် နိုင်ငံခြားငွေဈေးကွက်ကို ဖန်တီးပေးခဲ့ပါသည်။ နိုင်ငံခြားငွေ တရားဝင်ဈေးကွက် ပေါ်ထွန်းလာပြီး Foreign Exchanger များနှင့် လုပ်ကိုင် ဆောင်ရွက်နေပြီဖြစ်ပါသည်။

ထို့အပြင် အာမခံဈေးကွက်ကိုလည်း ဖန်တီးပေးခဲ့ပါသည်။ ၂၀၁၂ ခုနှစ် မတိုင်မီက အာမခံလုပ်ငန်းတွင် နိုင်ငံတော်မှပိုင်ဆိုင်သည့် အာမခံကုမ္ပဏီ တစ်ခုသာရှိခဲ့ပါသည်။ Market Economic သို့ ပြောင်းလဲကျင့်သုံးလာသည့်အချိန်တွင် အာမခံလုပ်ငန်း၏ လိုအပ်ချက်ကဏ္ဍကြီးမားလာသည့်အတွက် အာမခံကုမ္ပဏီများများ ပေါ်ပေါက်လာစေရန် နိုင်ငံ တကာမှုများနှင့် စနစ်တကျ ဆောင်ရွက်ခဲ့ပါသည်။ ယခုအခါ မြန်မာနိုင်ငံရှိ အာမခံဈေးကွက်တွင် အာမခံကုမ္ပဏီပေါင်း ၁၂ ခု ရှိသည့် အနက် နိုင်ငံပိုင် ၁ ခု ဖြစ်ပြီး ကျန် ၁၁ ခု မှာ ပုဂ္ဂလိက ပိုင်ဖြစ်ပါသည်။

ဆင်းရဲနွမ်းပါးမှုလျှော့နည်းအောင် ဆောင်ရွက်သည့်အခါတွင် Microfinance အသေးစားချေးငွေလုပ်ငန်းသည် အလွန်ထိရောက်သည့်အတွက် အသေးစားချေးငွေနှင့် သက်ဆိုင်သည့် ဥပဒေများရေးဆွဲခြင်း၊ အဖွဲ့အစည်းဖွဲ့ခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။ အသေးစားချေးငွေ လိုင်စင်များကိုလည်း ပုဂ္ဂလိကများသို့ ထုတ်ပေးခဲ့ရာ လိုင်စင်ပေါင်း ၂၀၀ ကျော် ထုတ်ပေးနိုင်ခဲ့ပါသည်။ အဆိုပါ Microfinance အသေးစားချေးငွေ အဖွဲ့အစည်းများသည် မြန်မာနိုင်ငံအနှံ့အပြားတွင် အသေးစားချေးငွေများဖြင့် လက်လုပ်လက်စားလုပ်ကိုင်သူများ၏ ဘဝမြှင့်တင်ရေးအတွက် လုပ်ဆောင်လျက်ရှိပါသည်။

နိုင်ငံတော်၏ လက်ရှိစီးပွားရေးအခြေအနေနှင့် လိုက်လျောညီထွေဖြစ်မည့် အတိုးနှုန်း ပြင်ဆင်ပြောင်းလဲခြင်း၊ ဘဏ်ချေးငွေအပေါ် အာမခံတိုးချဲ့ခွင့်ပြုခြင်း၊ ဘဏ်လုပ်ငန်း ဝန်ဆောင်မှုအသစ်များ တိုးချဲ့မှုပြုပေးခြင်း၊ နိုင်ငံတကာဘဏ်လုပ်ငန်းများလုပ်ကိုင်ခွင့်ပေးခြင်း၊

ဘဏ်ခွဲအသစ်များဖွင့်လှစ်ခြင်း၊ နိုင်ငံခြားဘဏ်ကိုယ်စားလှယ်ရုံးခွဲများ ဖွင့်လှစ်ခြင်းနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်းပေါင်းစည်းရေးတို့ကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့ပါသည်။

ပြည်တွင်းတွင် MPU (Myanmar Payment Union) ကတ်များကို အသုံးပြု ပေးချေနိုင်ခြင်းနှင့် ပြည်ပတွင်ပါ ပေးချေနိုင်သော နိုင်ငံတကာသုံးကတ်များဖြစ်သည့် ဗီဇာ၊ မာစတာ စသည့်ကတ်များကိုပါသုံးစွဲနိုင်ရန် ပြည်တွင်းဘဏ်များက ဆောင်ရွက်ပေး နိုင်ခဲ့ပါသည်။ အငြိမ်းစားပင်စင်လစာထုတ်ယူရာတွင် e-pension စနစ် (Smart Card) ဖြင့် ထုတ်ယူနိုင်ပြီဖြစ်ပါသည်။ အလိုအလျောက်ငွေထုတ်စက် (Automated Teller Mechaine - ATM)များတွင်လည်း ATM card များဖြင့် ငွေထုတ်ယူနိုင်ပြီဖြစ်ပါသည်။

နိုင်ငံခြားငွေကြေးဈေးကွက် ဖွံ့ဖြိုးမှုအရှိန်ရလာပြီဖြစ်သဖြင့် ယခင်ကထုတ်ဝေ သုံးစွဲခဲ့သည့် နိုင်ငံခြားငွေလက်မှတ် (Foreign Exchange Certificate - FEC) များ ပြန်လည်ဖျက်သိမ်းခြင်းကို သက်ဆိုင်ရာဘဏ်အသီးသီးတွင် ဆောင်ရွက်ခဲ့ပါသည်။ ဘဏ်မဖွင့်ရသေးသည့် လမ်းပန်းဆက်သွယ်မှု ခက်ခဲသောဒေသရှိ ပြည်သူများအတွက် ငွေကြေးဆိုင်ရာဝန်ဆောင်မှုလုပ်ငန်းများကို လုံခြုံစိတ်ချလျင်မြန်စွာ ဆောင်ရွက်နိုင်ရန် မြန်မာမိုဘိုင်း ငွေကြေးဝန်ဆောင်မှုလုပ်ငန်း (Mobile Banking) အား စတင်ဆောင်ရွက်နိုင်ခဲ့ပါသည်။ မိုဘိုင်းဖုန်းအသုံးပြု၍ ငွေသွင်းခြင်း၊ ငွေထုတ်ခြင်း၊ ငွေလွှဲပြောင်းခြင်း၊ ဈေးဝယ်ခြင်း၊ လစာ ပေးချေခြင်းနှင့် ဖုန်းခေါ်ဆိုခငွေ ဖြည့်သွင်းခြင်း လုပ်ငန်းများကို ဆောင်ရွက်နိုင်ပြီ ဖြစ်ပါသည်။ ပြည်တွင်းဘဏ်လုပ်ငန်းများ ဖွံ့ဖြိုးရန်ဆောင်ရွက်လျက်ရှိသကဲ့သို့ ပြည်ပဘဏ်များ၏ အခန်းကဏ္ဍကိုလည်း စတင်နိုင်ခဲ့ပါသည်။

ဗဟိုဘဏ်၏ ကိုယ်ပိုင်ပြဋ္ဌာန်းရပ်တည်မှုနှင့် လွတ်လပ်စွာဆောင်ရွက်ခွင့်ကို စတင်ဆောင်ရွက်နိုင်ခဲ့ပြီး မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥပဒေနှင့် လိုက်လျောညီထွေရှိမည့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်နည်းဥပဒေရေးဆွဲနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိပြီး ငွေကြေးမူဝါဒများခိုင်မာရေးအတွက် လိုအပ်သည့် ဥပဒေများပြဋ္ဌာန်းနိုင်ရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

## (ဂ) ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု

ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု တိုးတက်ရန်အတွက် ကုန်သွယ်ရေးဆိုင်ရာ ဖြေလျှော့မှုများနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဖြေလျှော့မှုများကို ဆောင်ရွက်ခဲ့ပါသည်။ တင်သွင်းခွင့်မပြုရန် ထုတ်ပြန်ထားသည့် ကုန်ပစ္စည်းများအနက် ပထမအဆင့်အနေဖြင့်အချိုမှုန့်၊ အချိုရည်၊ ဘီစကွတ်မျိုးစုံ၊ စည်သွပ်ဘူးများ(အသားနှင့်သီးစုံ)၊ ခေါက်ဆွဲခြောက်အမျိုးမျိုး စသည့် လူသုံးကုန်ပစ္စည်း ၅ မျိုးကိုပင်လယ်ရေကြောင်းနှင့်နယ်စပ်ဒေသမှ FDA ထောက်ခံချက်ပါရှိပါက နှစ်နိုင်ငံငွေကြေးသို့မဟုတ် နိုင်ငံတော်မှသုံးစွဲခွင့်ပြုထားသော ငွေကြေးတစ်ရပ်ရပ်ဖြင့် ၂၀၁၁ ခုနှစ် ဒီဇင်ဘာ၇ရက်မှစ၍ လုပ်ထုံးလုပ်နည်းနှင့်အညီ တင်သွင်းခွင့်ပြုခဲ့ပြီး Chewing Gum, Cakes, Wafer, Chocolate ပစ္စည်းအမယ် ၄ မျိုးကို FDA ထောက်ခံချက်ဖြင့် ပြန်လည်တင်သွင်းခွင့်ပြုခဲ့ပါသည်။

မြန်မာနိုင်ငံမှ ပြည်ပသို့တင်ပို့လျက်ရှိသည့် ပို့ကုန်၊ သွင်းကုန် ပစ္စည်းများအနက် ပို့ကုန်ပစ္စည်း ၁၅၂ မျိုး၊ သွင်းကုန်ပစ္စည်း ၁၆၆ မျိုး စုစုပေါင်း ၃၁၈ မျိုး တို့ကိုAutomatic Licensing စနစ် ဖြင့်ဆောင်ရွက်ပေးခဲ့ပြီး အဆိုပါ ပို့ကုန်၊ သွင်းကုန်ပစ္စည်းများကို ပို့ကုန်၊ သွင်းကုန်လိုင်စင် လျှောက်ထားရယူရန်မလိုဘဲ (No Licence Requirement) အဖြစ် သတ်မှတ်၍ တင်ပို့/ တင်သွင်းခွင့်ပြုခဲ့ပါသည်။

မြန်မာနိုင်ငံ၏စီးပွားရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ရေးသည် အရေးကြီးသည့် အခန်းကဏ္ဍဖြစ်ပါသည်။ ထို့ကြောင့် မြန်မာနိုင်ငံအတွင်း ရင်းနှီးမြှုပ်နှံမှုဝန်းကျင်ကောင်းများ ပေါ်ပေါက်စေရေးနှင့် ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် သိသာထင်ရှားသည့် ပြုပြင်ပြောင်းလဲရေး ၄ ရပ်ကို အောက်ပါအတိုင်း ဆောင်ရွက်ခဲ့ပါသည်။

- ပထမဆုံးအနေဖြင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေ၊ နည်းဥပဒေနှင့် မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုဥပဒေတို့ကို ပြင်ဆင်ရေးဆွဲပြဋ္ဌာန်းခဲ့ပါသည်။ ရင်းနှီးမြှုပ်နှံမှုများ ပိုမိုဝင်ရောက်လာစေရန် အထူးစီးပွားရေးဇုန်ဥပဒေ၊ နည်းဥပဒေကိုလည်း ပြင်ဆင်ရေးဆွဲထုတ်ပြန်ခဲ့ပါသည်။ နိုင်ငံခြားသား ရင်းနှီးမြှုပ်နှံသူများနှင့် နိုင်ငံသား ရင်းနှီးမြှုပ်နှံမှုများ လုပ်ငန်းများ ဆောင်ရွက်သည့်အခါ တူညီသောအခွင့် အလမ်းများ

ရရှိစေရန် ရည်ရွယ်၍ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့် မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုဥပဒေကို ပေါင်းပြီး မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ဥပဒေ (မူကြမ်း) အား ရေးဆွဲပြီး လွှတ်တော်သို့ တင်ပြထားပြီးဖြစ်ပါသည်။

- ဒုတိယအနေဖြင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများနှင့်ပတ်သက်၍ ယခင်ကန့်သတ်ထား သည်များကိုဖြေလျှော့ပြီး ပွင့်လင်းမြင်သာ လွတ်လပ်စွာဆောင်ရွက်နိုင်ရန် မူဝါဒ ဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများကို ဆောင်ရွက်ခဲ့ပါသည်။
- တတိယအနေဖြင့် ရင်းနှီးမြှုပ်နှံမှုဝန်းကျင်ကောင်းများ တိုးတက်စေရေးကို ဆောင်ရွက်ခဲ့ပါသည်။ ရင်းနှီးမြှုပ်နှံသူများ လုပ်ငန်းကိစ္စများ ဆောင်ရွက်သည့်အခါ တစ်နေရာတည်းတွင် ပြီးပြတ်စွာဆောင်ရွက်နိုင်ရန် ဌာနဆိုင်ရာပူးပေါင်းမှု လုပ်ငန်း အဖွဲ့ (One Stop Service) ကို ထူထောင်ခဲ့ပါသည်။
- စတုတ္ထအနေဖြင့် ရင်းနှီးမြှုပ်နှံမှုနှင့်ပတ်သက်သည့်အဆိုပြုချက်များကို ထိရောက် စွာ အကဲဖြတ်နိုင်ရန်နှင့် မူဝါဒပိုင်းဆိုင်ရာ ဆုံးဖြတ်ချက်များကို ချမှတ်နိုင်ရန် အတွက် အစိုးရဌာနများမှ တာဝန်ရှိသူများ၊ ကျွမ်းကျင်ပညာရှင်များ၊ ပုဂ္ဂလိက ကဏ္ဍမှ ကိုယ်စားလှယ်များပါဝင်သည့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်ကို ပြန်လည်ဖွဲ့စည်းခဲ့ပါသည်။ ကော်မရှင်၏လုပ်ငန်းတာဝန်များကို တာဝန်ယူဆောင်ရွက် ပေးနေသည့် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနကို နေပြည်တော် နှင့် ရန်ကုန်မြို့မှာသာ ရုံးဖွင့်လှစ်ထားရာမှ မန္တလေး၊ တောင်ကြီးနှင့် မော်လမြိုင် မြို့များတွင် တိုးချဲ့ဖွင့်လှစ်ခဲ့ပါသည်။

**(ဃ) ပုဂ္ဂလိက ကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှု**

အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေကို ပြဋ္ဌာန်း ခြင်း၊ အသေးစားနှင့်အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဗဟိုဌာနကို ဖွင့်လှစ်ခြင်းဖြင့် နိုင်ငံ့စီးပွားရေး၏ အဓိကအသက်သွေးကြောဖြစ်သော အသေးစားနှင့်အလတ်စားလုပ်ငန်းများ အား ထိရောက်စွာ ကူညီထောက်ပံ့ အားပေးနိုင်ရေး၊ အသေးစားနှင့် SMIDB နည်းပညာ နှင့် ချေးငွေရရှိနိုင်ရေး၊ အောင်မြင်သော အသေးစား၊ အလတ်စား ဖြစ်ပေါ်လာရေး၊ အသေးစား အလတ်စားလုပ်ငန်းများမှ အကြီးစားလုပ်ငန်းများသို့ ကူးပြောင်းချဲ့ထွင်လာနိုင်စေရန်နှင့် ထောက်ပံ့ကူညီပေးနိုင်ရန်အတွက် ဆောင်ရွက်ခဲ့ပါသည်။ ပုဂ္ဂလိကပိုင်ပြုလုပ်ရေးလုပ်ငန်းများ

ကို ဆောင်ရွက်ခဲ့ပြီး ပုဂ္ဂလိကဆန်သည့် စီးပွားရေးလုပ်ငန်းများအဖြစ် ဆောင်ရွက်ရန် Corporitization ကိုလည်း လေကြောင်းပြေးဆွဲရေးလုပ်ငန်းများ၊ လျှပ်စစ်နှင့် စွမ်းအင် လေဆိပ်စီမံခန့်ခွဲသည့် လုပ်ငန်းများကိုလည်း ဆောင်ရွက်ခဲ့ပါသည်။ အစိုးရ-ပုဂ္ဂလိကပူးပေါင်း ဆောင်ရွက်ရေး လုပ်ငန်းအား မြှင့်တင်နိုင်ရန် ဖြစ်ပါသည်။

(င) မိုဘိုင်းဖုန်းနှင့် အင်တာနက်

နိုင်ငံတော်၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှု လျင်မြန်စွာရရှိရေးကို ထိရောက်စွာ အထောက်အကူပြုနိုင်ရေး၊ ပြည်တွင်းပြည်ပ ဈေးကွက်သတင်းအချက် အလက်များအချိန်နှင့် တပြေးညီ သိရှိရယူနိုင်ရေး၊ ပြည်တွင်းပြည်ပကူးသန်းရောင်းဝယ်မှုများ အဆင်ပြေချောမွေ့ စေရေး၊ ကျေးလက်နေပြည်သူများအပါအဝင် ပြည်သူတရပ်လုံး၏ ဆက်သွယ်ဆောင်ရွက်နိုင်မှု လွယ်ကူမြင့်မားလာစေရေးတို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ကျေးလက်နေ ပြည်သူများသုံးစွဲနိုင်ရန် မိုဘိုင်းဖုန်းများနှင့် အင်တာနက်လိုင်းများကို တိုးချဲ့တပ်ဆင်ပေး ခဲ့ပါသည်။

ဆက်သွယ်ရေးဆိုင်ရာ ဝန်ဆောင်မှု အော်ပရေတာလိုင်စင်ရ ပုဂ္ဂလိကကုမ္ပဏီများဖြစ် သော Telenor Myanmar Limited နှင့် Ooredoo Myanmar Limited များကို မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းနှင့်ယှဉ်ပြိုင်လုပ်ဆောင်ခြင်းအားဖြင့် ပြည်သူများဆက်သွယ်ရေး ဝန်ဆောင်မှုများကို သက်သာသည့်ဈေးနှုန်းဖြင့် အသုံးပြုနိုင်ရန် ဆောင်ရွက်ခဲ့ပါသည်။

အင်တာနက်ဝန်ဆောင်မှုများကို Fiber Line, MPT Satellite Terminal, E1 Line, ADSL Line, Mobile စသည်တို့ဖြင့် အင်တာနက်နှင့် ချိတ်ဆက်အသုံးပြုနိုင်ရန် ဖြည့်ဆည်း ပေးခဲ့ပါသည်။ ပြည်သူလူထု၏ သတင်းအချက်အလက်နည်းပညာဆိုင်ရာ သုံးစွဲမှုလိုအပ်ချက် ကို ဖြည့်ဆည်းပေးနိုင်ရန်အတွက် အင်တာနက် Bandwidth ကို နှစ်စဉ်တိုးချဲ့ခဲ့ရာ ၂၀၁၀- ၂၀၁၁ ဘဏ္ဍာနှစ်၌ အင်တာနက် Bandwidth ၃ ဒသမ ၉၂ Gbps ရှိရာမှ ၂၀၁၅ ခုနှစ်၊ စက်တင်ဘာလကုန်အထိ အင်တာနက် Bandwidth ကို ၅၅ ဒသမ ၈၂ Gbps အထိ တိုးချဲ့ပေးနိုင်ခဲ့ပါသည်။ အပြည်ပြည်ဆိုင်ရာ အိတ်ချိန်း Gateway မှာ ရန်ကုန် TDM & IP နှင့် တပ်ကုန်း TDM တို့သာ ရှိခဲ့ရာမှ ၂၀၁၃ ခုနှစ်တွင် IGW-NGN-IP အပြည်ပြည်ဆိုင်ရာ အိတ်ချိန်းအသစ်ကို နေပြည်တော်တွင် တည်ဆောက်နိုင်ခဲ့ပါသည်။

## (စ) ကျန်းမာရေးနှင့် ပညာရေး

### (၁) ကျန်းမာရေး

နိုင်ငံတော်၏ ကျန်းမာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရာတွင် ကျန်းမာရေးစောင့်ရှောက်မှုအား လူတိုင်းလက်လှမ်းမီ လွှမ်းခြုံနိုင်စေရန် ကျေးလက်/ နယ်စပ်ဒေသ၊ မြို့ပြဆင်ခြေဖုံးဒေသများနှင့် ဝေးလံသော နယ်စွန်နယ်ဖျားဒေသများတွင် ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းနှင့်လွှမ်းခြုံမှုမြှင့်တင်ခြင်းများ ဆောင်ရွက်လျက်ရှိပါသည်။ ကျန်းမာရေးဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ခြင်း၊ ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများမြှင့်တင်ခြင်း၊ ကျန်းမာရေးစာရင်းအင်းကိန်းဂဏန်းများပြည့်စုံမှန်ကန်ရန်ဆောင်ရွက်ခြင်းများကိုလည်း ဆောင်ရွက်လျက်ရှိပါသည်။

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်အတွင်း ကျန်းမာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရာတွင် ကျန်းမာရေးဝန်ကြီးဌာနနှင့် သက်ဆိုင်သည့် ဥပဒေ (၈)ခုကို ပြင်ဆင်ပြဋ္ဌာန်းခဲ့ပြီး ကျန်းမာရေးဆေးပညာမူဝါဒနှင့် လုပ်ငန်းစဉ်များကို ရေးဆွဲခဲ့ပါသည်။ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်တွင်ဆေးရုံ ၉၂၁ ရုံဖွင့်လှစ်ခဲ့ပြီး ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ၁၀၈၅ ရုံတိုးချဲ့ ဖွင့်လှစ်နိုင်ခဲ့ပါသည်။ မူးယစ်ဆေးစွဲကုဌာနများအနေဖြင့် ၂၀၁၁ ခုနှစ်တွင် ၆၉ ဌာန ဖွင့်လှစ်ခဲ့ပြီး ၂၀၁၅ ခုနှစ်တွင် ၇၅ ဌာန ဖွင့်လှစ်နိုင်ခဲ့ပါသည်။ ပြည်သူတို့စိုက်ထုတ်ရသည့် ကုန်ကျစရိတ်များလျှော့နည်းစေပြီးဆေးရုံကြီးငယ်၊ တိုက်နယ်ဆေးရုံ၊ ကျေးလက်ဆေးပေးခန်းအထိ ဝန်ဆောင်မှုပိုပြင်အောင် ဆောင်ရွက်ခဲ့သည့်အပြင် ကျန်းမာရေးအသုံးစရိတ်ကိုလည်း တိုးချဲ့သုံးစွဲခဲ့ပါသည်။ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်တွင် စုစုပေါင်းအသုံးစရိတ်၏ ၁.၀၃ ရာခိုင်နှုန်းသာ အသုံးပြုခဲ့ရာမှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် (မူလခန့်မှန်း)တွင် စုစုပေါင်းအသုံးစရိတ်၏ ၃.၂၇ ရာခိုင်နှုန်းအထိ တိုးချဲ့အသုံးပြုခဲ့ပါသည်။ ဂျီဒီပီတွင် ကျန်းမာရေး အသုံးစရိတ်ပါဝင်မှုမှာ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် တွင် ၀.၁၉ ရာခိုင်နှုန်း အသုံးပြုခဲ့ရာမှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ၁.၀၃ ရာခိုင်နှုန်း တိုးချဲ့သုံးစွဲခဲ့ပါသည်။

ဇယား ၁-၁၁
ပထမ ကာလတို (၅)နှစ် အမျိုးသားစီမံကိန်း
(၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အထိ)
ကျန်းမာရေးဝန်ကြီးဌာနအသုံးစရိတ်

ကျပ်သန်းပေါင်း

| စဉ် | ဘဏ္ဍာရေးနှစ် | အသုံးစရိတ် | စုစုပေါင်း အသုံးစရိတ် တွင်ပါဝင်မှု % | ပြည်ထောင်စု အသုံးစရိတ် တွင်ပါဝင်မှု% | ဂျီဒီပီတွင် ပါဝင်မှု % |
|---|---|---|---|---|---|
| ၁။ | ၂၀၁၁-၂၀၁၂ (အမှန်) | ၈၆,၅၈၁ | ၁.၀၃ % | ၁.၀၇ % | ၀.၁၉ % |
| ၂။ | ၂၀၁၂-၂၀၁၃ (အမှန်) | ၃၈၁,၂၅၄ | ၂.၆၇ % | ၂.၈၄ % | ၀.၇၄ % |
| ၃။ | ၂၀၁၃-၂၀၁၄ (ရွေ့ပြေးအမှန်) | ၄၈၅,၃၇၁ | ၃.၀၁ % | ၃.၂၆ % | ၀.၈၂ % |
| ၄။ | ၂၀၁၄-၂၀၁၅ (ပြုပြင်ပြီးခန့်မှန်း) | ၇၀၈,၉၄၉ | ၃.၂၀ % | ၃.၆၅ % | ၁.၀၇ % |
| ၅။ | ၂၀၁၅-၂၀၁၆ (မူလခန့်မှန်း) | ၇၅၃,၀၀၁ | ၃.၂၇ % | ၃.၆၅ % | ၁.၀၃ % |

**ဇာစ်မြစ်။** ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန

(၂) ပညာရေး

ပညာရေးဆိုင်ရာအခြေခံမူများ၊ မူကြိုပညာဆိုင်ရာ မူဝါဒများ၊ ဘက်စုံလွှမ်းခြုံနိုင်သော ပညာရေးကဏ္ဍ လေ့လာသုံးသပ်ရေးလုပ်ငန်းနှင့် အခြေခံပညာဆိုင်ရာမူဝါဒများ၊ ဆရာ အတတ်ပညာဆိုင်ရာ မူဝါဒများ၊ သင်ရိုးညွှန်းတမ်းဆိုင်ရာမူဝါဒများအပါအဝင် စုစုပေါင်း မူဝါဒ (မူကြမ်း) ၇၇ ချက်တို့ကို ဆွေးနွေးခဲ့ပါသည်။

ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရာတွင် ပညာရေးဝန်ကြီးဌာန အနေဖြင့် ကျောင်းနေအရွယ် ကလေးအားလုံး ကျောင်းနေနိုင်စေရန်အတွက် ၂၀၁၁-၂၀၁၂ ပညာသင်နှစ်မှစ၍ အခမဲ့ မသင်မနေရ မူလတန်း ပညာရေးအစီအစဉ်နှင့် ၂၀၁၄-၂၀၁၅ ပညာသင်နှစ်တွင် အခမဲ့ အလယ်တန်းပညာရေး အစီအစဉ်ကိုလည်းကောင်း၊ ၂၀၁၅-၂၀၁၆ ပညာသင်နှစ် အထက်တန်းအဆင့်အထိ အခမဲ့ပညာရေးကို ဆောင်ရွက်နိုင်ခဲ့သည်။ တက္ကသိုလ် အဆင့်များတွင်လည်း ပညာသင်ဆု၊ ကျောင်းထောက်ပံ့ကြေးအသုံးစရိတ်များ ပိုမိုသုံးစွဲခဲ့ပါ သည်။ နိုင်ငံတော်သမ္မတ၏ ပညာတော်သင်ဆုကိုလည်း ချီးမြှင့်ပေးခဲ့ပြီး ပညာရေးနှင့် ပတ်သက်၍ အနာဂတ်နိုင်ငံတော်အတွက် ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်ခဲ့ပါသည်။

နိုင်ငံတော်အစိုးရအနေဖြင့် ပညာရေးကဏ္ဍအတွက် ပညာရေးအသုံးစရိတ်ကိုလည်း တိုးချဲ့သုံးစွဲခဲ့ပါသည်။ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်တွင် စုစုပေါင်းအသုံးစရိတ်၏ ၃.၆၈ ရာခိုင်နှုန်းအသုံးပြုခဲ့ရာမှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် (မူလခန့်မှန်း) တွင် စုစုပေါင်းအသုံးစရိတ်၏ ၆.၀၈ ရာခိုင်နှုန်းအထိ တိုးချဲ့အသုံးပြုခဲ့ပါသည်။ ဂျီဒီပီတွင် ပညာရေးအသုံးစရိတ်ပါဝင်မှုမှာ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်တွင် ၀.၆၇ ရာခိုင်နှုန်းရှိခဲ့ရာမှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် (မူလခန့်မှန်း) တွင် ၁.၉၁ ရာခိုင်နှုန်းအထိ တိုးချဲ့အသုံးပြုခဲ့ပါသည်။

**ဇယား ၁-၁၂**
**ပထမ ကာလတို (၅)နှစ် အမျိုးသားစီမံကိန်း**
**(၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အထိ)**
**ပညာရေးဝန်ကြီးဌာနအသုံးစရိတ်**

ကျပ်သန်းပေါင်း

| စဉ် | ဘဏ္ဍာရေးနှစ် | အသုံးစရိတ် | စုစုပေါင်း အသုံးစရိတ် GDP တွင်ပါဝင်မှု % | ပြည်ထောင်စု အသုံးစရိတ် GDP တွင်ပါဝင်မှု% | ဂျီဒီပီတွင် ပါဝင်မှု % |
|---|---|---|---|---|---|
| ၁။ | ၂၀၁၁-၂၀၁၂ (အမှန်) | ၃၁၀,၀၂၀ | ၃.၆၈ % | ၃.၈၄ % | ၀.၆၇ % |
| ၂။ | ၂၀၁၂-၂၀၁၃ (အမှန်) | ၇၆၀,၆၇၉ | ၅.၃၃ % | ၅.၆၇ % | ၁.၄၉ % |
| ၃။ | ၂၀၁၃-၂၀၁၄ (ရှေ့ပြေးအမှန်) | ၈၉၂,၈၇၅ | ၅.၅၃ % | ၅.၉၉% | ၁.၅၁ % |
| ၄။ | ၂၀၁၄-၂၀၁၅ (ပြုပြင်ပြီးခန့်မှန်းခြေ) | ၁,၁၅၈,၄၃၇ | ၅.၂၂ % | ၅.၉၆ % | ၁.၇၅ % |
| ၅။ | ၂၀၁၅-၂၀၁၆ (မူလခန့်မှန်းခြေ) | ၁,၃၉၉,၁၁၃ | ၆.၀၈ % | ၆.၇၉ % | ၁.၉၁ % |

**ဓာတ်မြစ်။ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန**

## (ဆ) စားနပ်ရိက္ခာ ဖူလုံမှုနှင့် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်မှု

အတည်ပြုပြဋ္ဌာန်းပြီးဖြစ်သော လယ်ယာမြေ ဥပဒေပုဒ်မ-၆ အရ လက်ရှိလုပ်ကိုင်လျက်ရှိသည့် တောင်သူတစ်ဦးချင်းစီ၏ ဦးပိုင်လုပ်ကွက်တစ်ခုချင်းစီအတွက် လယ်ယာမြေလုပ်ပိုင်ခွင့် မှတ်ပုံတင်ခြင်းလုပ်ငန်းနှင့် လယ်ယာမြေလုပ်ပိုင်ခွင့်ပြု လက်မှတ်ထုတ်ပေးခြင်းလုပ်ငန်းများကို ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့မှ စတင်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။ တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေ (ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၃၂) ကို ပြဋ္ဌာန်းခဲ့ပါသည်။ မျိုးစေ့ဥပဒေကိုပြင်ဆင်သည့် ဥပဒေနှင့် မြေသြဇာဥပဒေကို ပြင်ဆင်သည့်ဥပဒေများကိုလည်း ပြဋ္ဌာန်းခဲ့

ပါသည်။ ဇီဝလုံခြုံမှုဥပဒေ (Biosafety Law) ပြဋ္ဌာန်းနိုင်ရန်အတွက် မူကြမ်းရေးဆွဲပြီး ဖြစ်ပါသည်။

မြန်မာနိုင်ငံတွင် လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် လက်မှုလယ်ယာ စနစ်မှ စက်မှုလယ်ယာစနစ်သို့ ကူးပြောင်းဆောင်ရွက်လျက်ရှိသကဲ့သို့ စိုက်ပျိုးရေ လုံလောက်စွာရရှိရေးအတွက် ဆည်မြောင်းတာကမံများ၊ မြစ်ရေတင်စီမံကိန်းများ၊ ရေကြီးရေလျှံမှုကို ကာကွယ်ရန် ရေကာတာများတည်ဆောက်ပေးခြင်းဖြင့် စဉ်ဆက်မပြတ် စိုက်ပျိုးနိုင်ရန် ကြိုးပမ်းအားထုတ်ခဲ့ပါသည်။ ထို့ပြင် စိုက်ပျိုးထုတ်လုပ်မှုနည်းပညာများ၊ ရိတ်သိမ်းချိန်လွန် နည်းပညာများ ပျံ့နှံ့စေရေး၊ မျိုးစေ့နှင့် မျိုးကောင်းမျိုးသန့်များ ရွေးချယ်စိုက်ပျိုးရေးနှင့် Organic စိုက်ပျိုးထုတ်လုပ်မှု စသည်တို့ကိုလည်း ဆောင်ရွက်ခဲ့ပါသည်။

၂၀၂၅ ခုနှစ်တွင် ငတ်မွတ်ခေါင်းပါးမှုနှင့် အာဟာရမပြည့်ဝမှုကို လျှော့ချရန် ရည်ရွယ်ချက်ဖြင့် အမျိုးသားအဆင့် ငတ်မွတ်ခေါင်းပါးမှုပပျောက်ရေးစိန်ခေါ်မှု (Zero Hunger Challenges - ZHC) အစီအစဉ်ကို ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလတွင် နိုင်ငံ တော်အစိုးရမှ စတင်ဆောင်ရွက်ခဲ့ပါသည်။ မြန်မာနိုင်ငံတွင်ငတ်မွတ်ခေါင်းပါးမှု ပပျောက်ရေး စိန်ခေါ်မှု (Zero Hunger Challenges - ZHC) ကို အကောင်အထည်ဖော်ဆောင်ရန်အတွက် အစားအစာနှင့် အာဟာရပြည့်ဝဖူလုံမှုဆိုင်ရာ အမျိုးသားကော်မတီကို နိုင်ငံတော်သမ္မတမှ ဦးဆောင်၍ ဖွဲ့စည်းဆောင်ရွက်ခဲ့ပြီး ၂၀၁၅ ခုနှစ်၊ မေလတွင် အမျိုးသားအဆင့် အစားအစာနှင့် အာဟာရပြည့်ဝ ဖူလုံမှုဆိုင်ရာ လုပ်ငန်းစီမံချက်ကို ဖော်ဆောင်ခဲ့ပါသည်။

ငတ်မွတ်ခေါင်းပါးမှု ပပျောက်ရေးစိန်ခေါ်မှုလုပ်ငန်းများ လျော့ပါးစေရေးအတွက် လုပ်ငန်းစဉ်ပါ မဏ္ဍိုင်အလိုက် လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးကို ဦးစားပေးအစီအစဉ်များနှင့် လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တွန်းအားပေး ဆောင်ရွက်လျက်ရှိပါသည်။

**(ဓ) အစိုးရစနစ်နှင့် ပွင့်လင်းမြင်သာမှု**

နိုင်ငံတော်အစိုးရအနေဖြင့် “ကောင်းမွန်သောအုပ်ချုပ်မှုစနစ်၊ သန့်ရှင်းသောအစိုးရ” ဖြစ်စေရေးအတွက် အစဉ်တစိုက် ဆောင်ရွက်ခဲ့ပါသည်။ နိုင်ငံသားအားလုံး၏ လူနေမှုဘဝ ဖွံ့ဖြိုးရေးအတွက် သယံဇာတများခွဲဝေမှု၊ အသုံးချမှုသည် အလွန်အရေးပါပါသည်။ သယံဇာတ ဟုဆိုရာတွင် သဘာဝသယံဇာတအပါအဝင် ငွေ၊ အချိန်၊ လူသားရင်းမြစ်၊ နည်းပညာ စသည်

တို့ကို သင့်တော်သလို ခွဲဝေအသုံးပြုရန် ဖြစ်ပါသည်။ ကောင်းမွန်သောအုပ်ချုပ်ရေးစနစ်နှင့် သန့်ရှင်းသောအစိုးရဖြစ်ပေါ်စေရေးအတွက် အများပြည်သူဆိုင်ရာအုပ်ချုပ်ရေးတွင် ဂုဏ်သိက္ခာနှင့်တာဝန်ယူနိုင်မှု မြင့်မားတိုးတက်လာစေရန်၊ အဂတိလိုက်စားမှုနှင့် လာဘ်ပေးလာဘ်ယူမှုများ မဖြစ်ပေါ်စေရေး၊ တရားဥပဒေစိုးမိုးရေးနှင့်အုပ်ချုပ်ရေးကဏ္ဍများ၌ ပိုမိုပွင့်လင်းမြင်သာမှုရှိလာစေသည့် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များအား အလေးပေးဆောင်ရွက်ခြင်းဖြင့် ကမ္ဘာ့နိုင်ငံများမှ အသိအမှတ်ပြုလာခဲ့ကြပြီး အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများမှလည်း အသိအမှတ်ပြု လာခဲ့ကြပါသည်။ ကမ္ဘာ့နိုင်ငံများ၏ အဂတိလိုက်စားမှုများအား စောင့်ကြည့်အကဲဖြတ်လျက်ရှိသည့် NGO အဖွဲ့ဖြစ်သော နိုင်ငံတကာပွင့်လင်းမြင်သာမှု ရရှိရေးအဖွဲ့ (InternationalTransparency) မှ ထုတ်ပြန်ခဲ့သည့် အဂတိလိုက်စားမှုနှင့် ပတ်သက်သည့် အညွှန်းကိန်းအရ မြန်မာနိုင်ငံ၏ Score မှာ ၂၀၁၃ ခုနှစ်တွင် ၂၁ သို့ တိုးတက် လာခဲ့ပြီး အဆင့်အားဖြင့် ကမ္ဘာ့နိုင်ငံ (၁၇၇) နိုင်ငံစာရင်းတွင် မြန်မာနိုင်ငံသည် အဆင့် (၁၅၇) သို့ တိုးတက်လာခဲ့ပါသည်။ ထိုသို့ တိုးတက်လာစေရေး အတွက် အောက်ပါအချက်များကို ဆောင်ရွက် ခဲ့ပါသည်-

(၁) Delivery Units များဖွဲ့စည်းကာ စီမံခန့်ခွဲမှုနည်းလမ်းများအား ကိုက်ညီအောင် ပြုပြင်ပြောင်းလဲခြင်း၊

(၂) အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေကိုလည်း ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၇ ရက်နေ့ တွင် စတင်ပြဋ္ဌာန်းနိုင်ခဲ့ပြီး အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်အား ဖွဲ့စည်းဆောင်ရွက်နိုင်ခဲ့ခြင်း၊

(၃) တရားဥပဒေစိုးမိုးရေးအတွက် ဥပဒေများပြဋ္ဌာန်းရာတွင် လူတိုင်းပါဝင်ဆွေးနွေး အကြံပြုနိုင်ခြင်း၊ လိုက်နာစေခြင်း

(၄) ပြည်သူ့ဘဏ္ဍာရေး စီမံခန့်ခွဲမှု ပြုပြင်ပြောင်းလဲမှုဖြင့် ရငွေ၊ သုံးငွေများ ပွင့်လင်းထင်သာ မြင်သာမှု ရှိစေခြင်းနှင့် သုံးစွဲမှုများ ထိရောက်မှန်ကန်စေခြင်း၊

(၅) နိုင်ငံခြားအကူအညီ အထောက်အပံ့များ စီမံခန့်ခွဲရေးယန္တရားနှင့် အဖွဲ့အစည်း ထူထောင်ခြင်း၊ စီမံချက်များအား သုံးသပ်ကြီးကြပ်ခြင်း၊

(၆) သယံဇာတများ ထုတ်နုတ်သုံးစွဲရာတွင် ပွင့်လင်းထင်သာမြင်သာမှု ရှိစေခြင်း အတွက် Extractive Industries Transparency Initiatives (EITI) အဖွဲ့ဝင် ဖြစ်စေရေး၊ မီဒီယာလွတ်လပ်ခွင့်ပေးခြင်း၊ အပြည်ပြည်ဆိုင်ရာ Open Tender စနစ်ဖြင့် စီမံချက်များအားဆောင်ရွက်စေခြင်း၊လွှတ်တော်အတွင်းဆွေးနွေးမှုများ အား သာမန်ပြည်သူများအထိ သိရှိစေနိုင်ရန် တိုက်ရိုက်ထုတ်လွှင့်ခြင်း စသည့် ပြုပြင်ပြောင်းလဲမှုများအား ဆောင်ရွက်ခြင်း၊

(၇) အပြည်ပြည်ဆိုင်ရာ အကူအညီအထောက်အပံ့များ ပွင့်လင်းထင်သာ မြင်သာ ရှိရေးအဖွဲ့ International Aid Transparency Initiative (IATI) အဖွဲ့ဝင် ဖြစ်ရေးနှင့် Open Government Partnership (OGP) အဖွဲ့ဝင်ဖြစ်ရေး တို့အတွက် ပူးပေါင်းဆောင်ရွက်မှုများ စတင်ဆောင်ရွက်နိုင်ခဲ့ခြင်း၊

(၈) ဆုံးဖြတ်ချက်များတွင် အများစု ပါဝင်ဆွေးနွေးသည့်စနစ်များကို ဖော်ဆောင်ခဲ့ပြီး လူမှုအဖွဲ့အစည်းများ၊ ဖွံ့ဖြိုးမှု အထောက်အကူပြု ကော်မတီ၊ မြို့နယ် စီမံခန့်ခွဲမှု ကော်မတီ၊ မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့မိမြို့ဖများ၊ တိုင်းရင်းသား လူမျိုးစု ကိုယ်စားလှယ်အဖွဲ့များနှင့် ဆွေးနွေးတိုင်ပင်သည့် လုပ်ငန်းစဉ်များ အား ဆောင်ရွက်သည့် အောက်ခြေမှအထက်သို့ တင်ပြသည့် Bottom Up အလေ့အကျင့်များ ပျိုးထောင်ပေးခြင်း၊

(၉) အမျိုးသားစာရင်းအင်းစနစ်ထူထောင်ရေးအတွက် စာရင်းအင်းအချက်အလက်များ တိကျမှန်ကန်ရေးနှင့် အရည်အသွေးပြည့်ဝရေး ကော်မတီဖွဲ့စည်း ဆောင်ရွက်ခြင်း။

မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲရေးကို အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများမှ အသိ အမှတ်ပြုလာခြင်းဖြင့် မိမိတို့နိုင်ငံ၏ ပွင့်လင်းထင်သာမြင်သာမှု အဆင့်တိုးမြင့်လာခြင်းဖြစ် သည်။ အဆိုပါညွှန်းကိန်းများသိသာစွာဆက်လက်တိုးတက်နိုင်ရေးအတွက်များစွာ ကြိုးပမ်း ရဦးမည်ဖြစ်ပေသည်။ အဂတိလိုက်စားမှုအညွှန်းကိန်း ကျဆင်းလာစေခြင်းအားဖြင့် နိုင်ငံတော် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့်အလုပ်အကိုင်များစွာကိုဖန်တီးပေးမည့် နိုင်ငံခြားရင်းနှီး မြှုပ်နှံမှုများ အတွက် ပိုမိုဆွဲဆောင်ရာရောက်ပါမည်။ ပွင့်လင်းမြင်သာမှု (Transparency) တိုးမြှင့်ခြင်း အားဖြင့် စီးပွားရေးအဖွဲ့အစည်းများ၊ လူမှုအသိုင်းအဝိုင်းများအကြား ဖြစ်ပေါ်စေနိုင်သည့် စွန့်စားရမှုများ

လျှော့ချခြင်းဖြင့် မေခရိုစီးပွားရေး အခြေအနေအား ပိုမိုတည်ငြိမ်စေနိုင်ပြီး ပိုမို တာဝန်ယူမှု (Accountability)၊ ခန့်မှန်းနိုင်မှု (Predictability) များဖြင့် ပိုမိုလုပ်သာ ကိုင်သာရှိသည့် စီးပွားရေး ဝန်းကျင်တစ်ရပ် ဖန်တီးပေးရာရောက်မည် ဖြစ်ပါသည်။

**(ဈ) အခြေခံအဆောက်အအုံ**

နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးအဆောက်အအုံတစ်ခုလုံး ဖွံ့ဖြိုးတိုးတက်ရန်အတွက် ယင်းနိုင်ငံ၏ အခြေခံအဆောက်အအုံဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုမှာ မရှိမဖြစ်လိုအပ်ပါသည်။ အခြေခံအဆောက်အအုံဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရာတွင် ဆေးရုံများ၊ ကျောင်းများ တည်ဆောက်ပေးခြင်း၊ လမ်းများဖောက်လုပ်ပေးခြင်း၊ တံတားများဆောက်လုပ်ပေးခြင်း၊ ဆက်သွယ်ရေး လွယ်ကူချောမွေ့စေရေး တယ်လီဖုန်း၊ အင်တာနက်များ ဖန်တီးပေးခြင်း စသည့် Hard Infrastructure များသာမက နိုင်ငံဖွံ့ဖြိုးရေးအတွက် ကောင်းမွန်သောမူဝါဒများ ချမှတ်ပေးခြင်း၊ အုပ်ချုပ်မှုစနစ် ပြုပြင်ပြောင်းလဲခြင်း၊ ဘဏ္ဍာစနစ်ပြုပြင်ပြောင်းလဲခြင်း၊ လူမှုဘဝသာယာဝပြောရေးအတွက် လူမှုရေးဆိုင်ရာ ဖြည့်ဆည်းပေးခြင်း စသည့် Soft Infrastructure များကိုလည်း ဖြည့်ဆည်းပေးလျက်ရှိပါသည်။

လမ်းပန်းဆက်သွယ်ရေးလွယ်ကူချောမွေ့စေရေးအတွက် ပထမ ၄ နှစ်တာကာလ အတွင်း ရထားလမ်းခရီးမိုင် ၁၈၉.၈၅ မိုင်၊ သံလမ်းမိုင် ၂၀၃.၆၉ မိုင်၊ ဘူတာ ၄၅ ဘူတာနှင့် တံတားကြီး/ငယ် ၅၇၇ စင်းတို့ကို ဖောက်လုပ်ဖွင့်လှစ်ပေးနိုင်ခဲ့ပါသည်။ ရန်ကုန်မြို့ပတ်လမ်း ပိုင်းတွင် ရထားတွဲဆိုင်း ၂၁ ဆိုင်းအသုံးပြု၍ ခေါက်ရေ ၂၀၀ ပြေးဆွဲခဲ့ရာမှ တွဲဆိုင်း ၂၆ ဆိုင်း၊ ခေါက်ရေ ၂၂၅ ခေါက်သို့ တိုးမြှင့်ပြေးဆွဲနိုင်ခဲ့ပါသည်။ ရန်ကုန်မြို့ရှိ ခရီးသွားပြည်သူများ ယာဉ်ကြောကျပ်တည်းရေး ပြဿနာကို ပြေလည်စေရေးအတွက် ရထားလမ်းခုံးကျော် တံတား အမှတ် (၂) အင်းစိန်ကို တည်ဆောက်ဖွင့်လှစ်ပေးခဲ့ပါသည်။ ၂၀၁၁ ခုနှစ်မှ ၂၀၁၄ ခုနှစ် အတွင်းတွင် မမြချောင်းတံတား၊ နန့်ခွင်တံတား၊ ရဲနွယ်ချောင်းတံတားအပါအဝင် စုစုပေါင်း တံတား ၈၂ စင်း တည်ဆောက်ခဲ့ပါသည်။

မော်တော်ယာဉ် ဥပဒေကို ၂၀၁၅ ခုနှစ်၊ စက်တင်ဘာလတွင် ပြဋ္ဌာန်းခဲ့ပါသည်။ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှစ၍ ယာဉ်အိုယာဉ်ဟောင်းအပ်နှံမှုစနစ်များ ပြောင်းလဲသတ်မှတ်ခြင်း၊ နှစ်လဲယာဉ်စစ်ဆေးရာတွင် လုပ်ငန်းမြန်ဆန်စေရေးအတွက် စက်ပြောင်းနှင့် မှတ်ပုံတင်ရန်

လိုအပ်ချက်ရှိသော ကိစ္စရပ်များမှလွဲ၍ ကျန်ယာဉ်များ၏ စက်ခဲခြစ်များရယူမှုမပြုတော့ခြင်း၊ မော်တော်ယာဉ်နံပါတ်ပြားများကို အင်္ဂလိပ်အက္ခရာနံပါတ်ပြားများပြောင်းလဲတပ်ဆင်ပေးခြင်း၊ လုပ်ငန်းလိုင်စင်ကောက်ခံသည့် အခွန်နှုန်းထားကို ၂၀၁၃ ခုနှစ်၊ နိဝင်ဘာလမှစ တင်၍ ခေတ်နှင့်လျော်ညီစွာ ပြင်ဆင်တိုးမြှင့်ကောက်ခံခြင်း၊ ယာဉ်မောင်းလိုင်စင်အား Smart Card ဖြင့် ထုတ်ပေးခြင်း စသည်တို့ကို ဆောင်ရွက်ခဲ့ပါသည်။

လေကြောင်းပို့ဆောင်ရေးကဏ္ဍ၌ ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်မှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အထိ စုစုပေါင်းဘဏ္ဍာငွေကျပ် ၁၀၂၇၁၃ ဒသမ ၁၆၄ သန်းဖြင့် လေယာဉ်ကွင်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက်လေယာဉ်ကွင်း ၃၃ ကွင်း၌ဆောင်ရွက်ခဲ့ပါသည်။ နိုင်ငံပိုင်နှင့် အမျိုးသားလေကြောင်းပုဂ္ဂလိက လေကြောင်းလိုင်း အရေအတွက်အနေဖြင့် ၂၀၁၀ ပြည့်နှစ်တွင် ၆ လိုင်းမှ ၂၀၁၄ ခုနှစ်တွင် ၁၀ လိုင်းအထိတိုးတက်ခဲ့၍ နိုင်ငံတကာလေကြောင်းလိုင်း အနေဖြင့် ၂၀၁၀ ပြည့်နှစ်တွင် ၁၃ လိုင်းမှ ၂၀၁၄ ခုနှစ်တွင် ၂၃ လိုင်းအထိ တိုးတက်ခဲ့ပါသည်။

၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အတွင်း ဝင်ငွေနည်း ပြည်သူများနှင့် နိုင်ငံ့ဝန်ထမ်းများကို အဓိကထား၍ တန်ဖိုးနည်းအိမ်ရာများကို တစ်နိုင်ငံလုံး အတိုင်းအတာအထိ ဖြည့်ဆည်းတည်ဆောက်ပေးလျက်ရှိသည့်အပြင် ဝင်ငွေအလယ်အလတ်ရှိ ပြည်သူများအတွက် တန်ဖိုးသင့်အိမ်ရာများကို ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် အကျိုးတူပူးပေါင်း၍ တန်ဖိုးမြင့်အိမ်ရာများတည်ဆောက်ခဲ့ပါသည်။

“လူထုဗဟိုပြု ဖွံ့ဖြိုးတိုးတက်ဖို့ ကျန်းမာရေးကဏ္ဍတွင်မြှုပ်နှံစို့” ဟူသော ဆောင်ပုဒ်နှင့်အညီ ကျန်းမာရေးကဏ္ဍရေရှည်ဖွံ့ဖြိုးတိုးတက်မှုရရှိရန် ဆောင်ရွက်လျက်ရှိရာ ၂၀၁၁ ခုနှစ်မှ ၂၀၁၅ ခုနှစ်၊ ဩဂုတ်လကုန်အထိ ဆေးရုံပေါင်း ၁၆၄ ရုံတိုးမြှင့်ဖွင့်လှစ်နိုင်ခဲ့ပြီး ယခင်က ဆေးတက္ကသိုလ် ၄ ခုရှိရာမှ ၂၀၁၅ ခုနှစ် အောက်တိုဘာလတွင် ဆေးတက္ကသိုလ်(တောင်ကြီး) ကိုထပ်မံဖွင့်လှစ်နိုင်ခဲ့ပါသည်။ ထို့အပြင်ကျေးလက်နေပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုအတွက် ကျေးလက်ကျန်းမာရေးဌာနပေါင်း ၁၇၃ ခု၊ ဒေသန္တရကျန်းမာရေး ဌာန ၁ ခု တိုးမြှင့်ဖွင့်လှစ်ခဲ့ပါသည်။

၂၀၃၀ ပြည့်နှစ်တွင် နိုင်ငံတစ်ဝန်းလုံး၌ တောင်ပေါ်မြေပြန့်အနှံ့ လျှပ်စစ်ဓာတ်အားကို ၁၀၀ ရာခိုင်နှုန်း အပြည့်အဝ ရရှိသုံးစွဲနိုင်ရန်အတွက် အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေးစီမံချက်

(National Electrification Plan) ကို ကမ္ဘာ့ဘဏ်၏အကူအညီဖြင့် ရေးဆွဲလျက်ရှိပါသည်။ ၂၀၁၁–၂၀၁၂ ဘဏ္ဍာနှစ်မှ ၂၀၁၄–၂၀၁၅ ဘဏ္ဍာနှစ်အထိတွင် ရေအား လျှပ်စစ်ဓာတ်အားပေး စက်ရုံ ၉ ရုံ၊ သဘာဝဓာတ်ငွေ့ သုံးဓာတ်အားပေးစက်ရုံ ၁၀ ရုံကို တည် ဆောက်ပြီးစီး ခဲ့ပါသည်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်ကုန်တွင် အိမ်ထောင်စုဦးရေ ၃၀ ရာခိုင်နှုန်းနှင့် လူတစ်ဦးချင်း လျှပ်စစ်ဓာတ်အားသုံးစွဲမှု ၂၁၉ ကီလိုဝပ်နာရီ ရရှိအောင် ဆောင်ရွက်နိုင်ခဲ့ ပါသည်။ ကျေးရွာအလိုက်မီးလင်းရေး ဆောင်ရွက်ရာတွင်လည်း ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်ကုန် တွင် ကျေးရွာ ၂၈,၁၉၄ ရွာ မီးလင်းရေး ဆောင်ရွက်နိုင်ခဲ့ပြီး ကျေးရွာအလိုက် မီးလင်းမှု အနေဖြင့် ၄၄.၁ ရာခိုင်နှုန်းအထိဆောင်ရွက်နိုင်ခဲ့ပါသည်။

မြန်မာနိုင်ငံသည် စီးပွားရေးနှင့်လူမှုရေးဆိုင်ရာ အခြေခံအဆောက်အအုံ ဝန်ဆောင်မှုများ ၏ အရည်အသွေးနှင့် အဆင့်အတန်းမြင့်မားရေးအတွက် နိုင်ငံအဝှမ်းတွင် ဆောင်ရွက်လျက် ရှိပါသည်။ အခြေခံအဆောက်အအုံ ဝန်ဆောင်မှု တိုးမြှင့်ရန် အများပြည်သူပိုင် အခြေခံ အဆောက်အအုံနှင့် ဝန်ဆောင်မှုများတွင် စီမံခန့်ခွဲနိုင်မှုနှင့် ဆန်းသစ်တီထွင်မှုအတွက် ပုဂ္ဂလိက ကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှု မြှင့်တင်သည့်အနေဖြင့် အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှု (Public-Private Partnership - PPP)၏ အခန်းကဏ္ဍကို မြှင့်တင်ဆောင်ရွက်လျက်ရှိပါ သည်။ မြန်မာနိုင်ငံတွင် PPP ဖွံ့ဖြိုးစေရန်အတွက် ESCAP ၏ အထောက်အပံ့ဖြင့် အစိုးရ- ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုမူဘောင် (framework for Public-Private Partnership - PPP) ကို ရေးဆွဲလျက်ရှိပါသည်။

အစိုးရနှင့်ပုဂ္ဂလိကလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရာတွင် အစိုးရ-ပုဂ္ဂလိကပူးပေါင်း ဆောင်ရွက်မှုမူဘောင် ခိုင်မာစေရေးနှင့် စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည့် အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါ သည်။

**(ည) ထိရောက်ထက်မြက်သည့် အစိုးရ**

အစိုးရ၏ စွမ်းဆောင်ရည် ကောင်းမွန်စေရေးနှင့် စီမံအုပ်ချုပ်မှုစနစ် ခိုင်မာရေးသည် အစဉ်အမြဲ ကြိုးပမ်းဆောင်ရွက်ရန် လိုအပ်သဖြင့် ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ လွယ်ကူ ချောမွေ့စေရေးအတွက် တစ်နေရာတည်းတွင် ဝန်ဆောင်မှုများ ပေးဆောင်မည့် စုပေါင်းရုံးများ

ဖွင့်လှစ်ခြင်း၊ ပြည်သူ့ဝန်ဆောင်မှုရုံး (One Stop Shop - OSS) ဖွင့်လှစ်ခြင်းများကို ဆောင်ရွက်လျက်ရှိပါသည်။ ဗဟိုအစိုးရနှင့် တိုင်းဒေသကြီး/ ပြည်နယ်အစိုးရများအကြားသော်လည်းကောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရ အချင်းချင်းအကြားသော်လည်းကောင်း၊ ဝန်ကြီးဌာနများ၏ ရုံးချုပ်နှင့် ရုံးခွဲများအကြားသော်လည်းကောင်း ဆက်သွယ်ဆောင်ရွက်မှုများထိရောက်မြန်ဆန်စေရေးအတွက် e-government အခြေခံအဆောက်အအုံကိုလည်း စတင်တည်ဆောက်နိုင်ခဲ့ပါသည်။ အဆိုပါ အခြေခံအဆောက်အအုံ အရည်အသွေးရှိစေရေးအတွက် ဒုတိယကာလတို(၅)နှစ် စီမံကိန်းတွင် ဆက်လက်မြှင့်တင်ဆောင်ရွက်ရန် ဖြစ်ပါသည်။

နိုင်ငံ့ဝန်ထမ်းများ အဆင့်အသီးသီး၏ လုပ်ငန်းစွမ်းဆောင်ရည် မြှင့်တင်ရေးအတွက် ပြည်တွင်းပြည်ပသင်တန်းများအား ပို့ချလေ့ကျင့်သင်ကြားပေးခြင်း၊ ပညာတော်သင်စေလွှတ်ခြင်း၊ ဆွေးနွေးပွဲများ တက်ရောက်စေခြင်းများကို ဆောင်ရွက်နိုင်ခဲ့ပါသည်။ နိုင်ငံ့ဝန်ထမ်းများ၏ ရာထူးအဆင့်တိုးမြှင့်ခြင်းနှင့်ပတ်သက်၍ ဝန်ထမ်းများ၏ ရာထူးသက်၊ လုပ်သက်သတ်မှတ်ချက်ကို လျှော့ပေါ့ပြီး အရည်အချင်းကို ဦးစားပေး၍ ရာထူးတိုးမြှင့် ခန့်ထားပေးခဲ့ပါသည်။ နိုင်ငံ့ဝန်ထမ်းလစာများအား ပထမ (၅) နှစ် သက်တမ်းအတွင်း (၄) ကြိမ် တိုးပေးခဲ့ပြီး အငြိမ်းစားဝန်ထမ်းများ၏ လစာငွေကိုလည်း တိုးမြှင့်ပေးခဲ့ပါသည်။

ဝန်ထမ်းများ၏ လုပ်ငန်းခွင်ဘဝ သာယာပျော်ရွှင်ရေးအတွက် ဝန်ကြီးဌာနအလိုက် ဘုရားဖူးခရီးစဉ် စီစဉ်ပို့ဆောင်ပေးခြင်း၊ သာယာပျော်ရွှင်သောမိသားစုဘဝ ရရှိနိုင်ရေးအတွက် လုပ်ငန်းဆောင်ရွက်ရာတွင် တာဝန်ခံမှု တာဝန်ယူမှု အပြည့်အဝဖြင့် ရုံးချိန်အတွင်းသာ ဆောင်ရွက်စေပြီး အချိန်ပိုလုပ်ဆောင်ခြင်းကိုကန့်သတ်ခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။

ထို့အပြင် အဖွဲ့အစည်းဆိုင်ရာ ယန္တရားများ အင်အားကောင်းစေရေးနှင့် ပြင်ဆင်ဖြည့်စွက်ရန် ကျန်ရှိသည့် ဥပဒေ၊ စည်းမျဉ်းများပြင်ဆင်ရေးနှင့် နည်းဥပဒေများရေးဆွဲရေးတို့ကို ဆက်လက်ဆောင်ရွက်သွားရန် လိုအပ်ပါသည်။ သို့ဖြစ်ရာ ဆောင်ရွက်ပြီးစီးခဲ့သည့် နိုင်ငံတော်၏ ပြုပြင်ပြောင်းလဲမှုများအား နယ်ပယ်အလိုက်၊ ကဏ္ဍအလိုက် ဆက်လက်ချဉ်းကပ်ဆောင်ရွက်ရန်နှင့် ထုတ်လုပ်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလေးပေးဆောင်ရွက်ရန် ဖြစ်ပါသည်။

## ၁-၄။ ပကတိအခြေအနေ

မြန်မာနိုင်ငံ၏ အဓိကလူမှု-စီးပွားညွှန်ကိန်းများကိုအောက်ပါအတိုင်းဖော်ပြအပ်ပါသည်။

| စဉ် | အကြောင်းအရာ | ရေတွက်ပုံ | ၂၀၁၁-၁၂ | ၂၀၁၂-၁၃ | ၂၀၁၃-၁၄ | ၂၀၁၄-၁၅ (ရှုပြင်အမှန်) | ၂၀၁၅-၁၆ (ခန့်မှန်းချက်) |
|---|---|---|---|---|---|---|---|
| ၁။ | လူဦးရေ | သန်း | ၅၀.၁ | ၅၀.၇ | ၅၁.၂ | ၅၁.၄၉* | ၅၂.၆ |
| ၂။ | ဂျီဒီပီ | ကျပ်ဘီလီယံ | ၄,၆၃၀.၈ | ၅၁,၂၅၉.၃ | ၅၈,၀၁၂.၁ | ၆၅,၂၉၂.၇ | ၇၄၂၉၄.၃၇ |
| ၃။ | ဂျီဒီပီ တိုးတက်မှုနှုန်း | ရာခိုင်နှုန်း | ၅.၆ | ၇.၃ | ၈.၄ | ၈.၇ | ၇.၆ |
| ၄။ | တစ်ဦးကျပျမ်းမျှ အသားတင် ထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုး | ကျပ် | ၉၂၃,၄၀၆ | ၁,၀၁၁,၆၈၉ | ၁,၁၃၃,၄၀၃ | ၁,၂၆၂,၈၆၅ | ၁,၄၁၃,၀၃၁ |
| ၅။ | ပို့ကုန်တန်ဖိုး | ကျပ်ဘီလီယံ | ၇၃၈၁.၅ | ၇၆၄၄.၆ | ၁၀၈၃၁.၄ | ၁၂၄၉၆.၅ | ၁၄၄၃၉.၇ |
| ၆။ | ဂျီဒီပီတွင် ပို့ကုန်ပါဝင်မှုရာခိုင်နှုန်း | ရာခိုင်နှုန်း | ၁၅.၉ | ၁၄.၉ | ၁၈.၇ | ၁၉.၁ | ၁၉.၄ |
| ၇။ | သွင်းကုန်တန်ဖိုး | ကျပ်ဘီလီယံ | ၇,၃၀၀.၃ | ၇.၇၂၂.၉ | ၁၃,၃၀၂.၀ | ၁၆,၅၉၇.၁ | ၂၀,၂၇၄.၄ |
| ၈။ | ဂျီဒီပီတွင် သွင်းကုန်ပါဝင်မှုရာခိုင်နှုန်း | ရာခိုင်နှုန်း | ၁၅.၇ | ၁၅.၁ | ၂၂.၉ | ၂၅.၄ | ၂၇.၃ |
| ၉။ | ကုန်သွယ်မှု ပိုငွေ/လိုငွေ | ကျပ်ဘီလီယံ | ၈၁.၂ | (-)၇၈.၃ | (-)၂,၄၇၀.၆ | (-)၄,၁၀၀.၅ | (-)၅,၈၃၄.၈ |
| ၁၀။ | ရင်းနှီးမြှုပ်နှံမှု | ကျပ်ဘီလီယံ | ၁၃၅၁၆.၂ | ၁၅,၃၁၆.၄ | ၁၈,၂၃၂.၄ | ၂၀,၃၀၀.၉ | ၂၆,၄၄၅.၉ |
| ၁၁။ | ပျမ်းမျှငွေကြေးဖောင်းပွမှုနှုန်း (၂၀၀၆ = ၁၀၀) | ရာခိုင်နှုန်း | ၂.၈၂ | ၂.၈၅ | ၅.၇၂ | ၅.၉၀ | ၈.၆၇ (၂၀၁၅၊ စက်တင်ဘာလ) |
| ၁၂။ | သက်ကြီးစာတတ်မြောက်မှုနှုန်း | ရာခိုင်နှုန်း | ၉၅.၁ | ၉၅.၂ | ၉၅.၃ | ၈၉.၅* | ၈၉.၆ |
| ၁၃။ | ကျောင်းနေနှုန်းကြမ်း (မူလတန်း) | ရာခိုင်နှုန်း | ၉၀.၀ | ၁၀၀.၆ | ၉၀.၀ | ၁၀၁.၀ | ၁၀၁.၆ |
| | ကျောင်းနေနှုန်းကြမ်း (အလယ်တန်း) | ရာခိုင်နှုန်း | ၅၀.၅ | ၅၁.၅ | ၅၂.၅ | ၆၅.၃ | ၆၁.၄၅ |
| | ကျောင်းနေနှုန်းကြမ်း (အထက်တန်း) | ရာခိုင်နှုန်း | ၃၄.၀ | ၃၅.၀ | ၃၅.၆ | ၃၇.၇ | ၃၇.၂ |
| ၁၄။ | ကျောင်းသား-ဆရာအချိုး (မူလတန်း) | အချိုး | ၂၉ | ၂၉ | ၃၀ | ၂၂ | ၂၃ |
| | ကျောင်းသား-ဆရာအချိုး(အလယ်တန်း) | အချိုး | ၂၄ | ၃၄ | ၃၄ | ၃၃ | ၃၅ |
| | ကျောင်းသား-ဆရာအချိုး(အထက်တန်း) | အချိုး | ၂၅ | ၂၅ | ၂၅ | ၂၆ | ၂၇ |
| ၁၅။ | လူ၏မျှော်မှန်းသက်တမ်း (ကျား) | နှစ် | ၆၄.၉ | ၆၅.၁ | ၆၅.၅ | ၆၃.၉* | ၆၆.၀ |
| | လူ၏မျှော်မှန်းသက်တမ်း (မ) | နှစ် | ၆၈.၇ | ၆၈.၉ | ၆၉.၁ | ၆၉.၉* | ၇၀.၀ |
| ၁၆။ | တစ်နှစ်အောက်ကလေးသေဆုံးမှုနှုန်း (အရှင်မွေးကလေး ၁၀၀၀ လျှင်) | နှုန်း | ၃၆.၃ | ၃၇.၀ | ၃၄.၈ | ၆၂* | ၃၂.၇ |
| ၁၇။ | ငါးနှစ်အောက်ကလေးသေဆုံးမှုနှုန်း (အရှင်မွေးကလေး ၁၀၀၀ လျှင်) | နှုန်း | ၄၄.၈ | ၄၅.၄ | ၄၀.၂ | ၇၂* | ၄၃.၃ |
| ၁၈။ | သားဖွားမိခင်သေဆုံးမှုအချိုး (အရှင်မွေးကလေး ၁၀၀,၀၀၀ လျှင်) | နှုန်း | ၁၉၅ | ၁၈၃ | ၁၆၆ | ၁၅၃ | ၁၃၀ |
| ၁၉။ | ကျွမ်းကျင်သော ဝန်ထမ်းများနှင့် မွေးဖွားမှုနှုန်း | ရာခိုင်နှုန်း | ၆၇.၁ | ၆၇.၉ | ၇၂.၃ | ၇၅.၂ | ၈၀.၀ |
| ၂၀။ | လူဦးရေနှင့် ဆရာဝန်အချိုး | အချိုး | ၀.၆ | ၀.၅၉ | ၀.၆၂ | ၄.၀ | ၃.၉ |

| စဉ် | အကြောင်းအရာ | ရေတွက်ပုံ | ၂၀၁၁-၁၂ | ၂၀၁၂-၁၃ | ၂၀၁၃-၁၄ | ၂၀၁၄-၁၅ (ရှေ့ပြေးအမှန်) | ၂၀၁၅-၁၆ (နှစ်ကုန်ခန့်မှန်း) |
|---|---|---|---|---|---|---|---|
| | (လူဦးရေ ၁၀၀၀ လျှင်) | | | | | | |
| ၂၁။ | ကမ္ဘာလှည့်ခရီးသည်ဦးရေ | ဦးရေ | ၈၆၆,၉၈၉ | ၁,၃၃၉,၇၄၁ | ၂,၃၀၄,၆၁၇ | ၃,၄၄၃,၀၀၉ | ၄,၈၀၅,၄၀၅ |
| ၂၂။ | ပြည်တွင်းလျှပ်စစ်ဓာတ်အားသုံးစွဲနိုင်မှု | ကီလိုဝပ် နာရီ သန်းပေါင်း | ၁၀,၃၀၄.၀ | ၁၀,၇၅၇.၅ | ၁၂,၄၂၂.၆ | ၁၄,၄၆၃.၀ | ၁၅,၈၄၃.၀ |
| ၂၃။ | လူတစ်ထောင်လျှင်သုံးစွဲနိုင်သော မိုဘိုင်းဖုန်း | လုံးရေ | ၄၃ | ၈၆ | ၁၆၂ | ၅၄၆ | ၈၂၃ |
| ၂၄။ | အမျိုးသမီးလုပ်သားအင်အားပါဝင်မှု ရာခိုင်နှုန်း** | ရာခိုင်နှုန်း | ၅၃.၉၆ | ၅၃.၈၄ | ၅၄.၉၁ | ၅၀.၅၀* | |

* ၂၀၁၄ ခုနှစ် မြန်မာနိုင်ငံ လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းမှ ရရှိသော အချက်အလက်များဖြစ်ပါသည်။

** ပြက္ခဒိန်နှစ်အရဖြစ်ပါသည်၊

# အခန်း(၂)

## ဒုတိယ ကာလတို (၅)နှစ်စီမံကိန်း၏ မဟာဗျူဟာ၊ နည်းဗျူဟာ၊ ရည်မှန်းချက်နှင့် ရှုမြင်ချက်

## အခန်း (၂)

## ဒုတိယကာလတို (၅) နှစ် စီမံကိန်း၏ မဟာဗျူဟာ၊ နည်းဗျူဟာ၊ ရည်မှန်းချက်နှင့် ရှုမြင်ချက်

ပြည်သူ့ဗဟိုပြုဖွံ့ဖြိုးမှု မူဝါဒအပေါ်အခြေခံပြီး ပထမကာလတို(၅)နှစ် စီမံကိန်းအား အကောင်အထည်ဖော်ဆောင်ခဲ့ရာတွင် နှစ်စဉ်ပျမ်းမျှ ၈.၈ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းခဲ့သော်လည်း နှစ်စဉ် ပျမ်းမျှ ၇.၅ ရာခိုင်နှုန်းဖြင့် အောင်မြင်ခဲ့ပါသည်။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင်မူ သဘာဝဘေးအန္တရာယ်အဖြစ် ရေဘေးသင့်ခဲ့သည့် ကိစ္စရပ်ကြောင့် အရှိန်ရနေသည့် တိုးတက်မှုနှုန်းအား ဆွဲချသကဲ့သို့ တုန့်နှေးစေခဲ့ပါသည်။ ထို့အပြင် အခြားနိုင်ငံများကဲ့သို့ပင် ရွေးကောက်ပွဲနှစ်ဖြစ်သည့်အတွက် ရင်းနှီးမြှုပ်နှံမှုများနှင့် စီးပွားရေးလုပ်ငန်းများ၏ တိုးတက်မှုအရှိန် လျော့နည်းစေခဲ့ပါသည်။ ကျေးလက်ဒေသဖွံ့ဖြိုးမှုနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးလုပ်ငန်းများအား ဦးစားပေးဆောင်ရွက်ခဲ့ပါသည်။

### (က) ဖွံ့ဖြိုးမှု မူဝါဒ

ဒုတိယကာလတို (၅)နှစ် စီမံကိန်းအတွင်းတွင်လည်း **ဖွံ့ဖြိုးမှု မူဝါဒအဖြစ် " ပြည်သူဗဟိုပြုဖွံ့ဖြိုးမှု မူဝါဒ** "ကိုပင် ဆက်လက်ကျင့်သုံးဆောင်ရွက်သွားမည် ဖြစ်သည်။ ပုံ ၂-၁ အရ ပြည်သူများအားလုံး၏ လိုအပ်ချက်အား ဖြည့်ဆည်းနိုင်ရေးအတွက် ပြည်သူနှင့်ချိတ်ဆက်ကာ **စီးပွားရေးနှင့်ရင်းနှီးမြှုပ်နှံမှု အခြေခံကောင်းများ ပိုမိုဖြစ်ပေါ်စေခြင်းမှတစ်ဆင့်** ပြည်သူတို့အတွက် အလုပ်အကိုင်နှင့် စီးပွားရေးအခွင့်အလမ်းများ တိုးတက်စေရေး၊ ထုတ်လုပ်နိုင်စွမ်းအားမြှင့်တင်ရေး၊ ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများနှင့်လုပ်ငန်းအကောင်အထည်ဖော်ဆောင်မှုများ ကောင်းမွန်စေရေးအား ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ပုံ ၂-၁




(ခ) အမျိုးသားဘက်စုံဖွံ့ဖြိုးရေး စီမံကိန်းနှင့် လိုက်လျောညီထွေဖြစ်စေမည့် ဒုတိယကာလတို (၅) နှစ် စီမံကိန်း

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနအနေဖြင့် မြန်မာနိုင်ငံအတွက် ဘက်စုံလွှမ်းခြုံမှုရှိပြီး ကာလရှည်ဖွံ့ဖြိုးမှုအလားအလာနှင့် မဟာဗျူဟာနည်းလမ်းများကို ရှုထောင့်မျိုးစုံမှ သုံးသပ်ထားသည့် မြန်မာ့ဘက်စုံဖွံ့ဖြိုးရေး မျှော်မှန်းချက် (Myanmar Comprehensive Development Vision- MCDV)ကို အရှေ့အာရှစီးပွားရေးနှင့်သုတေသနအဖွဲ့ ( East Asia Economic Research Institute for ASEAN and East Asia -ERIA) တို့နှင့် ပူးပေါင်းဆောင်ရွက်ခဲ့ပြီး ၂၀၃၀-၂၀၃၁ ဘဏ္ဍာနှစ်တွင် အလယ်အလတ်ဝင်ငွေမြင့်မားပြီး ကမ္ဘာ့အသိုက်အဝန်းသို့ ဝင်ဆံ့လာနိုင်မည့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ဆီသို့ ဦးတည်သည့် အမျိုးသားဘက်စုံ ဖွံ့ဖြိုးရေးစီမံကိန်း (National Comprehensive Development Plan-NCDP) ( ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှ ၂၀၃၀-၂၀၃၁ ဘဏ္ဍာနှစ်) ကိုလည်း ရေးဆွဲပြီးဖြစ်ပါသည်။ မြန်မာ့ဘက်စုံဖွံ့ဖြိုးရေးမျှော်မှန်းချက်၏ အန္တိမရည်မှန်းချက်မှာ -

- မြင့်မားပြီး နိုင်ငံတကာနှင့် ချိတ်ဆက်မှုရှိသည့်တိုးတက်မှု၊
- အားလုံးပါဝင်နိုင်ပြီး မျှတမှုရှိသည့်တိုးတက်မှုနှင့်

- သဘာဝပတ်ဝန်းကျင်နှင့် သဟဇာတရှိ၍ စဉ်ဆက်မပြတ်သော တိုးတက်မှု စသည့် **မဏ္ဍိုင်သုံးရပ်** အပေါ်အခြေပြု၍ ပြည်သူကိုဗဟိုပြုသည့်ဖွံ့ဖြိုးမှု ရရှိအောင်မြင်ရေးပင် ဖြစ်ပါသည်။ အဆိုပါဖွံ့ဖြိုးမှုသည်လည်း မြန်မာနိုင်ငံ၏ ပြင်ပဝန်းကျင် အပြောင်းအလဲများအပေါ် အမှီပြု၍ ဖြစ်ပေါ်သည့် အခြေအနေသစ်၊ အခွင့်အလမ်းသစ်တို့နှင့်လည်း လိုက်လျောညီထွေရှိရမည်ဖြစ်ပါသည်။

ကာလတို (၅) နှစ် စီမံကိန်း (၄) ခု ပါဝင်သည့် ကာလရှည်နှစ် (၂၀) စီမံကိန်းဖြစ်သော **အမျိုးသားဘက်စုံဖွံ့ဖြိုးရေးစီမံကိန်း (၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှ ၂၀၃၀-၂၀၃၁ ဘဏ္ဍာနှစ်အထိ) ၏ ရည်မှန်းထားသည့်အဆင့်များမှာ အောက်ပါအတိုင်းဖြစ်သည်-**

(၁) **ကျေးလက်ဖွံ့ဖြိုးမှုနှင့် ဆင်းရဲမှုလျှော့ချရေး (အမြန်ဆုံးအောင်မြင်စေရန် ဆောင်ရွက်ရမည့် ကိစ္စရပ်များ (Quick Wins) အား ဆောင်ရွက်ခြင်း)**

(၂) **စီးပွားရေးနှင့်ရင်းနှီးမြှုပ်နှံမှုအခြေခံများ အားကောင်းစေရေး (Strengthening Economic and Investment Base)အထူးသဖြင့် ဆင်းရဲမှုများနှင့်မညီမျှမှုများ အား လျော့ကျစေသည့် အဓိကအဆင့်များအား ဆောင်ရွက်ခြင်း (Key Steps to Reduce Poverty and Inequality)**

(၃) **ပြည်တွင်းနှင့် အပြည်ပြည်ဆိုင်ရာဆက်သွယ်မှုကောင်းစွာ ချိတ်ဆက်နိုင်ရေး (Strengthening Domestic and International Connectivity)**


(၄) **၂၀၃၀-၂၀၃၁ ဘဏ္ဍာနှစ်တွင် အလယ်အလတ်ဝင်ငွေ မြင့်မားပြီး ကမ္ဘာ့အသိုက်အဝန်းသို့ ဝင်ဆံ့လာနိုင်မည့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ဖြစ်ပေါ် စေရေး (Integrated into the Global Community)**

သို့ဖြစ်ပါ၍ ဒုတိယကာလတို(၅)နှစ်စီမံကိန်းသည် **မြန်မာ့ဘက်စုံဖွံ့ဖြိုးရေးမျှော်မှန်းချက်**နှင့်လိုက်လျောညီထွေစွာဖြင့် ကိုက်ညီစေရန် လိုအပ်ပြီး ပုံ (၂-၂) တွင် တင်ပြထားသကဲ့သို့ ကာလတို (၅) နှစ်စီမံကိန်း (၄) ခု ပါဝင်သည့် ကာလရှည် နှစ်(၂၀) စီမံကိန်းဖြစ်သော **အမျိုးသားဘက်စုံဖွံ့ဖြိုးရေးစီမံကိန်း (၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှ ၂၀၃၀-၂၀၃၁ ဘဏ္ဍာနှစ်အထိ)၏ ဒုတိယမြောက် (၅) နှစ် စီမံကိန်း အစိတ်အပိုင်းလည်း ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ရေရှည်မြန်မာဘက်စုံဖွံ့ဖြိုးရေးမျှော်မှန်းချက်နှင့် ကိုက်ညီရမည်** ဖြစ်ပါသည်။

ထို့အပြင် ပထမကာလတို (၅)နှစ် စီမံကိန်း၏ အကောင်အထည်ဖော်မှုများနှင့် အဆိုပါ အချိန်ကာလအတွင်း ဖြစ်ပေါ်ခဲ့သည့် ရေဘေးကဲ့သို့ သဘာဝဘေးအန္တရာယ်ကြောင့် ပြန်လည် ထူထောင်ရေး စီမံကိန်းများ၊ ငြိမ်းချမ်းရေးရယူခဲ့သည့် နယ်မြေများအတွက် နယ်စပ်နှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးမှုစီမံကိန်းများ၊ လျှပ်စစ်စွမ်းအားအပါအဝင် ဒေသတွင်းနိုင်ငံများ နှင့် ကွန်ယက်ချိတ်ဆက်နိုင်မည့် အခြေခံအဆောက်အအုံ ကောင်းမွန်စေမည့်စီမံကိန်းများ၊ လုပ်သာကိုင်သာရှိမည့် စီးပွားရေးဝန်းကျင်များ ဖြစ်ပေါ်စေမည့် စီမံကိန်းများ၊ ထုတ်လုပ်မှုကို တိုးတက်စေနိုင်သော လူသားအရင်းအမြစ်ကို ဖွံ့ဖြိုးတိုးတက်စေမည့် စီမံကိန်းများ၊ ဆက်လက်၍ ဆောင်ရွက်ရန်ရှိသည့် ကျေးလက်ဒေသဖွံ့ဖြိုးမှုနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းနိုင်မည့် သဘာဝဘေးအန္တရာယ်ကျရောက်မှု ကြိုတင် ကာကွယ်ရေး စီမံကိန်းများစသည်ဖြင့် ပိုမိုအရှိန်မြှင့်တင်ဆောင်ရွက်ခြင်းများ ပါဝင်မည် ဖြစ်ပါသည်။

ပုံ ၂-၂

**ကာလတို ၅ နှစ် စီမံကိန်း (၄) ခု ပါဝင်သည့်**
**ကာလရှည် နှစ်(၂၀) အမျိုးသားဘက်စုံဖွံ့ဖြိုးရေးစီမံကိန်း**
**(၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှ ၂၀၃၀-၂၀၃၁ ဘဏ္ဍာနှစ်အထိ)**




စာစ်မြစ်။ အမျိုးသားဘက်စုံဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း

## (ဂ) ဒုတိယကာလတို (၅) နှစ် စီမံကိန်း၏ မဟာဗျူဟာ


ဒုတိယကာလတို (၅) နှစ်စီမံကိန်း၏ Theme မှာ **"စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှု အခြေခံကောင်းများ ပိုမိုဖြစ်ပေါ်စေခြင်းမှတစ်ဆင့် စက်မှုဖွံ့ဖြိုးမှုဆီသို့"** ပင် ဖြစ်သည်။ **စက်မှုထူထောင်ရေးဆီသို့ ဦးတည်သော်လည်း** လယ်ယာထုတ်ကုန်များကို ဆင့်တိုးတန်ဖိုးမြှင့်တင် ထုတ်လုပ်နိုင်ရန်၊ စက်မှုကဏ္ဍအတွက် လိုအပ်သော ကုန်ကြမ်းသွင်းအားစုများ ဖြစ်ပေါ်စေရေး၊ ပြည်တွင်းစားသုံးမှုဖူလုံစေရေးနှင့် ဝယ်လိုအားရှိသည့် ပို့ကုန်ဈေးကွက် အတွက် ပိုမိုစီးပွားဖြစ်စေသော စိုက်ပျိုးရေးထုတ်ကုန်နှင့် သီးနှံများထုတ်လုပ်ပေးခြင်း တို့အတွက် လယ်ယာကဏ္ဍအား ခေတ်မီစက်မှုလယ်ယာသို့ကူးပြောင်းရေး၊ စိုက်ပျိုးရေးကဏ္ဍ ထုတ်လုပ်နိုင်စွမ်းတိုးတက်ရေးတို့အား အကောင်အထည်ဖော်ဆောင်ရန် ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ **မြန်မာ့ဘက်စုံဖွံ့ဖြိုးရေးမျှော်မှန်းချက်အရ ချမှတ်ခဲ့သည့် သုံးပွင့်ဆိုင် မဟာဗျူဟာအား အောက်ပါအတိုင်းတင်ပြအပ်ပါသည်-**

**ပုံ ၂-၃**

**မြန်မာ့ဘက်စုံဖွံ့ဖြိုးရေး မျှော်မှန်းချက်အရ သုံးပွင့်ဆိုင် မဟာဗျူဟာ၏ ဆက်စပ်တည်ရှိမှု**

(MCDV Strategic Triangle)




ဓာတ်မြစ်။ မြန်မာ့ဘက်စုံဖွံ့ဖြိုးရေးမျှော်မှန်းချက်

**စိုက်ပျိုးရေးကဏ္ဍအား စိုက်ပျိုးမွေးမြူရေး အပေါင်းအပေါင်း (Agriculture Plus Plus)** မဟာဗျူဟာအရ လယ်ယာထုတ်ကုန်များကို တန်ဖိုးမြှင့်တင်ပေးရန် ဖြစ်ပါသည်။

စက်မှုကဏ္ဍအတွက် လိုအပ်သော ကုန်ကြမ်းသွင်းအားစုများ၊ ပြည်တွင်းစားသုံးမှုနှင့် ပို့ကုန်ဈေးကွက်အတွက် ပိုမိုစီးပွားဖြစ်စေသော သီးနှံများထုတ်လုပ်ပေးခြင်းတို့ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ရန်ဖြစ်သည်။

**"နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုဖြင့် တွန်းအားပေး၍ ပို့ကုန်မြှင့်တင်ရေး"** မဟာဗျူဟာသည် နိုင်ငံခြားအရင်းအနှီးများ၊ နည်းပညာများနှင့် **ကမ္ဘာလုံးဆိုင်ရာ ထုတ်လုပ်မှုဖြစ်စဉ်ကွင်းဆက်မှတစ်ဆင့်** နိုင်ငံတကာဈေးကွက်တို့ကို မြန်မြန်ဆန်ဆန် ချိတ်ဆက်ဆောင်ရွက်နိုင်ရေးဖြစ်သည်။ အဆိုပါနည်းလမ်းကြောင့် အထူးသဖြင့် နိုင်ငံတကာဈေးကွက်ဝင်လယ်ယာထွက်ကုန်များ၊ စက်မှုကဏ္ဍအတွက် လိုအပ်သောကုန်ကြမ်းများ၊ ဆင့်တက်ကုန်စည်များ ပိုမိုထုတ်လုပ်ရန်ဖြစ်သည်။

**"ဝင်ရိုးနှစ်ခုအခြေပြုသည့် တိုးတက်မှုနှင့်အတူ ကူးသန်းယှက်နွယ်မှု ရဲထွင်ရေး"** မဟာဗျူဟာသည် နိုင်ငံအဝှမ်း စီးပွားရေးတိုးတက်မှုကို ဦးဆောင်ဦးရွက် ပြုနိုင်သည့် စီးပွားဖြစ် လုပ်ငန်းများအတွက် လုပ်သာကိုင်သာရှိမည့် အချက်အချာနေရာများ ဖန်တီးပေးရန်ဖြစ်ပါသည်။ အခြေခံအဆောက်အဦများ လုံလောက်မှုမရှိသေးသည့် လက်ရှိအခြေအနေတွင် အလားအလာရှိသော နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကို ဆွဲဆောင်နိုင်ရန်အတွက် အချက်အချာနေရာများကို အရေအတွက်တစ်စုံတစ်ရာ ကန့်သတ်ရွေးချယ်၍ အဆိုပါနေရာများဖွံ့ဖြိုးရေးအတွက် ရင်းနှီးမြှုပ်နှံရန် ဖြစ်သည်။ အဆိုပါ Growth Pole နှင့် Growth Centre အဖြစ်ရွေးချယ်ထားသည့် နေရာများသည် ဟင်းသီးဟင်းရွက်၊ အသီးအနှံများ၊ သားငါး၊ နို့ထွက်ပစ္စည်းများအစရှိသော စိုက်ပျိုးမွေးမြူရေးထွက်ကုန်များ၊ ရောင်းဝယ်ဖောက်ကားသည့် ဂယ်လိုအားအလုံးအရင်းဖြင့် တိုးပွားလာနိုင်မည်ဖြစ်ပြီး တန်ဖိုးမြှင့်ကုန်စည်များ ထုတ်လုပ်ဖြန့်ဖြူးရောင်းချနိုင်ရန် ဖြစ်သည်။

၂၀၃၀ ခုနှစ် အလွန် **စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှု ပန်းတိုင်များ (Sustainable Development Goals-SDGs)** အရ ကမ္ဘာလုံးဆိုင်ရာအစီအစဉ်တွင် ၂၀၃၀ ခုနှစ်၌ ဆင်းရဲမှုကို အဆုံးသတ်ရန်ဖြစ်ခြင်းကြောင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုကို မြှင့်တင်ရန်အတွက် သိပ္ပံနည်းကျမူဝါဒနှင့်ချိတ်ဆက်၍ တွန်းအားပေးဆောင်ရွက်ရန်လိုအပ်ပါသည်။ ပေါင်းစည်းပြီး

အလွှာစုံပူးပေါင်းပါဝင်သည့် ချဉ်းကပ်မှုများဖြင့် စီမံချက်ဆိုင်ရာမူဝါဒ၊ လုပ်ငန်းစဉ်များ ချမှတ်ခြင်းနှင့် ပြဿနာများဖြေရှင်းခြင်းသည် အလွန်အရေးကြီးပါသည်။

သို့ဖြစ်ပါ၍ **အထက်ဖော်ပြပါ အစီက မဟာဗျူဟာသုံးရပ်အပြင်-**

- ကျေးလက်ဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေး၊
- အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေး၊
- လျှပ်စစ်စွမ်းအားအပါအဝင်ပေါင်းစည်းစွမ်းအင် (Integrated Energy) ဖွံ့ဖြိုးရေး၊
- မြို့ပြစနစ် (Urban System) တိုးတက်ကောင်းမွန်ရေး၊
- သုတေသန၊ ဖွံ့ဖြိုးမှုနှင့် နည်းပညာပြန့်ပွား၍ တိုးတက်ဖွံ့ဖြိုးရေး၊
- **ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများရရှိသည့်** အခွင့်အရေးများအားလုံးအား ရရှိအသုံးချရေး၊
- ကျခံသုံးစွဲသွားရမည့် ဖွံ့ဖြိုးမှုစီမံချက် အသုံးစရိတ်များအတွက် ဘဏ္ဍာငွေရရှိရာ အရင်းအမြစ်များအနေဖြင့် ပြည်တွင်းရင်းနှီးမြှုပ်နှံမှုများ (နိုင်ငံပိုင်၊ သမဝါယမပိုင်၊ ပုဂ္ဂလိကပိုင်)၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ၊ နိုင်ငံခြားအကူအညီ၊ အထောက် အပံ့၊ ချေးငွေများနှင့် **အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှု (Public Private Partnership -PPP)** တို့မှ ရရှိအောင်ဆောင်ရွက်ရေး၊
- ဘက်စုံဖွံ့ဖြိုးရေးအတွက် အရေးပါသည့် သဘာဝပတ်ဝန်းကျင်နှင့် သဟဇာတ ဖြစ်၍ အားလုံးပါဝင်နိုင်သည့် **စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး** ဟူသော ရှုထောင့်မှလည်း ချဉ်းကပ်ရန် ဖြစ်ပါသည်။

**(ဃ) နည်းဗျူဟာ**

**ဒုတိယကာလတို (၅) နှစ် စီမံကိန်းတွင် အောက်ပါနည်းဗျူဟာများအား ဆောင်ရွက် သွားမည် ဖြစ်သည်-**

(၁) လယ်ယာကဏ္ဍအား **ခေတ်မီစက်မှုလယ်ယာသို့ ကူးပြောင်းရေး၊ စိုက်ပျိုးရေး ကဏ္ဍထုတ်လုပ်နိုင်စွမ်း တိုးတက်ရေး၊** ပြည်တွင်းစားသုံးမှုဖူလုံစေရေးနှင့် ဝယ်လိုအားရှိသည့်ပို့ကုန်ဈေးကွက်အတွက် ပိုမိုစီးပွားဖြစ်စေသောစိုက်ပျိုးရေး

ထုတ်ကုန်နှင့် သီးနှံများထုတ်လုပ်ပေးခြင်းတို့အတွက် လယ်ယာကဏ္ဍအား ခေတ်မီစက်မှုလယ်ယာသို့ ကူးပြောင်းရေးသို့ အကောင်အထည်ဖော်ရန်၊

(၂) နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့်တွန်းအားပေး၍ **ပို့ကုန်မြှင့်တင်ရေး၊ ပုဂ္ဂလိကကဏ္ဍ မြှင့်တင်ရေး၊ ဒေသဖွံ့ဖြိုးရေး စီမံချက်များအား စီးပွားဖြစ်ပူးပေါင်းဆောင်ရွက်မှုအဖြစ်သို့ကူးပြောင်းစေရေး၊ ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုအားပြည်သူများ အကျိုးကျေးဇူးဖြစ်ထွန်းစေရန်အတွက် ညှိနှိုင်းခြင်း၊ အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှု (Public Private Partnership) များအား လုပ်ထုံးလုပ်နည်းများ ညီညွတ်စွာဖြင့် အားပေးဆောင်ရွက်ရန်၊**

(၃) ဘဏ္ဍာရေးမူဝါဒ၊ ငွေကြေးမူဝါဒများဖြင့် **မေခရိုစီးပွားရေးတည်ငြိမ်စေရန်** ဆောင်ရွက်ခြင်း၊ ဘဏ်လုပ်ငန်းနှင့် ငွေကြေးဈေးကွက်၊ ဘဏ္ဍာရေးဈေးကွက်များပိုမိုတိုးတက်စေခြင်း၊ စတော့ရှယ်ယာဈေးကွက် စတင်ဖွံ့ဖြိုးလာစေခြင်း၊ ဘဏ္ဍာရေးဆိုင်ရာ ဝန်ဆောင်မှုများတွင် လူများစုပါဝင်စေရန် (Financial Inclusion) ဖြစ်ပေါ်စေရန်၊ ကြားခံကုန်ကျ စရိတ်များကို လျှော့ချပေးနိုင်ရန် ငွေသားဖြင့် ပေးချေသည့်အလေ့အထအား ဘဏ်စနစ်မှတစ်ဆင့် ပေးချေသည့် စနစ်များတိုးတက်လာစေရန်၊ လုပ်ငန်းများအား ၎င်းတို့၏ လည်ပတ်ငွေရင်းအား ထိရောက်စွာအသုံးပြုနိုင်ရေးကိုလည်းအထောက်အကူဖြစ်စေရန်၊

(၄) ပထမကာလတို (၅) နှစ်စီမံကိန်းကာလအတွင်း နောက်ပိုင်း စီမံကိန်း နှစ် တွင်ဖြစ်ပေါ်ခဲ့သည့် **ငွေကြေးဖောင်းပွမှုနှုန်းအား** ၂ ရာခိုင်နှုန်းမှ ၄ ရာခိုင်နှုန်း ကြားအထိ လျှော့ကျထိန်းချုပ်နိုင်ရေးဆောင်ရွက်ရန်၊

(၅) **ဘဏ်လုပ်ငန်းစနစ်**သည် စုဆောင်းမှုကိုအားပေးလျက် ချေးငွေများကို အမြတ်ပိုမိုရရှိပြီး စီးပွားရေးလုပ်ဆောင်မှုများအား အားပေးရန်၊ ငွေကြေးဆိုင်ရာကြားခံ ဆောင်ရွက်ခြင်းဖြင့် အရင်းအနှီးစုစည်းခြင်းကို ဖြစ်ပေါ်စေရန်၊ ဘဏ်လုပ်ငန်းစနစ်တစ်ရပ် ဖွံ့ဖြိုးစေခြင်းမှတစ်ဆင့် မေခရိုစီးပွားရေးတည်ငြိမ်မှုအား အထောက်အပံ့ ဖြစ်စေရန်၊

(၆) နိုင်ငံတကာအဖွဲ့အစည်းများထံမှ **ရင်းနှီးမြှုပ်နှံမှု** နှင့်ပတ်သက်၍ အဆင့်သတ်မှတ်ချက်ရယူနိုင်ရန် နိုင်ငံတကာ အရင်းအနှီးဈေးကွက်များတွင် နိုင်ငံခြား

ရင်းနှီးမြှုပ်နှံသူများနှင့် ချိတ်ဆက်ရန် မြန်မာနိုင်ငံသည် Standard & Poor's နှင့် Moody's Investors Service ကဲ့သို့သော Credit Rating Agency များ ပေါ်ပေါက်စေရန်၊

(၇) ကောင်းမွန်ပြီးလက်တွေ့ကျသည့် မူဝါဒများ၊ စီမံကိန်းများ၊ ဆုံးဖြတ်ချက်များ ချမှတ်ရေးဆွဲနိုင်ရန် အရည်အသွေးရှိသည့် **အမျိုးသားစာရင်းအင်းစနစ် (National Statistical System-NSS)** ထူထောင်ရန်၊ မြန်မာနိုင်ငံစာရင်းအင်း ဥပဒေသစ်အား ပြဋ္ဌာန်းအတည်ပြုကာ စာရင်းအင်းကိန်းဂဏန်းများ တိကျ မှန်ကန်ရေးအတွက် စာရင်းအင်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့် ဆောင်ရွက်ရန်၊ အမျိုးသားစာရင်းအင်းဖွံ့ဖြိုးမှုမဟာဗျူဟာ (National Strategy for Development of Statistics - NSDS) အား အကောင် အထည်ဖော်ဆောင်ရွက်ရန်၊

(၈) **စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှု အခြေခံကောင်းများ ဖြစ်ပေါ်စေရေးအတွက်** ဥပဒေ၊ မူဘောင်များ၊ လုပ်ထုံးလုပ်နည်းများ လွယ်ကူသိသာစေနိုင်သည့် လုပ်သာကိုင်သာရှိသည့် စီးပွားရေးဝန်းကျင်များဖြစ်ပေါ်စေသည့် ကောင်းမွန် သော အုပ်ချုပ်မှုစနစ်တစ်ရပ် ပေါ်ပေါက်စေခြင်း၊ လုပ်ထုံးလုပ်နည်းများ၊ ဥပဒေများ သိရှိစိမ့်ဝင်ပျံ့နှံ့စေရန်၊

(၉) **ရန်ကုန်-မန္တလေး ဒေသဝင်ရိုးနှစ်ခုအား အခြေပြုသည့် တိုးတက်မှုနှင့်အတူ** မိမိတို့၏ နိုင်ငံအတွင်း တိုင်းဒေသကြီး/ ပြည်နယ်များ၏ မြို့များ၊ အိမ်နီးချင်း နိုင်ငံများအထိ ကူးသန်းယုက်နွယ်မှုချဲ့ထွင်ရေး၊ စီးပွားရေးစကြံများ ဖွံ့ဖြိုးရေး နှင့် ချိတ်ဆက်မှုတိုးမြှင့်ရန်၊

(၁၀) **စီးပွားရေးနှင့်ရင်းနှီးမြှုပ်နှံမှု အခြေခံကောင်းများ ဖြစ်ပေါ်စေရေးအတွက် လျှပ်စစ်စွမ်းအား၊ လမ်းတံတား၊ သယ်ယူပို့ဆောင်ရေး စသည့် အခြေခံ အဆောက်အအုံများအား တည်ဆောက်ခြင်း၊ မြန်မာနိုင်ငံ၏ တောင်-မြောက် လမ်းများဖြစ်သော နေပြည်တော်-ရန်ကုန် ရထားလမ်းများ အဆင့်မြှင့်တင် ခြင်း ၊ မန္တလေး-မြစ်ကြီးနား၊ မော်လမြိုင်-မြိတ်-ကော့သောင်း ရထားလမ်း၊ ကားလမ်းများတိုးတက်ကောင်းမွန်စေခြင်း၊ အရှေ့-အနောက်ဖျားတို့အား**

ချိတ်ဆက်သည့် ကျောက်ဖြူ-ကူမင်း ရထားနှင့် ကားလမ်းများ ဖောက်လုပ်ခြင်း၊ ကြားဖြတ်သန်းရာ မြို့များ၊ ဒေသများနှင့် ချိတ်ဆက်ရေးတို့အား ဆောင်ရွက်ခြင်း၊ ဆက်သွယ်ရေး ကဏ္ဍတွင်လည်း အိုင်တီချိတ်ဆက်မှု ကွန်ယက်များ၊ ဆက်သွယ်ရေး အရည်အသွေး ပိုမိုတိုးတက်ကောင်းမွန်စေရန်၊

(၁၁) ဒေသတွင်းနိုင်ငံများ၊ အိမ်နီးချင်းနိုင်ငံများနှင့် ချိတ်ဆက်စေသည့် အထူးစီးပွားရေးဇုန်များ၊ နယ်စပ်ဒေသ ကုန်သွယ်ရေးဇုန်များ၊ စက်မှုဇုန်များ ထူထောင်ခြင်း၊ အထူးသဖြင့် ဒုတိယကာလတို (၅)နှစ် စီမံကိန်းအတွင်း အထူးစီးပွားရေးဇုန်များ ဖြစ်သည့် သီလဝါအထူးစီးပွားရေးဇုန် အရှိန်တိုးမြှင့်ဆောင်ရွက်စေခြင်း၊ ကျောက်ဖြူနှင့် ထားဝယ်အထူးစီးပွားရေးဇုန်အား အကောင်အထည်ဖော်မှု မြှင့်တင်၍ ဖွင့်လှစ်ရန် ရည်ရွယ်ဆောင်ရွက်ခြင်း၊ ဒေသတွင်းရှိ အိမ်နီးချင်းနိုင်ငံများနှင့် ချိတ်ဆက်ဆောင်ရွက်ရေးအတွက် တရုတ်နယ်စပ်ဒေသတွင် လင်ကျန်း၊ ထိုင်းနိုင်ငံနှင့် ထိစပ်လျက်ရှိသည့် ကယားပြည်နယ် မယ်စဲ့၊ ငြိမ်းချမ်းရေးနယ်မြေများဖြစ်သည့် ကရင်ပြည်နယ်တွင် မြဝတီနှင့် မဲဆောက်၊ မြိတ်နှင့် ကော့သောင်းဒေသများတွင် နယ်စပ်စက်မှုဇုန်နှင့် ကုန်သွယ်ရေးဇုန်များအဖြစ် ဖွင့်လှစ်ရေးစီစဉ်ဆောင်ရွက်ရန်၊

(၁၂) ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများရရှိသည့် အခွင့်အရေးများဖြစ်သည့် ကုန်သွယ်မှု အထူးအခွင့်အရေးများရရှိအသုံးချရေး၊ နည်းပညာလွှဲပြောင်းရယူရေး၊ Duty Free, Quota Free စသည်တို့ တိုးတက်ရရှိအောင်ဆောင်ရွက်ရန်၊ အမေရိကန်နိုင်ငံ၏ ပိတ်ဆို့မှုအား အပြီးသတ်စေရေး ကြိုးပမ်းဆောင်ရွက်ရန်၊


(၁၃) မြန်မာနိုင်ငံ၏ စီးပွားရေးစကြံများသည် အောက်ဖော်ပြပါပုံအရ ပြည်တွင်းကွန်ယက်များကိုသာမက အာဆီယံ၊ မဟာမဲခေါင်ဒေသခွဲနှင့် အိန္ဒိယ အစရှိသော ဒေသတွင်းကွန်ယက်များကိုပါ ချိတ်ဆက်နိုင်မည်ဖြစ်ခြင်းကြောင့် ပြည်တွင်းစီးပွားရေးစကြံလေးခုသည် နိုင်ငံ၏ဗဟိုချက်များနှင့် ဆုံမှတ်များကို ဆက်သွယ်ထားသည့်အပြင် အခြားနိုင်ငံစကြံများနှင့်လည်း ချိတ်ဆက်ရန်၊

(၁၄) အဆိုပါစကြံများအတွင်း စီးပွားရေးလုပ်ငန်းများသည် စနစ်တကျချမှတ်ထားသော မက်လုံးများအောက်တွင် စရိတ်သက်သာစွာနှင့် လည်ပတ်လုပ်ကိုင်နိုင်

သဖြင့် ပြည်တွင်းပြည်ပပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုများကို အားပေးနိုင်ရေးအတွက် အဆိုပါစကြံများကို စနစ်တကျ စီမံကိန်းချထားသော ဇုန်နယ်မြေစနစ်၊ ဘက်စုံ ထိရောက်သော ပို့ဆောင်ရေးနှင့် ထောက်ပံ့ရေးကွန်ယက်၊ အရည်အသွေးရှိ ပညာရေးနှင့် ကျန်းမာရေးဝန်ဆောင်မှုများပံ့ပိုးပေးရန် ၊

ပုံ ၂-၄

**ဒေသတွင်းနိုင်ငံများ၊ အိမ်နီးချင်းနိုင်ငံများနှင့် ချိတ်ဆက်စေမည့် လမ်းကြောင်းများ**




**ဓာတ်မြစ်။ အမျိုးသားဘက်စုံဖွံ့ဖြိုးရေးစီမံကိန်း**

(၁၅) ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးမူဝါဒများ ချမှတ်ကာ စီမံကိန်းများကို အကောင်အထည်ဖော်ခြင်းအား ဆက်လက်မြှင့်တင် ဆောင်ရွက်ရန်၊ ထုတ်လုပ်မှု၊ နည်းပညာ၊ ဝန်ဆောင်မှု၊ ချေးငွေလုပ်ငန်း၊ သုတေသန၊ တောင်သူလယ်သမားတို့၏ အခွင့်အရေးနှင့် အကျိုးစီးပွား၊ ဈေးကွက်ရှာဖွေရေး၊ စိုက်ပျိုးရေး အလေ့အထကောင်းများနှင့် ရေရှည်

တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှု တို့ကို ဦးတည်သည့် လုပ်ငန်းများအား ဖွံ့ဖြိုးမှု မိတ်ဖက်များ၊ ကမ္ဘာ့အသိုင်းအဝိုင်းတို့နှင့် ပူးပေါင်းဆောင်ရွက်ရန်၊ ပထမ ကာလတို (၅) နှစ်စီမံကိန်းအတွင်း အကောင်အထည်ဖော်ဆောင်ခဲ့သည့် ဂျပန်နိုင်ငံမှ အိုဒီအေ ချေးငွေ ယန်း (၁၇) ဘီလီယံဖြင့် စီမံချက်၊ ကမ္ဘာ့ဘဏ်မှ လူထုအခြေပြုဖွံ့ဖြိုးမှု စီမံချက်(CDD Project)၊ အဆိုပါ CDD Project အားဆက်လက်တိုးချဲ့သည့်အနေဖြင့် အီတလီနိုင်ငံမှ အတိုးမဲ့ချေးငွေယူရိုသန်း (၂၀) စီမံချက်၊ ဂျာမဏီနိုင်ငံမှ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်မှုအတွက် အကူအညီ ယူရို ၁၀ သန်းစီမံချက်၊ သမဝါယမဝန်ကြီးဌာနနှင့် INGO အဖွဲ့ အစည်းအချို့ပူးပေါင်းကာ အကောင်အထည်ဖော်ဆောင်ခဲ့သည့် အသေးစား အရင်းအနှီးချေးငွေ ထုတ်ချေးသည့်စီမံကိန်း၊ **ကိုရီးယားသမ္မတနိုင်ငံ၏ Saemaul Undong စံပြကျေးရွာ ထူထောင်မှု စီမံချက်၊ "မြစိမ်းရောင်" ကျေးရွာစီမံကိန်း စသည်တို့အား ဆက်လက်** အကောင်အထည်ဖော် ဆောင်ရွက်ရန်၊

(၁၆) သဘာဝဘေးအန္တရာယ်ကြောင့် ဖြစ်ပေါ်ခဲ့သည့် ပြန်လည်ထူထောင်ရေး စီမံကိန်းများ၊ ငြိမ်းချမ်းရေးရယူခဲ့သည့် နယ်မြေများအတွက် နယ်စပ်နှင့်တိုင်းရင်းသား လူမျိုးများဖွံ့ဖြိုးမှုစီမံကိန်းများ၊ လျှပ်စစ်စွမ်းအားအပါအဝင် ဒေသတွင်း နိုင်ငံများနှင့် ကွန်ယက်ချိတ်ဆက်နိုင်မည့် အခြေခံအဆောက်အအုံ ကောင်းမွန် စေမည့် စီမံကိန်းများအား ဆက်စပ်ဆောင်ရွက်ခြင်း၊ အရေးအတွက်ထက် အရည်အသွေးကို ဦးစားပေးဆောင်ရွက်ရန်၊

(၁၇) ကျွမ်းကျင်မှုနှင့် နည်းပညာသင်ယူနိုင်စွမ်းအား(Absorptive Capacity) ရှိသည့် ကျွမ်းကျင်လုပ်သားများ မွေးထုတ်ပေးခြင်း၊ တက္ကသိုလ်ပညာရေး သည် လက်တွေ့လုပ်ငန်းခွင်များနှင့် ချိတ်ဆက်စေပြီး အသုံးချပညာရပ်များပါ တိုးတက်ဖွံ့ဖြိုးစေခြင်း၊ လုပ်သားဈေးကွက်မှတောင်းဆိုလာသည့် ပညာရပ်များ အား ပုဂ္ဂလိကနှင့် အစိုးရကဏ္ဍတို့မှ တုံ့ပြန်ဖြည့်ဆည်းနိုင်ရန်၊

(၁၈) သုတေသန၊ ဖွံ့ဖြိုးမှု(R&D)နှင့် နည်းပညာပြန့်ပွားၡ၍ တိုးတက်ဖွံ့ဖြိုးရေး အတွက် တွန်းအားပေးရန်၊ လုပ်သားဈေးကွက်မှ တောင်းဆိုလာသည့်

ကျွမ်းကျင်မှုများအား ဖြည့်ဆည်းပေးနိုင်ရေး၊ စွန့်ဦးတီထွင်မှုများအား အားပေးဖော်ဆောင်ရန်၊

(၁၉) ဒေသဆိုင်ရာနှင့် ကမ္ဘာလုံးဆိုင်ရာ ထုတ်လုပ်မှုတန်ဖိုးကွင်းဆက် (Supply Chain)တွင် အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ ပါဝင်နိုင်ရေး အတွက် စွန့်ဦးတီထွင်မှုများအား အားပေးဆောင်ရွက်ရန်၊ လုပ်ထုံးလုပ်နည်း များအား ဖြေလျှော့ကာ အားပေးဆောင်ရွက်ရန်၊ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ တီထွင်လုပ်ကိုင်နိုင်စွမ်းနှင့် ပို့ကုန်ဈေးကွက်တွင်ပါဝင် နိုင်စွမ်းတို့ကို မြင့်တင်နိုင်ရေးအတွက် ချေးငွေပမာဏများအား အတိုးနှုန်း နိမ့်နိမ့်ဖြင့် ကြာရှည်ရယူနိုင်သည့် ဘဏ္ဍာငွေကြေးရရှိနိုင်မှုအခွင့်အလမ်းများ အား ရရှိအောင် ပံ့ပိုးရန်၊

(၂၀) အလုပ်သမားများ၏ထုတ်လုပ်နိုင်စွမ်းအားမြင့်မားစေပြီး အလုပ်ရှင်အလုပ်သမား ပြဿနာများ ဖြေရှင်းနိုင်စေခြင်း၊ အလုပ်သမားဥပဒေများ ထိရောက်စွာ ကျင့်သုံးရန်၊

(၂၁) ကလေးသူငယ်၊ လူငယ်၊ အမျိုးသမီး၊ မသန်စွမ်းသူများ အပါအဝင် **လူမှုရေး အကာအကွယ်ပေးခြင်း (Social Protection)** စသည့် လုပ်ငန်းများ ဖွံ့ဖြိုးစေရန်၊

(၂၂) **သဘာဝပတ်ဝန်းကျင်နှင့် သဟဇာတဖြစ်၍ အားလုံးပါဝင်နိုင်ပြီး စဉ်ဆက် မပြတ်တိုးတက်ရေးအတွက်** ကျေးလက်လူ့အဖွဲ့အစည်းများ၏ သဘာဝသယံ ဇာတနှင့် ပတ်ဝန်းကျင်ကို ထိန်းသိမ်းစောင့်ရှောက်ပေးခြင်း၊ နိုင်ငံ၏စီးပွား ရေးတိုးတက်မှုသည် စွမ်းဆောင်ရည် ပြည့်ဝရုံသာမက ညီမျှမှုရှိစေရန် သယံ ဇာတခြိုးခြံသုံးစွဲမှုနှင့် လူမှုရေးဆိုင်ရာတို့ ရရှိခံစားနိုင်သည့် စီးပွားရေးသို့ ကူးပြောင်းရန်၊

(၂၃) အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ ရပ်ရွာအခြေခံအဖွဲ့အစည်းများ၊ ပြည်တွင်း ပြည်ပဖွံ့ဖြိုးမှုအဖွဲ့အစည်းများအကြား ပေါင်းစပ်ညှိနှိုင်း၍ ပူးပေါင်းဆောင် ရွက်ခြင်းသည် သဘာဂပတ်ဂန်းကျင်ထိန်းသိမ်းရေးနှင့် ရေရှည်ဖွံ့ဖြိုးရေး လုပ် ငန်းစဉ်များအတွက် ဖွံ့ဖြိုးမှု Stakeholder များဖြင့် ပူးပေါင်းဆောင်ရွက်ရန်၊

(၂၄) သယံဇာတများတူးဖော်ထုတ်ယူခြင်း (သို့မဟုတ်) သဘာဝသယံဇာတများ အပေါ် အလွန်အကျွံရင်းနှီးမြှုပ်နှံခြင်းသည် ပတ်ဝန်းကျင်ကို ပျက်စီးစေရုံမျှ မက အဆိုပါပတ်ဝန်းကျင်ကို အမှီပြုနေသည့် ဒေသခံများ၏ အသက်ရှင်နေ ထိုင်မှုကိုလည်း ခြိမ်းခြောက်လာနိုင်သည့်အတွက် သယံဇာတရင်းမြစ်ထက် လူသားရင်းမြစ်ဖွံ့ဖြိုးမှုကို အခြေခံသည့်စီးပွားရေးဘက်သို့ ဖောင်းပေးကူး ပြောင်းနိုင်ရေးအား ဆောင်ရွက်ရန်၊

(၂၅) စီးပွားရေးတိုးတက်မှုနှင့် သဘာဝပတ်ဝန်းကျင် ရေရှည်တည်တံ့မှုတို့အတွက် ရပ်ရွာအခြေပြုဖွံ့ဖြိုးရေးလုပ်ငန်းများ၊ မြေယာအသုံးပြုမှုများနှင့် ဆင်းရဲမှု လျှော့ချရေးတို့အား သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာများအပေါ် သတိ ပြုမိစေရန် ပညာပေးခြင်း၊ အကြံပေးခြင်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်းတို့ဖြင့် ပေါင်းစပ်ဆောင်ရွက်သွားရန်၊

(၂၆) နိုင်ငံ၏ စီးပွားရေးကဏ္ဍ ပြုပြင်ပြောင်းလဲမှုနှင့် တိုးတက်လုပ်ဆောင်ရန် ကိစ္စ ရပ်များသည် နိုင်ငံ၏အုပ်ချုပ်ရေး၊ တရားဥပဒေစိုးမိုးရေးကိစ္စရပ်များနှင့် လိုက်လျော ညီထွေစွာတိုးတက်ဖြစ်ပေါ်စေရန်၊ အထူးသဖြင့်နယ်စပ်ကုန်သွယ်ရေး၊ လူဝင်မှုကြီးကြပ်ရေး စသည်ဖြင့် လုံခြုံရေးကိစ္စရပ်များအား ဆောင်ရွက်ရန်၊

(၂၇) စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုပန်းတိုင်များအား သိရှိနားလည်စေ၍ အဆိုပါရည်မှန်းချက် များတွင် ကဏ္ဍအလိုက် မိမိနိုင်ငံ၏ ရည်မှန်းချက် အဆင့် (Level of Ambition) အား သတ်မှတ်ဆောင်ရွက်ရေးကိစ္စရပ်များအား ဆောင်ရွက်ရန် နှင့် နှစ်စဉ်ရေးဆွဲအကောင်အထည်ဖော်သည့် စီမံကိန်းများတွင် ထည့်သွင်း ပါဝင်စေရန်၊

**(င) ရည်မှန်းချက်**

ဒုတိယကာလတို (၅) နှစ် စီမံကိန်း၏ Theme အရ **"စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှု အခြေခံကောင်းများပိုမိုဖြစ်ပေါ်စေခြင်းမှတစ်ဆင့် စက်မှုထူထောင်ရေးဆီသို့"** ဟူ၍ အခြေခံပြီး အကောင်အထည်ဖော်ဆောင်ရာတွင် ဒုတိယကာလတို(၅)နှစ်စီမံကိန်းတွင် စီးပွား ရေးတိုးတက်မှုနှုန်းကို ပျမ်းမျှ (၈.၁) ရာခိုင်နှုန်းဖြင့် တိုးတက်လာစေရန် မျှော်မှန်းထားပါ သည်။ စီမံကိန်းနောက်ဆုံးနှစ်ဖြစ်သည့် (၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်)တွင် လူဦးရေ ၅၅.၁ သန်း


ရှိမည်ဟု ခန့်မှန်းထားရှိပါသည်။ တစ်ဦးကျဝင်ငွေမှာ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ကျပ် (၁,၄၁၃,၀၃၁)နှင့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် **ကျပ် (၂,၄၃၈,၆၇၈)** အထိဖြစ်ပေါ်လာစေရန် မျှော်မှန်းထားရှိပါသည်။

**ဇယား ၂ - ၁**
**၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်နှင့်**
**၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တို့အကြား**
**ဂျီဒီပီတိုးတက်မှုနှုန်း ခန့်မှန်းချက်**

| ဘဏ္ဍာနှစ် | အနိမ့်ဆုံး | အလယ်အလတ် | အမြင့်ဆုံး |
|---|---|---|---|
| ၂၀၁၆-၂၀၁၇ | ၇.၈ | ၇.၉ | ၈.၀ |
| ၂၀၁၇-၂၀၁၈ | ၈.၀ | ၈.၂ | ၈.၅ |
| ၂၀၁၈-၂၀၁၉ | ၈.၂ | ၈.၅ | ၈.၈ |
| ၂၀၁၉-၂၀၂၀ | ၈.၃ | ၈.၈ | ၉.၃ |
| ၂၀၂၀-၂၀၂၁ | ၈.၄ | ၉.၂ | ၁၀.၀ |
| ငါးနှစ်ပျမ်းမျှ | ၈.၁ | ၈.၅ | ၈.၉ |

**ရင်းမြစ်။ စီမံကိန်းရေးဆွဲရေးဦးစီးဌာန**

**ပုံ ၂ - ၅**
**၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်နှင့်**
**၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တို့အကြား**
**ဂျီဒီပီတိုးတက်မှုနှုန်း ခန့်မှန်းချက်**





သို့ဖြစ်ပါ၍ ဒုတိယကာလတို (၅) နှစ်စီမံကိန်းအတွင်း တိုင်းပြည်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးကို ဆက်လက်အရှိန်မြှင့်တင်ဆောင်ရွက်သွားရန်ဖြစ်ပါသည်။ တိုင်းပြည်၏ စီးပွားရေးတိုးတက်မှုနှုန်း ကောင်းမွန်၍ ပြည်သူတစ်ဦးချင်းဝင်ငွေ တိုးတက်မြင့်မားစေပြီး လူမှုဘဝသာယာဝပြောရေးကို ထိရောက်စွာ ဆောင်ရွက်နိုင်ရန် ဖြစ်ပါသည်။

အမျိုးသားဘက်စုံဖွံ့ဖြိုးတိုးတက်မှု စီမံကိန်းတွင် တိုးတက်မှုနှုန်း (၃) မျိုးဖြင့် တွက်ချက်ခန့်မှန်းခဲ့ရာ ပျမ်းမျှတိုးတက်မှုနှုန်းအား အနိမ့်ဆုံး ၈.၁ ရာခိုင်နှုန်း၊ အလယ်အလတ် ၈.၅ ရာခိုင်နှုန်း၊ အမြင့်ဆုံး ၈.၉ ရာခိုင်နှုန်းရည်မှန်းခဲ့ပါသည်။ အလယ်အလတ်နှုန်းဖြင့် တစ်ဦးကျပျမ်းမျှ ဂျီဒီပီကို ၂၀၃၀ ပြည့်နှစ်တွင် အမေရိကန်ဒေါ်လာ ၃၀၀၀ ရရှိရန် မျှော်မှန်းရေးဆွဲခဲ့ပါသည်။ အမျိုးသားဘက်စုံဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းတွင် မျှော်မှန်းထားသည့် Range

အတိုင်း ပထမကာလတို (၅) နှစ်စီမံကိန်းတွင် အလယ်အလတ်နှုန်းဖြင့် အောင်မြင်ခဲ့ပါသည်။ ဒုတိယကာလတို(၅)နှစ်စီမံကိန်းတွင်လည်း အဆိုပါတိုးတက်မှုနှုန်းထက် အနည်းငယ်ပို၍ဆက်လက်တိုးတက်လိမ့်မည်ဟု ခန့်မှန်းပါသည်။

**ပုံ ၂-၆**

**နှစ် (၂၀) အမျိုးသားဘက်စုံဖွံ့ဖြိုးရေး စီမံကိန်းတွင်**
**ဂျီဒီပီ တိုးတက်မှုနှုန်းကို တွက်ချက်ခန့်မှန်းထားရှိပုံ**




**ဓာတ်မြစ်။ အမျိုးသားဘက်စုံဖွံ့ဖြိုးရေးစီမံကိန်း**

၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် မြန်မာနိုင်ငံ၏ အဓိကလူမှုစီးပွားညွှန်ကိန်းများကို အောက်ပါအတိုင်း ဖြစ်ပေါ်တိုးတက်ရန် မျှော်မှန်းထားရှိပါသည်။

**ဇယား ၂-၂**
**လူမှုစီးပွားညွှန်ကိန်းများ**

| | ညွှန်ကိန်းများ | ရေတွက်ပုံ | ၂၀၁၅-၂၀၁၆ | ၂၀၂၀-၂၀၂၁ |
|---|---|---|---|---|
| | **ကိန်းဂဏန်း** | | | |
| ၁။ | စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး(နှစ်အလိုက်ဈေးနှုန်း) | ကျပ်ဘီလီယံ | ၇၄,၂၉၄.၃၇ | ၁၃၅,၀၁၄၃၃ |
| ၂။ | တစ်ဦးကျပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး(နှစ်အလိုက်ဈေးနှုန်း အရ) | ကျပ် | ၁,၄၁၃,၀၃၁ | ၂,၄၃၈,၆၇၈ |
| | **လူဦးရေ** | | | |
| ၃။ | လူဦးရေ | သန်း | ၅၂.၆ | ၅၅.၁ |
| ၄။ | အမျိုးသမီးလုပ်သားအင်အားပါဝင်မှု ရာခိုင်နှုန်း | ရာခိုင်နှုန်း | ၅၀.၅၀ | ၅၅.၀၀ |
| ၅။ | ကမ္ဘာလှည့်ခရီးသည်ဦးရေ | ဦးရေ | ၄,၈၀၅,၄၀၅ | ၇,၄၉၀,၀၀၀ |
| | **ကုန်သွယ်ရေး** | | | |
| ၆။ | စုစုပေါင်းပို့ကုန် | ဒေါ်လာသန်း | ၁၁,၂၃၇ | ၂၀,၂၂၄ |
| ၇။ | စုစုပေါင်းသွင်းကုန် | ။ | ၁၅,၇၇၈ | ၁၇,၉၃၃ |
| | **ငွေကြေးဖောင်းပွမှုနှုန်း** | | | |
| ၈။ | ပျမ်းမျှငွေကြေးဖောင်းပွမှုနှုန်း (၂၀၀၆ ခုနှစ် အခြေခံနှစ်) | ရာခိုင်နှုန်း | ၈.၆၇ (စက်တင်ဘာ၊ ၂၀၁၅) | ၂ မှ ၄ ကြား |
| | **ပညာရေး** | | | |
| ၉။ | ကျောင်းနေနှုန်းကြမ်း(မူလတန်း) | နှုန်း | ၁၀၁.၆ | ၁၀၇.၀၉ |
| | **ကျန်းမာရေး** | | | |
| ၁၀။ | တစ်နှစ်အောက်ကလေးသေဆုံးမှုနှုန်း (အရှင်မွေး ၁၀၀၀လျှင်) | နှုန်း | ၅၄ | ၃၄ |
| ၁၁။ | သားဖွားမိခင်သေဆုံးမှုအချိုး (အရှင်မွေး ၁၀၀,၀၀၀လျှင်) | အချိုး | ၁၃၀ | ၁၀၀ |
| | **လူနေမှုအဆင့်အတန်း** | | | |
| ၁၂။ | ပြည်တွင်းလျှပ်စစ်ဓာတ်အားသုံးစွဲနိုင်မှု | ကီလိုဝပ်နာရီ သန်းပေါင်း | ၁၅,၈၄၃.၀ | ၁၇,၅၀၇.၂ |
| ၁၃။ | မိုဘိုင်းဖုန်းအသုံးပြုမှု (လူဦးရေ၁၀၀၀ လျှင်) | လုံးရေ | ၈၂၃ | ၁၂၅၀ |

ရင်းမြစ်။ ဗဟိုစာရင်းအင်းအဖွဲ့နှင့် သက်ဆိုင်ရာဦးစီးဌာနများ

## (စ) ရှုမြင်ချက်

ပထမကာလတို (၅) နှစ် စီမံကိန်းကာလအတွင်း နိုင်ငံရေးအပြောင်းအလဲများမှ တဆင့် နိုင်ငံတကာ၏ တားဆီးပိတ်ဆို့မှုများအားဖယ်ရှားရေးနှင့် နိုင်ငံအားအထီးကျန်ဆန်ခဲ့ရမှုကိုချုပ်ငြိမ်းအောင်၊ ဒေသတွင်းနှင့် ကမ္ဘာ့လုံခြုံရေး၊ ဖွံ့ဖြိုးမှုပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များတွင် တက်ကြွစွာပါဝင်လှုပ်ရှားနိုင်ပြီး ကမ္ဘာ့အလယ်တွင်ဂုဏ်သိက္ခာရှိစွာ ရပ်တည်နိုင်သည့် နိုင်ငံတစ်နိုင်ငံဖြစ်ရေးအတွက် ဆောင်ရွက်ခဲ့ပါသည်။ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ ကမ္ဘာ့နိုင်ငံများနှင့်ဆက်ဆံရေးမြှင့်တင်ခြင်း၊ အလုပ်သဘောနှင့်ချစ်ကြည်ရေးခရီးစဉ်များ လက်ခံခြင်းနှင့် သွားရောက်ခြင်း၊ အာဆီယံဥက္ကဋ္ဌ တာဝန် ထမ်းဆောင်ခြင်း၊ ကမ္ဘာ့စီးပွားရေးဖိုရမ်နှင့် ဒေသဆိုင်ရာဆွေးနွေးပွဲများ လက်ခံကျင်းပခြင်းစသည်ဖြင့် **ကမ္ဘာ့အသိုင်းအဝိုင်းနှင့် ပြန်လည်ချိတ်ဆက်ထားပြီး** ဖြစ်သည်။ သို့ဖြစ်ပါ၍ ဒုတိယကာလတို (၅) နှစ် စီမံကိန်းကာလအတွင်း **နိုင်ငံ၏ ပြုပြင်ပြောင်းလဲရေး ကိစ္စရပ်များအား နိုင်ငံတကာမှ အသိအမှတ်ပြု လက်ခံထားပြီး အရှေ့အနောက် ခွဲခြားခြင်းမရှိဘဲ ဆက်ဆံရေးကောင်းမွန်ပြီးသည့် အခြေအနေအား မဟာဗျူဟာကျကျ ဆက်လက်ထိန်းသိမ်း၍ တိုးတက်အောင် ဆောင်ရွက်ရန်ဖြစ်သည်။ မြန်မာနိုင်ငံ၏မဟာဗျူဟာကျသည့် တည်နေရာအား ထိရောက်စွာ အသုံးပြုနိုင်ရန်** ဖြစ်သည်။

ဒေသတွင်းပေါင်းစည်းမှုနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုအားလည်း တိုးချဲ့ဆောင်ရွက်ရန်ဖြစ်သည်။ အိမ်နီးချင်းနိုင်ငံများနှင့် အရင်းအနှီးနည်းပညာ အခြားလိုအပ်သော ပစ္စည်းများနှင့် ဝန်ဆောင်မှုများကို ပံ့ပိုးပေးနိုင်သည့် ကမ္ဘာ့အခြား နိုင်ငံများနှင့်ပါ ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်သွားရန်ဖြစ်သည်။ အာဆီယံစီးပွားရေး အသိုက်အဝန်း (ASEAN Economic Community) နှင့် (Regional Comprehensive Economic Partnership – RCEP) စသည့် အခြားသောဒေသဆိုင်ရာ ချဲ့ထွင်ပေါင်းစည်းမှုများအား အမျိုးသားအကျိုးစီးပွားအား မထိခိုက်စေဘဲ ပူးပေါင်းဆောင်ရွက်ရန် ဖြစ်သည်။

နိုင်ငံတစ်ဝှမ်းလုံးနှင့်ဒေသအလိုက် အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ (SME)ဖွံ့ဖြိုးမှုများအစဉ်မပြတ်နှင့်ထိရောက်မှုရှိစေရန် (က) အဖွဲ့အစည်းနှင့်လုပ်ထုံးလုပ်နည်းဆိုင်ရာ လုပ်ငန်းဘောင်များတိုးတက်စေခြင်း၊ (ခ) သတင်းအချက်အလက်နှင့် ဝန်ဆောင်မှု

အထောက်အပံ့များ တိုးတက်ရရှိစေခြင်း၊ (ဂ) ဘဏ္ဍာငွေ အလွယ်တကူရရှိစေရန် ဆောင်ရွက်ပေးခြင်း (ဃ) နည်းပညာနှင့် တီထွင်လုပ်ကိုင်နိုင်စွမ်း တိုးတက်စေခြင်း၊ (င) နိုင်ငံတကာဈေးကွက်ကို ထိုးဖောက်နိုင်ရန် ဆောင်ရွက်ပေးခြင်းနှင့် (စ) လူသားအရင်းအမြစ် ဖွံ့ဖြိုးရေး တိုးမြှင့်ပေးခြင်း စသည်တို့ဖြစ်သည်။ နိုင်ငံရေးအရ တည်ငြိမ်အေးချမ်းစေရေးသည် နိုင်ငံဖွံ့ဖြိုးမှုအတွက် အခြေခံဖြစ်သည့်အလျောက် တိုင်းရင်းသားလူမျိုးစု၊ ဘာသာရေးနှင့်စပ်လျဉ်း၍ စည်းလုံးညီညွတ်မှု၊ တည်ငြိမ်မှုရရှိစေရေးသည် အလွန်အရေးပါသည့် ပြဋ္ဌာန်းချက်တစ်ရပ်ပင် ဖြစ်ပါသည်။

မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲရေး လုပ်ငန်းများ **အရှိန်အဟုန် မြှင့်တင်နိုင်ရေးအား အစိုးရ၊ ပုဂ္ဂလိက၊ ပြည်သူနှင့် လူထုအခြေပြု အဖွဲ့အစည်းများက ထိရောက်စွာ ပါဝင်ဆောင်ရွက်နိုင်ရေး**၊ တည်ငြိမ်အေးချမ်းသည့် နိုင်ငံတော် တည်ဆောက်ရေးတို့တွင် လူထုအခြေပြုအဖွဲ့အစည်းများ၏ အခန်းကဏ္ဍမြှင့်တင်ရေးတို့သည် အရေးပါသကဲ့သို့ **ဗဟိုအစိုးရနှင့် သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့်ပြည်နယ်အစိုးရတို့၏ လုပ်ထုံးလုပ်နည်းများ၊ ဗဟိုထိန်းချုပ်မှုလျှော့ချမည့် ဒီဂရီအတိုင်းအတာတို့ကို တိကျရှင်းလင်းစွာ သတ်မှတ်ဆောင်ရွက်နိုင်ရေး**သည် လုပ်ငန်းများဆောင်ရွက်ရာတွင် ပိုမိုထိရောက်သွက်လက်စေနိုင်ပါသည်။ သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရတို့၏ ဆောင်ရွက်နိုင်မည့်စွမ်းရည်များ အသင့်ဖြစ်စေရန်နှင့် ဖွံ့ဖြိုးတိုးတက်နိုင်ရန် ဖြစ်သည်။

မိမိတို့နိုင်ငံသည် ဇီဝမျိုးစုံမျိုးကွဲများနှင့် သဘာဝအရင်းအမြစ်များ ပေါကြွယ်ဝသည့်နိုင်ငံဖြစ်သည့်အလျောက် အခြေခံအဆောက်အဦများဆောက်လုပ်ခြင်း၊ လူဦးရေတိုးတက်များပြားလာခြင်းနှင့် အခြားသောဖိအားများကဲ့သို့သော ရေရှည်မတည်တံ့နိုင်သည့် သဘာဝရင်းမြစ် အသုံးပြုမှုများကြောင့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုအား ဂရုပြုဖြေရှင်းရန်လည်း လိုအပ်ပါသည်။ သစ်တောပြုန်းတီးမှုများ၊ သတ္တုတူးဖော်မှုများ၊ ဆည်ကြီးများဆောက်လုပ်ခြင်းများ၊ စိုက်ပျိုးမြေချဲ့ထွင်ခြင်းများ၊ ရွှေ့ပြောင်းလယ်ယာစိုက်ပျိုးခြင်း အလေ့အထများ၊ တရားဝင်နှင့် တရားမဝင် သစ်ခုတ်ခြင်းများစသည့်အပြုအမူများကြောင့် သဘာဝပတ်ဝန်းကျင်တည်ငြိမ်ရေး၊ ရေရှည်တည်တံ့ခိုင်မြဲမည့် စားဝတ်နေရေးနှင့် လက်ငင်းစားသုံးမှုတိုးတက်မှုတို့အကြား ဘက်ညီစွာ ဖြေရှင်းနိုင်မှု လိုအပ်လျက်ရှိသည်။ ထို့ကြောင့် အားလုံး

ပါဝင်ပြီး ရေရှည်တည်တံ့သော ဖွံ့ဖြိုးမှုနှင့်အတူ သဘာဝပတ်ဝန်းကျင်နှင့် သဟဇာတဖြစ်စေမည့် တိုးတက်မှုရရှိရေးမှာ အလွန်အရေးပါသည့် သဘောတရားတစ်ရပ်ပင် ဖြစ်ပါသည်။

**သုံးသပ်တင်ပြချက်**

ဒုတိယကာလတို (၅) နှစ် စီမံကိန်း၏ Theme ဖြစ်သော" **စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုအခြေခံကောင်းများ ပိုမိုဖြစ်ပေါ်စေခြင်းမှတစ်ဆင့် စက်မှုဖွံ့ဖြိုးမှုဆီသို့**" ဆောင်ပုဒ်နှင့်အညီ ဒုတိယစီမံကိန်းကာလအတွင်း စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှု အခြေခံကောင်းများဖြစ်ပေါ်လာစေရေးကို အစီအမံချမှတ်ဆောင်ရွက်ရန် ဖြစ်ပါသည်။ စက်မှုဖွံ့ဖြိုးမှုဆီသို့ဦးတည်သော်လည်း လယ်ယာထုတ်ကုန်များကို ပိုမိုတိုးတက်ထုတ်လုပ်နိုင်ရန်၊ အရည်အသွေးမြှင့်တင်နိုင်ရန်၊ ဆင့်တိုးတန်ဖိုးမြှင့်တင်ထုတ်လုပ်နိုင်ရန်၊ စက်မှုကဏ္ဍအတွက် လိုအပ်သောကုန်ကြမ်းသွင်းအားစုများ ဖြစ်ပေါ်စေရေး၊ ပြည်တွင်းစားသုံးမှု ဖူလုံစေရေးနှင့် ဝယ်လိုအားရှိသည့် ပို့ကုန်ဈေးကွက်အတွက် ပိုမိုစီးပွားဖြစ်စေသော စိုက်ပျိုးရေး ထုတ်ကုန်နှင့် သီးနှံများထုတ်လုပ်ပေးခြင်းတို့အတွက် လယ်ယာကဏ္ဍအား ခေတ်မီစက်မှုလယ်ယာသို့ ကူးပြောင်းရေး၊ စိုက်ပျိုးရေးကဏ္ဍ ထုတ်လုပ်နိုင်စွမ်းတိုးတက်ရေးတို့အား အကောင်အထည်ဖော်ဆောင်ရန်ဖြစ်ပါသည်။

ဒုတိယကာလတို (၅) နှစ် စီမံကိန်းသည် မြန်မာဘက်စုံဖွံ့ဖြိုးရေးမျှော်မှန်းချက်နှင့်လိုက်လျောညီထွေစွာဖြင့် ကိုက်ညီစေရန် လိုအပ်သကဲ့သို့ ကာလရှည်နှစ် (၂၀) စီမံကိန်းဖြစ်သော အမျိုးသားဘက်စုံဖွံ့ဖြိုးရေးစီမံကိန်း (၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှ ၂၀၃၀-၂၀၃၁ ဘဏ္ဍာနှစ်အထိ) ၏ ဒုတိယကာလတို (၅)နှစ် စီမံကိန်း အစိတ်အပိုင်းလည်းဖြစ်ပါသည်။ သို့ဖြစ်ပါ၍ရေရှည် မြန်မာ့ဘက်စုံဖွံ့ဖြိုးရေးမျှော်မှန်းချက်နှင့် ကိုက်ညီရမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ မိမိနိုင်ငံတွင် စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး၏ ၃၀ ရာခိုင်နှုန်းသည် စိုက်ပျိုးရေးထုတ်ကုန်ဖြစ်ပြီး အဆိုပါ လယ်ယာကဏ္ဍတွင် စုစုပေါင်းလုပ်သားအင်အားထု၏ ၆၁ ရာခိုင်နှုန်း ပါဝင်ဆောင်ရွက်နေကြသည်။ စိုက်ပျိုးရေးထုတ်ကုန်သည် စုစုပေါင်းပို့ကုန်၏ ၄၀ ရာခိုင်နှုန်း အကျုံးဝင်ခြင်းကြောင့် အလွန်အရေးပါသည့်ကဏ္ဍတစ်ရပ်ဖြစ်ပါသည်။ စိုက်ပျိုးရေးအထွက်နှုန်းနှင့် ဆင့်တက်ထုတ်ကုန်ထုတ်လုပ်မှုသည်အခြားအာဆီယံနိုင်ငံများနှင့် နှိုင်းယှဉ်ပါက အလွန်နည်းပါးလျက်ရှိခြင်းကြောင့် ခေတ်မီ

စက်မှုလယ်ယာကူးပြောင်းရေးနှင့် စိုက်ပျိုးရေးအခြေခံ ဆင့်တက်ထုတ်လုပ်သည့် စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးတို့ ဦးစားပေး ဆောင်ရွက်ရန်ဖြစ်ပါသည်။ ဒုတိယကာလတို (၅) နှစ်စီမံကိန်းအတွင်း စက်မှုလယ်ယာဖော်ထုတ်မှုကို အရှိန်အဟုန်မြင့်ဆောင်ရွက်ရန် ရည်မှန်းထားရှိပါသည်။ ၎င်းမှတစ်ဆင့် လယ်ယာကဏ္ဍထုတ်ကုန်များကို စက်မှုကဏ္ဍနှင့် ချိတ်ဆက်၍ လယ်ယာမှသည် စက်မှုဆီသို့ (Farm to Firm) အသွင်ပြောင်းနိုင်ရေး ဆောင်ရွက်မည်ဖြစ်ပါသည်။ ထိုသို့ဆောင်ရွက်ရာတွင် မြေယာအသုံးချမှု စနစ်တကျရှိစေရေးနှင့် နည်းပညာဆောင်းပေးမဟာဗျူဟာများ၊ စီမံကိန်းများချမှတ်ကာ လက်တွေ့အကောင်အထည်ဖော်ခြင်းဖြင့် တိုးပွားလာသော လူဦးရေ၏ စားဝတ်နေရေးကို ဖြည့်ဆည်းပေးရန်နှင့် အလုပ်အကိုင်များ ဖန်တီးပေးရန်ကိုလည်း အလေးထားမည်ဖြစ်သည်။

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် စက်တင်ဘာလ တွက်ချက်မှုအရ ပျမ်းမျှငွေကြေးဖောင်းပွမှုမှာ ၈.၆၇ ရာခိုင်နှုန်း ဖြစ်သော်လည်း ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် ပျမ်းမျှငွေကြေး ဖောင်းပွမှုနှုန်းအား ၂ ရာခိုင်နှုန်းမှ ၄ ရာခိုင်နှုန်းအကြားဟု လျော့ကျစေရန် ခန့်မှန်းထားပါသည်။ ပထမကာလတို (၅) နှစ်စီမံကိန်းကာလတွင် ငွေကြေးဖောင်းပွမှုနှုန်း တိုးတက်ခဲ့ခြင်းကြောင့် ဒုတိယကာလတို (၅) နှစ်စီမံကိန်းတွင် လက်ရှိဖြစ်ပေါ်နေသည့် ငွေကြေးဖောင်းပွမှုနှုန်း လျော့ကျစေရေးအတွက် အောက်ဖော်ပြပါ ဘဏ္ဍာရေးမူဝါဒ၊ ငွေကြေးမူဝါဒ၊ ကုန်သွယ်ရေးမူဝါဒနှင့် နိုင်ငံခြားငွေထိန်းချုပ်ရေး မူဝါဒများအပေါ် အခြေခံ၍ ငွေကြေးဖောင်းပွမှုနှုန်း ထိန်းချုပ်ရေးကိစ္စရပ်များအား မဖြစ်မနေ ဆောင်ရွက်သွားမည် ဖြစ်ပါ သည်-

(က) ကုန်သွယ်မှု လိုငွေပြမှု လျှော့ချရေးအတွက် ကုန်ပစ္စည်းများ တိုးတက်ထုတ်လုပ်မှုနှင့်ထုတ်လုပ်မှုစံနှုန်းမြင့်မားရေးနှင့် မရှိမဖြစ်သွင်းကုန်များ (Essential Items) မှလွဲ၍ ကျန်သော ဇိမ်ခံကုန်စည်နှင့်သွင်းကုန်များအား စိစစ်ရေးကိစ္စရပ်များအား ကြိုးပမ်းဆောင်ရွက်ရန်၊

(ခ) Automatic Licensing အား ပြန်လည်သုံးသပ်ရန် ၊

(ဂ) နယ်စပ်ဖြတ်ကျော် တရားမဝင် ကုန်သွယ်ရေးအား စိစစ်ရန် ၊

(ဃ) နိုင်ငံခြားငွေကြေး ထိန်းချုပ်မှု ထိရောက်ထက်မြက်စေရန်၊

(င) ပို့ကုန်မှ ရငွေများ နိုင်ငံတွင်းသို့ ပြန်လည် ဝင်ရောက်လာခြင်း ရှိ/ မရှိ စိစစ်ရန်၊

(စ) ပြည်တွင်း ကုမ္ပဏီများ ဖောင်းပွနေခြင်းအား စိစစ်ရန်၊

(ဆ) အခွန်ကောက်စနစ် တိုးတက်စေရန်၊

စက်မှုဖွံ့ဖြိုးတိုးတက်ရေးအတွက် ပုဂ္ဂလိကမှ ဦးဆောင်သည့် စက်မှုဖွံ့ဖြိုးတိုးတက်မှု ဖြစ်ပေါ်လာရေးနှင့် တန်ဖိုးမြှင့်ထုတ်ကုန်များ တိုးတက်ထုတ်လုပ်နိုင်ရေးကို ချဉ်းကပ်အားပေး ဆောင်ရွက်မည်ဖြစ်သည်။ ပို့ကုန်အထူးပြု စက်မှုထူထောင်ရေးအတွက် အရေးပါသော အချက်တစ်ခုမှာ ပို့ကုန်ပြောင်းလဲတင်ပို့နိုင်စွမ်းရှိခြင်းပင်ဖြစ်သည်။ မြန်မာနိုင်ငံပို့ကုန်စုစုပေါင်း၏ ထက်ဝက်ကျော်မှာ သဘာဝဓာတ်ငွေ့ဖြစ်နေခြင်းကြောင့် မြန်မာနိုင်ငံ၏ ပို့ကုန်မြင့်တက်လာမှုလမ်းကြောင်းနှင့်အတူ ပို့ကုန်ပစ္စည်းအမျိုးအစားများနှင့် တင်ပို့ရာဒေသများ ပြောင်းလဲရေး ဆောင်ရွက်နိုင်ရန်အတွက် ပို့ကုန်အထူးပြုစက်မှုလုပ်ငန်းများ ထူထောင်မှုအား အားပေးဆောင်ရွက်ရန် ဖြစ်သည်။

FDI ဆွဲဆောင်ရန်အတွက် ရင်းနှီးမြှုပ်နှံသူများ၏ အမြင်ကောင်းစေရန် ပိုမိုအဆင်ပြေကောင်းမွန်သော ရင်းနှီးမြှုပ်နှံမှုဝန်းကျင်ကို ဖန်တီးရန်နှင့် တစ်ကမ္ဘာလုံးယှက်နွယ်နေသည့် ခေတ်တွင် အရှေ့အာရှ၏ နိုင်ငံတကာထုတ်လုပ်မှု ကွန်ယက်များအတွင်း ပါဝင်နိုင်ရေးကို ဦးစားပေးဆောင်ရွက်ရန်ဖြစ်သည်။ နိုင်ငံပေါင်းစုံကုမ္ပဏီကြီးများအား ဖိတ်ခေါ် ဆွဲဆောင်ခြင်းဖြင့် အလုပ်အကိုင်ဖန်တီးမှု၊ နည်းပညာလွှဲပြောင်းရရှိမှုနှင့် ငွေကြေးအရင်းအနှီး စွမ်းအားရရှိလာအောင် ဆောင်ရွက်ရန် ဖြစ်သည်။

မြန်မာနိုင်ငံ၏စီးပွားရေးစင်္ကြံများသည် ပြည်တွင်းကွန်ယက်များကို သာမက အာဆီယံ၊ မဟာမဲခေါင်ဒေသခွဲနှင့် အိန္ဒိယအစရှိသောဒေသတွင်း ကွန်ယက်များကိုပါ ချိတ်ဆက်နိုင်မည် ဖြစ်ခြင်းကြောင့် ပြည်တွင်းစီးပွားရေးစင်္ကြံလေးခုသည် နိုင်ငံ၏ ဗဟိုချက်များနှင့် ဆုံမှတ်များကို ဆက်သွယ်ထားသည့်အပြင် အခြားနိုင်ငံစင်္ကြံများနှင့်လည်း ချိတ်ဆက်ထားပြီးဖြစ်သည်။ အဆိုပါစင်္ကြံများသည် မြန်မာ့စီးပွားရေးကို အထောက်အကူပြုမည့် အလားအလာများ၊ အိမ်နီးချင်းနိုင်ငံများနှင့် ချိတ်ဆက်မှုပေးနိုင်မည့် ဖွံ့ဖြိုးမှုလက္ခဏာရပ်များနှင့် သယ်ယူပို့ဆောင် ထောက်ပံ့မှုဆိုင်ရာ လက္ခဏာများလည်း ရှိထားပြီးဖြစ်သည်။ အစိုးရအနေဖြင့် အဆိုပါစင်္ကြံများကို စနစ်တကျ စီမံကိန်းချထားသော ဖုန်နယ်မြေစနစ်၊ ဘက်စုံထိရောက်သော ပို့ဆောင်ရေးနှင့် ထောက်ပံ့ရေးကွန်ယက်၊ အရည်အသွေးရှိ ပညာရေးနှင့် ကျန်းမာရေးဝန်ဆောင်မှုများ ပံ့ပိုးပေးရမည်ဖြစ်သည်။ အဆိုပါစင်္ကြံများအတွင်း စီးပွား

ရေးလုပ်ငန်းများသည် စနစ်တကျချမှတ်ထားသော မက်လုံးများအောက်တွင် စရိတ်သက်သာစွာနှင့် လည်ပတ်လုပ်ကိုင်နိုင်သဖြင့် ပြည်တွင်းပြည်ပ ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံမှုများကို အားပေးနိုင်မည် ဖြစ်သည်။

ကမ္ဘာလုံးဆိုင်ရာဖြစ်စဉ် (Globalization)နှင့် ဒေသဆိုင်ရာဖြစ်စဉ် (Regionalization) များနှင့်အတူ မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးမှုအလားအလာများအတွက် ပြည်ပပို့ကုန်နှင့် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုတို့အား ဖွံ့ဖြိုးမှုအင်ဂျင်များသဖွယ် အသုံးပြုရမည်ဖြစ်သည်။ ကုန်သွယ်မှု ချောမွေ့စေခြင်း၊ လုပ်သာကိုင်သာရှိသည့် စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှု ဝန်းကျင်တစ်ရပ် ဖြစ်အောင်လည်း ဆောင်ရွက်ရမည် ဖြစ်သည်။ အထူးစီးပွားရေးဇုန်များ ဖွံ့ဖြိုးတိုးတက်လျက် စကြံလမ်းကြောင်းများတစ်လျှောက် စီးပွားရေးအခွင့်အလမ်းများ တိုးတက်ရရှိရေးကို အလေးထား ဆောင်ရွက်ရန် ဖြစ်သည်။

ဒုတိယကာလတို(၅)နှစ်စီမံကိန်းကာလအတွင်း ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး အတွက် ခရီးသွားနေရာဒေသများ ဖန်တီးဖော်ထုတ်ခြင်း၊ ခရီးစဉ်ဒေသအလိုက် နိုင်ငံတကာ ခရီးသွားများကို ဆွဲဆောင်ရန်အတွက် လိုအပ်သည့် အခြေခံအဆောက်အအုံများ မြှင့်တင် ဆောင်ရွက်ခြင်း၊ ခရီးသွားလုပ်ငန်းကြောင့် ပတ်ဝန်းကျင်ထိန်းသိမ်းမှု မထိခိုက်စေခြင်း၊ ယဉ်ကျေးမှုအမွေအနှစ်များ မပျက်စီးမပျောက်ကွယ်စေခြင်း၊ လူမှုရေးပြဿနာများ မပေါ် ပေါက်စေခြင်း၊ စီးပွားရေးဆိုင်ရာ ပြဿနာများ မဖြစ်ပေါ်စေခြင်းတို့အတွက် မျက်ခြေမပြတ် ဂရုစိုက်ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ ဟိုတယ်နှင့် တည်းခိုရိပ်သာ လုပ်ငန်းများ စနစ်တကျ ဖွံ့ဖြိုးတိုးတက်လာအောင် စီမံဆောင်ရွက်ခြင်း၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး အတွက် ဒေသအလိုက် အသက်မွေးဝမ်းကျောင်းမှုသင်တန်းများမှ အဆင့်မြင့်ပညာသင်တန်း များအထိ ဖွံ့ဖြိုးတိုးတက်အောင် စီမံဆောင်ရွက်ခြင်းနှင့် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးစေခြင်းဖြင့် ကုန်သွယ်မှုနှင့် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကို အလေးထားဆောင်ရွက်သွားရမည် ဖြစ်ပါသည်။

တိုင်းပြည်၏စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေမည့် စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အခြေခံအဆောက်အအုံများ ခိုင်မာဖွံ့ဖြိုးတိုးတက်လာစေရေးနှင့် ကျန်ရှိနေသေးသည့် စီးပွားရေးဆိုင်ရာဥပဒေ၊ နည်းဥပဒေနှင့် လုပ်ထုံးလုပ်နည်းများ ပြဋ္ဌာန်းကျင့်

သုံးနိုင်စေရေး၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးဆိုင်ရာတိုးတက်ဖြစ်ပေါ်စေရေး၊ နိုင်ငံတစ်ဝှမ်းလုံးနှင့် ဒေသအလိုက် အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ (SME) ဖွံ့ဖြိုးမှုကို အစဉ်မပြတ် ထိရောက်မှုရှိစေရေး၊ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးနှင့် ပြန်လည်ထူထောင်ရေး၊ မြစ်ကြောင်းထိန်းသိမ်းရေး၊ သစ်တောများ၊ ဒီရေတောများ ပြန်လည်ပျိုးထောင်ရေး လုပ်ငန်းများ အပါအဝင် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ရေး၊ လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေး စသည်တို့ကို ဆောင်ရွက်မည်ဖြစ်ပါသည်။ ထို့ကြောင့် လိုအပ်သော အရင်းအနှီးများ ရှာဖွေ၍ ရင်းနှီးမြှုပ်နှံမှုများ တိုးတက်အောင်ဆောင်ရွက်သွားရမည် ဖြစ်ပါသည်။ ကျခံသုံးစွဲသွားရမည့် အသုံးစရိတ်များအတွက် ဘဏ္ဍာငွေရရှိရာ အရင်းအမြစ်များအနေဖြင့် ပြည်တွင်းရင်းနှီးမြှုပ်နှံမှုများ(နိုင်ငံပိုင်၊ သမဝါယမပိုင်၊ ပုဂ္ဂလိကပိုင်)၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ၊ နိုင်ငံခြား အကူအညီ၊ အထောက်အပံ့၊ ချေးငွေများနှင့် အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှု (Public Private Partnership -PPP)တို့မှ ရရှိအောင် ဆောင်ရွက်ရမည် ဖြစ်ပါသည်။

ပထမကာလတို(၅)နှစ်စီမံကိန်း၏ အကောင်အထည်ဖော်မှုများနှင့် အဆိုပါ အချိန်ကာလအတွင်း ဖြစ်ပေါ်ခဲ့သည့် ရေဘေးကဲ့သို့သဘာဝဘေးအန္တရာယ်ကြောင့် ပြန်လည်ထူထောင်ရေး စီမံကိန်းများ၊ ငြိမ်းချမ်းရေးရယူခဲ့သည့် နယ်မြေများအတွက် နယ်စပ်နှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးမှုစီမံကိန်းများ၊ လျှပ်စစ်စွမ်းအားအပါအဝင် ဒေသတွင်း နိုင်ငံများနှင့် ကွန်ယက်ချိတ်ဆက်နိုင်မည့် အခြေခံအဆောက်အအုံ ကောင်းမွန်စေသော စီမံကိန်းများ၊ လုပ်သာကိုင်သာရှိမည့် စီးပွားရေးဝန်းကျင်များ ဖြစ်ပေါ်စေသော စီမံကိန်းများ၊ ထုတ်လုပ်မှုကို တိုးတက်စေနိုင်မည့် လူသားအရင်းအမြစ်ကို ဖွံ့ဖြိုးတိုးတက်စေသော စီမံကိန်းများ၊ ဆက်လက်၍ ဆောင်ရွက်ရန်ရှိသည့် ကျေးလက်ဒေသဖွံ့ဖြိုးမှုနှင့်ဆင်းရဲနွမ်းပါးမှုလျှော့ချရေး သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းနိုင်မည့် သဘာဝဘေးအန္တရာယ်ကျရောက်မှု ကြိုတင်ကာကွယ်ရေးစီမံကိန်းများစသည်ဖြင့် **ပိုမိုအရှိန်မြှင့်တင်ဆောင်ရွက်ခြင်းများ** ပါဝင်မည် ဖြစ်ပါသည်။

# အခန်း(၃)

# စီမံကိန်းများအတွက် ဘဏ္ဍာငွေရရှိနိုင်မှု

## အခန်း (၃)

## စီမံကိန်းများအတွက် ဘဏ္ဍာငွေ ရရှိနိုင်မှု

တိုင်းပြည်၏ ကာလတို၊ ကာလရှည် ရည်မှန်းထားသည့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ရရှိစေရန်အတွက် ရေးဆွဲချမှတ်ထားသည့်စီမံကိန်းများ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် ကဏ္ဍအသီးသီးနှင့်ဒေသအသီးသီး၏ လူမှုရေး၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် ရင်းနှီးမြှုပ်နှံမှုများ တိုးတက်ရရှိစေရေး၊ ဘဏ္ဍာငွေရရှိနိုင်မည့် အရင်းအမြစ်များ တိုးတက်စေရေးနှင့် ဘဏ္ဍာငွေခွဲဝေသုံးစွဲမှုတိုးတက်စေရေးကို စီစဉ်ဆောင်ရွက်သွားရမည်ဖြစ်ပါသည်။

ပထမကာလတို (၅) နှစ်စီမံကိန်းအတွင်း ပြောင်းလဲကျင့်သုံးခဲ့သည့် ဒီမိုကရေစီစနစ်နှင့်အညီ ပြည်သူဗဟိုပြုစီမံကိန်းများကို Bottom-Upစနစ်ဖြင့် ဆောင်ရွက်ခဲ့ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များ အသီးသီးသို့ ဘတ်ဂျက်များ ခွဲဝေချထားပေးခဲ့ပါသည်။ ထို့ကြောင့် အောက်ခြေမြို့နယ်အဆင့်အထိ မြို့နယ်စီမံခန့်ခွဲမှုကော်မတီ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီများ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီများဖြင့်ဆောင်ရွက်ခဲ့သကဲ့သို့ မြို့နယ်စီမံကိန်းများရေးဆွဲအကောင်အထည်ဖော်ရေးကော်မတီအနေဖြင့် မြို့နယ်၏ဦးစားပေးဆောင်ရွက်ရမည့် အစီအစဉ်များကို ပြည်သူဗဟိုပြုစီမံကိန်းများအနေဖြင့် ရေးဆွဲတင်ပြချက်များအပေါ် ဦးစားပေးအစီအစဉ်များနှင့် ဆောင်ရွက်ခဲ့ကြပါသည်။ တိုင်းပြည်နှင့် ပြည်သူတို့၏ လိုအပ်ချက်များလိုအင်ဆန္ဒများကို ဖြည့်ဆည်းဆောင်ရွက်ရာတွင် ဘဏ္ဍာငွေရရှိနိုင်မည့်အရင်းအမြစ်များချိန်ဆ၍ဦးစားပေးအစီအစဉ်များဖြင့် စနစ်တကျဆောင်ရွက်ရသည့်စနစ်ဖြစ်ပါသည်။

ထို့ကြောင့် ပြည်သူတို့၏လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရေးအတွက် နိုင်ငံတော်ဘတ်ဂျက်၊ ပုဂ္ဂလိကကဏ္ဍရင်းနှီးမြှုပ်နှံမှု၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု၊ နိုင်ငံတကာအကူအညီ၊ အထောက်အပံ့၊ ချေးငွေတို့ဖြင့် ဆောင်ရွက်ခဲ့ပါသည်။ နိုင်ငံတော်ဘတ်ဂျက်ဖြင့် ဆောင်ရွက်သည့် လုပ်ငန်းများ ပိုမိုထိရောက်စေရေးအတွက် ပြည်သူ့ဘဏ္ဍာရေး စီမံခန့်ခွဲမှု (Public Financial Management-PFM) ပြုပြင်ပြောင်းလဲရေး စီမံကိန်းအား ကမ္ဘာ့ဘဏ်၏အကူအညီဖြင့် ပြည်သူ့ဘဏ္ဍာရေး စီမံခန့်ခွဲမှု ပြုပြင်ပြောင်းလဲရေး မဟာဗျူဟာ (Public Financial Management-PFM Reform Strategy) ကို ရေးဆွဲခဲ့ပါသည်။

ထို့အပြင် ဘဏ်နှင့် ငွေရေးကြေးရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ဗဟိုဘဏ် ကိုယ်ပိုင်ရပ်တည်ပြဋ္ဌာန်းမှုနှင့် လွတ်လပ်စွာ ဆောင်ရွက်ခွင့်၊ ရန်ကုန် စတော့အိတ်ချိန်းထူထောင်ခြင်းတို့ကို ဆောင်ရွက်နိုင်ခဲ့ပါသည်။ စက်မှုဇုန်များနှင့် အထူးစီးပွားရေးဇုန်များ ထူထောင်ခြင်းဖြင့်လည်း စက်မှုနှင့်စီးပွားရေးဖွံ့ဖြိုးစေရန် အခြေခံကောင်းများ ဆောင်ရွက်ခဲ့ပြီး ဖြစ်ပါသည်။ ပြုပြင်ပြောင်းလဲမှုများနှင့် အညီ ရင်းနှီးမြှုပ်နှံမှုများ တိုးတက်ရရှိရန် ရင်းနှီးမြှုပ်နှံမှု ဥပဒေကိုလည်း ပြင်ဆင်ရေးဆွဲခဲ့ပြီး ဖြစ်ပါသည်။

ဒုတိယ ကာလတို (၅) နှစ်စီမံကိန်းကာလအတွင်း တိုင်းပြည်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးကို ဆက်လက်အရှိန်မြှင့်တင် ဆောင်ရွက်သွားရန် တိုင်းပြည်၏ စီးပွားရေးတိုးတက်မှုနှုန်းကောင်းမွန်၍ ပြည်သူတစ်ဦးချင်းဝင်ငွေ တိုးတက်မြင့်မားစေပြီး လူမှုဘဝသာယာဝပြောရေးကို ထိရောက်စွာဆောင်ရွက်မည်ဖြစ်ပါသည်။ ထို့အပြင် ရည်မှန်းချက်ဖြစ်သည့် **"စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှု အခြေခံကောင်းများ ပိုမိုဖြစ်ပေါ်စေခြင်းမှ တဆင့်စက်မှုဖွံ့ဖြိုးမှု ဆီသို့"**ရောက်ရှိစေရေးအတွက် ကဏ္ဍနယ်ပယ်အသီးသီးတွင် ရင်းနှီးမြှုပ်နှံမှုများ တိုးတက်လာစေရန်နှင့် စက်မှုကုန်ထုတ်လုပ်ငန်းများဖွံ့ဖြိုးလာစေရေးအတွက် အခြေခံစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရေးနှင့် ကုန်ထုတ်လုပ်ငန်းများဖွံ့ဖြိုးရေးကို အထောက်အပံ့ဖြစ်စေမည့် အခြေခံအဆောက်အအုံများထူထောင်ရေးကို ဆောင်ရွက်သွားရမည် ဖြစ်ပါသည်။

အခြေခံအဆောက်အအုံ လိုအပ်ချက်များအပေါ် အစိုးရ၏ ကျခံသုံးစွဲနိုင်မှုပမာဏ၊ ပြည်တွင်းရင်းနှီးမြှုပ်နှံမှုနှင့် ထုတ်လုပ်နိုင်မှုစွမ်းအား တိုးတက်ပြောင်းလဲမှု၊ ပြည်ပရင်းနှီးမြှုပ်နှံမှုများ တိုးတက်ရရှိနိုင်မှု၊ နိုင်ငံတကာနှင့်အဖွဲ့အစည်းများထံမှ အကူအညီ၊ အထောက်အပံ့၊ ချေးငွေများ ရရှိနိုင်မှုအခြေအနေ၊ အစိုးရနှင့် ပုဂ္ဂလိကပူးပေါင်း ဆောင်ရွက်နိုင်မှုတို့၏ အကျိုးသက်ရောက်မှုများအပြင် အာဆီယံဒေသတွင်း ပေါင်းစည်းဆောင်ရွက်နိုင်မည့် အလားအလာများ တိုးတက်လာခြင်းနှင့် ကမ္ဘာ့ဈေးကွက်၏ (၅၀)ရာခိုင်နှုန်းခန့်၏ အလယ်တွင်ရှိနေသည့် တည်နေရာအားသာချက်များအရ စီးပွားရေးတိုးတက်မှု မြင့်မားစွာဖြစ်ပေါ်လာနိုင်ပါသည်။

သို့သော် ကမ္ဘာကြီးပူနွေးလာခြင်း၏ အကျိုးဆက်များအရ ဖြစ်ပေါ်လာမည့် သဘာဝဘေးအန္တရာယ်များကြုံတွေ့ရခြင်းနှင့် ကမ္ဘာ့နိုင်ငံများ၏ စီးပွားရေးနှင့် ကုန်စည်ထုတ်လုပ်မှု အပြောင်းအလဲများ၏ သက်ရောက်မှုများ၊ အခွင့်အလမ်းနှင့် စိန်ခေါ်မှုများသည် ဖွံ့ဖြိုးဆဲ

နိုင်ငံတစ်နိုင်ငံ၏ တိုးတက်မှုကို မျှော်မှန်းထားသည့် အခြေအနေတစ်ရပ်မှ ထူးခြားစွာ ပြောင်းလဲဖြစ်ပေါ်နိုင်သည်။ ထို့အပြင် နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများ၊ စီးပွားရေးမူဝါဒ ပြုပြင်ပြောင်းလဲခြင်းများမှတစ်ဆင့် နိုင်ငံတကာနှင့် စီးပွားရေးဆက်ဆံမှုများ ပြောင်းလဲလာပါကလည်း တိုင်းပြည်၏ စီးပွားရေးဖွံ့ဖြိုးမှုအပေါ် အကျိုးသက်ရောက်လာမည် ဖြစ်ပါသည်။ ပထမကာလတို (၅) နှစ်စီမံကိန်းအရ ဖြစ်ပေါ်ရရှိခဲ့သည့် တိုးတက်မှုအရှိန်အဟုန်ကောင်းများကို ဆက်လက်မြှင့်တင်ဆောင်ရွက်ခြင်းဖြင့်လည်းကောင်း၊ ရင်းနှီးမြှုပ်နှံမှုများ တိုးတက်မြှုပ်နှံခြင်းဖြင့် လည်းကောင်း၊ နိုင်ငံ၏ဘဏ္ဍာရေးနှင့်အခွန်စနစ် ပြုပြင်ပြောင်းလဲမှုများဖြင့်လည်းကောင်း ထိန်းကျောင်းဆောင်ရွက်သွားရမည် ဖြစ်ပါသည်။

အမျိုးသားဘက်စုံ ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း-NCDP အရ ၂၀၁၁ ခုနှစ်မှ ၂၀၃၀ ခုနှစ်အထိ မျှော်မှန်းချက်မှာ နိုင်ငံ၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုနှုန်းကို အနိမ့်ဆုံး (၄.၅) ရာခိုင်နှုန်း၊ အလယ်အလတ် (၇.၂) ရာခိုင်နှုန်း ၊ အမြင့်ဆုံး (၉.၁) ရာခိုင်နှုန်း အသီးသီးဖြင့် တစ်ဦးကျ ဝင်ငွေကို အနိမ့်ဆုံး အမေရိကန်ဒေါ်လာ (၂၀၀၀)၊ အလယ်အလတ် အမေရိကန်ဒေါ်လာ (၃၀၀၀)၊ အမြင့်ဆုံး အမေရိကန်ဒေါ်လာ (၄၀၀၀) အသီးသီးဖြင့် ခန့်မှန်းထားရှိခဲ့ပြီးဖြစ်ပါ သည်။

ထို့ကြောင့်မြန်မာနိုင်ငံ၏တိုးတက်ပြောင်းလဲလာသည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အခြေအနေ၊ အလားအလာများအရ ဒုတိယကာလတို (၅)နှစ် စီမံကိန်းတွင် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးတိုးတက်မှုနှုန်းများကို ဖြစ်နိုင်ခြေလမ်းကြောင်း (၃) ခုဖြင့် မျှော်မှန်းထားပါသည်-

(က) Scenario (၁) အရ စီးပွားရေးတိုးတက်မှုနှုန်း ပျမ်းမျှ (၈.၁) ရာခိုင်နှုန်း

(ခ) Scenario (၂) အရ စီးပွားရေးတိုးတက်မှုနှုန်း ပျမ်းမျှ (၈.၅) ရာခိုင်နှုန်း

(ဂ) Scenario (၃) အရ စီးပွားရေးတိုးတက်မှုနှုန်း ပျမ်းမျှ (၈.၉) ရာခိုင်နှုန်း

မျှော်မှန်းနိုင်သည့် ဖြစ်နိုင်ခြေများအလိုက် ဘဏ္ဍာငွေလိုအပ်ချက် ပြောင်းလဲလာမည် ဖြစ်ပါသည်။ ထို့ကြောင့် ပထမကာလတို(၅)နှစ် စီမံကိန်းအတွင်း ဘဏ္ဍာငွေအရင်းအမြစ်များ ရယူအသုံးပြုခဲ့သည့် အခြေအနေများထက် ပိုမိုကောင်းမွန်သည့်စနစ်များ၊ နည်းလမ်းများကို တိုးတက်ပြောင်းလဲ ဆောင်ရွက်သွားရမည်ဖြစ်ပါသည်။

**(က) Scenario (၁) အရ စီးပွားရေးတိုးတက်မှုနှုန်း ပျမ်းမျှ (၈.၁) ရာခိုင်နှုန်း ဖြစ်ပေါ်ခြင်း**

လက်ရှိ စီးပွားရေးတိုးတက်မှုနှုန်းကို ထိန်းသိမ်း၍ နိုင်ငံတော်ဘတ်ဂျက်မှ ရင်းနှီးမြှုပ်နှံမှု အပိုင်းကို ဆက်လက်ဆောင်ရွက်ခြင်း၊ ပြည်တွင်းရင်းနှီးမြှုပ်နှံမှုများ ပုံမှန်တိုးပွားလာခြင်း၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုပမာဏကို ဒုတိယကာလတို (၅) နှစ်အတွင်း ပျမ်းမျှ အမေရိကန်ဒေါ်လာ (၈) ဘီလီယံနှုန်းရရှိစေရန်နှင့် လက်ရှိရရှိနေသည့်အကူအညီ၊ အထောက်အပံ့၊ ချေးငွေများဖြင့် ဆက်လက်ဆောင်ရွက်ခြင်းတို့ဖြင့် မျှော်မှန်းထားသည့် စီးပွားရေးတိုးတက်မှုနှုန်း ပျမ်းမျှ (၈.၁) ရာခိုင်နှုန်းနှင့် ဟန်ချက်ညီ ဖြစ်ပေါ်စေမည် ဖြစ်ပါသည်။


**(ခ) Scenario (၂) အရ စီးပွားရေးတိုးတက်မှုနှုန်း ပျမ်းမျှ (၈.၅) ရာခိုင်နှုန်းဖြစ်ပေါ်ခြင်း**

စီးပွားရေးတိုးတက်မှုနှုန်း ပျမ်းမျှ (၈.၅) ရာခိုင်နှုန်း တိုးတက်ဖြစ်ပေါ်စေရန် အစိုးရ၏ ရငွေများကို တိုးပွားစေခြင်း၊ နိုင်ငံပိုင် ရင်းနှီးမြှုပ်နှံမှုများတိုးချဲ့ခြင်း၊ ပထမ ကာလတို (၅) နှစ် စီမံကိန်း၏ အကောင်အထည်ဖော်ခဲ့သည့် ကျေးလက်မီးလင်းရေးနှင့် လမ်းပန်းဆက်သွယ်ရေး တိုးတက်လာခြင်းကြောင့် ပြည်တွင်းထုတ်လုပ်မှု လိုက်ပါ တိုးတက်လာခြင်း၊ သီလဝါအထူး စီးပွားရေးဇုန် စတင်လည်ပတ်နိုင်ခြင်းနှင့် အခြားအထူး စီးပွားရေးဇုန်စီမံကိန်းများ၏ တည်ဆောက်မှုများ စတင်နိုင်ခြင်း ၊ မြန်မာနိုင်ငံကို ဖြတ်သန်း ကုန်သွယ်မည့် (Transit Trade) များနှင့်အပြိုင် စီးပွားရေးစင်္ကြံများတစ်လျှောက် မြို့များ ဖွံ့ဖြိုးလာနိုင်ခြင်း၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ပျမ်းမျှ အမေရိကန်ဒေါ်လာ(၈.၁) ဘီလီယံ စီးဝင်လာစေရန် ဆွဲဆောင်ခြင်း၊ လက်ရှိ သဘောတူညီထားသည့် အကူအညီ၊ အထောက်အပံ့၊ ချေးငွေများဖြင့် ဆောင်ရွက်ခြင်းအပြင် ရသင့်ရထိုက်သည့် အကူအညီ၊ အထောက်အပံ့များနှင့် အတိုးနှုန်းသက်သာခွင့်များကို ပိုမိုထပ်မံရရှိစေရန် ညှိနှိုင်းဆောင်ရွက်ခြင်း၊ လျှပ်စစ်၊ ဆက်သွယ်ရေး၊ လမ်း၊ တံတား၊ မြို့ပြဖွံ့ဖြိုးရေးနှင့် ပို့ဆောင်ရေးလုပ်ငန်းများ၊ စွမ်းအင်ကဏ္ဍများနှင့် အလားအလာရှိသော ကဏ္ဍများအားလုံးတွင် အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုများကို တိုးချဲ့ဆောင်ရွက်သွားရမည် ဖြစ်ပါသည်။

**(ဂ) Scenario (၃) အရ စီးပွားရေးတိုးတက်မှုနှုန်း ပျမ်းမျှ (၈.၉) ရာခိုင်နှုန်းဖြစ်ပေါ်ခြင်း**

စီးပွားရေးနှင့် လူမှုရေး ပြုပြင်ပြောင်းလဲမှုများကို ဆက်လက်၍ အရှိန်အဟုန်မြှင့် ဆောင်ရွက်ခြင်း၊ စီးပွားရေးပိတ်ဆို့မှုအားလုံးကို ပိတ်သိမ်းစေခြင်းတို့မှ စီးပွားရေး တိုးတက်မှုနှုန်းမှာ ပျမ်းမျှ (၈.၉) ရာခိုင်နှုန်း ဖြစ်ပေါ်စေနိုင်ပါသည်။ ထို့သို့ဖြစ်ပေါ်စေရန် အစိုးရ၏ရငွေများ ထိရောက်စွာတိုးတက်လာစေမည့် အခွန်စနစ် ပြုပြင်ပြောင်းလဲနိုင်ခြင်း၊ အခွန်လေလွင့်ဆုံးရှုံးမှုများ မဖြစ်ပေါ်စေရန် အခွန်စည်းကြပ်ခြင်း၏ အခြေခံမှုများကို (Principlesof Taxtion) အပြည့်အဝလိုက်နာဆောင်ရွက်နိုင်ခြင်း၊ လာဘ်ပေးလာဘ်ယူမှုများ လျော့နည်းပပျောက်စေခြင်း၊ အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍတို့ စွမ်းဆောင်ရည်တိုးမြှင့်လာခြင်း၊ ရင်းနှီးမြှုပ်နှံမှုအပိုင်းတွင် အထူးစီးပွားရေးဇုန်စီမံကိန်းများ အရှိန်ရစေရန် ဆက်လက် အကောင်အထည်ဖော်ခြင်း၊ စီးပွားရေးစကြံများပိုမိုချိတ်ဆက်နိုင်ခြင်း၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ပျမ်းမျှအမေရိကန်ဒေါ်လာ (၉) ဘီလီယံနှုန်းဖြင့် စီးဝင်လာစေရန် ဆွဲဆောင်ခြင်း၊ လက်ရှိ သဘောတူညီထားသည့် အကူအညီ၊ အထောက်အပံ့၊ ချေးငွေများဖြင့် ဆက်လက် ဆောင်ရွက်ခြင်းအပြင် အကူအညီနှင့် အထောက်အပံ့သစ်များ ထပ်မံတိုးတက်ရရှိရေးနှင့် အတိုးနှုန်းသက်သာခွင့်များရရှိစေရန် ညှိနှိုင်းဆောင်ရွက်ခြင်း၊ လျှပ်စစ်၊ ဆက်သွယ်ရေး၊ လမ်း၊ တံတား၊ မြို့ပြဖွံ့ဖြိုးရေးနှင့် ပို့ဆောင်ရေး လုပ်ငန်းများ၊ စွမ်းအင်ကဏ္ဍများတွင် အစိုးရ ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုများကို အလျင်အမြန် တိုးချဲ့ဆောင်ရွက်ခြင်း၊ အာဆီယံ စီးပွားရေးအသိုက်အဝန်း၏ ဖြစ်ပေါ်လာမည့် အကျိုးကျေးဇူးများရရှိစေရန် ကြိုးပမ်း ဆောင်ရွက်ခြင်း စသည်တို့ကို ဆောင်ရွက်ရမည် ဖြစ်ပါသည်။


ပုံ ၃-၁




| | ၂၀၁၆-၂၀၁၇ | ၂၀၁၇-၂၀၁၈ | ၂၀၁၈-၂၀၁၉ | ၂၀၁၉-၂၀၂၀ | ၂၀၂၀-၂၀၂၁ |
|---|---|---|---|---|---|
| အနိမ့်ဆုံး | ၇.၈ | ၈.၀ | ၈.၂ | ၈.၃ | ၈.၄ |
| အလယ်အလတ် | ၇.၉ | ၈.၂ | ၈.၅ | ၈.၈ | ၉.၂ |
| အမြင့်ဆုံး | ၈.၀ | ၈.၅ | ၈.၈ | ၉.၃ | ၁၀.၀ |

**ဓာတ်မြစ်။ အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန**

ပုံ ၃-၂




| | ၂၀၁၆-၂၀၁၇ | ၂၀၁၇-၂၀၁၈ | ၂၀၁၈-၂၀၁၉ | ၂၀၁၉-၂၀၂၀ | ၂၀၂၀-၂၀၂၁ |
|---|---|---|---|---|---|
| အနိမ့်ဆုံး | ၈၄၁၂၈ | ၉၄၄၉၂ | ၁၀၆၃၃၀ | ၁၁၉၇၆၂ | ၁၃၅၀၁၄ |
| အလယ်အလတ် | ၈၄၂၀၅ | ၉၄၇၅၅ | ၁၀၆၉၂၁ | ၁၂၀၉၈၄ | ၁၃၇၃၉၉ |
| အမြင့်ဆုံး | ၈၄၂၈၄ | ၉၅၁၀၆ | ၁၀၇၆၁၃ | ၁၂၂၃၂၇ | ၁၃၉၉၄၂ |


**ဓာတ်မြစ်။ အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန**

မျှော်မှန်းထားသော စီးပွားရေးတိုးတက်မှုရရှိစေရန်အတွက် လိုအပ်သော ရင်းနှီးမြှုပ်နှံမှုများ တိုးတက်ရရှိအောင် ဆောင်ရွက်သွားရမည်ဖြစ်ပါသည်။ ဖွံ့ဖြိုးဆဲနိုင်ငံများ၏ စီးပွားရေး

တိုးတက်မှု အလားအလာများအရ ဒုတိယကာလတို (၅) နှစ် ရင်းနှီးမြှုပ်နှံမှုပမာဏ လိုအပ်ချက်မှာ အောက်ပါအတိုင်း လိုအပ်လာမည်ဖြစ်ပါသည်။

ပုံ ၃-၃

ဒုတိယကာလတို (၅) နှစ် ရင်းနှီးမြှုပ်နှံမှု ပမာဏ လိုအပ်ချက်




| | ၂၀၁၆-၂၀၁၇ | ၂၀၁၇-၂၀၁၈ | ၂၀၁၈-၂၀၁၉ | ၂၀၁၉-၂၀၂၀ | ၂၀၂၀-၂၀၂၁ |
|---|---|---|---|---|---|
| အနိမ့်ဆုံး | ၃၀၄၈၅ | ၃၂၁၂၈ | ၃၆၆၉၈ | ၄၁၆၃၈ | ၄၇၂၈၄ |
| အလယ်အလတ် | ၃၀၇၂၅ | ၃၂၇၀၃ | ၃၇၇၁၆ | ၄၃၅၉၃ | ၅၀၈၈၇ |
| အမြင့်ဆုံး | ၃၀၉၆၆ | ၃၃၅၄၈ | ၃၈၇၇၆ | ၄၅၆၁၀ | ၅၄၆၀၇ |

ဇာစ်မြစ်။ အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန

တိုင်းပြည်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူဖြစ်စေမည့် စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အခြေခံအဆောက်အအုံများ ခိုင်မာဖွံ့ဖြိုးတိုးတက်လာစေရန် လိုအပ်သည့် စီးပွားရေးဆိုင်ရာဥပဒေ၊ နည်းဥပဒေနှင့်လုပ်ထုံးလုပ်နည်းများ ပြဋ္ဌာန်းကျင့်သုံးခြင်း၊ လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးဆောင်ရွက်ခြင်း စသည်တို့ဖြင့် လိုအပ်သော အရင်းအနှီးများတိုးတက်အောင် ဆောင်ရွက်သွားရမည် ဖြစ်ပါသည်။

ပထမကာလတို(၅)နှစ်စီမံကိန်းအတွင်း နှစ်အလိုက် ပြည်ထောင်စု၏ ရသုံးခန့်မှန်းခြေငွေစာရင်းများအရ လိုငွေဖြစ်ပေါ်ခဲ့ပါသည်။ ထို့ကြောင့် ဒုတိယကာလတို (၅) နှစ် စီမံကိန်းကာလအတွင်းတွင် စီးပွားရေးအခြေခံအဆောက်အအုံများ တည်ဆောက်ရေးအတွက် အရင်းအနှီးများရရှိရန် ပြည်ပအကူအညီ၊ အထောက်အပံ့၊ ချေးငွေများရယူသုံးစွဲခြင်း၊ (Public Private Partnership - PPP) အစိုးရနှင့်ပုဂ္ဂလိက အကျိုးတူပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ခြင်း၊ နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှုများ ဆွဲဆောင်ခြင်းနှင့် ပြည်တွင်းပုဂ္ဂလိကပိုင်ကဏ္ဍ အရင်းအနှီးများ တိုးတက်လာစေရန် အားပေးခြင်း တို့ဖြင့် ဆောင်ရွက်သွားရန် ဖြစ်ပါသည်။

စီမံကိန်း ဘဏ္ဍာငွေရယူသုံးစွဲမှုတွင် အောက်ဖော်ပြပါ အဓိကရှုထောင့် (၃) ခု ဖြင့် စီးပွားရေး လုပ်ဆောင်ချက်များကို သုံးသပ်တင်ပြမည်ဖြစ်ပါသည်-

(က) ဘဏ္ဍာငွေ ရရှိမည့် ဇာစ်မြစ်များအား ခန့်မှန်းခြင်း၊

(ခ) ရရှိမည့် ဘဏ္ဍာငွေ အရင်းအနှီးများအား ရင်းနှီးမြှုပ်နှံသုံးစွဲမည့် ကဏ္ဍများ သို့ ခွဲဝေချထားခြင်း၊

(ဂ) ဘဏ္ဍာငွေရရှိမည့် ဇာစ်မြစ်များနှင့် အရင်းအနှီးများ အသုံးချခြင်းတို့၏ ရှေ့နောက်ညီညွတ်မှု ရှိမရှိကို ဝင်ငွေ၊ စားသုံးမှု၊ စုဆောင်းမှု တို့၏ တိုးတက်မှုဖြင့် ဆန်းစစ်ခြင်း။

ဒုတိယကာလတို (၅) နှစ်စီမံကိန်းအတွက် ဘဏ္ဍာငွေ ရယူသုံးစွဲနိုင်မည့် ဇာစ်မြစ်များကို ပထမကာလတို (၅) နှစ် စီမံကိန်း၏ ဘဏ္ဍာငွေ ရယူသုံးစွဲခဲ့သည့် အခြေအနေအပေါ် အခြေခံ၍ သုံးသပ်သွားမည်ဖြစ်ပါသည်။

ဒုတိယကာလတို (၅) နှစ် စီမံကိန်းအတွက် စီးပွားရေးတိုးတက်မှု (၈.၁) ရာခိုင်နှုန်း ရရှိရန် မျှော်မှန်း၍ နိုင်ငံပိုင်အခန်း ဘဏ္ဍာငွေရရှိရာ အရင်းအမြစ်များ တိုးပွားလာစေရန် ကြိုးပမ်းခြင်းနှင့်အတူ အချို့သော အသုံးစရိတ်များအား စိစစ်ခြင်းနှင့် ထိန်းကျောင်းပေးခြင်းတို့ဖြင့် ဆောင်ရွက်သွားရန်ဖြစ်ပါသည်။ စီမံကိန်းဘဏ္ဍာငွေ ရယူသုံးစွဲမည့် မျှော်မှန်းချက်များအတွက် ဘဏ္ဍာရေး၊ ငွေကြေးနှင့် ဘဏ္ဍာငွေသုံးစွဲမှု မူဝါဒများ ပိုမိုထိရောက်မှု ရှိစေရန် ဆန်းစစ်ချက်များနှင့် ဆက်စပ်ညွှန်ပြရမည် ဖြစ်ပါသည်။

တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လူမှုစီးပွားဆိုင်ရာ အခြေခံအဆောက်အအုံများ ထူထောင်ရေးနှင့် တိုးတက်ရင်းနှီးမြှုပ်နှံမှုများပြုလုပ်လာခြင်းကြောင့် တိုင်းပြည်၏ ငွေချေးယူမှုပမာဏမှာ တဖြည်းဖြည်း မြင့်မားလာပါသည်။ ပြန်လည်ပေးဆပ်ရမည့် ကြွေးမြီပမာဏနှင့် တိုင်းပြည်စီးပွားရေး တိုးတက်မှုအလားအလာကို ကြွေးမြီခံနိုင်အား (Debt Sustainability) ဖြင့် စဉ်ဆက်မပြတ် ထိန်းညှိဆောင်ရွက်ရမည်ဖြစ်သည်။ ဖွံ့ဖြိုးမှုအတွက် ထိရောက်သည့် နိုင်ငံခြားအကူအညီ အထောက်အပံ့များ(Aid Effectiveness) ဖြစ်ပေါ်စေရေးအတွက် အထူးဆောင်ရွက်ရန် လိုအပ်သကဲ့သို့ နိုင်ငံရပ်ခြား ဖွံ့ဖြိုးမှု အကူအညီ၊ အထောက်အပံ့၊ ချေးငွေများသည် စီးပွားရေးဖွံ့ဖြိုးမှုအတွက် အထောက်အပံ့ ဖြစ်စေသော

လည်း ဘဏ္ဍာရေးနှင့် ငွေကြေးမူဝါဒများနှင့် လိုက်လျောညီထွေဖြစ်စေရန် ဦးတည်သွားရမည် ဖြစ်ပါသည်-

- အခွန်အကောက်ဆိုင်ရာ နည်းဥပဒေနှင့် လုပ်ထုံးလုပ်နည်းများ ပြန်လည်သုံးသပ်ခြင်း၊ အောင်မြင်စွာ အကောင်အထည်ဖော်ခြင်း၊
- အခွန်၏ စွမ်းဆောင်ရည်မြှင့်တင်ရေးနှင့် အခွန်အကောက်ရငွေများ အလေအလွင့် မရှိစေခြင်း၊
- ပြည်သူ့ဘဏ္ဍာစီမံခန့်ခွဲမှု ပြုပြင်ပြောင်းလဲရေးများ အရှိန်မြှင့်တင် ဆောင်ရွက်ခြင်း၊
- ပြည်တွင်း ပြည်ပကာလတို၊ ကာလရှည်ချေးငွေများ၊ အထောက်အပံ့၊ အကူအညီများကို ရယူသုံးစွဲရာတွင် အသေးစိတ်စီမံခန့်ခွဲမှုနှင့် စရိတ်နှင့် အကျိုးအမြတ် တွက်ချက်မှုတို့ကိုစိစစ်၍ သုံးစွဲမှုများအပေါ် တာဝန်ခံမှု တာဝန်ယူမှုရှိ စေရန် ဆောင်ရွက်ခြင်း၊
- အထူးသဖြင့် ပြည်သူ့ဗဟိုပြုစီမံကိန်းများအရ ဦးစားပေးအစီအစဉ်များကို ဆောင်ရွက်ခြင်း၊ တိုင်းပြည်၏ဦးစားပေးလုပ်ငန်းစဉ်များအနက်မှ အခြေခံ အကျဆုံး လျှပ်စစ်ဓာတ်အား လိုအပ်ချက်များကို ဖြည့်ဆည်းနိုင်ရန် ဆောင်ရွက်ခြင်း၊
- အထူးစီးပွားရေးဇုန်များ၊ စီးပွားရေးစင်္ကြံများ၊ မြို့ပြပို့ဆောင်ရေးစနစ်များ၊ အဝေးပြေး လမ်းမကြီးများစသည့် လုပ်ငန်းအမျိုးအစားများကို အစိုးရနှင့် ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှု (Public Private partnership-PPP) စနစ်ဖြင့် ဆောင်ရွက်ခြင်းဖြင့် နိုင်ငံတော်ဘဏ္ဍာငွေလိုအပ်ချက်ကို လျှော့ချနိုင်ခြင်းနှင့် ကာလတိုအတွင်း အခြေခံအဆောက်အဦများ ထူထောင်နိုင်ခြင်း၊
- နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ (Foreign Direct Investment-FDI)များ စီးဝင်လာစေရေး၊ ရန်ကုန်စတော့အိတ်ချိန်း (Yangon Stock Exchange-YSE) နှင့် အများပိုင်ကုမ္ပဏီများကို အားပေးဆောင်ရွက်ခြင်း၊ နိုင်ငံပိုင် လုပ်ငန်းများအား ပုဂ္ဂလိကပိုင်ပြုလုပ်ပေးခြင်းနှင့် အစိုးရနှင့်ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှု (Public Private partnership-PPP) စနစ်ဖြင့် ဆောင်ရွက်ခြင်း၊ နိုင်ငံပိုင်လုပ်ငန်းများ၏ စွမ်းဆောင်ရည်မြှင့်တင်ခြင်း၊

နိုင်ငံတော် ဘဏ္ဍာငွေလိုအပ်ချက်ကို လျှော့ချနိုင်ခြင်းနှင့် လုပ်ငန်းလုပ်ကိုင်ဆောင်ရွက်မှု နည်းစနစ်များ ဖွံ့ဖြိုး တိုးတက် လာနိုင်ခြင်းတို့ဖြစ်ပါသည်။

အရင်းအမြစ်အမျိုးမျိုးမှ ရရှိလာမည့် အရင်းအနှီးများကို စနစ်တကျရေးဆွဲထားသော ဖွံ့ဖြိုးမှု စီမံကိန်းများအတိုင်း ပြည်သူ့လိုအပ်ချက်များ၊ ဒေသလိုအပ်ချက်များ၊ ဖွံ့ဖြိုးရေး လုပ်ငန်းစီမံကိန်းများကို ဦးစားပေးအစီအစဉ်များဖြင့် စနစ်တကျအကောင်အထည်ဖော်ခြင်း၊ ဒေသတွင်းဖြစ်ပေါ်ပြောင်းလဲနေသော အခြေအနေများအရ လတ်တလော လိုအပ်ချက်များ အတွက် ဖြည့်ဆည်းပေးနိုင်ရန် ဘဏ္ဍာငွေများ ကို ခွဲဝေသုံးစွဲရမည်ဖြစ်ပါသည်။

နိုင်ငံတော်ဘတ်ဂျက်ဖြင့် ဆောင်ရွက်ရန် အခက်အခဲရှိသော လုပ်ငန်းများ၊ ရင်းနှီးမြှုပ်နှံမှု အပြည့်အဝ ထည့်ဝင်ရန်နှင့် နည်းပညာအဆင့်မြင့်တင်ရမည့်လုပ်ငန်းများကို အစိုးရ ပုဂ္ဂလိက အကျိုးတူပူးပေါင်းဆောင်ရွက်မှု (Public Private Partnership - PPP) ဖြင့် ဆောင်ရွက်ခြင်းဖြင့်လည်းကောင်း၊ အခွင့်အလမ်းရှိသည့်လုပ်ငန်းနယ်ပယ်များတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ တိုးတက်ဝင်ရောက်လာစေရန်လည်းကောင်း၊ ပြည်တွင်း ပုဂ္ဂလိကလုပ်ငန်းများ တိုးတက်လာရေးနှင့် အရင်းအနှီးနှင့် နည်းပညာ တိုးတက်ရရှိစေရေး ဆောင်ရွက်ရာတွင် ဦးစားပေးအနေဖြင့် အသေးစားနှင့်အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးရေးကို အားပေးကူညီခြင်းဖြင့် လည်းကောင်း ဆောင်ရွက်မည်ဖြစ်ပါသည်။

စီမံကိန်းကာလအတွင်းသုံးစွဲမည့် ဘဏ္ဍာငွေအရင်းအနှီးများကို အသုံးချ၍စီမံကိန်းများ ချမှတ်အကောင်အထည်ဖော်ရာတွင် စီမံကိန်းဆိုင်ရာ စာရင်းအင်းကိန်းဂဏန်း အချက်အလက်များ ပြည့်စုံမှန်ကန်ရေး၊ အမှန်တကယ်ရင်းနှီးမြှုပ်နှံမှု ရှိ၊ မရှိ၊ အရည်အသွေးပြည့်ဝမှု ရှိ၊ မရှိနှင့် အချိန်မီပြီးစီးမှု ရှိ၊ မရှိ တို့ကို စီမံကိန်းများစိစစ်ခြင်း၊ အရည်အသွေးစစ်ဆေးခြင်း၊ ဘဏ္ဍာငွေ သုံးစွဲမှုစစ်ဆေးခြင်းတို့ဖြင့် ထိန်းသိမ်းကြပ်မတ် ဆောင်ရွက်သွားရန်ဖြစ်ပါသည်။ ထို့အပြင် ရင်းနှီးမြှုပ်နှံမှုများ ထည့်ဝင်ခြင်းကြောင့် ဖြစ်ပေါ်လာရမည့် စီးပွားရေးဖွံ့ဖြိုးမှု အခြေအနေကို အဆိုပါ ရင်းနှီးမြှုပ်နှံမှုများနှင့် ရှေ့နောက်ညီညွတ်မှုရှိမရှိ၊ စီးပွားရေး တိုးတက်မှု ရှိ၊ မရှိကို စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုး၊ တစ်ဦးကျ ဝင်ငွေ၊ တစ်ဦးကျ စားသုံးမှု နှင့်စုဆောင်းမှု စသည်တို့၏ တိုးတက်မှုဖြင့် ချိန်ကိုက်၍ စိစစ်တင်ပြရမည်ဖြစ်ပါသည်။

## ၃-၁။ နိုင်ငံပိုင်အခန်း ရင်းနှီးမြှုပ်နှံမှု

ပထမကာလတို (၅) နှစ် စီမံကိန်းအတွင်း အစိုးရ၏ အသုံးစရိတ် မြင့်တက်မှုကြောင့် ဘတ်ဂျက်လိုငွေပြမှုသည် ပိုမိုမြင့်မားခဲ့ပါသည်။ သို့သော်လည်း ပြည်သူ့ဘဏ္ဍာစီမံခန့်ခွဲမှု ပြုပြင်ပြောင်းလဲမှုများကြောင့် ဘတ်ဂျက်လိုငွေပြမှုကို GDP ၏ (၅) ရာခိုင်နှုန်း အောက်တွင် ထိန်းသိမ်းနိုင်ခဲ့ပြီး ဘဏ္ဍာရေးအခြေအနေသည် ရေရှည်တွင် ပိုမိုထိရောက်ပြီး တိုးတက်လာဖွယ်ရာရှိပါသည်။

ဒုတိယကာလတို (၅) နှစ်စီမံကိန်း၏ ရည်မှန်းချက်ဖြစ်သော GDP တိုးတက်နှုန်း (၈.၁) ရာခိုင်နှုန်း ရရှိရန် ဘဏ္ဍာရေးဝန်ကြီးဌာနသည် အစိုးရ၏ ကာလလတ် အသုံးစရိတ် မူဘောင်ကို ချမှတ်ပြီး၊ ရငွေများ ထိရောက်စွာ အသုံးပြုနိုင်ရေးနှင့် အခြေခံ အဆောက်အအုံများနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်လက် ဆောင်ရွက်သွားရန် ဖြစ်ပါသည်။ ထို့ကြောင့် အခွန်ကောက်ခံမှု နယ်ပယ်လွှမ်းခြုံမှု တိုးတက်ရေး၊ အခွန်အကောက် လေလွင့်မှုလျော့ကျရေးနှင့် ထိရောက်ပြီး သင့်တင့်မျှတသော အခွန်ကောက်ခံမှုစနစ်ကို ချမှတ် အကောင်အထည်ဖော်ခြင်းနှင့် လာဘ်ပေးလာဘ်ယူ လျော့နည်းပပျောက်စေရေး ဦးစားပေး လုပ်ငန်း အဆင့်ဆင့်ဖြင့် ဆောင်ရွက်သွားရန် ဖြစ်ပါသည်။

ဒုတိယကာလတို (၅) နှစ်စီမံကိန်းကာလအတွင်း **ကာလလတ် ဘဏ္ဍာရေး မူဘောင် (Mid-term Financial Framework-MTFF) ရေးဆွဲကာ ဆောင်ရွက်သွားမည် ဖြစ်ပါသည်။ ထိုသို့ ကာလလတ် ဘဏ္ဍာရေးမူဘောင်ရေးဆွဲခြင်း ရည်ရွယ်ချက်မှာ**

- ဘဏ္ဍာငွေအရ အသုံးစာရင်းများတွင် မူလလျာထားချက်နှင့် အမှန်စာရင်းများ ကွာဟနေမှုကို ပိုမိုနီးကပ်စွာ ခန့်မှန်းနိုင်ရန် ၊
- ရရှိနိုင်မည့် အရင်းအမြစ် စုစုပေါင်းပမာဏအား ကြိုတင်ခန့်မှန်းပြီး ၄င်းအပေါ် မူတည်၍ ဌာနအဖွဲ့အစည်းများသို့ အသုံးစရိတ်များအား ထိရောက်စွာ ခွဲဝေလျာထားပေးနိုင်ရန် ၊
- ဌာနအဖွဲ့အစည်းများသို့ အသုံးစရိတ်ဘောင်ချမှတ်ပေးခြင်းဖြင့် အရင်းအမြစ်ခွဲဝေမှုဆိုင်ရာ မဟာဗျူဟာ (Strategic Resource Allocation) ပိုမိုတိုးတက်ကောင်းမွန်စေရန်၊

- မူဝါဒအပေါ်အခြေခံ၍ ဘတ်ဂျက်ရေးဆွဲရာတွင် အောက်ခြေမှ အထက်အဖွဲ့အစည်း အဆင့်ဆင့်သို့စီမံကိန်းရေး ဆွဲတင်ပြခြင်းနှင့် အထက်မှအောက်သို့ ဘတ်ဂျက် ချမှတ်ပေးမှုအရ အဆင့်ဆင့်အကောင်အထည်ဖော်နိုင်ခြင်းတို့ကိုပေါင်းစပ်ကျင့်သုံး နိုင်ခြင်းဖြင့် နိုင်ငံတကာတွင်ကျင့်သုံးနေသည့် နည်းစနစ်များနှင့်အညီ ဖြစ်စေရန် တို့ ဖြစ်ပါသည်။

**ရရှိမည့်အကျိုးကျေးဇူးများအနေဖြင့်** ဘတ်ဂျက်တောင်းခံရာတွင် မလိုအပ်သော အသုံးစရိတ်များကို လျှော့ချနိုင်ခြင်းကြောင့် ဘတ်ဂျက်ခွဲဝေခြင်းကို စွမ်းဆောင်ရည်ပြည့်ဝစွာ ဆောင်ရွက်နိုင်ခြင်း၊ ရရှိနိုင်မည့်အရင်းအမြစ်စုစုပေါင်း ပမာဏအား ခန့်မှန်းသတ်မှတ်ပြီး ဘဏ္ဍာငွေအပေါ် မူတည်၍ ဌာနအဖွဲ့အစည်းများသို့ အသုံးစရိတ်များအား ထိရောက်စွာ ခွဲဝေလျာထားပေးခြင်းဖြင့် မိမိတို့နိုင်ငံ၏ ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှုစနစ် တိုးတက် ကောင်းမွန်မှုကို အထောက်အကူပြုခြင်း၊ ဘဏ္ဍာရေးမူဝါဒဆိုင်ရာ ရှင်းတမ်း၊ ဘတ်ဂျက် ရှင်းတမ်းများကို သိရှိနားလည်စေခြင်းတို့ဖြစ်ပါသည်။ ထို့ပြင် ဘဏ္ဍာရေးဆိုင်ရာ ပွင့်လင်း မြင်သာမှု ရှိစေရေးအတွက် Citizen's Budget ကို လွှတ်တော်သို့ တင်ပြကာ အများ ပြည်သူ သိရှိစေရေးအတွက် ထုတ်ဝေအသိပေးလျက်ရှိခြင်းကြောင့် ဘဏ္ဍာရေးဆိုင်ရာ ပွင့်လင်း မြင်သာမှု တိုးတက်လာပြီ ဖြစ်ပါသည်။

ဒုတိယကာလတို (၅) နှစ် စီမံကိန်းအတွင်း ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေပါ နောက်ဆက်တွဲ ဇယား(၁)နှင့် (၂)ကို ပြင်ဆင်ဖြည့်စွက်ခြင်း၊ ပြည်ထောင်စုနှင့်တိုင်းဒေသကြီး နှင့် ပြည်နယ်များအကြား ဘဏ္ဍာငွေခွဲဝေမှုကို ပြင်ဆင်ခြင်း ပြုလုပ်ရန် ရှိသောကြောင့် တိုင်းဒေသကြီးနှင့်ပြည်နယ်များ၏ ရင်းနှီးမြှုပ်နှံမှု အခန်းကဏ္ဍမှာ ပိုမို အရေးပါလာမည် ဖြစ်ပါသည်။

## ၃-၂။ တိုင်းဒေသကြီးနှင့်ပြည်နယ် ရင်းနှီးမြှုပ်နှံမှု

နိုင်ငံတော်၏လက်ရှိ ဘဏ္ဍာရေးမူဝါဒများနှင့် ဘဏ္ဍာငွေခွဲဝေမှုစနစ်အရ အခွန်အခ ကောက်ခံရရှိမှုကို ပြည်ထောင်စုဘတ်ဂျက်မှ စီမံခန့်ခွဲ၍ ကဏ္ဍအလိုက် လိုအပ်ချက် အများစု ကို သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများနှင့် လုပ်ငန်းဌာနများမှ အကောင် အထည်ဖော်ဆောင်ရွက်ခြင်း ဖြစ်ပါသည်။ ဤကဲ့သို့ တိုင်းဒေသကြီးနှင့် ပြည်နယ်များ အတွင်းရှိ နိုင်ငံပိုင်အခန်း ရင်းနှီးမြှုပ်နှံမှုများအားလုံးအတွက် ဗဟိုအဆင့်မှ ကျခံသုံးစွဲမှုများ

ကို တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ ဘတ်ဂျက်တွင် ထည့်သွင်းရေးဆွဲမှု မရှိပါ။ တိုင်းဒေသကြီးနှင့် ပြည်နယ်များအတွင်းရှိ မြို့နယ်အသီးသီး၏ ဒေသဖွံ့ဖြိုးရေးအတွက် တစ်မြို့နယ်လျှင် နှစ်စဉ် ကျပ်သိန်းတစ်ထောင်နှုန်းဖြင့် ပြည်ထောင်စုလွှတ်တော် ရန်ပုံငွေမှ ခွဲဝေချထားပေးမှုများလည်း ရရှိပါသည်။

၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပါ နောက်ဆက်တွဲ ဇယား (၁) နှင့် (၂) ကို ပြင်ဆင်ဖြည့်စွက်ခြင်းဖြင့် ပြည်ထောင်စုနှင့် တိုင်းဒေသကြီး/ပြည်နယ်များအကြား ဘဏ္ဍာငွေ ခွဲဝေမှုကိုပြင်ဆင်၍ တိုင်းဒေသကြီး/ပြည်နယ်များ၏ လုပ်ငန်းဆောင်ရွက်ခွင့်များတိုးမြှင့်ပေးရန် အတွက် ဗဟိုချုပ်ကိုင်မှုလျှော့ချရန်ရှိပါသည်။ သို့ဖြစ်ပါ၍ တိုင်းဒေသကြီး/ပြည်နယ် များ၏ ဘဏ္ဍာငွေအရင်းအမြစ်ရှာဖွေမှုနှင့် ရင်းနှီးမြှုပ်နှံမှု အခန်းကဏ္ဍမှာ ပိုမို အရေးပါ လာမည် ဖြစ်ပါသည်။ တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ ဘတ်ဂျက်တိုးမြှင့်ရန် အတွက် အစိုးရ ဘတ်ဂျက်ခွဲဝေမှုမှ တိုးပေးခြင်း၊ နောက်ဆက်တွဲ ဇယား (၁) နှင့် (၂) ကို ပြင်ဆင် ဖြည့်စွက်ခြင်းဖြင့်လည်းကောင်း၊ အကူအညီ၊ အထောက်အပံ့နှင့် ချေးငွေများကို အမှန် တကယ် လိုအပ်သော ဒေသများသို့ ထိရောက်မှန်ကန်စွာ ရောက်ရှိစေခြင်းနှင့် ရင်းနှီးမြှုပ်နှံမှု များတိုးတက်ရရှိစေရေးအတွက် ရင်းနှီးမြှုပ်နှံမှု လိုအပ်နေသော ဒေသများ၊ ရင်းနှီးမြှုပ်နှံမှု ဝင်ရောက်စေလိုသော ဒေသများအတွက် တိုင်းဒေသကြီး/ ပြည်နယ်အလိုက် ရင်းနှီးမြှုပ်နှံမှု ကန့်သတ်ချက်များကို ဖြေလျှော့ခြင်း၊ အခွန်အကောက်နှုန်းထားများကို ကာလအပိုင်းအခြား ဖြင့် ပြင်ဆင်သတ်မှတ်ခြင်း၊ အခွင့်အရေးနှင့် မက်လုံးများပေးခြင်း၊ အခြေခံအဆောက်အအုံ များ ထူထောင်ပေးခြင်းတို့ကို ဆောင်ရွက်သွားရန်ဖြစ်ပါသည်။

သို့သော် တိုင်းဒေသကြီးနှင့်ပြည်နယ်များအကြား အခြေခံအဆောက်အဦနှင့် အရင်းအမြစ် ပိုင်ဆိုင်မှု၊ ဒေသတည်နေရာ၊ လူဦးရေသိပ်သည်းဆကွာခြားမှု၊ လက်ရှိဖွံ့ဖြိုးမှုအခြေအနေများ အရ တိုးတက်မှုနောက်ကျနေသော ဒေသများ၏ ဖွံ့ဖြိုးရေး၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များ အကြား အချိုးညီတိုးတက်လာစေရေး၊ ကျေးလက်မြို့ပြကွာဟမှု လျော့နည်းလာစေရေး၊ ဒေသဆိုင်ရာ အုပ်ချုပ်မှုနှင့် တာဝန်ယူမှု ပိုမိုတိုးတက် အားကောင်းလာစေရေးအတွက် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများ၏ ပါဝင်မှု အခန်းကဏ္ဍမှာလည်း အရေးပါနေမည် ဖြစ်ပါသည်။

ထို့ကြောင့် ဒုတိယကာလတို(၅)နှစ် စီမံကိန်းအတွင်း တိုင်းဒေသကြီးနှင့်ပြည်နယ်များ၏ ဘတ်ဂျက်တိုးမြှင့်ခြင်း၊ အကူအညီ၊ အထောက်အပံ့နှင့်ချေးငွေများ ပိုမိုထိရောက်စွာ ရရှိစေခြင်း၊ ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုများ ခွဲဝေရရှိရေးကို ဆောင်ရွက်သွားရမည် ဖြစ်ပါသည်။

## ၃-၃။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု


မြန်မာနိုင်ငံတွင် စီးပွားရေးနှင့်လူမှုရေး ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်ခဲ့ခြင်းနှင့် အတူ မြန်မာနိုင်ငံ၏ မဟာဗျူဟာမြောက် တည်နေရာအနေအထား၊ သယံဇာတအရင်းအမြစ် ပေါကြွယ်ဝမှုများ၊ လုပ်သားအင်အားရရှိနိုင်မှုနှင့် လုပ်အားခနှုန်းထားများ သက်သာခြင်း စသည့် အားသာချက်များ၊ အာဆီယံဒေသအတွင်းနှင့် အိမ်နီးချင်းနိုင်ငံများနှင့် စီးပွားရေး ပူးပေါင်း ဆောင်ရွက်နိုင်မည့် အနာဂတ် အလားအလာများ တိုးတက်လာမှု စသည်တို့ကြောင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ စီးဝင်လာမည် ဖြစ်ပါသည်။

ဒုတိယကာလတို (၅) နှစ်စီမံကိန်းအတွက် မျှော်မှန်းထားသော တိုးတက်မှုများ ရရှိနိုင်ရန် မြန်မာနိုင်ငံ၏ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအများစုကို သဘာဝနှင့်စွမ်းအင် သယံဇာတများသို့ ဝင်ရောက်နေခြင်းမှ ရင်းနှီးမြှုပ်နှံမှုများအတွက် ဦးတည်ရာအသစ် ထုတ်လုပ်မှုကဏ္ဍ (လယ်ယာကဏ္ဍကြီးအပါအဝင်)သို့ ပြောင်းလဲနိုင်ရန် ရည်မှန်းဆောင်ရွက်လျက်ရှိပြီး ငွေရေးကြေးရေးနှင့် အခြားဝန်ဆောင်မှုလုပ်ငန်းများတွင်လည်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု (FDI) စီးဝင်လာစေရန် ရည်မှန်းဆောင်ရွက်လျက်ရှိပါသည်။ ထို့ကြောင့် ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်ရာတွင် ပြည်တွင်းအလုပ်အကိုင်များ ဖန်တီးပေးနိုင်ရေး၊ ခိုင်မာတည်ငြိမ်သည့် အလုပ်အကိုင်များ ဖြစ်ပေါ်လာစေရေးနှင့် အလုပ်လက်မဲ့လျော့ကျရေး၊ နည်းပညာတိုးတက်ပြောင်းလဲ လက်ခံရရှိနိုင်ရေးတို့ကို အခြေခံပြီး၊ ပြည်တွင်းထုတ်လုပ်မှု တိုးတက်လာစေရန်အားပေးပြီး ပြည်တွင်းပြည်ပ ကုန်သွယ်မှုမြင့်မား၍ တိုင်းပြည်၏ စီးပွားရေးတိုးတက်မှုကို တိုက်ရိုက် အကျိုးဖြစ်ထွန်းစေရန် မျှော်မှန်းထားပါသည်။

မြန်မာနိုင်ငံတွင် နိုင်ငံခြားမှနိုင်ငံခြားရင်းနှီးမြှုပ်နှံမှု (FDI) အရင်းအနှီး၏ လက်ရှိ အခြေအနေသည် အိမ်နီးချင်းနိုင်ငံများထက် အလွန်နည်းပါးနေပါသည်။

ပုံ ၃-၄

နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှု ဝင်ငွေအစုရှယ်ယာ
(အမေရိကန်ဒေါ်လာ ဘီလီယံပေါင်း)




ဇာစ်မြစ်။ UNTACD ကမ္ဘာ့ရင်းနှီးမြှုပ်နှံမှုအစီရင်ခံစာ


ဖွံ့ဖြိုးဆဲနိုင်ငံအများစု၏ စီးပွားရေးတိုးတက်မှုများသည် (FDI) ရရှိနိုင်မှုနှင့် များစွာ ဆက်စပ်ခဲ့ပြီး FDI ရရှိမှုသည် တိုးတက်မှုအတွက်တွန်းအားတစ်ရပ်ဖြစ်ပါသည်။ မြန်မာနိုင်ငံ အတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ဆွဲဆောင်နိုင်ရန် ရင်းနှီးမြှုပ်နှံမှုဥပဒေကို ပြင်ဆင်ရေးဆွဲပြီး ဖြစ်သောကြောင့် ရည်မှန်းထားသော ရင်းနှီးမြှုပ်နှံမှုပမာဏကို ပြည့်မီ ကျော်လွန်စေ၍ ရည်မှန်းထားသော စီးပွားရေးတိုးတက်မှုနှုန်းများကို ရရှိနိုင်ရန် ဆောင်ရွက်ရမည် ဖြစ်ပါသည်။

ဒုတိယကာလတို (၅) နှစ်စီမံကိန်းအတွက် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု မျှော်မှန်းချက်မှာ နှစ်စဉ် ပျမ်းမျှ (၈.၁) ဘီလီယံ စီးဝင်လာစေရန် ဖြစ်ပါသည်။

ထို့ကြောင့် ဒုတိယကာလတို (၅) နှစ်အတွင်း နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုများ နှစ်အလိုက်တိုးတက် ဖြစ်ပေါ်လာနိုင်မှုကို အောက်ပါအခြေအနေများအတိုင်း စီးဝင်လာရန် မျှော်မှန်းနိုင်ပါသည်။

ပုံ ၃-၅

**ဒုတိယ ကာလတို (၅) နှစ် စီမံကိန်း**
**နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုမျှော်မှန်းချက်များ**




| | ၂၀၁၆-၂၀၁၇ | ၂၀၁၇-၂၀၁၈ | ၂၀၁၈-၂၀၁၉ | ၂၀၁၉-၂၀၂၀ | ၂၀၂၀-၂၀၂၁ |
|---|---|---|---|---|---|
| မျှော်မှန်းချက် (၁) | ၈.၀ | ၈.၁ | ၈.၁ | ၈.၁ | ၈.၂ |
| မျှော်မှန်းချက် (၂) | ၇.၀ | ၇.၅ | ၈.၀ | ၈.၅ | ၉.၀ |
| မျှော်မှန်းချက် (၃) | ၈.၀ | ၈.၅ | ၉.၅ | ၁၀.၀ | ၁၀.၅ |

**ရင်းမြစ်။ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန**

မျှော်မှန်းချက် (၁) မှာ ဒုတိယကာလတို (၅) နှစ် အတွင်း ပျမ်းမျှ အမေရိကန်ဒေါ်လာ (၈.၁ ) ဘီလီယံ နှုန်း အထိ စီးဝင်လာရန် ဖြစ်ပါသည်။

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်၏ ရင်းနှီးမြှုပ်နှံမှုအခြေအနေနှင့် အစိုးရသစ်ပြောင်းလဲရေး ကာလ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ရည်မှန်းချက်ထက် လျော့နည်းသည့် ပမာဏ (၇) ဘီလီယံခန့်သာ စီးဝင်ခဲ့လျှင်ပင် နိုင်ငံရေး၊ စီးပွားရေးပြုပြင်ပြောင်းလဲမှုများအရ စီးပွားရေး အခွင့်အလမ်းသစ်များဖြစ်ပေါ်လာပြီး နှစ်စဉ် ပိုမိုတိုးတက် ဝင်ရောက်လာပါက မျှော်မှန်းချက် (၂) အတိုင်း ဒုတိယကာလတို (၅) နှစ် အတွင်း ပျမ်းမျှ အမေရိကန်ဒေါ်လာ (၈) ဘီလီယံ နှုန်းအထိ စီးဝင်လာရန် ဖြစ်ပါသည်။

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်၏ ရင်းနှီးမြှုပ်နှံမှုအခြေအနေနှင့် ရင်းနှီးမြှုပ်နှံမှုဥပဒေများ ပြင်ဆင်ဖြည့်စွက်နိုင်ခြင်း၊ ရန်ကုန်စတော့အိတ်ချိန်း ဖွင့်လှစ်နိုင်ခြင်း၊ အမေရိကန်နှင့် ရင်းနှီး မြှုပ်နှံမှုများ စီးဝင်လာရန် အတားအဆီးတစ်ခုဖြစ်သည့် ဥရောပနိုင်ငံအချို့၏ စီးပွားရေး ပိတ်ဆို့မှုများ ပယ်ဖျက်လိုက်ပါက နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ စဉ်ဆက်မပြတ် စီးဝင်လာ နိုင်ပြီး နိုင်ငံရေး၊ စီးပွားရေး ပြုပြင်ပြောင်းလဲမှုများအရ စီးပွားရေး အခွင့်အလမ်းသစ်များ နှင့်အညီ မျှော်မှန်းထားသည်ထက် ပိုမိုတိုးတက်ဝင်ရောက်လာပါက မျှော်မှန်းချက် (၃)

အတိုင်း ဒုတိယ ကာလတို (၅) နှစ်အတွင်း ပျမ်းမျှ အမေရိကန်ဒေါ်လာ (၉) ဘီလီယံနှုန်း အထိ စီးဝင်လာရန် ဖြစ်ပါသည်။

ဒုတိယကာလတို (၅) နှစ် စီမံကိန်း၏ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုနှင့် မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှု စီမံကိန်းလျာထားချက် (ကဏ္ဍအလိုက်) ဖော်ပြပါအတိုင်း ဖြစ်ပါသည်။

# ဇယား ၃-၁

## ဒုတိယ ကာလတို (၅ )နှစ် စီမံကိန်း၏ မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှု စီမံကိန်းလျာထားချက် (ကဏ္ဍအလိုက်)

ကျပ်သန်းပေါင်း

| လုပ်ငန်း အမျိုးအစား | ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် | | ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် | | ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် | | ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် | | ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် | |
|---|---|---|---|---|---|---|---|---|---|---|
| | ရင်းနှီးမြှုပ်နှံမှု ပမာဏ | % | ရင်းနှီးမြှုပ်နှံမှု ပမာဏ | % | ရင်းနှီးမြှုပ်နှံမှု ပမာဏ | % | ရင်းနှီးမြှုပ်နှံမှု ပမာဏ | % | ရင်းနှီးမြှုပ်နှံမှု ပမာဏ | % |
| ဆောက်လုပ်ရေး | ၁၈၃၀၇၀.၉၁ | ၁၁.၂၅ | ၁၈၄၉၂၂.၆၉၂ | ၁၁.၂၆ | ၁၈၆၇၇၇.၃၆၆ | ၁၁.၂၇ | ၁၈၇၅၀၇.၀၀၈ | ၁၁.၂၈ | ၁၈၈၀၁၂.၀၂၄ | ၁၁.၂၉ |
| လျှပ်စစ်ဓာတ်အား | ၁၆၄၃၅.၇၀ | ၁.၀၁ | ၁၆၇၅၁.၄၃၄ | ၁.၀၂ | ၁၇၀၇၀.၁၅၉ | ၁.၀၃ | ၁၇၂၈၇.၈၈၀ | ၁.၀၄ | ၁၇၄၈၅.၆၁၈ | ၁.၀၅ |
| စက်မှု | ၁၁၃၉၁၀.၇၈၉ | ၇.၀၀ | ၁၁၅၁၂၅.၀၅၁ | ၇.၀၁ | ၁၁၆၃၄၂.၂၄၆ | ၇.၀၂ | ၁၁၆၈၅၉.၄၂၁ | ၇.၀၃ | ၁၁၇၂၃၆.၉၀၅ | ၇.၀၄ |
| အိမ်ရာ အဆောက်အအုံ တည်ဆောက်ဖွံ့ဖြိုးမှု | ၆၂၃၅၈၀.၂၀၇ | ၃၈.၃၂ | ၆၂၉၄၉၂.၆၀၃ | ၃၈.၃၃ | ၆၃၅၄၀၇.၆၅၁ | ၃၈.၃၄ | ၆၃၇၄၉၀.၅၈၁ | ၃၈.၃၅ | ၆၃၈၈၀၇.၉၀၆ | ၃၈.၃၆ |
| သယ်ယူပို့ဆောင်ရေး | ၂၁၈၂၂၀.၅၂၆ | ၁၃.၄၁ | ၂၂၀၃၉၆.၃၁၈ | ၁၃.၄၂ | ၂၂၂၅၇၄.၉၈၀ | ၁၃.၄၃ | ၂၂၃၄၁၂.၆၀၅ | ၁၃.၄၄ | ၂၂၃၉၈၂.၄၃၈ | ၁၃.၄၅ |
| မွေးမြူရေးနှင့် ရေလုပ်ငန်း | ၁၅၇၈၄.၇၈၁ | ၀.၉၇ | ၁၆၀၉၄.၅၁၅ | ၀.၉၈ | ၁၆၄၀၇.၂၄၀ | ၀.၉၉ | ၁၆၆၂၂.၉၆၂ | ၁.၀၀ | ၁၆၈၁၉.၄၉၉ | ၁.၀၁ |
| သတ္တု | ၁၀၄၁၄.၇၀၁ | ၀.၆၄ | ၇၃၉၀.၃၃၉ | ၀.၄၅ | ၄၃၀၈.၉၇၂ | ၀.၂၆ | ၂၆၅၉.၆၇၄ | ၀.၁၆ | ၉၉၉.၁၇၈ | ၀.၀၆ |
| ဟိုတယ်နှင့် ခရီးသွား | ၂၆၁၉၉၄.၈၁၅ | ၁၆.၁၀ | ၂၆၆၀၅၂.၁၈၇ | ၁၆.၂၀ | ၂၇၀၁၃၉.၄၀၂ | ၁၆.၃၀ | ၂၇၁၁၂၀.၅၀၅ | ၁၆.၃၁ | ၂၇၁၇၇၆.၄၆၁ | ၁၆.၃၂ |
| စက်မှုဇုန်တည်ဆောက်မှု | ၂၀၁၇၈.၄၈၃ | ၁.၂၄ | ၂၀၅၂၈.၇၁၈ | ၁.၂၅ | ၂၀၈၈၁.၉၄၂ | ၁.၂၆ | ၂၁၁၁၁.၁၆၁ | ၁.၂၇ | ၂၁၃၁၅.၈၀၁ | ၁.၂၈ |
| လယ်ယာ | ၆၈၅၀၉.၂၀၃ | ၄.၂၁ | ၆၉၃၀၄.၉၅၂ | ၄.၂၂ | ၇၀၁၀၃.၆၆၁ | ၄.၂၃ | ၇၀၄၈၁.၃၅၈ | ၄.၂၄ | ၇၀၇၇၅.၁၂၀ | ၄.၂၅ |
| အခြားဝန်ဆောင်မှု | ၉၅၁၉၆.၈၇၄ | ၅.၈၅ | ၉၆၂၃၈.၆၃၁ | ၅.၈၆ | ၉၇၂၈၃.၃၃၁ | ၅.၈၇ | ၉၇၇၄၃.၀၁၅ | ၅.၈၈ | ၉၈၀၈၅.၉၉၀ | ၅.၈၉ |
| စုစုပေါင်း | ၁၆၂၇၂၉၆၉၀ | ၁၀၀.၀၀ | ၁၆၄၂၂၈၇၄၅၀ | ၁၀၀.၀၀ | ၁၆၅၇၂၉၆၉၅၀ | ၁၀၀.၀၀ | ၁၆၆၂၂၉၆၁၇၀ | ၁၀၀.၀၀ | ၁၆၆၅၂၉၆၉၄၀ | ၁၀၀.၀၀ |

ဓာတ်မြစ်။ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှု ဦးစီးဌာန

ဇယား ၃-၂

## ဒုတိယ ကာလတို (၅) နှစ် စီမံကိန်း၏ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု စီမံကိန်းလျာထားချက် (ကဏ္ဍအလိုက်)

အမေရိကန်ဒေါ်လာ သန်းပေါင်း

| ကဏ္ဍ | ၂၀၁၆–၂၀၁၇ | | ၂၀၁၇–၂၀၁၈ | | ၂၀၁၈–၂၀၁၉ | | ၂၀၁၉–၂၀၂၀ | | ၂၀၂၀–၂၀၂၁ | |
|---|---|---|---|---|---|---|---|---|---|---|
| | ရင်းနှီးမြှုပ်နှံမှု ပမာဏ | % | ရင်းနှီးမြှုပ်နှံမှု ပမာဏ | % | ရင်းနှီးမြှုပ်နှံမှု ပမာဏ | % | ရင်းနှီးမြှုပ်နှံမှု ပမာဏ | % | ရင်းနှီးမြှုပ်နှံမှု ပမာဏ | % |
| စက်မှု | ၂၇၈၅.၃၁၆ | ၃၅.၀၀ | ၃၂၃၄.၅၆၀ | ၄၀.၀၀ | ၃၅၇၄.၆၀၄ | ၄၄.၀၀ | ၃၇၄၆.၅၀၇ | ၄၆.၀၀ | ၃၉၁၃.၁၆၆ | ၄၈.၀၀ |
| လျှပ်စစ်ဓာတ်အား | ၂၈၆.၄၉ | ၃.၆၀ | ၃၁၅.၃၆၉ | ၃.၉၀ | ၃၄၁.၂၁၂ | ၄.၂၀ | ၃၆၆.၅၀၆ | ၄.၅၀ | ၃၉၁.၃၁၇ | ၄.၈၀ |
| ရေနံနှင့် သဘာဝဓာတ်ငွေ့ | ၂၀၄၆.၀၁၅ | ၂၅.၇၁ | ၁၄၈၈.၇၀၅ | ၁၈.၄၁ | ၉၈၃.၈၂၉ | ၁၂.၁၁ | ၆၇၆.၀၀၀ | ၈.၃၀ | ၃၆၆.၈၅၉ | ၄.၅၀ |
| ဟိုတယ်နှင့် ခရီးသွား | ၃၉၇.၉၀၃ | ၅.၀၀ | ၅၂၅.၆၁၆ | ၆.၅၀ | ၆၄၉.၉၂၆ | ၈.၀၀ | ၇၃၃.၀၁၂ | ၉.၀၀ | ၈၁၅.၂၄၃ | ၁၀.၀၀ |
| သတ္တု | ၇.၁၆၂ | ၀.၀၉ | ၇.၂၇၈ | ၀.၀၉ | ၇.၃၁၂ | ၀.၀၉ | ၈.၁၄၅ | ၀.၁၀ | ၈.၁၅၂ | ၀.၁၀ |
| စိုက်ပျိုးရေး | ၁၁၉.၃၇၀ | ၁.၅၀ | ၁၃၇.၄၇၀ | ၁.၇၀ | ၁၅၄.၃၅၈ | ၁.၉၀ | ၁၇၁.၀၃၆ | ၂.၁၀ | ၁၈၇.၅၀၆ | ၂.၃၀ |
| မွေးမြူရေးနှင့် ရေလုပ်ငန်း | ၁၁၉.၃၇၀ | ၁.၅၀ | ၁၃၇.၄၇၀ | ၁.၇၀ | ၁၅၄.၃၅၈ | ၁.၉၀ | ၁၇၁.၀၃၆ | ၂.၁၀ | ၁၈၇.၅၀၆ | ၂.၃၀ |
| ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး | ၁၀၄၃.၃၀၀ | ၁၃.၁၁ | ၁၀၆၀.၉၃၅ | ၁၃.၁၂ | ၁၀၆၆.၆၉၅ | ၁၃.၁၃ | ၁၀၇၀.၁၉၈ | ၁၃.၁၄ | ၁၀၇၂.၀၄၅ | ၁၃.၁၅ |
| အိမ်ရာအဆောက်အဦ | ၇၇၉.၈၈၉ | ၉.၈၀ | ၇၉၆.၅၁၀ | ၉.၈၅ | ၈၀၄.၂၈၆ | ၉.၉၀ | ၈၁၀.၃၈၆ | ၉.၉၅ | ၈၁၅.၂၄၃ | ၁၀.၀၀ |
| အခြားဝန်ဆောင်မှု | ၃၇၃.၂၃၃ | ၄.၆၉ | ၃၈၂.၄၈၇ | ၄.၇၃ | ၃၈၇.၅၂၀ | ၄.၇၇ | ၃၉၀.၇၅၄ | ၄.၈၀ | ၃၉၅.၃၉၃ | ၄.၈၅ |
| စုစုပေါင်း | ၇၉၅၈.၀၅၀ | ၁၀၀.၀၀ | ၈၀၈၆.၄၀၀ | ၁၀၀.၀၀ | ၈၁၂၄.၁၀၀ | ၁၀၀.၀၀ | ၈၁၄၄.၅၈ | ၁၀၀.၀၀ | ၈၁၅၂.၄၃၀ | ၁၀၀.၀၀ |

**ဓာတ်မြစ်။ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှု ဦးစီးဌာန**

အာဆီယံစီးပွားရေးအသိုက်အဝန်း(AEC)၏ အကျိုးသက်ရောက်မှုကြောင့် အာဆီယံနိုင်ငံများ အတွင်း ယှဉ်ပြိုင်မှုများတိုးမြှင့်လာမည်ဖြစ်ပြီး နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု (FDI) ရရှိမှုသည် ပြည်တွင်းစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုသာမက ဒေသတွင်းယှဉ်ပြိုင်နိုင်စွမ်းကိုပါ အကျိုးသက်ရောက်စေမည်ဖြစ်ပါသည်။ ထို့အပြင် GMS နိုင်ငံများအတွင်း နိုင်ငံဖြတ်ကျော် ကုန်စည်နှင့်ခရီးသည်များ ပို့ဆောင်ဆက်သွယ်ရေး တိုးမြှင့်သွားရန်ရှိခြင်းကြောင့် အခြေခံ အဆောက်အအုံများ တည်ဆောက်ခြင်းနှင့် ရင်းနှီးမြှုပ်နှံမှုတိုးတက်လာမည် ဖြစ်ပါသည်။ ထို့ကြောင့် ဒေသတွင်းနိုင်ငံများအကြား နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုရရှိမှု အနည်းဆုံး အခြေအနေမှလွတ်မြောက်နိုင်ရန် ဆွဲဆောင်မှုပြုလုပ်ရမည်ဖြစ်ရာတွင် ပြည်ပရင်းနှီးမြှုပ်နှံသူများ လုပ်သာကိုင်သာရှိသော စီးပွားရေးအခြေအနေတစ်ရပ် ဖန်တီးပေးရန်နှင့် ကဏ္ဍစုံ ရေရှည်တည်တံ့မည့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဖြစ်ထွန်းလာစေရန် ရင်းနှီးမြှုပ်နှံမှုများ အမှန်တကယ် တိုးပွားလာစေရန်အတွက် ဥပဒေရေးရာနှင့် စီမံအုပ်ချုပ်မှုရေးရာများတွင် ဖြေလျှော့မှုများ၊ ပြုပြင်ပြောင်းလဲမှုများ ဆက်လက်ဆောင်ရွက်သွားရန် ဖြစ်ပါသည်။

အမျိုးသားဘက်စုံဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း ၂၀၁၁-၂၀၃၀ ခုနှစ်(NCDP)နှင့် ဆက်စပ်သော မူဘောင်တစ်ရပ်ပါရှိသည့် မျှော်မှန်းချက်၊ ရည်မှန်းချက်များနှင့် မဟာဗျူဟာများနှင့် လိုက်လျောညီထွေရှိသည့် ရင်းနှီးမြှုပ်နှံမှုဝန်းကျင် တိုးတက်လာစေရေးမှာ မြန်မာနိုင်ငံ၏ အဓိက ဦးစားပေးကိစ္စရပ်တစ်ခုဖြစ်ပါသည်။

နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ စီးဝင်လာစေရေးအတွက် နိုင်ငံတော်နှင့် ပြည်တွင်းလုပ်ငန်းရှင်များအနေဖြင့် ပူးပေါင်းဆောင်ရွက်မှုအနေဖြင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်ရန်အတွက် ကန့်သတ်နေသည့် ပြဋ္ဌာန်းချက်များကို ပြန်လည်စိစစ်နိုင်ရေး၊ လုပ်ငန်းထူထောင်ရာတွင် ကုန်ကျစရိတ်များပြားစေသော မြေယာဈေးနှုန်းနှင့် လုပ်ငန်းလည်ပတ်မှု အခက်အခဲများ လျှော့ချနိုင်ရေး၊ ပြည်တွင်းစီးပွားရေးလုပ်ငန်းများမှ ဆက်စပ်လုပ်ငန်းများနှင့် ဈေးကွက်သုတေသနဆိုင်ရာအချက်အလက်များ အထောက်အပံ့နည်းပါးခြင်း၊ နိုင်ငံတော်၏ စာရင်းဇယားအချက်အလက်များကို ခိုင်မာစွာထုတ်ပြန်ပေးနိုင်ရေး၊ တန်ဖိုးမြှင့်ကုန်ထုတ် စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် စက်မှုဖွံ့ဖြိုးမှု မူဝါဒများလိုအပ်ခြင်း၊ အခြေခံလိုအပ်ချက်

ဖြစ်သောလျှပ်စစ်ဓာတ်အားရရှိနိုင်မှု၊ ပို့ဆောင်ရေးအခြေခံအဆောက်အအုံများအား ဖွံ့ဖြိုးလာစေရန် ဆောင်ရွက်ခြင်း၊ ပြည်တွင်းဘဏ္ဍာရေးစနစ် တိုးတက်လာအောင် ဆောင်ရွက်ခြင်းနှင့် နိုင်ငံတကာနှင့် ချိတ်ဆက်လုပ်ကိုင်နိုင်ရန်ဆောင်ရွက်ခြင်း၊ ငွေကြေးမူဝါဒများ ခိုင်မာအားကောင်းစေရေး၊ ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများ ဖော်ထုတ်ပေးခြင်း၊ နိုင်ငံပိုင်လုပ်ငန်းများကို ဖက်စပ်လုပ်ကိုင်ခွင့်ပေးခြင်း (JV)၊ စီးပွားရေးကတိစာချုပ်များဖြင့် ခွင့်ပေးခြင်း (BCC)၊ တည်ဆောက်လုပ်ကိုင်လွှဲပြောင်း (BOT) လုပ်ငန်းများကို အစိုးရနှင့် ပုဂ္ဂလိက ပူးပေါင်းလုပ်ကိုင်ခြင်း (PPP) နှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစီမံကိန်းများတွင် ရင်းနှီးမြှုပ်နှံခွင့်ပေးခြင်းစသည့် နည်းလမ်းအမျိုးမျိုးဖြင့် ဆောင်ရွက်သွားရန် ဖြစ်ပါသည်။

## ၃-၄။ အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှု (Public Private Partnership-PPP)

ဒုတိယကာလတို (၅) နှစ်စီမံကိန်း (၂၀၀၆-၂၀၀၇ ဘဏ္ဍာနှစ် မှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်) အတွင်း တိုင်းပြည်စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် အရှိန်မြှင့်တင်ဆောင်ရွက်သွားရန် နှစ်အလိုက် စီးပွားရေးတိုးတက်မှုနှုန်းများကို ရည်မှန်းချက်များအတိုင်း အောင်မြင်အောင် ဆောင်ရွက်ရာတွင် ရင်းနှီးမြှုပ်နှံမှုများကို တိုးတက်အောင်ဆောင်ရွက်သွားရန်နှင့် ထုတ်လုပ်မှုနည်းပညာများ တိုးတက်လာစေရန် တစ်ပြိုင်တည်းဆောင်ရွက်ရန် ဖြစ်ပါသည်။ နိုင်ငံတော်ဘတ်ဂျက်မှ ကျခံသုံးစွဲနိုင်သည့် ရင်းနှီးမြှုပ်နှံမှု ငွေလုံးငွေရင်းအသုံးစရိတ်မှာ အကန့်အသတ်ရှိသောကြောင့် ပြည်သူတို့၏ အခြေခံလိုအပ်ချက်များကို ဖြည့်ဆည်းရန် ပြည်တွင်း၊ ပြည်ပရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ နိုင်ငံတော်နှင့် ပူးပေါင်းကာ အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှု PPP စနစ်ဖြင့် ဆောင်ရွက်ခြင်းသည်လည်း ဘဏ္ဍာရေးဆိုင်ရာ နည်းလမ်း တစ်ရပ်ဖြစ်ပါသည်။ PPP ကိုအားပေးခြင်းဖြင့် ပုဂ္ဂလိကနှင့် ပေါင်းစပ်ဆောင်ရွက်ရာတွင် BOT, BOOT, BTO, DBFO, DBFOM, DCMF, ROT အစရှိသည်ဖြင့် ပုံစံအမျိုးမျိုးရှိသည့်အနက် ကဏ္ဍများအကြား ပူးပေါင်းဆောင်ရွက်ရာတွင် စည်းမျဉ်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ လမ်းညွှန်ချက်များ သတ်မှတ်ပြဋ္ဌာန်းဆောင်ရွက်နိုင်ရန် လိုအပ်ပါသည်။

ဤသို့ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် နိုင်ငံတော်အပိုင်းမှ ထူထောင်ရန် အခက်အခဲ ရှိနေသည့် ရင်းနှီးမြှုပ်နှံမှုများအတွက် ငွေကြေးများရယူနိုင်သည့်အပြင် နည်းပညာနှင့် စီမံခန့်ခွဲမှု လျင်မြန်စွာ တိုးတက်လာပြီး နိုင်ငံတော်၏ ဘတ်ဂျက် အသုံးစရိတ်ကိုလည်း တစ်ဖက်တစ်လမ်းမှ သက်သာ စေမည် ဖြစ်ပါသည်။

နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှု (Public Private Partnership-PPP)စနစ်ဖြင့် ဆောင်ရွက်ရန်အလားအလာရှိသည့် ကဏ္ဍအလိုက် လုပ်ငန်းများမှာ လျှပ်စစ်ဓာတ်အားပေးလုပ်ငန်းများ၊ မြို့ပြပို့ဆောင်ရေးစနစ်များ၊ ပင်လယ်ရေကြောင်း သွားလာရေးအတွက် ရေနက်ဆိပ်ကမ်းများ၊ အာရှအဝေးပြေးလမ်းများပေါ်ရှိ ကုန်းတွင်းဆိပ်ကမ်းများနှင့် ရထားလမ်းများ၊ ရထားပို့ဆောင်ရေးကဏ္ဍတွင် ပြုပြင်ပြောင်းလဲမှု၊ ပြင်ဆင်တည်ဆောက်မှုများ၊ အဆင့်မြှင့်တင်မှုများ ရွေးချယ်ဆောင်ရွက်ခြင်း၊ Inland Water Transport (IWT) ပြည်တွင်းရေကြောင်းပို့ဆောင်ရေးနှင့် ဆိပ်ကမ်းပိုင်ဆိုင်မှု တိုးတက်စေခြင်း စသည်တို့ ဖြစ်ပါသည်။ သို့သော် မြန်မာနိုင်ငံ၏ လက်ရှိဈေးကွက် အခြေအနေအရ အချို့လုပ်ငန်းများတွင် ဆောင်ရွက်ရန် အကန့်အသတ်ရှိနေမည်ဖြစ်သည်။ ဥပမာ ရန်ကုန်-နေပြည်တော်-မန္တလေး အဝေးပြေးလမ်း အဆင့်မြှင့်တင်ရန်ကဲ့သို့ လုပ်ငန်းများတွင် နေ့စဉ်ဖြတ်သန်းသွားလာသည့် မော်တော်ယာဉ်စီးရေ ပမာဏနှင့် ဖြတ်သန်းသွားလာနိုင်သည့် ယာဉ်အမျိုးအစားတို့ အပေါ်မူတည်၍ဆောင်ရွက်ရမည့် လုပ်ငန်းအဆင့်နှင့် အရည်အသွေး၊ ပြန်လည်ရရှိနိုင်မည့် အခြေအနေ၊ အနာဂတ်တွင် ဖြစ်ပေါ်လာနိုင်သည့် လမ်းအသုံးပြုခ ကောက်ခံမှုနှုန်းထားများ ပြောင်းလဲခြင်း စသည်တို့ကြောင့် ဖြစ်ပါသည်။

လက်ရှိဆောင်ရွက်လျက်ရှိသော ဆက်သွယ်ရေးလုပ်ငန်းများ၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးနှင့် လျှပ်စစ်ဓာတ်အားပေးလုပ်ငန်းများ၊ မြို့ပြပို့ဆောင်ရေးစနစ်များ စသည့် အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုစနစ်ဖြင့် ဆောင်ရွက်မည့်လုပ်ငန်းများ ဆက်လက်အကောင်အထည်ဖော်ခြင်းဖြင့် ကာလတိုအတွင်း အခြေခံအဆောက်အအုံများ လျင်မြန်စွာ ထူထောင်နိုင်ပြီး ဖွံ့ဖြိုးမှုအရှိန်ကို မြှင့်တင်ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။

အစိုးရပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုစနစ်ဖြင့် ဆောင်ရွက်ခြင်းသည် အစိုးရ၏ အကန့်အသတ် ရှိနေသော ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံတော်အနေဖြင့် ဆောင်ရွက်ပေးရမည့် အများပြည်သူဆိုင်ရာဝန်ဆောင်မှုလုပ်ငန်းများ စွမ်းဆောင်ရည်မြှင့်တင်ရေး၊ အခြေခံအဆောက်အအုံများ တိုးတက်ရေးနှင့် စီမံခန့်ခွဲမှု တိုးတက်လာစေရေးအတွက် ပုဂ္ဂလိကကဏ္ဍမှ အင်အားများကို ပေါင်းစည်းအသုံးပြုခြင်းဖြစ်ပါသည်။ PPP လုပ်ငန်းများဆောင်ရွက်ခြင်းဖြင့် အစိုးရ၊ ပြည်သူနှင့် ရင်းနှီးမြှုပ်နှံသူတို့ သုံးဦးသုံးဖလှယ် အကျိုးရှိစေသည့် လုပ်ငန်းစဉ်ဖြစ်စေရေးအတွက် ဆောင်ရွက်ရာတွင် အဓိကအားဖြင့် စည်းမျဉ်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ လမ်းညွှန်ချက်များ သတ်မှတ်ပြဋ္ဌာန်းနိုင်ရုံသာမက ၄င်းတို့အား လက်တွေ့ကျင့်သုံး ဆောင်ရွက်နိုင်ရေးသည် အလွန်အရေးပါ ပါသည်။

## ၃-၅။ ပြည်ပအကူအညီ အထောက်အပံ့နှင့် ချေးငွေ

ပြည်ပအကူအညီသည် ဖွံ့ဖြိုးဆဲနိုင်ငံများ၏ ဆင်းရဲမှုလျှော့ချရေးနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အဓိကကျသော အခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည်။ ထို့ကြောင့် ပြည်ပအကူအညီ အထောက်အပံ့များအား ရယူသုံးစွဲရာတွင် ဖွံ့ဖြိုးတိုးတက်မှု ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများအား ထိထိရောက်ရောက် တိုးမြှင့်ဆောင်ရွက်နိုင်ရန် သုံးစွဲရမည်ဖြစ်ပါသည်။

ပြည်ပအကူအညီအထောက်အပံ့များ အကျိုးရှိထိရောက်စွာအသုံးပြုနိုင်ရန် ဖွံ့ဖြိုးမှုပူးပေါင်းဆောင်ရွက်ရေး နေပြည်တော်သဘောတူညီချက် (Nay Pyi Taw Accord) အရ မြန်မာနိုင်ငံအစိုးရနှင့် ဖွံ့ဖြိုးမှု မိတ်ဖက်အဖွဲ့အစည်းများပူးပေါင်း၍ စီးပွားရေးနှင့် လူမှုရေး ဖွံ့ဖြိုးတိုးတက်မှုစီမံချက်များ၊ လုပ်ငန်းစဉ်များချမှတ် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

ရရှိလာသည့်အကူအညီ၊ အထောက်အပံ့များကို ပြည်သူများအတွက် အကျိုးရှိစွာ အသုံးပြုနိုင်ရန်အတွက် နိုင်ငံခြားအကူအညီ အထောက်အပံ့ စီမံခန့်ခွဲရေး ဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီများ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။ မြန်မာနိုင်ငံသို့ ဝင်ရောက်လာသည့် ပြည်ပအကူအညီ အထောက်အပံ့များကို လူမှုရေးဆိုင်ရာ အခြေခံအဆောက်အအုံ လိုအပ်ချက်များတွင် ဦးစားပေးဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ပါသည်။ ၂၀၁၁ ခုနှစ် ဧပြီလမှစ၍ ၂၀၁၅ ခုနှစ်

ဩဂုတ်လအတွင်း ပြည်ပ အကူအညီ အထောက်အပံ့ အမေရိကန် ဒေါ်လာ ၈၇၅.၅၅ သန်းဖြင့် ဖွံ့ဖြိုးရေးလုပ်ငန်း စီမံချက် ၂၄၂ ခု ဆောင်ရွက်ပြီးစီးခဲ့ပါသည်။

ဒုတိယ ကာလတို (၅) နှစ် စီမံကိန်းကာလ (၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် မှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်) အတွင်း ပြည်ပအကူအညီအထောက်အပံ့ စုစုပေါင်းအမေရိကန်ဒေါ်လာ ၁၉၇၄ သန်း ခန့် ဖြင့် လုပ်ငန်းစီမံချက် ၃၃၇ ခု ကို ဆက်လက်ဆောင်ရွက်ရန်ရှိပါသည်။

**ဇယား ၃-၃**
**၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် မှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် အတွင်း**
**ဝန်ကြီး ဌာန အဖွဲ့အစည်းများအလိုက် ပြည်ပ အကူအညီ အထောက်အပံ့ရရှိနိုင်မှု**

| စဉ် | ဝန်ကြီးဌာန/အဖွဲ့အစည်း | စီမံချက် အရေအတွက် | ငွေပမာဏ (US$ သန်း) |
|---|---|---|---|
| ၁ | ဆောက်လုပ်ရေး | ၁၅ | ၄၂၅.၆၄ |
| ၂ | လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာ | ၃၉ | ၂၂၃.၉၆ |
| ၃ | လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်း | ၂၉ | ၂၀၇.၈၃ |
| ၄ | မွေးမြူရေး၊ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေး | ၃၁ | ၁၈၇.၉၃ |
| ၅ | သိပ္ပံနှင့်နည်းပညာ | ၂၀ | ၁၄၈.၆၃ |
| ၆ | ပို့ဆောင်ရေး | ၁၃ | ၁၂၄.၁၁ |
| ၇ | ကျန်းမာရေး | ၅၂ | ၁၀၇.၅၇ |
| ၈ | နယ်စပ်ရေးရာ | ၁၅ | ၇၆.၉၄ |
| ၉ | ဘဏ္ဍာရေး | ၅ | ၆၇.၀၆ |
| ၁၀ | ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာ | ၄၀ | ၄၃.၅၀ |
| ၁၁ | ပညာရေး | ၆ | ၄၀.၄၆ |
| ၁၂ | လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား | ၁ | ၃၉.၉၀ |
| ၁၃ | မြန်မာ့မီးရထား | ၂ | ၃၅.၂၉ |
| ၁၄ | ပြန်ကြားရေး | ၇ | ၃၀.၇၈ |

| စဉ် | ဝန်ကြီးဌာန/အဖွဲ့အစည်း | စီမံချက် အရေအတွက် | ငွေပမာဏ (US$ သန်း) |
|---|---|---|---|
| ၁၅ | မန္တလေးစည်ပင်သာယာရေးကော်မတီ | ၃ | ၂၇.၆၈ |
| ၁၆ | ပြည်ထဲရေး | ၃ | ၂၀.၅၉ |
| ၁၇ | စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး | ၅ | ၂၀.၂၆ |
| ၁၈ | သမ္မတရုံး/စီမံ-စီးပွား | ၁ | ၂၀.၀၀ |
| ၁၉ | ရန်ကုန်စည်ပင်သာယာရေးကော်မတီ | ၃ | ၁၈.၀၇ |
| ၂၀ | ဆက်သွယ်ရေး၊ သတင်းအချက်အလက်နှင့် | ၁ | ၁၇.၉၉ |
| ၂၁ | စက်မှု | ၈ | ၁၅.၅၃ |
| ၂၂ | ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း | ၉ | ၁၄.၂၄ |
| ၂၃ | လျှပ်စစ်စွမ်းအား | ၂ | ၁၂.၂၃ |
| ၂၄ | စွမ်းအင် | ၂ | ၁၁.၃၅ |
| ၂၅ | အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေး | ၁ | ၁၀.၀၀ |
| ၂၆ | သမဝါ ယမ | ၄ | ၄.၀၀ |
| ၂၇ | သတ္တုတွင်း | ၄ | ၂.၅၁ |
| ၂၈ | ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး | ၄ | ၁.၃၆ |
| ၂၉ | ယဉ်ကျေးမှု | ၁ | ၀.၇၅ |
| ၃၀ | ဝန်ကြီးဌာနစုံ( လူမှုဝန်ထမ်း၊ ကျန်းမာရေး၊ | ၄ | ၁၆.၉၄ |
| | စာရင်းပေါင်းချုပ် | ၃၃၇ | ၁၉၇၄.၂၀ |

ခာစ်မြစ်။ နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဦးစီးဌာန

## (က) ကဏ္ဍအလိုက်ခွဲဝေသုံးစွဲမှု


ကဏ္ဍအလိုက် ခွဲဝေသုံးစွဲမှု ရာခိုင်နှုန်းမှာ ဆောက်လုပ်ရေးကဏ္ဍ ၂၁ ရာခိုင်နှုန်း၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးကဏ္ဍ ၁၁ ရာခိုင်နှုန်း၊ နည်းပညာကဏ္ဍနှင့် လူမှုကာကွယ်ရေးကဏ္ဍ

၉ ရာခိုင်နှုန်းစီ၊ ပညာရေးကဏ္ဍ ၇ ရာခိုင်နှုန်း၊ ပို့ဆောင်ရေးကဏ္ဍနှင့်စက်မှုကဏ္ဍ ၆ ရာခိုင်နှုန်းစီ၊ ကျန်းမာရေးကဏ္ဍ ၅ ရာခိုင်နှုန်း၊ အသက်မွေးဝမ်းကျောင်းကဏ္ဍ ၄ ရာခိုင်နှုန်း၊ စာရင်းအင်းကဏ္ဍ၊ ရေရရှိရေးကဏ္ဍ၊ စိုက်ပျိုးရေးကဏ္ဍနှင့် ဆက်သွယ်ရေးကဏ္ဍ ၃ ရာခိုင်နှုန်းစီ၊ သဘာဝဘေးအန္တရာယ် တားဆီးရေးကဏ္ဍ၊ သစ်တောကဏ္ဍနှင့် မီဒီယာကဏ္ဍ ၂ ရာခိုင်နှုန်းစီ၊ ကုန်သွယ်ရေးကဏ္ဍ၊ ခရီးသွားလုပ်ငန်းကဏ္ဍ၊ လျှပ်စစ်ကဏ္ဍနှင့် စွမ်းအင်ကဏ္ဍ ၁ ရာခိုင်နှုန်းစီ တို့ ဖြစ်ပါသည်။

**ပုံ ၃-၆**

**ကဏ္ဍအလိုက် ခွဲဝေသုံးစွဲမှု ရာခိုင်နှုန်း**


**(၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် မှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်)**




ရင်းမြစ်။ နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဦးစီးဌာန

ပုံ ၃-၇

**ဒုတိယကာလတို (၅) နှစ် စီမံကိန်းကာလအတွင်း နိုင်ငံတကာအစိုးရများ၊ အပြည်ပြည်ဆိုင်ရာ ကုလသမဂ္ဂနှင့် နိုင်ငံတကာ အစိုးရ မဟုတ်သော အဖွဲ့အစည်းများမှ အကူအညီ အထောက်အပံ့ ရရှိနိုင်မှု**




**စာစ်မြစ်။ နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဦးစီးဌာန**

## (ခ) ဒုတိယကာလတို (၅) နှစ် စီမံကိန်းကာလအတွင်း ချေးငွေရရှိမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အခြေအနေ

နိုင်ငံတကာအစိုးရများနှင့် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၏ ချေးငွေစီမံချက် ၃၅ ခု အတွက် အမေရိကန်ဒေါ်လာ ၃,၆၈၃.၂၆ သန်းရရှိထားပြီး ပထမကာလတို ၅ နှစ် စီမံကိန်း ကာလအတွင်း အမေရိကန်ဒေါ်လာ ၇၉၃.၂၄ သန်းကို ထုတ်ယူသုံးစွဲခဲ့ပြီးဖြစ်ရာ ဆောင်ရွက်ဆဲ လုပ်ငန်း စီမံချက်များကို ဒုတိယကာလတို ၅ နှစ် စီမံကိန်းကာလအတွင်း ကျန်ရှိသော ချေးငွေပမာဏ အမေရိကန်ဒေါ်လာ ၂,၈၉၀.၀၂ သန်းဖြင့် ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

ပြည်ထောင်စုလွှတ်တော်မှ အတည်ပြုပြီး၍ ချေးငွေစာချုပ် ချုပ်ဆိုရန် ညှိနှိုင်းလျက်ရှိသော စီမံချက် ၁၂ ခုကို အမေရိကန်ဒေါ်လာ ၂,၂၉၀.၅၃ သန်းဖြင့် ဆောင်ရွက်ရန်ရည်မှန်းထားပါသည်။

ဇယား ၃-၄

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် မှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် အတွင်း ဝန်ကြီးဌာန အလိုက် ချေးငွေ ရရှိနိုင်မှု

အမေရိကန်ဒေါ်လာ သန်း


| စဉ် | ဝန်ကြီးဌာန | ဆောင်ရွက်ဆဲ | | ညှိနှိုင်းဆဲ | | စုစုပေါင်း | |
|---|---|---|---|---|---|---|---|
| | | စီမံချက် | ချေးငွေ ပမာဏ | စီမံချက် | ချေးငွေ ပမာဏ | စီမံချက် | ချေးငွေ ပမာဏ |
| ၁ | လျှပ်စစ်စွမ်းအား | ၁၄ | ၁၁၆၆.၆၉ | ၃ | ၇၃၃.၀၀ | ၁၇ | ၁၈၉၉.၆၉ |
| ၂ | ဆောက်လုပ်ရေး | ၃ | ၂၁၅.၄၇ | ၃ | ၇၂၃.၅၃ | ၆ | ၉၃၉.၀၀ |
| ၃ | စက်မှု | ၂ | ၇၉၄.၈၄ | | | ၂ | ၇၉၄.၈၄ |
| ၄ | လယ်ယာ စိုက်ပျိုးရေးနှင့် ဆည်မြောင်း | ၄ | ၅၁၃.၄၈ | ၁ | ၁၀၀.၀၀ | ၅ | ၆၁၃.၄၈ |
| ၅ | မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေး | ၂ | ၅၅.၃၈ | ၂ | ၄၉၀.၀၀ | ၄ | ၅၄၅.၃၈ |
| ၆ | ရထားပို့ဆောင်ရေး | ၃ | ၃၇၉.၇၀ | ၁ | ၄၅.၀၀ | ၄ | ၄၂၄.၇၀ |
| ၇ | ပို့ဆောင်ရေး | ၂ | ၂၅၇.၃၈ | ၁ | ၁၀၀.၀၀ | ၃ | ၃၅၇.၃၈ |
| ၈ | ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာ | ၃ | ၁၉၀.၃၃ | | - | ၃ | ၁၉၀.၃၃ |
| ၉ | ကျန်းမာရေး | - | - | ၁ | ၁၀၀.၀၀ | ၁ | ၁၀၀.၀၀ |
| ၁၀ | ပညာရေး | ၁ | ၈၀.၀၀ | | - | ၁ | ၈၀.၀၀ |
| ၁၁ | ဘဏ္ဍာရေး/ စီမံစီးပွား/ စာရင်းစစ်ချုပ်/ စီးပွားရေးဘဏ် | ၁ | ၃၀.၀၀ | | - | ၁ | ၃၀.၀၀ |
| | စာရင်းပေါင်းချုပ် | ၃၅ | ၃၆၈၃.၂၆ | ၁၂ | ၂၂၉၀.၅၃ | ၄၇ | ၅၉၇၄.၇၉ |
| | ပထမ ၅ နှစ်စီမံကိန်းအတွင်း ထုတ်ယူသုံးစွဲပြီး ငွေပမာဏ | | | | | | ၇၉၃.၂၄ |
| | ဒုတိယ ၅ နှစ် စီမံကိန်းအတွင်း ထုတ်ယူသုံးစွဲနိုင်မည့် ငွေပမာဏ | | | | | | ၅၁၈၁.၅၅ |

ရင်းမြစ်။ နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန

## (ဂ) ကဏ္ဍအလိုက်ရင်းနှီးမြှုပ်နှံမှု

ကဏ္ဍအလိုက် ရင်းနှီးမြှုပ်နှံမှုရရှိနိုင်မှုမှာ လျှပ်စစ်ကဏ္ဍ ၃၂ ရာခိုင်နှုန်း၊ ဆောက်လုပ်ရေးကဏ္ဍ ၁၈ ရာခိုင်နှုန်း၊ စက်မှုကဏ္ဍ ၁၃ ရာခိုင်နှုန်း၊ ပို့ဆောင်ရေးကဏ္ဍ ၁၁ ရာခိုင်နှုန်း၊ စိုက်ပျိုးရေး ကဏ္ဍ ၁၀ ရာခိုင်နှုန်း၊ ကျေးလက်ကဏ္ဍ ၉ ရာခိုင်နှုန်း၊ ဆက်သွယ်ရေးကဏ္ဍ ၃ ရာခိုင်နှုန်း၊ ကျန်းမာရေးကဏ္ဍ ၂ ရာခိုင်နှုန်း၊ ပညာရေးကဏ္ဍနှင့် ဘဏ္ဍာရေး ပြုပြင်ပြောင်းလဲမှုအတွက် ၁ ရာခိုင်နှုန်းစီတို့ ဖြစ်ပါသည်။

ပုံ ၃-၈
ကဏ္ဍအလိုက်ခွဲဝေသုံးစွဲမှု ရာခိုင်နှုန်း
(၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် မှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်)




ရင်းမြစ်။ နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဦးစီးဌာန

ရင်းနှီးမြှုပ်နှံမှုများအား ဒုတိယကာလတို (၅) နှစ် စီမံကိန်းကာလအတွင်း အထက် ဖော်ပြပါ စီမံကိန်းများအား အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြင့် မြို့ပြ အဆင့်မြှင့်တင်ရေး အပါအဝင် နိုင်ငံ၏လူမှုစီးပွား ဖွံ့ဖြိုးရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။

**သုံးသပ်တင်ပြချက်**

တိုင်းပြည်၏ ကာလတို၊ ကာလရှည် ရည်မှန်းထားသည့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ရရှိစေရန်အတွက် ရေးဆွဲချမှတ်ထားသည့်စီမံကိန်းများ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် ကဏ္ဍအသီးသီးနှင့် ဒေသအသီးသီး၏ လူမှုရေး၊ စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရင်းနှီးမြှုပ်နှံမှုများတိုးတက်ရရှိစေရေး၊ ဘဏ္ဍာငွေရရှိနိုင်မည့် အရင်းအမြစ်များ တိုးတက်စေရေး နှင့် ဘဏ္ဍာငွေ ခွဲဝေသုံးစွဲမှုတိုးတက်စေရေးကို စနစ်တကျ စီမံကိန်းကာလများအတွင်း အချိန်မီ စီစဉ်ဆောင်ရွက်နိုင်မှုမှာ အလွန်အရေးပါပါသည်။

နိုင်ငံတော်ဘတ်ဂျက်ဖြင့် ဆောင်ရွက်သည့်လုပ်ငန်းများ ပိုမိုထိရောက်စေရေးအတွက် ပြည်သူ့ဘဏ္ဍာရေး စီမံခန့်ခွဲမှု (Public Financial Management-PFM) ပြုပြင် ပြောင်းလဲမှုများ အရှိန်ရရှိစေခြင်း၊ ကာလလတ် ဘဏ္ဍာငွေ မူဘောင် (Mid-term Fiscal Framework) ပြုစုခြင်းနှင့် ဘဏ္ဍာငွေခွဲဝေမှုပွင့်လင်းမြင်သာစေသည့် Citizen Budget ထုတ်ပြန်ကြေငြာခြင်း တို့သည် ကောင်းမွန်သည့် အုပ်ချုပ်မှုစနစ်အား တိုးတက်ဖြစ်ပေါ်စေပါသည်။

တိုင်းပြည်၏စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူဖြစ်စေမည့် စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အခြေခံအဆောက်အအုံများ ခိုင်မာဖွံ့ဖြိုးတိုးတက်လာစေရန် လိုအပ်သည့် စီးပွားရေးဆိုင်ရာဥပဒေ၊ နည်းဥပဒေနှင့် လုပ်ထုံးလုပ်နည်းများ ပြဋ္ဌာန်းကျင့်သုံးခြင်း၊ လုံခြုံရေး နှင့် တရားဥပဒေစိုးမိုးရေး ဆောင်ရွက်ခြင်းစသည်ဖြင့် လုပ်သာကိုင်သာရှိသည့် စီးပွားရေး ဝန်းကျင်ကောင်းများ ဖန်တီးကာ လိုအပ်သောအရင်းအနှီးများ တိုးတက်အောင် ဆောင်ရွက် သွားရမည်ဖြစ်ပါသည်။

နိုင်ငံပိုင်အခန်းရင်းနှီးမြှုပ်နှံမှု၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရ ရင်းနှီးမြှုပ်နှံမှု၊ ပြည်တွင်း ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှု၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု၊ ချေးငွေ၊ ပြည်ပအကူအညီ၊ အထောက်အပံ့၊ အစိုးရ၊ ပုဂ္ဂလိကပူးပေါင်းဆောင်ရွက်မှု စသည့်ဓာတ်မြစ်များဖြင့် **ဖွံ့ဖြိုးမှုစီမံကိန်းများကို စီးပွားရေးဆန်ဆန် အကောင်အထည်ဖော် ဆောင်ရွက်ရန်ဖြစ်ပါသည်။**

# အခန်း(၄)

# စီးပွားရေးကဏ္ဍ

# အခန်း(၄)

## စီးပွားရေးကဏ္ဍ

မြန်မာနိုင်ငံသည် အရင်းအမြစ်များ၏ အလားအာကောင်းများအား ဖော်ထုတ်၍ အာရှနိုင်ငံများအကြား "Last Frontier in Asia" အဖြစ် အာရှတွင် စီးပွားရေး ပြန်လည် ဦးမော့လာသည့် နိုင်ငံအဖြစ်ရပ်တည်ကာ နိုင်ငံတကာ အသိုက်အဝန်းနှင့် ချိတ်ဆက်ဆောင်ရွက်ရန် ရည်ရွယ်ပါသည်။

ဒုတိယကာလတို (၅) နှစ် စီမံကိန်းသည် **"စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှု အခြေခံကောင်းများ ပိုမိုဖြစ်ပေါ်စေခြင်းမှတစ်ဆင့် စက်မှုဖွံ့ဖြိုးမှုဆီသို့"** ဟူ၍ ချဉ်းကပ် အကောင်အထည်ဖော်ဆောင်ရွက်မည် ဖြစ်ပါသည်။ စက်မှုထူထောင်ရေးဆီသို့ ဦးတည်သော်လည်း လယ်ယာထုတ်ကုန်များကို ဆင့်ကိုးတန်ဖိုးမြှင့်တင် ထုတ်လုပ်နိုင်ရန်၊ စက်မှုကဏ္ဍအတွက် လိုအပ်သော ကုန်ကြမ်းသွင်းအားစုများ ဖြစ်ပေါ်စေရေး၊ ပြည်တွင်း စားသုံးမှုဖူလုံစေရေးနှင့် ဝယ်လိုအားရှိသည့် ပို့ကုန်ဈေးကွက်အတွက် ပိုမိုစီးပွားဖြစ်စေသော စိုက်ပျိုးရေးထုတ်ကုန်နှင့် သီးနှံများထုတ်လုပ်ပေးခြင်းတို့အတွက် လယ်ယာကဏ္ဍအား ခေတ်မီစက်မှုလယ်ယာသို့ ကူးပြောင်းရေး၊ စိုက်ပျိုးရေးကဏ္ဍ ထုတ်လုပ်နိုင်စွမ်းတိုးတက်ရေးတို့အား အကောင်အထည်ဖော်ဆောင်ရန် ဖြစ်ပါ သည်။

ဒုတိယကာလတို (၅) နှစ် စီမံကန်းကာလအတွင်း မြန်မာနိုင်ငံ၏ စီးပွားရေးကဏ္ဍအား ဖွံ့ဖြိုးတိုးတက်စေရန် စိုက်ပျိုးရေး၊ စက်မှုဖွံ့ဖြိုးရေး၊ စွမ်းအင်၊ ကုန်သွယ်မှုနှင့် ခရီးသွားလုပ်ငန်းတို့အား ချဉ်းကပ်ကာ ဝန်ဆောင်မှုကဏ္ဍကိုလည်း အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးစေရန် ဆောင်ရွက်ရေးတို့ပါဝင်ပါသည်။

### ၄-၁။ စိုက်ပျိုးရေး

ထွန်းသစ်စနိုင်ငံများတွင် လယ်ယာကဏ္ဍ၏ အရေးပါမှုကျဆင်းလာသော်လည်း လယ်ယာလုပ်ငန်းသည် တိမ်ကောသွားတော့မည့်လုပ်ငန်းတစ်ခုမဟုတ်ကြောင်းကို ထိုင်း၊ မလေးရှားနှင့် ဗီယက်နမ်အတွေ့အကြုံများက ပြဆိုနေသည်။ သို့သော်လည်း စီးပွားရေးအဆောက်အအုံ အသေအချာ အသွင်ကူးပြောင်းလာခြင်းနှင့်အတူ စက်မှုနိုင်ငံများ ကြုံတွေ့ခဲ့ရသည့်အတိုင်း လယ်ယာကဏ္ဍတွင် လုပ်သားအသုံးပြုမှု လျော့ကျလာမည်ဖြစ်ပြီး

လယ်ယာလုပ်ငန်းမှ လျှံထွက်လာသောလုပ်သားများကို စက်မှုနှင့်ဝန်ဆောင်မှုကဏ္ဍများဆီသို့ လွှဲပြောင်းပေးသွားမည်ဖြစ်သည်။ မြန်မာနိုင်ငံ၏ စက်မှုထူထောင်ရေးနှင့် အသွင်ကူးပြောင်းရေးမှာ ကနဦးအဆင့်တွင်သာ ရှိနေသေးသဖြင့်လယ်ယာကဏ္ဍသည် နိုင်ငံစီးပွားရေးတွင် ထုတ်လုပ်မှု၊ ပို့ကုန်နှင့် အလုပ်အကိုင်ဖန်တီးမှုတို့ဖြင့် အထောက်အပံ့ပြုနေမည့်အရေးပါသော ကဏ္ဍအဖြစ် ဆက်လက်တည်ရှိနေဦးမည်ဖြစ်သည်။

## (က) ခေတ်မီ စက်မှုလယ်ယာ ကူးပြောင်းရေးနှင့် စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကို ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြား စီးပွားရေးကဏ္ဍများကို ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရန်မူဝါဒဖြင့် လယ်ယာ ထုတ်ကုန် တိုးတက်ရေး၊ အရည်အသွေးပြည့်ဝရေးရှိလာစေရန် စက်မှုလယ်ယာများဖော်ထုတ်၍ စက်မှု ကုန်ကြမ်းသီးနှံများ တိုးတက်ထွက်ရှိရေး၊ စံချိန်စံညွှန်းများနှင့်အညီ ထုတ်လုပ်နိုင်ရေး၊ ပို့ကုန် တင်ပို့မှု တိုးတက်တင်ပို့နိုင်ရေးဆောင်ရွက်လျက်ရှိပါသည်။

စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး၏ ၃၀ ရာခိုင်နှုန်းသည် စိုက်ပျိုးရေး ထုတ်ကုန်ဖြစ်ပြီး စုစုပေါင်းလုပ်သားအင်အားထု၏ ၆၁ ရာခိုင်နှုန်းပါဝင်ဆောင်ရွက်နေကြသည်။ စိုက်ပျိုးရေးထုတ်ကုန်သည် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် တွက်ချက်မှုအရ စုစုပေါင်း ပို့ကုန်၏ (၁၉.၉) ရာခိုင်နှုန်း အကျုံးဝင်ခြင်းကြောင့် အလွန်အရေးပါသည့် ကဏ္ဍတစ်ရပ် ဖြစ်ပါသည်။ သို့သော် စိုက်ပျိုးရေးအထွက်နှုန်းနှင့် ဆင့်တက်ထုတ်ကုန် ထုတ်လုပ်မှုသည် အခြား အာဆီယံနိုင်ငံများနှင့် နှိုင်းယှဉ်ပါက အလွန်နည်းပါးလျက် ရှိပါ သည်။ ၂၀၀၉ ခုနှစ် အာဆီယံနိုင်ငံများ၏ လယ်ယာကုန်ထုတ်စွမ်းအား အခြေအနေကို ဇယား (၄-၁) တွင် ဖော်ပြထားပါသည်။ မလေးရှားနိုင်ငံ၏ လယ်ယာလုပ်သား ထုတ်လုပ်မှုစွမ်းအားသည် ထူးခြားစွာ မြင့်မားနေပြီး တစ်ဦးကျထုတ်လုပ်မှု ဒေါ်လာ ၁၁,၃၇၀ အထိရှိပါသည်။ အင်ဒိုနီးရှား၊ ထိုင်းနှင့်ဖိလစ်ပိုင်တို့တွင်မူ ဒေါ်လာ ၁,၅၀၀ ဝန်းကျင်သာရှိပြီး ကမ္ဘောဒီးယား၊ လာအိုနှင့် ဗီယက်နမ်တို့တွင် ဒေါ်လာ ၇၀၀-၈၀၀ ဝန်းကျင်ရှိသည်။ မြန်မာနိုင်ငံ၏ လယ်ယာလုပ်သားထုတ်လုပ်မှုစွမ်းအားမှာ ဒေါ်လာ ၃၀၀ မျှသာ ရှိသဖြင့် နိမ့်ကျနေခဲ့သည်။

## ဇယား ၄-၁
## အာဆီယံနိုင်ငံများ၏ လယ်ယာကုန်ထုတ်စွမ်းအားအခြေအနေ

| နိုင်ငံ | စုစုပေါင်း ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (GDP)တွင် ပါဝင်မှုတန်ဖိုး | လယ်ယာကဏ္ဍတွင် ပါဝင်ဆောင်ရွက်သည့် လူဦးရေစုစုပေါင်း (ထောင်ပေါင်း) | စိုက်ပျိုးမြေဧရိယာ (ဧကထောင်ပေါင်း) | လုပ်သား၏ ထုတ်လုပ်နိုင်စွမ်း | မြေယာ၏ ထုတ်လုပ်နိုင်စွမ်း | လုပ်သားတစ်ဦးလျှင် အသုံးပြုသည့် မြေဧက |
|---|---|---|---|---|---|---|
| | (၁) | (၂) | (၃) | (၄)=(၁)/(၂) | (၅)=(၁)/(၃) | (၆)=(၃)/(၂) |
| ကမ္ဘောဒီးယား | ၃,၄၈၄ | ၄,၈၉၅ | ၅,၅၅၅ | ၇၁၂ | ၆၂၇ | ၁.၁၃ |
| အင်ဒိုနီးရှား | ၈၂,၅၀၃ | ၄၉,၅၁၃ | ၅၃,၆၀၀ | ၁,၆၆၆ | ၁,၅၃၉ | ၁.၀၈ |
| မလေးရှား | ၁၈,၆၄၆ | ၁,၆၄၀ | ၇,၈၇၀ | ၁၁,၃၇၀ | ၂,၃၆၉ | ၄.၈၀ |
| မြန်မာ | ၅,၅၉၈ | ၁၈,၆၁၃ | ၁၂,၄၁၁ | ၃၀၁ | ၄၅၁ | ၀.၆၇ |
| ထိုင်း | ၃၀,၂၃၄ | ၁၉,၄၉၄ | ၁၉,၇၉၅ | ၁,၅၅၀ | ၁,၅၂၇ | ၁.၀၂ |
| ဗီယက်နမ် | ၂၀,၃၂၀ | ၂၉,၃၀၂ | ၁၀,၂၇၂ | ၆၉၄ | ၁,၉၇၈ | ၀.၃၅ |
| ဖိလစ်ပိုင် | ၂၂,၀၁၉ | ၁၃,၃၃၆ | ၁၁,၉၅၀ | ၁,၆၅၁ | ၁,၈၄၃ | ၀.၉၀ |
| လာအို | ၁,၉၂၉ | ၂,၃၀၀ | ၂,၃၄၆ | ၈၃၅ | ၈၂၂ | ၁.၀၂ |
| စုစုပေါင်း | ၁၈၄,၇၃၄ | ၁၃၉,၁၀၄ | ၁၂၃,၇၉၉ | ၁,၃၂၈ | ၁,၄၉၂ | ၀.၈၉ |

**ရင်းမြစ်။ မြန်မာဘက်စုံဖွံ့ဖြိုးရေးမျှော်မှန်းချက် (Myanmar Comprehensive Development Vision)**

လယ်ယာကုန်ထုတ်စွမ်းအားအနေဖြင့် အာဆီယံနိုင်ငံများအကြား အုပ်စုနှစ်ခုရှိပြီး ပထမအုပ်စုမှာ မလေးရှား၊ အင်ဒိုနီရှား၊ ထိုင်း၊ ဗီယက်နမ်နှင့် ဖိလစ်ပိုင်တို့ဖြစ်ပြီး ၎င်းနိုင်ငံများ၏ မြေယာကုန်ထုတ်စွမ်းအားမှာ တစ်ဟက်တာလျှင် ဒေါ်လာ ၁,၅၀၀-၂,၀၀၀ ဝန်းကျင်ရှိကြသည်။ ဒုတိယအုပ်စုတွင် ကမ္ဘောဒီးယား၊ မြန်မာနှင့် လာအိုတို့ ပါဝင်ပြီး မြေယာကုန်ထုတ်စွမ်းအားမှာ တစ်ဟက်တာလျှင် ဒေါ်လာ ၁,၀၀၀ အောက်တွင်သာရှိသည်။ ၎င်းတို့အနက် မြန်မာနိုင်ငံသည် ၄၅၁ ဒေါ်လာသာရှိပြီး သိသိသာသာနိမ့်ကျလျက်ရှိပါသည်။ ထို့ကြောင့် အရှေ့တောင်အာရှနိုင်ငံများနှင့် နှိုင်းယှဉ်ပါက စိုက်ပျိုးထုတ်လုပ်မှုနှင့် အထွက်နှုန်းတိုးတက်စေရန် တွန်းအားပေး ဆောင်ရွက်ရမည်ဖြစ်ပါသည်။

လယ်ယာကဏ္ဍတွင် ဆောင်ရွက်လျက်ရှိသည့် လုပ်သားအင်အားစုများကို အခြားသော ကဏ္ဍများ၊ အထူးသဖြင့် ကုန်ထုတ်လုပ်ငန်းများ၊ အပြည်ပြည်ဆိုင်ရာ လုပ်သားရွှေ့ပြောင်းမှု ဖြစ်စဉ်များ၏ ဆွဲဆောင်မှုများကြောင့် လုပ်သားအင်အား ရွှေ့ပြောင်းမှုများ ဖြစ်ပေါ်နိုင်မည်ဖြစ်၍ မြန်မာ့လယ်ယာကဏ္ဍတိုးတက်မှုအတွက် သာမန်လုပ်သားသွင်းအားစုအပေါ်တွင် မှီခိုနေ၍ ရနိုင်တော့မည်မဟုတ်ပေ။ ထို့ကြောင့် မြန်မာ့လယ်ယာကဏ္ဍဖွံ့ဖြိုး

တိုးတက်ပြီး အရည်အသွေးမြင့်ထုတ်ကုန်နှင့် အဆင့်မြင့် ထုတ်လုပ်မှုလုပ်ငန်းစဉ်များဆီသို့ ဦးတည်နိုင်ရန်အတွက် အောက်ပါတို့ကို ဦးစားပေးဆောင်ရွက်သွားရမည်ဖြစ်ပါသည်။

- **စိုက်ပျိုးမြေ ချဲ့ထွင်ခြင်း၊**
- **လုပ်သားနှင့် မြေယာကုန်ထုတ်စွမ်းအားမြှင့်တင်ပေးခြင်း၊**
- **ထုတ်လုပ်မှုစွမ်းအား (Total Factor Productivity-TFP) တိုးမြှင့်ပေးခြင်း**

မြန်မာနိုင်ငံသည် အရည်အသွေးနိမ့်ကနဦး လယ်ယာထွက်ကုန်များကို တင်ပို့နေပြီး ပြုပြင်ထုတ်လုပ်ထားသော စားသောက်ကုန်များကို ပြန်လည်တင်သွင်းနေရသည့်နိုင်ငံတစ်ခု အဖြစ်မှ အဆင့်မီမျိုးစေ့များ၊ လယ်ယာကဏ္ဍ စီမံခန့်ခွဲမှု၊ တိုးတက်သော ရိတ်သိမ်း ချိန်လွန် နည်းစနစ်၊ ပြုပြင်ထုတ်လုပ်ခြင်းနှင့် ဈေးကွက်တင်ရောင်းချခြင်းတို့ဖြင့် အရည် အသွေးမြင့် လယ်ယာထွက်ကုန်များရရှိရန်၊ ဈေးကွက်ဝယ်လိုအားအပေါ်မူတည်၍ သီးနှံအမျိုးအစား ပြောင်းလဲထုတ်လုပ်နိုင်ရန် ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ဝမ်းစာဖူလုံရေးအတွက် ဆန်စပါး စိုက်ပျိုးထုတ်လုပ်မှုကို ဆက်လက်လုပ်ကိုင်နေစဉ်မှာပင် ဈေးကွက်၏ တောင်းဆိုမှု အပေါ် မူတည်၍ ပိုမိုတန်ဖိုးမြင့်သီးနှံများနှင့် စားသောက်ကုန်များကို ပြောင်းလဲထုတ်လုပ်ရန် အခွင့်အလမ်းများအား အကောင်အထည်ဖော်ဆောင်ရန်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ဒုတိယကာလတို (၅) နှစ် စီမံကိန်းအတွင်း စက်မှုလယ်ယာဖော်ထုတ်မှုကို အရှိန်အဟုန်မြင့်ဆောင်ရွက်ရန် ရည်မှန်းထားရှိပါသည်။ ၎င်းမှတစ်ဆင့် **လယ်ယာကဏ္ဍ ထုတ်ကုန်များကို စက်မှုကဏ္ဍနှင့် ချိတ်ဆက်၍ လယ်ယာမှသည် စက်မှုဆီသို့ (Farm to Firm) အသွင်ပြောင်းနိုင်ရေး** ဆောင်ရွက်မည်ဖြစ်ပါသည်။ ထိုသို့ဆောင်ရွက်ရာတွင် မြေယာ အသုံးချမှုစနစ်တကျရှိစေရေးနှင့် နည်းပညာဖောင်းပေးမဟာဗျူဟာများ၊ စီမံကိန်းများ ချမှတ်ကာ လက်တွေ့ အကောင်အထည်ဖော်ခြင်းဖြင့် တိုးပွားလာသော လူဦးရေ၏ စားဝတ်နေရေးကို ဖြည့်ဆည်းပေးရန်၊ လယ်ယာကဏ္ဍ ပို့ကုန်များတိုးမြှင့်ရန်နှင့် အလုပ် အကိုင်များ ဖန်တီးပေးရန်ကိုလည်း အလေးထားမည်ဖြစ်သည်။

### (ခ) အောင်မြင်သော စက်မှုလယ်ယာ ဖော်ထုတ်ရေး

မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းများကို လုပ်သားအခြေပြုထုတ်လုပ်ခြင်းမှ ခေတ်မီ စက်ကိရိယာများ ပြောင်းလဲအသုံးပြုထုတ်လုပ်၍ စက်မှုလယ်ယာဖော်ထုတ်ခြင်းဖြင့် ကုန်ကျ

စရိတ်နည်းပါးခြင်း၊ အချိန်တိုတိုဖြင့် ထုတ်လုပ်မှုကို တိုးမြှင့်နိုင်ခြင်း၊ ကျေးလက်နေပြည်သူများ၏ လူနေမှုအဆင့်အတန်း မြင့်မားစေခြင်းနှင့် ဆင်းရဲမှုကို ကျဆင်းစေခြင်း၊ တိုင်းပြည်ဝင်ငွေတိုးတက်စေခြင်းစသည့် အကျိုးကျေးဇူးများ ရရှိမည်ဖြစ်ပါသည်။

မြန်မာနိုင်ငံတွင် လက်ရှိအားဖြင့် စုစုပေါင်းစက်မှုလယ်ယာ ၂၅၂၃၆ ဟက်တာ (ပထမကာလတို ၅ နှစ်စီမံကိန်း- ၂၀၁၁ ခုနှစ် မှ ၃၁.၁၀.၂၀၁၅ အထိ) အကောင်အထည်ဖော်လုပ်ဆောင်လျက်ရှိပါသည်။

စက်မှုလယ်ယာဖော်ဆောင်ရာတွင် ရင်ဆိုင်ရသော အဓိကပြဿနာမှာ လယ်ယာလုပ်ကွက်သေးငယ်ခြင်း၊ တောင်သူတစ်ဦးချင်း ပိုင်ဆိုင်သည့် မြေယာနည်းပါးခြင်းနှင့် ရှေးရိုးနည်းလမ်းများကိုသာ အသုံးပြုစိုက်ပျိုးကြခြင်းတို့ ဖြစ်ပါသည်။ ထို့ကြောင့် **စိုက်ပျိုးနိုင်သောမြေဧရိယာ တိုးချဲ့ဖော်ထုတ်ခြင်း၊ ခေတ်မီစက်ယန္တရားနှင့် နည်းပညာအသုံးပြုမှုစွမ်းရည်နှင့် ပမာဏတိုးမြှင့်ခြင်း၊ လုပ်သားနှင့်မြေယာကုန်ထုတ်စွမ်းအား မြှင့်တင်ပေးခြင်း၊ ထုတ်လုပ်မှုစွမ်းအား (Total Factor Productivity-TFP) တိုးမြှင့်ပေးခြင်းတို့ကို ဆောင်ရွက်ရန်ဖြစ်ပါသည်။**

**(၁) စက်ယန္တရားအသုံးပြုမှု**

မြန်မာနိုင်ငံတွင် စက်စွမ်းအား အသုံးပြုနိုင်မှုမှာ တစ်ဟက်တာလျှင် မြင်းကောင်ရေ ၀.၇ နှင့် ၀.၈ သာရှိသောကြောင့် ကိုရီးယားနှင့် ဂျပန်နိုင်ငံတို့တွင် အသုံးပြုနိုင်သည့် တစ်ဟက်တာ အသုံးပြုနိုင်မှု မြင်းကောင်ရေအား ၄ နှင့် ၇ တို့နှင့် နှိုင်းယှဉ်ပါက လွန်စွာနည်းပါးပါသည်။ လက်ရှိ မြန်မာ့လယ်ယာလုပ်ငန်းတွင် အသုံးပြုနေသော စက်ပစ္စည်းများမှာ ပြန်လည်ပြုပြင်မွမ်းမံထားသည့် စက်ပစ္စည်းများ၊ တစ်နည်းအားဖြင့် အသုံးပြုပြီး စက်ပစ္စည်းများ (Used Mechines) နှင့် စက်ပစ္စည်းအဟောင်းများသာ ဖြစ်ပါသည်။ ဆန်စပါးအထူးပြုကုမ္ပဏီများအနေဖြင့် ထွန်ယက်သည်မှစ၍ စိုက်ပျိုးပြီးစီးသည်အထိ စက်ကိရိယာပံ့ပိုးမှုများ ဆောင်ရွက်ပေးနေသော်လည်း လုံလောက်စွာ ပံ့ပိုးပေးနိုင်မှု မရှိသေးပါ။ နိုင်ငံတော်အနေဖြင့် ကျေးရွာ ၂၃ ရွာတွင် စက်ကိရိယာအသုံးပြု စံပြစိုက်ခင်း ဟက်တာ ၁၀,၀၀၀ ကျော်ကိုသာ ထူထောင်ပေးနိုင်ခဲ့သေးသဖြင့် တစ်နိုင်ငံလုံး အတိုင်း အတာအားဖြင့် လွန်စွာနည်းပါးနေပါသည်။ ထို့ကြောင့် ဒုတိယကာလတို (၅) နှစ်စီမံကိန်း ကာလအတွင်းတွင် အောက်ပါ တို့ကို ဆောင်ရွက်ရန် ဖြစ်ပါသည်။

- ခေတ်မီ လယ်ယာသုံး စက်ကိရိယာများ တိုးချဲ့ဝယ်ယူအသုံးပြုခြင်း၊
- စက်ကိရိယာများကိုစနစ်တကျအသုံးပြုနိုင်စေရန်လယ်လုပ်သားများအား လက်တွေ့သင်တန်းပို့ချခြင်းလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်ခြင်း၊
- တောင်သူလယ်သမားများအနေဖြင့် လယ်ယာသုံးစက်ကိရိယာများကို တစ်နှစ်ထက် တစ်နှစ်တိုးတက် သုံးစွဲလာစေခြင်းနှင့်
- စက်ကိရိယာများအရစ်ကျဈေးငွေစနစ်ဖြင့် တိုးတက်ဝယ်ယူရရှိစေခြင်း၊

**ဇယား ၄-၂**

**လယ်ယာသုံးစက်ကိရိယာများ အရစ်ကျစနစ်ဖြင့် ဖြန့်ဖြူးရောင်းချမှုနှင့် တောင်သူများအား သင်တန်းပို့ချမှု ရည်မှန်းချက်**

| စက်ကိရိယာ အမျိုးအမည် (စီးရေ) | ၂၀၁၆-၂၀၁၇ | ၂၀၁၇-၂၀၁၈ | ၂၀၁၈-၂၀၁၉ | ၂၀၁၉-၂၀၂၀ | ၂၀၂၀-၂၀၂၁ | စုစုပေါင်း |
|---|---|---|---|---|---|---|
| ထွန်စက်ကြီး | ၁၄၀ | ၁၅၀ | ၂၀၀ | ၂၄၀ | ၂၇၀ | ၁,၀၀၀ |
| လက်တွန်းထွန်စက် | ၇,၆၀၀ | ၈,၃၀၀ | ၈,၉၀၀ | ၉,၃၅၀ | ၉,၇၀၀ | ၄၃,၈၅၀ |
| စပါးရိတ်သိမ်းခြွေလှေ့စက် | ၄၀ | ၅၀ | ၈၀ | ၁၀၀ | ၁၂၀ | ၃၉၀ |
| ခြွေလှေ့စက် | ၂၂၀ | ၂၅၀ | ၂၇၀ | ၃၁၀ | ၃၆၀ | ၁၄၁၀ |

**ရင်းမြစ်။** လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

**မှတ်ချက်။** လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနမှ ရောင်းချရန် ရည်မှန်းထားခြင်းဖြစ်ပါသည်။

**ဇယား ၄-၃**

**တောင်သူများအား သင်တန်းပို့ချရန် ရည်မှန်းချက်**

| စဉ် | သင်တန်းအမျိုးအမည် | ဒုတိယ ကာလတို (၅)နှစ် စီမံကိန်း လျာထားချက် | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ၂၀၁၆-၂၀၁၇ | | ၂၀၁၇-၂၀၁၈ | | ၂၀၁၈-၂၀၁၉ | | ၂၀၁၉-၂၀၂၀ | | ၂၀၂၀-၂၀၂၁ | | စုစုပေါင်း | |
| | | အကြိမ် | ဦးရေ | အကြိမ် | ဦးရေ | အကြိမ် | ဦးရေ | အကြိမ် | ဦးရေ | အကြိမ် | ဦးရေ | အကြိမ် | ဦးရေ |
| ၁ | လယ်ယာသုံးစက်ကိရိယာ မောင်းနှင်ထိန်းသိမ်းမှု(အထူး) သင်တန်း(ဗဟိုသင်တန်းကျောင်းများ) | ၆ | ၇၀၀ | ၆ | ၈၀၀ | ၇ | ၉၀၀ | ၇ | ၁၀၀၀ | ၇ | ၁၁၀၀ | ၃၃ | ၄၅၀၀ |
| ၂ | ရိတ်သိမ်းခြွေလှေ့စက် မောင်းနှင် ထိန်းသိမ်း မှု (အထူး) သင်တန်း (ဗဟိုသင်တန်းကျောင်းများ) | ၂ | ၃၀၀ | ၃ | ၄၀၀ | ၃ | ၅၀၀ | ၃ | ၆၀၀ | ၃ | ၇၀၀ | ၁၄ | ၂၅၀၀ |
| ၃ | လယ်ယာသုံးစက်ကိရိယာ မောင်းနှင် ထိန်းသိမ်းမှု (အခြေခံ) သင်တန်း (တိုင်းဒေသကြီးနှင့် ပြည်နယ်များ) | ၈၀ | ၂၄၀၀ | ၉၀ | ၂၇၀၀ | ၉၀ | ၂၇၀၀ | ၁၀၀ | ၃၀၀၀ | ၁၀၀ | ၃၀၀၀ | ၄၆၀ | ၁၃၈၀၀ |
| ၄ | ရိတ်သိမ်းခြွေလှေ့စက် မောင်းနှင် ထိန်းသိမ်းမှု(အခြေခံ) သင်တန်း (တိုင်းဒေသကြီးနှင့် ပြည်နယ်များ) | ၃၀ | ၆၀၀ | ၄၀ | ၈၀၀ | ၅၀ | ၁၀၀၀ | ၆၀ | ၁၂၀၀ | ၇၀ | ၁၄၀၀ | ၂၅၀ | ၅၀၀၀ |
| | စုစုပေါင်း | ၁၁၈ | ၄၀၀၀ | ၁၃၉ | ၄၇၀၀ | ၁၅၀ | ၅၁၀၀ | ၁၇၀ | ၅၈၀၀ | ၁၈၀ | ၆၂၀၀ | ၇၅၇ | ၂၅၈၀၀ |

ရင်းမြစ်။ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

## (၂) မြေယာပြုပြင်ပြောင်းလဲရေး

စက်မှုလယ်ယာစနစ်ကျ လယ်ယာမြေဖော်ထုတ်ခြင်းလုပ်ငန်းကို ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလတွင် စတင်လုပ်ဆောင်ခဲ့ပါသည်။ လယ်ယာသုံး စက်ကိရိယာများ တွင်ကျယ်စွာ အသုံးပြုနိုင်မည့် လယ်ကွက်များ ဖြစ်ပေါ်လာစေရန်အတွက် တစ်ဆက် တစ်စပ်တည်း ထွန်ယက်စိုက်ပျိုးနိုင်သော လယ်ကွက်ကျယ်များဖြစ်ထွန်းလာစေရန်၊ ရေသွင်း ရေထုတ်လွယ်ကူသည့် လယ်ကွင်းများ ဖြစ်ပေါ်လာစေရန်၊ ကုန်ထုတ်လမ်းများ ပါဝင်သော စနစ်ကျလယ်ကွက်များ ဖော်ထုတ်ရန်နှင့် လေလွင့်ဆုံးရှုံးမှုလျော့နည်းပြီး အရည်အသွေး ကောင်း လယ်ယာထုတ်ကုန်များ တိုးတက်ထုတ်လုပ်နိုင်စေရန် ဖြစ်ပါသည်။

စက်မှုလယ်ယာစနစ်ကျ လယ်ယာမြေ ဖော်ထုတ်ခြင်းလုပ်ငန်း ပိုမိုတိုးတက် ကောင်းမွန်လာစေရေးအတွက် တောင်သူလယ်သမားများ၏ ထွန်ယက်ရေးနှင့် ရိတ်သိမ်း

ခြွေလှေ့ရေးလုပ်ငန်းများတွင် အငှားစနစ်ဝန်ဆောင်မှုပေးခြင်း၊ စနစ်ကျစက်မှု လယ်ယာမြေများ ဖော်ထုတ်ခြင်း၊ ရွှေ့ပြောင်းတောင်ယာစနစ် ပပျောက်ရေးအတွက် ကုန်းမြင့်လယ်ယာမြေ ဖော်ထုတ်ခြင်းလုပ်ငန်းများကို ဘဏ္ဍာနှစ်အလိုက် အောက်ပါအတိုင်း အကောင်အထည်ဖော်ဆောင်ရွက်သွားရန် ရည်မှန်းထားပါသည်။

**ဇယား ၄-၄**
**မြေယာပြုပြင်ရေး လျာထားချက်နှင့်**
**စက်ကိရိယာ သုံးစွဲရေး ရည်မှန်းချက်**

| လုပ်ငန်း | ၂၀၁၆-၂၀၁၇ | ၂၀၁၇-၂၀၁၈ | ၂၀၁၈-၂၀၁၉ | ၂၀၁၉-၂၀၂၀ | ၂၀၂၀-၂၀၂၁ | စုစုပေါင်း |
|---|---|---|---|---|---|---|
| မြေယာပြုပြင်ခြင်း ဝန်ဆောင်မှု(ကေလျှာသိန်း) | ၈.၈၅ | ၁၁.၁၀ | ၁၃.၃၅ | ၁၅.၆၀ | ၁၇.၈၅ | ၆၆.၇၅ |
| ရိတ်သိမ်းခြွေလှေ့ခြင်းဝန်ဆောင်မှု (ကေသိန်း) | ၀.၄၂ | ၀.၅၈ | ၀.၇၂ | ၀.၈၆ | ၁.၀၀ | ၃.၅၈ |
| ကောက်စိုက်စက်ဖြင့်ဝန်ဆောင်မှု (ဧက) | ၇၀၀၀ | ၁၁၀၀၀ | ၁၄၀၀၀ | ၁၇၀၀၀ | ၂၀၀၀၀ | ၆၉၀၀၀ |
| စနစ်ကျစက်မှုလယ်ယာမြေ ဖော်ထုတ်ခြင်း (ဧက) | ၃၅၅၀၀ | ၁၄၀၀၀ | ၁၂၉၀၀ | ၁၃၀၅၀ | ၁၃၃၅၀ | ၈၈၈၀၀ |
| ကုန်းမြင့်လယ်ယာမြေ ဖော်ထုတ်ခြင်း (ဧက) | ၇၅၀ | ၈၀၀ | ၇၇၀ | ၈၀၀ | ၈၀၀ | ၃၉၂၀ |

**ခာစ်မြစ်။** လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

**(၃) ဓာတ်မြေ ဩဇာနှင့် ပိုးသတ်ဆေးလိုအပ်ချက်**

ဓာတ်မြေဩဇာ အသုံးပြုမှုတွင် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်၌ နိုင်ငံခြားမှ မက်ထရစ်တန် (၈.၀၀၆) သိန်းတင်သွင်းခဲ့ပြီး ပြည်တွင်းမှ မက်ထရစ်တန် (၀.၃၅၃)သိန်း ထုတ်လုပ်သုံးစွဲခဲ့ရာ စုစုပေါင်းမက်ထရစ်တန် (၈.၃၅၉)သိန်း၊ အိတ်ပေါင်း (၁၆.၇၂) သန်း သုံးစွဲနိုင်ခဲ့ပါသည်။ စုစုပေါင်း သီးနှံစိုက်ဧကမှာ (၅၈.၃၆)သန်း ဖြစ်သည့်အတွက် တစ်ဧက ပျမ်းမျှသုံးစွဲမှုမှာ (၀.၂၈) အိတ်၊ (၄) ဧကလျှင် (၁)အိတ်နှုန်းသာ သုံးစွဲနိုင်ခဲ့ပါသည်။

အထွက်ကောင်းစပါးမျိုးများကို ကျယ်ပြန့်စွာစိုက်ပျိုးထုတ်လုပ်ရာတွင် ယင်းစပါးမျိုးများနှင့် လိုက်လျောညီထွေရှိစေမည့် ဓာတ်မြေဩဇာ အချိုးညီ စနစ်တကျ အသုံးပြုရန်နှင့် ပိုးသတ်ဆေးအသုံးပြုရန် လိုအပ်ပါသည်။ မြန်မာနိုင်ငံ၏ စပါးစိုက်ပျိုးမှုကို ကြည့်လျှင် မိုးစပါးဧက (၁၅) သန်း၊ နွေစပါး (၃) သန်း စုစုပေါင်း စိုက်ဧက (၁၈) သန်းအတွက် တစ်ဧကပန်းတိုင် အထွက်နှုန်းတင်း (၁၀၀) အထက် ထွက်ရှိရန် တစ်ဧကလျှင် ယူရီးယား၊

တီစူပါ၊ ပိုတက်ရှ် (သို့) ကွန်ပေါင်း (၃) အိတ်နှုန်း သုံးစွဲရန်လိုအပ်သဖြင့် **ဓာတ်မြေသြဇာ တန်ချိန် (၃) သန်းခန့် နှစ်စဉ်လိုအပ်ပါသည်။**

ဓာတ်မြေသြဇာအပြင် အကျိုးပြု အဏုဇီဝဖျော်ရည်ကို အသုံးပြု၍ ကြံမြုပ်ချေး၊ ဝါကြိတ်ဖတ်၊ တမာကြိတ်ဖတ်၊ ဆီအုန်းကြိတ်ဖတ်များကို အသုံးပြု၍ အဏုဇီဝမြေဆွေး ပြုလုပ်သုံးစွဲရေးအား ကျယ်ကျယ်ပြန့်ပြန့် ပညာပေးဆောင်ရွက်ရမည် ဖြစ်ပါသည်။ မြန်မာနိုင်ငံတွင် နှစ်စဉ်ဓာတ်မြေသြဇာ၊ ပိုးသတ်ဆေးလိုအပ်ချက်များကို အောက်ပါဇယား ဖြင့် ဖော်ပြအပ်ပါသည်။

**ဇယား ၄-၅**

**နှစ်စဉ် ဓာတ်မြေသြဇာ၊ ပိုးသတ်ဆေး လိုအပ်ချက်**

| အကြောင်းအရာ | ရေတွက်ပုံ | အရေအတွက် |
|---|---|---|
| ဓာတ်မြေသြဇာ | တန်ချိန် | ၃,၀၀၀,၀၀၀ |
| ပိုးသတ်ဆေး(အမှုန့်) | မက်ထရစ်တန် | ၇၂၁ |
| ပိုးသတ်ဆေး(အရည်) | မက်ထရစ်တန် | ၂,၃၁၈ |

ရင်းမြစ်။ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

**(၄) ရိတ်သိမ်းချိန်မတိုင်မီအချိန်နှင့် ရိတ်သိမ်းချိန်လွန်အခြေအနေ**

စိုက်ပျိုးသီးနှံ အထွက်နှုန်းတိုးစေရန်နှင့် အလေ့အလွင့်နည်းပါးစေရန်အတွက် ရိတ်သိမ်းချိန် မတိုင်မီ၊ ရိတ်သိမ်းချိန်နှင့် ရိတ်သိမ်းပြီးချိန်များတွင် စနစ်တကျ ပြုလုပ် ဆောင်ရွက်ရန် အရေးကြီးပါသည်။ မြေညှိခြင်း၊ ထယ်ထိုးခြင်း၊ ရေရအောင်ပြုလုပ်ခြင်းနှင့် မြေသြဇာထည့်သွင်းခြင်း၊ ပိုးသတ်ဆေးဖျန်းခြင်းနှင့် ရင့်မှည့်ချိန်အထိ စနစ်တကျ ဆောင်ရွက်ရမည့်အပြင် ရေပြည့်ရေလျှံမှုကာကွယ်ရန် ရေနုတ်မြောင်းငယ်များ ဖောက်လုပ် ပေးထားခြင်းနှင့် စီးဆင်းရန် မြောင်းငယ်များဖောက်လုပ်ထားခြင်းတို့ကို ဆောင်ရွက်ရမည် ဖြစ်ပါသည်။ ထို့ပြင် ကမ်းရိုးတန်းဒေသများတွင် ရေငန်များဝင်ရောက်လာပါက ပျိုးပင်များ ဆက်လက်ရှင်သန်နိုင်စေရန် ရေငန်ဒဏ်ခံနိုင်သော မျိုးကောင်းမျိုးသန့်များကို ရွေးချယ် စိုက်ပျိုးရပါမည်။ ရိတ်သိမ်းချိန်တွင် အလေအလွင့်အနည်းဆုံးဖြစ်စေရေးအတွက် သီးနှံ အလိုက် သင့်တင့်သည့်အချိန်တွင် ရိတ်သိမ်းခြင်း၊ ခြွေလှေ့စက်များကို အသုံးပြုခြင်းအပြင် သိုလှောင်ခြင်း၊ သယ်ယူပို့ဆောင်ခြင်းတို့ကိုလည်း စနစ်တကျဆောင်ရွက်ရန် ဖြစ်ပါသည်။

(ဂ) **ဒေသဆိုင်ရာ အားသာချက်များအလိုက် စိုက်ပျိုးရေးမှစက်မှုလုပ်ငန်းဖွံ့ဖြိုး တိုးတက်ရေး ဆောင်ရွက်ခြင်း**

မြန်မာနိုင်ငံသည် ပထဝီ အနေအထားအရ တောင်ကုန်း၊ တောင်တန်း၊ မြစ်၊ ချောင်း၊ အင်း၊ အိုင်ပေါများသော နိုင်ငံဖြစ်ပြီး ဒေသတစ်ခုနှင့် တစ်ခုထွက်ကုန်များသည်လည်း ရာသီဥတု၊ နယ်မြေဒေသပေါ်မူတည်၍ ကွဲပြားသည်။ ဒေသအလိုက် အားသာချက်များအပေါ် အခြေခံ၍ ကုန်စည်ထုတ်လုပ်ခြင်းမှတစ်ဆင့် ပီပြင်သော လယ်ယာကဏ္ဍ၊ စက်မှုကဏ္ဍများ အဖြစ် ဖော်ဆောင်နိုင်မည် ဖြစ်ပါသည်။

**ဇယား ၄-၆**

**မြန်မာနိုင်ငံ၏ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် အားသာချက်ရှိသည့် စိုက်ပျိုးသီးနှံ၊ တွင်းထွက်နှင့် လုပ်ငန်းများ**


| တိုင်းဒေသကြီးနှင့် ပြည်နယ် | လုပ်ငန်းများ |
|---|---|
| ကချင်ပြည်နယ် | ကျောက်စိမ်းနှင့်ရွှေ ၊ တွင်းထွက်သတ္တု |
| ကယားပြည်နယ် | ရေအားလျှပ်စစ် |
| ကရင်ပြည်နယ် | ရာဘာ၊ နယ်စပ်ဖြတ်ကျော် စက်မှုလုပ်ငန်းများ |
| ချင်းပြည်နယ် | နံ့စားသီးနှံများ၊ ပြောင်း |
| စစ်ကိုင်းတိုင်းဒေသကြီး | ဆန်၊ပဲမျိုးစုံ၊ ချည်ထည် |
| တနင်္သာရီတိုင်းဒေသကြီး | စွမ်းအင်၊သဘာဝဓာတ်ငွေ့၊ ရေထွက်ပစ္စည်း |
| ပဲခူးတိုင်းဒေသကြီး | ဆန်၊ စက်မှုလုပ်ငန်း |
| မကွေးတိုင်းဒေသကြီး | ပဲမျိုးစုံ၊ စားသုံးဆီ |
| မန္တလေးတိုင်းဒေသကြီး | ကူးသန်းရောင်းဝယ်ရေး၊အချက်အချာ ကျောက်မျက်ရတနာနှင့် စက်မှုလုပ်ငန်း |
| မွန်ပြည်နယ် | ရာဘာ၊ ဆီအုန်း |
| ရခိုင်ပြည်နယ် | ကမ်းလွန် ရေနံနှင့်သဘာဝဓာတ်ငွေ့ |
| ရှမ်းပြည်နယ် | လက်ဖက်စိုက်ပျိုးခြင်း၊ ဂရိတ်ဖရု၊ ဝိုင် |
| ရန်ကုန်တိုင်းဒေသကြီး | ကူးသန်းရောင်းဝယ်ရေး၊အချက်အချာ စက်မှုလုပ်ငန်း |
| ဧရာဝတီတိုင်းဒေသကြီး | ရေထွက်ပစ္စည်း၊ ဆန် |

**စာစ်မြစ်။ အမျိုးသားဘက်စုံဖွံ့ဖြိုးမှုစီမံကိန်း**

တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ထုတ်လုပ်မှု တိုးတက်နိုင်မည့် လုပ်ငန်းများကို ဆောင်ရွက်ရာတွင် ၂၀၁၅ ခုနှစ်အကုန်တွင် ဖြစ်ပေါ်လာမည့် အာဆီယံစီးပွားရေး အသိုက်အဝန်းအတွင်း ယှဉ်ပြိုင်နိုင်စွမ်းရှိရန် လုပ်ငန်းတူ၊ ထုတ်ကုန်တူ၊ ရည်မှန်းချက်တူသော စက်မှုလုပ်ငန်းများစုပေါင်း၍ Industrial Cluster များတည်ထောင်ခြင်း၊ စက်မှုလုပ်ငန်းကြီးများအတွက် လိုအပ်သော အထောက်အကူပေးနိုင်သည့် အထောက်အပံ့ စက်မှုလုပ်ငန်းစုနေရာ (Industrial Park) တည်ထောင်ရန်လည်း လိုအပ်ပါသည်။

## ပုံ ၄-၁
## စက်မှုလုပ်ငန်း အများဆုံးတည်ရှိသည့် တိုင်းဒေသကြီးနှင့်ပြည်နယ်များ
## (အရေအတွက် ၁၀ ရာခိုင်နှုန်း နှင့် အထက်)

အရေအတွက်





ရာခိုင်နှုန်း





စာစ်မြစ်။ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှု လက်မှုလုပ်ငန်းရှင်များအသင်းချုပ်

## ပုံ ၄-၂
## စက်မှုလုပ်ငန်း ဒုတိယအများဆုံးတည်ရှိသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များ
## (အရေအတွက် ၅ ရာခိုင်နှုန်းနှင့် ၁၀ရာခိုင်နှုန်းကြား)

အရေအတွက်





ရာခိုင်နှုန်း





စာစ်မြစ်။ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှု လက်မှုလုပ်ငန်းရှင်များအသင်းချုပ်

## ပုံ ၄-၃
## စက်မှုလုပ်ငန်းအနည်းဆုံးတည်ရှိသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များ (အရေအတွက် ၅ ရာခိုင်နှုန်း အောက်)

**အရေအတွက်**




**ရာခိုင်နှုန်း**




**ဘာစ်မြစ်။ ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှု လက်မှုလုပ်ငန်းရှင်များအသင်းချုပ်**

### (ဃ) သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်မှု (R & D)

အစွန်းထွက်နည်းပညာ အစားထိုးမှုနှုန်း (Marginal Rate of Technical Substitution -MRTS)၊ မြေယာပေါင်းစည်းခြင်း (Land Consolidation) ကို လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ စတင်ပြုလုပ်လျက်ရှိပါ သည်။ တောင်သူလယ်သမားများ ကြုံတွေ့ရသော ပြဿနာများကိုရှာဖွေပြီး လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ တင်ပြမှုပြုလုပ်ရပါသည်။ လူတစ်ဦးကျစီ ထုတ်လုပ်နိုင်မှုထက် အစွန်းထွက်ကုန်များကို နှိုင်းယှဉ်ပြီး တွေ့ရှိချက်ကို တင်ပြပါသည်။

မြန်မာနိုင်ငံရှိ တောင်သူအများစုသည် စက်ယန္တရားများ အလုံအလောက် ဝယ်ယူနိုင်ခြင်း မရှိသေးသဖြင့် ဂွားရမ်းအသုံးပြုနေရဆဲဖြစ်ပါသည်။ မိုးစပါးရိတ်သိမ်းချိန်သည် နောက်ကျလွန်းသောကြောင့် ဂျပန်ပညာရှင်များနှင့် နည်းလမ်းရှာဖွေပြီး စတင်အကောင်အထည်ဖော်လုပ်ဆောင်နေပြီဖြစ်ပါသည်။ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် ၂၀၁၃ ခုနှစ်တွင် စပ်မျိုးစပါးအား ကိုယ်ပိုင်နည်းဖြင့် ပြုလုပ်နိုင်ခဲ့ပါသည်။

အစားအစာဘေးကင်းမှု (Food Safety) အတွက် အရည်အသွေးထိန်းချုပ်ရန် (Quality Control) သာမက အာဟာရ (Nutrition) ပြည့်ဝရေးကိုပါ တိုင်းတာပါသည်။ "ကျန်းမာဘေးကင်း၍ အာဟာရပြည့်ဝသောအစားအစာ" (Food Security and Nutrition) ထုတ်လုပ်နိုင်ရန် ရည်ရွယ်၍ သုတေသန စိုက်ပျိုးခြံ (၂၄) ခြံဖြင့် သုတေသနပြု ဆောင်ရွက်လျက်ရှိသော်လည်း သုတေသန ဆက်စပ်ပစ္စည်းများ ဖြစ်သော လျှပ်စစ်မီး၊ အအေးခံသိုလှောင်ခန်းများနှင့် သုတေသနဆက်စပ်ပစ္စည်းများ အလုံအလောက်သုံးစွဲနိုင်ရန် အတွက် ထပ်မံဖြည့်ဆည်းပေးရန် လိုအပ်ပါသည်။

ဒုတိယကာလတို (၅)နှစ် စီမံကိန်းအတွင်း မြန်မာနိုင်ငံ၏ လူဦးရေ အခြေအနေ၊ စိုက်ပျိုးနိုင်သော မြေ အကျယ်အဝန်း၊ ထုတ်လုပ်မှုနှင့် စားသုံးမှု အပေါ်မူတည်၍ စပါး၊ ဆန်နှင့် ပဲအမျိုးမျိုး ထုတ်လုပ်မှု ပိုလျှံမှု ခန့်မှန်းတွက်ချက်မှုများကိုဖော်ပြပါဇယား (၄-၇) နှင့် (၄-၈) တို့တွင် လေ့လာတွေ့မြင်နိုင်ပါသည်။

**ဇယား ၄-၇**
**မြန်မာနိုင်ငံ၏ ဒုတိယ ကာလတို (၅)နှစ်စီမံကိန်းကာလအတွင်း**
**စပါးနှင့် ဆန် ပိုလို အခြေအနေ**

| ခုနှစ် | ထုတ်လုပ်ခြင်း | စားသုံးခြင်း | မျိုးသုံးစွဲမှု နှင့် အလေအလွင့် | စပါး ပိုလို (မက်ထရစ်တန် ) | ဆန် ပိုလို (မက်ထရစ်တန်) |
|---|---|---|---|---|---|
| ၂၀၁၆-၂၀၁၇ | ၃၀,၆၉၆,၁၅၄ | ၁၀,၇၆၁,၉၇၉ | ၁,၉၃၃,၁၆၃ | ၁၈,၀၀၁,၀၁၂ | ၈၆၅၄၃၃၃ |
| ၂၀၁၇-၂၀၁၈ | ၃၁,၀၇၉,၂၄၁ | ၁၀,၈၆၄,၈၃၀ | ၁,၉၃၅,၁၉၉ | ၁၈,၂၇၉,၂၁၂ | ၈၇၈၈၀၈၃ |
| ၂၀၁၈-၂၀၁၉ | ၃၁,၀၈၄,၈၅၇ | ၁၀,၉၆၈,၄၇၁ | ၁,၉၃၆,၁၆၁ | ၁၈,၁၈၀,၂၂၅ | ၈၇၄၀၄၉၃ |
| ၂၀၁၉-၂၀၂၀ | ၃၁,၂၄၇,၂၇၃ | ၁၁,၀၇၂,၈၇၈ | ၁,၉၃၈,၄၇၈ | ၁၈,၂၃၅,၉၁၇ | ၈၇၆၇၂၆၈ |
| ၂၀၂၀-၂၀၂၁ | ၃၁,၄၂၉,၀၃၉ | ၁၁,၁၇၈,၀၀၄ | ၁,၉၄၁,၀၁၇ | ၁၈,၃၁၀,၀၁၈ | ၈၈၀၂၈၉၃ |

**ဓာတ်မြစ်။ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**

ဇယား ၄-၈

## မြန်မာနိုင်ငံ၏ ဒုတိယကာလတို (၅)နှစ် စီမံကိန်းကာလအတွင်း ပဲအမျိုးမျိုး ပို့လို အခြေအနေ

| ခုနှစ် | ထုတ်လုပ်ခြင်း | စားသုံးခြင်း | မျိုးသုံးစွဲမှု | အလေအလွင့် | အသားတင် ပို့လို (မက်ထရစ်တန်) |
|---|---|---|---|---|---|
| ၂၀၁၆-၂၀၁၇ | ၄၁၄၂၇၈၀ | ၇၃၂၈၃၈ | ၁၁၈၈၂၆ | ၈၂၈၅၆ | ၃၂၀၈၂၆၀ |
| ၂၀၁၇-၂၀၁၈ | ၄၁၇၆၂၁၆ | ၇၃၉၈၄၂ | ၁၁၉၂၃၅ | ၈၃၅၂၄ | ၃၂၃၃၆၁၅ |
| ၂၀၁၈-၂၀၁၉ | ၄၂၂၂၈၀၂ | ၇၄၆၉၀၂ | ၁၁၉၆၅၂ | ၈၄၄၅၆ | ၃၂၇၁၇၉၁ |
| ၂၀၁၉-၂၀၂၀ | ၄၂၆၁၈၃၉ | ၇၅၄၀၁၀ | ၁၁၉၉၉၅ | ၈၅၂၃၇ | ၃၃၀၂၅၉၈ |
| ၂၀၂၀-၂၀၂၁ | ၄၃၀၃၂၆၀ | ၇၆၁၁၇၀ | ၁၂၀၄၁၉ | ၈၆၀၆၅ | ၃၃၃၅၆၀၅ |


**ဇာစ်မြစ်။** လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

## (င) မြန်မာ့ အသေးစားနှင့်အလတ်စား စက်မှုလက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး မဟာဗျူဟာ

အသေးစားနှင့် အလတ်စားစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှုသည် စက်မှုလယ်ယာစနစ်ကို အကောင်အထည်ဖော်ရာတွင် မရှိမဖြစ်အရေးပါသော လုပ်ငန်းများဖြစ်သောကြောင့် အသေးစားနှင့် အလတ်စားစက်မှုလုပ်ငန်းများ လိုအပ်သည့်အရင်းအနှီးနှင့် နည်းပညာများ ဖြည့်ဆည်းပေးခြင်း၊ မူဝါဒနှင့်နည်းဥပဒေများ ပြဋ္ဌာန်းပေးခြင်း၊ တီထွင်မှုကို တွန်းအားပေးခြင်း၊ အခြေခံအဆောက်အအုံများဖန်တီးပေးခြင်း၊ ဈေးကွက်ရှာဖွေပေးခြင်း တို့ကို ဆောင်ရွက်ပေးရမည် ဖြစ်ပါသည်။

## ပုံ ၄-၄

## အသေးစားနှင့် အလတ်စားစက်မှု လက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှုပုံစံငယ်




စာစ်မြစ်။အသေးစားနှင့် အလတ်စားစက်မှု လက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဌာန (၂၀၁၄)

မြန်မာနိုင်ငံတွင် အလုပ်သမားကော်မတီ၏ ညွှန်ကြားချက်အောက်၌ စက်မှုဝန်ကြီးဌာနသည် အခြားသောဝန်ကြီးဌာနများနှင့် ပူးပေါင်း၍ အသေးစားနှင့် အလတ်စားစက်မှု လက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဌာနကို ဖွဲ့စည်းခဲ့ပြီး အသေးစားနှင့် အလတ်စား စက်မှုလက်မှုလုပ်ငန်းများ ဖွံ့ဖြိုး တိုးတက်ရေး မဟာဗျူဟာ ချမှတ်ရေးဆွဲခဲ့ပါသည်။

ဇယား ၄-၉
အသေးစားအလတ်စား စက်မှုလက်မှုလုပ်ငန်းများ
ဖွံ့ဖြိုးတိုးတက်မှုမူဝါဒ အကောင်အထည်ဖော်ခြင်းအတွက်
တာဝန်ရှိ အဖွဲ့အစည်းများ

| စဉ် | အဖွဲ့အစည်း | အခန်းကဏ္ဍ |
|---|---|---|
| ၁ | စက်မှုဝန်ကြီးဌာန | ခေါင်းဆောင်အဖွဲ့ |
| ၂ | သက်ဆိုင်ရာဝန်ကြီးဌာနများ(အသေးစားအလတ်စားစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အလုပ်သမားကော်မတီအတွင်းရှိ ဝန်ကြီးဌာန ၁၃ခု) | အဖွဲ့ဝင် |
| ၃ | ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင် များအသင်းချုပ် (UMFCCI) | အဖွဲ့ဝင် |
| ၄ | မြန်မာ့ စက်မှုလုပ်ငန်းရှင်များ အသင်း (MIA) | အဖွဲ့ဝင် |
| ၅ | မြန်မာ့ အင်ဂျင်နီယာအဖွဲ့အစည်း (MES) | အဖွဲ့ဝင် |
| ၆ | အသေးစားအလတ်စား စက်မှုလက်မှုလုပ်ငန်းများဖွံ့ဖြိုးတိုးတက်မှုဌာန | ပူးပေါင်းဆောင်ရွက်သူ |

ဇာစ်မြစ်။အသေးစားအလတ်စားစက်မှုလက်မှုလုပ်ငန်းများဖွံ့ဖြိုးတိုးတက်မှုဌာန (၂၀၁၃)

လယ်ယာကဏ္ဍ ထုတ်ကုန်များကို ထပ်ဆင့်တိုးတန်ဖိုးမြှင့် ထုတ်လုပ်ပေးနိုင်သည့် လယ်ယာအခြေခံစက်မှုလုပ်ငန်းများနှင့် အသေးစားနှင့်အလတ်စားလုပ်ငန်းများဖွံ့ဖြိုးတိုးတက်စေရန် စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ဒုတိယကာလတို (၅)နှစ်စီမံကိန်းကာလအတွင်း -

(၁) အသားတင်စိုက်ဧရိယာ (၃၄.၅၈) ကေသန်းနှင့် သီးနှံစိုက်စွမ်းအား (၁၆၈.၅) ရာခိုင်နှုန်း ရရှိစေခြင်း၊

(၂) စပါးစိုက်ဧရိယာ စုစုပေါင်း ဧက (၁၈.၆၄) သန်း၊ တစ်ဧကအထွက်နှုန်း (၈၂.၅၇) တင်း နှင့် စုစုပေါင်းတင်းသန်း (၁,၅၄၀) ထွက်ရှိစေခြင်း၊

(၃) စုစုပေါင်းရေသွင်းစိုက်ဧရိယာ ဧက (၅.၉၃) သန်းသို့ ရောက်ရှိစေခြင်း၊

(၄) စနစ်ကျစက်မှုလယ်ယာမြေဧက (၈၈,၈၀၀) နှင့် ကုန်းမြင့်လယ်ယာမြေ (၃,၉၂၀) ဧက ဖော်ထုတ်ခြင်း၊

(၅) နှစ်စဉ် အလယ်အလတ်အဆင့် စိုက်ပျိုးရေးပညာရှင် (၁,၃၀၀) ဦး မွေးထုတ်ခြင်း၊

(၆) လယ်ယာကဏ္ဍဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများအား ခေတ်နှင့်လျော်ညီစွာ ပြင်ဆင်၊ ပယ်ဖျက်၊ အသစ်ထုတ်ပြန်ခြင်း၊

(၇) လယ်ယာကဏ္ဍ စာရင်းအင်းများ တိကျမှန်ကန်ရေး၊ ကွင်းမြေပုံများ ခေတ်မီ ဒစ်ဂျစ်တယ်မြေပုံများအဖြစ် ပြောင်းလဲရေးတို့ကိုဆောင်ရွက်ပြီး လယ်ယာကဏ္ဍ ထုတ်ကုန်များကို ထပ်ဆင့်တိုး တန်ဖိုးမြှင့် ထုတ်လုပ်ပေးနိုင်သည့် လယ်ယာ အခြေခံစက်မှုလုပ်ငန်းများနှင့် အသေးစားနှင့်အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုး တိုးတက်စေရန် ပံ့ပိုးပေးနိုင်ရေး ဆောင်ရွက်ခြင်းတို့ကို ရည်မှန်းထား ပါသည်။

## ၄-၂။ စက်မှုဖွံ့ဖြိုးတိုးတက်ရေး

စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘဏ္ဍာရေးကဏ္ဍဖွံ့ဖြိုးမှု၊ ရင်းနှီးမြှုပ်နှံမှုများ အတွက် ပြည်တွင်းစုဆောင်းငွေ၊ လုပ်သားထုတ်လုပ်မှုစွမ်းရည်နှင့် ယှဉ်ပြိုင်နိုင်စွမ်းစသည်တို့ သည် အိမ်နီးချင်းနိုင်ငံများနှင့် နှိုင်းယှဉ်ပါကနိမ့်ကျလျက်ရှိပြီး စိန်ခေါ်မှုများစွာရှိနေပါသည်။ သို့သော် လုပ်သားအခြေပြုလုပ်ငန်းများကို ပြန်လည်ထူထောင်ခြင်းအားဖြင့် စက်မှုလုပ်ငန်း များတွင် အလားအလာကောင်းစွာဖြင့် စီးပွားရေးရှင်သန်လာမည် ဖြစ်ပါသည်။ အထူး စီးပွားရေးဇုန်များ၊ စက်မှုဇုန်များနှင့် နယ်စပ်ဖြတ်ကျော် ထုတ်လုပ်မှုလုပ်ငန်းများတွင် နိုင်ငံစုံ စီးပွားရေးလုပ်ငန်းများ ဝင်ရောက်လာနိုင်ပြီး စက်မှုလုပ်ငန်းများ၏ အဆင့်အတန်းကို မြှင့်တင်ပေးနိုင်မည် ဖြစ်ပါသည်။ မြန်မာ့စက်မှုလုပ်ငန်းဖွံ့ဖြိုးမှု မျှော်မှန်းချက်အနေဖြင့် မြန်မာနိုင်ငံတွင် ကြုံတွေ့နေရသည့် စိန်ခေါ်မှုများကို ကျော်လွှားပြီး နိုင်ငံအတွင်း အချိုးကျ မျှတစွာ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် စီးပွားရေးစဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေမည့် နည်းဗျူဟာနှင့် မူဝါဒကို ဖော်ဆောင်ရန်ဖြစ်ပါသည်။

မြန်မာနိုင်ငံ၏ နှိုင်းယှဉ်အကျိုးကျေးဇူးများဖြစ်သည့် အရည်အသွေးမြင့်မားပြီး လုပ်အားခစရိတ် သက်သာသည့် လုပ်သားများရှိခြင်း၊ ပြည်တွင်း၊ ပြည်ပ ဝယ်လိုအားများ ရှိခြင်း အစရှိသည့် အားသာချက်များအပေါ် မူတည်ပြီး နိုင်ငံခြားအရင်းအနှီးကို အခြေခံသည့် မြို့ပြရှိ လုပ်သားအထူးပြုလုပ်ငန်းများ (Foreign Capital-Led Labor Intensive Industries)၊ လယ်ယာ၊ သားငါး၊ သစ်တောလုပ်ငန်းများနှင့် ကျေးလက်ရှိတန်ဖိုးမြှင့် ထပ်ဆင့်တိုး အဝတ်အထည်လုပ်ငန်းများကဲ့သို့ ပြည်တွင်းလုပ်ငန်းများ၏ ဖွံ့ဖြိုးမှုစက်ဝန်းကို

ဖန်တီးရန် မြို့ပြ-ကျေးလက် ပေါင်းစည်းရေးမဟာဗျူဟာ (Urban- Rural Synergy Strategy) ကိုဆောင်ရွက်နိုင်ရန်ဖြစ်ပါသည်။

ဒုတိယကာလတို (၅)နှစ် စီမံကိန်းကာလအတွင်းတွင် စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်မှုအတွက် အောက်ဖော်ပြပါ မူဝါဒများကိုချမှတ်ဆောင်ရွက်သွားရန်ဖြစ်ပါသည်။

(က) စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်မှုကို မြှင့်တင်ရန်အတွက် အခြေခံအဆောက်အအုံကို တိုးတက်အောင်ဆောင်ရွက်ခြင်း၊

(ခ) ထိရောက်ထက်မြက်ပြီး အလားအလာရှိသော စီးပွားရေးပတ်ဝန်းကျင်အတွက် စည်းမျဉ်းစည်းကမ်းနှင့် အဖွဲ့အစည်းများကိုတိုးတက်အောင်ဆောင်ရွက်ခြင်း၊

(ဂ) လူသားအရင်းအမြစ် ဖံပိုပြုဖွံ့ဖြိုးရေးကို အထောက်အကူပြုရန်အတွက် လူ့စွမ်းအားအရင်းအမြစ်ကို မြှင့်တင်ပေးခြင်း၊

(ဃ) အခြားသောမဟာဗျူဟာနှင့် ကဏ္ဍအချင်းချင်းချိတ်ဆက်ထားသော မူဝါဒများကို အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊

(င) စဉ်ဆက်မပြတ်တိုးတက်ပြီး တန်ဖိုးမြှင့်ထပ်ဆင့်တိုး ထုတ်လုပ်နိုင်သည့် လယ်ယာ/ သားငါး/သစ်တောလုပ်ငန်းများကိုဆောင်ရွက်ခြင်း၊

(စ) လုပ်သားထုတ်လုပ်မှု စွမ်းရည်မြင့်မားလာခြင်း (Labor Productivity)၊

(ဆ) ရင်းနှီးမြှုပ်နှံသူများ၏ အခြေအနေတိုးတက်လာခြင်း (Enhancement of the Investor Climate)၊

(ဇ) ပြည်တွင်းဘဏ္ဍာရေးကဏ္ဍဖွံ့ဖြိုးလာခြင်း (Development of the Domestic Financial Sector)၊

(ဈ) အာဆီယံဒေသတွင်းပြည်တွင်းလုပ်ငန်းရှင်များယှဉ်ပြိုင်နိုင်စွမ်းရှိခြင်း (Ensuring domestic Competitiveness within ASEAN)၊

မြန်မာနိုင်ငံ၏ စက်မှုထွန်းကားရေးအတွက် လုပ်ကိုင်နိုင်စွမ်းရှိသော စီးပွားရေးဝန်းကျင်ကောင်းများ ဖန်တီးရေးကို အောက်ဖော်ပြပါ နည်းလမ်းများဖြင့် အရှိန်မြှင့်ဆောင်ရွက်သွားရမည်ဖြစ်ပါသည်-

(က) လုပ်သားအခြေပြုကုန်ထုတ်လုပ်ငန်းများကို စတင်အလေးထားဆောင်ရွက်ပြီး ပို့ကုန်အလားအလာကို တိုးမြှင့်စေ၍ ဒေသတွင်းထုတ်လုပ်မှု ကွန်ယက်

(Regional Production Network) နှင့် ချိတ်ဆက်ခြင်းမှတစ်ဆင့် ကမ္ဘာ့တန်ဖိုးကွင်းဆက် (Global Value Chain) သို့ ချိတ်ဆက်ခြင်း၊

(ခ) တီထွင်ဆန်းသစ်မှုရှိပြီး ယှဉ်ပြိုင်နိုင်စွမ်းရှိသော ပြည်တွင်းအသေးစားနှင့် အလတ်စားလုပ်ငန်းများ အဆင့်မြှင့်တင်ခြင်းကို ဖွံ့ဖြိုးရေးမောင်းနှင်အား အဖြစ် အသုံးပြုခြင်း၊

(ဂ) ပို့ကုန်သို့ဦးစားပေးသည့် မဟာဗျူဟာအတွင်း စက်မှု စုစည်းဖြစ်ထွန်းမှု (Industrial Agglomeration) ကို အစပျိုးစေရန် မဟာဗျူဟာကျသည့် နေရာများတွင် အထူးစီးပွားရေးဇုန်များကို ဖြစ်ထွန်းစေခြင်း၊

(ဃ) လူမှုရေးအရတာဝန်ယူမှုရှိသော (Corporate Social Responsible)နှင့် အရည်အသွေးရှိသော ရင်းနှီးမြှုပ်နှံမှုများကို ဆွဲဆောင်နိုင်သည့် ဥပဒေများ ပြဋ္ဌာန်းခြင်း၊

(င) ပြည်ပရင်းနှီးမြှုပ်နှံမှုများနှင့် ပြည်တွင်းစက်မှုလုပ်ငန်းများ၏ ကျွမ်းကျင် လုပ်သား လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန် (Technical Vocational Education and Training-TVET) ကဲ့သို့သော နည်းပညာနှင့် အသက်မွေး ဝမ်းကျောင်းပညာရေးစနစ်ကို ချဲ့ထွင်ခြင်းနှင့် ပြုပြင်ပြောင်းလဲခြင်း၊

(စ) ဖန်တီးနိုင်မှုနှင့် တီထွင်ဆန်းသစ်နိုင်မှု တိုးတက်လာစေရန် အဆင့်မြင့် ပညာရေးစနစ်ကိုပြုပြင်ခြင်းနှင့် ပုံစံပြန်လည်ဖော်ထုတ်ခြင်း။

မြန်မာနိုင်ငံ၏ စက်မှုကုန်ထုတ်လုပ်ငန်းများသည် လုပ်သားအခြေပြု စက်မှုလုပ်ငန်းများ ထွန်းကားလာမှုမှတစ်ဆင့် တန်ဖိုးမြင့်ထုတ်ကုန်များ တိုးမြှင့်ထုတ်လုပ်လာနိုင်ခြင်း၊ ပို့ကုန်ဦးစားပေးစက်မှုလုပ်ငန်းများ တိုးတက်လာပြီး အလယ်အလတ်နည်းပညာသုံး စက်မှု လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာခြင်း၊ ဒေသတွင်းထုတ်လုပ်မှုကွန်ယက်၊ ကမ္ဘာလုံးဆိုင်ရာ ထုတ်လုပ်မှုကွင်းဆက်တို့နှင့် ချိတ်ဆက်၍ ကမ္ဘာ့ဈေးကွက်သို့ တင်ပို့နိုင်ပြီး အဆင့်မြင့် နည်းပညာသုံး စက်မှုလုပ်ငန်းများ စတင်ဆောင်ရွက်လာနိုင်ခြင်းတို့ဖြင့် အဆင့်ဆင့်ဖွံ့ဖြိုး တိုးတက်လာရန်ရည်မှန်းထားပါသည်။

ဒုတိယကာလတို (၅)နှစ် စီမံကိန်းကာလဖြစ်သည့်၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် မှ၂၀၂၀- ၂၀၂၁ ဘဏ္ဍာရေးနှစ်အတွင်းမြန်မာနိုင်ငံ၏ စက်မှုကဏ္ဍအနေဖြင့် ပုဂ္ဂလိကမှ ဦးဆောင် သည့်

စက်မှုဖွံ့ဖြိုးတိုးတက်မှု ဖြစ်ပေါ်လာရေးနှင့် တန်ဖိုးမြှင့်ထုတ်ကုန်များ တိုးတက်ထုတ်လုပ်နိုင်ရေး မျှော်မှန်း၍ အောက်ပါတို့ကို ဆောင်ရွက်သွားမည်ဖြစ်ပါသည်-

(က) ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး၊

(ခ) နိုင်ငံပိုင်စက်မှုလုပ်ငန်းများအသွင်ကူးပြောင်းရေး၊

(ဂ) စက်မှုလုပ်ငန်းအလိုက်မူဝါဒများချမှတ်အကောင်အထည်ဖော်ရေး၊

(ဃ) စက်မှုဆိုင်ရာလူ့စွမ်းအားအရင်းအမြစ်များလေ့ကျင့်သင်ကြားပေးရေး၊

(င) နည်းပညာနှင့်စံချိန်စံညွှန်းများဖွံ့ဖြိုးတိုးတက်စေရေး၊

(စ) စွမ်းအင်အကျိုးရှိထိရောက်စွာ သုံးစွဲခြင်းဖြင့်ထုတ်လုပ်မှု စရိတ်လျှော့ကျစေပြီး ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုလျှော့ချနိုင်ရေး၊

မြန်မာနိုင်ငံသည် စက်မှုကဏ္ဍဖွံ့ဖြိုးမှုကို တွန်းအားပေးဆောင်ရွက်ရာတွင် ပုဂ္ဂလိကကဏ္ဍပါဝင်သည့် အသွင်ကူးပြောင်းမှုပုံစံဖြင့် စတင်ဆောင်ရွက်သွားရမည်ဖြစ်ပါသည်။ ပုဂ္ဂလိက စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် (၁) SME လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး (၂) ဥပဒေ၊ လုပ်ထုံးလုပ်နည်းများခိုင်မာအားကောင်းရေး (၃) တန်ဖိုးမြှင့်ထုတ်ကုန်များတိုးတက်ထုတ်လုပ်နိုင်ရေး၊ (၄) စက်မှုဇုန်များဖွံ့ဖြိုးတိုးတက်ရေး၊ (၅) နိုင်ငံပိုင်စက်ရုံများအား ပုဂ္ဂလိကနှင့်ပူးပေါင်းဆောင်ရွက်ခြင်း၊ (၆) ပုဂ္ဂလိကစက်မှုလုပ်ငန်းများ၏ စာရင်းအင်းအချက်အလက်များ ရရှိရေးတို့ကို ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ မြန်မာနိုင်ငံ၏ အဓိကပုဂ္ဂလိကစက်မှုလုပ်ငန်းများတွင် လုပ်သားကျွမ်းကျင်မှု လိုအပ်ချက်နည်းပါး၍ လုပ်သားအင်အား အနည်းငယ်သာ အသုံးပြုရသည့် အသေးစားနှင့် အလတ်စားလုပ်ငန်းများ ဖြစ်ကြပါသည်။

ဇယား ၄-၁၀

မှတ်ပုံတင်ပုဂ္ဂလိကစက်မှုလုပ်ငန်းများ(၂၀၁၅ ခုနှစ်၊မတ်လ)

| စဉ် | လုပ်ငန်းအုပ်စု | လုပ်ငန်းအရေအတွက် | ရာခိုင်နှုန်း |
|---|---|---|---|
| ၁။ | စားသောက်ရေးဆိုင်ရာလုပ်ငန်း | ၂၇၁၄၈ | ၆၁.၀၉ |
| ၂။ | ဝတ်ဆင်ရေးလုပ်ငန်း | ၂၂၂၆ | ၅.၀၁ |
| ၃။ | နေထိုင်ရေးလုပ်ငန်း | ၃၆၅၈ | ၈.၂၃ |
| ၄။ | လူသုံးပစ္စည်းလုပ်ငန်း | ၁၃၁၂ | ၂.၉၅ |
| ၅။ | အိမ်သုံးပစ္စည်းလုပ်ငန်း | ၂၉၃ | ၀.၆၆ |
| ၆။ | စာပေနှင့်အနုပညာဆိုင်ရာလုပ်ငန်း | ၃၃၈ | ၀.၇၆ |
| ၇။ | ကုန်ကြမ်းပစ္စည်းလုပ်ငန်း | ၅၄၆ | ၁.၂၃ |
| ၈။ | ဓာတ်သတ္တုပစ္စည်းပြုပြင်ထုတ်လုပ်ငန်း | ၂၃၁၆ | ၅.၂၁ |
| ၉။ | စိုက်ပျိုးရေးကိရိယာထုတ်လုပ်ငန်း | ၇၄ | ၀.၁၇ |
| ၁၀။ | စက်မှုလက်မှုသုံးကိရိယာထုတ်လုပ်ငန်း | ၉၄ | ၀.၂၁ |
| ၁၁။ | သယ်ယူပို့ဆောင်ရေးယာဉ်များထုတ်လုပ်မှုလုပ်ငန်း | ၁၇၃ | ၀.၃၉ |
| ၁၂။ | လျှပ်စစ်ပစ္စည်းထုတ်လုပ်ငန်း | ၉၉ | ၀.၂၂ |
| ၁၃။ | အထွေထွေစက်မှုအလုပ်ရုံများ | ၆၁၆၂ | ၁၃.၈၇ |

ရင်းမြစ်။ စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန

မြန်မာနိုင်ငံကို လယ်ယာအခြေပြုစီးပွားရေး ပုံသဏ္ဌာန်မှ ပို့ကုန်ဦးစားပေးသည့် စက်မှုဖွံ့ဖြိုးသော စီးပွားရေးပုံသဏ္ဌာန်သို့ အသွင်ကူးပြောင်းရာတွင် ပြည်တွင်း SME လုပ်ငန်းများသည် အရေးကြီးသောအခန်းကဏ္ဍမှ ပါဝင်လျက်ရှိပါသည်။ အသေးစားနှင့် အလတ်စားလုပ်ငန်းများ စတင်ထူထောင်နိုင်ရေးအတွက် မူဝါဒ၊ လုပ်ထုံးလုပ်နည်းဆိုင်ရာ အထောက်အပံ့များဖြင့် ပံ့ပိုးပေးရမည်ဖြစ်ပါသည်။ လုပ်ငန်းသစ်များ စတင်ထူထောင်နိုင်ရေးနှင့်လုပ်ငန်းကြီးများတိုးတက်မှု အရှိန်မြင့်စေရန် အားပေးဆောင်ရွက်ရမည်ဖြစ်ပါသည်။ အသေးစားနှင့် အလတ်စားလုပ်ငန်းများသည် အလုပ်အကိုင်အခွင့် အလမ်းအသစ်များ တိုးတက်ဖော်ဆောင်ပေးနိုင်ခြင်း၊ ဆန်းသစ်တီထွင်မှုများရှိလာခြင်း တို့ဖြင့် တိုးတက်မှု

မြင့်မားလာကာ ဒေသတွင်းထုတ်လုပ်မှု ကွန်ယက်နှင့် ကမ္ဘာလုံးဆိုင်ရာ ထုတ်လုပ်မှုတန်ဖိုး ကွင်းဆက်များတွင် ချိတ်ဆက်ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

ပြည်တွင်း SME များအနေဖြင့် စက်ပစ္စည်းအသစ်များတပ်ဆင်ခြင်း၊ စီမံခန့်ခွဲမှု စနစ်များနှင့်နည်းပညာရရှိမှုတို့နှင့်စပ်လျဉ်း၍ ငွေကြေးရင်းနှီးမြှုပ်နှံနိုင်မှု ကန့်သတ်ချက်များ ရှိနေခြင်းကြောင့် ကုန်ထုတ်လုပ်မှုစွမ်းရည် နိမ့်ကျလျက်ရှိပြီး အရည်အသွေးမြင့်မားသည့် ပို့ကုန်များထုတ်လုပ်နိုင်ခြင်းမရှိသောကြောင့် ဈေးကွက်ယှဉ်ပြိုင်မှု ရရှိစေရေးအတွက် လုပ်ငန်းဆိုင်ရာ စွမ်းဆောင်ရည်နှင့် ကုန်ထုတ်စွမ်းရည်တိုးတက်လာရေး၊ အရည်အသွေးမီ ထုတ်ကုန်များ ထုတ်လုပ်နိုင်ရေးနှင့် စီမံခန့်ခွဲမှုဆိုင်ရာ အဆင့်မြင့်တင်နိုင်ရေး တို့အား အလေးထား ဆောင်ရွက်ရမည်ဖြစ်ပါသည်။

ငွေကြေးအရင်းအနှီး၊ အခွန်အခနှင့် ကုန်သွယ်မှုကဏ္ဍတို့တွင် ဖြေလျှော့ပေးသည့် ဥပဒေနှင့်လုပ်ထုံးလုပ်နည်းများပြဋ္ဌာန်းပေးခြင်း၊ တစ်နေရာတည်းတွင် ဝန်ဆောင်မှုပေးသည့် ဌာန (OSS) များ ဖွင့်လှစ်ဆောင်ရွက်ပေးခြင်းအားဖြင့် SME များ ဖွံ့ဖြိုးတိုးတက်မှုကို ဆောင်ရွက်ပေးရမည်ဖြစ်ပါသည်။ နိုင်ငံစုံစီးပွားရေးလုပ်ငန်းများနှင့် ပြည်တွင်း SME များ အပြန်အလှန်ပေါင်းစပ် လုပ်ကိုင်ခြင်းအားဖြင့် ဖြစ်ထွန်းစ မြန်မာ့ SME ကဏ္ဍကိုများစွာ အကျိုး ပြုနိုင်မည်ဖြစ်ပါသည်။

စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်မှုကို ဖြစ်ထွန်းစေမည့် စီးပွားရေးဝန်းကျင်ကောင်းများ ဖြစ်ထွန်းလာရေး၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်လာရေး၊ အဖွဲ့အစည်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုများဖြစ်ပေါ်လာရေး၊ ခေတ်နှင့်အညီဖြစ်စေမည့် ပြည့်သူ့ဝန်ဆောင်မှုများ ဖြစ်ပေါ်လာစေရေး၊ နိုင်ငံတကာနှင့် ယှဉ်ပြိုင်နိုင်မည့် စွမ်းဆောင်ရည်အဆင့်သို့ ရောက်ရှိနိုင်ရေး အတွက် အတားအဆီးဖြစ်နေသည့် မူဝါဒများကို ဖြေလျှော့ဆောင်ရွက်ပေးခြင်းအားဖြင့် ဒုတိယကာလတို (၅)နှစ်စီမံကိန်းတွင် စက်မှုလုပ်ငန်းများအား ဖွံ့ဖြိုးတိုးတက်စေမည် ဖြစ်ပါသည်။ အခက်အခဲ အတားအဆီးဖြစ်စေမည့် မူဝါဒ၊ လုပ်ထုံးလုပ်နည်းများကို ဖြေလျှော့ခြင်း၊ သက်ဆိုင်ရာ ဥပဒေများ၊ ဘဏ္ဍာရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို လိုက်လျောညီထွေစွာ ဆောင်ရွက်ပေး ခြင်းအားဖြင့် SME များကို တိုးချဲ့ ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

မြန်မာနိုင်ငံတွင် တရားဝင်မှတ်ပုံတင်ထားခြင်းမရှိသည့် ပုဂ္ဂလိကစက်မှုလုပ်ငန်းများ အများအပြားရှိရာ နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းများ ရေးဆွဲရာတွင် လက်တွေ့နှင့်

နီးစပ်သည့်စာရင်းအင်းကိန်းဂဏန်းအချက်အလက်များမရရှိခြင်း၊ ယင်းတို့၏လိုအပ်ချက်များအား ကူညီထောက်ပံ့ပေးနိုင်မှုမရှိခြင်း စသည်တို့ကြောင့် ထိရောက်သည့် မူဝါဒများချမှတ်ဆောင်ရွက်နိုင်ခဲ့ခြင်း မရှိပါ။ သို့ဖြစ်၍ ပုဂ္ဂလိကစက်မှုလုပ်ငန်းများ၏ ကိန်းဂဏန်းအချက်အလက်များ ကောက်ယူခြင်း၊ မှတ်ပုံတင်မဲ့စက်မှုလုပ်ငန်းများ မှတ်ပုံတင်လာနိုင်ရေးအတွက် လိုအပ်သည့်ဖြေလျှော့မှုများ ဆောင်ရွက်ပေးခြင်း၊ Online ဖြင့် လွယ်ကူစွာမှတ်ပုံတင်နိုင်သည့် စနစ်များ အကောင်အထည်ဖော်ခြင်း တို့ကို ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

မြန်မာနိုင်ငံအနေဖြင့် အလုပ်လုပ်နိုင်သော လူဦးရေအချိုးအစားမှာ မြင့်မားလျက်ရှိသော်လည်း ကျွမ်းကျင်မှုနှင့် ကုန်ထုတ်လုပ်မှုစွမ်းရည်တွင် အိမ်နီးချင်းနိုင်ငံများထက်နိမ့်ကျလျက်ရှိသောကြောင့် **ကျွမ်းကျင်မှုလိုအပ်သည့် ကုန်ထုတ်လုပ်ငန်းများတွင် လုပ်သားရရှိနိုင်မှု** အကန့်အသတ်ဖြစ်နေပါသည်။ မြန်မာနိုင်ငံ၏ စာတတ်မြောက်မှုညွှန်ကိန်းအနေဖြင့် မြင့်မားသော်လည်း နည်းပညာဆိုင်ရာ ကျွမ်းကျင်မှုမှာ ခေတ်မီကုန်ထုတ်လုပ်မှုလုပ်ငန်းများအတွက် ကန့်သတ်ချက်ဖြစ်ပေါ်နေပါသည်။ နည်းပညာဆိုင်ရာ အသက်မွေးဝမ်းကျောင်းသင်တန်းကဏ္ဍ (TVET) ကို တိုးချဲ့ဆောင်ရွက်ခြင်းနှင့် အလုပ်အကိုင်ကျွမ်းကျင်မှုစံသတ်မှတ်ချက်နှင့်အညီ အသိအမှတ်ပြုလက်မှတ်များ ထုတ်ပေးမှုတို့အား ဒုတိယကာလတို (၅) နှစ် စီမံကိန်းတွင် ဆောင်ရွက်သွားရမည်ဖြစ်ပါသည်။ စက်မှုဝန်ကြီးဌာနကြီးကြပ်မှုအောက်ရှိ စက်မှုသင်တန်းကျောင်းများမှ နှစ်စဉ်သင်တန်းသား (၁၀၀၀) ခန့် လေ့ကျင့်သင်ကြားပေးလျက်ရှိပြီး လက်ရှိသင်ကြားပေးလျက်ရှိသော (၁) နှစ် သင်တန်းများအပြင် (၂)နှစ် သင်တန်းနှင့် ကာလတို (၃) လ သင်တန်းများကိုပါ တိုးချဲ့ဖွင့်လှစ်သွားမည် ဖြစ်ပါသည်။

ဒုတိယကာလတို (၅)နှစ် စီမံကိန်းတွင် ပုဂ္ဂလိက စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကိုအားပေးမြှင့်တင်ဆောင်ရွက်သွားမည် ဖြစ်သကဲ့သို့ နိုင်ငံတော်၏လိုအပ်ချက်အရ နိုင်ငံပိုင်အဖြစ် ဆက်လက်ဆောင်ရွက်မည့် စက်မှုလုပ်ငန်းများကိုလည်း ဈေးကွက်စီးပွားရေးစနစ် နှင့်အညီ လုပ်ကိုင်ဆောင်ရွက်နိုင်စေရန် အသွင်ကူးပြောင်း ဆောင်ရွက်သွားရမည် ဖြစ်ပါသည်။ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ၏ စွမ်းဆောင်ရည် ခိုင်မာအားကောင်းလာခြင်း၊ ပုဂ္ဂလိကကဏ္ဍပါဝင်မှုကိုအားပေးခြင်းတို့သည် နိုင်ငံတော်၏ဝင်ငွေတိုးတက်ရေးအတွက် ကြီးစွာသော

စွမ်းဆောင်ရည်တစ်ရပ်ဖြစ်ပါသည်။ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ ပြုပြင်ပြောင်းလဲမှုကို ဆောင်ရွက်ခြင်းအားဖြင့် ဘတ်ဂျက်လိုငွေကွာဟမှုကို ဖြည့်တင်းပေးနိုင်ခြင်းနှင့် နိုင်ငံတော်၏ ဘဏ္ဍာငွေကိုသာ အားထားနေရသော စီးပွားရေးလုပ်ငန်းများကို လျော့ချသွားနိုင်မည် ဖြစ်ပါသည်။ နိုင်ငံပိုင်စက်ရုံအလုပ်ရုံများအား Corporatization အသွင်သို့ ပြောင်းလဲခြင်း၊ ပုဂ္ဂလိကလုပ်ငန်းများနှင့် အကျိုးတူဖက်စပ်ဆောင်ရွက်ခြင်း၊ နိုင်ငံတော်ဘတ်ဂျက်ဖြင့် လည်ပတ်မည့် စက်ရုံများကို ဈေးကွက်ယှဉ်ပြိုင်နိုင်စွမ်းရှိစေရန် ဆောင်ရွက်ခြင်း၊ ထုတ်လုပ်မှုစရိတ်ကျဆင်းရေးတို့ကို ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ထို့အပြင် စက်မှုကဏ္ဍအတွက် အခြေခံလိုအပ်သည့် စက်ကိရိယာနှင့် ကုန်ကြမ်းများကို ထုတ်လုပ်ပေးနိုင်မည့် အမှတ်(၁) သံမဏိစက်ရုံစီမံကိန်း(မြင်းခြံ)၊ အမှတ်(၂) သံမဏိ စက်ရုံစီမံကိန်း(ပင်းပက်) နှင့် ကော့စတစ်ဆိုဒါစက်ရုံစီမံကိန်း (သထုံ) စသည်တို့ကို ဆက်လက် အကောင်အထည်ဖော်သွားမည်ဖြစ်ပါသည်။

မြန်မာနိုင်ငံသည် ပထဝီအနေအထားအရ ကုန်းလမ်း၊ ရေလမ်းတို့ဖြင့် ဒေသတွင်းနိုင်ငံများနှင့် ဆက်စပ်တည်ရှိနေသဖြင့် အာရှ၏ရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်လာနိုင်သောကြောင့် နိုင်ငံစုံစီးပွားရေးလုပ်ငန်းများ အခြေချလာရောက်လုပ်ကိုင်နိုင်ခြင်း၊ စက်မှုလုပ်ငန်းသစ်များ စုစည်းဖြစ်ပေါ်ခြင်း၊ ပြည်တွင်းရှိ SME များ စုစည်းဖြစ်ထွန်းလာနိုင်ခြင်း စသည့် အလားအလာများရှိနေပါသည်။ ကုန်သွယ်မှုသဘောတူညီချက်များအရ ပြည်ပပို့ကုန် တင်ပို့နိုင်မည့် အခွင့်အလမ်းများ တိုးမြင့်လာနိုင်ပြီး လုပ်သားအခြေပြု အထည်ချုပ်လုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့်ဖြင့် ပြန်လည်ထူထောင် လာနိုင်မည်ဖြစ်ပါသည်။ စားသောက်ကုန်လုပ်ငန်း၊ အထည်အလိပ်လုပ်ငန်း၊ သစ်တောထွက်ကုန်လုပ်ငန်း၊ အိမ်သုံးပစ္စည်းလုပ်ငန်း၊ ဆောက်လုပ်ရေးပစ္စည်းလုပ်ငန်း၊ စက်ကိရိယာနှင့် သယ်ယူပို့ဆောင်ရေးထုတ်ကုန်များသည် ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုများ အတွက် အလားအလာကောင်းသည့် လုပ်ငန်းများ ဖြစ်ပါသည်။

မြန်မာနိုင်ငံသည် သဘာဝသယံဇာတများကို တန်ဖိုးမြှင့်ထုတ်လုပ်ထားသည့် ပို့ကုန် အနည်းငယ်သာ တင်ပို့နိုင်ခဲ့ပြီး အခြေခံပို့ကုန်များကိုသာ တင်ပို့နေရဆဲဖြစ်၍ ဒုတိယ ကာလတို (၅) နှစ် စီမံကိန်းကာလအတွင်း စိုက်ပျိုးရေးကဏ္ဍကို အခြေခံသည့် တန်ဖိုးမြှင့် ထုတ်ကုန်များ တိုးတက်ထုတ်လုပ်နိုင်ရေး၊ အဝတ်အထည်နှင့် အထည်အလိပ် လုပ်ငန်းများ

ကဲ့သို့သော လုပ်သားအခြေပြု စက်မှုလုပ်ငန်းများ၏ ပို့ကုန်များတိုးမြှင့် ထုတ်လုပ်နိုင်ရေးနှင့် အသား၊ ငါးနှင့် သဘာဝသယံဇာတဆိုင်ရာ အခြေခံကုန်စည်များကို တန်ဖိုးမြှင့်ကုန်စည်များအဖြစ် ပြုပြင်မွမ်းမံ ထုတ်လုပ်တင်ပို့သည့် လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး တို့ကို ဆောင်ရွက်သွားရမည်ဖြစ်ပါသည်။

မြန်မာနိုင်ငံအနေဖြင့် လယ်ယာအခြေခံသည့်နိုင်ငံမှ စက်မှုနိုင်ငံအဖြစ်သို့ ဦးတည်ဆောင်ရွက်ရာတွင် အစိမ်းရောင်နည်းပညာများသုံးစွဲရေး၊ သဘာဝအရင်းအမြစ်များကို စနစ်တကျသုံးစွဲရေး၊ သဘာဝပတ်ဝန်းကျင် မထိခိုက်စေရေးနှင့် စွမ်းအင်ပြုန်းတီးမှုမရှိစေရေးကို အလေးထားဆောင်ရွက်သွားရမည်ဖြစ်ပါသည်။ စက်မှုဝန်ကြီးဌာနသည် စွမ်းအင် အကျိုးရှိထိရောက်စွာ သုံးစွဲခြင်းဖြင့် ထုတ်လုပ်မှုစရိတ် လျှော့ကျစေပြီး ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှု လျှော့ချနိုင်ရေးဆိုင်ရာ ဥပဒေမူဘောင်များနှင့် အစီအမံများချမှတ်နိုင်ရေးအတွက် အောက်ပါတို့အားဆောင်ရွက်သွားမည်ဖြစ်ပါသည်-

ဇယား ၄-၁၁

**ထုတ်လုပ်မှုစရိတ်လျှော့ကျစေပြီး ဖန်လုံအိမ်ဓာတ်ငွေ့လျှော့ချနိုင်ရေးအစီအမံများ**

| စဉ် | အကြောင်းအရာ | တာဝန်ယူဆောင်ရွက်မှု | ဘဏ္ဍာရေးအရင်းအမြစ် |
|---|---|---|---|
| ၁။ | Policy, Strategy, Road Map for Energy Eiffiency & Conservation ရေးဆွဲအကောင်အထည်ဖော်ခြင်း | စက်မှု+ADB | အကူအညီ + ဘတ်ဂျက် |
| ၂။ | Industrial Energy Efficiency Project အားစက်ရုံများတွင်အကောင်အထည်ဖော်ခြင်း | စက်မှု+UNIDO | အကူအညီ + ဘတ်ဂျက် |
| ၃။ | Energy Efficiency & Conservation ဆိုင်ရာ မူဘောင်တစ်ရပ် ထွက်ပေါ်လာရေး ဆောင်ရွက်ခြင်း | စက်မှု | ဘတ်ဂျက် |
| ၄။ | Efficient Lighting ပြောင်းလဲသုံးစွဲရေးစီမံကိန်းအကောင် အထည်ဖော်ခြင်း | စက်မှု+UNEP | အကူအညီ + ဘတ်ဂျက် |
| ၅။ | Resource Efficient & Cleaner Production Project အကောင်အထည်ဖော်ခြင်း | စက်မှု+UNIDO | အကူအညီ + ဘတ်ဂျက် |
| ၆။ | ASEAN Energy Efficient Program အရ Seminar, Workshop, Training, Energy Audit လုပ်ငန်းများလုပ်ခြင်း | စက်မှု+ACE+ ECCJ | အကူအညီ+ ဘတ်ဂျက် |
| ၇။ | Energy Management Training ပို့ချခြင်း | စက်မှု | ဘတ်ဂျက် |
| ၈။ | Awareness Campaign အကောင်အထည်ဖော်ခြင်း | စက်မှု | ဘတ်ဂျက် |
| ၉။ | Electrical Home Appliance အတွက် Minimum Energy Performance Standard သတ်မှတ်ရေးဆွဲခြင်း | စက်မှု+ADB | အကူအညီ + ဘတ်ဂျက် |

**ရင်းမြစ်။ စက်မှုဝန်ကြီးဌာန**

မြန်မာနိုင်ငံ၏ မဟာဗျူဟာမြောက် ပထဝီအနေအထားသည် ကမ္ဘာ့စီးပွားရေး နယ်ပယ်တွင် လျင်မြန်စွာဖွံ့ဖြိုးတိုးတက်နေသော ဒေသတွင်းအချက်အချာနေရာတွင် တည်ရှိပါသည်။ ကမ္ဘာ့လူဦးရေ၏ ၅၀ ရာခိုင်နှုန်း ခန့်ရှိသည့် ဒေသ၏ အလယ်တွင် တည်ရှိနေပြီး ကျယ်ပြန့်သည့်ဈေးကွက်ရှိသည့် တရုတ်၊ အိန္ဒိယနှင့် အာဆီယံစီးပွားရေး အသိုက် အဝန်းများနှင့် ဆက်စပ်တည်ရှိနေပါသည်။ မြန်မာနိုင်ငံသည် အာရှတိုက်၏ ထုတ်လုပ်မှုတန်ဖိုး ကွင်းဆက်များနှင့် ကမ္ဘာ့ဈေးကွက်သို့ ချိတ်ဆက်မှုတွင် အချက်အချာကျသည့်နေရာတွင် ရှိနေပါသည်။ ရေနက်ဆိပ်ကမ်းများ၊ အာရှအဝေးပြေးလမ်းမများ၊ နယ်စပ်ဝင်ပေါက်များ၊ အထူးစီးပွားရေးဇုန်များစသည့် ခေတ်မီစီးပွားရေး အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်လာမှုသည် ဒေသတွင်း ထုတ်လုပ်မှုကွန်ရက်များ၊ ကမ္ဘာ့တန်ဖိုးကွင်း ဆက်များဖြင့် ချိတ်ဆက်ရေးအတွက် အားသာချက်များဖြစ်ပါသည်။ မြန်မာနိုင်ငံ၏ ပထဝီအနေအထား အားသာချက်၊ သဘာဝသယံဇာတများနှင့် ယှဉ်ပြိုင်နိုင်မှုစွမ်းအားကို အခြေခံ၍ နောက်ကျသူတို့ ရရှိသောအခွင့်အလမ်းကို အသုံးချကာ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ကို ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။

အရှေ့တောင်အာရှနိုင်ငံများဖြစ်သည့် ထိုင်း၊ မလေးရှားနှင့် မကြာမီက ဖွံ့ဖြိုးတိုးတက် လာသည့် ဗီယက်နမ်နိုင်ငံတို့သည် မိမိနိုင်ငံအတွင်းရှိ သဘာဝသယံဇာတများ၏ အားသာမှု နှင့် မိမိတို့၏ လုပ်သားအင်အားအားသာချက်ကို အသုံးပြု၍ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှု ကို ရယူနိုင်ခဲ့သည့် နိုင်ငံများဖြစ်ပါသည်။ ယင်းနိုင်ငံများတွင် အထည်ချုပ်လုပ်ငန်းများ၊ စားသောက်ကုန်လုပ်ငန်းများ၊ ငွေကြေးရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ၊ အီလက်ထရောနစ် လုပ်ငန်း၊ မော်တော်ကားလုပ်ငန်း၊ နည်းပညာမြင့်လုပ်ငန်းများဖြင့် ဝင်ငွေအလယ်အလတ် အဆင့် ရရှိရေးရည်မှန်းချက်ကို ကျွမ်းကျင်မှုနည်းပါးသည့် လုပ်သားများ၏ စွမ်းရည်ကို တဖြည်းဖြည်းမြှင့်တင်ပြီး ဆောင်ရွက်ခဲ့ကြပါသည်။ အရှေ့မြောက်အာရှနိုင်ငံများ ဖြစ်သည့် ထိုင်ဝမ်နှင့် ကိုရီးယားတို့သည် နည်းပညာ တိုးတက်မှု၊ ကျွမ်းကျင်မှု၊ အခြေခံအဆောက် အအုံများဖွံ့ဖြိုးမှုကိုအခြေခံကာ စီးပွားရေးပုံသဏ္ဌာန်ပြောင်းလဲမှုကို ဆောင်ရွက်နိုင်ခဲ့သည့် အတွက် ဝင်ငွေအလယ်အလတ်အဆင့်ကို ကျော်လွှားပြီး တိုးတက်မှု ရရှိခဲ့ပါသည်။

မြန်မာနိုင်ငံသည် ကမ္ဘာလုံးဆိုင်ရာ တန်ဖိုးကွင်းဆက်များ၊ ကုန်စည်ထုတ်လုပ်မှု ကွန်ရက်များ၊ နယ်စပ်ဖြတ်ကျော်ထုတ်လုပ်မှုတို့မှ တစ်ဆင့် နောက်ကျသူတို့၏ အခွင့်အလမ်း

ကို အသုံးချနိုင်မည်ဖြစ်ပါသည်။ အထည်အလိပ်လုပ်ငန်း၊ လယ်ယာအခြေခံစက်မှုလုပ်ငန်း၊ အီလက်ထရောနစ်ပစ္စည်း၊ ကားထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုစသည့် လုပ်ငန်းများကို စုစည်းကာ ကျယ်ပြန့်သည့်ရင်းနှီးမြှုပ်နှံမှု၊ ထုတ်လုပ်မှုနှင့် ကုန်သွယ်မှုများကို တိုးချဲ့ဆောင်ရွက်နိုင်မည် ဖြစ်ပါ သည်။

ဒုတိယကာလတို(၅)နှစ် စီမံကိန်းတွင် စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကို ဦးတည်ပြီး ပြည်သူများအားလုံးခံစားရရှိနိုင်မည့် လူမှုစီးပွားအခွင့်အလမ်းများ ပိုမိုတိုးတက်ရရှိစေရန် (Towards Industrialization, Faster, More Inclusive Growth) အလေးထားရေးဆွဲထားပါသည်။ စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကို ဦးတည်ဆောင်ရွက်သည်ဖြစ်သော်လည်း သဘာဝပတ်ဝန်းကျင် ထိခိုက်မှုနည်းပါးသည့် လူမှုဝန်းကျင်ဖြစ်စေရေးအတွက် အလေးထားဆောင်ရွက်သွားမည်ဖြစ်ပါ သည်။

## ၄-၃။ စွမ်းအင်

ယနေ့ ကမ္ဘာ့ဖွံ့ဖြိုးဆဲနိုင်ငံများသည် တိုးတက်မှုအလားအလာကို ရယူနိုင်ရန် အပြိုင်အဆိုင် ကြိုးပမ်းနေကြသည့်အတွက် စွမ်းအင်သုံးစွဲမှုမြင့်မားလာပြီး စွမ်းအင်လိုအပ်ချက်မြင့်မားလာပါသည်။ မြန်မာနိုင်ငံတွင်လည်း စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရေးအတွက် စွမ်းအင်ဖြည့်ဆည်းပေးနိုင်စွမ်းရှိရေးသည် စိန်ခေါ်မှုတစ်ရပ်ဖြစ်ပါသည်။ လုံလောက်သော လျှပ်စစ်ဓာတ်အားနှင့် စွမ်းအင်ဖြည့်ဆည်းပေးနိုင်မှသာလျှင် ယှဉ်ပြိုင်နိုင်စွမ်းရှိသည့် ကုန်ထုတ်လုပ်မှုဆိုင်ရာ အထောက်အပံ့များ ဖန်တီးပေးနိုင်မည့်အပြင်ဆင်းရဲမှုလျှော့ချရေးနှင့် လူနေမှုအဆင့်အတန်း မြင့်မားရေးအတွက် အကျိုးသက်ရောက်မှုရှိစေနိုင်ပါသည်။ ထို့ကြောင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးရေး ပန်းတိုင် အမှတ်စဉ် (၇) တွင် "လူတိုင်းတတ်နိုင်သော၊ ယုံကြည်အားထားနိုင်သော၊ ရေရှည်တည်တံ့သော ခေတ်မီစွမ်းအင်ကို လူတိုင်းရရှိခံစားနိုင်ရေး"ကို ဖွံ့ဖြိုးတိုးတက်မှု ရည်မှန်းချက်တစ်ရပ်အဖြစ် သတ်မှတ်ထားပါသည်။ပြည်တွင်းစွမ်းအင်လိုအပ်ချက် ဖူလုံစေရေး ဦးစားပေးဆောင်ရွက်ရန်နှင့် စဉ်ဆက်မပြတ် စွမ်းအင်ကဏ္ဍဖွံ့ဖြိုးတိုးတက်မှုကို ရည်မှန်းဆောင်ရွက်သွားမည်ဖြစ်ပါ သည်။

ပုံ ၄-၅

## တိုင်းပြည်ကို အထောက်အပံ့ဖြစ်စေသောစွမ်းအင်မဟာစီမံကိန်း၏ ပင်မစွမ်းအင်ဖွံ့ဖြိုးတိုးတက်မှုကာလရှည်စီမံကိန်း




ရင်းမြစ်။ စွမ်းအင်ဝန်ကြီးဌာနနှင့် အာရှဖွံ့ဖြိုးရေးဘဏ်

မြန်မာနိုင်ငံတွင် စွမ်းအင်ကို ရေအား၊ သဘာဝဓာတ်ငွေ့နှင့် ကျောက်မီးသွေး စသည်တို့မှ ထုတ်ယူရရှိပြီး ဂျီဒီပီ၏ ၀.၁ ရာခိုင်နှုန်းသာ ပါဝင်လျက်ရှိပါသည်။ စွမ်းအင်သည် စက်မှုနိုင်ငံအဖြစ်သို့ ကူးပြောင်းရာ၌ မရှိမဖြစ်အရေးပါသောကြောင့် လိုအပ်သည့်နည်းပညာများ ဖြည့်ဆည်းဆောင်ရွက်ပေးရမည်ဖြစ်ပါသည်။ ထိုသို့ဆောင်ရွက်ပေးရာတွင် စွမ်းအင်ကဏ္ဍအနေဖြင့် အောက်ပါပုံစံဖြင့် စွမ်းအင်ကဏ္ဍ ပိုမိုတိုးတက်အောင် ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

ပုံ ၄-၆

## မြန်မာနိုင်ငံ၏စွမ်းအင်ကဏ္ဍပုံစံငယ်




ဓာတ်မြစ်။ စွမ်းအင်ဝန်ကြီးဌာနနှင့် အာရှဖွံ့ဖြိုးရေးဘဏ်

### (က) စွမ်းအင် လိုအပ်ချက် ခန့်မှန်းချက်များ


၂၀၁၄ ခုနှစ် ဒီဇင်ဘာလထွက်ရှိခဲ့သော အာရှဖွံ့ဖြိုးရေးဘဏ်နှင့် စွမ်းအင်ဝန်ကြီးဌာနတို့ ပူးပေါင်းရေးဆွဲသည့် စွမ်းအင်ပင်မစီမံကိန်း(မူကြမ်း)တွင် ကဏ္ဍအလိုက် စွမ်းအင်လိုအပ်ချက်များကို စစ်တမ်းကောက်ယူတွက်ချက် ခန့်မှန်းမှုများအရ အနာဂတ် ကာလတွင် အဓိကစွမ်းအင်လိုအပ်ချက် ကြီးမားမည့်ကဏ္ဍ (၅) ခုမှာ လယ်ယာကဏ္ဍကြီး၊ စက်မှုကဏ္ဍကြီး၊ ကုန်သွယ်ရေးနှင့် ပြည်သူ့ဝန်ဆောင်မှုကဏ္ဍ၊ သယ်ယူပို့ဆောင်ရေးကဏ္ဍနှင့် အိမ်ထောင်စုသုံးကဏ္ဍတို့ဖြစ်ပါသည်။

## ဇယား ၄-၁၂
## ကဏ္ဍအလိုက်စွမ်းအင်လိုအပ်ချက်များ

| ကဏ္ဍကြီးများ | ၂၀၁၂ ခုနှစ် သုံးစွဲမှု (MOTE) | ၂၀၃၀ ခုနှစ် ရည်မှန်းချက် (MOTE) | တိုးတက်မှု (ရာခိုင်နှုန်း) |
|---|---|---|---|
| အိမ်ထောင်စုသုံးကဏ္ဍကြီး | ၈.၃၉ (၆၆.၂%) | ၉.၀၇(၄၂.၃%) | ၀.၄ % |
| စက်မှုကဏ္ဍကြီး | ၀.၇၀ (၅.၅ %) | ၅.၇၀(၂၆.၆%) | ၁၁.၆ % |
| သယ်ယူပို့ဆောင်ရေးကဏ္ဍကြီး | ၁.၄၄ (၁၁.၄%) | ၃.၀၇(၁၄.၃%) | ၄.၃ % |
| ကုန်သွယ်ရေးနှင့် ပြည်သူ့ ဝန်ဆောင်မှုကဏ္ဍကြီး | ၁.၅၉ (၁၂.၅%) | ၂.၂၅(၁၀.၅%) | ၁.၉ % |
| လယ်ယာကဏ္ဍကြီး | ၀.၂၅ (၂.၀%) | ၀.၆၃(၂.၉%) | ၅.၀ % |
| အခြားကဏ္ဍများ | ၀.၃၀ (၂.၄%) | ၀.၇(၃.၃%) | ၄.၆ % |
| စုစုပေါင်း | ၁၂.၇ (၁၀၀%) | ၂၁.၄(၁၀၀%) | ၂.၉ % |

ဇာစ်မြစ်။စွမ်းအင်ဝန်ကြီးဌာန နှင့်အာရှဖွံ့ဖြိုးရေးဘဏ်

## ပုံ ၄-၇
## ကဏ္ဍအလိုက်စွမ်းအင်လိုအပ်ချက်များ




ဇာစ်မြစ်။စွမ်းအင်ဝန်ကြီးဌာန နှင့်အာရှဖွံ့ဖြိုးရေးဘဏ်

## (ခ) လယ်ယာကဏ္ဍကြီးတွင် စွမ်းအင်သုံးစွဲမှုနှင့် လိုအပ်ချက်ခန့်မှန်းမှု

လယ်ယာကဏ္ဍကြီးတွင် လယ်ယာစိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ရေလုပ်ငန်း၊ သစ်တောကဏ္ဍများပါဝင်ပြီး သီးနှံအမျိုးမျိုး ထုတ်လုပ်မှုများပါဝင်ပါသည်။ အထူးသဖြင့် ဆန်၊ ပဲအမျိုးမျိုး၊ ဆီထွက်သီးနှံအမျိုးမျိုး၊ ဟင်းသီးဟင်းရွက်နှင့် အခြားစက်မှုကုန်ကြမ်းသီးနှံများ ပါဝင်ပါသည်။

လယ်ယာစိုက်ပျိုးရေးကဏ္ဍတွင် ဆည်ရေရရှိရေး၊ မြစ်ရေတင်စီမံကိန်းများနှင့် ရေတွင်းများမှ ရေပေးဝေရေးလုပ်ငန်းများ၊ ထွန်စက်များနှင့်လယ်ယာသုံး သယ်ယူပို့ဆောင်ရေးယာဉ်များတွင် စက်သုံးဆီများ အသုံးပြုရသည့်အတွက် စွမ်းအင်လိုအပ်ချက်များဖြစ်ပေါ်ပါသည်။ မွေးမြူရေးနှင့် ရေလုပ်ငန်းကဏ္ဍတွင် ကျေးလက်ရေရရှိရေး လုပ်ငန်းများအပါအဝင် ကမ်းဝေးကမ်းနီး ငါးဖမ်းရေယာဉ်များ၊ ငါးပုဇွန်မွေးမြူရေးလုပ်ငန်းများအတွက် စက်သုံးဆီများနှင့် လျှပ်စစ်ဓာတ်အားစသည့် စွမ်းအင်လိုအပ်ချက်များ ဖြစ်ပေါ်ပါသည်။ သစ်တောကဏ္ဍအတွက် သစ်စက်များ၊ လွှစက်များနှင့် ဆက်စပ်လုပ်ငန်းများအတွက် စွမ်းအင်လိုအပ်ချက်များကို ဖြည့်ဆည်းပေးရန် လိုအပ်ပါသည်။

လယ်ယာကဏ္ဍကြီးအတွက် လျှပ်စစ်ဓာတ်အားသုံးစွဲမှုပမာဏမှာ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ၂၈၀ ဂစ်ဂါဝပ်နာရီ (GWh) သုံးစွဲခဲ့ပြီး ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် ၃၈၅ ဂစ်ဂါဝပ်နာရီ (GWh)လိုအပ်ချက်ရှိလာမည်ဖြစ်သည်။ ဒီဇယ်အသုံးပြုမှုအနေဖြင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ဂါ လန် ပေါင်း ၇၉၂ သိန်းခန့်သုံးစွဲခဲ့ပြီး ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် ဂါ လန် ပေါင်း ၁၂၈၀ သိန်းခန့် သုံးစွဲရန် လိုအပ်ချက်ရှိလာ မည်ဟု ခန့်မှန်းထားပါသည်။

## (ဂ) စက်မှုကဏ္ဍကြီးအတွက် စွမ်းအင်အသုံးပြုမှုနှင့် လိုအပ်ချက်ခန့်မှန်းမှု

စက်မှုကဏ္ဍကြီးတွင် သတ္တုတူးဖော်ရေးလုပ်ငန်း၊ သတ္တုသန့်စင်ထုတ်လုပ်သည့် လုပ်ငန်း၊ ဆောက်လုပ်ရေးလုပ်ငန်း၊ လျှပ်စစ်ဓာတ်ထုတ်လွှတ်သည့်လုပ်ငန်း၊ သဘာဝဓာတ်ငွေ့တူးဖော်သည့်လုပ်ငန်း၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ပါဝင်ပါသည်။

စက်မှုကဏ္ဍ၏ ဂျီဒီပီတွင် ပါဝင်မှုရာခိုင်နှုန်းမှာ ၂၀၀၄ ခုနှစ်မှ စတင်၍ နှစ်စဉ်တိုးတက်လာခဲ့ရာ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် (နှစ်ကုန်ခန့်မှန်းခြေ)အရ ၂၉.၉ရာခိုင်နှုန်း အထိတိုးတက်လာခဲ့ပါသည်။ ထို့ကြောင့် စက်မှုကဏ္ဍအတွက် စွမ်းအင်လိုအပ်ချက်မှာ မြင့်မား

လာခဲ့ပါသည်။ စက်မှုကဏ္ဍတစ်ခုလုံး၏ စွမ်းအင်လိုအပ်ချက်မှာ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ၁.၁၅ mtoe (million of tonnes of oil equivalent) ရှိခဲ့ပြီး ၂၀၂၀ - ၂၀၂၁ ဘဏ္ဍာနှစ်တွင် ၂.၃၈ mtoe ရှိလာမည်ဟု ခန့်မှန်း ထားပါသည်။ အသေးစားနှင့် အလတ်စား စက်မှုလုပ်ငန်းများမှ စွမ်းအင်သုံးစွဲမှုတွင် ၂၀၁၂ခုနှစ် စာရင်းများအရပင် စုစုပေါင်း ၃၀၃ ktoe (kilotonne of oil equivalent) ရှိ ပြီး လျှပ်စစ်ဓာတ် ၈၁ ရာခိုင်နှုန်း၊ ကျောက်မီးသွေး ၁၄ ရာခိုင်နှုန်းနှင့် ဒီဇယ် ၅ ရာခိုင်နှုန်း ရှိနေသည့်အတွက် ကျောက်မီးသွေးနှင့် ဒီဇယ်အသုံးပြုမှုလျှော့ချနိုင်ရန် လျှပ်စစ်စွမ်းအင် ထုတ်လုပ်ပေးနိုင်ရန် ရည်မှန်း ဆောင်ရွက်သွားရမည်ဖြစ်ပါသည်။ အသေးစားနှင့်အလတ်စား စက်မှုလုပ်ငန်းကဏ္ဍ၏ စွမ်းအင်သုံးစွဲမှုမှာ ၂၀၁၅ ခုနှစ်တွင် ဒီဇယ် ဂါလန်ထောင်ပေါင်း ၂,၇၆၇ ၊ ကျောက်မီးသွေး တန် ၅၆,၈၆၆ တန်နှင့် လျှပ်စစ်ဓာတ်အား ၄၈၆၁ ဂစ်ဂါဝပ်နာရီ သုံးစွဲရမည်ဟု ခန့်မှန်း ထားပြီး ၂၀၂၁ ခုနှစ်တွင် ဒီဇယ် ဂါလံထောင်ပေါင်း ၁,၇၄၈၊ ကျောက်မီးသွေး ၁၁၆,၀၆၁ တန်နှင့် လျှပ်စစ်ဓာတ်အား ၁၀,၂၈၈ ဂစ်ဂါဝပ်နာရီ သုံးစွဲရမည်ဟု ခန့်မှန်းထားပါသည်။

ဇယား ၄- ၁၃
စွမ်းအင်လိုအပ်ချက် ခန့်မှန်းမှုများ

| စဉ် | အကြောင်းအရာ | ထုတ်လုပ်မှု | ၂၀၁၅ | ၂၀၂၁ |
|---|---|---|---|---|
| ၁ | လျှပ်စစ်ဓာတ်အား | ဂစ်ဂါဝပ်နာရီ | ၄၈၆၁ | ၁၀၂၈၈ |
| ၂ | ဒီဇယ် | ဂါလံထောင်ပေါင်း | ၂၇၆၇ | ၁၇၄၈ |
| ၃ | ကျောက်မီးသွေး | တန် | ၅၆၈၆၆ | ၁၁၆၀၆၁ |

**ခာစ်မြစ်။ စွမ်းအင်ပင်မစီမံကိန်း(မူကြမ်း)၊ အာရှဖွံ့ဖြိုးရေးဘဏ်နှင့် စွမ်းအင်ဝန်ကြီးဌာန**

## (ဃ) ကုန်သွယ်ရေးနှင့် ပြည်သူ့ဝန်ဆောင်မှုကဏ္ဍ

ကုန်သွယ်ရေးနှင့် ပြည်သူ့ဝန်ဆောင်မှုကဏ္ဍများတွင် လက်လီလက်ကားရောင်းဝယ်ရေးလုပ်ငန်းများ၊ ငွေရေးကြေးရေးလုပ်ငန်းများ၊ စီးပွားရေးလုပ်ငန်းများ၊ ဟိုတယ်နှင့် စားသောက်ဆိုင်လုပ်ငန်းများ၊ ဖျော်ဖြေရေးလုပ်ငန်းများ၊ သတင်းနှင့် ဆက်သွယ်ရေးလုပ်ငန်းများ၊ ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ၊ အစိုးရရုံးဌာနများ ပါဝင်ပါသည်။ စွမ်းအင်သုံးစွဲမှုအနေဖြင့် ၂၀၁၅ ခုနှစ်တွင် ၁.၆၅၀၂ mtoe ရှိခဲ့ပြီး ၂၀၂၁ ခုနှစ်တွင် ၁.၈၃၇၅ mtoe ရှိလာမည် ဖြစ်ပါသည်။

## (င) သယ်ယူပို့ဆောင်ရေးကဏ္ဍစွမ်းအင်လိုအပ်ချက်ခန့်မှန်းမှုများ

သယ်ယူပို့ဆောင်ရေးကဏ္ဍသည် စွမ်းအင်လောင်စာ သုံးစွဲမှုအများဆုံးဖြစ်သည့် ကဏ္ဍတစ်ခုဖြစ်ပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးကြီးသည့်ကဏ္ဍဖြစ်ပါသည်။ ဤကဏ္ဍတွင် ကိုယ်ပိုင်ယာဉ်များ၊ ခရီးသည်ပို့ဆောင်ရေးလုပ်ငန်းများ၊ ကုန်းလမ်းပို့ဆောင်ရေးလုပ်ငန်းများ၊ ကုန်းလမ်း၊ရေလမ်းနှင့်လေကြောင်းပို့ဆောင်ရေးလုပ်ငန်းများ ပါဝင်ပါသည်။ သယ်ယူပို့ဆောင်ရေးကဏ္ဍအတွက် စက်သုံးဆီဖြန့်ဖြူးမှုကို ဝင်ရောက်ဆောင်ရွက် ပေးခြင်းသည် စီးပွားရေးအဆောက်အအုံအပေါ် ထိခိုက်မှုကြီးမားနိုင်သည်။ ထို့ကြောင့် သယ်ယူပို့ဆောင်ရေးကဏ္ဍ၏ တိုးတက်မှုကိုမျှော်မှန်း၍ လုံလောက်သည့် အခြေခံအဆောက်အအုံဆိုင်ရာပံ့ပိုးမှုများ ဖြည့်ဆည်းပေးနိုင်ရေးအတွက် ရေရှည်စီမံကိန်းကို ဂရုတစိုက် ဆောင်ရွက်သွားရမည်ဖြစ်ပါသည်။ မြန်မာနိုင်ငံတွင် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် မှတ်ပုံတင်ထားသောယာဉ်အရေအတွက်မှာ မော်တော်ဆိုင်ကယ်များ၊ ကုန်တင်ယာဉ်များ၊ ခရီးသည်တင်ယာဉ်များ ၊ ကိုယ်ပိုင်ယာဉ်များ အပါအဝင် စီးရေ ၄ သန်းကျော် ရှိနေပါသည်။

ခရီးသည် သယ်ယူပို့ဆောင်ရေးခန့်မှန်းချက်အဖြစ် ၂၀၂၂ ခုနှစ်တွင် ခရီးကီလိုမီတာမိုင်ပေါင်း ၃၉ ဘီလီယံ ပြေးဆွဲပေးရမည်ဟု ခန့်မှန်းထားပါသည်။ ကုန်ပစ္စည်းသယ်ယူပို့ဆောင်ရေးခန့်မှန်းချက်အဖြစ် ၂၀၂၂ ခုနှစ်တွင် ကုန်တန် ကီလိုမီတာပေါင်း ၈.၇ ဘီလီယံ လိုအပ်ချက်ရှိလာမည်ဖြစ်ပါသည်။ ထို့ကြောင့် အဆိုပါခရီးသည်နှင့် ကုန်သယ်ယူပို့ဆောင်ရေးတို့ကို ကုန်းလမ်း၊ ရေလမ်း၊ လေကြောင်းတို့မှ ဖြည့်ဆည်းဆောင်ရွက်ရမည် ဖြစ် ပါသည်။

## (စ) အိမ်ထောင်စုကဏ္ဍအတွက် စွမ်းအင်အသုံးပြုမှုနှင့် လိုအပ်ချက်ခန့်မှန်းမှု

အိမ်ထောင်စုကဏ္ဍ (Household Sector)၏ စွမ်းအင်အသုံးပြုမှုသည်လည်း စွမ်းအင်သုံးစွဲမှုကြီးမားသည့် ကဏ္ဍတစ်ခုအဖြစ် ရပ်တည်လျက်ရှိဆဲဖြစ်ပါသည်။ အထူးသဖြင့် ကျေးလက်နေပြည်သူများမှ ထင်းမီးသွေးကို အဓိက သုံးစွဲနေရသည့်အတွက် အခြားစွမ်းအင် အစားထိုးသုံးစွဲနိုင်ရေးဆောင်ရွက်ပေးရန် လိုအပ်သကဲ့သို့ မြို့ပြနေပြည်သူများအတွက် အစားအစာချက်ပြုတ်ရေး၊ မီးလင်းရေး၊ ဖျော်ဖြေရေးသုံးပစ္စည်းများနှင့် အအေးပေးစနစ်များ အသုံးပြုကြသည့်အတွက် စွမ်းအင်လိုအပ်ချက် ကြီးမားလျက်ရှိပါသည်။

မြို့ပြနှင့် ကျေးလက်ရှိ အိမ်ထောင်စုများ၏ ချက်ပြုတ်ရေး၊ မီးလင်းရေး၊ ဖျော်ဖြေရေး နှင့် အခြားစွမ်းအင်သုံးစွဲမှုများအနေဖြင့် ၂၀၁၅ ခုနှစ်တွင် ၈.၄၉၅၂ mtoe ရှိခဲ့ပြီး ၂၀၂၁ ခုနှစ်တွင် ၈.၇၅၀၀ mtoe ရှိလာမည် ဖြစ်ပါသည်။ အိမ်ထောင်စုများ၏ လျှပ်စစ်ဓာတ်အားမှ စွမ်းအင်သုံးစွဲမှုမှာ ၂၀၁၅ ခုနှစ်တွင် ၄ ရာခိုင်နှုန်း သုံးစွဲနေရာမှ ၂၀၂၁ ခုနှစ်တွင် ၆.၆ ရာခိုင်နှုန်းသို့ တိုးတက်သုံးစွဲရမည်ဟု ခန့်မှန်းထားပါသည်။

## (ဆ) စွမ်းအင်ကဏ္ဍထုတ်လုပ်မှုအခြေအနေ

မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၏ ၂၀၁၁ - ၂၀၁၂ ဘဏ္ဍာနှစ်မှ ၂၀၁၄ - ၂၀၁၅ ဘဏ္ဍာနှစ်အတွင်း ကုန်းတွင်းပိုင်းနှင့် ကမ်းလွန်ရေနံနှင့် သဘာဝဓာတ်ငွေ့ စုစုပေါင်း ထုတ်လုပ်မှု ပမာဏမှာ ရေနံစိမ်းစည်သန်းပေါင်း ၂၄.၇၉ သန်းဖြစ်ပြီး သဘာဝဓာတ်ငွေ့ ၂၀၈၅.၅၇ ကုဗပေဘီလီယံဖြစ်သည်။ ကုန်းတွင်းပိုင်းနှင့် ကမ်းလွန်တို့မှ သဘာဝဓာတ်ငွေ့ ထုတ်လုပ်မှုမှာ နှစ်စဉ်တိုးတက်လျက်ရှိပြီး ပြည်ပတင်ပို့မှုမှာ ၇၈ ရာခိုင်နှုန်းမှ ၈၁ ရာခိုင်နှုန်း အထိ တိုးတက်ရောင်းချခဲ့သည်။ ပြည်တွင်းသုံးစွဲမှုအနေဖြင့် လျှပ်စစ်ထုတ်လုပ်မှု ကဏ္ဍ အတွက် အများဆုံးသုံးစွဲထားပြီး ၂၀၁၁ -၂၀၁၂ ဘဏ္ဍာရေးနှစ်တွင် ၆၁ ရာခိုင်နှုန်း၊ ၂၀၁၂ - ၂၀၁၃ ဘဏ္ဍာရေးနှစ်တွင် ၆၉ ရာခိုင်နှုန်း၊ ၂၀၁၃ -၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် ၆၈ ရာခိုင်နှုန်း၊ ၂၀၁၄ -၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ၇၈ ရာခိုင်နှုန်း အထိ ဖြန့်ဖြူးပေးနိုင်ခဲ့သည်။

## ဒုတိယ (၅) နှစ် စီမံကိန်း ကာလအတွင်း ဆောင်ရွက်မည့်အစီအစဉ်များ

နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရေးအတွက် စွမ်းအင်လိုအပ်ချက်ကို ဖြည့်ဆည်းပေးရန် ခေတ်စနစ်နှင့် လျော်ညီမည့် ရေနံနှင့်သဘာဝဓာတ်ငွေ့ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများအား ပြင်ဆင်ခြင်း၊ ပြုစုရေးဆွဲခြင်းတို့ကို ဆောင်ရွက်မည်ဖြစ်ပါသည်။

ပြည်တွင်းစွမ်းအင်သုံးစွဲမှု လိုအပ်ချက်ကို အမြန်ဆုံးဖြည့်ဆည်းပေးနိုင်ရေးအတွက် နိုင်ငံခြားရေနံကုမ္ပဏီများအား ဖိတ်ခေါ်၍ မြန်မာတိုင်းရင်းသားပိုင်ကုမ္ပဏီများနှင့် ပူးပေါင်း စေပြီး ကုန်းတွင်းနှင့် ကမ်းလွန်လုပ်ကွက်များတွင် ရေနံမြေသစ်များ ရှာဖွေထုတ်လုပ်နိုင်ရေး ဆောင်ရွက်မည်ဖြစ်ပြီး အနာဂတ်ကာလတွင် ကမ်းလွန်ရေနံလုပ်ငန်းကို နိုင်ငံတော်မှ Operator အနေဖြင့် တာဝန်ယူဆောင်ရွက်သွားနိုင်ရန် လိုအပ်သည်များကို လေ့လာသုံးသပ်၍ စီမံဆောင်ရွက်သွားမည် ဖြစ်ပါသည်။ စွမ်းအင်ဆိုင်ရာ အခြေခံအဆောက်အအုံများကို

ထိန်းသိမ်းပြုပြင် ချဲ့ထွင် ဖြည့်ဆည်းရန်အတွက် နည်းပညာနှင့် အရင်းအနှီးများကြီးမားစွာ လိုအပ်သောကြောင့် ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံသူများ၏ ပါဝင်ရင်းနှီးမြှုပ်နှံမှုဖြင့် အကျိုးတူပူးပေါင်းဆောင်ရွက်ရန် ဖြစ်သည်။

စွမ်းအင်သုံးစွဲမှုများတွင် အိမ်သုံးလောင်စာအဖြစ် ထင်း၊ မီးသွေးကို အဓိကထား သုံးစွဲသည့်နေရာတွင် အခြားအစားထိုးစွမ်းအင် အမျိုးအစားများကို အိမ်သုံးစွမ်းအင်အဖြစ် အစားထိုး အသုံးပြုနိုင်ရေးအတွက် ဆောင်ရွက်ရန်ဖြစ်ပါသည်။ ကျေးလက်ဒေသများ၊ အထူးသဖြင့် ဝေးလံခေါင်ဖျားဒေသများ၌ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးရန် မဖြစ်နိုင်သည့် အတွက် အခြားစွမ်းအင်စနစ်များဖြစ်သည့် ရေနံဓာတ်ငွေ့ရည်ကဲ့သို့သော ရေနံထွက် ပစ္စည်းများ သမားရိုးကျလောင်စာများနှင့် အသေးစားရေအားလျှပ်စစ်စသည့် ပြန်လည် ပြည့်ဖြိုးမြဲ စွမ်းအင်အရင်းမြစ်များကို ဖော်ထုတ်အသုံးချသွားရန် ဖြစ်ပါသည်။

ဒုတိယကာလတို (၅) နှစ် စီမံကိန်းကာလအတွင်း စွမ်းအင်ဝန်ကြီးဌာနမှ ထုတ်လုပ်ရန် မျှော်မှန်း၍ ပြည်တွင်းလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည် ဖြစ်ပါသည်။

ဇယား ၄ - ၁၄

## စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၏ ရေနံစိမ်းနှင့် သဘာဝဓာတ်ငွေ့များ ထုတ်လုပ်မှု ခန့်မှန်းချက်

| စဉ် | ပစ္စည်းအမျိုးအမည် | ရေတွက်ပုံ | ၂၀၁၆-၂၀၁၇ | ၂၀၁၇-၂၀၁၈ | ၂၀၁၈-၂၀၁၉ | ၂၀၁၉-၂၀၂၀ | ၂၀၂၀-၂၀၂၁ |
|---|---|---|---|---|---|---|---|
| ၁ | ရေနံစိမ်း | စည်ထောင် | ၄၄၁၄.၇၀၀ | ၄၂၈၂.၇၀၆ | ၄၀၃၉.၃၉၃ | ၃၉၄၈.၃၉၂ | ၃၇၉၇.၁၀၀ |
| | ကုန်းတွင်း | | ၂၈၁၀.၅၂၅ | ၂၈၄၃.၈၇၆ | ၂၈၄၀.၃၆၈ | ၂၉၀၉.၂၃၇ | ၂၉၉၇.၇၅၀ |
| | ကမ်းလွန် | | ၁၆၀၄.၁၇၅ | ၁၄၃၈.၈၃၀ | ၁၁၉၉.၀၂၅ | ၁၀၃၉.၁၅၅ | ၇၉၉.၃၅၀ |
| ၂ | သဘာဝဓာတ်ငွေ့ | ကုဗပေသန်း | ၆၈၉၈၂၄.၉၁၈ | ၆၈၄၈၄၇.၄၈၀ | ၆၇၅၂၃၇.၃၃၉ | ၆၇၀၂၉၃.၂၃၃ | ၆၀၅၁၇၂.၀၃၅ |
| | ကုန်းတွင်း | | ၁၄၂၀၉.၉၁၈ | ၁၆၈၉၇.၄၈၀ | ၁၈၂၃၇.၃၃၉ | ၂၀၅၉၃.၂၃၃ | ၂၄၄၅၇.၀၃၅ |
| | ကမ်းလွန် | | ၆၇၅၆၁၅.၀၀၀ | ၆၆၇၉၅၀.၀၀၀ | ၆၅၇၀၀၀.၀၀၀ | ၆၄၉၇၀၀.၀၀၀ | ၅၈၀၇၁၅.၀၀၀ |
| | ပြည်ပ | | ၅၁၅၀၁၅.၀၀၀ | ၅၀၇၃၅၀.၀၀၀ | ၄၉၆၄၀၀.၀၀၀ | ၄၈၉၁၀၀.၀၀၀ | ၄၅၆၆၁၅.၀၀၀ |
| | ရတနာ | | ၂၀၆၂၂၅.၀၀၀ | ၂၀၆၂၂၅.၀၀၀ | ၂၀၆၂၂၅.၀၀၀ | ၂၀၆၂၂၅.၀၀၀ | ၁၈၄၆၉၀.၀၀၀ |
| | ရဲတံခွန် | | ၇၃၃၆၅.၀၀၀ | ၆၅၇၀၀.၀၀၀ | ၅၄၇၅၀.၀၀၀ | ၄၇၄၅၀.၀၀၀ | ၃၆၅၀၀.၀၀၀ |
| | ဇော်တိက | | ၈၉၄၂၅.၀၀၀ | ၈၉၄၂၅.၀၀၀ | ၈၉၄၂၅.၀၀၀ | ၈၉၄၂၅.၀၀၀ | ၈၉၄၂၅.၀၀၀ |
| | ရွှေ | | ၁၄၆၀၀၀.၀၀၀ | ၁၄၆၀၀၀.၀၀၀ | ၁၄၆၀၀၀.၀၀၀ | ၁၄၆၀၀၀.၀၀၀ | ၁၄၆၀၀၀.၀၀၀ |
| | ပြည်တွင်းသုံး | | ၁၆၀၆၀၀.၀၀၀ | ၁၆၀၆၀၀.၀၀၀ | ၁၆၀၆၀၀.၀၀၀ | ၁၆၀၆၀၀.၀၀၀ | ၁၆၀၆၀၀.၀၀၀ |
| | ရတနာ | | ၈၇၆၀၀.၀၀၀ | ၈၇၆၀၀.၀၀၀ | ၈၇၆၀၀.၀၀၀ | ၈၇၆၀၀.၀၀၀ | ၅၁၁၀၀.၀၀၀ |
| | ဇော်တိက | | ၃၆၅၀၀.၀၀၀ | ၃၆၅၀၀.၀၀၀ | ၃၆၅၀၀.၀၀၀ | ၃၆၅၀၀.၀၀၀ | ၃၆၅၀၀.၀၀၀ |
| | ရွှေ | | ၃၆၅၀၀.၀၀၀ | ၃၆၅၀၀.၀၀၀ | ၃၆၅၀၀.၀၀၀ | ၃၆၅၀၀.၀၀၀ | ၃၆၅၀၀.၀၀၀ |
| ၃ | ဘူးသွင်းသဘာဝဓာတ်ငွေ့ | ကုဗပေသန်း | ၈၄၂၀.၁၁၂ | ၈၀၅၅.၁၁၂ | ၈၀၅၅.၁၁၂ | ၈၀၅၆.၆၁၂ | ၈၀၅၅.၁၁၂ |

ဓာတ်မြစ်။ စွမ်းအင်ဝန်ကြီးဌာန

ဇယား ၄ - ၁၅

စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံဓာတုလုပ်ငန်း၏

ရေနံချက်ပစ္စည်းများ ထုတ်လုပ်မှု ခန့်မှန်းချက်

| စဉ် | ပစ္စည်းအမျိုးအမည် | ရေတွက်ပုံ | ၂၀၁၆-၂၀၁၇ | ၂၀၁၇-၂၀၁၈ | ၂၀၁၈-၂၀၁၉ | ၂၀၁၉-၂၀၂၀ | ၂၀၂၀-၂၀၂၁ |
|---|---|---|---|---|---|---|---|
| ၁ | ရေနံဓာတ်ငွေ့ရည် | မ/တန် | ၂၉၆၀.၇၃ | ၂၉၅၃.၀၃ | ၂၉၅၂.၉၃ | ၂၉၅၂.၉၁ | ၂၉၅၂.၈၄ |
| ၂ | ဓာတ်ဆီ | ဂါလန်ထောင် | ၂၆၈၂၄.၃၀ | ၁၀၉၄၇.၅၀ | ၁၀၇၀၉.၅၀ | ၁၀၆၃၆.၀၀ | ၁၀၄၇၁.၅၀ |
| ၃ | ရေနံဆီ | ။ | ၃၀၀.၀၀ | ၃၀၀.၀၀ | ၃၀၀.၀၀ | ၃၀၀.၀၀ | ၃၀၀.၀၀ |
| ၄ | ဒီဇယ်ဆီ | ။ | ၆၈၂၉၁.၃၇ | ၃၉၃၂၇.၇၅ | ၃၈၂၅၆.၇၅ | ၃၇၉၂၆.၀၀ | ၃၇၁၈၅.၇၅ |
| ၅ | မီးထိုးဆီ | ။ | ၃၇၂၃၁.၂၂ | ၁၅၈၃၅.၃၀ | ၁၅၅၀၂.၁၀ | ၁၅၃၉၉.၂၀ | ၁၅၁၆၈.၉၀ |
| ၆ | ဂျက်လေယာဉ်ဆီ | ။ | ၄၄၈၃.၈၈ | ၄၂၅၆.၇၃ | ၄၁၂၅.၈၃ | ၄၀၈၅.၄၀ | ၃၉၉၄.၉၃ |
| ၇ | အထွေထွေဆီများ | ။ | ၁၉၁၅.၂၅ | ၁၈၇၃.၉၅ | ၁၈၅၀.၁၅ | ၁၈၄၂.၈၀ | ၁၈၂၆.၃၅ |
| ၈ | 92 RON | ။ | ၁၀၀၂၇.၅၈ | ၉၅၁၉.၅၉ | ၉၂၂၆.၈၅ | ၉၁၃၆.၄၄ | ၈၉၃၄.၁၁ |
| ၉ | အိမ်သုတ်ရေနံ | ။ | ၉၀၀.၀၀ | ၉၀၀.၀၀ | ၉၀၀.၀၀ | ၉၀၀.၀၀ | ၉၀၀.၀၀ |
| ၁၀ | ရေနံမီးသွေး | ။ | ၁၆.၃၉ | ၁၅.၅၆ | ၁၅.၀၈ | ၁၄.၉၃ | ၁၄.၆၀ |
| ၁၁ | ဖယောင်း | ။ | ၀.၈၇ | ၀.၈၇ | ၀.၈၇ | ၀.၈၇ | ၀.၈၇ |
| ၁၂ | ဓာတ်မြေသြဇာ | ။ | ၂၄၈၇၀၀.၀၀ | ၂၄၈၇၀၀.၀၀ | ၂၄၈၇၀၀.၀၀ | ၂၄၈၇၀၀.၀၀ | ၂၄၈၇၀၀.၀၀ |

ဓာတ်မြစ်။ စွမ်းအင် ဝန်ကြီးဌာန

စွမ်းအင်သုံးစွဲရာတွင် အသုံးပြုမှုနှင့်အလေအလွင့်ဆုံးရှုံးမှု နည်းပါးစေရေးအတွက် စွမ်းအင်ချွေတာရေးနည်းလမ်းများ ရှာဖွေဆောင်ရွက်ခြင်း၊ စွမ်းအင်အသုံးပြုမှု စွမ်းဆောင်ရည် တိုးတက်စေခြင်း၊ စွမ်းအင်ဆိုင်ရာလုပ်ငန်းများဆောင်ရွက်ရာတွင် သဘာဝပတ်ဝန်းကျင်နှင့် လူမှုစီးပွားထိခိုက်မှု အနည်းဆုံးဖြစ်စေရေးအတွက် လေ့လာဆောင်ရွက်ခြင်း၊ စွမ်းအင်ကဏ္ဍ စီမံကိန်းများရှိ ပညာရှင်များ၏ အရည်အသွေး တိုးတက်မြင့်မားလာစေရန် ဆောင်ရွက်ခြင်းနှင့် မျိုးဆက်သစ်များ ပြုစုပျိုးထောင်ပေးခြင်းတို့ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

## ၄-၄။ ကုန်သွယ်မှု

ကမ္ဘာလုံးဆိုင်ရာဖြစ်စဉ်(Globalization)နှင့် ဒေသဆိုင်ရာဖြစ်စဉ် (Regionalization) ဖြစ်စဉ်များနှင့်အတူ ပြည်ပပို့ကုန်နှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု မဟာဗျူဟာများသည် မြန်မာနိုင်ငံအတွက် အလားအလာရှိ၍ လက်ခံနိုင်သော မူဝါဒတစ်ခု ဖြစ်လာပါသည်။ လက်ရှိ ပို့ကုန်တင်ပို့မှုပုံစံသည် သဘာဝရင်းမြစ်များဖြစ်သည့် သဘာဝဓာတ်ငွေ့၊ သစ်၊ စိုက်ပျိုးရေး ထုတ်ကုန်နှင့် ရေထွက်ပစ္စည်းအစရှိသည့် အနည်းငယ်သော ကုန်စည်များအပေါ်တွင်သာ အဓိက ထားပါသည်။ ထို့ကြောင့် Trade Financing၊ Market Access နှင့် Trade Facilitation ကဲ့သို့သော ဝန်ဆောင်မှုလုပ်ငန်းများကို ပံ့ပိုးပေးနိုင်မည့် စီးပွားရေးဆိုင်ရာ အခြေခံကောင်းများ တိုးတက်လာစေရေးနှင့် တန်ဖိုးမြှင့်ကုန်စည် (Value-added Commodities) များ ထုတ်လုပ်မှုကို တိုးမြှင့်နိုင်ရေး ပို့ကုန်မူဝါဒတစ်ခု ချမှတ်ဆောင်ရွက်လျက်ရှိပါသည်။ ဤနေရာတွင် အစိုးရသည် ပြည်တွင်းစက်မှုလုပ်ငန်းများမှ တန်ဖိုးမြှင့်ကုန်စည်များ တင်ပို့နိုင်ရေးအတွက် ရင်ဆိုင်ရမည့် နည်းပညာ၊ ငွေကြေးနှင့် ဈေးကွက်သစ်သို့ဝင်ရောက်ရေး အစရှိသည့် အခက်အခဲများကို ကူညီပေးရန် FDI များ ဝင်ရောက်လာရေး ဆွဲဆောင်လျက်ရှိပါသည်။ အထူးသဖြင့် Export Earnings နှင့် Import Licensing ကြား ချိတ်ဆက်မှုကို ဖယ်ရှားနိုင်ရန် ငွေလဲနှုန်း ညီညွတ်စေရေးအတွက် လုပ်ငန်းများဆောင်ရွက်ရာတွင် ပြည်တွင်းငွေကြေးကို ခိုင်မာစေ၍ FDI တိုးတက်လာစေရေးကိုလည်း ဆောင်ရွက်လျက်ရှိပါသည်။

ပို့ကုန်များကို လေ့လာမည် ဆိုပါက စက်မှုကုန်ချောပစ္စည်းတင်ပို့မှုသည် ပထမကာလတို (၅) စီမံကိန်းကာလတွင် စုစုပေါင်း ပို့ကုန်တန်ဖိုး၏ ၄၅.၁% ၊ လယ်ယာထွက်ပစ္စည်းတင်ပို့မှု သည် စုစုပေါင်း ပို့ကုန် တန်ဖိုး၏ ၂၅.၄%၊ သတ္တုတွင်းထွက်ပစ္စည်း တင်ပို့မှုသည် စုစုပေါင်း

ပို့ကုန်တန်ဖိုး၏ ၉.၄% အသီးသီးပါဝင်ကြောင်းတွေ့ရသည်။ ပို့ကုန်အများဆုံးဖြစ်သည့် စက်မှုကုန်ချောပစ္စည်းတင်ပို့မှုတွင် သဘာဝဓာတ်ငွေ့တင်ပို့မှုသည် ၃၇.၄ % ပါ ဝင်ပြီး၊ လယ်ယာထွက်ပစ္စည်းတင်ပို့မှုတွင် ပဲအမျိုးမျိုးတင်ပို့မှုသည် ၉.၈% နှင့် သတ္တုတွင်းထွက်ပစ္စည်းတင်ပို့မှုတွင် ကျောက်စိမ်းတင်ပို့မှုသည် ၂၉.၃% အသီးသီးပါဝင်ကြကြောင်း တွေ့ရှိရပါသည်။ အဆိုပါ ကိန်းဂဏန်းများအရ မြန်မာ့ပို့ကုန်များသည် သဘာဝဓာတ်ငွေ့ပါဝင်သော စက်မှုကုန်ချောပစ္စည်း အပေါ် အလွန်အားထား မှီခိုလျက် ရှိကြောင်းတွေ့ရှိရပါသည်။

သွင်းကုန်ပိုင်းဆိုင်ရာကို ကြည့်မည်ဆိုပါက ရင်းနှီးမြှုပ်နှံမှုကုန်ပစ္စည်း တင်သွင်းမှုသည် ပထမကာလတို (၅) စီမံကိန်းကာလတွင် သွင်းကုန်တန်ဖိုးစုစုပေါင်း၏ ၄၄.၅% ပါဝင်ပြီး လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်းတင်သွင်းမှုသည် ၃၂.၈% ပါဝင်ကြောင်း တွေ့ရှိရသည်။ ရင်းနှီးမြှုပ်နှံမှုကုန်ပစ္စည်း တင်သွင်းမှုတွင် မော်တော်ယာဉ်နှင့် မော်တော်ယာဉ်ပစ္စည်း တင်သွင်းမှုသည် ၁၀.၇%၊ စက်နှင့်စက်ပစ္စည်း တင်သွင်းမှုသည် ၈.၉%၊ သံနှင့်သံမဏိ ဆောက်လုပ်ရေးပစ္စည်းများ တင်သွင်းမှုသည် ၆.၇% ၊ အသီးသီးတင်သွင်းကြောင်း တွေ့ရှိရသည်။ လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်းတင်သွင်းမှုတွင် ရေနံထွက်ပစ္စည်းများ တင်သွင်းမှုသည် သွင်းကုန်တန်ဖိုး စုစုပေါင်း၏ ၁၇.၇% တင်သွင်းခဲ့ပါသည်။ အဆိုပါ အချက်များအပေါ် အခြေခံ၍ မြန်မာနိုင်ငံ၏ သွင်းကုန် တင်သွင်းမှုသည် မော်တော်ယာဉ်၊ စက်ကိရိယာပစ္စည်းများနှင့် သတ္တုတွင်းထွက်ပစ္စည်းများ (စက်သုံးဆီ အပါအဝင်) တို့အပေါ်တွင် များစွာမူတည်နေကြောင်း တွေ့ရှိရပါသည်။

မြန်မာနိုင်ငံ၏ ပို့ကုန်တင်ပို့မှုသည် ပထမကာလတို (၅) နှစ် စီမံကိန်းကာလအတွင်း နှစ်စဉ် ပျမ်းမျှ ၉.၄၈ ရာခိုင်နှုန်း တိုးတက်လာသည်မှာမှန်သော်လည်း ကုန်သွယ်မှု ဖြေလျှော့ပေးခြင်းများနှင့် နှိုင်းယှဉ်ပါက ပမာဏအလွန်နည်းကြောင်း တွေ့ရှိနိုင်သည်။ မြန်မာ့ပို့ကုန်တိုးတက်မှုတွင် အဓိကကဏ္ဍဖြစ်သော (စုစုပေါင်းပို့ကုန်တိုးတက်မှု၏ ၆.၂ ရာခိုင်နှုန်းဖြစ်သည့်) Manufacturing Industry သည်ပင်လျှင် စုစုပေါင်းပို့ကုန်ပမာဏ၏ ၁၁.၆ ရာခိုင်နှုန်းသာ ပါဝင်ကြောင်းတွေ့ရှိနိုင်သည်။

သွင်းကုန်တင်သွင်းမှုသည် ပထမကာလတို (၅) နှစ် စီမံကိန်းကာလအတွင်း နှစ်စဉ် ပျမ်းမျှ ၂၈.၄၆ ရာခိုင်နှုန်း တိုးတက်လာပြီး မျှော်မှန်းထားသကဲ့သို့ပင် တိုးတက်မှုရရှိခဲ့သည်။ မြန်မာ့သွင်းကုန်တိုးတက်မှုတွင် သတ္တုကဏ္ဍ၏ တိုးတက်မှုသည် ၅၉.၈ ရာခိုင်နှုန်း ပါဝင်နေပြီး Manufacturing Industry သည် စုစုပေါင်းသွင်းကုန်တိုးတက်မှု၏ ၅၈ ရာခိုင်နှုန်း ပါဝင် လျက်ရှိပါ သည်။

ပို့ကုန်များအားလေ့လာရာတွင် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် လယ်ယာထွက်ကုန် အမေရိကန် ဒေါ်လာသန်းပေါင်း ၂၉၂၃.၅၄ တင်ပို့နိုင်ခဲ့ပြီး တိုးတက်မှု ၉.၂ ရာခိုင်နှုန်း၊ ရေထွက်ပစ္စည်း စုစုပေါင်းအနေဖြင့် အမေရိကန်ဒေါ်လာ ၄၂၀.၆၇ သန်း (-) ၃၇.၆ ရာခိုင်နှုန်း၊ သတ္တုတွင်းထွက်ပစ္စည်းများအနေဖြင့် ၁၄၆၉.၅၂သန်း တိုးတက်မှု ၂၇.၇၆ ရာခိုင်နှုန်း၊ သစ်တောထွက်ပစ္စည်းများအနေဖြင့် ၉၈.၁၃သန်း၊ စက်မှုချောကုန်ပစ္စည်းများတွင် ၆၂၃၂.၇၃ သန်း တိုးတက်မှု ၄၆.၇၆ ရာခိုင်နှုန်းဖြစ်ပြီး သဘာဝဓာတ်ငွေ့တင်ပို့မှု ၅၁၇၉.၅၆ သန်း ပါဝင်ပါသည်။ စုစုပေါင်း တင်ပို့နိုင်မှုအနေဖြင့် အမေရိကန် ဒေါ်လာသန်းပေါင်း ၁၂၅၂၃.၇၁ ဖြစ်ပြီး သဘာဝဓာတ်ငွေ့အနေဖြင့် စုစုပေါင်းပို့ကုန်တန်ဖိုး၏ ၄၁.၃၆ ရာခိုင်နှုန်း ပါဝင်နေသည် ကို တွေ့ရှိရပါသည်။ မြန်မာနိုင်ငံ၏ ပို့ကုန်အများစုသည် သဘာဝသယံဇာတ အရင်းအမြစ်များ ကိုသာ အခြေခံနေသည့်အတွက် စက်မှုထွက်ကုန်နှင့် ကုန်ပစ္စည်းအသစ်များ တင်ပို့နိုင်ရန် အတွက် ဒုတိယကာလတို (၅)နှစ် စီမံကိန်းကာလအတွင်း အကောင်အထည်ဖော်ဆောင်ရွက် သွားပါမည်။

သွင်းကုန်များအား လေ့လာရာတွင် ၂၀၁၄-၂၀၁၅ဘဏ္ဍာနှစ်ကာလတွင် ရင်းနှီးမြှုပ်နှံမှု ကုန်ပစ္စည်းများတန်ဖိုး ၇၆၀၇.၄၃သန်း တင်သွင်းခဲ့ပြီး တိုးတက်မှု (၂၄.၂၆ ရာခိုင်နှုန်း)၊ လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်း ၅၀၀၇.၀၀သန်း တိုးတက်မှု (၁၃.၆၉ ရာခိုင်နှုန်း)၊ လူသုံးကုန် ပစ္စည်းများ ၄၀၁၈.၇၂သန်း (၂၄.၂၈ ရာခိုင်နှုန်း)ပါဝင်ပါသည်။ ရင်းနှီးမြှုပ်နှံမှုကုန်ပစ္စည်းများ အုပ်စုတွင် မော်တော်ယာဉ်နှင့် မော်တော်ယာဉ်တင်သွင်းမှုအနေဖြင့် ၁၈၀၇.၄၇ သန်း တိုးတက်မှု အနေဖြင့် (၃၅.၃၉ ရာခိုင်နှုန်း) တိုးတက်တင်သွင်းခဲ့ပြီး ပါဝင်မှုတန်ဖိုး အများဆုံးလည်း ဖြစ်ပါသည်။ လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်းများအုပ်စုတွင် ရေနံထွက်ပစ္စည်းများအနေဖြင့် ပါဝင်မှုအများဆုံးဖြစ်ပြီး ၂၅၇၅.၇၃သန်း တိုးတက်မှု (၇.၆၉ ရာခိုင်နှုန်း) တိုးတက်တင်သွင်းခဲ့ ပါသည်။ လူသုံးကုန်ပစ္စည်းများအုပ်စုတွင် စားအုန်းဆီတင်သွင်းမှု အများဆုံးဖြစ်ပြီး ၃၄၁.၀၄

သန်းဖိုး တင်သွင်းခဲ့ပါသည်။ သွင်းကုန်များအား လေ့လာခြင်းဖြင့် မော်တော်ယာဉ်နှင့် မော်တော်ယာဉ်ပစ္စည်းတင်သွင်းမှုမှာ ပမာဏများပြားသဖြင့် ဒုတိယကာလတို (၅) နှစ် စီမံကိန်းကာလအတွင်း မော်တော်ယာဉ် တင်သွင်းမှုဆိုင်ရာ မူဝါဒအား ပြန်လည်သုံးသပ်သင့်ပါသည်။

အပြည်ပြည်ဆိုင်ရာကုန်သွယ်မှုသည် နိုင်ငံတကာဆက်သွယ်မှုတွင် အဓိကအရေးပါသော အခန်းကဏ္ဍတစ်ရပ်ဖြစ်ပါသည်။ မြန်မာနိုင်ငံ၏ ပို့ကုန်မူဝါဒသည် ဈေးကွက်အသစ်များသို့ ပို့ကုန်ပစ္စည်းအသစ်များ ပိုမိုတင်ပို့နိုင်ရေးဖြစ်ပါသည်။ အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှု ပိုမိုတိုးပွားလာမှုသည် နိုင်ငံတကာမှအရင်းအမြစ်များကို လုံလုံလောက်လောက် ခွဲဝေအသုံးပြုနိုင်မှု၊ ကမ္ဘာ့ထုတ်လုပ်မှုနှင့် ထွက်ကုန်ပိုမိုမြင့်မားလာမှုကြောင့် နိုင်ငံတကာတွင် အရင်းအမြစ်များ စီးဆင်းမှုနှင့် နည်းပညာအကူးအပြောင်းကို ပိုမိုအားကောင်းလာစေပါသည်။ ကမ္ဘာ့ကုန်သွယ်မှုနှင့် နိုင်ငံအသီးသီး၏ ကုန်သွယ်မှုအတွက် လွတ်လပ်သော ကုန်သွယ်မှု (Free Trade) သည် အကောင်းဆုံးမူဝါဒဖြစ်သည်ဟု စီးပွားရေးသီအိုရီအများစုမှ ဆိုပါသည်။ သို့သော် အပြည်ပြည်ဆိုင်ရာကုန်သွယ်မှုသည် ကောင်းကျိုးသာမက ဆိုးကျိုးကိုလည်း ဖန်တီးနိုင်သောကြောင့် လွတ်လပ်သောကုန်သွယ်မှု (Free Trade) ကို နိုင်ငံတိုင်းမကျင့်သုံးနိုင်သေးဘဲ ဆိုးကျိုးကို လျှော့ချ၍ ကောင်းကျိုးကိုတိုးပွားစေသည့် ကိုယ်ပိုင်မူဝါဒများကို နိုင်ငံအချို့တွင် ကျင့်သုံးလျက် အပြည်ပြည်ဆိုင်ရာကုန်သွယ်မှုတွင် ပါဝင်ဆောင်ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံ၏ ကုန်သွယ်ဘက်နိုင်ငံအများစုမှာ (ASEAN+6) အာဆီယံအပေါင်း (၆)နိုင်ငံများဖြစ်ပြီး ပို့ကုန် စုစုပေါင်းတန်ဖိုး၏ ၉၀ ရာခိုင်နှုန်းကျော်အား ၎င်းနိုင်ငံများသို့တင်ပို့လျက်ရှိပါသည်။ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ကာလအတွင်း ကုန်ပစ္စည်းတင်ပို့မှုအနေဖြင့် ယခင် တင်ပို့လျက်ရှိသော ပို့ကုန်အများစုကိုသာ တင်ပို့လျက်ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။ ၂၀၁၁ ခုနှစ် မတိုင်မီတွင် Export Earning ရှိမှသာ ကုန်ပစ္စည်းတင်သွင်းခွင့်ရရှိသည့်အတွက် Trade Surplus ဖြစ်ခဲ့ပြီး ၎င်းမူဝါဒအား ဖယ်ရှားပြီး နောက် ၂၀၁၂ခုနှစ် နောက်ပိုင်းတွင် Trade Deficit ဖြစ်ခဲ့ပြီး ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ကာလအတွင်း ပျမ်းမျှ တစ်နှစ်လျှင် အမေရိကန် ဒေါ်လာသန်းပေါင်း ၁၆၆၄.၀၉ ခန့်ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

သွင်းကုန်ပစ္စည်းများ တင်သွင်းမှုကိုလေ့လာပါက နိုင်ငံဖွံ့ဖြိုးတိုးတက်မှုအတွက် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ( Foreign Direct Investment) ဖိတ်ခေါ်လာခဲ့သည့်

အတွက် ရင်းနှီးမြှုပ်နှံမှု ကုန်ပစ္စည်းများဖြစ်သည့် သံနှင့်သံမဏိဆောက်လုပ်ရေးပစ္စည်းများ၊ လျှပ်စစ်ဓာတ်ဖြန့်ဖြူးရေးနှင့် တပ်ဆင်ရေးပစ္စည်းများ၊ စက်နှင့်စက်ပစ္စည်းများ၊ ဘိလပ်မြေ၊ သတ္တုကုန်ချော ဆောက်လုပ်ရေးပစ္စည်းများနှင့် လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်းများ တင်သွင်းမှုတွင် ရေနံထွက်ပစ္စည်းများ တင်သွင်းမှုပိုမိုလာခဲ့ကြောင်းတွေ့ရပါသည်။

ကုန်သွယ်မှုလိုငွေပြမှုကိုလျှော့ချရန် ပို့ကုန်တင်ပို့မှုကို တိုးမြှင့်ရမည်ဖြစ်ပြီး မိမိနိုင်ငံအနေဖြင့် နိုင်ငံတကာဈေးကွက်သို့ ထိုးဖောက်ဝင်နိုင်မည့် ကုန်ပစ္စည်းများကို တိုးမြှင့်ထုတ်လုပ်ရန် လိုအပ်ပါသည်။ ကုန်ပစ္စည်းများ၏ အရည်အသွေးကို နိုင်ငံတကာ စံချိန်စံညွှန်းများနှင့်အညီ ထုတ်လုပ်၍ ခေတ်မီသော ထုပ်ပိုးမှုစနစ်များဖြစ်ရန်လည်း လိုအပ်ပါသည်။

ဒုတိယ ကာလတို (၅)နှစ် စီမံကိန်းကာလအတွင်း အောက်ပါလုပ်ငန်းစဉ်များအား ဆောင်ရွက်ရန်ဖြစ်ပါသည်-

(က) ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ ကုန်သွယ်ရေး မူဝါဒများ ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း၊ လုပ်ထုံးလုပ်နည်းများရေးဆွဲချမှတ် ကျင့်သုံးနိုင်ရေးဆောင်ရွက်ခြင်း၊

(ခ) ပြည်တွင်း၊ ပြည်ပကုန်သွယ်မှုတွင် လွတ်လပ်စွာ ယှဉ်ပြိုင်ကူးသန်းရောင်းဝယ်မှုကို ဖြစ်ပေါ်စေရေး ကုန်သွယ်မှု လွယ်ကူချောမွေ့စေရေး အစီအမံများချမှတ် ကျင့်သုံးဆောင်ရွက်ခြင်း၊

(ဂ) ပုဂ္ဂလိကကဏ္ဍကုန်သွယ်မှုဖွံ့ဖြိုးရေးနှင့် အသေးစားနှင့် အလတ်စားလုပ်ငန်းများဖွံ့ဖြိုးရေး ဆောင်ရွက်ခြင်း၊

(ဃ) ကုန်သွယ်မှုလုပ်ငန်းများအတွက် ငွေကြေးထောက်ပံ့နိုင်မည့် အစီအမံများ ချမှတ်ကျင့်သုံး ဆောင်ရွက်ခြင်း၊

(င) နိုင်ငံတကာ ဈေးကွက်တိုးချဲ့နိုင်ရေး နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

(စ) ကုန်သွယ်မှုကဏ္ဍအတွက် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေး ဆောင်ရွက်ခြင်း၊

(ဆ) စားသုံးသူအကာအကွယ်ပေးရေး လုပ်ငန်းများဆောင်ရွက်ခြင်း၊

(ဇ) မြန်မာ့ပို့ကုန်ပစ္စည်းများအား တန်ဖိုးမြှင့်ထုတ်ကုန်အဖြစ် လွယ်ကူစွာတိုးမြှင့်တင်ပို့နိုင်ရေး အတွက် အားပေးကူညီဆောင်ရွက်ခြင်း၊

(ဈ) ကုန်ပစ္စည်းတင်ပို့ခြင်းအပြင် ဝန်ဆောင်မှုလုပ်ငန်းများမှ နိုင်ငံခြားငွေ တိုးတက်ရရှိရေး အားပေးဆောင်ရွက်ခြင်း၊

(ည) စိုက်ပျိုးထုတ်လုပ်သူ တောင်သူလယ်သမားများအတွက် သီးနှံဈေးကွက် ခိုင်မာရေးနှင့်အကျိုး ဖြစ်ထွန်းစေရေးပံ့ပိုး ဆောင်ရွက်ခြင်း၊

(ဋ) ကုန်သွယ်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ခေတ်မီ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ (ICT) ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုနိုင်ခြင်း ဆောင်ရွက်ရန်ဖြစ်ပါသည်။ ကဏ္ဍအလိုက် ဝန်ကြီးဌာနများ၏ အသေးစိတ်လုပ်ငန်းစဉ်များကို နှစ်စဉ်စီမံကိန်းများတွင် အသေးစိတ် ဖော်ပြသွားမည်ဖြစ်ပါသည်။

**၄-၅။ ခရီးသွားလုပ်ငန်း**

ခရီးသွားလုပ်ငန်းသည် ကမ္ဘာ့နိုင်ငံများအကြားတွင် လျင်မြန်စွာဖွံ့ဖြိုးတိုးတက်လျက်ရှိသော စီးပွားရေးလုပ်ငန်းတစ်ခုဖြစ်ပါသည်။ ခရီးသွားလုပ်ငန်းသည် သဘာဝအရင်းအမြစ်များကို ထုတ်ယူသုံးစွဲရန်မလိုအပ်ဘဲ ၎င်းမှရရှိသောဝင်ငွေသည် ပြည်သူလူထု၏ အကျိုးစီးပွားကို များစွာ အထောက်အကူပြုသော လုပ်ငန်းတစ်ခုဖြစ်သည့်အတွက် "မီးခိုးမထွက်သောလုပ်ငန်း" ဟု တင်စား ခေါ်ဝေါ်ကြပါသည်။

မြန်မာနိုင်ငံသည် အရှေ့တောင်အာရှဒေသ၌ ပထဝီဝင်အနေအထားအရ မဟာဗျူဟာ မြောက်တည်ရှိနေသော နိုင်ငံတစ်နိုင်ငံဖြစ်သည်နှင့်အညီ မြန်မာနိုင်ငံရှိ ရှေးဟောင်း ယဉ်ကျေးမှု အမွေအနှစ်များ၊ သဘာဝအမွေအနှစ်များ၊ မြန်မာတို့၏ ယဉ်ကျေးဖော်ရွေမှုနှင့် ဘာသာရေး သက်ဝင်ယုံကြည်တန်ဖိုးထားမှုများကို လေ့လာသိရှိခံစားလိုကြသော ကမ္ဘာလှည့်ခရီးသွားများ အတွက် ပေါ်ထွန်းစခရီးစဉ်ဒေသတစ်ခုဖြစ်ပါသည်။ မြန်မာနိုင်ငံတွင် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ပြုပြင်ပြောင်းလဲမှုများ၏ ရလဒ်တစ်ခုမှာ မြန်မာနိုင်ငံသို့ ကမ္ဘာလှည့်ခရီးသည် ဝင်ရောက်မှု တိုးတက်များပြားလာခြင်းဖြစ်ပြီး ခရီးသွားလုပ်ငန်းမှ ရရှိသောဝင်ငွေမှာလည်း အထူးတိုးတက်လာပါသည်။

ခရီးသွားလုပ်ငန်းမှ ဝင်ငွေအများအပြားရရှိနိုင်ခြင်း၊ ပြည်သူများအတွက် အလုပ်အကိုင် အခွင့်အလမ်းအသစ်များ ဖန်တီးပေးနိုင်ခြင်းတို့ကြောင့် နိုင်ငံတော်၏ ပြုပြင်ပြောင်းလဲရေး

လုပ်ငန်းစဉ်များတွင် ခရီးသွားလုပ်ငန်းကို ဦးစားပေးကဏ္ဍ၌ ထည့်သွင်းထားပြီး ခရီးသွားလုပ်ငန်း မူဝါဒကို ၂၀၁၂ ခုနှစ်တွင် ချမှတ်ခဲ့ပါသည်။ ခရီးသွားလုပ်ငန်းကို ပုဂ္ဂလိကကဏ္ဍ တိုးတက် ဖွံ့ဖြိုးရေးတွင် အဓိကစီးပွားရေးလုပ်ငန်းတစ်ခုအဖြစ် သတ်မှတ်ထားရှိသဖြင့် မြန်မာနိုင်ငံ ၏ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ ပုဂ္ဂလိကကဏ္ဍတွင် အကျိုးကျေးဇူးများ ရရှိလာမည်ဖြစ်ပြီး နိုင်ငံတော်အစိုးရ၏ ဆင်းရဲမှုပပျောက်ရေးလုပ်ငန်းကိုလည်း အထောက်အကူ ဖြစ်စေမည် ဖြစ်ပါသည်။

**(က) မြန်မာနိုင်ငံသို့ ကမ္ဘာလှည့် ခရီးသည်ဝင်ရောက်မှုအခြေအနေ**

မြန်မာနိုင်ငံသည် ၂၀၁၂ ခုနှစ်၊ ဖွန်လတွင် **ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့သို့** အဖွဲ့ဝင်အဖြစ် ဝင်ရောက်ခဲ့ပြီးနောက်ပိုင်း တစ်နှစ်ထက်တစ်နှစ် ကမ္ဘာလှည့်ခရီးသည် ဝင်ရောက်မှု ပိုမိုများပြား လာပါသည်။ မြန်မာနိုင်ငံသို့ ကမ္ဘာလှည့်ခရီးသည် ဝင်ရောက်မှုမှာ ၂၀၁၂ ခုနှစ်တွင် ၁,၀၅၈,၉၉၅ ဦး ဝင်ရောက်ခဲ့ပြီး ၂၀၁၁ ခုနှစ်နှင့် နှိုင်းယှဉ်ပါ က (၂၉.၇) ရာခိုင်နှုန်း တိုးတက်ခဲ့ ပါသည်။ ၂၀၁၂ ခုနှစ်မှစ၍ ခရီးသွားဧည့်သည်အရေအတွက် မြင့်မားလာခဲ့ရာ ၂၀၁၃ ခုနှစ်တွင် ဦးရေ ၂.၀၄ သန်း၊ ၂၀၁၄ ခုနှစ်တွင် ဦးရေ ၃.၀၈ သန်း အထိ တိုးတက်ဝင်ရောက်ခဲ့ပါသည်။ တိုးတက်မှုနှုန်းမှာ ၂၀၁၄ ခုနှစ်တွင် ၂၀၁၃ ခုနှစ်ကထက် ၅၀.၇၃ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။ ၂၀၁၅ ခုနှစ်တွင် ကမ္ဘာလှည့်ခရီးသည် ဦးရေ ၃.၀၁ သန်း ဝင်ရောက်မည်ဟု ခရီးသွားလုပ်ငန်း ပင်မစီမံကိန်း (၂၀၁၃-၂၀၂၀) မှ ခန့်မှန်းခဲ့ရာ ၂၀၁၄ ခုနှစ်တွင်ပင် ခရီးသည် ဦးရေ ၃.၀၈ သန်း လာရောက်ခဲ့သဖြင့် ရည်မှန်းထားသည်ထက် ပိုမိုဝင်ရောက်ခဲ့ပါသည်။ နိုင်ငံတော်အစိုးရ၏ နိုင်ငံရေး၊ စီးပွားရေး ပြုပြင်ပြောင်းလဲမှုများနှင့်အတူ ခရီးစဉ်လာရောက်ရာတွင် ပိုမိုလွယ်ကူ လာခြင်း၊ မြန်မာနိုင်ငံတွင်ရင်းနှီးမြှုပ်နှံရန် ဈေးကွက်ရှာဖွေလိုခြင်းတို့ကြောင့် လာရောက်သူ ဦးရေ တိုးတက်များပြားလာခြင်း ဖြစ်ပါသည်။

ဇယား ၄ - ၁၆

(၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် အထိ)

ကမ္ဘာလှည့်ခရီးသည်ဝင်ရောက်မှုအခြေအနေ

အရေအတွက်


| ဝင်ပေါက် | ၂၀၁၁-၁၂ | ၂၀၁၂-၁၃ | ၂၀၁၃-၁၄ | ၂၀၁၄-၁၅ | ၂၀၁၅-၁၆ |
|---|---|---|---|---|---|
| ရန်ကုန် | ၄၀၀,၉၆၂ | ၆၄၇,၁၃၂ | ၈၇၂,၀၁၀ | ၁,၀၇၀,၈၁၁ | ၁,၀၃၃,၉၅၄ |
| မန္တလေး | ၂၃,၁၇၅ | ၄၀,၄၄၀ | ၈၀,၄၂၅ | ၉၈,၂၀၂ | ၁၀၀,၂၀၀ |
| မော်လမြိုင်၊ မြိတ် | - | - | ၁,၀၂၄ | ၄၁ | - |
| နေပြည်တော် | ၅,၅၆၁ | ၆၈၉ | ၁၄,၇၈၈ | ၁၅,၉၂၆ | ၁၅,၉၇၆ |
| နယ်စပ်ဂိတ်များ | ၄၃၇,၂၉၁ | ၆၅၁,၄၈၀ | ၁,၃၃၆,၃၇၀ | ၂,၂၅၇,၉၉၉ | ၃,၆၅၅,၂၇၅ |
| စုစုပေါင်း | ၈၆၆,၉၈၉ | ၁,၃၃၉,၇၄၁ | ၂,၃၀၄,၆၁၇ | ၃,၄၄၃,၀၀၉ | ၄,၈၀၅,၄၀၅ |

ဇာစ်မြစ်။ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန

ပုံ ၄ - ၈

(၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အထိ)

ကမ္ဘာလှည့်ခရီးသည်ဝင်ရောက်မှုအခြေအနေ




ဇာစ်မြစ်။ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန

နိုင်ငံအလိုက်ခရီးသည်ဝင်ရောက်မှု အများဆုံးနိုင်ငံများကို လေ့လာကြည့်လျှင် အာရှနိုင်ငံများရှိ ထိုင်း၊ တရုတ်၊ ဂျပန်၊ ကိုရီးယား၊ မလေးရှားနိုင်ငံတို့မှ လာရောက်ကြပြီး အနောက်ဥရောပနိုင်ငံများရှိ ပြင်သစ်၊အင်္ဂလန်၊ ဂျာမဏီ၊ အီတလီ၊ ဆွစ်ဇာလန်နှင့် စပိန်နိုင်ငံ တို့မှ အများဆုံး လာရောက်ကြပါသည်။ ၂၀၁၄ ခုနှစ် ပြက္ခဒိန်နှစ်တွင် လေကြောင်းခရီးဖြင့် လာရောက်သော ခရီးသည် ၁,၁၃၁,၆၂၄ ဦးရှိရာ ထိုင်းနိုင်ငံမှ ၁၈ ရာခိုင်နှုန်းနှင့် တရုတ်နိုင်ငံမှ ၁၁ ရာခိုင်နှုန်း၊ ဂျပန်နိုင်ငံမှ ၇ ရာခိုင်နှုန်းဖြစ်ပါသည်။ အာရှတိုက်မှ ၈၀၇,၈၀၆ ဦး (၇၁.၃၉ ရာခိုင်နှုန်း) အနောက်ဥရောပနိုင်ငံများမှ ၁၈၆,၈၂၈ ဦး (၁၆.၅၁ ရာခိုင်နှုန်း) နှင့် မြောက်အမေရိကမှ ၇၄၈၉၉ ဦး (၆.၆၂ ရာခိုင်နှုန်း) လာရောက်ခဲ့ကြပါသည်။

**ဇယား ၄-၁၇**
**နိုင်ငံအလိုက်ခရီးသည်ဝင်ရောက်မှုအခြေအနေ**
**(၂၀၁၀ ခုနှစ်မှ ၂၀၁၄ ခုနှစ်အထိ)**

အရေအတွက်

| နိုင်ငံ | ၂၀၁၀ | ၂၀၁၁ | ၂၀၁၂ | ၂၀၁၃ | ၂၀၁၄ |
|---|---|---|---|---|---|
| အာရှ | ၂၁၂,၄၅၄ | ၂၅၉.၆၉၂ | ၃၈၀,၄၀၄ | ၆၃၀,၃၉၉ | ၈၀၇,၈၀၆ |
| အနောက်ဥရောပ | ၆၅,၈၁၇ | ၈၀,၈၉၅ | ၁၃၀,၂၉၆ | ၁၅၈,၁၆၃ | ၁၈၆,၈၂၈ |
| မြောက်အမေရိက | ၁၈,၉၁၁ | ၂၅,၃၆၅ | ၄၄,၀၇၄ | ၆၂,၆၂၈ | ၇၄,၈၉၉ |
| ကျွန်းစုနိုင်ငံများ | ၈,၆၉၅ | ၁၁,၆၂၂ | ၂၀,၆၅၀ | ၂၈,၀၇၉ | ၃၃,၄၂၁ |
| အရှေ့ဥရောပ | ၆,၁၁၈ | ၇,၆၂၂ | ၉,၀၇၇ | ၁၀,၁၈၃ | ၁၃,၅၉၂ |
| အရှေ့အလယ်ပိုင်း | ၂,၂၀၈ | ၂,၆၀၇ | ၃,၇၄၇ | ၃,၃၉၆ | ၄,၇၁၄ |
| အခြားအမေရိက | ၁,၆၆၉ | ၂,၃၈၀ | ၃,၅၃၅ | ၄,၆၂၅ | ၇,၀၄၃ |
| အာဖရိက | ၈၁၆ | ၉၉၃ | ၁,၅၉၈ | ၂,၆၈၈ | ၃,၃၂၁ |
| **စုစုပေါင်း** | **၃၁၀,၆၈၈** | **၃၉၁,၁၇၆** | **၅၉၃,၃၈၁** | **၉၀၀,၁၆၁** | **၁,၁၃၁,၆၂၄** |

**ဇာစ်မြစ်။ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန**

မြန်မာနိုင်ငံသို့ ကမ္ဘာလှည့်ခရီးသည်ဝင်ရောက်မှု မြင့်တက်လာရခြင်းမှာ နိုင်ငံခြားမှ မြန်မာနိုင်ငံသို့ လာရောက်သော လေယာဉ်ခရီးစဉ်များ ပိုမိုများပြားလာခြင်း၊ လေဆိပ် ဝင်ပေါက်များတွင် ဆိုက်ရောက်ဗီဇာရရှိရေး ဆောင်ရွက်ပေးခြင်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေး

အခွင့်အလမ်းများ တိုးတက်လာခြင်း၊ ဒေသတွင်းနှင့် ဒေသပြင်ပ နိုင်ငံတကာ ခရီးသွားလာမှု တိုးတက်လာခြင်းတို့ ကြောင့်ဖြစ်ပါသည်။

**(ခ) ခရီးသွားလုပ်ငန်းမှ ရငွေ**

မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းမှ ရရှိငွေသည် ၂၀၁၀ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၂၅၄ သန်းရှိရာမှ ၂၀၁၁ ခုနှစ်တွင် ၃၁၉ သန်း၊ ၂၀၁၂ ခုနှစ်တွင် ၅၃၄ သန်း၊ ၂၀၁၃ ခုနှစ်တွင် ၉၂၆ သန်း၊ ၂၀၁၄ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၁၇၈၉ သန်းသို့ တိုးတက်လာခဲ့ပါသည်။ ၂၀၁၂ ခုနှစ်တွင် ခရီးသည်တစ်ဦး တစ်နေ့လျှင် ပျမ်းမျှ အမေရိကန်ဒေါ်လာ ၁၃၅ ဒေါ်လာ သုံးစွဲရာမှ ၂၀၁၅ ခုနှစ်တွင် ၁၅၀ ဒေါ်လာ သုံးစွဲရန်ခန့်မှန်းခဲ့သော်လည်း ၂၀၁၄ ခုနှစ်တွင်ပင် အမေရိကန်ဒေါ်လာ ၁၇၀ သုံးစွဲခဲ့ သည့်အတွက် ခန့်မှန်းထားသည်ထက် ပိုမိုခဲ့ပါသည်။ ခရီးသွားများအတွက် လိုအပ်သော အခြေခံအဆောက်အဦများနှင့် ဝန်ဆောင်မှုများ ပိုမိုကောင်းမွန်လာခြင်း၊ ခရီးသွားများ လုံခြုံစိတ်ချမှုရှိလာခြင်းစသည့်တို့ကြောင့် ခရီးသွားများ၏ ပျမ်းမျှ ပြည်တွင်းနေထိုင်မှုအချိန်မှာလည်း ၂၀၁၄ ခုနှစ်တွင် ၉ ရက်အထိ တိုးတက်ခဲ့ပါသည်။ ကမ္ဘာ့နိုင်ငံအသီးသီး၏ ခရီးသွားလုပ်ငန်း တိုးတက်မှုအခြေအနေများကို စောင့်ကြည့်လေ့လာလျက်ရှိသော World Travel and Tourism Council (WTTC) ၏ သုတေသနစစ်တမ်းအရ မြန်မာ့ခရီးသွားလုပ်ငန်းမှ နိုင်ငံတော်သို့ စုစုပေါင်းဝင်ငွေ ရှာဖွေပေးနိုင်မှု ပမာဏမှာ ၂၀၁၄ ခုနှစ်တွင် ငွေကျပ် ၃၀၂၅.၆ ဘီလီယံရရှိခဲ့ပြီး GDP ၏ ၄.၈ ရာခိုင်နှုန်း ရှိခဲ့ပါသည်။

**ဇယား ၄ - ၁၈**

**ခရီးသွားဧည့်သည်များ၏ အသုံးစရိတ်နှင့် နေထိုင်မှုအချိန်**

**(၂၀၁၀ ခုနှစ်မှ ၂၀၁၄ ခုနှစ်အထိ)**

အမေရိကန်ဒေါ်လာ

| ခုနှစ် | ၂၀၁၀ | ၂၀၁၁ | ၂၀၁၂ | ၂၀၁၃ | ၂၀၁၄ |
|---|---|---|---|---|---|
| ခရီးသွားဧည့်သည်များ၏ အသုံးစရိတ် | ၂၅၄ သန်း | ၃၁၉ သန်း | ၅၃၄ သန်း | ၉၂၆ သန်း | ၁၇၈၉ သန်း |
| ခရီးသွားတစ်ဦးလျှင် တစ်နေ့ပျမ်းမျှအသုံးစရိတ် | ၁၀၂ | ၁၂၀ | ၁၃၅ | ၁၄၅ | ၁၇၀ |
| ပျမ်းမျှ ပြည်တွင်းနေထိုင်မှု အချိန် | ၈ ရက် | ၈ ရက် | ၇ ရက် | ၇ ရက် | ၉ ရက် |

ရင်းမြစ်။ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန

မြန်မာနိုင်ငံအနေဖြင့် ခရီးသွားလုပ်ငန်းမှရရှိသောဝင်ငွေတွက်ချက်ပုံနှင့် စီးပွားရေး အပေါ်သက်ရောက်မှုတို့ကို သိမြင်နိုင်သော စာရင်းဇယားများမရှိသေး၍ စနစ်တကျ စာရင်း ဇယားများ ပြုစုထားရှိသင့်ပြီး Tourism Satellite Accounting ကဲ့သို့ အခြားခရီးသွား လုပ်ငန်းမှ သွယ်ဝိုက် ရငွေများကို အခြေခံတွက်ချက်ရသည့် တွက်နည်းများ ဖြင့် တွက်ချက်ရန် လိုအပ်ပါသည်။ ထို့အပြင် ခရီးသွားလုပ်ငန်း နယ်ပယ်အတွင်းရှိ ကဏ္ဍတစ်ခုစီ၏ ပါဝင်ဖွဲ့စည်းမှု အမျိုးအစား စသည်တို့ကိုလည်း ဖော်ထုတ်ကာ ယင်းတို့ချင်း ဆက်စပ်မှုများကိုလည်း သိရှိမှသာ မူဝါဒချမှတ်သူများအတွက် အထောက်အကူဖြစ်စေကာ လိုအပ်သော နေရာများ၊ ကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရေးကို ပိုမို ဆောင်ရွက်နိုင်မည်ဖြစ်ပါ သည်။

**(ဂ) အလုပ်အကိုင်အခွင့်အလမ်းများ**

ခရီးသွားလုပ်ငန်းသည် နိုင်ငံတကာတွင် လုပ်သားအင်အားအများအပြားကို အသုံးပြု ရသော လုပ်ငန်းဖြစ်ပါသည်။ အလုပ်အကိုင်အများစုကို ဟိုတယ်များ၊ အစားအသောက် လုပ်ငန်းများ၊ လက်လီဈေးအရောင်းအဝယ်၊ သယ်ယူပို့ဆောင်ရေး၊ အပန်းဖြေစသော ကဏ္ဍများ တွင် တွေ့ရသည်။ World Travel and Tourism Council (WTTC) ၏ သုတေသန စစ်တမ်းအရ မြန်မာ့ခရီးသွားလုပ်ငန်းသည် ၂၀၁၄ ခုနှစ်တွင် အလုပ်အကိုင်ပေါင်း ၁ ဒသမ ၁၃၄ သန်း (စုစုပေါင်းအလုပ်အကိုင်၏ ၄ ရာခိုင်နှုန်း) ကို ရှာဖွေပေးနိုင်ခဲ့ပါသည်။

**(ဃ) ဗီဇာလျှောက်ထားပေးမှု**

မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်လိုသော ဧည့်သည်များအတွက် ဗီဇာလျှောက်ထား ပေးမှုတွင် ဖြေလျှော့ပေးမှုများ ပြုလုပ်ပေးလျက်ရှိပါသည်။ ပြည်ပနိုင်ငံများရှိ မြန်မာသံရုံးနှင့် ကောင်စစ်ဝန်ချုပ်ရုံးများတွင် မြန်မာဗီဇာကို တစ်ရက်တည်းဖြင့် ရရှိနိုင်ပြီ ဖြစ်ပါသည်။ တစ်ဦး ချင်းလွတ်လပ်စွာ သွားလာလိုသည့် ပုဂ္ဂိုလ်များ၊ အဖွဲ့များအတွက် ပြည်တွင်း၌ နေထိုင်လည်ပတ် ခွင့် ၂၈ရက် သက်တမ်းရှိ ဗီဇာ ထုတ်ပေးပါသည်။ နိုင်ငံကူးလက်မှတ်မှာ ရောက်ရှိသည့်နေ့မှစ၍ အနည်းဆုံး ၆ လ သက်တမ်း ရှိရမည်ဖြစ်ပါသည်။ ကမ္ဘာလှည့် ခရီးသည်များအတွက် Online မှတစ်ဆင့် E-visa ကိုလည်း လျှောက်ထား ရယူနိုင်ပြီဖြစ် ပါသည်။ အာဆီယံအသင်းကြီး၏ ဗီဇာကင်းလွတ်ခွင့်သဘောတူညီချက်မူဘောင် (ASEAN Framework Agreement on Visa

Exemption) များပါ သဘောတူညီချက်များကို လည်း အပြည့်အဝအကောင်အထည် ဖော်ရန် ဆောင်ရွက်လျက် ရှိပါသည်။

**(င) ခရီးသွားလုပ်ငန်းမြှင့်တင်ဆောင်ရွက်ခြင်း**

စီးပွားရေးစင်္ကြံများ ဖွံ့ဖြိုးလာခြင်းသည် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးရေးအတွက် ပံ့ပိုးပေးနိုင်မည်ဖြစ်ပါသည်။ ဇယားတွင်ဖော်ပြထားသည့်အတိုင်း စီးပွားရေးစင်္ကြံများ တစ်လျှောက်တွင် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးရန် အလားအလာများစွာရှိပါသည်။ ပြည်တွင်း ပြည်ပ ခရီးသွားများကို ဆွဲဆောင်ရန် အတွက်အဆိုပါနေရာများတွင် သယ်ယူပို့ဆောင်ရေး နည်းလမ်းများ၊ ရုပ်ပိုင်းဆိုင်ရာ အခြေခံအဆောက်အဦများ ဖြည့်ဆည်းပေးပြီး ခရီးသွားလုပ်ငန်း ပိုမိုတိုးတက်အောင် ဦးစားပေးဆောင်ရွက် ရန်လိုအပ်ပါသည်။

ဇယား ၄-၁၉
စီးပွားရေးစင်္ကြံများတစ်လျှောက် အလားအလာရှိသောအရင်းအမြစ်များ

| စင်္ကြံ | ခရီးသွားလုပ်ငန်းအတွက်အလားအလာရှိသောအရင်းအမြစ်များ |
|---|---|
| တောင်-မြောက်စင်္ကြံ | လက်ရှိယဉ်ကျေးမှုမြို့တော်မန္တလေးအပြင်အင်းတော်ကြီးအိုင်နှင့် တစ်နှစ်ပတ်လုံးရေခဲဖုံးလွှမ်းနေသောတောင်တန်းများ |
| အရှေ့-အနောက်စင်္ကြံ | အရှေ့ဖျားဒေသများနှင့် အင်းလေးကန်၊ မျှတသောရာသီဥတုနှင့် တောတောင်ရေမြေ ရှုခင်းများရှိသည့် အရှေ့ပိုင်းရှမ်းပြည်နယ်၊ ထိုင်းနှင့် အသွားအလာပြုနိုင်သည့် နယ်စပ်ဂိတ်၊ ရှမ်းနှင့် ချင်းပြည်နယ်တို့ရှိ တိုင်းရင်းသားမျိုးနွယ်စုများ |
| အရှေ့မြောက်-အနောက်တောင်စင်္ကြံ | ယဉ်ကျေးမှုအမွေအနှစ် နယ်မြေပုဂံ၊ရခိုင်ပြည်နယ်နှင့် မူဆယ်နယ် စပ်ဒေသ၊မြောက်ပိုင်းရှမ်းပြည်နယ်၏တောတောင်ရေမြေ |
| ရန်ကုန်-မြဝတီ စီးပွားရေးစင်္ကြံ | အိမ်နီးချင်းထိုင်းနိုင်ငံနှင့် မျှဝေထားသည့် ခရီးသွားလုပ်ငန်း၊ မြန်မာနိုင်ငံ မြောက်ပိုင်းမြို့များရှိ တောတောင်ရေမြေ |

**စာစ်မြစ်။ အမျိုးသားဘက်စုံဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း(NCDP)နှင့် မြန်မာ့ဘက်စုံဖွံ့ဖြိုးရေးမျှော်မှန်းချက် (MCDV)**

**(စ) သဘာဝအခြေခံခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်စေခြင်း**

မြန်မာနိုင်ငံတွင် ခရီးသည်များ ကြိုက်နှစ်သက်မှုရှိသော ခရီးသွားလုပ်ငန်း အမျိုးအစားတစ်ခုဖြစ်သည့် သဘာဝကိုအခြေခံသော ခရီးသွားလုပ်ငန်း Ecologically Based Tourism (Ecotourism)ကို ၁၉၉၈ ခုနှစ်ကပင် စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါသည်။ သဘာဝအခြေခံခရီးသွားလုပ်ငန်းသည် အိမ်ရှင်နိုင်ငံ၏ ဒေသခံပြည်သူများနှင့် အဖွဲ့အစည်းများ၊ သဘာဝနယ်မြေဒေသနှင့် ဇီဝမျိုးစုံမျိုးကွဲများကို ရေရှည်တည်တံ့ခိုင်မြဲအောင် သုံးစွဲခြင်းနှင့် ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ ခရီးသွားဧည့်သည်များအနေဖြင့်လည်း အလားတူ သဘာဝယဉ်ကျေးမှုအမွေအနှစ်များကို တန်ဖိုးထား လေးစားထိန်းသိမ်းသွားစေရန် အတွက် အရေးပါသော အခွင့်အလမ်းများကို ဖန်တီးပေးရန် လိုအပ်ပါသည်။ သဘာဝအခြေခံခရီးသွားလုပ်ငန်း ပိုမိုဖွံ့ဖြိုးတိုးတက်အောင် မြှင့်တင်မှုကြောင့် ဒေသခံပြည်သူများ၏ဝင်ငွေအခြေအနေ၊ အလုပ်အကိုင် အခွင့်အလမ်းပေါ်ပေါက်မှုနှင့် ပညာရေးကဏ္ဍများ တိုးတက်မှုရှိလာပြီး ဆင်းရဲမှုကို တိုက်ဖျက်နိုင်မည်ဖြစ်ပါသည်။

**(ဆ) ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုနှင့် ရှေ့လုပ်ငန်းစဉ်**

မြန်မာနိုင်ငံအတွင်းသို့ နိုင်ငံခြားသားခရီးသွားဧည့်သည်များ တိုးတက်ဝင်ရောက်လာသည်နှင့်အညီ ၄င်းတို့သုံးစွဲခဲ့သည့် နိုင်ငံခြားငွေစီးဆင်းမှုကြောင့် အကျိုးသက်ရောက်မှုများရှိပြီး လူတန်းစားအသီးသီးသို့လည်း အကျိုးကျေးဇူးများ ရရှိစေနိုင်မည်ဖြစ်ပြီး ဒေသတွင်း အလုပ်အကိုင် အခွင့်အလမ်းများဖော်ထုတ်ပေးနိုင်ပြီး နိုင်ငံအတွက် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကိုလည်း များစွာ အထောက်အကူပြုနိုင်သည့် အတွက် ဒုတိယကာလတို (၅)နှစ် စီမံကိန်း၏ နောက်ဆုံးနှစ်ဖြစ်သော ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် မြန်မာနိုင်ငံသို့ ပြည်ပခရီးသွားဦးရေ ၇.၄၉ သန်း ဝင်ရောက်နိုင်မည်ဖြစ်ပြီး အမေရိကန်ဒေါ်လာ ၉,၃၅၀ သန်း ရရှိနိုင်ရေးအတွက် ရည်မှန်းဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ရန်ကုန်၊ မန္တလေးနှင့် နေပြည်တော် အပြည်ပြည်ဆိုင်ရာလေဆိပ်များသို့ ဆင်းသက်နေသည့် လေကြောင်းလိုင်းများမှာ ၂၀၁၅ ခုနှစ်တွင် (၂၄) လိုင်းထိ တိုးတက်ပျံသန်းလာခြင်း၊ ပို့ဆောင်ရေးလုပ်ငန်းများ အဆင်ပြေချောမွေ့စေရန် ဆောင်ရွက်ပေးခြင်း၊ စင်းလုံးငှား လေယာဉ်များ၊ အပျော်စီးသင်္ဘောများ၊ စက်တပ်ရွက်လှေခရီးစဉ်များ ပိုမိုဆောင်ရွက်လာခြင်း၊

e-visa နှင့် Arrival Visa များ ဆောင်ရွက်ပေးခြင်း၊ နယ်စပ်ဒေသဝင်ပေါက်များ တိုးချဲ့ဖွင့်လှစ်ပေးခြင်းတို့ကြောင့် ကမ္ဘာလှည့်ခရီးသည်ဦးရေ ပိုမိုလာရောက်မည်ဟု ခန့်မှန်းထားပါသည်။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အထိ ပြည်ပခရီးသည် ဝင်ရောက်မှုနှင့် သုံးစွဲငွေကို အောက်ပါအတိုင်း ရည်မှန်းပါသည်-

**ဇယား ၄-၂၀**
**ဒုတိယကာလတို (၅) နှစ် အမျိုးသားစီမံကိန်း**
**၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အထိ**
**မြန်မာနိုင်ငံသို့ လာရောက်မည့် ကမ္ဘာလှည့်ခရီးသည်များနှင့် သုံးစွဲမည့်နိုင်ငံခြားငွေရည်မှန်းချက်**

| စဉ် | ဘဏ္ဍာနှစ် | ပြည်ပခရီးသည်ဦးရေ | သုံးစွဲသည့် အမေရိကန်ဒေါ်လာ (ထောင်ပေါင်း) |
|---|---|---|---|
| ၁ | ၂၀၁၆-၂၀၁၇ | ၅၀၆၀၀၀၀ | ၃၅၄၂၀၀၀ |
| ၂ | ၂၀၁၇-၂၀၁၈ | ၅၅၆၀၀၀၀ | ၄၄၄၈၀၀၀ |
| ၃ | ၂၀၁၈-၂၀၁၉ | ၆၁၂၀၀၀၀ | ၅၈၁၄၀၀၀ |
| ၄ | ၂၀၁၉-၂၀၂၀ | ၆၇၃၀၀၀၀ | ၇၇၃၉၀၀၀ |
| ၅ | ၂၀၂၀-၂၀၂၁ | ၇၄၉၀၀၀၀ | ၉၃၅၀၀၀၀ |

**ရင်းမြစ်။ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန**

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အထိ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနမှ ထုတ်ပေးသော လုပ်ငန်းလိုင်စင် (၄) မျိုးကို အောက်ပါအခြေအနေအတိုင်း ခွင့်ပြုပေးရန် ရည်မှန်းပါသည် -

**ဇယား ၄-၂၁**

**ဒုတိယကာလတို (၅) နှစ် အမျိုးသားစီမံကိန်း**

**၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အထိ**

**ဟိုတယ်နှင့်ခရီးသွားလာရေး လုပ်ငန်းဝန်ကြီးဌာနမှ**

**ထုတ်ပေးသောလုပ်ငန်းလိုင်စင်(၄)မျိုးရည်မှန်းချက်**

အရေအတွက်

| အမှတ်စဉ် | လုပ်ငန်းလိုင်စင်အမည် | ၂၀၁၆-၂၀၁၇ (စီမံကိန်း) | ၂၀၁၇-၂၀၁၈ (စီမံကိန်း) | ၂၀၁၈-၂၀၁၉ (စီမံကိန်း) | ၂၀၁၉-၂၀၂၀ (စီမံကိန်း) | ၂၀၂၀-၂၀၂၁ (စီမံကိန်း) |
|---|---|---|---|---|---|---|
| ၁ | ဟိုတယ်/တည်း ခို ရိပ်သာ | ၁၄၂၇ | ၁၅၇၀ | ၁၇၂၇ | ၁၉၀၀ | ၂၀၉၀ |
| ၂ | ခရီးလှည့် လည်ရေး | ၁၉၇၀ | ၂၁၂၀ | ၂၂၇၀ | ၂၄၂၀ | ၂၅၇၀ |
| ၃ | ပို့ဆောင်ရေး | ၄၆၃ | ၅၁၃ | ၅၆၃ | ၆၁၃ | ၆၆၃ |
| ၄ | ဧည့်လမ်းညွှန် | ၆၂၉၁ | ၆၉၅၁ | ၇၆၁၁ | ၈၂၇၁ | ၈၉၃၁ |

ဇာစ်မြစ်။ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန

မှတ်ချက်။ဇယား(၁)၊ ဇယား(၂) အစီအစဉ်အရ လုပ်ငန်းလိုင်စင် (၄)မျိုးအား ပြည်နယ်/တိုင်း ဒေသကြီးများမှ ဆောင်ရွက်သွားမည်။

မြန်မာနိုင်ငံခရီးသွားလုပ်ငန်း ပိုမိုဖွံ့ဖြိုးတိုးတက်ရေးအတွက် အာဆီယံ၊ GMS, CLMV, ACMECS စသည့် ပြည်ပအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက် လျက်ရှိသည့်အပြင် ပြည်တွင်း ပုဂ္ဂလိက အဖွဲ့အစည်းများ၊ ခရီးသွားလုပ်ငန်းနှင့် ဆက်စပ်လျက်ရှိသည့် ဝန်ကြီးဌာနများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အတွက် ပြည်ပခရီးသည်ဦးရေ ပိုမိုရောက်ရှိလာမည်ဟု ခန့်မှန်းထားပါသည်။

## ဇယား ၄ - ၂၂
## ဒုတိယကာလတို (၅) နှစ် အမျိုးသားစီမံကိန်း
## ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အထိ
## နိုင်ငံအလိုက်ခရီးသည်ဝင်ရောက်မှုအခြေအနေရည်မှန်းချက်

အရေအတွက်

| နိုင်ငံ | ၂၀၁၆-၂၀၁၇ (စီမံကိန်း) | ၂၀၁၇-၂၀၁၈ (စီမံကိန်း) | ၂၀၁၈-၂၀၁၉ (စီမံကိန်း) | ၂၀၁၉-၂၀၂၀ (စီမံကိန်း) | ၂၀၂၀-၂၀၂၁ (စီမံကိန်း) |
|---|---|---|---|---|---|
| အာရှ | ၁၀၃၃၂၀၀ | ၁၂၄၅၅၄၀ | ၁၃၄၅၇၀၀ | ၁၄၅၀၅၀၀ | ၁၅၅၈၀၀၀ |
| အနောက်ဥရောပ | ၂၃၂၃၀ | ၂၅၃၀၀ | ၂၇၅၀၀ | ၂၉၉၀၀ | ၃၂၆၀၀ |
| မြောက်အမေရိက | ၁၁၇၆၀၀ | ၁၄၂၃၀၀ | ၁၇၂၂၀၀ | ၂၀၈၀၀၀ | ၂၅၁၇၀၀ |
| ကျွန်းစုနိုင်ငံများ | ၄၄၂၀၀ | ၄၈၆၀၀ | ၅၃၅၀၀ | ၅၈၉၀၀ | ၆၄၈၀၀ |
| အရှေ့ဥရောပ | ၂၃၅၀၀ | ၂၉၄၀၀ | ၃၆၈၀၀ | ၄၆၀၀၀ | ၅၇၅၀၀ |
| အရှေ့အလယ်ပိုင်း | ၉၄၉၀ | ၁၂၄၀၀ | ၁၆၂၀၀ | ၂၁၂၀၀ | ၂၇၈၀၀ |
| အခြားအမေရိက | ၁၃၀၀၀ | ၁၄၀၄၀ | ၁၇၆၀၀ | ၂၂၀၀၀ | ၂၇၃၀၀ |
| အာဖရိက | ၄၂၈၀ | ၄၆၂၀ | ၄၉၀၀ | ၅၃၀၀ | ၅၇၀၀ |
| စုစုပေါင်း | ၁၂၆၈၅၀၀ | ၁၅၂၂၂၀၀ | ၁၆၇၄၄၀၀ | ၁၈၄၁၈၀၀ | ၂၀၂၆၀၀၀ |

**ဇာစ်မြစ်။ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန**

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အထိ ခရီးသွားမြှင့်တင်မှုလုပ်ငန်းများ အနေဖြင့် ခရီးစဉ်ဒေသသစ်များကို ဖော်ထုတ်မြှင့်တင်ခြင်း၊ နှစ်စဉ်ခရီးသည် ဝင်ရောက်မှု၊ ခရီးသွားလုပ်ငန်းကဏ္ဍ၊ ဟိုတယ်လုပ်ငန်းကဏ္ဍများ ဖွံ့ဖြိုးတိုးတက်မှု စသည်တို့ကို လက်ကမ်းစာစောင်များ CD၊ DVD များထုတ်ဝေရေးဆောင်ရွက်ခြင်း၊ ပုံနှိပ်ထုတ်ဝေခြင်း၊ Thai Travel Mart, ITB (Berlin), ITB (Asia), World Travel Mart, China International Travel Mart စသည့် ပြပွဲများတွင် ပါဝင်ပြသရန် စီစဉ်ပေးခြင်း၊ World Tourism Day အခမ်းအနားကျင်းပခြင်း၊ ခရီးသွားသတင်းအချက်အလက်များကို Website များတွင် လွှင့်တင်ခြင်း၊ ပြည်တွင်းပြည်ပ မီဒီယာများနှင့် ဆက်သွယ်၍ ခရီးသွားလုပ်ငန်း မြှင့်တင်ခြင်းများ ဆောင်ရွက်သွားပါမည်။ ခရီးသွားလုပ်ငန်းမြှင့်တင်မှုရန်ပုံငွေများအား အောက်ပါအတိုင်း လျာထားပါသည်-

ဇယား ၄ - ၂၃
ဒုတိယကာလတို (၅) နှစ် အမျိုးသားစီမံကိန်း
၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အထိ
ခရီးသွားလုပ်ငန်းမြှင့်တင်မှု ရန်ပုံငွေ ရည်မှန်းချက်

| စဉ် | ဘဏ္ဍာနှစ် | US$ | ကျပ်ငွေ (သန်း) |
|---|---|---|---|
| ၁။ | ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် | ၁၅၈၀၀၀ | ၇၇.၀၀ |
| ၂။ | ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် | ၁၆၆၀၀၀ | ၈၇.၀၀ |
| ၃။ | ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် | ၁၇၄၀၀၀ | ၉၂.၀၀ |
| ၄။ | ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် | ၁၈၁၀၀၀ | ၁၀.၁၀ |
| ၅။ | ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် | ၁၉၀၀၀၀ | ၁၁.၀၀ |

ရင်းမြစ်။ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန

ဒုတိယကာလတို (၅) နှစ် စီမံကိန်းကာလအတွင်း ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ခရီးစဉ်ဒေသအလိုက် ဆွဲဆောင်မှုနေရာများ၊ ခရီးသွားနေရာဒေသများ ဖန်တီးဖော်ထုတ်ခြင်း၊ နိုင်ငံတကာခရီးသွားများကို ဆွဲဆောင်ရန်အတွက် လိုအပ်သည့် အခြေခံအဆောက်အအုံများ မြှင့်တင်ဆောင်ရွက်ခြင်း၊ ခရီးသွားလုပ်ငန်းကြောင့် ပတ်ဝန်းကျင်ထိန်းသိမ်းမှု မထိခိုက်စေခြင်း၊ ယဉ်ကျေးမှု အမွေအနှစ်များ မပျက်စီး မပျောက်ကွယ်စေခြင်း၊ လူမှုရေးပြဿနာများ မပေါ်ပေါက်စေခြင်း၊ စီးပွားရေးဆိုင်ရာ ပြဿနာများ မဖြစ်ပေါ်စေရန် ဂရုစိုက် ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ ဟိုတယ်နှင့် တည်းခိုရိပ်သာလုပ်ငန်းများ စနစ်တကျဖွံ့ဖြိုးတိုးတက်လာအောင် စီမံဆောင်ရွက်ခြင်း၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အသက်မွေးဝမ်းကျောင်းမှုသင်တန်းများမှ အဆင့်မြင့် ပညာသင်တန်းများအထိ ဒေသအလိုက် ဖွံ့ဖြိုးတိုးတက်အောင် စီမံဆောင်ရွက်ခြင်းနှင့် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးမှုကြောင့် ခရီးစဉ်ဒေသအတွင်း ဆင့်ပွားအကျိုးသက်ရောက်မှု၊ လူမှုအဆင့်အတန်းဖွံ့ဖြိုးမှု၊ ဆင်းရဲမှုလျှော့ချနိုင်မှုတို့အပေါ် မြန်မာ့ခရီးသွားလုပ်ငန်းကို ပြည်သူတစ်ရပ်လုံး သိရှိအောင် ပြည်သူသို့ အသိပေးခြင်းများ ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

ခရီးသွားလုပ်ငန်းကြောင့် လူမှုရေးနှင့် သဘာဝပတ်ဝန်းကျင်တွင် ဖြစ်ပေါ်လာနိုင် သောအကျိုးအပြစ်များကို ဒေသခံပြည်သူများနှင့် ခရီးသွားလုပ်ငန်းတွင် ပါဝင်ဆောင်ရွက်နေသူများအားလုံး သိရှိနားလည်စေရန် မီဒီယာလုပ်ငန်းများကို အသုံးပြု၍ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ဒုတိယကာလတို (၅) နှစ် စီမံကိန်းကာလအတွင်း သဘာဝအခြေခံခရီးသွားလုပ်ငန်း ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ခြင်းနှင့် ပတ်သက်၍ သဘာဝပတ်ဝန်းကျင်ပျက်စီးမှုမရှိစေရန် ထိန်းသိမ်းစောင့်ရှောက်ပြီး ပိုမိုကောင်းမွန်အောင် ဆောင်ရွက်မည် ဖြစ်ပါသည်။ ထို့အပြင် သဘာဝနယ်မြေများအတွင်း၌ သဘာဝပတ်ဝန်းကျင်နှင့် ဇီဝမျိုးစုံမျိုးကွဲများ ထိခိုက်မှုမရှိစေရန် ဆောင်ရွက်ခြင်း၊ စွမ်းအင်သုံးစွဲမှုတွင် ပိုမိုထိရောက်စွာ စီမံခန့်ခွဲခြင်း၊ ဒေသခံပြည်သူလူထုနှင့် ခရီးသွားဧည့်သည်များအား သဘာဝအရင်းအမြစ်များ၏ အဖိုးတန်မှုကို သတိပြုတန်ဖိုးထား တတ်စေခြင်း၊ ခရီးသွားဧည့်သည်များအနေဖြင့် သဘာဝအမွေအနှစ်များ၊ ကန့်သတ်ဇရိယာများ အား အသိအမှတ်ပြု အလေးထားတတ်စေရေးအတွက် ဒေသခံဧည့်လမ်းညွှန်များအား လေ့ကျင့် သင်ကြားပေးခြင်း၊ ကုန်းနေ၊ ရေနေ သတ္တဝါများအတွက် ကန့်သတ်ဇရိယာများ စီမံခန့်ခွဲ သတ်မှတ်ခြင်း၊ သဘာဝ (သို့မဟုတ်) ယဉ်ကျေးမှုဆိုင်ရာ ဆွဲဆောင်မှုရှိသော နေရာတစ်ခုစီတွင် သက်ဆိုင်ရာကျေးရွာများ၌ စွန့်ပစ်အမှိုက်များ သိမ်းဆည်းရန် လုံလောက်သည့်အစီအမံများ ထားရှိခြင်း၊ သင့်လျော်မှန်ကန်သော အမှိုက်စွန့်ပစ်သည့် အလေ့အထနှင့် အမှိုက် စွန့်ပစ်ရန် လုံလောက်သောအမှိုက်ပုံးထားရှိခြင်း၊ သင့်လျော်သောရေဆိုးစွန့်ထုတ်မှုစနစ်၊ မော်တော်ယာဉ်မှ ထွက်ရှိသည့် ဆူညံမှုနှင့် လေထုညစ်ညမ်းမှုများ ပြည်သူလူထုအတွင်း ကင်းဝေးစေနိုင်ရန် သင့်လျော်သောကားရပ်နားရန်နေရာထားရှိခြင်း၊ အမှိုက်စွန့်ပစ်မှုစနစ်တွင် လူမှုအဖွဲ့အစည်းများ ပါဝင်ဆောင်ရွက်စေခြင်း၊ ဆွဲဆောင်မှုရှိသည့် နေရာဒေသများ၏ ပတ်ဝန်းကျင်ထိန်းသိမ်းခြင်း ဆိုင်ရာ အခြေအနေများကို ပုံမှန် စောင့်ကြည့်စစ်ဆေးခြင်းများကို ဆောင်ရွက်သွားမည် ဖြစ်ပါ သည်။

**သုံးသပ်တင်ပြချက်**

မြန်မာနိုင်ငံတွင် စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး၏ ၃၀ ရာခိုင်နှုန်းသည် စိုက်ပျိုးရေး ထုတ်ကုန်ဖြစ်ပြီး လယ်ယာကဏ္ဍတွင် စုစုပေါင်း လုပ်သားအင်အားထု၏ ၆၁ ရာခိုင်နှုန်း ပါဝင်ဆောင်ရွက်နေကြသည်။ စိုက်ပျိုးရေးထုတ်ကုန်သည် စုစုပေါင်းပို့ကုန်၏ (၁၉.၉)ရာခိုင်နှုန်း အကျုံးဝင်ခြင်းကြောင့် အလွန် အရေးပါသည့်ကဏ္ဍတစ်ရပ် ဖြစ်ပါသည်။ စိုက်ပျိုးရေး အထွက်နှုန်းနှင့် ဆင့်တက်ထုတ်ကုန်ထုတ်လုပ်မှုသည် အခြားအာဆီယံနိုင်ငံများနှင့် နှိုင်းယှဉ်လျှင် အလွန်နည်းပါးလျက်ရှိခြင်းကြောင့် **ခေတ်မီစက်မှုလယ်ယာကူးပြောင်းရေးနှင့်**

**စိုက်ပျိုးရေးအခြေခံ ဆင့်တက်ထုတ်လုပ်သည့် စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးတို့ ဦးစားပေး ဆောင်ရွက်ရန် ဖြစ်ပါသည်။** ဒုတိယကာလတို (၅) နှစ် စီမံကိန်းအတွင်း စက်မှုလယ်ယာ ဖော်ထုတ်မှုကို အရှိန်အဟုန်မြှင့်ဆောင်ရွက်ရန် ရည်မှန်းထားရှိပါသည်။ ၎င်းမှတစ်ဆင့် လယ်ယာကဏ္ဍထုတ်ကုန်များကို စက်မှုကဏ္ဍနှင့် ချိတ်ဆက်၍ လယ်ယာမှသည် စက်မှုဆီသို့ (Farm to Firm) အသွင်ပြောင်းနိုင်ရေး ဆောင်ရွက်မည်ဖြစ်ပါသည်။ ထိုသို့ဆောင်ရွက်ရာတွင် မြေယာအသုံးချမှု စနစ်တကျရှိစေရေးနှင့် နည်းပညာဖောင်းပေး မဟာဗျူဟာများ၊ စီမံကိန်းများ ချမှတ်ကာ လက်တွေ့အကောင်အထည်ဖော်ခြင်းဖြင့် တိုးပွားလာသော လူဦးရေ၏ စားဝတ်နေရေးကို ဖြည့်ဆည်းပေးရန်နှင့် အလုပ်အကိုင်များ ဖန်တီးပေးရန်ကိုလည်း အလေးထား မည်ဖြစ်သည်။

စက်မှုဖွံ့ဖြိုးတိုးတက်ရေးအတွက် ပုဂ္ဂလိကမှ ဦးဆောင်သည့် စက်မှုဖွံ့ဖြိုးတိုးတက်မှု ဖြစ်ပေါ်လာရေးနှင့် တန်ဖိုးမြင့်ထုတ်ကုန်များ တိုးတက်ထုတ်လုပ်နိုင်ရေးကို ချဉ်းကပ် အားပေး ဆောင်ရွက်ရမည်ဖြစ်သည့်အပြင် မြန်မာနိုင်ငံပို့ကုန်စုစုပေါင်း၏ ထက်ဝက်ကျော်မှာ သဘာဝ ဓာတ်ငွေ့ဖြစ်နေခြင်းကြောင့် ပို့ကုန်အထူးပြုစက်မှုထူထောင်ရေးအတွက် ပို့ကုန်ပြောင်းလဲ တင်ပို့နိုင်အောင် ဆောင်ရွက်ရမည်ဖြစ်သည်။ FDI ဆွဲဆောင်ရန်အတွက် ရင်းနှီးမြှုပ်နှံသူများ၏ အမြင်ကောင်းစေရန် ပိုမိုအဆင်ပြေကောင်းမွန်သောရင်းနှီးမြှုပ်နှံမှုဝန်းကျင်ကိုဖန်တီးရန်နှင့် တစ်ကမ္ဘာလုံးယှက်နွယ်နေသည့်ခေတ်တွင် အရှေ့အာရှ၏ နိုင်ငံတကာ ထုတ်လုပ်မှုကွန်ယက် များ အတွင်းပါဝင်နိုင်ရေးကို ဦးစားပေး ဆောင်ရွက်ရန် ဖြစ်သည်။ နိုင်ငံစုံကုမ္ပဏီကြီးများအား ဖိတ်ခေါ်ဆွဲဆောင်ခြင်းဖြင့် အလုပ်အကိုင်ဖန်တီးမှု၊ နည်းပညာလွှဲပြောင်းရရှိမှုနှင့် ငွေကြေး အရင်းအနှီးစွမ်းအားရရှိလာအောင် ဆောင်ရွက်ရန် ဖြစ်သည်။

မြန်မာနိုင်ငံ၏စီးပွားရေး စကြံ့များသည် ပြည်တွင်းကွန်ယက်များကို သာမကအာဆီယံ၊ မဟာမဲခေါင်ဒေသခွဲနှင့် အိန္ဒိယအစရှိသောဒေသတွင်းကွန်ရက်များကိုပါချိတ်ဆက်နိုင်မည် ဖြစ် ခြင်းကြောင့် ပြည်တွင်းစီးပွားရေးစကြံ့လေးခုသည် နိုင်ငံ၏ဗဟိုချက်များနှင့် ဆုံမှတ်များကို ဆက်သွယ်ထားသည့်အပြင်အခြားနိုင်ငံ စကြံ့များနှင့်လည်းချိတ်ဆက်ထားပြီးဖြစ်သည်။အဆိုပါ စကြံ့များသည် မြန်မာစီးပွားရေးကို အထောက်အကူပြုမည့်အလားအလာများနှင့် အိမ်နီးချင်း နိုင်ငံများနှင့် ချိတ်ဆက်မှုပေးနိုင်မည့် ဖွံ့ဖြိုးမှုလက္ခဏာရပ်များနှင့် သယ်ယူပို့ဆောင်ထောက်ပံ့မှု

ဆိုင်ရာ လက္ခဏာများလည်းရှိထားပြီး ဖြစ်သည့်အတွက် အစိုးရအနေဖြင့် အဆိုပါ စကြံများကို စနစ်တကျ စီမံကိန်းချထားသော ဇုန်နယ်မြေစနစ်၊ ဘက်စုံထိရောက်သောပို့ဆောင်ရေးနှင့် ထောက်ပံ့ရေးကွန်ယက်၊ အရည်အသွေးရှိပညာရေးနှင့် ကျန်းမာရေးဝန်ဆောင်မှုများ ပံ့ပိုးပေးရမည် ဖြစ်သည်။ အဆိုပါစကြံများအတွင်း စီးပွားရေးလုပ်ငန်းများသည် စနစ်တကျချမှတ်ထားသော မက်လုံးများအောက်တွင် စရိတ်သက်သာစွာနှင့် လည်ပတ်လုပ်ကိုင်နိုင်သဖြင့် ပြည်တွင်းပြည်ပ ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုများကိုအားပေးနိုင်မည်ဖြစ်သည်။

ကမ္ဘာလုံးဆိုင်ရာဖြစ်စဉ်(Globalization)နှင့် ဒေသဆိုင်ရာဖြစ်စဉ် (Regionalization) ဖြစ်စဉ်များနှင့်အတူ မြန်မာနိုင်ငံအတွက် ဖွံ့ဖြိုးမှုအလားအလာများ အတွက် ပြည်ပပို့ကုန်နှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတို့အား ဖွံ့ဖြိုးမှုအင်ဂျင်များသဖွယ်အသုံးပြုရမည်ဖြစ်သည်။ ကုန်သွယ်မှု ချောမွေ့စေခြင်း၊ လုပ်သာကိုင်သာရှိသည့် စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှု ဝန်းကျင်တစ်ရပ် ဖြစ်အောင်လည်း ဆောင်ရွက်ရမည်ဖြစ်သည်။ အထူးစီးပွားရေးဇုန်များ ဖွံ့ဖြိုးတိုးတက်စေပြီး စကြံလမ်းကြောင်းများတစ်လျှောက် စီးပွားရေးအခွင့်အလမ်းများ တိုးတက်ရရှိရေးကို အလေးထား ဆောင်ရွက်ရန်ဖြစ်သည်။

ဒုတိယကာလတို (၅) နှစ် စီမံကိန်းကာလအတွင်း ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး အတွက် ခရီးစဉ်ဒေသအလိုက်ဆွဲဆောင်မှုနေရာများ၊ ခရီးသွားနေရာဒေသများ ဖန်တီး ဖော်ထုတ်ခြင်း၊ နိုင်ငံတကာခရီးသွားများကို ဆွဲဆောင်ရန်အတွက် လိုအပ်သည့် အခြေခံ အဆောက်အအုံများ မြှင့်တင်ဆောင်ရွက်ခြင်း၊ ခရီးသွားလုပ်ငန်းကြောင့် ပတ်ဝန်းကျင် ထိန်းသိမ်းမှု မထိခိုက်စေရေး၊ ယဉ်ကျေးမှုအမွေအနှစ်များ မပျက်စီးမပျောက်ကွယ်စေရေး၊ လူမှုရေးပြဿနာများ မပေါ်ပေါက်စေရေး၊ စီးပွားရေးဆိုင်ရာပြဿနာများ မဖြစ်ပေါ်စေရေး တို့အတွက် မျက်ခြေမပြတ် ဂရုစိုက်ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ ဟိုတယ်နှင့်တည်းခိုရိပ်သာ လုပ်ငန်းများစနစ်တကျ ဖွံ့ဖြိုးတိုးတက်လာအောင် စီမံဆောင်ရွက်ခြင်း၊ လူ့စွမ်းအား အရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသအလိုက် အသက်မွေးဝမ်းကျောင်းမှု သင်တန်းများမှ အဆင့်မြင့်ပညာသင်တန်းများအထိ ဖွံ့ဖြိုးတိုးတက်အောင် စီမံဆောင်ရွက်ခြင်းနှင့် ခရီးသွား လုပ်ငန်းဖွံ့ဖြိုးစေခြင်းဖြင့် ကုန်သွယ်မှုနှင့် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကို အလေးထား ဆောင်ရွက်သွားရမည်ဖြစ်ပါသည်။

# အခန်း(၅)

# စက်မှုဖွံ့ဖြိုးမှုကို အားကောင်းစေသောကဏ္ဍများ

# အခန်း(၅)

## စက်မှုဖွံ့ဖြိုးမှုကိုအားကောင်းစေသောကဏ္ဍများ

ဒုတိယကာလတို (၅) နှစ်စီမံကိန်း၏ Theme မှာ **"စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှု အခြေခံကောင်းများ ပိုမိုဖြစ်ပေါ်စေခြင်းမှတစ်ဆင့် စက်မှုဖွံ့ဖြိုးမှုဆီသို့"** ဖြစ်ခြင်းကြောင့် စက်မှု ဖွံ့ဖြိုးမှုကိုအားကောင်းစေသောကဏ္ဍများအား ဆောင်ရွက်ရန်မှာ ဒုတိယကာလတို (၅) နှစ် စီမံကိန်းအတွက် အလွန်အရေးပါပါသည်။ စက်မှုဖွံ့ဖြိုးမှုကိုအားကောင်းစေသော ကဏ္ဍများ အဖြစ် ဒုတိယကာလတို (၅) နှစ်စီမံကိန်း ကာလအတွင်း အောက်ဖော်ပြပါ ကိစ္စရပ်များအား ချဉ်းကပ်ဆောင်ရွက်မည် ဖြစ်ပါသည်-

(က) အခြေခံအဆောက်အအုံများနိုင်မာအားကောင်းစေရေး၊

(ခ) လျှပ်စစ်စွမ်းအားတိုးတက်ရရှိရေး၊

(ဂ) သယ်ယူပို့ဆောင်ရေး၊

(ဃ) ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်ဖွံ့ဖြိုးရေး၊

(င) အထူးစီးပွားရေးဇုန်၊ စက်မှုဇုန်၊ နယ်စပ်ကုန်သွယ်ရေးဇုန်များ ဖွင့်လှစ်ဆောင်ရွက်ရေး၊

(စ) စီးပွားရေးစင်္ကြံများ၊ နယ်စပ်ကုန်သွယ်ရေးဇုန်များ ဖွံ့ဖြိုးတိုးတက်ရေး၊

(ဆ) လုပ်သာကိုင်သာရှိသည့်စီးပွားရေးဝန်းကျင်ဖြစ်ပေါ်စေရေး၊

(ဇ) လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး၊

(ဈ) သုတေသနနှင့်ဖွံ့ဖြိုးရေး။

### ၅-၁။ အခြေခံအဆောက်အအုံများနိုင်မာအားကောင်းစေခြင်း

ကောင်းမွန်သောအခြေခံအဆောက်အအုံများသည် ထုတ်လုပ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများ တိုးတက်စေခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းနှင့် ဝင်ငွေများတိုးစေခြင်း၊ ပိုမိုကောင်းမွန်သော ပတ်ဝန်းကျင်နှင့် လူနေမှုအဆင့်အတန်းကို ဖန်တီးပေးနိုင်ခြင်း၊ စားသုံးမှု ပုံသဏ္ဌာန် ပြောင်းလဲစေခြင်း၊ ဒေသများ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး တို့အတွက် အလွန်အရေးကြီးပါသည်။ အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေးသည် နိုင်ငံ့စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုနှင့် အပြန်အလှန် ချိတ်ဆက်လျက်ရှိသည်။

လမ်းများဖောက်လုပ်ပေးခြင်း၊ တံတားများဆောက်လုပ်ပေးခြင်း၊ လျှပ်စစ်စွမ်းအား တိုးတက်ရရှိစေခြင်း၊ ပို့ဆောင်ဆက်သွယ်ရေး လွယ်ကူချောမွေ့စေခြင်း၊ တယ်လီဖုန်း၊ အင်တာနက်လိုင်းများ တပ်ဆင်ပေးခြင်း၊ ဆေးရုံများ၊ ကျောင်းများ တည်ဆောက်ပေးခြင်း စသည့် Hard Infrastructure များသာမက နိုင်ငံဖွံ့ဖြိုးရေးအတွက် ကောင်းမွန်ပြီး လက်တွေ့ကျသည့် မူဘောင်များချမှတ်ပေးခြင်း၊ အုပ်ချုပ်မှုစနစ်ပြုပြင်ပြောင်းလဲခြင်း၊ လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်စေခြင်း၊ ငွေကြေးနှင့်ဘဏ်စနစ် ခိုင်မာအားကောင်းအောင် ဆောင်ရွက်ပေးခြင်း၊ ကဏ္ဍတိုင်းတွင် လိုအပ်သည့် ဥပဒေမူဘောင်များ ခိုင်မာအားကောင်းစေခြင်း၊ လိုအပ်သည့်အဖွဲ့အစည်းများနှင့် ယန္တရားများထူထောင်ခြင်း၊ လူမှုဘဝသာယာဝပြောရေးအတွက် လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းတို့ကို ဆောင်ရွက်ပေးခြင်းစသည့် Soft Infrastructure များကိုလည်း ဆက်လက်ဖြည့်ဆည်းပေးရန်လိုအပ်လျက်ရှိပါသည်။

**(က) ရုပ်ပိုင်းဆိုင်ရာ အခြေခံအဆောက်အအုံများ**

ရုပ်ပိုင်းဆိုင်ရာ အခြေခံအဆောက်အအုံများ တိုးတက်လာခြင်းသည် ထုတ်လုပ်မှုစွမ်းအားတိုးတက်လာစေခြင်း၊ ကုန်စည်စီးဆင်းမှုကို လွယ်ကူချောမွေ့စေခြင်း၊ ထုတ်လုပ်မှုစရိတ်ကျဆင်းစေခြင်း၊ ဈေးကွက်ရရှိနိုင်မှုနှင့် ပြည်သူ့ဝန်ဆောင်မှုကို ပိုမိုရရှိစေနိုင်ခြင်း စသည်ဖြင့် လူမှုစီးပွားအခြေအနေကို ပိုမိုဖွံ့ဖြိုးလာစေနိုင်ပြီး ဆင်းရဲမှုလျှော့ချရေးကို အထောက်အကူပြုရုံသာမက ဒေသများအကြား မညီမျှမှုနှင့် ဖွံ့ဖြိုးမှုကွာဟချက်များကိုလည်း လျော့ကျစေနိုင်ပါသည်။

လမ်းတံတားများ ဖောက်လုပ်ရန်ကိစ္စရပ်နှင့် စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ KOICA ၏ အကူအညီဖြင့်ရေးဆွဲနေသည့် Arterial Road Network Development in Myanmar စီမံကိန်းနှင့် ပို့ဆောင်ရေးဝန်ကြီးဌာနမှ JICA အကူအညီဖြင့်ရေးဆွဲနေသည့် Tansport Master Plan တို့နှင့် ချိတ်ဆက်ပြီးရေးဆွဲခဲ့ရာ ယင်း Master Plan ၏ ရည်မှန်းချက်မှာ နိုင်ငံနှင့်လူမျိုးအတွက် အကျိုးရှိစေမည့် ပို့ဆောင်ရေးလမ်းကြောင်းအားလုံးအား တွဲဖက်ဆောင်ရွက်ကာ စဉ်ဆက်မပြတ်ဖြစ်ပေါ်လာစေရန် စွမ်းဆောင်ရည်ပြည့်ဝပြီး ခေတ်မီလုံခြုံ၍ သဘာဝပတ်ဝန်းကျင်နှင့် ရင်းနှီးသည့် သယ်ယူပို့ဆောင်ရေးစနစ် ဖွံ့ဖြိုးလာစေရန် "To develop an efficient, modern, safe, and environmentally friendly transportation system in a coordinated and

sustainable manner that embraces all transport modes for the benefit of the country and people of Myanmar"ဖြစ်ပါသည်။ မြန်မာနိုင်ငံအနေဖြင့် အခြေခံစီးပွားရေး အဆောက်အအုံများကို အရှိန်အဟုန်ဖြင့် တိုးတက်စေခဲ့သော်လည်း လိုအပ်ချက်များစွာ ရှိနေသေးသည်။ ပို့ဆောင်ရေးကဏ္ဍဖွံ့ဖြိုးတိုးတက်စေမည့် ဒုတိယကာလတို (၅)နှစ်စီမံကိန်းတွင် ခေတ်စနစ်နှင့် လိုက်လျောညီထွေမှုရှိသည့် အမျိုးသား ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး မဟာဗျူဟာများအား အခြေခံသည့် စီမံကိန်းအသစ်များအဖြစ် အကောင်အထည်ဖော် ဆောင်ရွက်ရန် ဖြစ်ပါသည်။

**(၁) လေကြောင်းပို့ဆောင်ရေး**

လေကြောင်းပို့ဆောင်ရေးနှင့် စပ်လျဉ်း၍ ဒုတိယ ကာလတို (၅)နှစ် စီမံကိန်း ကာလအတွင်း အောက်ပါတို့အား ဆောင်ရွက်ရန် ဖြစ်ပါသည်-

(က) လေဆိပ်များ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် လေယာဉ်ကွင်းများကို အဆင့်မြှင့်တင် တည်ဆောက်ခြင်း၊

(ခ) ဟံသာဝတီ အပြည်ပြည်ဆိုင်ရာလေဆိပ် တည်ဆောက်ရေး စီမံကိန်းအား Yongnan - CAPE - JGC Consortium နှင့်ဆက်လက် ဆောင်ရွက်ခြင်း၊

(ဂ) ငွေဆောင် လေယာဉ်ကွင်းသစ်တည်ထောင်ခြင်း ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်နှင့် မန္တလေး အပြည်ပြည်ဆိုင်ရာလေဆိပ် အဆင့်မြှင့်တင်တည်ဆောက်ခြင်း၊

(ဃ) ဟဲဟိုး အပြည်ပြည်ဆိုင်ရာလေဆိပ်၊ ညောင်ဦးအပြည်ပြည်ဆိုင်ရာလေဆိပ်၊ သံတွဲအပြည်ပြည်ဆိုင်ရာလေဆိပ်နှင့် တာချီလိတ် ပြည်တွင်းလေဆိပ်တို့အား အဆင့်မြှင့်တင်တည်ဆောက်ခြင်း၊

(င) မြစ်ကြီးနား ပြည်တွင်းလေဆိပ်၊ စစ်တွေ ပြည်တွင်းလေဆိပ်၊ ထားဝယ် ပြည်တွင်းလေဆိပ်၊ မြိတ် ပြည်တွင်းလေဆိပ်၊ ကော့သောင်းပြည်တွင်းလေဆိပ်၊ ပူတာအိုပြည်တွင်းလေဆိပ်၊ အမ်းပြည်တွင်းလေဆိပ်၊ ကျောက်ဖြူ ပြည်တွင်းလေဆိပ်၊ လားရှိုးပြည်တွင်းလေဆိပ်၊ ကျိုင်းတုံပြည်တွင်းလေဆိပ်၊ ဗန်းမော်ပြည်တွင်းလေဆိပ်၊ လွိုင်ကော်ပြည်တွင်းလေဆိပ်၊ မုံရွာပြည်တွင်းလေဆိပ်၊ မော်လမြိုင်ပြည်တွင်းလေဆိပ်၊ ကလေးပြည်တွင်းလေဆိပ်၊ ဘုတ်ပြင်းပြည်တွင်း

လေဆိပ်၊ မိုင်းဆတ်ပြည်တွင်းလေဆိပ်၊ ဟုမ္မလင်းပြည်တွင်းလေဆိပ်၊ ခန္တီးပြည်တွင်းလေဆိပ်၊ ပုသိမ်ပြည်တွင်းလေဆိပ်၊ မကွေးပြည်တွင်းလေဆိပ်၊ ကျောက်ထု ပြည်တွင်းလေဆိပ်၊ ကိုကိုးကျွန်းပြည်တွင်းလေဆိပ်တို့ကို အဆင့်မြှင့်တင်တည်ဆောက်ခြင်းအား ဒုတိယကာလတို (၅)နှစ်စီမံကိန်းကာလအတွင်း ဆောင်ရွက်မည် ဖြစ်ပါသည်။

**(၂) ရေလမ်းပို့ဆောင်ရေး**

မြန်မာနိုင်ငံ၏ အနောက်ဘက်နှင့် တောင်ဘက် ကမ်းခြေတစ်လျှောက်တွင် ဆိပ်ကမ်း ၉ ခု ရှိသော်လည်း တစ်နိုင်ငံလုံး၏ ရေကြောင်းဖြင့် ကုန်စည်များပို့ဆောင်ခြင်း၏ ပမာဏ ၈၀ ရာခိုင်နှုန်းကျော်ကို ရန်ကုန်ဆိပ်ကမ်းရှိ ဆိပ်ခံတံတားများတွင် ဆောင်ရွက်လျက် ရှိပါသည်။ **ရေလမ်းပို့ဆောင်ရေးတိုးတက်စေရေးအတွက်** ဒုတိယကာလတို (၅) နှစ်စီမံကိန်း ကာလ အတွင်း အောက်ပါတို့အား ဆောင်ရွက်ရန် ဖြစ်ပါသည်-

(က) ရန်ကုန်ဆိပ်ကမ်း၊ လမ်းမတော်နယ်မြေ (ရွာသစ်ချောင်းနှင့် စဉ့်အိုးတန်းကြား) တွင် နိုင်ငံတကာအဆင့်မီပြည်တွင်း ခရီးသွားဆိပ်ကမ်းများ (Inland Port Terminal) အဖြစ် ပြုပြင်ပြောင်းလဲတည်ဆောက်ခြင်း၊ နောက်ခံဧရိယာပေါ်တွင်စီးပွားရေးအဆောက်အဦများတည်ဆောက်ခြင်းဖြင့် ပြည်တွင်းဆိပ်ကမ်း ဖွံ့ဖြိုးတိုးတက်စေခြင်း၊

(ခ) မန္တလေး၊ ဗန်းမော်၊ ပခုက္ကူနှင့် မကွေးဆိပ်ကမ်းသစ်များ တည်ဆောက်မှု၊ အနာဂတ် ကုန်စည်ပို့ဆောင်ရေးအတွက် ရန်ကုန်-မန္တလေး ရေကြောင်းသွားလာရေး ကောင်းမွန်ရန် မွမ်းမံပြင်ဆင်ခြင်း၊

(ဂ) ဧရာဝတီ မြစ်ဝကျွန်းပေါ်နှင့် ရခိုင်မြစ်တို့တွင် ရာသီမရွေး ရေကြောင်းသွားလာရေး ကောင်းမွန်ရန် မွမ်းမံပြင်ဆင်ခြင်း၊

(ဃ) ရန်ကုန်-မန္တလေး ရာသီမရွေးရေကြောင်းသွားလာရေးနှင့်ကုန်စည်ပို့ဆောင်ရေး လုံခြုံချောမွေ့စေခြင်း၊

(င) မန္တလေး-ဗန်းမော်နှင့် မုံရွာ ရာသီမရွေး ရေကြောင်းသွားလာရေး လုံခြုံချောမွေ့စေရန်၊ ဧရာဝတီမြစ်ဝကျွန်းပေါ်တွင် ရေကြောင်းသွားလာမှုအတွက် လုံခြုံစိတ်ချရသော စနစ်တပ်ဆင်ခြင်း၊

(စ) လက်ရှိ ဒလ နှင့် မန္တလေး သင်္ဘောကျင်း စွမ်းဆောင်ရည်ဖွံ့ဖြိုးတိုးတက်ရေးနှင့်ခေတ်မီရန်အတွက် ဆောင်ရွက်ခြင်းအစရှိသော ရေကြောင်းပို့ဆောင်မှုတိုးတက် ကောင်းမွန်ရေးကို ပို့ဆောင်ရေးဝန်ကြီးဌာနမှ ဒုတိယကာလတို (၅) နှစ် စီမံကိန်းကာလအတွင်း ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

**(၃) ကုန်းလမ်းပို့ဆောင်ရေး**

ကုန်းလမ်းရေလမ်းနှင့်လေကြောင်းလမ်းများ ဘက်စုံသယ်ယူပို့ဆောင်မှုစနစ်တိုးတက်ရရှိပြီး ခေတ်နှင့်လျော်ညီစေရန်၊ လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရန်နှင့် နယ်စပ်ဒေသအပါအဝင် တိုင်းဒေသကြီး/ပြည်နယ်များ တစ်ပြေးညီတိုးတက်ရန် ရှေ့ရှုလျက် လမ်းတံတားများကို အသစ်ဖောက်လုပ်ခြင်း၊ လက်ရှိလမ်းတံတားများကို ပြုပြင်ထိန်းသိမ်းခြင်းတို့ကို အကောင်အထည်ဖော် ဆောင်ရွက်မည် ဖြစ်ပါသည်။ ကားလမ်းများကို ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် (စက်တင်ဘာလ) အထိ လမ်းမိုင် ၁၀,၁၇၅ မိုင် ထပ်မံတိုးချဲ့ ဖောက်လုပ်ပြီးစီးပြီဖြစ်ပါသည်။ ယင်းလမ်းများတွင် ကွန်ကရစ်လမ်း၊ ကတ္တရာလမ်း၊ ကျောက်လမ်း၊ အမာခံလမ်းနှင့် မြေလမ်းများပါဝင်ပါသည်။ ကုန်းလမ်းပို့ဆောင်ရေးကဏ္ဍတွင် Road Safety နှင့်ပတ်သက်၍ အောက်ပါအချက်များအား ထည့်သွင်းလုပ်ဆောင်သွားမည်ဖြစ်ပါသည်-

(က) အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေးကောင်စီအား ခရိုင်အဆင့်အထိဖွဲ့စည်းခြင်း၊

(ခ) ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေး အသိပညာပေးဟောပြောပွဲ၊ ပြပွဲ ပြိုင်ပွဲများပြုလုပ်ခြင်း၊ အမိန့်ညွှန်ကြားချက်များ ထုတ်ပြန်ခြင်း၊ လမ်းအမှတ်အသားများနှင့် လမ်းပေါ်ဆေးရေးအမှတ်အသားများ စိုက်ထူရေးဆွဲဆောင်ရွက်ခြင်းနှင့် အမြန်လမ်းမကြီး ယာဉ်အန္တရာယ်ကင်းရှင်းရေးကို ဒေသအလိုက် သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းနှင့် Road Audit ဆောင်ရွက်ခြင်း၊

(ဂ) မော်တော်ယာဉ်တိုက်ခိုက်မှုကြောင့်ဖြစ်ပေါ်သော လူသေဆုံးမှုအား ၂၀၁၄ ခုနှစ်တွင် မော်တော်ယာဉ်စီးရေ (၁၀,၀၀၀)လျှင် လူ ၈.၇၉ ဦးသေဆုံးနေသည့်နှုန်းမှ

၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် သေဆုံးမှုနှုန်းအား ၅၀ ရာခိုင်နှုန်း အထိ လျှော့ချရန် အတွက် ရည်မှန်းချက်ထားဆောင်ရွက်ခြင်း၊

(ဃ) ကုန်းလမ်းသယ်ယူပို့ဆောင်ရေးဆိုင်ရာ နည်းဥပဒေရေးဆွဲခြင်း၊

(င) ယာဉ်စစ်ဆေးခြင်းလုပ်ငန်းအား နိုင်ငံတကာအဆင့်မီ စစ်ဆေးဆောင်ရွက်နိုင်ရန် အတွက် ယာဉ်စစ်ဆေးရေးရုံများတည်ဆောက်ခြင်း၊ စက်ကိရိယာတပ်ဆင်ခြင်း၊ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရန်အတွက် နှစ်လဲယာဉ်စစ်ဆေးရေး လုပ်ငန်း အား ပုဂ္ဂလိကကဏ္ဍနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

(စ) ယာဉ်ကြောင့်ဖြစ်ပေါ်လာသော သဘာဝပတ်ဝန်းကျင်ထိခိုက်မှု ကာကွယ်ရေး လုပ်ငန်းများဆောင်ရွက်ခြင်း၊

(ဆ) ပြည်ပဖြတ်ကျော်ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်စေရန်အတွက် အပြည် ပြည်ဆိုင်ရာဝင်ပေါက်များတွင်ဝင်ရောက်သွားလာမှု အဆင်ပြေစေရေး အတွက် Operator Licence ထုတ်ပေးခြင်း၊ ခရီးသွားယာဉ်များအား မှတ်ပုံတင် ဆောင်ရွက်ပေးခြင်း၊

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အထိဖောက်လုပ်မည့်လမ်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

**ဇယား ၅-၁**

**၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် အထိ ဖောက်လုပ်မည့် လမ်းများ**

**(မိုင်-ဖာလုံ)**

| စဉ် | အမျိုးအစား | ၂၀၁၆ - ၂၀၁၇ | ၂၀၁၇ - ၂၀၁၈ | ၂၀၁၈ - ၂၀၁၉ | ၂၀၁၉ - ၂၀၂၀ | ၂၀၂၀ - ၂၀၂၁ |
|---|---|---|---|---|---|---|
| ၁ | ကွန်ကရစ်လမ်း | ၄၉၁-၄ | ၄၉၃-၄ | ၄၉၅-၄ | ၄၉၇-၄ | ၄၉၉-၀ |
| | | ၂၇၁-၇ | ၂၇၃-၇ | ၂၇၅-၄ | ၂၇၇-၄ | ၂၈၀-၀ |
| ၂ | ကတ္တရာလမ်း | ၈၈၆၁-၂ | ၈၉၄၉-၂ | ၉၀၃၈-၂ | ၉၁၂၈-၂ | ၉၂၁၉-၀ |
| | | ၆၀၀၀-၆ | ၆၂၀၉-၆ | ၆၄၂၃-၆ | ၆၆၄၂-၆ | ၆၈၆၇-၀ |
| ၃ | ကျောက်လမ်း | ၉၅၁-၀ | ၉၆၀-၀ | ၉၇၀-၀ | ၉၇၉-၀ | ၉၈၈-၀ |
| | | ၁၇၈၃-၄ | ၁၈၀၁-၄ | ၁၈၁၈-၀ | ၁၈၃၇-၀ | ၁၈၅၆-၀ |
| ၄ | အမာခံကျောက် စရစ်ခင်းလမ်း | ၁၁၆၆-၃ | ၁၀၈၂-၃ | ၉၉၆-၃ | ၉၁၀-၃ | ၈၂၅-၀ |
| | | ၁၇၇၁-၄ | ၁၇၇၅-၄ | ၁၇၇၈-၃ | ၁၇၇၃-၃ | ၁၇၆၃-၀ |
| ၅ | မြေလမ်း | ၁၁၇၇-၇ | ၁၁၆၅-၇ | ၁၁၅၃-၇ | ၁၁၄၁-၇ | ၁၁၃၀-၀ |
| | | ၃၁၄၀-၃ | ၃၁၀၉-၃ | ၃၀၇၈-၃ | ၃၀၄၈-၃ | ၃၀၁၉-၀ |

ရင်းမြစ်။ ပို့ဆောင်ရေးဝန်ကြီးဌာန

တိုင်းဒေသကြီး/ပြည်နယ်များသို့ ကွန်ယက်ဆက်သွယ်ရေးများဖြင့် တိုင်းရင်းသားအချင်းချင်း လွယ်ကူစွာ ကူးလူးသွားလာဆက်သွယ်နိုင်ပြီး နိုင်ငံတစ်ဝန်းလုံး စီးပွားဖွံ့ဖြိုးတိုးတက်မှု မျှတစွာဖြစ်ထွန်းစေရန်နှင့် ပြည်သူလူထုတစ်ရပ်လုံး လမ်းပန်းဆက်သွယ်မှု အသီးအပွင့်ကို အလျင်အမြန် ရရှိခံစားနိုင်ရေးအတွက် ဒုတိယကာလတို (၅) နှစ်စီမံကိန်းတွင် တိုက်ရိုက်တပ်ဆင်သည့် ပြည်တွင်း၊ ပြည်ပဆိုင်ရာ ဆက်သွယ်ရေးလမ်းကြောင်းများနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများချဲ့ထွင်ခြင်း၊ မဟာဗျူဟာအရ နိုင်ငံတကာ ဆက်သွယ်မှု လမ်းကြောင်းများဖြစ်သည့် အာရှအာဆီယံလမ်းမကြီးများ၊ GMS၊ အာရှ စီးပွားရေးစင်္ကြံ လမ်းမကြီးများနှင့်ချိတ်ဆက်နေသည့် အဓိကအသက်သွေးကြောလမ်းမကြီးများအား နိုင်ငံတော် လိုအပ်ချက်အရ ၎င်းလမ်းများပေါ်ရှိတံတားများကို အမြဲတမ်း(၂)လမ်းသွား သံကူကွန်ကရစ် တံတားများအဖြစ် တည်ဆောက်သွားရန်နှင့် လက်ရှိပြည်ထောင်စုမှတာဝန်ယူဆောင်ရွက်မည့် လမ်းမကြီးများပေါ်ရှိ ယာယီတံတားများကို အမြဲတမ်းနှစ်လမ်းသွား တံတားများအဖြစ် တည်ဆောက်သွားရန်ဖြစ်ပါသည်။ လမ်းနှင့် တံတားများကို ဒုတိယကာလတို (၅) နှစ် စီမံကိန်း အတွင်း အောက်ပါအတိုင်း ဖော်လုပ်ဆောင်ရွက်သွားမည် ဖြစ်ပါသည်-

(က) ဒုတိယကာလတို (၅)နှစ်စီမံကိန်းတွင် နိုင်ငံတကာ ဆက်သွယ်သည့် အဓိက ပြည်ထောင်စုလမ်းမကြီးများဖြစ်သည့် အာဆီယံလမ်းမကြီးများ (ASEAN Highway) အာရှပတ်လမ်းမကြီးများ (ASIAN Highway)၊ အိန္ဒိယ-မြန်မာ-ထိုင်း သုံးနိုင်ငံ ပူးပေါင်းဆောင်ရွက်မည့် လမ်းမကြီး (Trilateral Highway)၊ မဟာမဲခေါင်ဒေသလမ်းမကြီးများ (GMS)၊ မဟာမဲခေါင်ဒေသ စီးပွားရေးစင်္ကြံလမ်းမကြီးများ၊ ဘင်းစတက်လမ်းများ (BIMSTEC)၊ ဧရာဝတီ-ကျောက်ဖရား-မဲခေါင်လမ်း (ACMECS) ပေါ်ရှိ ဆောင်ရွက်ရန် ကျန်ရှိသော ယာယီတံတားများအား နှစ်လမ်းသွားသံကူကွန်ကရစ်တံတားများ တည်ဆောက်ခြင်း၊

(ခ) တရုတ်ပြည်သူ့သမ္မတနိုင်ငံ EXIM Bank ချေးငွေဖြင့် ဆောင်ရွက်မည့် မလွဲတောင်- ထားဝယ်-မြိတ်-တနင်္သာရီ- ကော့သောင်းလမ်းပေါ်ရှိ တံတားများ အဆင့်မြှင့်တင်တည်ဆောက်ခြင်း၊

(ဂ) အိန္ဒိယနိုင်ငံမှ တည်ဆောက်မည့် ကလေး၀-ကျိုကုန်း-တမူးလမ်းပေါ်ရှိ တံတား အစင်း (၇၀) စင်း တည်ဆောက်ခြင်း၊

(ဃ) JICA ချေးငွေဖြင့် ဆောင်ရွက်မည့် ဂျိုင်း(ကော့ကရိတ်)၊ ဂျိုင်း(ဇာသပြင်)၊ အတ္တရံ တံတား၊ ကြည့်မြင်တိုင်-အေးရွာတံတား၊ သံလွင်တံတား(တာကော)၊ သံလွင်တံတား (တာစွပ်တိန်း)၊ ဧရာ၀တီတံတား (ဟသ်ာတ) တံတားများ တည်ဆောက်ခြင်း၊

(င) ဂျပန်နိုင်ငံ အကူအညီဖြင့် သာကေတတံတားတည်ဆောက်ခြင်း၊

(စ) ထိုင်းနိုင်ငံ အကူအညီဖြင့် ထိုင်း-မြန်မာချစ်ကြည်ရေး တံတားအမှတ်(၂) တည်ဆောက်ခြင်း၊

(ဆ) ကိုရီးယားနိုင်ငံ (EDCF Loan) ဖြင့် ကိုရီးယား-မြန်မာ ချစ်ကြည်ရေး ဒလတံတား၊ ဧရာ၀တီတံတား (အောင်လံ-သရက်)၊ လှိုင်မြစ်ကူးတံတား (၀ါးတရာ) တံတားတည်ဆောက်ခြင်း၊

(ဇ) ပြည်ထောင်စုလမ်းမကြီးများပေါ်ရှိ ယာယီတံတားများအား သံကူကွန်ကရစ် တံတားများအဖြစ် အဆင့်မြှင့်တင်တည်ဆောက်ခြင်း။

မြန်မာနိုင်ငံ အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်စေရန်လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် နိုင်ငံတော်ရန်ပုံငွေဖြင့် အကောင်အထည်ဖော်ရန် မလုံလောက်နိုင်သဲ့ အခြေခံအဆောက်အအုံ ဖွံ့ဖြိုးမှုစီမံချက်များအား ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်ခြင်း Public Private Partnership(PPP) အစီအစဉ်ဖြင့်လည်းကောင်း၊ နိုင်ငံခြားချေးငွေ အထောက်အပံ့ငွေများဖြင့် လည်းကောင်း၊ ရည်မှန်းချက်ပြည့်မီအောင် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ထိုသို့ဆောင်ရွက်ရာတွင် တိုင်းဒေသကြီး/ပြည်နယ်အသီးသီးရှိ ဒေသန္တရစီမံကိန်းများနှင့်ပါ ချိတ်ဆက်ဆောင်ရွက်မည်ဖြစ်ပါသည်။ ထို့ပြင် သဘာ၀ဘေးအန္တရာယ် ရင်ဆိုင်ခဲ့ရသော နေရာဒေသများရှိ အခြေခံအဆောက်အအုံများအတွက် ပြန်လည်တည်ဆောက်မှု ပြုရာတွင်လည်း အရှိန်အဟုန်ဖြင့် အလျင်အမြန်ဆောင်ရွက်ခြင်း၊ လူမှုဘ၀အရည်အသွေး (Quality of Life) ကို တိုးတက်စေခြင်း၊ ပြန်လည်တည်ဆောက်ရေး စီမံကိန်းများတွင် အသေးစားစက်မှုလုပ်ငန်းများအတွက် လွယ်ကူ

အဆင်ပြေစေမည့် တည်ဆောက်ရေးအထောက်အပံ့များကို ထည့်သွင်းစဉ်းစားခြင်းတို့ကို ဆောင်ရွက်ရန် ဖြစ်ပါသည်။

## ၅-၂။ လျှပ်စစ်စွမ်းအား တိုးတက်ရရှိရေး

လျှပ်စစ်ဓာတ်အားသည် နိုင်ငံတစ်ခု၏ စက်မှုထုတ်ကုန် တိုးမြှင့်ထုတ်လုပ်ရေးနှင့် စက်မှုဖွံ့ဖြိုးရေးအတွက်အလွန်အရေးကြီးသည့် သွင်းအားစုတစ်ခုဖြစ်ပါသည်။ မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး၊ အခြေခံအဆောက်အအုံများဖွံ့ဖြိုးတိုးတက်ရေး၊ ပုဂ္ဂလိက ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း အရေးကြီးပါသည်။ ထို့ကြောင့် ဒုတိယကာလတို (၅) နှစ်စီမံကိန်း ကာလသည် စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်မှုကို ဦးစားပေးဆောင်ရွက်မည့်ကာလဖြစ်သည့်အတွက် မဟာဗျူဟာမြောက် ရည်မှန်းချက်များ ချမှတ်၍ စက်မှုဖွံ့ဖြိုးရေးကို လက်တွေ့ကျကျ အထောက်အကူပြုမည့် အစီအစဉ်များ ရေးဆွဲချမှတ် ဆောင်ရွက်သွားရန် ဖြစ်ပါသည်။

မြန်မာနိုင်ငံသည် စက်မှုဇုန်များ၊ အထူးစီးပွားရေးဇုန်များ တိုးချဲ့တည်ထောင်လာခြင်းနှင့် လျှပ်စစ်စွမ်းအင်အခြေပြုလုပ်ငန်းများတိုးချဲ့လာခြင်းတို့ကြောင့် လျှပ်စစ်လိုအပ်မှု ပမာဏလည်း နှစ်စဉ်တိုးပွားလျက်ရှိရာ တိုးပွားလာသော စွမ်းအင်လိုအပ်ချက်ကို ပြည့်ပြည့်ဝဝ ဖြည့်ဆည်းပေးရန် အရေးကြီးပါသည်။

ပထမကာလတို (၅) နှစ်စီမံကိန်းကာလတွင်ဓာတ်အားရရှိမှုမှာ အိမ်ထောင်စုဦးရေ၏ ၃၄ ရာခိုင်နှုန်းနှင့် လူတစ်ဦးချင်းလျှပ်စစ်ဓာတ်အားသုံးစွဲမှု ၂၈၂ ကီလိုဝပ်နာရီ ရည်မှန်းခဲ့ရာ၂၀၁၄-၂၀၁၅ဘဏ္ဍာနှစ်ကုန်တွင်အိမ်ထောင်စုဦးရေ၏ ၂၉ ရာခိုင်နှုန်းနှင့် လူတစ်ဦးချင်း လျှပ်စစ်ဓာတ်အားသုံးစွဲမှု ၂၂၂ ကီလိုဝပ်နာရီ ရရှိအောင်ဆောင်ရွက်နိုင်ခဲ့ပါသည်။ ကျေးရွာအလိုက်မီးလင်းရေးဆောင်ရွက်ရာတွင်လည်း မြန်မာနိုင်ငံတွင် ကျေးရွာပေါင်း ၆၄,၁၃၄ ရှိသည့်အနက် ကျေးရွာ၂၄,၃၉၀ ရွာ မီးလင်းရေးရည်မှန်းခဲ့ရာ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်ကုန်တွင် ကျေးရွာ ၂၇,၇၁၀ ရွာမီးလင်းရေး ဆောင်ရွက်နိုင်ခဲ့ပြီး ကျေးရွာအလိုက်မီးလင်းမှုအနေဖြင့် ၄၃.၂ ရာခိုင်နှုန်းအထိ ဆောင်ရွက်နိုင်ခဲ့ပါသည်။၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်ကုန်အထိ လျှပ်စစ်ထုတ်လုပ်သည့် အရင်းအမြစ်များတွင် ရေအားလျှပ်စစ် ၆၂.၃၇ ရာခိုင်နှုန်း၊ ရေနွေးငွေ့အား ၂.၀၂ ရာခိုင်နှုန်း၊ သဘာဝဓာတ်ငွေ့အား ၃၅.၁၆ ရာခိုင်နှုန်းနှင့် ဒီဇယ်အား ၀.၄၆ ရာခိုင်နှုန်း ဖြစ်ပါသည်။

ဇယား ၅-၂

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်ကုန်အထိ

**တပ်ဆင်ပြီးစီးသည့်လျှပ်စစ်ဓာတ်အားပေးစက်ရုံများ**

| စဉ် | အကြောင်းအရာ | စုစုပေါင်း စက်ရုံ | စက်အင်အား (မဂ္ဂါဝပ်) |
|---|---|---|---|
| ၁ | ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ(အကြီးစား+အသေးစား) | ၅၇ | ၃၁၈၅ |
| ၂ | သဘာဝဓာတ်ငွေ့စက်ရုံ | ၁၈ | ၁၂၄၆ |
| ၃ | ကျောက်မီးသွေးနှင့်ရေနွေးငွေ့ဓာတ်အားပေးစက်ရုံ | ၁ | ၂၈၅ |
| ၄ | ဒီဇယ်ဓာတ်အားပေးစက်ရုံ | ၂၈၇ | ၈၉ |

**ဇာစ်မြစ်။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**

ဇယား ၅-၃

ပထမကာလတို(၅) နှစ်စီမံကိန်းရည်မှန်းချက်နှင့် ၂၀၁၄-၂၀၁၅ဘဏ္ဍာနှစ်ကုန်အထိ


ဆောင်ရွက်ပေးနိုင်ခဲ့မှုအခြေအနေ

| စဉ် | အကြောင်းအရာ | ပထမကာလတို (၅) နှစ် စီမံကိန်း ရည်မှန်းချက် | ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်ကုန်ထိ အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှု |
|---|---|---|---|
| ၁ | အိမ်ထောင်စုဦးရေဓာတ်အားရရှိမှု (ရာခိုင်နှုန်း ) | ၃၄ | ၂၉ |
| ၂ | လူတစ်ဦးချင်းလျှပ်စစ်ဓာတ်အားသုံးစွဲမှု(ကီလိုဝပ်နာရီ) | ၂၈၂ | ၂၂၂ |
| ၃ | ကျေးရွာအလိုက်မီးလင်းမှု(ကျေးရွာ) | ၂၄၃၉၀ | ၂၇၇၁၀ |
| ၄ | ကျေးရွာအလိုက်မီးလင်းမှု(ရာခိုင်နှုန်း ) | ၃၇.၆ | ၄၃.၂ |
| ၅ | သုံးစွဲရန်လိုအပ်သောဓာတ်အား(မဂ္ဂါဝပ်) | ၃၀၇၈ | ၄၈၀၅ |
| ၆ | သုံးစွဲရန်လိုအပ်သောဓာတ်အား(ကီလိုဝပ်နာရီသန်းပေါင်း) | ၁၇၇၉၇ | ၁၁၂၅၄.၉၅ |

**ဇာစ်မြစ်။လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်ကုန်အထိ လျှပ်စစ်ထုတ်လုပ်သည့် အရင်းအမြစ်များတွင် ရေအားလျှပ်စစ် ၆၂.၃၇ ရာခိုင်နှုန်း၊ ရေနွေးငွေ့အား ၂.၀၂ ရာခိုင်နှုန်း၊ သဘာဝဓာတ်ငွေ့အား ၃၅.၁၆ ရာခိုင်နှုန်းနှင့် ဒီဇယ်အား ၀.၄၆ ရာခိုင်နှုန်း ဖြစ်ပါသည်။

ပုံ ၅-၁
၂၀၁၄-၂၀၁၅ဘဏ္ဍာနှစ်
လျှပ်စစ်ထုတ်လုပ်သည့်အရင်းအမြစ်များ




ဓာတ်မြစ်။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန

ဒုတိယ ကာလတို (၅)နှစ် စီမံကိန်းကာလအတွင်း တပ်ဆင်မည့် လျှပ်စစ်အင်အား အရင်းအမြစ်များအဖြစ် ရေအား (၃၉.၁) ရာခိုင်နှုန်း၊ သဘာဝဓာတ်ငွေ့သုံး (၁၀) ရာခိုင်နှုန်း နှင့် ကျောက်မီးသွေးတပ်ဆင်အင်အား (၅၀.၉) ရာခိုင်နှုန်းဖြင့် ဆောင်ရွက်မည်ဖြစ်ပါသည်။ လျှပ်စစ်သုံးစွဲနိုင်မည့် အခြေအနေများမှာ နှစ်အလိုက်တိုးတက်လာရန် ရည်မှန်းထားပြီး ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် အိမ်ထောင်စုများ၏သုံးစွဲမှု ၄၇ ရာခိုင်နှုန်းအထိ တိုးတက် ရရှိသုံးစွဲရန်နှင့် တစ်ဦးကျသုံးစွဲမှု ၄၄၄ ကီလိုဝပ်နာရီ သုံးစွဲလာနိုင်ရန် ရည်မှန်းဆောင်ရွက်သွားပါမည်။


ဒုတိယကာလတို (၅) နှစ်စီမံကိန်းကာလအတွင်း ဓာတ်အား လိုအပ်ချက်ခန့်မှန်းခြင်းနှင့် စပ်လျဉ်း၍ ဂျီဒီပီ ဖွံ့ဖြိုးတိုးတက်မှုနှင့် လျှပ်စစ်ဓာတ်အား သုံးစွဲမှုတို့၏ ဆက်စပ်မှုအချိုး ၁.၄ ဆခန့် ရှိခဲ့ပါသည်။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အတွင်း

ဓာတ်အားလိုအပ်ချက်ကို မြန်မာတစ်နိုင်ငံလုံး၏ ပျမ်းမျှဂျီဒီပီတိုးတက်မှုနှုန်း ၈.၁ ရာခိုင်နှုန်းနှင့် လူဦးရေတိုးတက်မှုနှုန်း ၀.၈၆ ရာခိုင်နှုန်းကို အခြေခံ၍လည်းကောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ဂျီဒီပီနှင့်လူဦးရေတိုးတက်မှုနှုန်းကို အခြေခံ၍လည်းကောင်း တွက်ချက်ရာ နှစ်စဉ်လိုအပ်ချက် ၁၀-၁၃ ရာခိုင်နှုန်းအကြား တည်ရှိနိုင်ပါသည်။ အခြားတစ်ဖက်တွင်လည်း တိုးတက်လာမည့် စက်မှုလုပ်ငန်းများကြောင့် လျှပ်စစ်လိုအပ်ချက် မြင့်မားနိုင်ပါသည်။

ရန်ကုန်တိုင်းဒေသကြီးသည် လျှပ်စစ်ဓာတ်အားလိုအပ်ချက် အမြင့်ဆုံးဖြစ်ပြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတွင်လည်း လျှပ်စစ်ဓာတ်အား လိုအပ်ချက် မြင့်မားပါသည်။ စက်မှုလက်မှုလုပ်ငန်း များပြားသည့်ဒေသများ၏ လျှပ်စစ်လိုအပ်ချက်မှာ မြင့်မားသဖြင့် အဆိုပါလျှပ်စစ်လိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရေးအတွက် ဆက်လက်ဆောင်ရွက်ရန် လိုအပ်ပါသည်။

မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့၏ ဓာတ်အားလိုအပ်ချက်မှာ အခြားပြည်နယ်များထက် ပိုမိုမြင့်မားပါသည်။ အဆိုပါ ပြည်နယ်များသည် အခြားပြည်နယ်များနှင့် နှိုင်းယှဉ်ပါက စက်မှုလက်မှု လုပ်ငန်းများ ပိုမိုများပြားသည်ကို တွေ့ရှိရပါသည်။


ပုံ ၅-၂
**တိုင်းဒေသကြီးများအလိုက်ဓာတ်အားလိုအပ်ချက်**




ရင်းမြစ်။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန

ပုံ ၅-၃

## ပြည်နယ်များအလိုက်ဓာတ်အားလိုအပ်ချက်




ဓာတ်မြစ်။လျှပ်စစ်စွမ်းအားဝန်ကြီးဌာန

လျှပ်စစ်ဓာတ်အားသုံးစွဲမှုသည် တိုးတက်လာသည့်လူဦးရေနှင့် စက်မှုလုပ်ငန်းများ အလိုက် တိုးတက်လာမည်ဖြစ်သဖြင့် ဒုတိယကာလတို (၅) နှစ်စီမံကိန်းကာလအတွင်း အရန်ဓာတ်အား လိုအပ်ချက်၏ ၃၀ ရာခိုင်နှုန်း ဓာတ်အားထုတ်ပေးရန် ရည်မှန်းပါသည်။

ဇယား ၅-၄

### ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် မှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အထိ အိမ်ထောင်စုများ၏ လျှပ်စစ်ဓာတ်အားသုံးစွဲနိုင်မည့်အခြေအနေ

| လုပ်ငန်းစီမံကိန်းကာလ | တစ်ဦးကျသုံးစွဲမှုနှုန်း (ကီလိုဝပ်နာရီ) | အိမ်ထောင်စုများ၏ သုံးစွဲမှု (ရာခိုင်နှုန်း) |
|---|---|---|
| ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် | ၂၃၉ | ၃၁ |
| ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် | ၂၆၄ | ၃၄ |
| ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် | ၃၀၀ | ၃၇ |
| ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် | ၃၄၃ | ၄၀ |
| ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် | ၃၉၀ | ၄၃ |
| ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် | ၄၄၄ | ၄၇ |

ဓာတ်မြစ်။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန

### ဇယား ၅-၅

### လျှပ်စစ်ဓာတ်အား တိုးတက်သုံးစွဲမည့်အခြေအနေနှင့် ဖြည့်ဆည်းပေးနိုင်မည့် အခြေအနေ

| ခုနှစ် | ဓာတ်အား လိုအပ်ချက် ခန့်မှန်း တွက်ချက်မှု | တိုး တက်မှု နှုန်း (ရာခိုင်နှုန်း) | အရန်ဓာတ် အား(လိုအပ် ချက်၏ ၃၀ ရာခိုင်နှုန်း) | စက် တပ်ဆင် အင်အား | ဖြည့်ဆည်း ရန်လိုအပ် သောစက် တပ်ဆင် အင်အား | ငါးနှစ်စီမံကိန်းကာလ အလိုက်ဖြည့်ဆည်း ရန်လိုအပ်သော စက်တပ်ဆင်အင်အား | နှစ်အလိုက် ပြီးစီး ရန်လျာထားသော စီမံကိန်းများမှ ထပ်မံရရှိမည့် ဓာတ်အား |
|---|---|---|---|---|---|---|---|
| ၂၀၁၁-၂၀၁၂ | ၁၆၀၀ | | ၄၈၀ | ၂၀၈၀ | ၂၇၃ | ၁၄၇၈ | ၂၆၅၀ |
| ၂၀၁၂-၂၀၁၃ | ၁၈၅၀ | ၁၅.၆ | ၅၅၅ | ၂၄၀၅ | ၃၂၅ | | |
| ၂၀၁၃-၂၀၁၄ | ၂၀၅၅ | ၁၁.၁ | ၆၁၇ | ၂၆၇၂ | ၂၆၇ | | |
| ၂၀၁၄-၂၀၁၅ | ၂၂၄၈ | ၉.၄ | ၆၇၄ | ၂၉၂၂ | ၂၅၁ | | |
| ၂၀၁၅-၂၀၁၆ | ၂၅၂၇ | ၁၂.၄ | ၇၅၈ | ၃၂၈၅ | ၃၆၃ | | |
| ၂၀၁၆-၂၀၁၇ | ၂၈၄၀ | ၁၂.၄ | ၈၅၂ | ၃၆၉၂ | ၄၀၇ | ၂၆၀၅ | ၂၆၉၅ |
| ၂၀၁၇-၂၀၁၈ | ၃၁၉၂ | ၁၂.၄ | ၉၅၈ | ၄၁၅၀ | ၄၅၈ | | |
| ၂၀၁၈-၂၀၁၉ | ၃၅၈၇ | ၁၂.၄ | ၁၀၇၆ | ၄၆၆၃ | ၅၁၄ | | |
| ၂၀၁၉-၂၀၂၀ | ၄၀၃၂ | ၁၂.၄ | ၁၂၁၀ | ၅၂၄၂ | ၅၇၉ | | |
| ၂၀၂၀-၂၀၂၁ | ၄၅၃၁ | ၁၂.၄ | ၁၃၅၉ | ၅၈၉၀ | ၆၄၉ | | |
| | | | | စုစုပေါင်း | ၅,၁၃၀ | ၅,၁၃၀ | ၉,၀၃၀ |

ဓာတ်မြစ်။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန

လျှပ်စစ်ထုတ်လုပ်သည့် နည်းလမ်းများအလိုက် ဖြစ်ပေါ်လာမည့် တပ်ဆင်အင်အား အခြေအနေများကို ဇယား ၅-၆ တွင် တင်ပြထားပါသည်။

### ဇယား ၅-၆

### လျှပ်စစ်ထုတ်လုပ်မည့်နည်းလမ်းများ

| အချိန်ကာလ၊ လျှပ်စစ်ထုတ်လုပ် သည့်နည်းလမ်းများ | စီမံကိန်းကာလအတွင်းစက်တပ် ဆင်အင်အား(MW) | စုစုပေါင်းစက်တပ်ဆင်အင်အား (MW) |
|---|---|---|
| ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အထိ | ၇၅၀ | ၅၀၂၉ |
| ရေအား | ၃၀ | ၃၁၈၅ |
| ရေနွေးငွေ့အား | ၃၀၀ | ၃၁၂ |
| သဘာဝဓာတ်ငွေ့ | ၄၂၀ | ၁၄၃၁ |
| ဒီဇယ်အား | - | ၁၀၁ |
| ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အထိ | ၆၆၄၁ | ၁၂၁၈၀ |
| ရေအား | ၂၅၉၆ | ၅၈၁၁ |
| ရေနွေးငွေ့(ကျောက်မီးသွေး) | ၃၃၈၀ | ၃၉၆၅ |
| သဘာဝဓာတ်ငွေ့ | ၆၆၅ | ၂၃၂၂ |
| ဒီဇယ်အား | - | ၈၂ |

ဓာတ်မြစ်။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန

ဒုတိယ ကာလတို (၅)နှစ် စီမံကိန်းကာလအတွင်း တည်ဆောက်ပြီးစီးမည့် စက်ရုံများ၏ တပ်ဆင်အင်အား (ပြည်တွင်းနှင့်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအပါအဝင်) ကို အောက်ပါဇယားတွင် ဖော်ပြထားပါသည်-

**ဇယား ၅-၇**
**၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်မှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အတွင်း**
**တည်ဆောက်ပြီးစီးမည့်စက်ရုံများ၏ တပ်ဆင်အင်အား**

| စဉ် | ဘဏ္ဍာနှစ် | တပ်ဆင်မည့်ရေအား လျှပ်စစ်ဓာတ်အား | တပ်ဆင်မည့်တိုင်းဒေသ၊ ပြည်နယ် | တပ်ဆင်မည့်အင်အား (မဂ္ဂါဝပ်) |
|---|---|---|---|---|
| ၁ | ၂၀၁၅-၂၀၁၆ | ရေအားလျှပ်စစ် | အထက်ဘီလူးချောင်း(ရှမ်းတောင်) | ၃၀ |
| | | ရေနွေးငွေ့ | ရန်ကုန်တိုင်းဒေသကြီး၊ကျောက်တန်း | ၂၅၀ |
| | | | တနင်္သာရီ(ကျောက်မီးသွေး) | ၅၀ |
| | | သဘာဝဓာတ်ငွေ့အား | သာကေတ(BKB) | ၁၆၈ |
| | | | လှော်ကား(Hydro Lancang) | ၂၅၂ |
| | | | | ၇၅၀ |
| ၂ | ၂၀၁၆-၂၀၁၇ | ရေအား | အထက်နမ့်ထွမ်(ကချင်ပြည်နယ် ) | ၃.၂ |
| | | | မိုင်းဝ (ရှမ်းအရှေ့) ( FDI ) | ၆၀ |
| | | | ဒီးဒုတ် (မန္တလေးတိုင်းဒေသကြီး) | ၇၀ |
| | | သဘာဝဓာတ်ငွေ့သုံး | သီလဝါအထူးစီးပွားရေးဇုန် (ရန်ကုန်) | ၆၀ |
| ၃ | ၂၀၁၇-၂၀၁၈ | ရေအား | အထက်ကျိုင်းတောင်း(ရှမ်းတောင်) | ၅၁ |
| | | | အထက်ဘီလူးချောင်း (ရှမ်းတောင်) | ၃၀.၄ |
| | | သဘာဝဓာတ်ငွေ့သုံး | သထုံ (မွန်ပြည်နယ် ) | ၁၂၀ |
| | | | ကျောက်ဖြူ (ရခိုင်ပြည်နယ်) | ၅၀ |
| | | | မြင်းခြံ (မန္တလေးတိုင်းဒေသကြီး) | ၂၅၀ |
| | | | သာကေတ(ရန်ကုန်တိုင်းဒေသကြီး)(FDI) | ၁၂၀ |
| ၄ | ၂၀၁၈-၂၀၁၉ | ရေအား | အထက်ရဲရွာ (ရှမ်းမြောက်) | ၂၈၀ |
| | | | သဋ္ဌေး (ရခိုင်ပြည်နယ်) | ၁၁၁ |
| | | သဘာဝဓာတ်ငွေ့သုံး | ကန်ဘောက် (တနင်္သာရီ) ( FDI ) | ၆၅ |
| ၅ | ၂၀၁၉-၂၀၂၀ | ရေအား | ရွှေလီ(၃) (မန္တလေးတိုင်းဒေသကြီး) | ၁,၀၅၀ |
| | | | အလယ်ပေါင်းလောင်း(မန္တလေးတိုင်း) | ၁၀၀ |
| | | ကျောက်မီးသွေးသုံး | သီလဝါအထူးစီးပွားရေးဇုန်(ရန်ကုန်)(FDI) | ၃၆၀ |
| | | | ကွမ်းခြံကုန်း(ရန်ကုန်)(FDI)ပထမအဆင့် | ၃၀၀ |
| | | | ကလေးဝ(စစ်ကိုင်း) (FDI) ပထမအဆင့် | ၂၇၀ |
| ၆ | ၂၀၂၀-၂၀၂၁ | ရေအား | အထက်သံလွင်(ကွမ်းလုံ)(ရှမ်းမြောက်) (FDI)ပထမအဆင့် | ၇၀၀ |
| | | | တာပိန်(၂) (ကချင်ပြည်နယ်) ( FDI ) | ၁၄၀ |
| | | ကျောက်မီးသွေးသုံး | ကျောက်တန်း(ရန်ကုန်)(FDI)ပထမအဆင့် | ၆၀၀ |
| | | | ငရုတ်ကောင်း(ဧရာဝတီ)(FDI)ပထမအဆင့် | ၂၇၀ |
| | | | ရာမဏ္ဍ(လောင်းလုံ)တနင်္သာရီ(FDI)ပထမအဆင့် | ၂၅၀ |
| | | | မြိတ် (တနင်္သာရီ) ( FDI ) | ၅၀ |
| | | | အမ်ဒင် (မွန်ပြည်နယ်) ( FDI ) | ၁,၂၈၀ |
| စုစုပေါင်းတပ်ဆင်မည့်အင်အား | | | | ၆,၆၄၀.၆ |


**ရင်းမြစ်။** လျှပ်စစ်စွမ်းအားဝန်ကြီးဌာန

ဒုတိယ ကာလတို (၅) နှစ်စီမံကိန်းကာလအတွင်း တိုင်းဒေသကြီး (၅) ခုနှင့် ပြည်နယ် (၄) ခုတို့တွင် တပ်ဆင်ရန်လျာထားချက်(မဂ္ဂါဝပ်)အား အောက်ပါပုံတွင်ဖော်ပြထားပါသည်။

ပုံ ၅-၄

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အတွင်း

တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် တပ်ဆင်အင်အားလျာထားချက် (မဂ္ဂါဝပ်)




**ဓာတ်မြစ်။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**

ရေအားလျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုသည် ကုန်ကျစရိတ် သက်သာသော်လည်း ကနဦးတည်ဆောက်စရိတ်မှာ မြင့်မားသဖြင့် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်မှုအနည်းဆုံး ဖြစ်စေသည့် အဆင့်မြင့်နည်းပညာ Clean Coal Technology သုံး ကျောက်မီးသွေး ဓာတ်အားပေးစက်ရုံ တည်ဆောက်ခြင်းဖြင့် ဓာတ်အားလိုအပ်မှုကို ဖြည့်ဆည်းသွားရန်ဖြစ်ပါသည်။

မြန်မာနိုင်ငံ၏ ပထဝီအနေအထားအရ ရေအားလျှပ်စစ်စီမံကိန်းများသည် နိုင်ငံ၏ မြောက်ပိုင်းတွင် အများဆုံးတည်ရှိပြီး၊ ရန်ကုန်တိုင်းဒေသကြီးအပါအဝင် လျှပ်စစ်သုံးစွဲမှုများပြားသောဒေသများမှာ မြန်မာနိုင်ငံ၏တောင်ပိုင်းတွင်ရှိသဖြင့် ဓာတ်အားသယ်ပို့မှုခရီးမှာ လွန်စွာကွာဝေးပါသည်။ ထို့ကြောင့် ဗို့အားထိန်းညှိပေးနိုင်ရန်နှင့် ဓာတ်အားပျောက်ဆုံးမှုများ လျော့နည်းစေရန်အတွက် ၅၀၀ကေဗွီ မဟာဓာတ်အားလိုင်းတည်ဆောက် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

အခြေခံလျှပ်စစ်ဓာတ်အား (Base Load) ခိုင်မာအားကောင်းစေရန် နိုင်ငံတော်၏ အရန်ဓာတ် အားတိုးတက်များပြားမှုရှိစေရန်နှင့် လတ်တလောဖြစ်ပေါ်လျက်ရှိသည့် လျှပ်စစ်

ဓာတ်အားလိုအပ်ချက်များကို အချိန်တိုကာလအတွင်း ပြည့်မီစွာဖြည့်ဆည်းပေးနိုင်ရေး အတွက် ထုတ်လုပ်မှုနည်းမျိုးစုံဖြင့် ဓာတ်အားပေးစက်ရုံများကို တည်ဆောက် အကောင်အထည် ဖော်ဆောင်ရွက်သွားရန် ဖြစ်ပါသည်။

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်ထိ ဒုတိယကာလတို (၅)နှစ် စီမံကိန်းကာလအတွင်းလျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှလျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးအတွက် တိုင်းဒေသကြီး/ ပြည်နယ်အလိုက် အောက်ဖော်ပြပါ ၅၀၀ ကေဗွီ၊ ၂၃၀ ကေဗွီ၊ ၁၃၂ ကေဗွီ၊ ၆၆ ကေဗွီ ဓာတ်အားလိုင်းများနှင့် ဓာတ်အားခွဲရုံများကို တည်ဆောက်အကောင်အထည်ဖော် သွားမည်ဖြစ်ပါသည်။

**ဇယား ၅-၈**

**၂၀၁၆-၂၀၁၇ဘဏ္ဍာနှစ်မှ ၂၀၂၀-၂၀၂၁ဘဏ္ဍာနှစ်တွင်တည်ဆောက်မည့် ၅၀၀ကေဗွီ၊၂၃၀ကေဗွီ၊၁၃၂ကေဗွီ၊၆၆ကေဗွီဓာတ်အားလိုင်းများနှင့်ဓာတ်အားခွဲရုံများ**

| စဉ် | ဘဏ္ဍာနှစ် | တိုင်းဒေသကြီး၊ ပြည်နယ် | စုစုပေါင်းလိုင်း(မိုင်) | ခွဲရုံတပ်ဆင်အင်အား (အမ်ဗွီအေ) |
|---|---|---|---|---|
| ၁ | ၂၀၁၆-၂၀၁၇ | ကချင်ပြည်နယ် | ၅၅၀ | ၈၃၅ |
| | | ကယားပြည်နယ် | - | ၁၅၀ |
| | | ကရင်ပြည်နယ် | ၁၇၅ | ၃၈၀ |
| | | ချင်းပြည်နယ် | ၁၅၃.၂ | ၂၀ |
| | | မွန်ပြည်နယ် | ၆၁ | ၅၀ |
| | | ရခိုင်ပြည်နယ် | ၂၁၂ | ၄၅ |
| | | ရှမ်းပြည်နယ် | ၆၂၆ | ၆၃၅ |
| | | စစ်ကိုင်းတိုင်းဒေသကြီး | ၄၁၀ | ၄၅၀ |
| | | တနင်္သာရီဒေသကြီး | ၁၂၀ | ၃၁၀ |
| | | မန္တလေးတိုင်းဒေသကြီး | ၄၁၀.၃၃ | ၂၄၁၀ |
| | | ပဲခူးတိုင်းဒေသကြီး | ၃၅၅ | ၁၅၂၀ |
| | | မကွေးတိုင်းဒေသကြီး | ၁၃၂ | ၁၁၀ |
| | | ရန်ကုန်တိုင်းဒေသကြီး | ၁၅၀ | ၂၀၇၀ |
| | | ဧရာဝတီတိုင်းဒေသကြီး | ၂၀၇ | ၂၆၀ |
| ၂ | ၂၀၁၇-၂၀၁၈ | ကချင်ပြည်နယ် | | ၁၀ |
| | | ကရင်ပြည်နယ် | ၂၅ | ၄၀ |
| | | မွန်ပြည်နယ် | ၃၈ | ၃၀ |
| | | ရခိုင်ပြည်နယ် | ၇ | |
| | | ရှမ်းပြည်နယ် | ၁၂၅၅ | ၁၀၉၅ |
| | | စစ်ကိုင်းတိုင်းဒေသကြီး | ၁၁၅ | ၁၀၀ |
| | | တနင်္သာရီဒေသကြီး | ၅၁၅ | ၁၀၉၀ |
| | | မန္တလေးတိုင်းဒေသကြီး | ၁၄ | ၁၀၀ |
| | | ပဲခူးတိုင်းဒေသကြီး | ၁၄ | |
| | | မကွေးတိုင်းဒေသကြီး | ၆၉ | ၆၀ |
| | | ရန်ကုန်တိုင်းဒေသကြီး | ၈၂ | |

| စဉ် | ဘဏ္ဍာနှစ် | တိုင်းဒေသကြီး၊ ပြည်နယ် | စုစုပေါင်းလိုင်း(မိုင်) | ခွဲရုံတပ်ဆင်အင်အား (အမ်ဗွီအေ) |
|---|---|---|---|---|
| | | ဧရာဝတီတိုင်းဒေသကြီး | ၁၇၉ | ၁၂၀ |
| ၃ | ၂၀၁၈-၂၀၁၉ | ရှမ်းပြည်နယ် | ၂၃၃ | ၂၁၅ |
| | | တနင်္သာရီဒေသကြီး | ၂၅၀ | ၄၀၀ |
| | | မန္တလေးတိုင်းဒေသကြီး | ၃၀ | |
| ၄ | ၂၀၁၉-၂၀၂၀ | ကချင်ပြည်နယ် | ၂၆၁ | ၅၀၀ |
| | | မွန်ပြည်နယ် | ၈ | ၁၀၀ |
| | | ရှမ်းပြည်နယ် | | ၃၀ |
| | | မန္တလေးတိုင်းဒေသကြီး | ၁၂၀ | ၁၉၅ |
| | | ဧရာဝတီတိုင်းဒေသကြီး | ၂၃.၅ | |
| ၅ | ၂၀၂၀-၂၀၂၁ | မွန်ပြည်နယ် | | ၁၀၀ |
| | | ရှမ်းပြည်နယ် | ၇ | |
| | | မန္တလေးတိုင်းဒေသကြီး | ၈၀ | ၇၀ |
| | | ပဲခူးတိုင်းဒေသကြီး | ၂၀ | |

**ဓာတ်မြစ်။လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အထိ ဒုတိယကာလတို (၅) နှစ်စီမံကိန်းကာလအတွင်း လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးအတွက် တိုင်းဒေသကြီး/ ပြည်နယ်အလိုက် အောက်ဖော်ပြပါ ၆၆/၃၃/၁၁/၀.၄ ကေဗွီလိုင်းများနှင့် ဓာတ်အားခွဲရုံများကို တည်ဆောက်အကောင်အထည်ဖော်သွားမည်ဖြစ်ပါသည်။

**ဇယား ၅-၉**

**၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင်တည်ဆောက်မည့် ၆၆/၃၃/၁၁/၀.၄ကေဗွီလိုင်းများနှင့်ဓာတ်အားခွဲရုံများ**

| စဉ် | ဘဏ္ဍာနှစ် | တိုင်းဒေသကြီး၊ ပြည်နယ် | စုစုပေါင်းလိုင်းမိုင် | ခွဲရုံတပ်ဆင်အင်အား (အမ်ဗွီအေ) |
|---|---|---|---|---|
| ၁ | ၂၀၁၆-၂၀၁၇ | ကချင်ပြည်နယ် | ၁၄၅ | ၈၈ |
| | | ကယားပြည်နယ် | ၉၂ | ၂၈ |
| | | ကရင်ပြည်နယ် | ၂၈၄ | ၁၀၃.၂ |
| | | ချင်းပြည်နယ် | ၂၉၈.၉၅ | ၂၆.၈ |
| | | မွန်ပြည်နယ် | ၁၅၁ | ၂၂၈ |
| | | ရခိုင်ပြည်နယ် | ၂၆၀ | ၁၄၃ |
| | | ရှမ်းပြည်နယ် | ၄၉၉.၀၄ | ၂၅၈.၁၆ |
| | | စစ်ကိုင်းတိုင်းဒေသကြီး | ၆၂၇.၀၆ | ၁၉၄.၃၆ |
| | | တနင်္သာရီဒေသကြီး | ၁၆၅ | ၆၃ |
| | | မန္တလေးတိုင်းဒေသကြီး | ၄၀၂.၄ | ၂၉၇ |
| | | ပဲခူးတိုင်းဒေသကြီး | ၃၄၄.၃ | ၂၀၆.၂ |
| | | မကွေးတိုင်းဒေသကြီး | ၁၄၇ | ၄၁ |
| | | ဧရာဝတီတိုင်းဒေသကြီး | ၁,၁၇၅ | ၁၉၅.၉ |
| | | နေပြည်တော်တိုင်းဒေသကြီး | ၁၅၆.၇၁ | ၄၀.၅၂ |
| | | ရန်ကုန်တိုင်းဒေသကြီး | ၁၄၀.၉ | ၄၆၃.၁၁၅ |
| | | ကချင်ပြည်နယ် | ၀.၆၀ | ၅ |
| | | ချင်းပြည်နယ် | ၃၅ | ၅ |
| | | မွန်ပြည်နယ် | ၁.၂၅ | ၂၅ |

| စဉ် | ဘဏ္ဍာနှစ် | တိုင်းဒေသကြီး၊ ပြည်နယ် | စုစုပေါင်းလိုင်းမိုင် | ခွဲရုံတပ်ဆင်အင်အား (အမ်ဗွီအေ) |
|---|---|---|---|---|
| ၂ | ၂၀၁၇-၂၀၁၈ | ရခိုင်ပြည်နယ် | ၈၉.၅ | ၄၅ |
| | | ရှမ်းပြည်နယ် | ၂၉၁.၃ | ၉၈ |
| | | စစ်ကိုင်းတိုင်းဒေသကြီး | ၂၆.၅ | ၁၀ |
| | | တနင်္သာရီဒေသကြီး | ၁၃၉ | ၄၀ |
| | | မန္တလေးတိုင်းဒေသကြီး | ၃၃ | ၁၀၂.၅ |
| | | ပဲခူးတိုင်းဒေသကြီး | ၁၁၃.၉၇ | ၉၀ |
| | | မကွေးတိုင်းဒေသကြီး | ၀.၁၉ | |
| | | ဧရာဝတီတိုင်းဒေသကြီး | ၇၁ | ၇၀ |
| | | နေပြည်တော်တိုင်းဒေသကြီး | ၃၆.၁ | ၄၀ |
| | | ရန်ကုန်တိုင်းဒေသကြီး | ၅၅.၉၄ | ၆၈၄.၅၁၅ |
| ၃ | ၂၀၁၈-၂၀၁၉ | ချင်းပြည်နယ် | ၄၈ | ၁၀ |
| | | မွန်ပြည်နယ် | ၁၄ | ၄၀ |
| | | ရှမ်းပြည်နယ် | ၂၂၁ | ၇၅ |
| | | စစ်ကိုင်းတိုင်းဒေသကြီး | ၂၇၂.၅ | ၇၅ |
| | | တနင်္သာရီဒေသကြီး | ၈၀ | ၂၀ |
| | | ပဲခူးတိုင်းဒေသကြီး | ၉ | ၁၀ |
| | | မန္တလေးတိုင်းဒေသကြီး | ၂၉.၈ | ၁၃၇.၅ |
| | | မကွေးတိုင်းဒေသကြီး | ၆၆.၅ | ၃၅ |
| | | ဧရာဝတီတိုင်းဒေသကြီး | ၇ | ၅ |
| | | နေပြည်တော်တိုင်းဒေသကြီး | ၁၅ | ၁၅ |
| | | ရန်ကုန်တိုင်းဒေသကြီး | ၁၄၅.၄ | ၄၉၉.၃၂ |
| ၄ | ၂၀၁၉-၂၀၂၀ | မွန်ပြည်နယ် | ၅၄ | ၄၅ |
| | | ရှမ်းပြည်နယ် | ၁၁၁ | ၃၈ |
| | | စစ်ကိုင်းတိုင်းဒေသကြီး | ၂၇ | ၅ |
| | | တနင်္သာရီဒေသကြီး | ၂၅ | ၅ |
| | | ပဲခူးတိုင်းဒေသကြီး | ၂၉ | ၁၀ |
| | | မန္တလေးတိုင်းဒေသကြီး | ၁၅ | ၂၀၅ |
| | | မကွေးတိုင်းဒေသကြီး | ၉၆ | ၃၈ |
| | | ဧရာဝတီတိုင်းဒေသကြီး | ၅၅ | ၁၅ |
| | | ရန်ကုန်တိုင်းဒေသကြီး | ၁၇၀.၉၅ | ၅၀၀.၃၁၅ |
| ၅ | ၂၀၂၀-၂၀၂၁ | မွန်ပြည်နယ် | ၂၀ | |
| | | ရှမ်းပြည်နယ် | ၁၆၅.၅ | ၆၀.၁ |
| | | စစ်ကိုင်းတိုင်းဒေသကြီး | ၃၂ | ၁၀ |
| | | တနင်္သာရီဒေသကြီး | ၉၇ | ၅၀ |
| | | မန္တလေးတိုင်းဒေသကြီး | ၂၅ | ၁၁၀ |
| | | မကွေးတိုင်းဒေသကြီး | ၆၈.၅၇ | ၄၀ |
| | | ဧရာဝတီတိုင်းဒေသကြီး | ၅၇ | ၂၀ |
| | | ရန်ကုန်တိုင်းဒေသကြီး | ၂၇၁.၅ | ၅၃၀.၃၁၅ |

**ဇာစ်မြစ်။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**

လက်ရှိအခြေအနေအရ လျှပ်စစ်ဓာတ်အားရရှိမှုမှာ မြန်မာတစ်နိုင်ငံလုံးရှိ အိမ်ထောင်စုဦးရေ၏ ၃၀ရာခိုင်နှုန်းရှိပြီးကျန်၇၀ရာခိုင်နှုန်းမှာလျှပ်စစ်မီးမရရှိသေးသောအခြေအနေတွင်ရှိပါသည်။ ၎င်းတို့တွင်အများစုမှာ ကျေးလက်နေပြည်သူများဖြစ်သည့်အတွက် လျှပ်စစ်မီးရရှိရေးဆောင်ရွက်ရာတွင် ကျေးလက်ဒေသလျှပ်စစ်မီးရရှိရေးကို ဦးစားပေးဆောင်ရွက်ရမည်

ဖြစ်သည်။ ထိုသို့ ဆောင်ရွက်ခြင်းအားဖြင့် ကျေးလက်ဒေသ အသေးစားစီးပွားရေး လုပ်ငန်းများလည်ပတ်ရန်နှင့် စိုက်ပျိုးရေးကဏ္ဍခေတ်မီ တိုးတက်စေရန် ဆောင်ရွက်ရာတွင် အထောက်အကူပြုစေမည်ဖြစ်သည်။ နယ်စပ်ဒေသရှိ စီးပွားရေးဇုန်များ ဖွံ့ဖြိုးတိုးတက်လာစေရန် ဖွံ့ဖြိုးမှုနိမ့်ကျသော ကျေးလက်ဒေသများတွင် လျှပ်စစ်မီးရရှိရန် ဆောင်ရွက်ရမည်ဖြစ်သည်။

ဒုတိယကာလတို (၅) နှစ်စီမံကိန်း (၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် မှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်)အတွင်း တပ်ဆင်မည့် လျှပ်စစ်အင်အားအရင်းအမြစ်များတွင် ကျောက်မီးသွေးသုံး ရေနွေးငွေ့အားမှာ ပါဝင်မှုအများဆုံးဖြစ်ရန်ရည်မှန်းထားသည့်အတွက် ကျောက်မီးသွေးသုံး ဓာတ်အားပေးစက်ရုံများနှင့် သဘာဝဓာတ်ငွေ့သုံးဓာတ်အားပေးစက်ရုံများ တိုးချဲ့တည်ဆောက်သွားရမည်ဖြစ်ပါသည်။ သို့သော် တိုးတက်သည့်နိုင်ငံများဖြစ်သော တရုတ်၊ အိန္ဒိယ၊ အမေရိကန်၊ ဂျပန် အစရှိသည့် နိုင်ငံများကဲ့သို့ Coal-fired Thermal Plant များ၊ Gas Turbine Plant များ၊ Solar Power Plant များတည်ဆောက်၍ အပူစွမ်းအင်သုံး စက်ရုံများမှ ထွက်ရှိလာမည့် လျှပ်စစ်ဓာတ်အားကို အနာဂတ်တွင်အခြေခံဝန်အား (Base Load) အဖြစ်သတ်မှတ်ပြီးထုတ်လုပ်ရန်လိုအပ်ပါသည်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများဖိတ်ခေါ်၍ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ဥပဒေအရရင်းနှီးမြှုပ်နှံစေ၍ Independent Power Producer / Private Public Partnership (IPP/ PPP) များဖြင့်လျှပ်စစ်ကဏ္ဍကိုဖွံ့ဖြိုးတိုးတက်အောင်စီမံဆောင်ရွက်ပြီး လျှပ်စစ်ဓာတ်အားကို ပြည်တွင်းသုံးစွဲမှုဖူလုံအောင် ရည်မှန်းချက်ထားရှိဆောင်ရွက်ရမည်ဖြစ်သည်။ ထိုသို့ဆောင်ရွက်ရာတွင်လည်း တိုးတက်မှုရေရှည်တည်တံ့ရေးနှင့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုလျော့နည်းစေရေးကိုလည်း အလေးထားဆောင်ရွက်ရန် ဖြစ်သည်။

မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးနှင့် ခေတ်မီစက်မှုလုပ်ငန်းများထူထောင်ရေး၊ အခြေခံအဆောက်အအုံများဖွံ့ဖြိုးတိုးတက်ရေး၊ ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် လျှပ်စစ်ဓာတ်အားမှာ အဓိကလိုအပ်ချက်ဖြစ်သည့်အလျောက် ဒုတိယကာလတို (၅)နှစ်စီမံကိန်းကာလ (၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်)အတွင်း လျှပ်စစ်ကဏ္ဍဆိုင်ရာ အကောင်အထည်ဖော် ဆောင်ရွက်သွားမည့် လုပ်ငန်းများရည်မှန်းချက်ပြည့်မီအောင်ဆောင်ရွက်၍ စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး

ကို အရှိန်အဟုန်မြှင့်တင်နိုင်ပြီး စီးပွားရေးအခွင့်အလမ်းကောင်းများစွာ ဖန်တီးပေးနိုင်သည့် လျှပ်စစ်ကဏ္ဍတစ်ရပ်ဖြစ်ရန် ရည်မှန်းဆောင်ရွက်သွားပါမည်။


**၅-၃။ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်ဖွံ့ဖြိုးရေး**

ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်ကဏ္ဍကို ဖြေလျှော့လွတ်လပ်မှုပေးခြင်းဖြင့် နိုင်ငံသားတိုင်း အသိအမြင်များ၊ သတင်းအချက်အလက်ရရှိနိုင်မှု၊ ဆက်သွယ်မှု ကွန်ယက်များအား အားကောင်းစေခြင်းဖြင့် လူမှု-စီးပွားဘဝ ပိုမိုတိုးတက်ကောင်းမွန်စေနိုင်သည်။ တီထွင်မှုနှင့် နည်းပညာကို ပိုမိုလက်လှမ်းမီစွာ အသုံးချစေနိုင်သည်။ သတင်းအချက်အလက် နည်းပညာအခြေခံအဆောက်အအုံများ တည်ဆောက်ပေးနိုင်မှုသည် အစိုးရ၏အုပ်ချုပ်မှု ပွင့်လင်းမြင်သာမှု၊ စွမ်းရည်၊ တာဝန်ခံမှု၊ သတင်းအချက်အလက် ဖြန့်ဝေမှုတို့ကို ပိုမို အားပေးရာရောက်ပါသည်။ ပထမကာလတို (၅) နှစ်စီမံကိန်းကာလအတွင်း သတင်းအချက်အလက်နှင့်နည်းပညာကဏ္ဍ၌ ကြီးမားသည့်ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်ပေးနိုင်ခဲ့သည်။ အဓိကပြုပြင်ပြောင်းလဲမှုများတွင် အတိတ်ကာလက နိုင်ငံတော်အစိုးရမှသာ ဝန်ဆောင်မှုပေးခဲ့သည့် ဆက်သွယ်ရေးကဏ္ဍကို နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများဖိတ်ခေါ်ခဲ့ပြီး ပြည်တွင်းလုပ်ငန်းရှင်များပါ ရင်းနှီးမြှုပ်နှံခွင့်ရစေခဲ့သည့် အစိုးရ - ပုဂ္ဂလိက ပူးပေါင်း ဝန်ဆောင်မှုပေးသည့် ပုံစံသို့ ပြောင်းလဲပေးနိုင်ခဲ့သည်။

**အော်တိုတယ်လီဖုန်းသုံးစွဲနိုင်မှုနှင့် မိုဘိုင်းဖုန်းသုံးစွဲနိုင်မှုအခြေအနေအရ** မိုဘိုင်းဖုန်း အသုံးပြုမှုတွင် မြန်မာနိုင်ငံ၏ ပထဝီဝင်အနေအထားအရ လူနေ ဧရိယာ၏ ၃ဝရာခိုင်နှုန်းသို့ ဖြန့်ကျက်ထားနိုင်ခဲ့ပြီး ၂၀၁၅ခုနှစ် မတ်လတွင် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ ၂၄ ရာခိုင်နှုန်းအထိ ဖြန့်ကျက်နေပြီဖြစ်ပါသည်။ အော်တိုတယ်လီဖုန်း တပ်ဆင်ပေးနိုင်မှုတွင် ရခိုင်ပြည်နယ်၌ လူဦးရေ ၁,၀၀၀ လျှင် ၂ လုံးသာ အသုံးပြုနိုင်သေးသဖြင့် ဆက်လက်တိုးချဲ့တပ်ဆင်သွားနိုင်ရန်ဖြစ်ပါသည်။ သို့ရာတွင် မိုဘိုင်းတယ်လီဖုန်းများ တိုးချဲ့တပ်ဆင်ပေးနိုင်မှုကြောင့် မိုဘိုင်းတယ်လီဖုန်းများအတွက် စခန်းများ ဆက်လက်တိုးချဲ့ပေးနိုင်ရန်နှင့် မိုဘိုင်းဖုန်းအရေအတွက် ဆက်လက်တိုးချဲ့သွားရန် ဖြစ်ပါသည်။

## ပုံ ၅-၅


## ၂၀၁၄ ခုနှစ်အတွင်းတိုင်းဒေသကြီး နှင့် ပြည်နယ်အလိုက် လူဦးရေ ၁,၀၀၀ လျှင် အော်တိုတယ်လီဖုန်းအသုံးပြုနိုင်မှုအခြေအနေ




စာစ်မြစ်။ ဆက်သွယ်ရေး သတင်းအချက်အလက်နှင့်နည်းပညာဝန်ကြီးဌာန

## ပုံ ၅-၆

## ၂၀၁၄ ခုနှစ်အတွင်း တိုင်းဒေသကြီး နှင့် ပြည်နယ်အလိုက် လူဦးရေ ၁,၀၀၀ လျှင် မိုဘိုင်းဖုန်းအသုံးပြုနိုင်မှုအခြေအနေ




စာစ်မြစ်။ ဆက်သွယ်ရေး သတင်းအချက်အလက်နှင့်နည်းပညာဝန်ကြီးဌာန

ဆက်သွယ်ရေးကဏ္ဍနှင့် စပ်လျဉ်း၍ ရည်မှန်းချက်များအဖြစ် တယ်လီဖုန်းလွှမ်းခြုံမှုအား ၂၀၂၀ ခုနှစ်၊ မတ်လတွင် ၈၅ ရာခိုင်နှုန်းအထိ လွှမ်းခြုံနိုင်ရန် ရည်မှန်းထားပါသည်။ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် မိုဘိုင်းဖုန်း သုံးစွဲမှုအလုံးရေ (၇၅) သန်းအထိနှင့် တယ်လီဖုန်း

သိပ်သည်းဆ ၁၂၅ ရာခိုင်နှုန်းအထိရှိလာစေရန် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းသည် မိုဘိုင်းဖုန်းသုံးစွဲသူဦးရေ သန်း ၃၀ ရရှိရန်နှင့် ဈေးကွက်ဝေစု ၄ ရာခိုင်နှုန်းရရှိရန် ရည်မှန်းထားပါသည်။ ဆက်သွယ်ရေးကဏ္ဍနှင့် စပ်လျဉ်း၍ **အရေအတွက် သာမက အရည်အသွေးဆိုင်ရာ တိုးတက်မှုများအတွက်** အောက်ပါ လုပ်ငန်းများအား ဒုတိယ ကာလတို (၅) နှစ် စီမံကိန်းကာလအတွင်း ဆောင်ရွက်ရန် ဖြစ်ပါသည်-

- မိုဘိုင်းတယ်လီဖုန်းစနစ်တွင် GSM/UMTS မိုဘိုင်းတယ်လီဖုန်းစနစ်ကို အဓိက တိုးချဲ့တည်ဆောက်ရန်၊
- ခေတ်မမီတော့သည့် အော်တိုအိတ်ချိန်းများအား Voice သာမက Data ပါ အသုံးပြုနိုင်သည့် ခေတ်မီ MSANs (Multi Service Access Nodes) အော်တိုအိတ်ချိန်းများဖြင့် နှစ်အလိုက် အစားထိုး လဲလှယ်တပ်ဆင်သွားရန်၊
- အဝေးဆက်သွယ်ရေးစနစ်ကိုလည်း တိုးချဲ့တည်ဆောက်ရန် လိုအပ်လျက်ရှိသဖြင့် ဖိုင်ဘာကေဘယ်လ် ဆက်ကြောင်းများတိုးချဲ့ရန်၊

မိုဘိုင်းတယ်လီဖုန်းစနစ်တွင် GSM/ UMTS မိုဘိုင်းတယ်လီဖုန်းစနစ်ကို အဓိက တိုးချဲ့တည်ဆောက်သွားမည်ဖြစ်ပြီး နှစ်အလိုက်တိုးချဲ့သွားမည်ဖြစ်ပါသည်။

**ဇယား ၅-၁၀**

**၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အထိ နှစ်အလိုက် ဆောင်ရွက်သွားမည့် မိုဘိုင်းစခန်းများ**

| မိုဘိုင်း တယ်လီဖုန်းစနစ် | | | ၂၀၁၆-၂၀၁၇ | ၂၀၁၇-၂၀၁၈ | ၂၀၁၈-၂၀၁၉ | ၂၀၁၉-၂၀၂၀ | ၂၀၂၀-၂၀၂၁ |
|---|---|---|---|---|---|---|---|
| BTS | GSM/ UMTS | 3G | ၅,၆၃၀ | ၆,၀၂၄ | ၆,၃၀၈ | ၆,၅၂၉ | ၆,၆၁၁ |
| | | 2G | ၅,၆၃၀ | ၆,၀၂၄ | ၆,၃၀၈ | ၆,၅၂၉ | ၆,၆၁၁ |
| | CDMA450 | | ၄၇၄ | ၄၇၄ | ၄၇၄ | ၄၇၄ | ၄၇၄ |
| | CDMA800 | | ၁၉၉ | ၁၉၉ | ၁၉၉ | ၁၉၉ | ၁၉၉ |
| BSC/RNC | GSM/UMTS | | ၇၅ | ၈၀ | ၈၅ | ၉၀ | ၁၀၀ |
| | CDMA450 | | ၇ | ၇ | ၇ | ၇ | ၇ |
| | CDMA800 | | ၁၀ | ၁၀ | ၁၀ | ၁၀ | ၁၀ |
| MSC | GSM/UMTS | | ၄ | ၄ | ၄ | ၄ | ၄ |
| | CDMA450 | | ၂ | ၂ | ၂ | ၂ | ၂ |
| | CDMA800 | | ၂ | ၂ | ၂ | ၂ | ၂ |

ရင်းမြစ်။ ဆက်သွယ်ရေး သတင်းအချက်အလက်နှင့်နည်းပညာဝန်ကြီးဌာန

မြန်မာတစ်နိုင်ငံလုံးတွင် GSM / UMTS မိုဘိုင်းတယ်လီဖုန်းစနစ်ကို အဓိက တိုးချဲ့တည်ဆောက်သွားမည်ဖြစ်ရာ တိုင်းဒေသကြီး၊ ပြည်နယ်အလိုက်ရှိလာမည့် မိုဘိုင်းစခန်းအခြေအနေမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

**ဇယား ၅-၁၁**
**တိုင်းဒေသကြီး/ ပြည်နယ်အလိုက် တိုးချဲ့ရန် ရည်မှန်းထားသည့် မိုဘိုင်းစခန်း အခြေအနေ**

| တိုင်းဒေသကြီး/ ပြည်နယ် | ၂၀၁၆-၂၀၁၇ | ၂၀၁၇-၂၀၁၈ | ၂၀၁၈-၂၀၁၉ | ၂၀၁၉-၂၀၂၀ | ၂၀၂၀-၂၀၂၁ |
|---|---|---|---|---|---|
| နေပြည်တော် | ၂၅၅ | ၂၇၂ | ၂၈၅ | ၂၉၁ | ၂၉၉ |
| ကချင်ပြည်နယ် | ၂၇၅ | ၂၉၄ | ၃၀၈ | ၃၁၉ | ၃၂၃ |
| ကယားပြည်နယ် | ၅၀ | ၅၃ | ၅၆ | ၅၈ | ၅၉ |
| ကရင်ပြည်နယ် | ၁၁၉ | ၁၂၈ | ၁၃၄ | ၁၃၈ | ၁၄၀ |
| ချင်းပြည်နယ် | ၉၆ | ၁၀၃ | ၁၀၈ | ၁၁၂ | ၁၁၃ |
| စစ်ကိုင်းတိုင်းဒေသကြီး | ၅၄၁ | ၅၇၉ | ၆၀၆ | ၆၂၇ | ၆၃၅ |
| တနင်္သာရီတိုင်းဒေသကြီး | ၂၆၂ | ၂၈၁ | ၂၉၄ | ၃၀၄ | ၃၀၈ |
| ပဲခူးတိုင်းဒေသကြီး | ၃၇၇ | ၄၀၃ | ၄၂၃ | ၄၃၇ | ၄၄၃ |
| မကွေးတိုင်းဒေသကြီး | ၄၁၇ | ၄၄၆ | ၄၆၇ | ၄၈၄ | ၄၉၀ |
| မန္တလေးတိုင်းဒေသကြီး | ၇၂၉ | ၇၈၀ | ၈၁၇ | ၈၄၆ | ၈၅၆ |
| မွန်ပြည်နယ် | ၂၁၅ | ၂၃၀ | ၂၄၀ | ၂၄၉ | ၂၅၂ |
| ရခိုင်ပြည်နယ် | ၂၂၀ | ၂၃၅ | ၂၄၆ | ၂၅၅ | ၂၅၈ |
| ရန်ကုန်တိုင်းဒေသကြီး | ၁,၀၂၆ | ၁,၀၉၈ | ၁,၁၅၀ | ၁,၁၉၀ | ၁,၂၀၅ |
| ရှမ်းပြည်နယ် | ၇၆၈ | ၈၂၂ | ၈၆၁ | ၈၉၁ | ၉၀၂ |
| ဧရာဝတီတိုင်းဒေသကြီး | ၂၈၀ | ၂၉၉ | ၃၁၃ | ၃၂၄ | ၃၂၈ |
| စုစုပေါင်း | ၅,၆၃၀ | ၆,၀၂၃ | ၆,၃၀၈ | ၆,၅၂၉ | ၆,၆၁၁ |

ရင်းမြစ်။ ဆက်သွယ်ရေး သတင်းအချက်အလက်နှင့်နည်းပညာဝန်ကြီးဌာန

## (က) အော်တိုတယ်လီဖုန်းနှင့် ADSL အင်တာနက်

နှစ်ကာလကြာမြင့်စွာ အသုံးပြုခဲ့ပြီး ခေတ်မမီတော့သည့် အော်တိုအိတ်ချိန်းများအား Voice သာမက Data ပါ အသုံးပြုနိုင်သည့် ခေတ်မီ MSANs (Multi Service Access Nodes) အော်တိုအိတ်ချိန်းများဖြင့် နှစ်အလိုက် အောက်ပါအတိုင်း အစားထိုးလဲလှယ်တပ်ဆင်သွားရန်လိုအပ်ပါသည်။ထို့ကြောင့်အော်တိုတယ်လီဖုန်းလိုင်းနှင့် ADSL အင်တာနက်လိုင်းများကို ဆက်လက်တိုးချဲ့သွားရန်နှင့် နှစ်အလိုက်ရှိလာမည့် လိုင်းအခြေအနေကို အောက်ပါအတိုင်းရည်မှန်းထားပါသည်။

**ဇယား ၅-၁၂**

**ခေတ်မီ အော်တိုအိတ်ချိန်းများဖြင့် နှစ်အလိုက်အစားထိုးလဲလှယ်မည့်အခြေအနေ**

| အကြောင်းအရာ | ၂၀၁၆-၂၀၁၇ | ၂၀၁၇-၂၀၁၈ | ၂၀၁၈-၂၀၁၉ | ၂၀၁၉-၂၀၂၀ | ၂၀၂၀-၂၀၂၁ |
|---|---|---|---|---|---|
| MSAN အိတ်ချိန်း | ၁၆ | ၁၁ | ၁၀ | ၁၈ | ၁၁ |
| အော်တိုဖုန်း | ၉၇၂,၇၅၁ | ၉၉၇,၅၄၂ | ၁,၀၂၉,၃၉၈ | ၁,၀၅၃,၉၅၈ | ၁,၀၇၄,၄၇၄ |
| ADSL လိုင်း | ၆၀,၀၇၂ | ၆၄,၀၀၈ | ၆၉,၁၉၂ | ၇၃,၄၁၆ | ၇၆,၈၇၂ |

**ရင်းမြစ်။** ဆက်သွယ်ရေး သတင်းအချက်အလက်နှင့်နည်းပညာဝန်ကြီးဌာန

မိုဘိုင်းတယ်လီဖုန်းနှင့် အော်တိုတယ်လီဖုန်းများကို နှစ်အလိုက် တိုးချဲ့တပ်ဆင်ရန် ဆောင်ရွက်ရည်မှန်းထားပြီး ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် တယ်လီဖုန်း စုစုပေါင်းသန်း ၃၀ အထိ ရောက်ရှိရန် ရည်မှန်းထားပါသည်။

**(ခ) အဝေးဆက်သွယ်ရေး**

နှစ်အလိုက် မိုဘိုင်းတယ်လီဖုန်းများကို တိုးချဲ့တည်ဆောက်လျက်ရှိသည်နှင့်အညီ အဝေးဆက်သွယ်ရေးစနစ်ကိုလည်း တိုးချဲ့တည်ဆောက်ရန် လိုအပ်လျက် ရှိသဖြင့် အောက် ဖော်ပြပါ ဖိုင်ဘာဆက်ကြောင်းများကို ၂၀၁၅ ခုနှစ်တွင် စတင်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပြီး ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ဆောင်ရွက်ပြီးစီးမည် ဖြစ်ပါသည်။

မြန်မာနိုင်ငံတစ်ဝှမ်းလုံးတွင် ဖိုင်ဘာကေဘယ်လ်ဆက်ကြောင်းများကို ဒုတိယကာလတို (၅) နှစ် စီမံကိန်းကာလအတွင်း နှစ်စဉ်တိုးချဲ့ဆောင်ရွက်မည့် ကီလိုမီတာ အရေအတွက်ကို ဇယား ၅-၁၃ အရ ဆောင်ရွက်သွားရန် ရည်မှန်းထားပါသည်။

**ဇယား ၅-၁၃**

**ဖိုင်ဘာ ကေဘယ်လ်ဆက်ကြောင်းများ**

| အကြောင်းအရာ | ၂၀၁၆-၂၀၁၇ | ၂၀၁၇-၂၀၁၈ | ၂၀၁၈-၂၀၁၉ | ၂၀၁၉-၂၀၂၀ | ၂၀၂၀-၂၀၂၁ |
|---|---|---|---|---|---|
| ဖိုင်ဘာကေဘယ်လ်ဆက်ကြောင်း (km) | ၁၃,၀၀၀ | ၁၄,၅၀၀ | ၁၅,၅၀၀ | ၁၆,၀၀၀ | ၁၆,၅၀၀ |

**ရင်းမြစ်။**ဆက်သွယ်ရေးသတင်းအချက်အလက်နှင့်နည်းပညာဝန်ကြီးဌာန

ထို့အပြင် တိုင်းဒေသကြီး/ ပြည်နယ်များအလိုက် မြို့တော်များတွင် ကွင်းဆက် ဖိုင်ဘာ ဆက်ကြောင်း (Metro Fiber Ring) များ တည်ဆောက်သွားမည်ဖြစ်ရာ နှစ်အလိုက်

ရှိလာမည့် ကွင်းဆက်ဖိုင်ဘာဆက်ကြောင်းများနှင့် ဆက်ကြောင်းပမာဏများအား အောက်ပါအတိုင်း ဖော်ပြအပ်ပါသည် -

ဇယား ၅ - ၁၄
ကွင်းဆက်ဖိုင်ဘာဆက်ကြောင်းနှင့် ဆက်ကြောင်းပမာဏ

| ပြည်နယ်/တိုင်းဒေသကြီး | ၂၀၁၄-၂၀၁၅ | ၂၀၁၅-၂၀၁၆ | ၂၀၁၆-၂၀၁၇ | ၂၀၁၇-၂၀၁၈ | ၂၀၁၈-၂၀၁၉ | ၂၀၁၉-၂၀၂၀ | ၂၀၂၀-၂၀၂၁ |
|---|---|---|---|---|---|---|---|
| နေပြည်တော် | ၁ | ၁ | ၁ | ၂ | ၂ | ၂ | ၂ |
| ကချင်ပြည်နယ် | | ၁ | ၁ | ၂ | ၂ | ၂ | ၂ |
| ကယားပြည်နယ် | | ၁ | ၁ | ၂ | ၂ | ၂ | ၂ |
| ကရင်ပြည်နယ် | | ၁ | ၁ | ၂ | ၂ | ၂ | ၂ |
| ချင်းပြည်နယ် | | ၁ | ၁ | ၂ | ၂ | ၂ | ၂ |
| စစ်ကိုင်းတိုင်းဒေသကြီး | | ၁ | ၁ | ၂ | ၂ | ၂ | ၂ |
| တနင်္သာရီတိုင်းဒေသကြီး | | ၁ | ၁ | ၂ | ၂ | ၂ | ၂ |
| ပဲခူးတိုင်းဒေသကြီး | | ၁ | ၁ | ၂ | ၂ | ၂ | ၂ |
| မကွေးတိုင်းဒေသကြီး | | ၁ | ၁ | ၂ | ၂ | ၂ | ၂ |
| မန္တလေးတိုင်းဒေသကြီး | ၁ | ၁ | ၁ | ၂ | ၂ | ၂ | ၂ |
| မွန်ပြည်နယ် | | ၁ | ၁ | ၂ | ၂ | ၂ | ၂ |
| ရခိုင်ပြည်နယ် | | ၁ | ၁ | ၂ | ၂ | ၂ | ၂ |
| ရန်ကုန်တိုင်းဒေသကြီး | ၃ | ၃ | ၇ | ၁၄ | ၂၀ | ၂၈ | ၃၅ |
| ရှမ်းပြည်နယ် | | ၁ | ၁ | ၂ | ၂ | ၂ | ၂ |
| ဧရာဝတီတိုင်းဒေသကြီး | | ၁ | ၁ | ၂ | ၂ | ၂ | ၂ |
| စုစုပေါင်း | ၅ | ၁၇ | ၂၂ | ၄၄ | ၅၃ | ၆၂ | ၇၁ |
| ဆက်ကြောင်းပမာဏ(Gbps) | ၅၀ | ၁၇၀ | ၂၂၀ | ၄၄၀ | ၅၃၀ | ၆၂၀ | ၇၁၀ |

**ဇာစ်မြစ်။ ဆက်သွယ်ရေးသတင်းအချက်အလက်နှင့်နည်းပညာဝန်ကြီးဌာန**

## ၅-၄။ သယ်ယူပို့ဆောင်ရေး

မြန်မာနိုင်ငံအား ကဏ္ဍစုံမှတိုးတက်စေရန်ရည်ရွယ်၍ စီမံကိန်းများရေးဆွဲ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ပို့ဆောင်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးသည် အရေးကြီးသောကဏ္ဍမှပါဝင်လျက်ရှိပါသည်။ မြန်မာနိုင်ငံသည် အာရှတိုက်၏ ထုတ်လုပ်မှုတန်ဖိုး ကွင်းဆက်များနှင့် ကမ္ဘာ့ဈေးကွက်သို့ ချိတ်ဆက်မှုတွင် စံပြနေရာတွင် ရပ်တည်လျက်ရှိရာ ကမ္ဘာနှင့် ချိတ်ဆက်ဆောင်ရွက်မှုများနှင့် ဒေသတွင်းထုတ်လုပ်မှုကွန်ယက်များကို မြှင့်တင် ဆောင်ရွက်ပါ က ပြည်သူပြည်သားတို့၏ အကျိုးစီးပွားအတွက် အထောက်အကူပြုနိုင်မည်ဖြစ်ပါသည်။ ထို့ကြောင့် ပို့ဆောင်ရေး နည်းလမ်းအားလုံးသည် ထိရောက်ခေတ်မီ ဘေးကင်းလုံခြုံပြီး စဉ်ဆက်မပြတ် တိုးတက်မှုရှိသော ပို့ဆောင်ရေးစနစ် ပေါ်ပေါက်လာရန်လည်း အရေးကြီးပါသည်။ သို့မှသာ လူမှုစီးပွားနယ်ပယ်အသီးသီး၌ ဘက်ညီစွာ ဖွံ့ဖြိုးတိုးတက်လာနိုင်ပြီး

ကျေးလက်နှင့် အစွန်အဖျားဒေသများတွင် ဆင်းရဲမှုလျှော့ချရေးတွင် အကျိုးဖြစ်ထွန်းစေမည် ဖြစ်ပါသည်။

ဆောက်လုပ်ရေးဝန်ကြီးဌာနမှ KOICA အဖွဲ့အကူအညီဖြင့် ရေးဆွဲနေသည့် Arterial Road Network Development in Myanmar စီမံကိန်းနှင့် ပို့ဆောင်ရေး ဝန်ကြီးဌာနမှ JICA အကူအညီဖြင့် ရေးဆွဲနေသည့် Tansport Master Plan တို့နှင့် ချိတ်ဆက်ပြီး ဒုတိယကာလတို(၅)နှစ် စီမံကိန်းအား ရေးဆွဲထားပါသည်။ ပို့ဆောင်ရေးကဏ္ဍဖွံ့ဖြိုးတိုးတက်စေမည့် ဒုတိယကာလတို(၅)နှစ် စီမံကိန်းကာလအတွင်း ခေတ်စနစ်နှင့်လိုက်လျောညီထွေမှုရှိသည့် အမျိုးသား ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး မဟာဗျူဟာများအား အခြေခံသည့် အောက်ဖော်ပြပါ စီမံကိန်းအသစ်များအဖြစ် အကောင်အထည်ဖော် ဆောင်ရွက်သွားမည် ဖြစ်ပါသည်-

- တောင်-မြောက်စင်္ကြံ၊ (ရန်ကုန်-နေပြည်တော်၊ မန္တလေး- မြစ်ကြီးနား၊ နေပြည်တော်-မန္တလေး)
- အရှေ့- အနောက် စင်္ကြံ၊ (ရန်ကုန်-ဘားအံ-မြဝတီ၊ မော်လမြိုင်-ထားဝယ် )
- မြောက်ပိုင်း စင်္ကြံ၊ (မန္တလေး-မူဆယ်)
- မန္တလေး-တမူးစင်္ကြံ၊ (မန္တလေး-တမူး)
- ဒုတိယအရှေ့- အနောက် စင်္ကြံ၊ (တာချီလိတ်-မြစ်ကြီးနား-ကျောက်ဖြူ)
- အရှေ့- အနောက် ပေါင်းကူး ဆက်သွယ်ပေးသောစင်္ကြံ၊ (ဖားဆောင်း-ပြည်၊ လှိုင်ကော်-မကွေး)
- မြစ်ဝကျွန်းပေါ်ဒေသကွန်ယက် ၊ (ရန်ကုန်-ပုသိမ်-ဟသ်ာတ)
- တောင်ပိုင်းဒေသဖွံ့ဖြိုးတိုးတက်မှုစင်္ကြံ၊ (သံဖြူဇရပ်-ဘုရားသုံးဆူ၊ ထားဝယ်-ထိုင်းနယ်စပ်၊ ထားဝယ်-ကော့သောင်း)
- အနောက်ဘက်ခြမ်းတောင်- မြောက် စင်္ကြံ၊ (ရန်ကုန်-ပြည်-မကွေး-မန္တလေး)
- အရှေ့ဘက်ခြမ်းတောင်- မြောက်စင်္ကြံ၊ (ဘီးလင်း-လှိုင်ကော်- နောင်ချို)
- အရေးပေါ် ရင်းနှီးမြှုပ်နှံမှုအတွက် ဦးစားပေးစင်္ကြံများ စသည့် အချက်အချာကျသော အဓိကစင်္ကြံ (၁၀) ခု အား ဦးစားပေးဆောင်ရွက်ရန် ဖြစ်ပါသည်။

တစ်မျိုးသားလုံးဆိုင်ရာတိုးတက်မှု ဗဟိုချက်နေရာများကို နေပြည်တော်၊ ရန်ကုန်၊ မန္တလေးနှင့် စစ်ကိုင်းတိုင်းဒေသကြီးများအတွင်းတွင်လည်းကောင်း၊ နေပြည်တော်ကောင်စီ နယ်မြေအတွင်း အများပြည်သူသုံး ဘတ်စ်ကားလိုင်းများ ပြေးဆွဲရေးကိစ္စရပ်အား လည်းကောင်း၊ ဒေသဆိုင်ရာတိုးတက်မှုဗဟိုချက်နေရာများကို မြစ်ကြီးနား၊ စစ်တွေ/ကျောက်ဖြူ၊ ပုသိမ်၊ ပဲခူး(ဟံသာဝတီ)၊မော်လမြိုင်၊ထားဝယ်မြို့များတွင် လည်းကောင်း၊ လယ်ယာအခြေခံ စက်မှုနှင့်ဆိုင်သောဗဟိုချက်နေရာများကိုလားရှိုး၊ ရွှေဘို၊ ကလေး၊ မုံရွာ၊ မိတ္ထီလာ၊ တောင်ကြီး၊ တောင်ငူ၊ မကွေး၊ ပြည်၊ ဟင်္သာတ၊ သထုံ၊ ဘားအံမြို့ များတွင်လည်းကောင်း အဓိကလုပ်ငန်းဗဟိုချက်နေရာများကိုမူဆယ်၊ တမူး၊ ညောင်ဦး၊ ကျိုင်းတုံ၊ တာချီလိတ်၊ မြဝတီ၊ မြိတ်မြို့များတွင်လည်းကောင်း ဦးစားပေးဆောင်ရွက်ရန် ဖြစ်ပါသည်။




ဓာတ်မြစ်။ Myanmar' s National Transport Master Plan

**သယ်ယူပို့ဆောင်ရေးလုပ်ငန်း** စီမံချက်များ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ပုဂ္ဂလိက လုပ်ငန်းရှင်များနှင့် အကျိုးတူ ပူးပေါင်းဆောင်ရွက်ခြင်း၊ Public Private Partnership-PPP အစီအစဉ်ဖြင့် လည်းကောင်း၊ နိုင်ငံခြားချေးငွေ အထောက်အပံ့ငွေများ

ဖြင့်လည်းကောင်း၊ နိုင်ငံတော်ရန်ပုံငွေဖြင့် လည်းကောင်း၊ ရည်မှန်းချက် ပြည့်မီအောင် ဆောင်ရွက်သွားမည် ဖြစ်ပါသည်။ ထိုသို့ ဆောင်ရွက်ရာတွင် တိုင်းဒေသကြီး/ပြည်နယ် အသီးသီးရှိ ဒေသန္တရစီမံကိန်းများနှင့် ချိတ်ဆက်ဆောင်ရွက်ရန် ဖြစ်ပါသည်။

**၅-၅။ အထူးစီးပွားရေးဇုန်၊ စက်မှုဇုန်၊ နယ်စပ်ကုန်သွယ်ရေးဇုန်များဖွင့်လှစ်ဆောင်ရွက်ခြင်း**

**(က) အထူးစီးပွားရေးဇုန်များ**

အထူးစီးပွားရေးဇုန်များ ဖွင့်လှစ်တည်ထောင်ခြင်းအားဖြင့် နိုင်ငံခြားတိုက်ရိုက်ရင်းနှီး မြှုပ်နှံမှုများ ပိုမိုဝင်ရောက်နိုင်ခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်ပေါက်စေခြင်း၊ နိုင်ငံခြားငွေပိုမိုရရှိစေခြင်း၊ ပို့ကုန်ဦးစားပေးလုပ်ငန်းများ တိုးတက်လာပြီး ပို့ကုန်မှရငွေ တိုးမြှင့်စေခြင်းနှင့် အစိုးရရငွေ တိုးမြှင့်လာပြီး စီးပွားရေးတိုးတက်လာခြင်း စသည့် အကျိုးကျေးဇူးများ ရရှိနိုင်သောကြောင့် ဒေသအတွင်း စီးပွားရေး တိုးတက်စေပြီး စက်မှုလုပ်ငန်းများ၊ ဝန်ဆောင်မှုလုပ်ငန်းများ၊ လမ်းပန်းဆက်သွယ်ရေးနှင့် ဆက်သွယ်ရေး ကွန်ယက်လုပ်ငန်းများတည်ထောင်ရန် အထူးစီးပွားရေးဇုန်များ ပိုမိုတိုးတက်လာစေရန် ဦးတည်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ဒုတိယကာလတို (၅)နှစ် စီမံကိန်းကာလအတွင်း စီးပွားရေးဖွံ့ဖြိုး တိုးတက်မှုကို အထောက်အကူပြုမည့် အထူးစီးပွားရေးဇုန်များ ဖွံ့ဖြိုးရေးတွင် လျှပ်စစ် ဓာတ်အားနှင့် ဆက်စပ်ဝန်ဆောင်မှုလုပ်ငန်းများ၊ ထောက်ပံ့ပို့ဆောင်ရေးလုပ်ငန်းများ၊ မော်တော်ကားလမ်းများ၊ အဝေးပြေးလမ်းမကြီးများနှင့် ရထားလမ်းများ ဖောက်လုပ်ခြင်း လုပ်ငန်း၊ သယ်ယူပို့ဆောင်ရေး၊ ကုန်သိုလှောင်ရေး၊ ဟိုတယ်နှင့် ခရီးသွားလာရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူနေရပ်ကွက်များ၊ အခြေခံအဆောက်အအုံ ဖြည့်ဆည်းထောက်ပံ့ရေး၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်သည့် စိမ်းလန်းနယ်မြေများနှင့် စွန့်ပစ်ပစ္စည်း ထိန်းသိမ်းရေးလုပ်ငန်းများ စသည့်လုပ်ငန်းများ ဖွံ့ဖြိုးရေးကိုလည်း ဆောင်ရွက်နိုင်ရန် ဖြစ်ပါသည်။

## ပုံ ၅-၇
## သီလဝါအထူးစီးပွားရေးဇုန်




**(၁) သီလဝါအထူးစီးပွားရေးဇုန်၏ မျှော်မှန်းချက်နှင့် လုပ်ငန်းအစီအစဉ်များ**

သီလဝါအထူးစီးပွားရေးဇုန်အတွင်း စွန့်ပစ်ပစ္စည်းများ စီမံခန့်ခွဲမှုလုပ်ငန်းနှင့် ပတ်သက်သော ပတ်ဝန်းကျင် ထိခိုက်မှု ဆန်းစစ်ခြင်း၊ သီလဝါ အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှု ကော်မတီ One Stop Services Center ဌာနဆိုင်ရာ လုပ်ငန်းစဉ်များ တိုးတက်စေရေး၊ စက်ရုံအဆောက်အဦများ ဆောက်လုပ်ခြင်းဆိုင်ရာ လုပ်ငန်းစဉ်များ၊ Construction Approval နှင့် Single Icense For Contractorဆိုင်ရာကိစ္စရပ်များ၊ သီလဝါအထူးစီးပွားရေးဇုန် စီမံကိန်းမှ ပြောင်းရွှေ့ထားသည့် အိမ်ထောင်စုများ၏ မူလဝင်ငွေ အခြေအနေသို့ ရောက်ရှိရေးအစီအစဉ်၊ အခြေခံအဆောက်အအုံဆိုင်ရာ ကိစ္စရပ်များ၊ ဇုန်အတွင်းရှိစီမံကိန်းများ၏ ပတ်ဝန်းကျင် ထိန်းသိမ်းခြင်းဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာဝန်ကြီးဌာနများ၊ သီလဝါ အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီနှင့် ရင်းနှီးမြှုပ်နှံသူများနှင့် ဆက်လက်ညှိနှိုင်းဆောင်ရွက်သွားရန်ဖြစ်ပါသည်။

သီလဝါ အထူးစီးပွားရေးဇုန်အား ၂၀၁၅ ခုနှစ်၊ စက်တင်ဘာလ ၂၃ ရက်နေ့တွင် ပထမအဆင့်ကို ဖွင့်လှစ်ခဲ့သည်။ ၂၀၁၅ ခုနှစ်၊ စက်တင်ဘာလ ၂၃ ရက်နေ့အထိ နိုင်ငံပေါင်း ၁၃ နိုင်ငံမှ ကုမ္ပဏီ (၄၇) ခု လုပ်ကိုင်ခွင့်ရရှိထားပြီး ဆက်လက်ရင်းနှီးမြှုပ်နှံမည်ဖြစ်သည်။ အခြေခံအဆောက်အဦ တည်ဆောက်နေမှုလုပ်ငန်းများ ဆောင်ရွက်နေမှုအနေဖြင့် ၂၀၁၅ ခုနှစ်

မတ်လ အထိ သီလဝါအထူး စီးပွားရေး ဇုန်အပိုင်း(က) အတွက် ဧရိယာဟက်တာ (၄၀၀) ကို တည်ဆောက် အကောင်အထည်ဖော်လျက်ရှိရာ ရာခိုင်နှုန်းပြည့် ပြီးစီးနေပြီး အခြေခံ အဆောက်အအုံများ တည်ဆောက်ရေးအတွက် ပြည်တွင်းပြည်ပ လုပ်သားများကို အလုပ်အကိုင်များ ပေးအပ်နိုင်ခဲ့သည်။

ဒုတိယကာလတို (၅)နှစ် စီမံကိန်းကာလအတွင်း သီလဝါအထူးစီးပွားရေးဇုန်၏ အပိုင်း (က) တွင် ကုမ္ပဏီ ၈၀ မှ ၁၀၀ ခန့် လာရောက် လုပ်ကိုင်မည်ဟု ခန့်မှန်းထားပြီး၊ လုပ်ငန်းအားလုံး လည်ပတ်နိုင်ပါက လုပ်သား ၅၀,၀၀၀ မှ ၆၀,၀၀၀ ခန့်ကို အလုပ်အကိုင် အခွင့်အလမ်း ပေးနိုင်မည် ဖြစ်ပါသည်။ ၂၀၁၇ ခုနှစ်တွင် ဂျပန် နိုင်ငံ၏ အသင့်စားခေါက်ဆွဲ ထုတ်လုပ်သည့် Acecook မှ ထုတ်လုပ်မည့် လုပ်ငန်းများ စတင်ဆောင်ရွက်ရန် ရည်မှန်းထား ပါသည်။ POKKA SAPORO နှင့် Asahi Group Holding အစားအစာနှင့် အဖျော်ယမကာ ကုမ္ပဏီများမှ အချိုရည် ထုတ်လုပ်မှုကို ပြည်တွင်းကုမ္ပဏီနှင့် ပူးပေါင်း၍ လည်းကောင်း ဆောင်ရွက်ရန် လျာထားပါသည်။ ထို့ကြောင့် သီလဝါအထူးစီးပွားရေးဇုန်သည် မြန်မာနိုင်ငံ၏ စက်မှုထူထောင်ရေးရည်မှန်းချက်တွင် တစ်ထောင့်တစ်နေရာမှ အထောက်အကူ ပြုစေမည် ဖြစ်ပါသည်။

သီလဝါအထူးစီးပွားရေးဇုန်တွင် ကုမ္ပဏီဖွဲ့စည်းတည်ထောင်မှုအနေဖြင့် နိုင်ငံ ၁၃ နိုင်ငံမှ ကုမ္ပဏီ ၄၇ ခု ခွင့်ပြုမိန့်များ ထုတ်ပေးခဲ့ပြီး ဖြစ်ပါသည်။ ကုမ္ပဏီ ၁၁ ခုမှ တည်ဆောက်ရေး လုပ်ငန်းများ စတင်ဆောင်ရွက်နေပြီး ဂျပန်ကုမ္ပဏီ၊ မြန်မာကုမ္ပဏီ၊ ထိုင်ဝမ် ကုမ္ပဏီနှင့် ထိုင်းကုမ္ပဏီများ ပါဝင်ခဲ့ပါသည်။ မြန်မာ ဖက်စပ်ကုမ္ပဏီများအနေဖြင့် ဩစတြေးလျ - မြန်မာ၊ ဂျပန် - မြန်မာ နှင့် ထိုင်း - မြန်မာ တို့ ပါဝင်ပါသည်။ အခြားနိုင်ငံမှ ကုမ္ပဏီများ အနေဖြင့် အမေရိကန်ပြည်ထောင်စု၊ ဆွီဒင်၊ စင်ကာပူ၊ မလေးရှား၊ ဗီယက်နမ်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့ ပါဝင်ပါသည်။ နိုင်ငံခြားနှင့် မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံသည့် လုပ်ငန်းစုစုပေါင်း ၃၈ ခု မှ ၂၀၁၅ ခုနှစ် ဇူလိုင်လအထိ စုစုပေါင်း ရင်းနှီးမြှုပ်နှံမှုပမာဏမှာ အမေရိကန် ဒေါ်လာ ၄၃၁.၇၅၇ သန်း ဖြစ်ပါသည်။ သီလဝါအထူး စီးပွားရေးဇုန်တွင် အခွန်အကောက်ကင်းလွတ်ခွင့်ဖြင့် တည်ဆောက်ရေးလုပ်ငန်းသုံးပစ္စည်းများ၊ စက်ပစ္စည်းများ တင်သွင်းမှုမှာ အမေရိကန် ဒေါ်လာ ၉,၆၈၂,၉၇၉.၇၇ ဖိုးတင်သွင်းခဲ့ပြီး လည်း ဖြစ်သည်။


## (၂) ထားဝယ်အထူးစီးပွားရေးဇုန်၏ မျှော်မှန်းချက်နှင့် လုပ်ငန်းအစီအစဉ်များ

ပထမကာလတို (၅) နှစ်စီမံကိန်း ကာလအတွင်း အပိုင်း (က) ကို ဖွင့်လှစ်နိုင်ခဲ့ပြီး ဧရိယာအားဖြင့် ဟက်တာ ၄၀၀ တွင်ရှိသည့် လုပ်ငန်းများကို ဆောင်ရွက်နိုင်ခဲ့ပြီး ဒုတိယ ကာလတို(၅)နှစ် စီမံကိန်းကာလအတွင်း အပိုင်း(ခ)တွင်ပါဝင်သည့် အခြေခံအဆောက်အအုံများ ဖြစ်သော လမ်းမကြီးများဖောက်လုပ်ခြင်းလုပ်ငန်းများ သဘာဝရေအားကာကွယ်တားဆီးရေး လုပ်ငန်းများ၊ ရေမြောင်းတူးဖော်ခြင်းလုပ်ငန်းများအား အကောင်အထည်ဖော် ဆောင်ရွက်မည် ဖြစ်ပါသည်။

မြန်မာနိုင်ငံအနေဖြင့် အထူးစီးပွားရေးဇုန်များတွင် ထားဝယ်အထူးစီးပွားရေးဇုန်အား အရှေ့တောင်အာရှဒေသ၏ ကုန်သွယ်ရေးနှင့်သယ်ယူပို့ဆောင်ရေးအတွက် အချက်အချာကျသော နေရာဒေသအဖြစ် ပေါ်ထွန်းလာစေရန် တည်ထောင်ခြင်းဖြစ်ပါသည်။

ထားဝယ်အထူးစီးပွားရေးဇုန်သည် အရှေ့တောင်အာရှတွင် အကြီးဆုံးဖြစ်လာမည် ဖြစ်ပါသည်။ ထို့အပြင်ဒေသတွင်းပေါင်းစည်းရေးကို မြှင့်တင်ပေးနိုင်ပြီး မဟာမဲခေါင်မြစ်ဝှမ်း ဒေသ၏ တောင်ပိုင်း စီးပွားရေးစင်္ကြံ (GMS Southern Economic Corridor) ကို အပြီးသတ် ဆောင်ရွက်နိုင်ရန် အရေးပါသော အထူးစီးပွားရေးဇုန်တစ်ခု ဖြစ်လာမည် ဖြစ်ပါသည်။ ထို့ပြင် အရှေ့တောင်အာရှနိုင်ငံများအား အနောက်နိုင်ငံများနှင့် ချိတ်ဆက် ပေးမည့် ဂိတ်ပေါက်ဖြစ်ပြီး အရှေ့တောင်အာရှနိုင်ငံများ၏ ပို့ကုန်များကို အနောက်နိုင်ငံ ဈေးကွက်များသို့ တင်ပို့နိုင်ရန် မျှော်မှန်းနိုင်ပါသည်။ ထို့အပြင် ထားဝယ် ရေနက်ဆိပ်ကမ်း ပြီးစီးပါက မြန်မာနိုင်ငံတွင် အကြီးဆုံးရေနက်ဆိပ်ကမ်း ဖြစ်လာမည်ဖြစ်ပြီး ဒေသတွင်း တွင်လည်း ယှဉ်ပြိုင်နိုင်စွမ်းရှိမည့် ရေနက်ဆိပ်ကမ်းတစ်ခု ဖြစ်လာမည် ဖြစ်ပါသည်။

## ပုံ ၅-၈
## ထားဝယ်အထူးစီးပွားရေးဇုန်မှ နိုင်ငံတကာထွက်ပေါက်များ




ဓာတ်မြစ်။ Global Asia

ထားဝယ်အထူးစီးပွားရေးဇုန်သည် မြန်မာနိုင်ငံ၏ စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (ဂျီဒီပီ) အား ၂၀၂၀ ခုနှစ်တွင် ၁ ရာခိုင်နှုန်း၊ ၂၀၂၅ ခုနှစ်တွင် ၂ ရာခိုင်နှုန်း၊ ၂၀၃၀ ခုနှစ်တွင် ၇ ရာခိုင်နှုန်း၊ ၂၀၃၅ ခုနှစ်တွင် ၇ ရာခိုင်နှုန်း၊ ၂၀၄၀ ခုနှစ်တွင် ၆ ရာခိုင် နှုန်း၊ ၂၀၄၅ ခုနှစ်တွင် ၅ ရာခိုင်နှုန်း အသီးသီး တိုက်ရိုက် ဖန်တီးပေးနိုင်မည်ဟု မျှော်မှန်းပါသည်။ ၂၀၂၅ ခုနှစ်တွင် ထားဝယ်အထူး စီးပွားရေးဇုန်နှင့် ဆက်စပ်စီမံကိန်းများ အကောင်အထည်ပေါ်လာလျှင် ဒေသခံပြည်သူ သုံးသိန်းခန့်အား အလုပ်ကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်မည် ဖြစ်သည်။

ထားဝယ်အထူးစီးပွားရေးဇုန်စီမံကိန်းတွင် ပင်လယ်ရေနက် ဆိပ်ကမ်းတည်ဆောက်ခြင်း၊ စက်မှုနယ်မြေတည်ထောင်ခြင်း၊ ကားလမ်းနှင့်ရထားလမ်းများ ဖောက်လုပ်ခြင်း၊ လျှပ်စစ်ဓာတ်အား ပို့လွှတ်သည့်လိုင်းများ၊ ဓာတ်ငွေ့ပိုက်လိုင်းများနှင့် ရေနံပိုက်လိုင်းများ သွယ်တန်းခြင်း၊ လူနေရပ်ကွက်များ၊ အပန်းဖြေစခန်းများ၊ အခြေခံအဆောက်အအုံများ တည်ဆောက်ခြင်းနှင့် ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ခြင်းစသည့် စီမံကိန်းလုပ်ငန်း အဆင့်ဆင့် ပါဝင်သည်။

ထားဝယ်အထူးစီးပွားရေးဇုန်၏ တည်ဆောက်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ ၂၀၁၅ ခုနှစ်မှ ၂၀၂၀ ခုနှစ်အတွင်း ကနဦးစီမံကိန်းများ ပြီးစီးအောင် ဆောင်ရွက်သွားမည်

ဖြစ်ပြီး၊ ၂၀၂၀ ခုနှစ်မှ ၂၀၃၅ ခုနှစ်အထိ ရေနက်ဆိပ်ကမ်းစီမံကိန်း၊ ထိုင်းနိုင်ငံအထိ ဖောက်လုပ်မည့် အဝေးပြေးလမ်းမကြီးစီမံကိန်း၊ ထပ်မံဓာတ်အား တိုးမြှင့်ပေးမည့်စက်ရုံ၊ ထပ်မံရေပေးဝေရေး စီမံကိန်း၊ အခြားလိုအပ်မည့် အခြေခံအဆောက်အအုံများကို တည်ဆောက်သွားမည်ဖြစ်ပါသည်။

စက်မှုဇုန်ဧရိယာ ၂၇ စတုရန်း ကီလိုမီတာကို အပိုင်းအလိုက် ၄ ပိုင်းခွဲ တည်ဆောက်မည် ဖြစ်ပါသည်။ ယာယီဓာတ်အားပေးစက်ရုံကို ကနဦး စီမံကိန်းလုပ်ငန်းများ စတင်ချိန်တွင် ဆောင်ရွက်မည်ဖြစ်ပြီး နောက်ပိုင်းတွင် ဓာတ်အားပေး စက်ရုံငယ်ကို ၄၅၀ မဂ္ဂါဝပ် (၁၀၀ မဂ္ဂါဝပ် ၃ လုံးနှင့် ၁၅၀ မဂ္ဂါဝပ် ၁ လုံး)ဖြင့် ဆောင်ရွက်မည်ဖြစ်ပါသည်။ ဆက်သွယ်ရေးလိုင်းကို စီမံကိန်းဧရိယာမှ ထိုင်းနယ်စပ်အထိ ဖိုင်ဘာကေဘယ်လ်များဖြင့် ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

ထားဝယ်အထူးစီးပွားရေးဇုန်၏စက်မှုလုပ်ငန်းများ လည်ပတ်လုပ်ကိုင်မည့် အစီအစဉ်တွင် အသေးစားနှင့် အလတ်စားစက်မှုလုပ်ငန်းများ စတင်လည်ပတ် လုပ်ကိုင်ချိန်မှ အကြီးစားစက်မှု လုပ်ငန်းကြီးများဖွံ့ဖြိုးလာသည်အထိ အဆင့် ၄ ဆင့်ဖြင့် ဆောင်ရွက်ရန် ရည်မှန်းထားပါသည်။ ၂၀၁၅ ခုနှစ်မှ ၂၀၂၀ ခုနှစ် ဒုတိယကာလတို (၅) နှစ် စီမံကိန်းကာလ အတွင်း ပထမအဆင့် ဆောင်ရွက်သွားမည့်လုပ်ငန်းများတွင် ချည်ထည်အခြေခံ စက်မှုလုပ်ငန်း၊ မော်တော်ယာဉ်အစိတ်အပိုင်း ထုတ်လုပ်သည့်လုပ်ငန်းများ၊ အပေါ့စားသတ္တုထုတ်ကုန်များ၊ လျှပ်စစ်အသုံးအဆောင်ပစ္စည်းများ၊ ရာဘာအခြေခံထုတ်ကုန်များ၊ သစ်အခြေခံထုတ်ကုန်များ၊ စားသောက်ကုန်လုပ်ငန်းများ၊ စားသုံးဆီထုတ်လုပ်ငန်းများကို ထုတ်လုပ်နိုင်သည် အထိ တည်ဆောက် လုပ်ကိုင်သွားမည်ဖြစ်ပါသည်။

ဒုတိယအဆင့် ၂၀၂၀ ခုနှစ်မှ ၂၀၂၅ ခုနှစ်အတွင်းတွင် ပလတ်စတစ်ပစ္စည်း ထုတ်ကုန်လုပ်ငန်း၊ သံမဏိပစ္စည်းထုတ်လုပ်ငန်း၊ ဆေးဝါးထုတ်လုပ်ငန်းတို့ ဆက်လက်ဆောင်ရွက်မည်ဟု ရည်မှန်းထားပြီး တတိယအဆင့် ၂၀၂၅ ခုနှစ်မှ ၂၀၃၀ ခုနှစ်တွင် မော်တော်ယာဉ်တပ်ဆင်သည့် လုပ်ငန်းများ၊ ဓာတ်မြေသြဇာ ထုတ်လုပ်ငန်းများ၊ ရေနံနှင့်ဓာတ်ငွေ့လုပ်ငန်း၊ ရေနံဓာတုလုပ်ငန်းများ ဆောင်ရွက်သွားရန် ရည်မှန်းထားပါသည်။

ထို့အပြင် ထားဝယ်အထူးစီးပွားရေးဇုန် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒုတိယကာလကို (၅) နှစ် စီမံကိန်းကာလအတွင်း အောက်ပါသုတေသနလုပ်ငန်း စီမံချက် ၃ ခုကို ဆောင်ရွက်သွားမည် ဖြစ်ပါသည်-

(က) မြန်မာနိုင်ငံ စက်မှုလုပ်ငန်းဆိုင်ရာ စီမံကိန်းနှင့် မဲခေါင်-အိန္ဒိယ တောင်ဘက်စီးပွားရေးစင်္ကြံ ဖွံ့ဖြိုးမှုတိုးတက်စေရေး သုတေသန၊

(ခ) ထားဝယ် အထူးစီးပွားရေးဇုန် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် နည်းပညာ လေ့လာ သုံးသပ်ရေး သုတေသန၊

(ဂ) ထားဝယ်အထူးစီးပွားရေးဇုန် ဖွံ့ဖြိုးမှုအတွက် ပြည်သူနှင့် ပုဂ္ဂလိကကဏ္ဍ အကြား ငွေရေးကြေးရေး ပူးပေါင်းဆောင်ရွက်ရေး သုတေသန၊

**(၃) ကျောက်ဖြူအထူးစီးပွားရေးဇုန်၏ မျှော်မှန်းချက်နှင့် လုပ်ငန်းအစီအစဉ်များ**

ကျောက်ဖြူအထူးစီးပွားရေးဇုန် စီမံကိန်းသည် ၂၀၄၅ ခုနှစ်အထိ နှစ်တို၊ နှစ်လတ်၊ နှစ်ရှည် စီမံကိန်းများချမှတ် အကောင်အထည်ဖော်မည့် စီမံကိန်း ဖြစ်သည်။ ကျောက်ဖြူ အထူးစီးပွားရေးဇုန်သည် အစိုးရအချင်းချင်း (Government to Government) ရင်းနှီး မြှုပ်နှံသည့် အထူးစီးပွားရေးဇုန် မဟုတ်ဘဲ စီးပွားရေး လုပ်ငန်းအချင်းချင်း (Business to Business) ရင်းနှီးမြှုပ်နှံမှု ဆောင်ရွက်သည့် အထူး စီးပွားရေးဇုန်ဖြစ်သည်။ယင်းသည် အခြား အထူးစီးပွားရေးဇုန် ၂ ခု နှင့် ကွာခြားချက်ဖြစ်ပြီး နိုင်ငံတကာမှ ရင်းနှီးမြှုပ်နှံလိုသည့် စီးပွားရေးကုမ္ပဏီများအားလုံးကို ဖိတ်ခေါ်ဆောင်ရွက်လျက်ရှိသည်။ ကျောက်ဖြူအထူး စီးပွားရေးဇုန် စီမံကိန်းတွင် နှစ်တို၊ နှစ်လတ်၊ နှစ်ရှည် စီမံကိန်းများအလိုက် ရွေးချယ်ထားသည့် စက်မှုလုပ်ငန်းများတွင် ကျောက်ဖြူဒေသအပါအဝင် မြန်မာနိုင်ငံ ကုန်းတွင်းပိုင်း ဒေသများ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအလားအလာကောင်းများအား ဖန်တီးပေးမည်ဖြစ်သည်။

ကျောက်ဖြူအထူးစီးပွားရေးဇုန်ကို အဆင့် (၄) ဆင့် ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

(က) **ပထမအဆင့်** - စိတ်ကူးစီမံချက် Conceptual Plan ရေးဆွဲသည့်လုပ်ငန်းစဉ်၊

(ခ) **ဒုတိယအဆင့်** - အကြံပေးကုမ္ပဏီ (Consulting Firm) အား အိတ်ဖွင့်တင်ဒါ ခေါ်ယူသည့်လုပ်ငန်းစဉ်၊

(ဂ) **တတိယအဆင့်** - ရင်းနှီးတည်ဆောက်သူ (Developer) အား အိတ်ဖွင့်တင်ဒါခေါ်ယူသည့်လုပ်ငန်းစဉ်၊

(ဃ) **စတုတ္ထအဆင့်** - အထူးစီးပွားရေးဇုန်စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်သည့် (Project Implementation) လုပ်ငန်းစဉ်၊

ပထမအဆင့်ဖြစ်သော ကျောက်ဖြူ အထူးစီးပွားရေးဇုန်၏ စိတ်ကူးစီမံချက် (Conceptual Plan) ကို ကျောက်ဖြူမြို့၏ အရှေ့တောင်ဘက် (၄) မိုင်ခန့်အကွာရှိ စစ်တောကျေးရွာနှင့် စည်မော်ကျေးရွာများ အနီးတစ်ဝိုက်ရှိ ရေနက်ဆိပ်ကမ်းတည်ဆောက်ရန် အသင့်တော်ဆုံးနေရာနှင့် ဆက်စပ်လျက်ရှိသည့် မြေဧရိယာ ဧက ၁,၀၀၀ ကျော်တွင် ကျောက်ဖြူအထူး စီးပွားရေးဇုန်နှင့် ကျောက်ဖြူရေနက်ဆိပ်ကမ်းစီမံကိန်းအား ရေးဆွဲခဲ့သည်။ ဒုတိယအဆင့် ဖြစ်သည့် အကြံပေးကုမ္ပဏီ (Consulting Firm) အား အိတ်ဖွင့်တင်ဒါ ခေါ်ယူသည့်လုပ်ငန်းစဉ်အရ အကြံပေးကုမ္ပဏီ (၁၇) အုပ်စုပြိုင်ခဲ့ကြပြီး ၎င်းတို့တင်သွင်းလာသည့်နည်းပညာနှင့် ငွေကြေးအဆိုပြုလွှာများကို တင်ဒါခေါ်ယူရေးနှင့် စိစစ်ရွေးချယ်ရေးကော်မတီ BEAC (Bid Evaluation and Awarding Committee) အဖွဲ့ဝင်များကအဆင့်ဆင့်စိစစ်ကာ အထူးစီးပွားဇုန်ဗဟိုအဖွဲ့၏ ခွင့်ပြုချက်ဖြင့် စင်ကာပူနိုင်ငံအခြေစိုက် CPG (Creative Professional Groups) အကြံပေးကုမ္ပဏီအုပ်စုအား ကျောက်ဖြူအထူးစီးပွားရေးဇုန်၏ ရင်းနှီးတည်ဆောက်သူ (Developer) များ အိတ်ဖွင့်တင်ဒါခေါ်ယူရေးလုပ်ငန်းစဉ်အတွက် အကြံပေး ဝန်ဆောင်မှုပေးရန် ရွေးချယ်ခဲ့ပါသည်။ တတိယအဆင့်ဖြစ်သည့် ရင်းနှီးတည်ဆောက်သူ (Developer) အား အိတ်ဖွင့်တင်ဒါ ခေါ်ယူသည့် လုပ်ငန်းစဉ်တွင် ရေနက်ဆိပ်ကမ်းစီမံကိန်း (Deep Sea Port)၊ စက်မှု စီမံကိန်း (Industrial Park)၊ လူနေအိမ်ရာစီမံကိန်း (Integrated Residential Project) များအတွက် နိုင်ငံတကာသို့တင်ဒါ ခေါ်ယူခဲ့ပြီး ဖြစ်သည်။

ကျောက်ဖြူ အထူးစီးပွားရေးဇုန် တည်နေရာအား ပထမအဆင့် အကောင်အထည်ဖော်မည့် မြေဧရိယာ ၄,၄၁၈.၄၁ ဧကပေါ်တွင် ကျောက်ဖြူအထူးစီးပွားရေးဇုန် အကောင်အထည်ဖော်ရာ၌ ဒေသလွှမ်းခြုံပြင်မစီမံချက် (Regional Master Plan) အရ ကျောက်ဖြူမြို့နယ်၊ ရမ်းဗြဲမြို့နယ်နှင့် မာန်အောင်မြို့နယ်တို့ပါဝင်ပြီး ကျောက်ဖြူဒေသတစ်ခုလုံးလွှမ်းခြုံပါဝင်သည်။ သို့ဖြစ်ပါ၍ ဒေသလွှမ်းခြုံပြင်မစီမံချက် (Regional Master Plan) အား

ဒုတိယကာလတို (၅) နှစ် စီမံကိန်း အတွင်းတွင် ဆက်လက် အကောင်အထည်ဖော် ဆောင်ရွက်ရန် ဖြစ်သည်။

**ဇယား ၅-၁၅**
**Myanmar's National Transport Master Plan အရ**
**စတင်အကောင်အထည်ဖော်မည့်အစီအစဉ်**

| အပိုင်းကဏ္ဍ | ကာလအပိုင်းအခြား | နှစ် | ဟက်တာ | ဧက |
|---|---|---|---|---|
| ၁ | ၂၀၁၄ - ၂၀၁၆ | ၃ | ၁၄၅ | ၃၅၈ |
| ၂ | ၂၀၁၇ - ၂၀၂၀ | ၄ | ၁၂၅ | ၃၀၉ |
| ၃ | ၂၀၂၁ - ၂၀၂၅ | ၅ | ၁၂၅ | ၃၀၉ |

အထူးစီးပွားရေးဇုန်အမှတ် (၁) ကို အပိုင်း ၃ ပိုင်းခွဲ၍ ဆောင်ရွက်သွားမည် ဖြစ်ပါသည်။ အပိုင်း ၁ ကို ၂၀၁၄ ခုနှစ်မှ ၂၀၁၆ ခုနှစ်အတွင်း မြေဧရိယာ အကျယ်အဝန်း ၁၄၅ ဟက်တာ (၃၅၈ ဧက) ဖြင့် လည်းကောင်း၊ အပိုင်း ၂ ကို ၂၀၁၇ ခုနှစ် မှ ၂၀၂၀ ခုနှစ် အတွင်း မြေဧရိယာ အကျယ်အဝန်း ၁၂၅ ဟက်တာ (၃၀၉ ဧက) ဖြင့် လည်းကောင်း အကောင်အထည်ဖော် ဆောင်ရွက်မည်ဖြစ်သည်။

**ကျောက်ဖြူအထူးစီးပွားရေးဇုန်**ကို ဒုတိယကာလတို (၅) နှစ် စီမံကိန်းကာလအတွင်း အောက်ဖော်ပြပါ လုပ်ငန်းစဉ်များအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်-

(က) အထူးစီးပွားရေးဇုန်များအတွင်းရင်းနှီးမြှုပ်နှံမှုများဝင်ရောက်လာရေးအတွက် စီးပွားရေးအခြေခံကောင်းများ ဖြစ်ပေါ်စေမည့် စည်းမျဉ်းစည်းကမ်းများ လက်တွေ့ကျင့်သုံးအကောင်အထည်ဖော်ရန်၊

(ခ) ခိုင်မာသောဘဏ္ဍာရေးစနစ်နှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးအတွက် ကျွမ်းကျင်လုပ်သားများရရှိရေးအတွက် ကျွမ်းကျင်မှုသင်တန်းများဖွင့်လှစ်ရေး အတွက် စီမံချက်များ ရေးဆွဲဆောင်ရွက်ရန်၊

(ဂ) လျှပ်စစ်ဓာတ်အားလုံလောက်စွာ ရရှိရန်၊

(ဃ) စွမ်းအင်ဆိုင်ရာ အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်စေရန်၊

(င) ကုန်စည်စီးဆင်းမှုဆိုင်ရာ အခြေခံအဆောက်အအုံများ ခိုင်မာစေရေး ဆောင်ရွက်သွားရန်၊

(စ) သဘာဝဘေးပတ်ဝန်းကျင် ထိခိုက်မှုများအား ကာကွယ်နိုင်ရေးအတွက် ပတ်ဝန်းကျင်ထိခိုက်မှု အနည်းဆုံးဖြစ်စေသည့် အဆင့်မြင့်နည်းပညာများ သုံးရန် (ပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေရှိစေမည့် နည်းလမ်း-Environment Friendly Approach) အသုံးပြုခြင်း အားပေးဆောင်ရွက်ခြင်း၊ လုပ်ငန်းများ လိုက်နာဆောင်ရွက်ရန်အတွက် သဘာဝပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေရှိစေမည့် စံသတ်မှတ်ချက်များ (Environment Friendly Standards) များ ပေါ်ပေါက်ရန်၊

(ဆ) သဘာဝပတ်ဝန်းကျင် ထိခိုက်မှုများအား ကာကွယ်နိုင်ရေးအတွက် စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှုဥပဒေ ပေါ်ထွက်လာရန်၊

(ဇ) အထူးစီးပွားရေးဇုန်ဥပဒေများ သုံးသပ်ခြင်းနှင့် ထိရောက်စွာအကောင်အထည်ဖော်ရေးတို့အတွက်လည်း ဆက်လက်ဆောင်ရွက်သွားရန် ဖြစ်ပါသည်။

စက်မှုဥယျာဉ်စီမံကိန်း (Industrial Park) ၌ အကောင်အထည်ဖော်ရန် လျာထားသည့် စက်ရုံ၊ အလုပ်ရုံ ၁၁၈ ရုံခန့်တွင် အလုပ်အကိုင်အခွင့်အလမ်းပေါင်း ၄၂,၄၀၀ ခန့် ဖန်တီးနိုင်မည်ဟု ခန့်မှန်းတွက်ချက်ထားရှိပါသည်။

## ၅-၆။ စီးပွားရေးစင်္ကြံများ၊ နယ်စပ်ကုန်သွယ်ရေးဇုန်များ ဖွံ့ဖြိုးတိုးတက်ရေး

မြန်မာနိုင်ငံအနေဖြင့် အိမ်နီးချင်းနိုင်ငံများနှင့် ဆက်သွယ်၍ စီးပွားရေးပူးပေါင်းဆောင်ရွက်နိုင်ရန်အတွက် ပြည်တွင်းပြည်ပဆိုင်ရာ ဆက်သွယ်ရေး လမ်းကြောင်းများနှင့် ချိတ်ဆက်နိုင်ရေးအတွက် ဒုတိယကာလတို (၅) နှစ် စီမံကိန်းကာလတွင် မျှော်မှန်းထားပါသည်။ ဒေသတွင်းထုတ်လုပ်မှု ကွန်ယက်နှင့် ကမ္ဘာ့ဈေးကွက်တွင် ယှဉ်ပြိုင်ရောင်းချသူများအဖြစ် ပါဝင်လာနိုင်စေရန် ကြိုးပမ်းရာတွင် နိုင်ငံ အတွက် ဖွံ့ဖြိုးမှု အလားအလာများကို ရယူသွားရန် ဒုတိယကာလတို (၅) နှစ် စီမံကိန်းကာလအတွင်း အောက်ပါတို့အား ဆောင်ရွက်ရန် ဖြစ်ပါသည်-


- နယ်စပ်ဒေသ ဝင်ပေါက်များမှတစ်ဆင့် ပြည်ပနိုင်ငံများနှင့် ဆက်သွယ်နိုင်မည့် စီးပွားရေးစင်္ကြံလမ်းများ တည်ဆောက်အကောင်အထည်ဖော်ခြင်း၊

- အမျိုးသားဘက်စုံဖွံ့ဖြိုးတိုးတက်မှု နှစ် ၂၀ စီမံကိန်းတွင် ရည်မှန်းထားပြီး ရန်ကုန်နှင့် မန္တလေးမြို့များကို ဖွံ့ဖြိုးမှုဝင်ရိုး မဟာဗျူဟာ မြောက်မြို့ကြီးများ အဖြစ် ရွေးချယ်သတ်မှတ်၍ ထိုမြို့ကြီးများနှင့် အခြားအထောက်အပံ့ ဖြစ်စေမည့် ပြည်တွင်းဗျူဟာမြောက်မြို့များ၊ ကုန်သွယ်ရေးဇုန်များကို ပြည်တွင်းကွန်ယက်များနှင့် ဆက်သွယ်၍ စီးပွားရေးတိုးတက်မှုကို ရယူခြင်း၊
- အာရှအဝေးပြေးလမ်းမကြီး ဆက်သွယ်ရေးကွန်ယက်၊ ဂျီအမ်အက်စ်စီးပွားရေး စင်္ကြံများနှင့် ပြည်တွင်းစီးပွားရေးစင်္ကြံများ ချိတ်ဆက်ဆောင်ရွက်ခြင်း၊
- နယ်စပ်ကုန်သွယ်ရေးဇုန်များ ဖွံ့ဖြိုးလာစေရန် ဆောင်ရွက်ခြင်း။

ဒေသတွင်း နိုင်ငံများနှင့် မြန်မာနိုင်ငံ၏ ပြည်တွင်းစင်္ကြံများ ချိတ်ဆက်မှုအား အောက်ပါအတိုင်းတွေ့ရှိနိုင်ပါသည်။

ပုံ ၅-၉

ပြည်တွင်းစင်္ကြံများနှင့် နိုင်ငံတကာလမ်းကြောင်းချိတ်ဆက်မှုပုံ



ဂျီအမ်အက်စ် အရှေ့ - အနောက် စီးပွားရေး စင်္ကြံ (GMS East-West Economic Corridor) သည် ဗီယက်နမ်နိုင်ငံ ဒါနန်းနှင့် လာအိုနိုင်ငံ၊ ထိုင်းနိုင်ငံတို့ကို ဖြတ်ကျော်ပြီး မဲဆောက်-မြဝတီ နယ်စပ်မှတစ်ဆင့် မြန်မာနိုင်ငံ မော်လမြိုင်သို့ ဆက်သွယ်ထားပါသည်။ ယင်းသည် ရန်ကုန် ၊ ဘားအံ၊ မြဝတီ၊ မော်လမြိုင်၊ ထားဝယ်မြို့များသို့ ဖြတ်သန်းဆက်သွယ်သွားမည်ဖြစ်ပြီး အဆိုပါမြို့များရှိ အထူးစီးပွားရေးဇုန်များ၊ စက်မှုဇုန်များ၊ ကုန်သွယ်ရေးဇုန်များနှင့် ဆက်သွယ်ဆောင်ရွက်သွားပါမည်။ ထို့အပြင် အရှေ့ - အနောက် စီးပွားရေး စင်္ကြံ (East-West Economic Corridor) တွင် လမ်းပိုင်းသစ်အဖြစ် ဆက်လက် ဖောက်လုပ်ရန်ရှိပြီး တာချီလိတ်၊ မိတ္ထီလာ၊ ကျောက်ဖြူမြို့များနှင့် ဆက်သွယ်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။ ထိုလမ်းကြောင်းတစ်လျှောက်တွင် တာချီလိတ်နယ်စပ် ကုန်သွယ်ရေးဇုန်၊ မိတ္ထီလာစက်မှုဇုန် နှင့် ကျောက်ဖြူအထူးစီးပွားရေးဇုန်များနှင့် ချိတ်ဆက်ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။

ဂျီအမ်အက်စ် တောင်ပိုင်းစီးပွားရေးစင်္ကြံ (GMS Southern Corridor) သည် ထိုင်းနိုင်ငံ၊ ဘန်ကောက်နှင့် အိန္ဒိယနိုင်ငံ ချန်နိုင်းတို့အား ထားဝယ်ဆိပ်ကမ်းမှတစ်ဆင့် ချိတ်ဆက်မည် ဖြစ်ပါသည်။ ဤစင်္ကြံသည် ပြည်တွင်းတွင် ထားဝယ်၊ သံဖြူဇရပ်၊ ဘုရားသုံးဆူမှ တစ်ဆင့် ထိုင်းနိုင်ငံသို့လည်းကောင်း၊ ထားဝယ်မှ ထိုင်းနိုင်ငံနယ်စပ် ကော့သောင်းသို့ လည်းကောင်း ဆက်သွယ်နိုင်ပြီး ဘုရားသုံးဆူနယ်စပ် ကုန်သွယ်ရေးစခန်းနှင့် ချိတ်ဆက်ဆောင် ရွက်နိုင်မည် ဖြစ်ပါသည်။

မြောက်ပိုင်း စီးပွားရေးစင်္ကြံ (GMS Northern Economic Corridor) သည်လည်း တရုတ်နိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့ကို မြန်မာနိုင်ငံမှ ဖြတ်သန်း၍ ဆက်သွယ်ထားရာ လမ်းကြောင်းတစ်လျှောက် မူဆယ်၊ မန္တလေး၊ တမူးမြို့များသို့ ဆက်သွယ်သွားမည် ဖြစ်ပါသည်။ အဆိုပါ မြို့များရှိ နယ်စပ်ကုန်သွယ်ရေးစခန်းများ၊ စက်မှုဇုန်များနှင့် ချိတ်ဆက်ဆောင်ရွက်မည် ဖြစ်ပါသည်။

အနောက်ပိုင်း စီးပွားရေးစင်္ကြံသည် အာရှ အဝေးပြေးလမ်းမကြီး လမ်းကြောင်း ၁ ၏ အစိတ်အပိုင်းတစ်ရပ် ဖြစ်ပြီး မော်လမြိုင်နှင့် အိန္ဒိယနိုင်ငံနယ်စပ် တမ် သို့ နေပြည်တော်မှ တစ်ဆင့် ချိတ်ဆက်ပြီး အိန္ဒိယနိုင်ငံမြောက်ပိုင်း အင်ဖာ အထိ ချိတ်ဆက်ထားပါသည်။

ပုံ ၅-၁၀
ဂျီအမ်အက်စ် စီးပွားရေး စင်္ကြံများ




စစ်မြစ်။ အာရှဖွံ့ဖြိုးရေးဘဏ်

## (က) နယ်စပ်စီးပွားရေးဇုန်နှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများ ဖွံ့ဖြိုးတိုးတက်မှု

နယ်စပ်စီးပွားရေးဇုန်များ တိုးတက်စေရန် ဆောင်ရွက်ခြင်းဖြင့် မြန်မာနိုင်ငံသည် ထုတ်လုပ်မှု ကွန်ယက်များသို့ ပါဝင်ဆက်သွယ်ရန် ဖြတ်လမ်း (Shortcut) သဖွယ် ဖြစ်လာပြီး စီးပွားရေး အင်အားကြီးနိုင်ငံ (၃) နိုင်ငံဖြစ်သည့် တရုတ်၊ အိန္ဒိယ၊ အာဆီယံနိုင်ငံများ၏ ဆုံစည်းရာဆုံမှတ်တစ်ခုဖြစ်လာပါမည်။ ထို့အပြင်တိုင်းဒေသကြီး/ ပြည်နယ်များတွင် စီးပွားရေး ဖွံ့ဖြိုးတိုးတက်လာမည့် အခွင့်အလမ်းများလည်း ရှိလာမည်ဖြစ်ပါသည်။

(၁) ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွင်း နယ်စပ်စခန်းများ ဖွင့်လှစ်ထားရှိမှု အခြေအနေ

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အထိ ဖွင့်လှစ်ပြီးသော နယ်စပ်ကုန်သွယ်ရေးစခန်းပေါင်း ၁၆ ခု ရှိပါသည်။

ဇယား၅-၁၆
ဖွင့်လှစ်ပြီး နယ်စပ်ကုန်သွယ်ရေးစခန်းများ

| စဉ် | နယ်စပ်ကုန်သွယ်ရေးစခန်း | တည်နေရာ |
|---|---|---|
| ၁ | မူဆယ်(၁၀၅)မိုင် | မြန်မာ-တရုတ်နယ်စပ် |
| ၂ | ဗန်းမော်(လွယ်ဂျယ်) | မြန်မာ-တရုတ်နယ်စပ် |
| ၃ | ကွမ်းလုံ (ချင်းရွှေဟော်) | မြန်မာ-တရုတ်နယ်စပ် |
| ၄ | ကန်ပိုက်တီး | မြန်မာ-တရုတ်နယ်စပ် |
| ၅ | ကျိုင်းတုံ | မြန်မာ-တရုတ်နယ်စပ် |
| ၆ | တာချီလိတ် | မြန်မာ - ထိုင်းနယ်စပ် |
| ၇ | မြဝတီ | မြန်မာ - ထိုင်းနယ်စပ် |
| ၈ | ကော့သောင်း | မြန်မာ - ထိုင်းနယ်စပ် |
| ၉ | မြိတ် (FOB) | မြန်မာ - ထိုင်းနယ်စပ် |
| ၁၀ | မော်တောင် | မြန်မာ - ထိုင်းနယ်စပ် |
| ၁၁ | ထီးခီး | မြန်မာ - ထိုင်းနယ်စပ် |
| ၁၂ | စစ်တွေ | မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ် |
| ၁၃ | မောင်တော | မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ် |
| ၁၄ | တမူး | မြန်မာ-အိန္ဒိယနယ်စပ် |
| ၁၅ | ရိဒ် | မြန်မာ-အိန္ဒိယနယ်စပ် |
| ၁၆ | ကျိုင်းလပ် (ယာယီ) | မြန်မာ - လာအိုနယ်စပ် |

စက်မှုကုန်ထုတ်များနှင့် ကုန်ကြမ်းများ၊ လယ်ယာထွက်ကုန်များ ပိုမိုတိုးမြှင့်ရောင်းဝယ်နိုင်ရေးနှင့် ကုန်သွယ်မှုတိုးတက်လာစေရန်အတွက် (က) မယ်စဲ့စခန်း (ခ) ထန်တလန်စခန်း (ဂ) ပလက်ဝစခန်း (ဃ) မိုင်းလားစခန်း (င)ပန်ဆန်း (စ) စခန်း (ဆ) ပုံပါကျင် (BP 1) စခန်း (ဇ) ဘုရားသုံးဆူစခန်းများကို ဆက်လက်ဖွင့်လှစ်သွားမည်ဖြစ်ပါသည်။

**(ခ) စီးပွားရေးစင်္ကြံများ၊ တိုးတက်မှု အချက်အချာနေရာများ ဆက်သွယ်ခြင်းဖြင့် ဖွံ့ဖြိုး တိုးတက်မှုကို ရယူခြင်း**

နယ်စပ်ဒေသ ဆက်သွယ်ရေးလမ်းကြောင်းများကို လက်ရှိ အာဆီယံဒေသတွင်း စီးပွားရေးစင်္ကြံများနှင့် ချိတ်ဆက်ခြင်းဖြင့် တရုတ်နိုင်ငံနှင့် အိန္ဒိယနိုင်ငံများသို့ ကုန်သွယ်ရေး စီးပွားရေးဆက်သွယ်မှုများ မြင့်မားလာမည့်အပြင် အာရှအဝေးပြေးလမ်းမကြီး မဟာဗျူဟာ နှင့် မဲခေါင်ဒေသခွဲနိုင်ငံများ အစီအစဉ်အတွင်း ချမှတ်ထားသည့် ဘက်စုံပို့ဆောင်ရေးနှင့် ကုန်သွယ်ရေးချိတ်ဆက်မှုများကိုလည်း အထောက်အကူ ဖြစ်စေမည် ဖြစ်ပါသည်။

ဂျီအမ်အက်စ် အရှေ့-အနောက် စီးပွားရေးစင်္ကြံ (GMS East West Economic Corridor) သည် ရန်ကုန်၊ ဘားအံ၊ မြဝတီ၊ မော်လမြိုင်၊ ထားဝယ်မြို့များသို့ ဖြတ်သန်း ဆက်သွယ်သွားမည်ဖြစ်ပြီး ဂျီအမ်အက်စ် မြောက်ပိုင်း စင်္ကြံ (GMS Northern Economic Corridor) သည် မန္တလေး ၊ မူဆယ်၊ မန္တလေး၊ တမူးမြို့များသို့ ဆက်သွယ်သွားမည် ဖြစ် ပါသည်။ အရှေ့ - အနောက် စီးပွားရေးစင်္ကြံ (East West Economic Corridor) တွင် လမ်းပိုင်းသစ်အဖြစ် ဆက်လက်ဖောက်လုပ်ရန်ရှိပြီး တာချီလိတ်၊ မိတ္ထီလာ၊ ကျောက်ဖြူမြို့ များနှင့် ဆက်သွယ်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။ ဂျီအမ်အက်စ်တောင်ပိုင်းဒေသစင်္ကြံ (GMS Southern Corridor) သည် ထားဝယ်၊ သံဖြူဇရပ်၊ ဘုရားသုံးဆူမှ တစ်ဆင့် ထိုင်း နိုင်ငံသို့ လည်းကောင်း၊ ထားဝယ်မှ ထိုင်းနိုင်ငံနယ်စပ် ကော့သောင်းသို့ လည်းကောင်း ဆက်သွယ်သွားမည် ဖြစ်ပါသည်။ အဆိုပါစီးပွားရေးစင်္ကြံများနှင့် ဆက်သွယ်နေသည့် နယ်စပ် ကုန်သွယ်ရေးစခန်းများ ဖွံ့ဖြိုးတိုးတက်ရေးအား ဒုတိယကာလတို (၅) နှစ်စီမံကိန်းအတွင်း ဆောင်ရွက်သွားရန် ဖြစ်ပါသည်။

ဂျီအမ်အက်စ် အရှေ့-အနောက် စီးပွားရေးစင်္ကြံ (GMS East West Economic Corridor) တွင် စီးပွားရေးအခြေခံ အဆောက်အဦများ ခိုင်မာကောင်းမွန်စေရန်အတွက် ဒုတိယကာလတို (၅) နှစ်စီမံကိန်းအတွင်း မြဝတီကုန်သွယ်ရေးဇုန် ယာဉ်စစ်ကွင်း မြေတူး၊ မြေညှိခြင်း၊ ကွန်ကရစ်ခင်းခြင်း၊ မီးစက်ရုံတည်ဆောက်ခြင်း၊ ခြံစည်းရိုးကာရံခြင်းတို့ ဆောင်ရွက်ရန် လျာထားပါသည်။

ဂျီအမ်အက်စ် မြောက်ပိုင်းစင်္ကြံ (GMS Northern Economic Corridor) တွင် စီးပွားရေးအခြေခံ အဆောက်အဦများ ခိုင်မာကောင်းမွန်စေရန်အတွက် ဒုတိယကာလတို (၅)

နှစ်စီမံကိန်းအတွင်း မူဆယ် (၁၀၅) မိုင်ကုန်သွယ်ရေးဇုန်တွင် ပင်မရုံးနှစ်ထပ်၊ သွင်းကုန်စစ်ဆေးရေးရုံး၊ သွင်းကုန်ကုန်စစ်စင်၊ ယာဉ်ငယ်စစ်ဆေးရေးဂိတ်၊ အရာရှိ/ဝန်ထမ်းအိပ်ဆောင်၊ ဘားတိုက်၊ ဂိတ်ရုံများ၊ အများသုံးသန့်စင်ခန်းများ၊ ကားပါကင်များ၊ စားရိပ်သာ၊ မီးစက်ရုံတို့တည်ဆောက်ခြင်းများ၊ လျှပ်စစ်မီးသွယ်တန်းခြင်း၊ ရေတွင်း၊ ရေကန်၊ ရေစင်၊ ကွန်ကရစ် ခင်းခြင်း၊ Weight Bridge Foundation ပြုလုပ်ခြင်း၊ လွယ်ဂျယ်စခန်းခြံစည်းရိုးကာရံခြင်း၊ ချင်းရွှေဟော်စခန်း မြေထိန်းနံရံပြုလုပ်ခြင်း၊ မြေဖို့၊ မြေညှိခြင်း၊ Weight Bridge ဆောက်လုပ်ခြင်း၊ ကန်ပိုက်တီးစခန်းတွင် ခြံစည်းရိုးကာရံခြင်း လုပ်ငန်းများ၊ မန္တလေးရုံးခွဲ ကွဲဆည် ကန်တွင် ဝန်ထမ်းအိမ်ရာဆောက်လုပ်ခြင်း၊ မြေဖို့ မြေညှိခြင်း နှင့် ခြံစည်းရိုးကာရံခြင်း၊ တမူးနယ်စပ်ကုန်သွယ်ရေးစခန်းတွင် စခန်းဝင်ပေါက်လမ်းချဲ့ခြင်း၊ ကျောက်ချောလမ်းခင်းခြင်း၊ ကတ္တရာလမ်းပြုလုပ်ခြင်း၊ ထန်တလန်စခန်းတွင် ယာဉ်စစ်ကွင်းတည်ဆောက်ခြင်း၊ ခြံစည်းရိုး ကာရံခြင်းတို့ ဆောင်ရွက်သွားပါမည်။

အရှေ့-အနောက် လမ်းပိုင်းသစ်စင်္ကြံ (East West Economic Corridor) ၏ တာချီလိတ်စခန်းတွင် ကုန်စစ်စင် တည်ဆောက်ခြင်း၊ ခြံစည်းရိုးကာရံခြင်း၊ ကျိုင်းတုံရုံးခွဲ ဝန်ထမ်းအိမ်ရာ RC တစ်ထပ် တည်ဆောက်ခြင်း၊ မိုင်းလားနယ်စပ် ကုန်သွယ်ရေးစခန်း၊ ပန်ဆန်း (၀) နယ်စခန်း၊ ပုံပါကျင်စခန်းတို့အား စခန်းအသစ် ဖွင့်လှစ်နိုင်ရန်အတွက် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်သွားပါမည်။ မြန်မာ-လာအို ကုန်သွယ်မှုလမ်းကြောင်းရှိ ကျိုင်းလတ်စခန်းတွင် မြေနေရာရှင်းလင်းခြင်း၊ မြေညှိ၊ မြေဖို့ခြင်း၊ ကုန်စစ်စင်၊ ပင်မရုံး စသည့် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်သွားပါမည်။

တောင်ပိုင်းဒေသစင်္ကြံ (GMS Southern Corridor) တွင် မယ်စဲ့နယ်စပ်စခန်းအား လိုအပ်သည့် အဆောက်အဦများ ဆောက်လုပ်ခြင်း၊ မြိတ်စခန်းတွင် RC နှစ်ထပ်ရုံး တည်ဆောက်ခြင်း၊ ထီးခီးစခန်းနှင့် မောတောင်စခန်းတို့တွင် လိုအပ်သည့် အဆောက်အဦများ ဆောက်လုပ်ခြင်း၊ ဘုရားသုံးဆူစခန်းအား စခန်းသစ်ဖွင့်လှစ်နိုင်ရန်အတွက် လိုအပ်သည့် အဆောက်အဦ ဆောက်လုပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်သွားပါမည်။


## (ဂ) ပြည်တွင်းစီးပွားရေးစင်္ကြံများ

အမျိုးသားဘက်စုံဖွံ့ဖြိုးမှု နှစ် (၂၀) စီမံကိန်းတွင် ဦးစားပေးလမ်းကြောင်းများ အဆင့်မြှင့်တင်မှုအတွက် အောက်ပါ လမ်းကြောင်း (၄) ခု ကို ရွေးချယ် ထားပါသည်-

### (၁) ရန်ကုန် - မြဝတီ စီးပွားရေးစင်္ကြံ

ရန်ကုန်-မြဝတီစီးပွားရေးစင်္ကြံသည် မဟာဗျူဟာမြောက်အရေးပါသောကုန်သွယ်ရေးနှင့် ကူးသန်းရောင်းဝယ်ရေး လမ်းကြောင်းတစ်ခုဖြစ်ပြီး ရန်ကုန်၊ ပဲခူးနှင့် ကရင်ပြည်နယ်တို့ကို ဖြတ်သန်းလျက် ရန်ကုန်မှ ထိုင်းနိုင်ငံသို့ ချိတ်ဆက်ပေးထားပါသည်။ မြန်မာနိုင်ငံသို့ ထိုင်းနိုင်ငံမှ ပို့ကုန်အများစုမှာ မြဝတီ၊ မဲဆောက်နယ်စပ်မှတစ်ဆင့် နိုင်ငံတွင်းသို့ ဝင်ရောက်ရာ လမ်းကြောင်းဖြစ်ပြီး နယ်စပ်မှတစ်ဆင့် ရန်ကုန်၊ ပဲခူးတိုင်းဒေသကြီးများတွင် ဖွံ့ဖြိုးမှု အလားအလာကောင်းများ ရရှိစေမည် ဖြစ်ပါသည်။ ဤစီးပွားရေးစင်္ကြံသည် နိုင်ငံ၏ ဖွံ့ဖြိုးမှုဝင်ရိုး (ရန်ကုန်)၊ သီလဝါအထူးစီးပွားရေးဇုန်၊ နယ်စပ် ကုန်သွယ်ရေးဇုန် (မြဝတီ) တို့ဖြင့် အချိတ် အဆက်ရှိနေကာ ပဲခူး၊ သထုံ၊ ဖာပွန် ဖွံ့ဖြိုးရေး အတွက် အလားအလာရှိသော ဒေသ (၃) ခု ကို လည်း ဆက်သွယ်ပေးထားနိုင်မည် ဖြစ်ပါသည်။

ပုံ ၅ - ၁၁
ရန်ကုန် (အထူးစီးပွားရေးဇုန်) မှ မြဝတီ





### (၂) တောင်-မြောက် စီးပွားရေးစင်္ကြံ (ရန်ကုန် - မြစ်ကြီးနား)

တောင်-မြောက်စီးပွားရေးစင်္ကြံသည် နိုင်ငံ၏ အဓိက ဖွံ့ဖြိုးမှုဝင်ရိုး (၂) ခု ဖြစ်သော ရန်ကုန်နှင့် မန္တလေးတို့ကိုဖြတ်၍ ချိတ်ဆက်ပေးထားရာ နိုင်ငံ၏ဆက်သွယ်မှု ကျောရိုးအဖြစ် သတ်မှတ်နိုင်ပါသည်။ တောင် - မြောက် စီးပွားရေးစင်္ကြံသည် ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်တို့အား

ဖြတ်သန်းသွားပြီးတိုင်းဒေသကြီးများ၏ အဓိကမြို့ကြီးများဖြစ်သော ရန်ကုန်၊ နေပြည်တော်၊ မန္တလေး၊ မြစ်ကြီးနားမြို့တို့ကို ဆက်သွယ်ပေးထားပါသည်။ ဖွံ့ဖြိုးမှု ဝင်ရိုး (၂) ခုမှ စီးပွားရေးနှင့် နည်းပညာ ဖြန့်ကျက်လာမှုသည် ဖွံ့ဖြိုးရေးအချက်အချာနေရာများ ဖြစ်သည့် ပဲခူး၊ တောင်ငူ၊ နေပြည်တော်၊ မိတ္ထီလာနှင့် မြစ်ကြီးနားမြို့များသို့ ရောက်ရှိလာပြီး ထိုဒေသများ၏ ဖွံ့ဖြိုးမှုကို တွန်းအားပေးနိုင်မည် ဖြစ်ပါ သည်။ ဤစင်္ကြံ၏ ပထဝီနယ်မြေဒေသအတွင်း သီလဝါအထူး စီးပွားရေးဇုန်၊ စက်မှုဇုန် (၂၄) ခု၊ စက်မှုဇုန်ခွဲ (၇) ခု ပါဝင်လျက် ရှိပါသည်။

ပုံ ၅-၁၂

တောင်- မြောက် စီးပွားရေးစင်္ကြံ




**(၃) အရှေ့မြောက် - အနောက်တောင် စီးပွားရေးစင်္ကြံ**

အရှေ့မြောက် - အနောက်တောင် စီးပွားရေးစင်္ကြံသည် ကျောက်ဖြူအထူးစီးပွားရေးဇုန်မှ မကွေး၊ မန္တလေးတို့ကို ဖြတ်ကာ ရှမ်းပြည်နယ်၊ မူဆယ်နယ်စပ် မှတစ်ဆင့် တရုတ်နိုင်ငံသို့ ဆက်သွယ်ထားသည့် သဘာဝဓာတ်ငွေ့ပိုက်လိုင်း လမ်းကြောင်းအတိုင်း ဖြစ်ပါသည်။ ဤစီးပွားရေးစင်္ကြံသည် ကျောက်ဖြူအထူးစီးပွားရေးဇုန်နှင့် စက်မှုဇုန် (၁၀) ခု အပါအဝင် ကျောက်ဖြူ၊ မကွေး၊ မိတ္ထီလာ၊ ပြင်ဦးလွင်၊ လားရှိုး၊ မူဆယ်မြို့ အထိ ချိတ်ဆက်ထားပါသည်။ ကျောက်ဖြူသည် ကမ်းလွန် ဓာတ်ငွေ့ (ရွှေစီမံကိန်း) အတွက် ကုန်းတွင်းဝင်ပေါက် ဖြစ်ပါသည်။

ပုံ ၅-၁၃


အရှေ့- မြောက်နှင့် အနောက်- တောင်စီးပွားရေးစင်္ကြံ



### (၄) အရှေ့ - အနောက် စီးပွားရေးစင်္ကြံ

အရှေ့ - အနောက် စီးပွားရေးစင်္ကြံသည် ထိုင်းနိုင်ငံနှင့် လာအိုနိုင်ငံကို ရှမ်းပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးများနှင့် ချင်းပြည်နယ်တို့ကိုဖြတ်လျက် အိန္ဒိယနိုင်ငံမဏိပူရပြည်နယ်သို့ ချိတ်ဆက်ပေးထားပါသည်။ မန္တလေးမြို့ကို ဖြတ်လျက် အလားအလာ ကောင်းမွန်သော ဖွံ့ဖြိုးရေးအချက်အချာ (၇) ခု ဖြစ်သော ကျိုင်းတုံ၊ လွယ်လင်၊ တောင်ကြီး၊ မိတ္ထီလာ၊ ပခုက္ကူ၊ မုံရွာ၊ ကလေးမြို့များနှင့် ချိတ်ဆက်ထားပါသည်။ ဤ စီးပွားရေးစင်္ကြံသည် မြန်မာနိုင်ငံကို မိုင်းလားမြို့ မှတစ်ဆင့် တရုတ်နိုင်ငံသို့ လည်းကောင်း၊ တာချီလိတ်မြို့မှ ထိုင်းနိုင်ငံသို့လည်းကောင်း၊ တမူးမြို့မှတစ်ဆင့် အိန္ဒိယနိုင်ငံသို့ လည်းကောင်း ချိတ်ဆက်ပေးနိုင်ပြီး၊ ကုန်သွယ်မှုတွင် ကြားခံနယ်မြေအဖြစ် အသုံးပြုပေးနိုင်ရန် ရည်ရွယ်ပါသည်။ ဤစီးပွားရေးစင်္ကြံသည် ရှမ်းပြည်နယ်၏ ဖွံ့ဖြိုးမှုကို အကျိုးပြုစေမည် ဖြစ်ပါသည်။ စက်မှုဇုန်(၉)ခုသည် မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် တည်ရှိနေပါသည်။ ရှမ်းပြည်နယ်ရှိ ကျိုင်းတုံသည် စက်မှုဇုန် ထူထောင်ရန် သင့်တော်သောနေရာတစ်ခုဖြစ်၍ တရုတ်နိုင်ငံနှင့် ထိုင်းနိုင်ငံတို့မှ နိုင်ငံအတွက် အကျိုးကျေးဇူးများကို ယူဆောင်လာနိုင်မည်ဟု မျှော်မှန်းပါသည်။

ပုံ ၅-၁၄
အရှေ့- အနောက်စီးပွားရေးစင်္ကြံ




အမျိုးသားဘက်စုံဖွံ့ဖြိုးမှု စီမံကိန်းတွင်ဖော်ပြထားသည့် စင်္ကြံများသည် ဖွံ့ဖြိုးမှု ဝင်ရိုး ၂ ခု ဖြစ်သည့် ရန်ကုန်နှင့် မန္တလေးဒေသတို့ကို အခြေခံ၍ ဖော်ထုတ်ထားသည့် လမ်းကြောင်းများ ဖြစ်သည့်အတွက် လမ်းကြောင်းတစ်လျှောက် လယ်ယာအခြေခံ စက်မှုလုပ်ငန်းများ၊ စက်မှုနှင့်ဝန်ဆောင်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေခြင်းဖြင့် နိုင်ငံအတွက် ဖွံ့ဖြိုးမှုအကျိုးကျေးဇူးများ ရရှိစေမည် ဖြစ်ပါသည်။

တိုင်းဒေသကြီး/ ပြည်နယ် (၁၄) ခု အနက် (၁၂) ခုတွင် စုစုပေါင်း စက်မှုဇုန် (၃၇) ခု ရှိပြီး ယင်းစက်မှုဇုန်များသည် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအား တွန်းအားပေးရန်၊ လုပ်ငန်းသစ်များ ဖွံ့ဖြိုးရန် ရည်ရွယ်ပါသည်။ ထို့ကြောင့် စက်မှုဇုန်များအတွက် ပိုမိုခေတ်မီသော စီးပွားရေးပတ်ဝန်းကျင်နှင့် အလုပ်သမား၊ ဈေးကွက် ပိုမိုရရှိရေးတို့ကို မြှင့်တင်ပေးရန် လိုအပ်ပါသည်။ လမ်းကြောင်းများရှိ မြို့များ၌ စက်မှုလက်မှု အခြေခံလုပ်ငန်းများ၊ စိုက်ပျိုးရေး အခြေခံစက်မှုလုပ်ငန်းများနှင့် ဝန်ဆောင်မှုလုပ်ငန်းများ တိုးတက်ဖြစ်ပေါ်ရေးသည် အရေးကြီးပြီး ဒုတိယကာလတို (၅) နှစ် စီမံကိန်းတွင် ထည့်သွင်းဆောင်ရွက်မည် ဖြစ်သည်။

စီးပွားရေးစင်္ကြံများ ဖွံ့ဖြိုးလာခြင်းဖြင့် ဒေသများအကြား ဖွံ့ဖြိုးမှု ကွာဟချက်ကို ကျဉ်းမြောင်းစေနိုင်ပြီး ဒေသများတွင် ရင်းနှီးမြှုပ်နှံမှု၊ ကုန်သွယ်မှု၊ ဖွံ့ဖြိုးတိုးတက်မှုနှင့် အလုပ်အကိုင်စသည့် အခွင့်အလမ်းများ တိုးမြှင့်ရရှိစေနိုင်ပါသည်။ စီးပွားရေးစင်္ကြံများသည် ခေတ်မီတိုးတက်သော သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ၊ လျှပ်စစ်ဓာတ်အား အမြဲရရှိမှု၊ စိတ်ချရသော ဆက်သွယ်ရေးလုပ်ငန်းများ၊ အင်တာနက်ကို ကျယ်ကျယ်ပြန့်ပြန့် လက်လှမ်းမီရေးတို့ကို ပေးဆောင်နိုင်စွမ်း ရှိလာမည်ဖြစ်ပါသည်။ ထို့ကြောင့် အထူးစီးပွားရေးဇုန်များ၊ စီးပွားရေးစင်္ကြံများ၊ စက်မှုဇုန်များ၊ နယ်စပ်ကုန်သွယ်ရေးစခန်းများ လွယ်ကူအဆင်ပြေ ချောမွေ့စေမည့် လက်ရှိ အခြေခံအဆောက်အအုံများအား အဆင့်မြှင့်တင်ခြင်း၊ အခြေခံအဆောက်အအုံသစ်များ၊ သယ်ယူပို့ဆောင်ရေးလိုအပ်ချက်များ ဖြည့်ဆည်းပေးသွားမည် ဖြစ်ပါသည်။

ထိုသို့စင်္ကြံလမ်းပေါ်ရှိ အထူးစီးပွားရေးဇုန်များ၊ စက်မှုဇုန်များ၊ နယ်စပ်ကုန်သွယ်မှုစခန်းများ ဖွံ့ဖြိုးစေခြင်းဖြင့် ကုန်သွယ်မှု ဖွံ့ဖြိုးတိုးတက်စေပါသည်။ တောင်-မြောက် စင်္ကြံသည် ယင်းလမ်းကြောင်းပေါ်ရှိ နယ်စပ်ဒေသ၏ အဓိကလမ်းကြောင်းဖြစ်သကဲ့သို့ ပင်လယ်ရေကြောင်း ကုန်သွယ်ရေးအတွက် အထက်မြန်မာနိုင်ငံမှ ကုန်စည်တစ်ဆင့် ပို့ဆောင်သည့်လမ်းကြောင်းလည်း ဖြစ်ပါသည်။ သို့ဖြစ်ရာ ယင်း စင်္ကြံလမ်းကြောင်းပေါ်ရှိ ကုန်သွယ်ရေးစခန်းများ ဖြစ်သည့် လွယ်ဂျယ်-ကန်ပိုက်တီး၊ မူဆယ် ၊ အရှေ့-အနောက် လမ်းကြောင်းရှိ တာချီလိတ်-ရိဒ်၊ အနောက်မြောက်-အနောက်တောင်ရှိ မူဆယ်၊ အရှေ့တောင်-အနောက်မြောက်ရှိ မူဆယ်၊ တမူး လမ်းကြောင်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရန်လိုအပ်ပြီး၊ အခြေခံအဆောက်အအုံ

နှင့် အဖွဲ့အစည်းဆိုင်ရာ တိုးတက်ဖွံ့ဖြိုးရေး အရေးကြီးပါသည်။ အသစ်ထပ်မံ ဖွင့်လှစ်ထားသည့် နယ်စပ်စခန်းများ ဖွံ့ဖြိုးတိုးတက်ရေးကိုလည်း အလေးထားပြီး၊ ကုန်သွယ်မှု လွယ်ကူချော မွေ့စေခြင်းဖြင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုရန် ဖြစ်သည်။

အိမ်နီးချင်းနိုင်ငံများနှင့် ဒေသဖြတ်ကျော် စီးပွားရေးစင်္ကြံများ တည်ဆောက်လျက်ရှိရာ အဆိုပါ စီးပွားရေးစင်္ကြံများမှ အခွင့်အလမ်းကောင်းများရရှိရေးနှင့် ဖြစ်ပေါ်လာနိုင်သည့် လူမှု စီးပွား ဆိုးကျိုးများရှောင်ရှားနိုင်ရေး အစီအမံများကို ကြိုတင်စီမံဆောင်ရွက်ရန် လိုအပ်ပါသည်။

## ၅-၇။ လုပ်သာကိုင်သာရှိသည့် စီးပွားရေးဝန်းကျင် ဖြစ်ပေါ်စေခြင်း

မြန်မာနိုင်ငံသည် ပီပြင်သောဈေးကွက်စီးပွားရေးစနစ်ကို ဖော်ဆောင်နိုင်ရန်အတွက် လုပ်သာကိုင်သာရှိသည့် စီးပွားရေးဝန်းကျင်တစ်ရပ်ဖြစ်ပေါ်စေရန် ဖြေလျှော့မှုများပြုလုပ်ခဲ့ပြီး ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကို နိုင်ငံ၏ပြုပြင်ပြောင်းလဲမှုများတွင် အရေးကြီးသည့် ပြုပြင်ပြောင်းလဲမှုတစ်ရပ်အနေဖြင့် ဦးစားပေးဆောင်ရွက်ခဲ့ပြီး ပိုမို အရှိန်မြှင့်ဆောင်ရွက်ခဲ့ ပါသည်။ ပထမကာလတို(၅) နှစ်စီမံကိန်းကာလ ကနဦးပိုင်းနှစ်များမှစ၍ မေခရိုစီးပွားရေး တည်ငြိမ်စေရေးအတွက် ဘဏ္ဍာရေးနှင့်အခွန်စနစ်များ ပြုပြင်ပြောင်းလဲပေးခြင်း၊ ငွေကြေး ကဏ္ဍ၌ လိုအပ်သည့်ပြုပြင်ပြောင်းလဲမှုများပြုလုပ်ခြင်း၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု ဖြေလျှော့ပေးခြင်းနှင့်အတူ နိုင်ငံသားရင်းနှီးမြှုပ်နှံမှု ဥပဒေ၊ နိုင်ငံခြားသား ရင်းနှီးမြှုပ်နှံမှု ဥပဒေ၊ နိုင်ငံပိုင်စက်ရုံများလုပ်ငန်းများ ပုဂ္ဂလိကအသွင်ကူးပြောင်းရေး၊ စက်မှုဇုန်များ၊ ကုန်သွယ်ရေးဇုန်များတည်ထောင်၍ လိုအပ်ချက်များ ဖြည့်ဆည်းပေးခြင်းများ ဆောင်ရွက်ခဲ့ ပါသည်။ ၎င်းအပြင် ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုကို အလျင်အမြန်ဖြစ်ပေါ်စေရန် ပံ့ပိုး ပေးမည့် လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်မီး၊ ဆက်သွယ်ရေး ကွန်ယက်များကိုလည်း အင်နှင့်အားနှင့် ဖြည့်ဆည်းပေးခဲ့ပါသည်။ သို့ဖြစ်ပါ၍ **ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု အခြေခံကောင်းများ ဖန်တီးရာတွင်** ဒုတိယကာလတို (၅)နှစ် စီမံကိန်းကာလအတွင်းတွင် အောက်ဖော်ပြပါ ကိစ္စရပ်များအား ဆောင်ရွက်ရန် ဖြစ်ပါသည်-

- နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့်တွန်းအားပေး၍ ပို့ကုန်မြှင့်တင်ရေး၊ ပုဂ္ဂလိကကဏ္ဍ မြှင့်တင်ရေး၊ ဒေသဖွံ့ဖြိုးရေး စီမံချက်များအား စီးပွားဖြစ် ပူးပေါင်းဆောင်ရွက်မှု အဖြစ်သို့ ကူးပြောင်းစေခြင်း၊

- ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုအား ပြည်သူများ အကျိုးကျေးဇူး ဖြစ်ထွန်းစေရန် အတွက် ညှိနှိုင်းခြင်း၊
- ရင်းနှီးမြှုပ်နှံမှု ဥပဒေအသစ် ပြဋ္ဌာန်းကျင့်သုံးစေခြင်း၊
- အစိုးရ- ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှု ( Public Private Partnership) များအား လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်စေရန် ဥပဒေမူဘောင်များ ပေါ်ပေါက်စေခြင်း၊
- ဘဏ္ဍာရေးမူဝါဒ၊ ငွေကြေးမူဝါဒများဖြင့် မေခရိုစီးပွားရေးတည်ငြိမ်စေရန် ဆောင်ရွက်ခြင်း၊ ငွေဖောင်းပွမှုနှုန်းအား ထိန်းချုပ်ခြင်း၊
- ဘဏ်လုပ်ငန်းနှင့် ငွေကြေးဈေးကွက်၊ ဘဏ္ဍာရေးဈေးကွက်များပိုမိုတိုးတက်စေခြင်း၊
- စတော့ ရှယ်ယာဈေးကွက် စတင်ဖွံ့ဖြိုးလာစေခြင်း၊
- ဘဏ္ဍာရေးဆိုင်ရာ ဝန်ဆောင်မှုများတွင် လူများစု ပါဝင်စေရန် Financial Inclusion ဖြစ်ပေါ်စေခြင်း၊
- ငွေသားဖြင့် ပေးချေသည့် အလေ့အထအား ဘဏ်စနစ်မှတစ်ဆင့် ပေးချေသည့် စနစ်များ တိုးတက်လာစေခြင်း၊
- ကြားခံကုန်ကျစရိတ်များကို လျှော့ချပေးခြင်း၊
- လုပ်ငန်းများအား ၎င်းတို့၏ လည့်လည်ငွေရင်းအား ထိရောက်စွာ အသုံးပြုနိုင်ခြင်း၊ ၊ ငွေကြေးဆိုင်ရာ ကြားခံဆောင်ရွက်ခြင်းဖြင့် အရင်းအနှီးစုစည်းခြင်း၊
- ဘဏ်လုပ်ငန်းစနစ်သည် စုဆောင်းမှုကိုအားပေးပြီး ချေးငွေများကို အမြတ် ပိုမိုရရှိပြီး စီးပွားရေးလုပ်ဆောင်မှုများအား အားပေးခြင်း၊
- ဘဏ်လုပ်ငန်းစနစ်တစ်ရပ် ဖွံ့ဖြိုးစေခြင်းမှတစ်ဆင့် မေခရိုစီးပွားရေးတည်ငြိမ်မှုအား အထောက်အပံ့ဖြစ်စေခြင်း၊
- နိုင်ငံတကာအဖွဲ့အစည်းများထံမှ ရင်းနှီးမြှုပ်နှံမှုနှင့်ပတ်သက်၍ အဆင့်သတ်မှတ်ချက် ရယူနိုင်ရန် နိုင်ငံတကာအရင်းအနှီး ဈေးကွက်များတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများ နှင့် ချိတ်ဆက်ရန် မြန်မာနိုင်ငံ၌ Credit Rating Agency များ ပေါ်ပေါက်စေခြင်း၊
- စီးပွားရေးနှင့်ရင်းနှီးမြှုပ်နှံမှု အခြေခံကောင်းများ ဖြစ်ပေါ်စေရေးအတွက် ဥပဒေ၊ မူဘောင်များ၊ လုပ်ထုံးလုပ်နည်းများ လွယ်ကူသိသာစေနိုင်သည့် လုပ်သာကိုင်သာရှိသည့်

စီးပွားရေးဝန်းကျင်များ ဖြစ်ပေါ်စေသည့် ကောင်းမွန်သည့် အုပ်ချုပ်မှုစနစ်တစ်ရပ် ပေါ်ပေါက်စေခြင်း၊ လုပ်ထုံးလုပ်နည်းများ၊ ဥပဒေများသိရှိစိမ့်ဝင်ပျံ့နှံ့စေခြင်း၊

- ကုမ္ပဏီနှင့် စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ခွင့်များ ပွင့်လင်းထင်သာမှု ရှိစေခြင်း၊
- စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှု အခြေခံကောင်းများ ဖြစ်ပေါ်စေရေးအတွက် အခြေခံ အဆောက်အအုံများဖြင့် ဖြည့်ဆည်းတည်ဆောက်ပေးခြင်း၊ပြည်တွင်းပြည်ပဒေသများ နှင့် ချိတ်ဆက်ရေးတို့အား ဆောင်ရွက်ခြင်း၊
- ပြည်တွင်း ပြည်ပ ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံမှုများကို အားပေး နိုင်ရေးအတွက် စီးပွားရေး စကြံများကို စနစ်တကျစီမံကိန်းချထားသော ဇုန်နယ်မြေစနစ်၊ ဘက်စုံထိရောက်သော ပို့ဆောင်ရေးနှင့် ထောက်ပံ့ရေးကွန်ရက်၊ အရည်အသွေးရှိ ပညာရေးနှင့် ကျန်းမာရေး ဝန်ဆောင်မှုများ၊ ကျွမ်းကျင်လုပ်သားများဖြင့်မွေးထုတ် ပံ့ပိုးပေးခြင်း၊
- ဆက်သွယ်ရေး ကဏ္ဍတွင်လည်း အိုင်တီချိတ်ဆက်မှုကွန်ယက်များ၊ ဆက်သွယ်ရေး အရည်အသွေး ပိုမိုတိုးတက်ကောင်းမွန်စေခြင်း၊
- ကုန်သည်လုပ်ငန်းများအနေဖြင့် ငွေပေးချေမှုလုပ်ငန်းများ ပိုမို အဆင်ပြေချောမွေ့စေ ရေးအတွက် နယ်စပ်ကုန်သွယ်ရေးစခန်းများတွင် ကောင်တာများဖွင့်လှစ်၍ ငွေလွှဲ လုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊
- အာမခံလုပ်ငန်းများ တိုးတက်စေခြင်း၊
- ငွေရေးကြေးရေးစနစ် တည်ငြိမ်ခိုင်မာမှုကို ထိန်းသိမ်းခြင်း၊
- လျင်မြန်ထိရောက်သောငွေပေးချေမှုစနစ်နှင့် ငွေချေးစာချုပ်ဈေးကွက် (Bond Market) ဖွံ့ဖြိုးတိုးတက်စေခြင်း၊
- နိုင်ငံခြားငွေဖြင့် ဆောင်ရွက်သည့်လုပ်ငန်းစဉ်များ အဆင်ပြေစွာ ဆောင်ရွက်နိုင်ရေး တို့ကို အဓိကထားဆောင်ရွက်ခြင်းနှင့် လုပ်ငန်းရှင်များ၏ အရင်းအနှီးလိုအပ်မှုကို ငွေကြေးဈေးကွက်မှ တိုက်ရိုက်ရယူသုံးစွဲစေခြင်းဖြင့် အရင်းအနှီးငွေကြေးရွှေ့ပြောင်း စီးဆင်းမှုကို မြန်ဆန်စေခြင်း၊
- ပြည်တွင်းငွေချေးစာချုပ်ဈေးကွက်ဖွံ့ဖြိုးတိုးတက်စေခြင်းဖြင့်လှည့်လည်သုံးစွဲငွေများ မှရင်းနှီးမြှုပ်နှံငွေအဖြစ်ပြောင်းလဲစေရန်ဆောင်ရွက်ပြီး ငွေဖောင်းပွမှုနှုန်းကို လျော့ကျ စေရန်နှင့် ငွေချေးစာချုပ်များအားကာလရှည်၊ ကာလလတ်စသည်ဖြင့် အမျိုးအစား အမျိုးမျိုးတိုးချဲ့ထုတ်ဝေခြင်း၊

- နိုင်ငံတကာ ငွေပေးချေမှု စနစ်များနှင့်အညီဆောင်ရွက်နိုင်ရန် အမျိုးသားငွေပေးချေမှု စနစ်နှင့် စာရင်းရှင်းလင်းမှုစနစ်ဖွံ့ဖြိုးတိုးတက်စေခြင်း၊
- နိုင်ငံပိုင်ဘဏ်နှင့်ပုဂ္ဂလိကပိုင်ဘဏ်များအား Card Payment Network တည်ထောင်ပြီး MPU Debit Cardဖြင့် မည်သည့်ဘဏ်ရှိATMစက်တွင်မဆို သုံးစွဲနိုင်ရန်၊ ဆိုင်များ၊ ဟိုတယ်များတွင် သုံးစွဲနိုင်ရန်နှင့် နိုင်ငံတကာတွင် သုံးစွဲနိုင်ရန်၊ International Card များ၊ Credit Card များကိုပါသုံးစွဲနိုင်စေရန် ဆောင်ရွက်ပေးခြင်း၊
- ပြည်တွင်း ပုဂ္ဂလိကလုပ်ငန်းများနှင့် အသေးစားနှင့်အလတ်စားစက်မှုလုပ်ငန်းများ အတွက် နိုင်ငံတကာအဖွဲ့အစည်းများထံမှ အတိုးနှုန်းသက်သာသည့် Two Step Loan များ ထုတ်ချေးနိုင်ရန်နှင့်အာမခံ လုပ်ငန်းဆိုင်ရာ ကြားခံပုဂ္ဂိုလ်/ လုပ်ငန်း/ အဖွဲ့အစည်းအဖြစ် ဆောင်ရွက်ခြင်းလုပ်ငန်း (Insurance Intermediation) များ ဆောင်ရွက်ခြင်း၊
- လိုင်စင်ရဘဏ်များနှင့်နိုင်ငံခြားဘဏ်ခွဲများအကြား Forward နှင့် Swap Dealing ဆောင်ရွက်မှုများကိုဖွံ့ဖြိုးတိုးတက်စေရန်ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီးငွေရေးကြေးရေးလုပ်ငန်း ဝန်ဆောင်မှုအသစ်များ (ဥပမာ - မိုဘိုင်း ငွေရေးကြေးရေးဝန်ဆောင်မှု) အတွက်လိုအပ်သောစည်းမျဉ်း (Regulation) ထုတ်ပြန်ပေးသည့် လုပ်ငန်းများ ဆောင်ရွက်ပေးသွားခြင်း၊ ယင်းကတ်ကိုသုံးစွဲခြင်းဖြင့် မြန်မာနိုင်ငံနှင့်နိုင်ငံတကာတွင် မြန်မာကျပ်ငွေဖြင့်ငွေပေးချေနိုင်စေရန်ဆောင်ရွက်ပေးခြင်းဖြင့်စီးပွားရေးလုပ်ငန်းများ အတွက်ဘဏ်စနစ်နှင့်ငွေကြေးဆိုင်ရာဝန်းကျင်ကောင်းများဖန်တီးပေးခြင်း ၊
- ပို့ကုန်၊ သွင်းကုန် လိုင်စင်များလျှောက်ထားခြင်းကို Online စနစ်ဖြင့် တိုးတက်အောင် ဆောင်ရွက်ခြင်း၊
- ပို့ကုန်များအား ကုန်ပစ္စည်းအရည်အသွေး ပြည့်ဝစေရေးကိစ္စရပ်များ၊ ပို့ကုန်နှင့် စပ်လျဉ်းသည့် သတင်းအချက်အလက်များအား သိရှိပျံ့နှံ့စေခြင်း၊
- အနာဂတ်ကုန်သွယ်မှုအတွက် အထောက်အပံ့ ဖြစ်စေမည့် Origin Criteria များ ပြုစုညှိနှိုင်း ဆောင်ရွက်ခြင်းနှင့် စက်မှုထုတ်ကုန်များအတွက် ပင်ရင်းနိုင်ငံ သက်သေခံလက်မှတ်များစိစစ်ခွင့်ပြုထုတ်ပေးခဲ့သည့်အတွက် ပြည်တွင်းလုပ်ငန်းရှင်များအတွက် အခွန်သက်သာခွင့်များ ခံစားရရှိစေခြင်း၊

- အစိုးရ၏ကုန်သွယ်မှု မူဝါဒနှင့် မဟာဗျူဟာတို့ကို ရှင်းရှင်းလင်းလင်း ဖော်ထုတ်ထားသည့် အမျိုးသားပို့ကုန် မဟာဗျူဟာ National Export Strategies ကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ဦးဆောင်၍ရေးဆွဲခဲ့ပြီး ဖြစ်၍ အမျိုးသားပို့ကုန်မဟာဗျူဟာတွင် ပို့ကုန်တိုးတက်ရေး၊ လူမှုစီးပွားရေးရည်မှန်းချက်များနှင့် အလုပ်အကိုင် အစရှိသည်တို့ကို အကျိုးသက်ရောက်စေမည့် ဦးစားပေးလုပ်ငန်းအစီအစဉ်များအား ဖွံ့ဖြိုးမှု မိတ်ဖက်များနှင့် ဆက်လက် အကောင်ထည်ဖော်ခြင်းတို့ကို ဆောင်ရွက်ပေးသွားမည် ဖြစ်ပါသည်။

## ၅-၈။ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး


ရေရှည်ဖွံ့ဖြိုးတိုးတက်မှုအတွက် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးသည် အခြေခံရင်းမြစ်တစ်ရပ်ဖြစ်သောကြောင့် ထုတ်လုပ်နိုင်စွမ်းရှိသောလုပ်သားများနှင့်ကျွမ်းကျင်လုပ်သားများ မွေးထုတ်ပေးနိုင်ရေးသည် အလွန်အရေးကြီးပါသည်။ ယခင်က လူ့စွမ်းအားအရင်းအမြစ်ကို နိုင်ငံတစ်နိုင်ငံ၏ လုပ်သားအင်အားအရေအတွက်နှင့် အရည်အသွေးဖြင့် တိုင်းတာပြီး ယခုအခါ လူ့စွမ်းအားအရင်းအမြစ်ကိုတိုင်းတာရာတွင် လူဦးရေ အရေအတွက်ထက် ပြည်သူတစ်ဦးချင်းစီ၏ အရည်အသွေးမည်မျှ မြင့်မားမှုအပေါ် မူတည်၍ ဆုံးဖြတ်ကြပါသည်။ ပြည်သူတစ်ဦးချင်းစီ၏အရည်အသွေးဟုဆိုရာတွင် ပညာရည်အဆင့်၊ ကျွမ်းကျင်မှု၊ စွန့်ဦးတီထွင်နိုင်မှု၊ ကျန်းမာရေး အဆင့်အတန်းနှင့် လူနေမှုဘဝ အရည်အသွေး စသည်များ ပါဝင်ပါသည်။

၂၀၁၄ ခုနှစ် မြန်မာနိုင်ငံလူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းအရ မြန်မာနိုင်ငံ၏ လူဦးရေစုစုပေါင်းမှာ ၅၁ သန်းကျော်ဖြစ်ပါသည်။ ၂၀၁၄ ခုနှစ် လူဦးရေပိရမစ်တွင် အသက် (၀ - ၉) အုပ်စုဝင် လူဦးရေလျော့ကျလာပြီး အလုပ်လုပ်နိုင်သည့် အသက်အရွယ်အုပ်စုလူဦးရေ တဖြည်းဖြည်း တိုးမြင့်လာသည်ကို တွေ့ရှိရပါသည်။ ထိုစာရင်းအရ အလုပ်လုပ်နိုင်သည့်အသက်အရွယ်အုပ်စုဖြစ်သော အသက် ၁၅ နှစ် မှ ၆၄ နှစ် အကြားဦးရေမှာ မြင့်မားသည့် အနေအထားဖြစ်နေသည့်အတွက် လူဦးရေဆုလဒ်ရရှိသည်ဟုပင် တင်စားထားသည့်အတိုင်း ၎င်းတို့၏ စွမ်းဆောင်နိုင်မှုဖွံ့ဖြိုးတိုးတက်စေရန် လေ့ကျင့်မှုများပေးခြင်း၊ သင်တန်းများပေးခြင်း၊ အခွင့်အလမ်းများနှင့် ဆက်စပ်ပေးခြင်း၊ ၎င်းတို့၏ အရည်အသွေး ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပေးမည့် ပတ်ဝန်းကျင်နှင့် ဆက်စပ်ပေး

ခြင်း၊ ဖန်တီးပေးခြင်းများဖြင့် စွမ်းဆောင်ရည်များ ဖြည့်ဆည်းပေးခြင်းဖြင့် ရရှိပြီးသော လူဦးရေ၏ဆုလဒ်ကို နိုင်ငံ၏စီးပွားရေးတိုးတက်မှုတွင် အထောက်အကူပြုမည့် လုပ်သား အင်အားအဖြစ် ဆောင်ရွက်ပေးရမည်ဖြစ်သည်။ အတတ်ပညာနှင့်ပြည့်စုံပြီး ကျွန်းမာသည့် လုပ်သားများလိုအပ်ပြီး လုပ်ငန်းနယ်ပယ်အလိုက် ကျွမ်းကျင်မှု မြင့်မားလာရေးအတွက် လေ့ကျင့်သင်ကြားပေးခြင်းသည် နိုင်ငံတိုးတက်ရေးနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု၊ ကုန်ထုတ်စွမ်းရည် မြင့်မားမှုနှင့်ရေရှည်တွင် နိုင်ငံတကာနှင့်ယှဉ်ပြိုင်နိုင်စွမ်း မြင့်မားလာရေး တို့အတွက် အရေးကြီးသည့် အခြေခံစွမ်းအားတစ်ရပ် ဖြစ်သည့် အတွက် လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်းကို စနစ်တကျ ရေးဆွဲရမည်ဖြစ်သည်။

**ပုံ ၅-၁၅**


**၁၉၈၃ ခုနှစ် နှင့် ၂၀၁၄ ခုနှစ် မြန်မာနိုင်ငံ၏ လူဦးရေပိရမစ်**




**ဘာစ်မြစ်။ ၂၀၁၄ခုနှစ်မြန်မာနိုင်ငံလူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်း**

ပုံ ၅-၁၆

၁၉၈၃ခုနှစ် မှ ၂၀၁၄ခုနှစ် အထိ မြန်မာနိုင်ငံ၏ မှီခိုသူအချိုးအခြေအနေ




ဇာစ်မြစ်။ ၂၀၁၄ခုနှစ်မြန်မာနိုင်ငံလူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်း

## (က) ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်မှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အထိ လူဦးရေနှင့်မှီခိုသူအချိုး ခန့်မှန်းချက်

မြန်မာနိုင်ငံလူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်း (၂၀၁၄) အရ သန်းခေါင်စာရင်းကောက်ယူရရှိသော လူဦးရေ စုစုပေါင်း ၅၀,၂၇၉,၉၀၀ (လုံခြုံရေးနှင့် အခြားအခြေအနေများကြောင့် သန်းခေါင်စာရင်းမကောက်ယူနိုင်သည့်ဒေသအချို့၏ လူဦးရေမပါဝင်ပါ) ကို အခြေခံ၍ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်မှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အထိ တိုးတက်ပြောင်းလဲလာမည့် မြန်မာနိုင်ငံ၏ လူဦးရေနှင့်မှီခိုသူအချိုးခန့်မှန်းချက်ကို အောက်ဖော်ပြပါဇယားတွင် ဖော်ပြထားပါသည်။

ဇယား၅-၁၇

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် မှ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အထိ

တိုးတက်ပြောင်းလဲလာမည့်မြန်မာနိုင်ငံ၏ လူဦးရေနှင့်မှီခိုသူအချိုးခန့်မှန်းချက်

| စဉ် | ဘဏ္ဍာနှစ် | လူဦးရေ | အလုပ်လုပ်နိုင်သည့်အရွယ်လူဦးရေ အသက် (၁၅-၆၄) | စုစုပေါင်း မှီခိုသူအချိုး |
|---|---|---|---|---|
| ၁ | ၂၀၁၅-၂၀၁၆ | ၅၀၇၉၈၀၉၀ | ၃၃၅၂၂၃၉၁ | ၅၁.၅ |
| ၂ | ၂၀၁၆-၂၀၁၇ | ၅၁၃၂၂၉၇၂ | ၃၄၀၇၁၉၉၄ | ၅၀.၆ |
| ၃ | ၂၀၁၇-၂၀၁၈ | ၅၁၈၅၄၂၄၅ | ၃၄၆၂၀၉၂၃ | ၄၉.၈ |
| ၄ | ၂၀၁၈-၂၀၁၉ | ၅၂၃၉၁၈၂၆ | ၃၅၁၅၄၈၀၄ | ၄၉.၀ |
| ၅ | ၂၀၁၉-၂၀၂၀ | ၅၂၉၃၅၇၅၃ | ၃၅၆၆၂၅၉၇ | ၄၈.၄ |
| ၆ | ၂၀၂၀-၂၀၂၁ | ၅၃၄၈၅၉၁၈ | ၃၆၁၃၉၂၉၅ | ၄၈.၀ |

ရင်းမြစ်။ ၂၀၁၄ ခုနှစ်မြန်မာနိုင်ငံလူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်းမှ ခန့်မှန်းတွက်ချက်သည်။

အထက်ဖော်ပြပါဇယားအရ မြန်မာနိုင်ငံ၏ လူဦးရေသည် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် လူဦးရေ ၅၃ သန်းကျော်ရှိလာမည်ဟုခန့်မှန်းထားပါသည်။ စုစုပေါင်းမှီခိုသူအချိုးမှာ ၄၈.၀ ရှိမည်ဟုခန့်မှန်းရာ ၂၀၁၄ ခုနှစ် စုစုပေါင်းမှီခိုသူအချိုး ၅၂.၂ နှင့် နှိုင်းယှဉ်လျှင် လျော့ကျနေကြောင်းတွေ့ရှိရပြီး အလုပ်လုပ်နိုင်သည့် အရွယ်လူဦးရေ အသက် (၁၅-၆၄) နှစ် သည် တိုးလာမည်ဟု ခန့်မှန်းနိုင်ပါသည်။

ထို့ကြောင့် တိုးလာမည့် လုပ်သားအင်အားများကို စွမ်းဆောင်ရည်ပြည့်ဝပြီး ဆန်းသစ်တီထွင်မှုကို ဖန်တီးနိုင်သည့် လုပ်သားအင်အားစုဖြစ်လာစေရန်အတွက် ခေတ်မီအဆင့်မြင့်ပညာများ ဖြည့်ဆည်းပေးနိုင်မှသာလျှင် အနာဂတ်နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်မှုကို မျှော်မှန်းနိုင်မည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ **လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အောက်ဖော်ပြပါကိစ္စရပ်များအား ချဉ်းကပ်ဆောင်ရွက်နိုင်ရန် ဖြစ်ပါသည်-**

- ပညာရေးကဏ္ဍသည် အရေးကြီးသည့်ကဏ္ဍတစ်ခု ဖြစ်သည့်အတွက် ပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန် အခြေခံပညာကျောင်းများတွင် ပညာရေး အထူးဝန်ဆောင်မှုပေးခြင်း၊ အရည်အသွေးအာမခံမှု၊ သင်ယူမှုဝန်းကျင်ကောင်းဖြစ်စေရေးတို့အတွက်အရေးကြီးသည့် အခြေခံလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ခြင်း၊

- အခြေခံပညာအဆင့်မတက်ရောက်မီ ကလေးများအတွက် မူကြိုပညာရေးအစီအစဉ်များကို အခြေခံပညာကျောင်းများ၌ တွဲဖက်လေ့ကျင့်ပြုစုနိုင်ရေး အစီအစဉ်များကို ဆောင်ရွက်ခြင်း၊
- ဆရာ၊ ဆရာမများအားလုံး ဆရာအတတ်ပညာပြည့်ဝရေး အစီအစဉ်များ ဆောင်ရွက်ခြင်း၊ အစိုးရကျောင်းများနှင့် ပုဂ္ဂလိကကျောင်းများ အရည်အသွေး မြင့်မားစေခြင်း၊
- နည်းပညာနှင့်သက်မွေးပညာရပ်များတွင် အရည်အသွေးပြည့်ဝရေးအတွက် ဆောင်ရွက်ခြင်း၊
- ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေးအတွက် အားကစားပညာပေးရေးလုပ်ငန်းများ ဆောင်ရွက်ပြီး နိုင်ငံ့ဂုဏ်ဆောင်ထူးချွန်ထက်မြက်သော အားကစားသမားများပေါ်ထွက်လာစေရေးအတွက်လည်း ပြုစုပျိုးထောင်လေ့ကျင့်ပေးခြင်း၊
- အာဟာရဓာတ်ပြည့်ဝစေရေး၊ ကျန်းမာကြံ့ခိုင်ရေးအတွက် စားသောက်နေထိုင်သည့် လူနေမှုဘဝပုံစံ (Life style ) ပြောင်းလဲစေခြင်း၊
- နယ်စပ်ဒေသများမှ ပညာဆက်လက်သင်ကြားရန်ခက်ခဲသော မိဘမဲ့ဆင်းရဲနွမ်းပါးသော တိုင်းရင်းသား ကျောင်းသား၊ကျောင်းသူများနှင့် ပညာထူးချွန်ပြီး တက္ကသိုလ်ပညာဆက်လက်သင်ကြားရန်ခက်ခဲလျက်ရှိသော ကျောင်းသား၊ ကျောင်းသူများကို ပညာသင်ထောက်ပံ့ပေးခြင်း၊
- လူငယ်သင်တန်းကျောင်း၊ စက်မှုလက်မှုသင်တန်းကျောင်း၊ အိမ်တွင်းမှုသင်တန်းကျောင်းများကိုလည်း တိုးချဲ့တည်ဆောက်ခြင်း၊ ခေါင်းဆောင်မှု စွမ်းရည်တိုးမြှင့်ရေး အပါအဝင် ဝန်ထမ်းများ၏ ကျွမ်းကျင်မှုဆိုင်ရာသင်တန်းများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ ဆွေးနွေးပွဲများနှင့် ပညာသင်စေလွှတ်ခြင်း၊
- သိပ္ပံနည်းပညာနှင့် တီထွင်ဆန်းသစ်မှုများပြုလုပ်နိုင်ရန်၊ ခေတ်နှင့်လျော်ညီသော သိပ္ပံသုတေသနဆိုင်ရာ အထောက်အကူပြုဓာတ်ခွဲခန်းထူထောင်၍ လိုအပ်သော ဓာတ်ခွဲခန်းစက်ကိရိယာများ ဖြည့်ဆည်းပေးခြင်းနှင့် သုတေသီများလေ့ကျင့်မွေးမြူပေးခြင်း၊
- အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ ကုလသမဂ္ဂဆိုင်ရာ အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ လျက် ခေတ်မီနည်းပညာများရရှိရေးအတွက် သင်တန်းများဖွင့်လှစ်ပို့ချပေး

ခြင်း၊ ပြည်တွင်းပြည်ပ အလုပ်ရုံဆွေးနွေးပွဲများ၊ အစည်းအဝေးများနှင့် အဆင့်မြင့် ပညာဘွဲ့ဒီဂရီ သင်တန်းများသို့ ဝန်ထမ်းများ စေလွှတ်ခြင်း၊

- စက်မှု၊ သက်မွေးပညာသင်တန်း( Technical and Vocational Training) များ တိုးချဲ့ဆောင်ရွက်ခြင်း၊
- **လူ့စွမ်းအား အရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျန်းမာရေးကဏ္ဍအနေဖြင့်** ကျန်းမာသန်စွမ်းသည့် လူမှုအဖွဲ့အစည်းပေါ်ထွန်းရေးအတွက် ရုပ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရုံသာမက စိတ်ပိုင်းဆိုင်ရာဖွံ့ဖြိုး တိုးတက်စေခြင်း၊
- အသက်အရွယ်အလိုက် ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ခြင်း၊
- ကျန်းမာရေး လက်လှမ်းမီမှုနည်းသည့် နေရာများတွင် လက်လှမ်းမီစေရေးအတွက် အခြေခံအဆောက်အအုံ တည်ဆောက်ခြင်းနှင့် လိုအပ်သည့် ပညာရှင်များမွေးထုတ်ခြင်း၊
- ကျေးလက်၊ နယ်စပ်ဒေသ၊ မြို့ပြဆင်ခြေဖုံးဒေသများနှင့် ဝေးလံသောနယ်စွန်နယ်ဖျားဒေသများတွင် ကျန်းမာရေးစောင့်ရှောက်မှုပေးရေးနှင့် လွှမ်းခြုံမှုမြင့်တင်ခြင်းများ ဆောင်ရွက်ခြင်း၊
- ကျန်းမာရေးစောင့်ရှောက်မှု အမျိုးအစားအလိုက် လိုအပ်မည့် လူ့စွမ်းအားစုများကို အရည်အသွေးပြည့်ဝစွာ လေ့ကျင့်မွေးထုတ်ရန်အတွက် အရည်အသွေးပြည့်ဝသည့် ဆရာဝန်၊ သူနာပြုနှင့် ကျွမ်းကျင် ကျန်းမာရေး ဝန်ထမ်းများ တိုးချဲ့မွေးထုတ်ခြင်း၊
- အခြေခံကျန်းမာရေးဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်း ကျန်းမာရေး လုပ်သားများ အရည်အသွေးမြင့်တင်ခြင်း၊ လိုအပ်သော ကျန်းမာရေးဝန်ထမ်းများ အပြည့်အဝ ခန့်ထားနိုင်ရေးနှင့် သုတေသနများပြုလုပ်ခြင်း၊
- ကုသမှု အရည်အသွေး မြင့်တင်ရန်အတွက် ဆေးရုံများ အရည်အသွေးမြှင့်တင်ခြင်း၊ တိုင်းရင်းဆေးရုံများ အရည်အသွေးမြှင့်တင်ခြင်း စက်ပစ္စည်း-ဆေးဝါးပစ္စည်း ဖြည့်တင်းခြင်း၊ နည်းပညာသင်တန်းများပေးခြင်း၊ ပုဂ္ဂလိကကျန်းမာရေး ဝန်ဆောင်မှု လုပ်ငန်းကြီးကြပ်ကွပ်ကဲခြင်း၊
- လူသားအရင်းအနှီးအညွှန်းကိန်း (HAI) ဖွံ့ဖြိုးတိုးတက်ရန်အတွက် အာဟာရဖွံ့ဖြိုးရေးလုပ်ငန်းများ၊ မျိုးဆက်ပွားကျန်းမာရေး လုပ်ငန်းများနှင့် ၂၀၁၅ ခုနှစ် အလွန် ရေရှည်ဖွံ့ဖြိုးတိုးတက်မှု ရည်မှန်းချက်များ ပြည့်မီအောင် ဆောင်ရွက်ခြင်း၊

- လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် ပုဂ္ဂလိကကဏ္ဍမှအသက်မွေးဝမ်းကျောင်းဆိုင်ရာ သင်တန်းများ၊ ကျွမ်းကျင်မှုဆိုင်ရာ သင်တန်းများပေးခြင်း၊ အဆင့်မြင့်သင်တန်းများပေးခြင်းများ အားပေးဆောင်ရွက်ခြင်း၊

လူ့စွမ်းအား အရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးသည် နိုင်ငံ၏ ရေရှည်ဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးကြီးသည့် လုပ်ငန်းတစ်ရပ်ဖြစ်သည်နှင့်အညီ ထုတ်လုပ်နိုင်စွမ်းရှိသောလုပ်သားများနှင့်ကျွမ်းကျင်လုပ်သားများမွေးထုတ်ပေးခြင်းဖြင့် ဒုတိယကာလတို (၅) နှစ်စီမံကိန်းတွင် ဦးတည်ဆောင်ရွက်မည့် စက်မှုဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူဖြစ်စေမည့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

## ၅-၉။ သုတေသနနှင့်ဖွံ့ဖြိုးရေး

သုတေသနနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများသည် နိုင်ငံများ၏ စီးပွားရေးနှင့် လူမှုရေးဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုရန်နှင့် အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ရန်အတွက် အရေးပါသောအခန်းကဏ္ဍမှ ပါဝင်လျက်ရှိပါသည်။ အဆင့်မြင့်နည်းပညာများ အသုံးပြုနိုင်မှုသည် တိုင်းပြည်၏ စီးပွားရေးတိုးတက်မှု အတွက် အလွန်အရေးပါသဖြင့် အဆင့်မြင့်နည်းပညာများ အသုံးပြုနိုင်ရန်အတွက် ဆန်းသစ်တီထွင်မှုများ၊ လေ့လာသင်ယူမှုများ၊ သုတေသနလုပ်ငန်းများ ဖွံ့ဖြိုးရန်လိုအပ်ပါသည်။ သုတေသနနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ခြင်းဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် တိုင်းပြည်ကုန်ထုတ်လုပ်မှုကို အထောက်အကူပြုလာနိုင်သည့်အပြင် စီးပွားရေး၊ ကျန်းမာရေး၊ လူမှုရေးဆိုင်ရာ ပြဿနာအရပ်ရပ်ကို အချိန်တိုအတွင်း ဖြေရှင်းပေးနိုင်ပြီး လူနေမှုအဆင့်အတန်း မြင့်မားလာမည်ဖြစ်ပါသည်။ မြန်မာနိုင်ငံအနေဖြင့်လည်း စက်မှုဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်ရာ၌ နည်းပညာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုမည့် သုတေသနလုပ်ငန်းများ ထိရောက်အောင်မြင်အောင် အောက်ဖော်ပြပါလုပ်ငန်းများအား ဆောင်ရွက်ရမည် ဖြစ်ပါသည်-

- သုတေသနနှင့်ဖွံ့ဖြိုးရေး လုပ်ငန်းများ တိုးတက်ရေး ယှဉ်ပြိုင်နိုင်စွမ်းရှိသည့် ဆန်းသစ်တီထွင်မှုလုပ်ငန်းများ ပေါ်ထွန်းလာစေရေးအတွက် အစိုးရ၊ ပုဂ္ဂလိကကဏ္ဍနှင့်လူမှုအဖွဲ့အစည်းများအတွင်း သုတေသနနှင့်ဖွံ့ဖြိုးရေး လုပ်ငန်းများကို အားပေးဆောင်ရွက်ခြင်း၊

- သုတေသနဌာနများမှ ထွက်ပေါ်လာမည့် သုတေသနရလဒ်များကို ပုဂ္ဂလိက လုပ်ငန်းများမှ အသုံးပြုနိုင်ရေး စီစဉ်ဆောင်ရွက်ပေးခြင်း၊
- သုတေသနလုပ်ငန်းများအား စုစည်းဆောင်ရွက်နိုင်ရန်အတွက် အမျိုးသားအဆင့် အဖွဲ့အစည်းတစ်ရပ်ဖြစ်သော အမျိုးသားသုတေသနကောင်စီ (National Research Concil - NRC) အား ဖွဲ့စည်းတည်ထောင်ခြင်း၊
- အမျိုးသားသုတေသနကောင်စီ မပေါ်ပေါက်မီကာလအတွင်း အစိုးရအနေဖြင့် ဦးဆောင်ဦးရွက်ပြုရမည့် သုတေသနဆိုင်ရာ မူဝါဒများ ချမှတ်ဆောင်ရွက်သည့် အဖွဲ့အစည်းတစ်ခု (Government Institution) ကို သိပ္ပံနှင့်နည်းပညာ ဝန်ကြီး ဌာနလက်အောက်တွင် ဖွဲ့စည်းဆောင်ရွက်ပြီး အချိန်ကာလတစ်ခု ရောက်သည့် အခါတွင် အမျိုးသားသုတေသနကောင်စီကဲ့သို့ အလွှာစုံ၊ ပညာရှင်အစုံပါဝင်သော မြန်မာနိုင်ငံလုံးဆိုင်ရာ အဖွဲ့တစ်ဖွဲ့ပေါ်ပေါက်ရေး ဆောင်ရွက်ခြင်း၊
- ပုဂ္ဂလိကလုပ်ငန်းများနှင့် သုတေသနဌာနများ ချိတ်ဆက်ဆောင်ရွက်ခြင်းဖြင့် တန်ဖိုးမြင့်ထုတ်ကုန် ထုတ်လုပ်ခြင်းဆိုင်ရာ နည်းပညာနှင့် ဆန်းသစ်တီထွင်မှု ဆိုင်ရာ လုပ်ငန်းများ ဖွံ့ဖြိုးရေးအတွက် အားပေးဆောင်ရွက်ခြင်း၊
- သုတေသနလုပ်ငန်းများအား ပြည်တွင်း၊ ပြည်ပရှိ သုတေသနပြု တက္ကသိုလ်များ၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ ဥပမာ- လက်ရှိတွင် ရန်ကုန် နည်းပညာ တက္ကသိုလ်နှင့် ဂျပန်၊ နယ်သာလန်၊ ဖင်လန်၊ ကိုးရီးယား၊ ထိုင်းနိုင်ငံများရှိ တက္ကသိုလ်များနှင့် ပူးပေါင်းပြီး သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးနှင့် လျော့ပါးရေးဆိုင်ရာ သုတေသနလုပ်ငန်းများ၊ စွမ်းအင်ဆိုင်ရာ သုတေသန လုပ်ငန်းများ၊ ရေအရင်းအမြစ်ဆိုင်ရာ သုတေသနလုပ်ငန်းများ၊ Development of Small Scale Refinery Plant လုပ်ငန်းနှင့် Semi-conductor သုတေသန လုပ်ငန်း အစရှိသည့် အင်ဂျင်နီယာ သုတေသန လုပ်ငန်းများကို မြင့်တင်အကောင် အထည်ဖော် ဆောင်ရွက်ခြင်း၊
- သုတေသနမှ တွေ့ရှိချက်များအား စီးပွားဖြစ်ဆောင်ရွက်နိုင်ရန် ပံ့ပိုးပေးခြင်း၊ ဥပမာ-စက်မှုဖွံ့ဖြိုးရေးသုတေသနလုပ်ငန်းများအဖြစ်ဆောက်လုပ်ရေးလုပ်ငန်းသုံး ပရိုတင်းအခြေခံအမြှုပ်ထဓာတုဓာတ်ဆေးပစ္စည်း နမူနာကို ရွှေ့ပြောင်းစမ်းသပ်မှုများ ဆောင်ရွက်ပြီး အမြှုပ်ထဆေးရည် (Protein Based Foaming Agent)

ထုတ်လုပ်ခြင်းနည်းပညာအုတ်ကွန်ကရစ် လုပ်ငန်းရှင်များသို့ စီးပွားဖြစ်ထုတ်လုပ်နိုင်သည်အထိ နည်းပညာသင်ကြား လွှဲပြောင်းပေးခြင်း၊

- စမ်းသပ်ခန်းများ ခေတ်မီတိုးတက်၍ သုတေသနဆိုင်ရာပစ္စည်းများ ထောက်ပံ့ ဝယ်ယူဖြည့်တင်းခြင်း၊
- သုတေသန အသုံးစရိတ်အား တိုးမြှင့်စေခြင်း၊
- စက်မှုနိုင်ငံအဖြစ် ပေါ်ထွန်းလာစေရေးအတွက် စက်ရုံအလုပ်ရုံများကို ထုတ်လုပ်မှုပိုင်းဆိုင်ရာ နည်းပညာမြှင့်တင်ပေးနိုင်ခြင်း၊
- စက်မှုလုပ်ငန်း အထောက်အကူပြု သုတေသနလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရန် ဆောင်ရွက်ခြင်း၊
- စက်မှုကုန်ထုတ်ဆိုင်ရာ နည်းပညာ၊ စက်မှုထုတ်ကုန်ပစ္စည်းများ၏ အရည်အသွေးနှင့် ဒဏ်ခံနိုင်ရည်ရှိမှုတို့ကို စမ်းသပ်လေ့လာခြင်း၊ စက်မှုထုတ်ကုန်ပစ္စည်းများ ထုတ်လုပ်ရေးအတွက် လယ်ယာနှင့်စိုက်ပျိုးရေး အခြေခံစက်မှု ကုန်ထုတ်လုပ်မှုနည်းပညာ၊ စားသောက်ကုန် ထုတ်လုပ်မှုနည်းပညာ၊ မွေးမြူရေးနှင့် မွေးမြူရေးအခြေခံစက်မှုကုန်ထုတ်လုပ်မှုနည်းပညာ သစ်တောနည်းပညာနှင့် သစ်အခြေခံစက်မှုကုန်ထုတ်လုပ်မှုနည်းပညာ၊ ပြည်ပပို့ထုတ်ကုန်စက်မှု နည်းပညာ တို့ကို ဖော်ထုတ်လေ့လာ၍ အသိပညာများ ဖြန့်ဖြူးခြင်း၊ လက်တွေ့အသုံးချစေခြင်း၊
- စက်မှုကုန်ထုတ်လုပ်ငန်းအခြေပြုသုတေသနလုပ်ငန်းများဖြစ်သောအာဟာရဓာတ်ကြွယ်ဝသောဆန်နို့စမ်းသပ်ထုတ်လုပ်ခြင်းသုတေသနလုပ်ငန်း၊ အရည်အသွေးမြင့်ချည်ထည်ဆိုးဆေး (High Quality Textile Dyes) ထုတ်လုပ်ခြင်းသုတေသနလုပ်ငန်း၊ အသင့်စားအဆင့်မြင့်(Instant Tamarind Powder) မကျည်းသီးအမှုန့်စမ်းသပ်ပြုလုပ်ခြင်းသုတေသနလုပ်ငန်း၊ စပါးခွံပြာသုံးဘိလပ်မြေစမ်းသပ်ထုတ်လုပ်ခြင်း သုတေသနလုပ်ငန်း၊ လယ်ယာမြေများပျက်စီးခြင်းမှ တားဆီးပေးနိုင်သော မြေဆီထိန်းမြေဩဇာ (Soil Conditioner) ပြုလုပ်ခြင်း သုတေသနလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ခြင်း၊
- ပြည်တွင်းမှထွက်ရှိသော သယံဇာတ သတ္တုရိုင်းများအား သုတေသနနှင့် နည်းပညာဖွံ့ဖြိုးမှုများမှတစ်ဆင့် စက်မှုလုပ်ငန်းသုံး အရည်အသွေးမီ ဒြပ်ပစ္စည်း

များ၊ သွင်းကုန်အစားထိုး ဒြပ်ပစ္စည်းများ၊ စက်မှုကဏ္ဍသုံး အင်ဇိုင်းအမျိုးမျိုး ထုတ်လုပ်ခြင်းတို့၌ နည်းပညာ တိုးမြှင့်ဆောင်ရွက်ခြင်း၊

- မော်တော်ယာဉ်နည်းပညာသုတေသနအနေဖြင့် မော်တော်ယာဉ်အင်ဂျင်ပိုင်းဆိုင်ရာ နည်းပညာသုတေသနလုပ်ငန်း၊ မော်တော်ယာဉ်ရွေ့လျားမှုဆိုင်ရာ နည်းပညာ သုတေသနလုပ်ငန်း၊ထိန်းချုပ်မှုအင်ဂျင်နီယာသုတေသနလုပ်ငန်း၊ မော်တော်ယာဉ် ဒီဇိုင်း နှင့် စွမ်းဆောင်ရည် မြှင့်တင်မှု သုတေသနလုပ်ငန်း၊ ထုတ်လုပ်မှု အင်ဂျင်နီယာနည်းပညာသုတေသနလုပ်ငန်း၊ အဆင့်မြှင့်ပုံစံတူ တည်ဆောက်ခြင်း ဆိုင်ရာ အင်ဂျင်နီယာသုတေသနလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ခြင်း၊
- စိုက်ပျိုးရေးနှင့် မွေးမြူရေးဆိုင်ရာ သုတေသနလုပ်ငန်းများအဖြစ် စိုက်ပျိုးရေး ဆိုင်ရာ သုတေသနအခန်းကဏ္ဍ၌ အပင်တစ်ရှူးမျိုးပွားသုတေသနလုပ်ငန်းများ ဆောင်ရွက်ခြင်း၊
- ကျေးလက်ဒေသဖွံ့ဖြိုးရေးဆိုင်ရာ သုတေသနလုပ်ငန်းဖြစ်သော ဇီဝမြေဩဇာနှင့် ဇီဝပိုးသတ်ဆေးများ ထုတ်လုပ်ခြင်း၊
- ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ဇီဝနည်းပညာအခန်းကဏ္ဍ၌ ပိုးမွှားအန္တရာယ် ကာကွယ်ခြင်း သုတေသနလုပ်ငန်းများ ဆောင်ရွက်ဖြန့်ဝေခြင်း၊
- အရည်အသွေးမြင့် ကောက်ပဲသီးနှံ ပေါ်ထွက်လာစေရန် ဗီဇပြုပြင်ခြင်း၊ စပါးမျိုး သုတေသနပြုထုတ်လုပ်ဆောင်ရွက်ခြင်း၊ မျိုးစေ့သစ်များ တိုးချဲ့စမ်းသပ်ခြင်း၊ အပင်ဟော်မုန်း သုတေသနလုပ်ငန်းများ ဆောင်ရွက်ခြင်း၊
- တိရစ္ဆာန်နှင့် စိုက်ပျိုးရေးဘေးထွက်စွန့်ပစ်ပစ္စည်းများမှ တန်ဖိုးမြင့်အော်ဂဲနစ် ဓာတ်မြေဩဇာထုတ်လုပ်၍ ကျန်းမာရေးနှင့် ညီညွတ်သော စားသုံးသီးနှံပင်များ စိုက်ပျိုးနိုင်ရန်၊ အစားအစာများ တာရှည်ခံနိုင်ရန်နှင့် ဘေးထွက်ဆိုးကျိုးမရှိသည့် ဓာတ်ဆေးများပေါ်များစွာထုတ်လုပ်နိုင်ရန် စီမံဆောင်ရွက်ခြင်း၊
- ဓာတ်ရောင်ခြည်ပေး နည်းပညာ (Irradiation Technology) ဖြင့် အစားအစာ၊ စိုက်ပျိုးရေးထွက်ကုန်များတွင်ရှိသော အန္တရာယ်ဖြစ်စေသည့် ရောဂါပိုးတို့ကို သန့်စင်ခြင်း၊ သက်တမ်းရှည်အောင်ဆောင်ရွက်ခြင်း၊ အစာအာဟာရပြောင်းလဲမှု များကို လေ့လာခြင်းတို့ ဆောင်ရွက်မည်ဖြစ်ပါသည်။

- ရေသတ္တဝါမွေးမြူရေးနှင့် တိရစ္ဆာန်မွေးမြူရေးဆိုင်ရာ သုတေသနအခန်းကဏ္ဍ၌ မေထုန်မဲ့ သားစပ်ခြင်းနှင့် နို့စားနွားများမျိုးပွားခြင်း၊ နို့စားနွား မျိုးမြှင့်တင်ရေး သုတေသနလုပ်ငန်း မျိုးရိုးဗီဇပြုပြင်ထားသော တိရစ္ဆာန်များပွားများခြင်း၊ မျိုးပုဇွန်များ ထိန်းသိမ်းမွေးမြူခြင်းနှင့် ရေမှော်များပွားများခြင်းတို့၌ နည်းပညာ မြှင့်တင်ဆောင်ရွက်ခြင်း၊
- ကျန်းမာရေးအထောက်အကူပြု သုတေသနလုပ်ငန်းများအနေဖြင့် ဆေးဖက်ဝင် အပင်များမှ သဘာဝအင်တီအောက်ဆီးဒင့် ဖြည့်စွက်ဆေး (Natural Antioxidant Supplement Medicine) စမ်းသပ်ထုတ်လုပ်ခြင်း သုတေသန လုပ်ငန်း၊ ပင်လယ်ရေညှိ Microalgae (Nanochloropsis spp.) မှ Omega-3 Fatty Acid ထုတ်ယူခြင်း သုတေသနလုပ်ငန်း၊ အချိုမှုန့်အစားထိုး ငါးဟင်းခတ် မှုန့် (Fish Seasoning Power) စမ်းသပ်ပြုလုပ်ခြင်း၊
- အစားအာဟာရနှင့် ဆေးပညာကဏ္ဍ၌ တိုင်းရင်းဆေးပင်များမှ အစွမ်းထက် ဆေးဝါးများ၊ အဏုဇီဝပိုးများမှ ပဋိဇီဝဆေးများ၊ ကာကွယ်ဆေးများနှင့် အထောက်အကူပြု အစားအာဟာရများထုတ်လုပ်ခြင်း တို့တွင် အဆင့်မြင့် နည်းပညာဖြင့် ဆောင်ရွက်ခြင်း၊
- စွမ်းအင်ကဏ္ဍဆိုင်ရာ သုတေသနလုပ်ငန်းများနိုင်ငံတော်၏ လူမှုစီးပွားဘဝများ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ပြန်လည် ပြည့်ဖြိုးမြဲစွမ်းအင် ဆိုင်ရာ သုတေသနနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများဖြစ်သည့် လေအားဖြင့် ရေတင်ခြင်း၊ အသေးစားရေအားလျှပ်စစ်ထုတ်စက် တည်ဆောက်ခြင်း၊ တစ်အိမ်ထောင်သုံး Biogas ဖြင့် မီးလင်းနိုင်ရန် အင်ဂျင်စမ်းသပ်ပြုလုပ်ခြင်း၊ အရည်အသွေးမြင့် ပလတ်စတစ်ဖြင့် ဇီဝဓာတ်ငွေ့ကန် တည်ဆောက်ခြင်း၊
- ဇီဝလောင်စာ သုတေသနလုပ်ငန်းများအနေဖြင့် စွန့်ပစ်အကြော်ဆီ (Waste Cooking Oil) မှ ဇီဝလောင်စာ (Biodiesel) စမ်းသပ်ထုတ်လုပ်ခြင်း သုတေသနလုပ်ငန်း၊ သဘာဝမိုက်ခရို (Algae)မှ ဇီဝလောင်စာ (Biodiesel) စမ်းသပ်ထုတ်လုပ်ခြင်း သုတေသနလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

- ဇီဝလောင်စာထုတ်လုပ်ခြင်း၌ နည်းပညာတိုးမြှင့် ဆောင်ရွက်ရန်၊ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်များကို အသုံးချနိုင်ရေးအတွက် သုတေသနလုပ်ငန်းများတိုးမြှင့်၍ ဆောင်ရွက်ခြင်း၊
- နျူကလီးယား နည်းပညာ သုတေသနဆိုင်ရာ လုပ်ငန်းများ နိုင်ငံတကာ၏ စည်းမျဉ်းစည်းကမ်းများနှင့်အညီ အဏုမြူသိပ္ပံဆိုင်ရာ သုတေသနများ ဖွံ့ဖြိုးတိုးတက်ရန် ဆောင်ရွက်ရာတွင် ဒေသတွင်းနှင့် အပြည်ပြည်ဆိုင်ရာ အဏုမြူစွမ်းအင်အေဂျင်စီကဲ့သို့ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊
- ဓာတ်ရောင်ခြည်ပေးစက်များ ထူထောင်အသုံးပြုနိုင်ရေးအတွက် အပြည်ပြည်ဆိုင်ရာ အဏုမြူ စွမ်းအင်အေဂျင်စီ (IAEA) ၏ အကူအညီဖြင့် ဆောင်ရွက်ခြင်း၊
- နည်းပညာရရှိရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အာရှ-ပစိဖိတ်ဒေသတွင်းနိုင်ငံများ၏ အီလက်ထရွန်ဓာတ်ရောင်ခြည် အသုံးချစီမံကိန်းနှင့် IAEA ၏ ဓာတ်ရောင်ခြည် သုတေသနလုပ်ငန်းများဆောင်ရွက်ခြင်း၊
- နာနိုနည်းပညာ သုတေသနလုပ်ငန်းများအနေဖြင့် ဇင့်အောက်ဆိုဒ်နှင့် ပေါ်လီအန်နလင်းနာနိုကွန်ပိုစစ် အခြေခံသော စိုထိုင်းမှု အာရုံခံပစ္စည်းပြုလုပ်ခြင်း သုတေသနလုပ်ငန်း၊ Nd; YAG Fiber Laser Ablation နည်းစဉ်ဖြင့် Chemical Sensor တွင် အသုံးပြုရန် Copper နှင့် Copper Oxide နာနိုအမှုန့်များ ထုတ်လုပ်ခြင်း၊
- နာနိုဓာတုနည်းပညာကို အသုံးချ၍ ရေကောင်းရေသန့်များ၊ ခရမ်းလွန် ရောင်ခြည်ကာကွယ်ရေးပစ္စည်းများ၊ Self Cleaning Glass များ၊ အီလက်ထရောနစ်ပစ္စည်းများ (Coating) ပြုလုပ်နိုင်ရန်နှင့် ပိုမိုသန့်စင်သော နာနိုပစ္စည်းများ ထုတ်လုပ်နိုင်ရန် ကြိုးပမ်းခြင်း၊
- နိုင်ငံတကာ မွမ်းမံသင်တန်းများ၊ Seminar များ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ သုတေသနနှင့် တီထွင်မှုဆိုင်ရာပြပွဲများသို့ ပညာရှင်များကို စေလွှတ်ခြင်း၊ နိုင်ငံတကာအဖွဲ့အစည်းများတွင် အဖွဲ့ဝင်အဖြစ်ပါဝင်၍ နည်းပညာဖွံ့ဖြိုးရေး သုတေသနလုပ်ငန်းများကို ပိုမိုဆောင်ရွက်ခြင်း၊
- သုတေသနနှင့်နည်းပညာဆိုင်ရာ စွမ်းဆောင်ရည်များ တိုးတက်မြင့်မားလာစေရေးအတွက် နည်းပညာနှင့် ဆန်းသစ်တီထွင်မှုနယ်ပယ်မှ ထူးချွန်သော ပညာရှင်များ

နှင့် ဆန်းသစ်တီထွင်သူများ ပေါ်ထွက်စေရန်၊ ကျွမ်းကျင်သော သုတေသန ပညာရှင်များနှင့် သုတေသနလုပ်ငန်းများတွင် လိုအပ်သော ဓာတ်ခွဲကျွမ်းကျင် ပညာရှင်များ ပေါ်ထွက်လာစေရန်လိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ်များကို ပြုစုပျိုးထောင်ပေးခြင်းတို့ကို နှစ်စဉ်ရည်မှန်းချက်များနှင့်အတူ နှစ်စဉ်စီမံကိန်းများ တွင် ထည့်သွင်းဆောင်ရွက်သွားမည် ဖြစ်ပါသည်။

**သုံးသပ်တင်ပြချက်**

ဒုတိယ ကာလတို(၅)နှစ်စီမံကိန်း၏ Theme ဖြစ်သည့် " **စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှု အခြေခံကောင်းများ ပိုမိုဖြစ်ပေါ်စေခြင်းမှတစ်ဆင့် စက်မှုဖွံ့ဖြိုးမှုဆီသို့** "ဟူသော ရည်မှန်းချက် အောင်မြင်စေရန် စက်မှုဖွံ့ဖြိုးမှုကို အားကောင်းစေသော ကဏ္ဍများအား ဆောင်ရွက်ရန်မှာ အလွန်အရေးပါပါသည်။ သို့ဖြစ်ပါ၍ အခြေခံအဆောက်အအုံများနိုင်မာအားကောင်းစေခြင်း၊ လျှပ်စစ်စွမ်းအားတိုးတက်ရရှိစေခြင်း၊ သယ်ယူပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့်သတင်းအချက် အလက် ဖွံ့ဖြိုးစေခြင်း၊ အထူးစီးပွားရေးဇုန်၊ စက်မှုဇုန်များဖွံ့ဖြိုးရေး၊ စီးပွားရေးစင်္ကြံများ ချိတ်ဆက်ခြင်း၊ နယ်စပ်ကုန်သွယ်ရေးဇုန်များ ဖွင့်လှစ်ဆောင်ရွက်ခြင်း၊ လုပ်သာကိုင်သာ ရှိသည့် စီးပွားရေးဝန်းကျင်ဖြစ်ပေါ်စေခြင်း၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် သုတေသနနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းရပ်များအား စက်မှုဖွံ့ဖြိုးမှုကို အားကောင်းစေသောကဏ္ဍများ အဖြစ် ဒုတိယကာလတို (၅) နှစ် စီမံကိန်းကာလအတွင်း ချဉ်းကပ် အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် စီမံချက်များအား စီးပွားရေးဆန်သည့် ဆောင်ရွက်မှုမျိုး လိုအပ်ပါသည်။ ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် အကျိုးတူ ပူးပေါင်းဆောင်ရွက်ခြင်း၊ Public Private Partnership-PPP အစီအစဉ်ဖြင့်လည်းကောင်း၊ နိုင်ငံခြားချေးငွေ အထောက်အပံ့ငွေများဖြင့် လည်းကောင်း၊ နိုင်ငံတော်ရန်ပုံငွေဖြင့်လည်းကောင်း၊ ရည်မှန်းချက် ပြည့်မီအောင် တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးရှိ ဒေသန္တရစီမံကိန်းများနှင့်ပါ ချိတ်ဆက်ဆောင်ရွက် နိုင်ရန် ဖြစ်ပါသည်။

# အခန်း(၆)

# လူမှုရေးကဏ္ဍ

# အခန်း(၆)

## လူမှုရေးကဏ္ဍ

ဒုတိယ ကာလတို(၅) နှစ်စီမံကိန်းကာလတွင်လည်း **" ပြည်သူဗဟိုပြု ဖွံ့ဖြိုးမှုစနစ်"** ကို ဆက်လက်ကျင့်သုံးမည် ဖြစ်သောကြောင့် ပြည်သူလူထုအခြေပြု ဖွံ့ဖြိုးတိုးတက်မှု အတွက် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် စီမံအုပ်ချုပ်မှုဆိုင်ရာ မဏ္ဍိုင်များအကြား ဘက်ညီစွာ တိုးတက်ရန် လိုအပ်ပါသည်။ ပထမ ကာလတို (၅) နှစ် စီမံကိန်းအတွင်း **လူမှု-စီးပွား ပြုပြင်ပြောင်းလဲမှု မူဘောင် ( Framework on Economic and Social Reform - FESR)** ကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ အခြေခံကျသည့် ကိစ္စရပ်များအား အကောင်အထည်ပေါ်အောင် ဆောင်ရွက်နိုင်ခဲ့ပါသည်။ အဆိုပါမူဘောင်သည် **ပြည်သူလူထု တစ်ရပ်လုံး ရရှိခံစားနိုင်မည့် ဖွံ့ဖြိုးမှုများနှင့် မြန်ဆန်သည့် အောင်မြင်မှု (Quick Wins) ရရှိစေမည့် လူမှုရေးကဏ္ဍအနေဖြင့်** ကျန်းမာရေးနှင့်ပညာရေးမူဝါဒများဖြင့် တစ်ဆင့်ပြီး တစ်ဆင့် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါသည်။

ဒုတိယ ကာလတို (၅) နှစ်စီမံကိန်းကာလတွင်လည်း လူမှုရေးကဏ္ဍ တိုးတက်မှု အတွက် **ပညာရေး၊ ကျန်းမာရေး၊ ယဉ်ကျေးမှု ထိန်းသိမ်းရေး၊ အပန်းဖြေမှု၊ လူမှုဖူလုံရေးနှင့် လူမှုအကာအကွယ်ပေးရေး၊ ရေရရှိမှုနှင့် အိမ်ရာဖွံ့ဖြိုးရေးလုပ်ငန်းများအား ချဉ်းကပ် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။**

### ၆-၁။ ပညာရေး

"မျက်မှောက်ကာလဖြစ်သော ပညာခေတ်၏စိန်ခေါ်မှုကို ရင်ဆိုင်နိုင်မည့် အစဉ် လေ့လာသင်ယူနေသော လူ့ဘောင်အဖွဲ့အစည်းကို ဖန်တီးပေးနိုင်သည့် ပညာရေးစနစ်တစ်ခု ဖြစ်ထွန်းလာစေရန်" ဟူသည့် မြန်မာ့ပညာရေး မျှော်မှန်းချက်ဖြင့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရသည် မြန်မာ့ပညာရေးစနစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံကိန်းများ စနစ်တကျရေးဆွဲ၍ တိကျသော ပညာရေးလုပ်ငန်း လမ်းညွှန်ချက်များဖြင့် နိုင်ငံတစ်ဝှမ်း တူညီသော ပညာရေးအခွင့်အလမ်းများ ရရှိအောင်အကောင်အထည်ဖော် ဆောင်ရွက်လျက် ရှိပါသည်။

## (က) ပထမကာလတို (၅) နှစ်စီမံကိန်းအတွင်း ပညာရေးကဏ္ဍ၏ ဖွံ့ဖြိုးတိုးတက်မှု

၂၀၁၄ ခုနှစ် မြန်မာနိုင်ငံလူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းအရ မြန်မာနိုင်ငံတွင် အသက် ၁၅ နှစ်နှင့်အထက် စာတတ်မြောက်မှုနှုန်းမှာ ၈၉.၅ ရာခိုင်နှုန်း ရှိပါသည်။ မူလတန်းအဆင့် ကျောင်းနေနှုန်းသည် ၂၀၁၁-၂၀၁၂ ပညာသင်နှစ်တွင် ၉၀ ရာခိုင်နှုန်းရှိရာမှ ၂၀၁၄-၂၀၁၅ ပညာသင်နှစ်တွင် ၁၀၀.၇ ရာခိုင်နှုန်းအထိလည်းကောင်း၊ အလယ်တန်းအဆင့် ကျောင်းနေနှုန်းသည် ၂၀၁၁-၂၀၁၂ ပညာသင်နှစ်တွင် ၅၀.၅ ရာခိုင်နှုန်း ရှိရာမှ ၂၀၁၄-၂၀၁၅ ပညာသင်နှစ်တွင် ၇၃.၉ ရာခိုင်နှုန်းအထိလည်းကောင်း၊ အထက်တန်း အဆင့် ကျောင်းနေနှုန်းသည် ၂၀၁၁-၂၀၁၂ ပညာသင်နှစ်တွင် ၃၄ ရာခိုင်နှုန်း ရှိရာမှ ၂၀၁၄-၂၀၁၅ ပညာသင်နှစ်တွင် ၄၅.၄ ရာခိုင်နှုန်းအထိလည်းကောင်း တိုးတက်ခဲ့ပါသည်။ အသက် အုပ်စုအလိုက် ကျောင်းတက်မှုနှုန်းတွင် အသက် (၅-၉) နှစ်အကြားၝ ၇၁.၂ ရာခိုင်နှုန်း၊ အသက် (၁၀-၁၃) နှစ်အကြားၝ အသက် ၇၆.၂ ရာခိုင်နှုန်းရှိပြီး အသက် (၁၄-၁၆) နှစ် အကြားၝ ၄၆ ရာခိုင်နှုန်းရှိပါသည်။

**ဇယား ၆-၁**
**ပထမကာလတို(၅)နှစ် အမျိုးသားစီမံကိန်း**
**(၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် မှ ၂၀၁၅-၂၀၁၆ဘဏ္ဍာနှစ် အထိ)**
**သက်ကြီးစာတတ်မြောက်မှုနှုန်းနှင့် ကျောင်းနေနှုန်းကြမ်း**

ရာခိုင်နှုန်း

| အကြောင်းအရာ | ၂၀၁၁-၂၀၁၂ | ၂၀၁၂-၂၀၁၃ | ၂၀၁၃-၂၀၁၄ | ၂၀၁၄-၂၀၁၅ | ၂၀၁၅-၂၀၁၆ (နှစ်ကုန်ခန့်မှန်း) |
|---|---|---|---|---|---|
| သက်ကြီးစာတတ်မြောက်မှုနှုန်း | ၉၅.၁ | ၉၅.၂ | ၉၅.၃ | ၈၉.၅* | ၈၉.၆ |
| ကျောင်းနေနှုန်းကြမ်း (မူလတန်း) | ၉၀.၀ | ၁၀၀.၆ | ၉၀.၀ | ၁၀၁.၀ | ၁၀၁.၆ |
| ကျောင်းနေနှုန်းကြမ်း (အလယ်တန်း) | ၅၀.၅ | ၅၁.၅ | ၅၂.၅ | ၆၅.၃ | ၆၁.၄၅ |
| ကျောင်းနေနှုန်းကြမ်း (အထက်တန်း) | ၃၄.၀ | ၃၅.၀ | ၃၅.၆ | ၃၇.၇ | ၃၇.၂ |

* ၂၀၁၄ ခုနှစ် မြန်မာနိုင်ငံ လူဦးရေနှင့် **အိမ်အကြောင်းအရာသန်းခေါင်စာရင်းမှ** ရရှိသောအချက်အလက် ဖြစ်ပါသည်။
**ရင်းမြစ်။ လူ့စွမ်းအားအရင်းအမြစ်နှင့် ပညာရေးစီမံကိန်းဦးစီးဌာန**

ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရာတွင် ၂၀၁၁-၂၀၁၂ ပညာသင်နှစ်တွင် မသင်မနေရ အခမဲ့မူလတန်းပညာရေးစနစ်ကို စတင်ခဲ့ပြီး ၂၀၁၄-၂၀၁၅ ပညာသင်နှစ်တွင် အခမဲ့အလယ်တန်းပညာရေးအဆင့်၊ ၂၀၁၅-၂၀၁၆ ပညာသင်နှစ်တွင်

အခမဲ့ အထက်တန်းပညာရေးအဆင့်အထိ တိုးတက်ဆောင်ရွက်ခဲ့ပါသည်။ အမျိုးသားပညာရေး ဥပဒေကို ၂၀၁၄ ခုနှစ်တွင်လည်းကောင်း၊ အမျိုးသားပညာရေး ဥပဒေကို ပြင်ဆင်သည့် ဥပဒေကို ၂၀၁၅ ခုနှစ်တွင်လည်းကောင်း ပြဋ္ဌာန်းခဲ့ပါသည်။ ဘက်စုံလွှမ်းခြုံသော ပညာရေးကဏ္ဍ လေ့လာသုံးသပ်ရေးလုပ်ငန်း (Comprehensive Education Sector Review - CESR) ကို ၂၀၁၂ ခုနှစ်၊ ဖေဖော်ဝါရီလ၌ ပညာရေးဝန်ကြီးဌာနမှ ဦးဆောင်၍ ပြည်တွင်း၊ ပြည်ပပညာရှင်များ၊ ဖွံ့ဖြိုးမှုမိတ်ဖက်များ ပါဝင်သည့်အဖွဲ့ဖြင့် အဆင့်သုံးဆင့် ဆောင်ရွက်ခဲ့ပါသည်။ ပထမအဆင့်တွင် အချိန်တိုအတွင်းအကဲဖြတ်ခြင်း၊ ဒုတိယအဆင့်တွင် အသေးစိတ်လေ့လာဆန်းစစ်ခြင်းနှင့် တတိယအဆင့်တွင် ပညာရေးကဏ္ဍ စီမံကိန်းရေးဆွဲခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။

ပညာရေးအသုံးစရိတ်မှာ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်တွင် ငွေကျပ်ဘီလီယံ ၃၁၀၊ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် ငွေကျပ်ဘီလီယံ ၆၄၀၊ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် ၉၀၉ ဘီလီယံ၊ ၂၀၁၄-၂၀၁၅ဘဏ္ဍာနှစ် တွင် ၁၁၅၈ ဘီလီယံ အထိ တိုးမြှင့်သုံးစွဲခဲ့ပါသည်။

**ဇယား ၆-၂**
**၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အထိ**
**နှစ်အလိုက် ငွေလုံးငွေရင်းနှင့် သာမန်အသုံးစရိတ်**


ကျပ်သန်းပေါင်း

| စဉ် | အသုံးစရိတ်အမျိုးအစား | ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် | ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် | ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် | ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် |
|---|---|---|---|---|---|
| ၁ | သာမန်အသုံးစရိတ် | ၂၇၄,၅၅၀.၇၇ | ၅၁၈,၅၃၅.၉၂ | ၆၈၆,၉၂၅.၁၆ | ၈၈၇,၆၉၀.၄၈ |
| ၂ | ငွေလုံးငွေရင်းအသုံးစရိတ် | ၃၅,၄၆၉.၃၇ | ၁၂၂,၂၁၃.၆၃ | ၂၂၂,၅၃၃.၉၉ | ၂၇၁,၁၅၃.၇၆ |
| | ပညာရေးဝန်ကြီးဌာန အသုံးစရိတ်စုစုပေါင်း | ၃၁၀,၀၂၀.၁၄ | ၆၄၀,၇၄၉.၅၅ | ၉၀၉,၄၅၉.၁၅ | ၁,၁၅၈,၈၄၄.၂၃၉ |

**ရင်းမြစ်။ ပညာရေးဝန်ကြီးဌာန**

ပုံ ၆-၁

## ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အထိ နှစ်အလိုက် ငွေလုံးငွေရင်းနှင့် သာမန်အသုံးစရိတ်




**ဇာစ်မြစ်။ ပညာရေးဝန်ကြီးဌာန**

သဘာဝဘေးအန္တရာယ်ကြောင့်လည်းကောင်း၊ အန္တရာယ်ရှိနိုင်သည့် အဆောက်အအုံများဖြစ်ခြင်းကြောင့် လည်းကောင်း၊ ဥပဒေရပ်မကောင်းသော ကျောင်းများဖြစ်၍ လည်းကောင်း၊ ကျောင်းသားနှင့် စာသင်ခန်းမမျှတ၍ လည်းကောင်း၊ အဆောက်အအုံဟောင်းများအား ပြုပြင်ခြင်း၊ ထိန်းသိမ်းခြင်းများဆောင်ရွက်ခဲ့ပြီး ကျောင်းသစ်ဖွင့်လှစ်ရန် လိုအပ်နေသော ဒေသများတွင်လည်း ကျောင်းသစ်များ ဖွင့်လှစ်ခဲ့ပါသည်။ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်တွင် အခြေခံပညာ ကျောင်းပေါင်း ၄၁,၃၆၁ ကျောင်းရှိရာမှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ၄၄,၄၀၄ ကျောင်းအထိရှိလာခဲ့ရာ ကျောင်းပေါင်း ၃,၀၄၃ ကျောင်း ပိုမိုတည်ဆောက် ဖွင့်လှစ်နိုင်ခဲ့ပါသည်။ ကျောင်းသစ်များ၊ ကျောင်းဆောင်သစ်များ တိုးတက်လာမှုနှင့်အတူ ဆရာ၊ ဆရာမများကိုလည်း တိုးတက်ခန့်ထားခဲ့ရာ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်တွင် ဆရာ၊ ဆရာမဦးရေ ၂၇၇,၆၄၄ ရှိပြီး ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ၃၄၇,၀၃၅ ဦး အထိ တိုးတက်ခန့်ထားခဲ့ပါသည်။ မသင်မနေရ မူလတန်းပညာရေးစနစ် အကောင်အထည်ဖော်ခြင်း၊ ကျောင်းများ အဆင့်မြှင့်တင်ပေးခြင်း၊ ထောက်ပံ့ကြေးများ၊ ပညာသင်ဆုများ ချီးမြှင့်ပေးခြင်းတို့ကြောင့် ကျောင်းနေအရွယ်ကလေးများ ကျောင်းတက်ရောက်မှု တိုးတက်ခဲ့ပါ သည်။

ဇယား ၆-၃
ပထမကာလတို(၅)နှစ် အမျိုးသားစီမံကိန်း
(၂၀၁၁-၂၀၁၂ ပညာသင်နှစ် မှ ၂၀၁၅-၂၀၁၆ ပညာသင်နှစ် အထိ)
ဆရာ- ကျောင်းသားအချိုး

အချိုး

| အကြောင်းအရာ | ၂၀၁၁-၂၀၁၂ | ၂၀၁၂-၂၀၁၃ | ၂၀၁၃-၂၀၁၄ | ၂၀၁၄-၂၀၁၅ | ၂၀၁၅-၂၀၁၆ (ယာယီ) |
|---|---|---|---|---|---|
| ဆရာ- ကျောင်းသားအချိုး (မူလတန်း) | ၂၉ | ၂၉ | ၃၀ | ၂၂ | ၂၃ |
| ဆရာ- ကျောင်းသားအချိုး (အလယ်တန်း) | ၂၄ | ၃၄ | ၃၄ | ၃၃ | ၃၅ |
| ဆရာ- ကျောင်းသားအချိုး (အထက်တန်း) | ၂၅ | ၂၅ | ၂၅ | ၂၆ | ၂၇ |

ဇာစ်မြစ်။ လူ့စွမ်းအားအရင်းအမြစ်နှင့် ပညာရေးစီမံကိန်းဦးစီးဌာန

၂၀၁၁-၂၀၁၂ ပညာသင်နှစ်၏ အခြေခံပညာ ကျောင်းများတွင်ဆရာ/ဆရာမ ဦးရေ ၂၇၇,၆၄၄ဦး နှင့် ပညာဆည်းပူးနေသော ကျောင်းသားဦးရေ ၈,၀၇၉,၆၈၆ ဦးရှိသောကြောင့် ဆရာ၊ ကျောင်းသားအချိုး ၁:၂၉ ရှိရာမှ ၂၀၁၄-၂၀၁၅ ပညာသင်နှစ်၏ အခြေခံပညာ ကျောင်းများတွင် ဆရာ/ဆရာမဦးရေ ၃၄၇,၀၃၅ ဦးနှင့် ပညာဆည်းပူးနေသော ကျောင်းသား ဦးရေ ၈,၇၇၇,၁၀၀ ဦးရှိခဲ့သဖြင့် ဆရာ၊ ကျောင်းသားအချိုး ၁:၂၅ ဖြစ်သောကြောင့် ကျောင်းသားများအတွက် ပိုမိုထိရောက်သော သင်ကြားမှုကို ပေးစွမ်းနိုင်ခဲ့ပါသည်။

၂၀၁၅-၂၀၁၆ ပညာသင်နှစ်တွင် မူလတန်းအဆင့် ကျောင်းသား ၅ သန်းအတွက် တစ်ဦးလျှင် ကျောင်းသုံးပုံနှိပ်စာအုပ်၊ ဗလာစာအုပ်ခြောက်အုပ်နှင့် ကျောင်းဝတ်စုံ တစ်စုံစီကို လည်းကောင်း၊ အလယ်တန်းအဆင့် ကျောင်းသား ၂.၈ သန်းကျော်အတွက် ကျောင်းသုံး ပုံနှိပ်စာအုပ်များကို လည်းကောင်း၊ အထက်တန်းကျောင်းသား ၈ သိန်းကျော် အတွက် ကျောင်းသုံးပုံနှိပ်စာအုပ်များကိုလည်းကောင်း အခမဲ့ ဖြန့်ဝေခဲ့ပါသည်။

ပညာရေးဝန်ဆောင်မှုလုပ်ငန်းများတွင် ပုဂ္ဂလိကကဏ္ဍမှ ပါဝင်ဆောင်ရွက်နိုင်ရေး အတွက် ၂၀၁၁ ခုနှစ်၊ ဒီဇင်ဘာလ ၂ ရက်တွင် ကိုယ်ပိုင်ကျောင်းမှတ်ပုံတင်ဥပဒေကို ပြဋ္ဌာန်းခဲ့ပြီး ၂၀၁၂ ခုနှစ် ဧပြီလ ၃၀ ရက်တွင် ကိုယ်ပိုင်ကျောင်းမှတ်ပုံတင်နည်းဥပဒေများကို ထုတ်ပြန်၍ ၂၀၁၂-၂၀၁၃ ပညာသင်နှစ်မှစ၍ ကိုယ်ပိုင်ကျောင်းများ ဖွင့်လှစ်ခွင့်ပြုခဲ့ရာ ၂၀၁၄-၂၀၁၅ ပညာသင်နှစ်တွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ကိုယ်ပိုင်ကျောင်း

ပေါင်း ၂၈၀ ကျောင်း ဖွင့်လှစ်နိုင်ခဲ့သောကြောင့် ကျောင်းဆရာ၊ ဆရာမ ၃၆၂၂ဦး ကို အလုပ်အကိုင် ဖန်တီးပေးနိုင်ခဲ့ပြီး ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ၅၄,၂၅၁ ဦးကို ပညာ သင်ကြားပေးနိုင်ခဲ့ပါသည်။

အခြေခံစာတတ်မြောက်ရေးလုပ်ငန်းကို ၂၀၁၃ ခုနှစ်တွင် ၉ မြို့နယ်၊ ၂၀၁၄ ခုနှစ်တွင် ၂၉ မြို့နယ်နှင့် ၂၀၁၅ ခုနှစ်တွင် မြို့နယ် ၃၀ တို့ကို ရွေးချယ်၍ ဒေသခံလုပ်အားပေး ဆရာ၊ ဆရာမများနှင့် တက္ကသိုလ်များမှ လုပ်အားပေး ကျောင်းသား ကျောင်းသူများ ပူးပေါင်း၍ လူထုလှုပ်ရှားမှုအသွင်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါသည်။

နိုင်ငံသားတိုင်း အခြေခံပညာပြီးမြောက်စေရေးအတွက် ကိုယ်၊ စိတ်မသန်စွမ်းသူများ၊ အမြင်အကြားအာရုံချို့တဲ့သည့် ကလေးများ၊ ကျောင်းနေရန်အခက်အခဲရှိသူများ၊ လူမှုရေးအရ ပစ်ပယ်ခံရသူကလေးများ၊ မူလတန်းမပြီးမီ ကျောင်းထွက်သွားသူများအား ပညာဆက်လက် သင်ကြားနိုင်စေရေးအတွက် လူတိုင်းအကျုံးဝင်ပညာရေး အစီအစဉ်များ (Inclusive Education) ချမှတ်ပြီး ဆက်လက်ပညာသင်ကြားနိုင်စေရေး ဆောင်ရွက်ခဲ့ပါသည်။

လူမှုဘဝအခက်အခဲများကြောင့် စာသင်ကျောင်းသို့ မရောက်ရှိနိုင်သည့် ကလေးများ ကို မူလတန်းအဆင့်နှင့် အလယ်တန်းအဆင့်၌ ဆက်လက်သင်ယူနိုင်သည့် ကျောင်းပြင်ပ ပညာရေးကို တိုးချဲ့စီစဉ်ပေးလျက်ရှိပါသည်။ ဝင်ငွေအခက်အခဲကြောင့် ပညာဆက်လက် သင်ယူလိုသူတို့အတွက် စာဖတ်ရှိန်မြှင့်တင်ရေး၊ အရည်အသွေးမြင့် ဘဝမြှင့်တင်ရေး စသည့် စဉ်ဆက်မပြတ်ပညာရေး အစီအစဉ်တစ်ခုဖြစ်သည့် ရပ်ရွာပဒေသာဌာနကို နှစ်စဉ်တိုးချဲ့ ဖွင့်လှစ်ခဲ့ရာ ၂၀၁၄ ခုနှစ်အထိ ၃,၀၇၇ ခု တည်ထောင်ဖွင့်လှစ်နိုင်ခဲ့ပါသည်။

နိုင်ငံတကာအဆင့် အရည်အသွေးရှိသော ပညာရေးစနစ်ဖော်ဆောင်ရန် အခြေခံပညာ မူလတန်းအဆင့်ဖြစ်သည့် စတုတ္ထတန်းကို ခရိုင်အဆင့်စာမေးပွဲဖြင့်လည်းကောင်း၊ အခြေခံ ပညာအလယ်တန်းအဆင့်ဖြစ်သည့် အဋ္ဌမတန်းကို တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့် စာမေးပွဲဖြင့် လည်းကောင်း၊ ပညာအရည်အသွေးအကဲဖြတ်မှုအဖြစ် ၂၀၁၄-၂၀၁၅ ပညာသင် နှစ်တွင် စတင်၍ ကျင့်သုံးအကောင်အထည်ဖော်ခဲ့ပါသည်။ အဆင့်မြင့်ပညာကဏ္ဍတွင် တက္ကသိုလ်ပညာရေးကို အချိန်တိုကာလ တက်ရောက်သင်ယူခြင်းကို ဖျက်သိမ်း၍ နှစ်ပြည့် သင်ယူတက်ရောက်သည့်စနစ်ကို ပြန်လည်ဖော်ဆောင်ပေးခဲ့ပါသည်။ ကျောင်းချိန်ပြင်ပ

တိုင်းရင်းသား ဘာသာစကားသင်ကြားနိုင်ရေးအတွက်လည်း ၂၀၁၄-၂၀၁၅ ပညာသင်နှစ်တွင် စတင်ဆောင်ရွက်ခဲ့ပါသည်။

ဆရာ၊ ဆရာမများ၏ သင်ကြားမှုအရည်အသွေးများ တိုးတက်စေရန် ပညာရေးတက္ကသိုလ်များနှင့် ပညာရေးကောလိပ်များတွင် လုပ်ငန်းခွင်အကြိုနှင့် လုပ်ငန်းခွင်သင်တန်းများ ဘာသာရပ်ဆိုင်ရာ မွမ်းမံသင်တန်းများကို တိုးချဲ့ဖွင့်လှစ် လေ့ကျင့်သင်ကြားပေးသကဲ့သို့ ပြည်ပနိုင်ငံများသို့ သင်တန်းနှင့်ဆွေးနွေးပွဲများ တက်ရောက်စေရန် စေလွှတ်ပေးလျက်ရှိပါသည်။

ကျေးလက်ဒေသများနှင့် ဝေးလံခက်ခဲဒေသများတွင် သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ဆရာအင်အား ပြည့်ဝရေးအတွက် တက္ကသိုလ် တစ်ခုခုမှ ဘွဲ့ရသူများအား ဒေသခံများကို ဦးစားပေး၍ နေ့စားလပေး မူလတန်းပြ ဆရာ၊ ဆရာမများအဖြစ် ၂၀၁၃ ခုနှစ်နှင့် ၂၀၁၄ ခုနှစ်၊ ဇွန်လ ကျောင်းဖွင့်အမီ ရွေးချယ်ခန့်အပ်ခဲ့ပါသည်။ ဆင်းရဲနွမ်းပါးသည့် ကလေးများအတွက် ပညာသင်ထောက်ပံ့ကြေး အစီအစဉ်များ၊ ထူးချွန်ထက်မြက်သည့် ကလေးများအတွက် ဘက်စုံပညာထူးချွန် လူငယ်အစီအစဉ်များ၊ ကင်းထောက်အဖွဲ့များ ဖွဲ့စည်းရေးအစီအစဉ်နှင့် ပညာသင်ဆုများချီးမြှင့်ရေး အစီအစဉ်များကို တိုးချဲ့အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါသည်။

**(ခ) ဒုတိယကာလတို (၅) နှစ်စီမံကိန်းကာလအတွင်း ဆက်လက်ဆောင်ရွက်ရန် ရည်မှန်းထားရှိမှု အခြေအနေ**

၂၀၁၄ ခုနှစ် မြန်မာနိုင်ငံ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းအရ မြန်မာနိုင်ငံတွင် အသက် ၁၅ နှစ်နှင့်အထက် စာတတ်မြောက်မှုနှုန်းမှာ ၈၉.၅ ရာခိုင်နှုန်းရှိ၍ “ကျား” စာတတ်မြောက်မှုရာခိုင်နှုန်းသည် ၉၂.၆ ရာခိုင်နှုန်းရှိပြီး “မ”စာတတ်မြောက်မှု ရာခိုင်နှုန်းမှာ ၈၆.၉ ရာခိုင်နှုန်းရှိသည့်အတွက် “ကျား” စာတတ်မြောက်မှုရာခိုင်နှုန်းသည် “မ” စာတတ်မြောက်မှု ရာခိုင်နှုန်းထက် အနည်းငယ်ပိုမြင့်မားပါသည်။ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် စာတတ်မြောက်မှုနှုန်းတွင် ရန်ကုန်တိုင်းဒေသကြီးသည် ၉၆.၆ ရာခိုင်နှုန်းဖြင့် စာတတ်မြောက်မှုနှုန်း အမြင့်ဆုံးဖြစ်ပြီး ရှမ်းပြည်နယ်သည် ၆၄.၆ ရာခိုင်နှုန်းဖြင့် အနည်းဆုံးဖြစ်ပါသည်။

ဒုတိယကာလတို(၅)နှစ် စီမံကိန်းကာလအတွင်း တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် စာတတ်မြောက်မှုနှုန်းကွာဟချက် ကျဉ်းမြောင်းစေရန် တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် စာတတ်မြောက်မှုနှုန်း မြင့်မားရေးအတွက် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပြီး အသက် ၁၅ နှစ် နှင့်အထက် စာတတ်မြောက်မှုနှုန်းကို ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် ၉၃.၂၅ ရာခိုင်နှုန်း တတ်မြောက်ရန်၊ "ကျား" စာတတ်မြောက်မှုနှုန်းကို ၉၆.၃၅ ရာခိုင်နှုန်း၊ "မ" စာတတ်မြောက်မှုနှုန်းကို ၉၀.၆၅ ရာခိုင်နှုန်း တတ်မြောက်ရန် ရည်မှန်းဆောင်ရွက်သွားမည် ဖြစ်ပါသည်။ ထို့အပြင် မူလတန်းအဆင့်ကျောင်းနေနှုန်းကို ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် ၁၀၇.၀၉ ရာခိုင်နှုန်း၊ အလယ်တန်းအဆင့်ကျောင်းနေနှုန်းကို ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် ၆၆.၉၃ ရာခိုင်နှုန်း၊ အထက်တန်းအဆင့် ကျောင်းနေနှုန်းကို ၂၀၂၀-၂၀၂၁ ဘဏ္ဍာ နှစ်တွင် ၄၂.၇၁ ရာခိုင်နှုန်းဖြစ်ရန် ရည်မှန်းဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ဇယား ၆-၄
ဒုတိယကာလတို (၅) နှစ် အမျိုးသားစီမံကိန်း
၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အထိရည်မှန်းချက်

| အကြောင်းအရာ | ၂၀၁၆-၂၀၁၇ | ၂၀၁၇-၂၀၁၈ | ၂၀၁၈-၂၀၁၉ | ၂၀၁၉-၂၀၂၀ | ၂၀၂၀-၂၀၂၁ |
|---|---|---|---|---|---|
| **သက်ကြီးစာတတ်မြောက်မှုနှုန်း** | | | | | |
| ပြည်ထောင်စု | ၉၀.၂၅ | ၉၁.၀၀ | ၉၁.၇၅ | ၉၂.၅၀ | ၉၃.၂၅ |
| အမျိုးသမီး | ၈၇.၆၅ | ၈၈.၄၀ | ၈၉.၁၅ | ၈၉.၉၀ | ၉၀.၆၅ |
| အမျိုးသား | ၉၃.၃၅ | ၉၄.၁၀ | ၉၄.၈၅ | ၉၅.၆၀ | ၉၆.၃၅ |
| **ကျောင်းနေနှုန်းကြမ်း** | | | | | |
| မူလတန်း | ၁၀၂.၆၉ | ၁၀၃.၇၉ | ၁၀၄.၈၉ | ၁၀၅.၉၉ | ၁၀၇.၀၉ |
| အလယ်တန်း | ၆၂.၅၃ | ၆၃.၆၃ | ၆၄.၇၃ | ၆၅.၈၃ | ၆၆.၉၃ |
| အထက်တန်း | ၃၈.၃၁ | ၃၉.၄၁ | ၄၀.၅၁ | ၄၁.၆၁ | ၄၂.၇၁ |
| **ဆရာ-ကျောင်းသားအချိုး** | ၂၆ | ၂၈ | ၂၉ | ၃၀ | ၃၂ |
| မူလတန်း | ၂၈ | ၂၉ | ၃၀ | ၃၂ | ၃၃ |
| အလယ်တန်း | ၃၅ | ၃၇ | ၃၈ | ၄၀ | ၄၂ |
| အထက်တန်း | ၂၃ | ၂၅ | ၂၆ | ၂၇ | ၂၈ |

**စာစ်မြစ်။ လူ့စွမ်းအားအရင်းအမြစ်နှင့် ပညာရေးစီမံကိန်းဦးစီးဌာန**

### (ဂ) ပညာရေးအရည်အသွေး တိုးတက်မြင့်မားရန်ဆောင်ရွက်မှု

လက်ရှိကျင့်သုံးနေသည့် အခြေခံပညာရေးဖွဲ့စည်းမှုပုံစံ ၅-၄-၂ စနစ်ကို အာဆီယံဒေသတွင်း နိုင်ငံတကာတွင် ကျင့်သုံးနေသည့် အခြေခံပညာရေး စနစ်ဖွဲ့စည်းမှု ပုံစံများနှင့် ကိုက်ညီ ဆီလျော်မှုရှိစေရေးအတွက် အခြေခံပညာအထက်တန်းအဆင့်တွင် ဓကာဒသမတန်းအဖြစ် ပညာသင်နှစ်တစ်နှစ် တိုးချဲ့၍လည်းကောင်း၊ အသက် ၅+ နှစ်ကို မူလတန်းကြိုပညာရေး (Kindergarten-KG) အဖြစ်လည်းကောင်း၊ ကျောင်းဝင်အသက်ကို ၆+ နှစ်ဖြင့်လည်းကောင်းသတ်မှတ်၍ အခြေခံပညာရေး ဖွဲ့စည်းမှုပုံစံကို KG+ ၅-၄-၃ ပုံစံသို့ ပြောင်းလဲသတ်မှတ်ရန်နှင့် ပြောင်းလဲသည့်ဖွဲ့စည်းမှုပုံစံနှင့်အညီ သင်ရိုးညွှန်းတမ်း၊ သင်ရိုးမာတိကာများ ပြန်လည်ပြုပြင် ရေးဆွဲရန်စီစဉ် ဆောင်ရွက်လျက်ရှိရာ အဆိုပါလုပ်ငန်းစဉ်များကို ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

ကျောင်းသား၊ ကျောင်းသူများ၏ ထိုးထွင်းကြံဆမှု၊ တီထွင်ဖန်တီးမှု၊ ကျိုးကြောင်းဆက်စပ် တွေးခေါ်စဉ်းစားမှု တိုးတက်လာစေရေးအတွက် တစ်နိုင်ငံလုံးအတိုင်းအတာအရ ကလေးဗဟိုပြု သင်ယူမှုချဉ်းကပ်နည်းဖြင့် ပြောင်းလဲလေ့ကျင့်သင်ကြားပေးနိုင်ရန် ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

### (ဃ) အဆင့်မြင့်ပညာကဏ္ဍ

ပညာရေးမြှင့်တင်မှု အကောင်အထည်ဖော်ရေးကော်မတီ၏ ကြီးကြပ်မှုနှင့် ရေးဆွဲတင်ပြခဲ့ပြီး ပြည်သူ့လွှတ်တော်မှအတည်ပြုပေးခဲ့သော အမျိုးသားပညာရေးဥပဒေ၏ မူဝါဒများအပိုဒ်တွင် "တက္ကသိုလ်နှင့် ကောလိပ်များသည် လွတ်လပ်သော ကိုယ်ပိုင်စီမံခန့်ခွဲခွင့်ဖြင့်ရပ်တည်ခြင်း" ဟူ၍ လည်းကောင်း၊ ပုဒ်မ ၂၆ တွင်လည်း "အဆင့်မြင့်ပညာရေးကိုအကောင်အထည်ဖော်သည့် ကျောင်းများတွင် လွတ်လပ်သည့် သင်ကြားသင်ယူမှုနှင့်လွတ်လပ်စွာ စီမံခန့်ခွဲရေးစနစ်ကို ကျင့်သုံးရမည်" ဟူ၍ လည်းကောင်း ပြဋ္ဌာန်းထားသည်ဖြစ်ရာ တက္ကသိုလ်များတွင် ကိုယ်ပိုင်အုပ်ချုပ်ရေးစနစ်သို့ တတ်နိုင်သမျှ ဦးတည်ဆောင်ရွက်ရေးအတွက် လိုအပ်သည့်အခြေအနေများကို စီစဉ်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

ပညာရေးဝန်ကြီးဌာနမှ တည်ထောင်ထားသည့် Website မှာ myanmar-education.edu.mm ဖြစ်ပြီး ဆက်လက်၍ တက္ကသိုလ်များ၏ Website များ တည်ထောင်ပြီး တက္ကသိုလ်အလိုက် ဖွင့်လှစ်နိုင်သော ကျွမ်းကျင်မှု သင်တန်းအမျိုးအစားများ သတ်မှတ်ရေး၊

စီးပွားရေးလုပ်ငန်း၊ စက်မှုလုပ်ငန်းများ၏ လိုအပ်ချက် (Demand) နှင့် ကိုက်ညီသော Customized Course Designများ ရေးဆွဲနိုင်ရေး တို့အတွက် Website များမှ သတင်းအချက်အလက်များ ရယူစုဆောင်းပြီး လုပ်ငန်းလိုအပ်ချက်၊ သင်ယူလိုသူတို့၏ လိုအပ်ချက်၊ တက္ကသိုလ်များက သင်ကြားပေးနိုင်သော အခြေအနေတို့နှင့်ကိုက်ညီပြီး လက်တွေ့နယ်ပယ်တွင် အသုံးချနိုင်သည့် သင်တန်းများ ဖွင့်လှစ်သွားမည် ဖြစ်ပါသည်။

ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး (အဆင့်မြင့်ပညာကဏ္ဍ) ၏လုပ်ငန်းစဉ်များ အကောင်အထည် ဖော်နိုင်မှုအခြေအနေနှင့် ဆက်စပ်လုပ်ငန်းများဖြစ်သည့် ၂၀၁၂ ခုနှစ်မှ ၂၀၁၄ ခုနှစ်အထိ နှစ်အလိုက် ကျင်းပပြုလုပ်ခဲ့သော နှီးနှောဖလှယ်ပွဲများမှ ချမှတ်ခဲ့သည့် ဆက်စပ်ရှေ့လုပ်ငန်းစဉ်များအပေါ် တက္ကသိုလ်များအလိုက် လက်တွေ့ဆောင်ရွက်ချက်များကို ပေါင်းစပ်အခြေခံစိစစ်၍ တွေ့ရှိချက်၊ သုံးသပ်ချက်နှင့် အကြံပြုချက်များကို ဖော်ထုတ်ချမှတ်ပြီး ပညာရေးပြုပြင်ပြောင်းလဲမှုလုပ်ငန်းများ တိုးတက်ဖြစ်ပေါ်ရန် ဦးတည်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

(င) သက်မွေးပညာကဏ္ဍ

ကျောင်းပညာ ဆက်လက်သင်ယူခြင်း မပြုနိုင်တော့သည့်သူများအား လုပ်သားအင်အားတွင် ပါဝင်ဖြည့်တင်းနိုင်ရန် စွမ်းအင်မြှင့်တင်မှုများ ပြုလုပ်ပေးရမည်ဖြစ်ပါသည်။ သက်မွေးပညာကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာခြင်းသည် ကဏ္ဍအလိုက်အသွင်ကူးပြောင်းမှုများ ဆောင်ရွက်ရာတွင် ဖြစ်ပေါ်လာမည့် အလုပ်အကိုင် အခွင့်အလမ်းသစ်များအတွက် လက်ရှိလုပ်သားထု၏ ကျွမ်းကျင်မှုကို မြှင့်တင်နိုင်မည်ဖြစ်ပါသည်။

သို့ဖြစ်၍ အခြေခံစက်ချုပ်သင်တန်း၊ အဆင့်မြင့်စက်ချုပ်သင်တန်း၊ သိုးမွေးစက်ဆွဲသင်တန်း၊ ရက်ကန်းသင်တန်း၊ ကြိမ်၊ ဝါး သင်တန်း၊ ကနုတ်မာကျောက်စီပန်းချီသင်တန်းများကဲ့သို့ အိမ်တွင်းမှုသင်တန်းကျောင်းများဖွင့်လှစ်ခြင်း၊ အခြေခံစက်ပြင်သင်တန်း၊ လျှပ်စစ်ပစ္စည်းပြုပြင်ရေးသင်တန်း၊ လက်သမားသင်တန်း၊ သံချည်သံကွေးသင်တန်း၊ အခြေခံလျှပ်စစ်ဂဟေသင်တန်း၊ ပန်းရံသင်တန်းများကဲ့သို့ စက်မှုလက်မှုသင်တန်းကျောင်းများ ဖွင့်လှစ်ခြင်းတို့အပြင် ကွန်ပျူတာ Hardware သင်တန်း၊ Software သင်တန်း၊ သတင်း အချက်အလက်နှင့် နည်းပညာပိုင်းဆိုင်ရာသင်တန်းများကဲ့သို့ တိုးတက်ပြောင်းလဲလာသည့် ခေတ်စနစ်နှင့်

အညီ သက်မွေးဝမ်းကျောင်းပြုနိုင်သော သင်တန်းများကို တိုးချဲ့ဖွင့်လှစ်သင်ကြားပေးနိုင်ရေးကို ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

ထို့အပြင် နိုင်ငံခြားနှင့် ပြည်တွင်း စီးပွားရေးလုပ်ငန်းများ၏ ကျွမ်းကျင်လုပ်သားလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်သည့် အသက်မွေးဝမ်းကျောင်းပညာရေးစနစ်ဖြစ်ပေါ်ရန် နည်းပညာဆိုင်ရာ အသက်မွေးဝမ်းကျောင်းသင်တန်း ကဏ္ဍကို တိုးချဲ့ဆောင်ရွက်ခြင်း၊ ပုဂ္ဂလိကကဏ္ဍနှင့် နီးကပ်စွာ ပူးပေါင်းဆောင်ရွက်ခြင်း၊ ပညာရှင်များအပါအဝင် ပါဝင်ဆောင်ရွက်သူအားလုံးကို ကျွမ်းကျင်သင်တန်းများပေးခြင်း၊ အတန်းကျောင်းပညာ တစ်ဝက်တစ်ပျက်နှင့် ကျောင်းမှထွက်သွားသူများအတွက် အမျိုးသားအသက်မွေးဝမ်းကျောင်းဆိုင်ရာ အရည်အသွေးပြည့်ဝမှု အစီအစဉ်ဖြင့် လိုအပ်သော လုပ်ငန်းခွင်ကျွမ်းကျင်မှု အသိအမှတ်ပြုလက်မှတ်များ ထုတ်ပေးခြင်းများကို ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

ဒုတိယ ကာလတို (၅)နှစ် စီမံကိန်းကာလအတွင်း အောက်ဖော်ပြပါ လုပ်ငန်းများအား ဆောင်ရွက်မည် ဖြစ်သည်-

- ပညာရေးအသုံးစရိတ်အားတိုးမြှင့်သုံးစွဲခြင်း၊ ပညာရေးကဏ္ဍတွင်အခြားသော နိုင်ငံခြားဖွံ့ဖြိုးမှုမိတ်ဖက်များထံမှ အကူအညီ၊ အထောက်အပံ့များရရှိစေခြင်း၊
- ပညာရေး ဥပဒေ၊ နည်းဥပဒေများ ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်မှုနှင့် စပ်လျဉ်း၍ အခြေခံပညာ ဥပဒေ(မူကြမ်း)ကို အပြီးသတ် ပြဋ္ဌာန်းရေး ဆောင်ရွက်ရန်၊
- ပညာရေးအဆင့် မြှင့်တင်နိုင်ရေးအတွက် အခြေခံပညာသင်ယူမှု အဆင့်နှင့် အတန်းများကို ပြင်ဆင်ပြောင်းလဲ သတ်မှတ်ခြင်း၊ ယခင်က အခြေခံပညာကို အတန်း (၁၀) ခု သတ်မှတ်ရာမှ ယခုအခါ အတန်း (၁၂) ခုသို့ ပြောင်းလဲသတ်မှတ်ပြင်ဆင်ခြင်း၊
- အခြေခံပညာအဆင့် မတက်ရောက်မီ ကလေးများအတွက် မူကြိုပညာရေး အစီအစဉ်များကို အခြေခံပညာကျောင်းများ၌ တွဲဖက်လေ့ကျင့်ပြုစုနိုင်ခြင်း၊
- ပညာရေးအထူးဂန်ဆောင်မှုပေးခြင်း၊ အရည်အသွေးအာမခံမှု၊ သင်ယူမှု ဂန်းကျင်ကောင်း ဖြစ်စေခြင်း၊

- အခြေခံပညာအဆင့် အရည်အသွေးတိုးတက်ရေး အတွက် အာမခံချက်များ ရှိစေခြင်း၊ အရည်အသွေးအကဲဖြတ်ရာတွင်လည်း အရည်အသွေးအာမခံချက်များ ပါဝင်သဖြင့် အရည်အသွေးအာမခံချက်အတွက် ပိုမို ခိုင်မာလာမည်၊ ဖြစ်လာမည်ဖြစ်ခြင်း၊
- နည်းပညာနှင့် သက်မွေးပညာ ဥပဒေအား ပြုစုပြဋ္ဌာန်းခြင်း၊
- နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူတို့၏ လူမှုစီးပွားရေးတိုးတက် ဖွံ့ဖြိုးစေရေးအတွက် လိုအပ်သောနည်းပညာနှင့် သက်မွေးပညာရပ် အတတ်ပညာရှင်များနှင့် အသိပညာရှင်များ မွေးထုတ်ခြင်း၊
- နည်းပညာနှင့် သက်မွေးပညာရပ်များတွင် အရည်အသွေးပြည့်ဝရေး အတွက် အခြေခံကောင်းများကို တိုးတက်စေခြင်း၊
- ပုဂ္ဂလိကဏ္ဍ ပညာရေးဥပဒေမူကြမ်းကိုလည်း ပြုစုထားပြီးဖြစ်ရာ နိုင်ငံပိုင် အခန်း သာမက ပုဂ္ဂလိကအခန်း ပညာရည်မြင့်မားရေးကိုလည်း ဆက်လက် ဆောင်ရွက်ခြင်း၊
- အခြေခံပညာအဆင့် အခမဲ့ပညာရေးစနစ်ကို ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊
- ဒေသအာဏာပိုင်များ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ ပြည်တွင်းပြည်ပ မိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ကျောင်းသား၊ ကျောင်းသူများ လိုအပ်သည့် ကျောင်းသုံးစာအုပ်၊ စာရေးကိရိယာ၊ ကျောင်းဝတ်စုံနှင့် သင်ထောက်ကူပစ္စည်းများကို အခမဲ့ဖြန့်ဝေထောက်ပံ့ပေးခြင်း၊
- ကျောင်းချိန်ပြင်ပ တိုင်းရင်းဘာသာစကား သင်ကြားနိုင်ရေး အတွက် တိုင်းရင်းသားဘာသာ ဆရာလက်စွဲစာအုပ်များ၊ တိုင်းရင်းသားဘာသာ သင်ခန်းစာ စာအုပ်များရေးသားပြုစု ဖြန့်ဝေသင်ကြားခြင်း၊
- မူလတန်းကျောင်းနေအရွယ်မတိုင်မီ အသက် ၃ နှစ်မှ ၅ နှစ်အရွယ် ကလေး များ၏ ကာယ၊ ဉာဏ၊ စာရိတ္တ၊ မိတ္တနှင့် စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေး နှင့် အခြေခံပညာ ဆက်လက်သင်ယူနိုင်ရေးအတွက် ကျောင်းအခြေပြု မူလတန်းကြိုအတန်းများဖွင့်လှစ်ခြင်း၊

- ရွှေ့ပြောင်းသွားလာ၍ အလုပ်လုပ်ကိုင်နေသော မိဘများနောက်မှ လိုက်ပါပြောင်းရွှေ့နေရသည့် ကျောင်းနေအရွယ်ကလေးများအတွက် ပညာသင်ယူမှုအခွင့်အလမ်းရရှိစေရေးအတွက် ရွှေ့လျားကျောင်းများ ဖွင့်လှစ်ခြင်း၊
- ပညာရေးဝန်ဆောင်မှုလုပ်ငန်းများတွင် ပုဂ္ဂလိကကဏ္ဍမှ ပါဝင်ဆောင်ရွက်နိုင်ရေး အတွက် ကိုယ်ပိုင်ကျောင်းများ ဖွင့်လှစ်ခြင်း၊
- ကျောင်းသို့ တက်ရောက်နိုင်ခြင်းမရှိသည့် ကလေးများနှင့်လူငယ်များအတွက် ပညာသင်ယူမှုအခွင့်အလမ်းများ မဆုံးရှုံးစေရေးအတွက် ကျောင်းပြင်ပ ပညာရေးကို မူလတန်းပညာသာမက အလယ်တန်းပညာအထိ တိုးချဲ့သင်ယူနိုင်အောင် ဆောင်ရွက်ခြင်း၊
- ကျေးလက်ဒေသများနှင့် ဝေးလံခက်ခဲသော ဒေသများတွင် ဆရာအင်အားပြည့်ဝရေးအတွက် တက္ကသိုလ်တစ်ခုခုမှဘွဲ့ရသူ ဒေသခံများအား ဦးစားပေး၍ နေ့စား၊ မူလတန်းပြဆရာ၊ ဆရာမများအဖြစ် ဆက်လက်တိုးချဲ့ခန့်ထားပေးခြင်း၊
- ရပ်ရွာပညာပဒေသာဌာနများမှတစ်ဆင့် စာဖတ်ရှိန်မြှင့်တင်ရေး၊ ဝင်ငွေတိုးပွားရေးနှင့် ဘဝသာယာရေးစသည့် စဉ်ဆက်မပြတ်ပညာရေးအစီအစဉ်များ တိုးချဲ့ဖန်တီးပေးခြင်း၊ စာတတ်မြောက်ရေးလုပ်ငန်းများကို သက်ဆိုင်ရာတိုင်းဒေသကြီးနှင့်ပြည်နယ်များမှ မိမိဒေသအခြေအနေနှင့် လိုက်လျောညီထွေသည့် စီမံချက်များ ရေးဆွဲဆောင်ရွက်ခြင်း၊
- ကျောင်းနေရန် အခက်အခဲရှိသည့် ကျောင်းသား၊ ကျောင်းသူများအား ကျောင်းဆက်လက်တက်ရောက်နိုင်ရေးအတွက် ပညာသင်ထောက်ပံ့ကြေးများ ချီးမြှင့်ခြင်း၊
- ဘက်စုံပညာဖွံ့ဖြိုးသည့် ကျောင်းသား၊ ကျောင်းသူများ ဖြစ်ထွန်းလာစေရန် ပညာရေးစုံညီပွဲတော်ကျင်းပခြင်း၊ ကျောင်းကျန်းမာရေးသီတင်းပတ်၊ ကျောင်းနှင့်ဝန်းကျင် သန့်ရှင်းရေးစသည်ဖြင့် ကျောင်းတွင်းလုပ်ငန်းများလုပ်ဆောင်ခြင်း၊ မူလတန်းနှင့် အလယ်တန်းအဆင့် အင်္ဂလိပ်စာနှင့် သင်္ချာ စွမ်းရည်ပြိုင်ပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲ၊ စကားရည်လုပွဲ၊ ပဋ္ဌာန်းရွတ်ပွဲ၊ ဓမ္မစကြာရွတ်ပြိုင်ပွဲ၊

ယဉ်ကျေးမှုသင်တန်း၊ ပန်းချီ၊ အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲစသည့် ရိုးရာယဉ်ကျေးမှုနှင့် ဓလေ့ထုံးတမ်းဆိုင်ရာ ပြိုင်ပွဲများ ကျင်းပခြင်း၊

- နိုင်ငံခြားနှင့် ပြည်တွင်း စီးပွားရေးလုပ်ငန်းများ၏ ကျွမ်းကျင်လုပ်သား လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်သည့် အသက်မွေးဝမ်းကျောင်း ပညာရေးစနစ် ဖြစ်ပေါ်စေရန် ခေတ်စနစ်နှင့်အညီ သက်မွေးဝမ်းကျောင်းပြုနိုင်သော သင်တန်းများ၊ နည်းပညာဆိုင်ရာ အသက်မွေးဝမ်းကျောင်း သင်တန်းကဏ္ဍကို တိုးချဲ့ဆောင်ရွက်ခြင်း၊
- ပုဂ္ဂလိကကဏ္ဍနှင့် နီးကပ်စွာပူးပေါင်းဆောင်ရွက်ခြင်း၊ ပညာရှင်များအပါအဝင် ပါဝင်ဆောင်ရွက်သူအားလုံးကို ကျွမ်းကျင်သင်တန်းများပေးခြင်း၊
- အတန်းကျောင်းပညာ တစ်ဝက်တစ်ပျက်နှင့်ကျောင်းမှ ထွက်သွားသူများအတွက် အမျိုးသားအသက်မွေးဝမ်းကျောင်းဆိုင်ရာ အရည်အသွေးပြည့်ဝမှု အစီအစဉ်ဖြင့် လိုအပ်သောလုပ်ငန်းခွင်ကျွမ်းကျင်မှု အသိအမှတ်ပြုလက်မှတ်များ ထုတ်ပေးခြင်း၊

ပညာရေးသည် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကသွင်းအားစု ဖြစ်ပြီး ဒေသတွင်းနှင့်ကမ္ဘာလုံးဆိုင်ရာစီးပွားရေးတွင် ကာလရှည်ယှဉ်ပြိုင်နိုင်ခြင်း အကျိုးကျေးဇူးကို ရရှိအောင် ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး အတွက် ပုံမှန်သင်ယူနေသော ကျောင်းပညာရေး၊ ကျောင်းပြင်ပ ပညာရေးများ၊ ဌာနတွင်း သင်တန်းများဖွင့်လှစ်ခြင်း၊ အခြားဝန်ကြီးဌာနများနှင့် ပြည်တွင်း၊ ပြည်ပမှ ဖွင့်လှစ်သော သင်တန်းများ၊ ဆွေးနွေးပွဲများ တက်ရောက်စေခြင်းဖြင့် လုပ်ငန်းစွမ်းဆောင်ရည်ကို မြင့်တက်စေပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

## ၆-၂။ ကျန်းမာရေး

မြန်မာ့ကျန်းမာရေးမျှော်မှန်းချက် ၂၀၃၀ ခုနှစ် (၂၀၀၀-၂၀၀၁ ဘဏ္ဍာနှစ်မှ ၂၀၃၀-၂၀၃၁ ဘဏ္ဍာနှစ်) ဖြင့် အနာဂတ်ကျန်းမာရေးစိန်ခေါ်မှုများကို ဖြေရှင်းရန် ရည်ရွယ်၍ ပြီးခဲ့သည့် ဆယ်စုနှစ်ကတည်းက ဧရိယာ ၉ ခု သတ်မှတ်၍ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ ရေးဆွဲအကောင်အထည်ဖော်ခဲ့သည်။ ၂၀၁၁ ခုနှစ်မှ စတင်ခဲ့သည့် နိုင်ငံရေးနှင့် အုပ်ချုပ်ရေး ပြုပြင်ပြောင်းလဲမှုများနှင့်အတူ ပထမကာလတို ၅ နှစ်စီမံကိန်း၏ ရည်မှန်းချက်များတွင်

လူမှုရေး၊ စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် မူဝါဒများ ချမှတ်သည့်အခါ ကျန်းမာရေးကဏ္ဍ၌ လူထုလူတန်းစားတစ်ရပ်လုံးအတွက် ကျန်းမာရေးစောင့်ရှောက်မှု အရည်အသွေးမြင့်မားရေးသာမက ပိုမိုရရှိစေရေးကိုပါ အထူးအလေးပေး စီမံကိန်းရေးဆွဲ အကောင်အထည်ဖော်ခဲ့ပါသည်။

နိုင်ငံသားများ၏ ကျန်းမာရေးကောင်းမွန်ခြင်းသည် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါသည့်အချက်တစ်ချက်လည်းဖြစ်ပါသည်။ ကျန်းမာရေးစောင့်ရှောက်မှုအရည်အသွေးတိုးတက်ရေးနှင့် စောင့်ရှောက်မှုအပြည့်အဝရရှိရေးသည် နိုင်ငံ၏ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုအပေါ် တိုက်ရိုက်သက်ရောက်မှု ဖြစ်ပေါ်စေသည်။ ယနေ့ကမ္ဘာတွင် ကျန်းမာရေးစောင့်ရှောက်မှုအတွက် ပိုမိုကောင်း မွန်ထိရောက်သော နည်းပညာသစ်များ တိုးတက်လာသော်လည်း ပြောင်းလဲလာသော ဘဝနေထိုင်မှုပုံစံများကြောင့် ရောဂါအသစ်များလည်း ပေါ်ပေါက်လျက်ရှိပါသည်။ ကျန်းမာရေးဝန်ကြီးဌာနသည် ပြည်သူလူထုအား စောင့်ရှောက်မှုပေးသည့် လုပ်ငန်းများကို အခြားဝန်ကြီးဌာနများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။


ကျန်းမာရေးစောင့်ရှောက်ပေးမှုအခြေအနေနှင့် ပြည်သူလူထု၏ လက်ရှိကျန်းမာရေးအခြေအနေကိုသိရှိရန်အတွက် အာဟာရချို့တဲ့သည့် လူဦးရေအချိုး၊ အသက် ၅ နှစ်နှင့် ၅ နှစ်အောက် ကလေးသေဆုံးမှုနှုန်းနှင့် မျှော်မှန်းသက်တမ်းတို့ကို ဆန်းစစ်ခဲ့သည်။ ထို့အပြင် ပြည်သူတစ်ရပ်လုံးမှ ကျန်းမာရေးစောင့်ရှောက်မှုအား ရရှိသည့်အတိုင်းအတာကို သိရှိရန်အတွက် ဆရာဝန်၊ သူနာပြုများနှင့် လူဦးရေအချိုး၊ ဆေးရုံနှင့်ကျန်းမာရေးဌာနများ၊ ကျန်းမာရေးဆိုင်ရာ အသုံးစရိတ်တို့ကို လေ့လာဆန်းစစ်ပါသည်။ အထက်ပါ လေ့လာဆန်းစစ်ချက်များအပေါ် အခြေခံ၍ ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားနယ်ပယ်အသီးသီး တိုးတက်မှုကို ခံစားရရှိနိုင်ရန် ရည်ရွယ်ထားပါသည်။

၂၀၁၄ ခုနှစ်တွင် ကောက်ယူခဲ့သည့် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းအရ ငါးနှစ်အောက် ကလေးသေဆုံးမှုမှာ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ကွဲပြားခြားနားမှုများ ရှိပါသည်။ တစ်နိုင်ငံလုံး အတိုင်းအတာအနေဖြင့် အသက်ငါးနှစ်အောက် ကလေးသေဆုံးမှုနှုန်းမှာ လူဦးရေ ၁,၀၀၀ လျှင် ၇၂ ဦးရှိရာ မြို့ပြတွင် ၄၇ ဦးရှိပြီး၊ ကျေးလက်တွင် ၇၉ ဦးရှိပါသည်။ ၂၀၁၅ ခုနှစ်တွင် ထုတ်ပြန်ခဲ့သော ကမ္ဘာ့ဖွံ့ဖြိုးမှု

ညွှန်းကိန်းများ စာရင်းအရ မြန်မာနိုင်ငံ၏ အသက် ၅ နှစ်အောက် ကလေးသေဆုံးမှုမှာ အာဆီယံနိုင်ငံများနှင့် နှိုင်းယှဉ်လျှင် အရှင်မွေးကလေးငယ် ၁,၀၀၀ လျှင် ၅၀ နှုန်းဖြစ်ပြီး လာအိုနိုင်ငံပြီးလျှင် ဒုတိယအများဆုံးနိုင်ငံ ဖြစ်နေပါသည်။ လာအိုနိုင်ငံ၏ အသက် ၅ နှစ်အောက်ကလေးငယ်သေဆုံးမှုမှာ အရှင်မွေးကလေးငယ် ၁,၀၀၀ လျှင် ၆၆ ဦးနှုန်းဖြင့် အာဆီယံနိုင်ငံအတွင်း အများဆုံးဖြစ်ပါသည်။ အဆိုပါ ကမ္ဘာ့ဖွံ့ဖြိုးမှု ညွှန်းကိန်းများ စာရင်းအရ အသက် ၁ နှစ်အောက် ကလေးငယ်သေဆုံးမှုတွင်လည်း မြန်မာနိုင်ငံသည် အရှင်မွေးကလေးငယ် ၁,၀၀၀လျှင် ၃၉.၅ ဦးနှုန်းဖြင့် ဒုတိယအနေအထားရှိပြီး လာအိုနိုင်ငံက အရှင်မွေးကလေးငယ် ၁,၀၀၀ လျှင် ၅၀.၇ ဦးနှုန်းဖြင့် အများဆုံးဖြစ်ပါသည်။ အသက် ၅ နှစ်အောက် ကလေးငယ်သေဆုံးမှု၏ ကျေးလက်၊ မြို့ပြ ကွာခြားချက်မှာ အလွန်ကြီးမားပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များအတွင်း ကွာခြားချက်မှာ မကွေးတိုင်းဒေသကြီးသည် အရှင်မွေးကလေး ၁,၀၀၀ လျှင် ၁၀၈ ဦးနှုန်းဖြင့် အမြင့်ဆုံး ဖြစ်ပြီး၊ ဒုတိယ အမြင့်ဆုံးမှာ ဧရာဝတီတိုင်းဒေသကြီးသည် ၁၀၅ ဦးနှုန်းဖြစ်ပါသည်။ အနိမ့်ဆုံးမှာ မွန်ပြည်နယ်နှင့် ရန်ကုန်တိုင်းဒေသကြီးတို့ဖြစ်ပြီး ၄၈ ဦးနှုန်း နှင့် ၅၀ ဦးနှုန်းတို့ဖြစ်ပါသည်။ ထို့ကြောင့် အသက် ၅ နှစ်အောက် ကလေးငယ်သေဆုံးမှုကိုလျှော့ချရန် ကျွမ်းကျင်သူများနှင့် ပြသစေခြင်း၊ ကိုယ်ဝန်ဆောင်ကာလ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ တိုးတက်ရရှိစေခြင်း၊ ကျွမ်းကျင်သူများနှင့် မွေးဖွားသည့်ဦးရေ တိုးတက်လာစေခြင်း၊ ဆေးရုံ၊ ဆေးခန်းနှင့် ကျန်းမာရေးစောင့်ရှောက်မှုဌာနများ၌ လာရောက်မွေးဖွားသူဦးရေ တိုးတက်လာစေရန် အတွက် လိုအပ်သည့် ကျန်းမာရေးဝန်ဆောင်မှုများ တိုးတက်ရရှိစေခြင်းနှင့် ကျေးလက်ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ တိုးတက်ရေးအတွက် နှစ်အလိုက် တိုးချဲ့ဖွင့်လှစ်ရန် လိုအပ်သည့် ကျေးလက်ကျန်းမာရေးဌာနနှင့် ကျေးလက်ကျန်းမာရေးဌာနခွဲများ တိုးချဲ့ဖွင့်လှစ်ရန်ဖြစ်ပါသည်။ ထိုသို့ ဆောင်ရွက်မည့် စီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်ရာတွင် ရခိုင်ပြည်နယ်ကဲ့သို့ ကျန်းမာရေးအခြေအနေ အားနည်းနေသည့် ဒေသများကို ဦးစားပေးသတ်မှတ် ရွေးချယ်ဆောင်ရွက်သွားရန် ဖြစ်ပါသည်။

**ပုံ ၆-၂**

**တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် တစ်နှစ်အောက်နှင့် ငါးနှစ်အောက် ကလေးသေဆုံးနှုန်း**




**ရင်းမြစ်။ ၂၀၁၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်း**

## (က) မျိုးဆက်ပွားကျန်းမာရေးစောင့်ရှောက်မှု


ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် မျိုးဆက်ပွား ကျန်းမာရေးသည်လည်း အရေးကြီးသည့်လုပ်ငန်းဖြစ်ပြီး အသက်ငါးနှစ်အောက် ကလေးငယ်သေဆုံးမှုနှင့် အသက်တစ်နှစ်အောက် ကလေးငယ်သေဆုံးမှုတွင် လျှော့ချရေးလုပ်ငန်းတွင် အရေးပါသည့်လုပ်ငန်းတစ်ခုဖြစ်ပါသည်။ မျိုးဆက်ပွား ကျန်းမာရေးကိစ္စရပ်များနှင့် ဆက်စပ်လျက်ရှိသော ပြည်သူတစ်ဦးချင်းစီ၏ ဆုံးဖြတ်ချက်များကို ထည့်သွင်းစဉ်းစား၍ ဆောင်ရွက်မည့်စီမံကိန်းလုပ်ငန်းများတွင် မိသားစုစီမံကိန်း၊ မိခင်ကျန်းမာရေးဝန်ဆောင်မှု၊ သတင်းအချက်အလက်နှင့် ဝန်ဆောင်မှုလုပ်ငန်းများ ရရှိနိုင်စွမ်းတိုးမြှင့်ရေးတို့ ပါဝင်ပါသည်။ အလားတူစွာ ခေတ်မီသားဆက်ခြားနည်းလမ်းများ၊ မရှိမဖြစ်လိုအပ်သောဆေးဝါးများနှင့် ပစ္စည်းကိရိယာများရရှိနိုင်ရေးကို နှစ်အလိုက်တိုးမြှင့်ဆောင်ရွက်သွားရန်ဖြစ်ပါသည်။ ထို့ပြင် ကျန်းမာရေးစနစ် ပိုမို အားကောင်းလာစေရေးအတွက် မျိုးဆက်ပွား ကျန်းမာရေးနှင့် ဆက်စပ်လျက်ရှိသော မူဝါဒနှင့်စံနှုန်းများကို ပြင်ဆင်ရေးဆွဲရေးတွင် အပြည်ပြည်ဆိုင်ရာဆေးပညာကျင့်ထုံးကျင့်နည်းများနှင့် လိုက်လျောညီထွေမှုရှိစေရန် ဆောင်ရွက်သွားပါမည်။

## (ခ) တိုင်းဒေသကြီး/ပြည်နယ်အလိုက် မျှော်မှန်းသက်တမ်း

၂၀၁၄ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းအရ မြန်မာနိုင်ငံသည် ပြည်ထောင်စုအဆင့် မျှော်မှန်းသက်တမ်းသည် ၆၆.၈ နှစ် ဖြစ်သည်။ မြို့ပြမျှော်မှန်းသက်တမ်းမှာ ၇၂ နှစ် ဖြစ်ပြီး၊ ကျေးလက်ဒေသမျှော်မှန်းသက်တမ်းသည် ၆၅.၅ နှစ် ဖြစ်ပါသည်။ တိုင်းဒေသကြီးနှင့် ပြည်နယ်များအကြားတွင် မကွေးတိုင်းသည် ၆၀.၆ နှစ်ဖြင့် မျှော်မှန်းသက်တမ်းအနိမ့်ဆုံး တိုင်းဒေသကြီးဖြစ်ပြီး၊ မွန်ပြည်နယ်သည် ၇၁.၇ နှစ်ဖြင့် အမြင့်ဆုံးဖြစ်ပါသည်။ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် မျှော်မှန်းသက်တမ်း ကွာခြားမှု ရှိသဖြင့် ကျန်းမာသန်စွမ်းသည့် လူ့အဖွဲ့အစည်း ပေါ်ထွန်းရေးအတွက် စောင့်ရှောက်မှု လုပ်ငန်းများ ဆက်လက်ဆောင်ရွက်ရန် လိုအပ်ပါသည်။ ထို့အပြင် အသက်အရွယ်အလိုက် လိုအပ်သည့် ကျန်းမာရေး စောင့်ရှောက်မှုများဆက်လက် ဆောင်ရွက်ရန် ဖြစ်ပါသည်။

**ပုံ ၆-၃**

**တိုင်းဒေသကြီး/ပြည်နယ်အလိုက် မျှော်မှန်းသက်တမ်း**




ဇာစ်မြစ်။ ၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း

## (ဂ) တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ဆရာဝန်နှင့် လူဦးရေအချိုး

၂၀၁၄ ခုနှစ် စာရင်းများအရ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ဆရာဝန်နှင့် လူဦးရေအချိုးမှာ ရခိုင်ပြည်နယ် ဆရာဝန်နှင့် လူဦးရေအချိုးမှာ ၁:၇၁၄၃ ဖြစ်ပြီး ရန်ကုန်တိုင်း

တွင် ၁:၅၈၁ ဖြစ်သည့်အတွက် ရခိုင်ပြည်နယ်ကဲ့သို့ ပြည်နယ်များတွင် ဆရာဝန်များ နှစ်စဉ်တိုးချဲ့ခန့်ထားရန် လိုအပ်ပါသည်။ တစ်နိုင်ငံလုံး အတိုင်းအတာအနေဖြင့် ၂၀၁၄ ခုနှစ်တွင် ဆရာဝန်နှင့် လူဦးရေအချိုးမှာ ၁:၁၅၃၈ မှ ၂၀၁၅ ခုနှစ်တွင် ၁:၁၄၀၀ ခန့်သို့ ကျဆင်းသွားသော်လည်း ဒုတိယကာလတို (၅) နှစ်စီမံကိန်းကာလအတွင်း ဆရာဝန်ဦးရေများ တိုးချဲ့ခန့်ထားရန် ဖြစ်ပါသည်။ သွားဘက်ဆိုင်ရာ ဆရာဝန်နှင့် လူဦးရေအချိုးမှာ ၁:၁၃၅၀၀ ခန့်ရှိရာ ဒုတိယကာလတို(၅) နှစ် စီမံကိန်းပြီးမြောက်သော ၂၀၂၁ ခုနှစ်တွင် ၁:၉၂၀၀ ခန့်သို့ တိုးတက်ရရှိရန် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။၂၀၁၅ခုနှစ်တွင် ဆေး၀ါး ဘွဲ့ရပညာရှင်နှင့် လူဦးရေအချိုးမှာ ၁:၁၆၅၀၀ ခန့်ရှိရာ ဒုတိယကာလတို(၅) နှစ်စီမံကိန်းပြီးမြောက်သော ၂၀၂၁ ခုနှစ်တွင် ၁:၈၂၀၀ ခန့်လျှော့ချခြင်းဖြင့် ကျန်းမာရေး စောင့်ရှောက်မှုကောင်းများ ရရှိစေရန်နှင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ဆရာဝန်၊ သူနာပြုအချိုးမှာ ဆရာဝန်တစ်ဦးလျှင် သူနာပြုတစ်ဦးသာ ခန့်ထားပေးနိုင်သည့် အခြေအနေမှ ဒုတိယကာလတို(၅) နှစ် စီမံကိန်း ပြီးမြောက်သည့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် ဆရာဝန် တစ်ဦးလျှင် သူနာပြုသုံးဦးအထိ ခန့်ထားနိုင်ရန် ဆောင်ရွက်သွားမည်ဖြစ်သောကြောင့် သင်တန်းကျောင်းများ တိုးချဲ့ဖွင့်လှစ်ခြင်း၊ နှစ်စဉ်သူနာပြုသင်တန်းသားဦးရေကို တိုးမြှင့်လက်ခံခြင်းများကို အောက်ပါဇယား အတိုင်း ရည်ရွယ်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ကျန်းမာရေးစောင့်ရှောက်မှုတိုးတက်လာစေရန် ဆောင်ရွက်ရမည့်လုပ်ငန်းများ၏ အဓိကရည်မှန်းချက်များကို ရွေးချယ်ဖော်ပြထားပါသည်။

**ဇယား ၆-၅**

**၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် ရောက်ရှိရန် ရည်မှန်းချက်**

| စဉ် | အကြောင်းအရာ | ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် | ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် |
|---|---|---|---|
| ၁ | ဆရာဝန်နှင့် လူဦးရေအချိုး | ၁:၁၄၀၀ | ၁:၁၁၀၀ |
| ၂ | သွားဘက်ဆိုင်ရာဆရာဝန်နှင့်လူဦးရေအချိုး | ၁:၁၃၅၀၀ | ၁:၉၂၀၀ |
| ၃ | ဆေး၀ါးဘွဲ့ရပညာရှင်နှင့် လူဦးရေအချိုး | ၁:၁၆၅၀၀ | ၁:၈၂၀၀ |
| ၄ | ဆရာဝန်နှင့်သူနာပြုအချိုး | ၁:၁ | ၁:၃ |
| ၅ | ဆရာဝန်ဦးရေ | ၃၅၁၇၁ | ၄၄၆၁၈ |
| ၆ | သူနာပြုဦးရေ | ၃၃၇၀၉ | ၄၅၅၂၂ |
| ၇ | သားဖွားဆရာမ | ၂၂၉၉၉ | ၂၇၈၁၈ |

ဓာတ်မြစ်။ ကျန်းမာရေးဝန်ကြီးဌာန

ကျောင်းကျန်းမာရေးလုပ်ငန်းများကို ဆောင်ရွက်ပေးခြင်းဖြင့် ကလေးသူငယ်အဆင့်မှ ကျန်းမာရေးအဆင့်အတန်းမြင့်၍ ကျန်းမာကြံ့ခိုင်သည့် လူ့အဖွဲ့အစည်းနှင့် လုပ်သားအဖွဲ့

အစည်းကို တည်ထောင်ပေးနိုင်မည် ဖြစ်ပါသည်။ ထို့ကြောင့် ကျောင်းကျန်းမာရေးကဏ္ဍ အတွက် လိုအပ်သည့် ဖြည့်တင်းဆောင်ရွက်မှုများကို နောင်လာမည့် ငါးနှစ် ကာလ အတွင်း ဆောင်ရွက်သွားမည့် အဓိကရည်မှန်းချက်များကို ရွေးချယ်ဖော်ပြထားပါသည်။

**ဇယား ၆-၆**
**ဒုတိယ ကာလတို (၅) နှစ် စီမံကိန်းကာလအတွင်း**
**ကျောင်းကျန်းမာရေးကဏ္ဍအတွက်အဓိကရည်မှန်းချက်**

| စဉ် | အကြောင်းအရာ | ၂၀၁၅-၂၀၁၆ (ပထမကာလတို (၅) နှစ် စီမံကိန်း၏ နောက်ဆုံးနှစ်) | ၂၀၂၀-၂၀၂၁ (ဒုတိယကာလတို (၅) နှစ် စီမံကိန်း၏ နောက်ဆုံးနှစ်) |
|---|---|---|---|
| ၁ | ကျောင်းကျန်းမာရေးအဖွဲ့ | ၈၀ | ၃၃၀ |
| ၂ | ဆရာဝန် | ၉၈ | ၆၆၀ |
| ၃ | သွားဘက်ဆိုင်ရာဆရာဝန် | ၅၉ | ၃၃၀ |
| ၄ | သွားဘက်ဆိုင်ရာသူနာပြု | ၃၆ | ၃၃၀ |

**ရင်းမြစ်။ ကျန်းမာရေးဝန်ကြီးဌာန**

**(ဃ) ကျေးလက်ကျန်းမာရေးဌာနများနှင့် ဒေသန္တရကျန်းမာရေးဌာနများဖွင့်လှစ်ခြင်း**

ကျေးလက်ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ တိုးတက်ရေး အတွက် နှစ်အလိုက်တိုးချဲ့ဖွင့်လှစ်ရန် လိုအပ်သည့် ကျေးလက်ကျန်းမာရေးဌာနနှင့် ကျေးလက်ကျန်းမာရေး ဌာနခွဲများ တိုးချဲ့ဖွင့်လှစ်ရန် လိုအပ်ပါသည်။ ထို့အတူ မြို့ပြဒေသ အတွက် ကျန်းမာရေးစောင့်ရှောက်ရေးလုပ်ငန်းများ တိုးချဲ့ပေးရန်လည်း လိုအပ်ပါသည်။ ထို့ကြောင့် ဒုတိယကာလတို(၅)နှစ်ကာလအတွင်း ဆက်လက်တိုးချဲ့သွားရန် ရည်မှန်းထားသည့် ကျေးလက်ကျန်းမာရေးဌာနများ၊ ကျေးလက်ကျန်းမာရေးဌာနခွဲများ၊ တိုးချဲ့ခန့်အပ်မည့် ဆရာဝန်များ၊ ကျန်းမာရေးမှူးများကို ဇယားဖြင့်ဖော်ပြထားပါသည်။

ဇယား ၆-၇

**နှစ်အလိုက် တိုးချဲ့ဖွင့်လှစ်မည့် ကျန်းမာရေးဌာနများစာရင်း**

| စဉ် | ကျန်းမာရေးဌာန အမျိုးအစား | ၂၀၁၅-၂၀၁၆ (ပထမကာလတို (၅) နှစ် စီမံကိန်း၏ နောက်ဆုံးနှစ်) | ၂၀၂၀-၂၀၂၁ (ဒုတိယကာလတို (၅ )နှစ် စီမံကိန်း၏ နောက်ဆုံးနှစ်) |
|---|---|---|---|
| ၁ | ကျေးလက်ကျန်းမာရေး ဌာန | ၁၀၃ | ၁၈၁ |
| ၂ | ကျေးလက်ကျန်းမာရေး ဌာနခွဲ | ၃၅၈ | ၄၀၂ |
| ၃ | ကျန်းမာရေးမှူး | ၂၁၇၇ | ၂၈၉၈ |
|  | ဒေသန္တရကျန်းမာရေးဌာန | ၉၁ | ၁၃၈ |
| ၁ | ဆရာဝန် | ၁၉၉ | ၂၉၃ |
| ၂ | သွားဘက်ဆိုင်ရာဆရာဝန် | ၅၂ | ၉၉ |
| ၃ | ကျန်းမာရေးဆရာမ | ၁၆၁ | ၂၀၇ |
| ၄ | သူနာပြု | ၂၀၄ | ၂၉၈ |
| ၅ | သားဖွားဆရာမ | ၃၅၉ | ၅၉၄ |

စာစ်မြစ်။ ကျန်းမာရေးဝန်ကြီးဌာန

နိုင်ငံတော်အစိုးရသည် ပထမ ကာလတို (၅)နှစ် စီမံကိန်းကာလအတွင်း ကျန်းမာရေး အသုံးစရိတ်များကို နှစ်စဉ် တိုးမြှင့် သုံးစွဲခဲ့ရာ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ဘဏ္ဍာငွေ ကျပ် ၇၅၃ ဘီလီယံ(အမေရိကန် ဒေါ်လာ ၆၀၂ သန်း) ခွဲဝေချထားရာ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် ခွဲဝေမှုထက် ၈.၇ ပိုမို တိုးမြှင့်ပေးခဲ့ခြင်းဖြစ်ပါသည်။ ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများတွင် ရန်ပုံငွေတိုးမြှင့်ပေးခဲ့သည့်အတွက် ရလဒ်အနေဖြင့် လူနာများမှ စိုက်ထုတ် ကုန်ကျရငွေသည် ၂၀၁၁ ခုနှစ်တွင် ၈၀ ရာခိုင်နှုန်းရှိခဲ့ရာမှ ၂၀၁၄ ခုနှစ်တွင် ၆၀ ရာခိုင်နှုန်း အထိ လျှော့ချနိုင်ခဲ့ပါသည်။ အဆိုပါလုပ်ငန်းများကို လာမည့် ဒုတိယ ကာလတို(၅) နှစ် စီမံကိန်းကာလအတွင်း ဆက်လက်တိုးတက်ဆောင်ရွက်ရန် ဖြစ်ပါသည်။

## (င) ကျန်းမာရေးတက္ကသိုလ်များ

ကျန်းမာရေးဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျန်းမာရေး စောင့်ရှောက်မှု အမျိုးအစားအလိုက် လိုအပ်မည့် လူ့စွမ်းအားစုများကို အရည်အသွေး ပြည့်ဝစွာလေ့ကျင့်မွေးထုတ်ရန် အရည်အသွေးပြည့်ဝသည့် ဆရာဝန်၊ သူနာပြုနှင့် ကျွမ်းကျင် ကျန်းမာရေးဝန်ထမ်းများ တိုးချဲ့မွေးထုတ်ခြင်း၊ အခြေခံကျန်းမာရေးဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်း ကျန်းမာရေးလုပ်သားများ အရည်အသွေးမြှင့်တင်ခြင်း၊ လိုအပ်သော

ကျန်းမာရေး ဝန်ထမ်းများ အပြည့်အဝခန့်ထားနိုင်ရေးနှင့် ကျန်းမာရေးဆိုင်ရာ လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် သုတေသနများပြုလုပ်ခြင်းတို့ကို ဆောင်ရွက်စေရန် ဖြစ်ပါသည်။ ထို့ကြောင့် ကျန်းမာရေးဝန်ကြီးဌာနသည် ဒုတိယ ကာလတို(၅)နှစ် စီမံကိန်း ကာလအတွင်း အောက်ပါ ဆေးတက္ကသိုလ်များကို ဖွင့်လှစ်သွားရန် ဖြစ်ပါသည်။

ဇယား ၆-၈
တိုးချဲ့ဖွင့်လှစ်မည့် **ဆေးတက္ကသိုလ်များ**

| စဉ် | ဖွင့်လှစ်မည့် ပြည်နယ်/တိုင်းဒေသကြီး | ဘဏ္ဍာနှစ် |
|---|---|---|
| ၁ | မော်လမြိုင်ဆေးတက္ကသိုလ် | ၂၀၁၈-၂၀၁၉ |
| ၂ | မုံရွာဆေးတက္ကသိုလ် | ၂၀၂၀-၂၀၂၁ |

ရင်းမြစ်။ ကျန်းမာရေးဝန်ကြီးဌာန

ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ အရည်အသွေးတိုးမြှင့်ရေးနှင့် လူတိုင်းလက်လှမ်းမီရရှိနိုင်ရေးကို ရည်မှန်းဆောင်ရွက်ရာတွင် ကျန်းမာရေးကဏ္ဍ၏ လူ့စွမ်းအား အရင်းအမြစ်ဖွံ့ဖြိုးရေးသည်လည်း အရေးကြီးသည့်လုပ်ငန်းတစ်ခုဖြစ်သည်။ ထို့ကြောင့် ကျန်းမာရေးကဏ္ဍ၏ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးဖြစ်သည့် သူနာပြုများနှင့် အခြေခံ ကျန်းမာရေးဝန်ထမ်းများ မွေးထုတ်ပေးရန် အောက်ပါအတိုင်း ရည်မှန်းဆောင်ရွက်သွားရန် ဖြစ်ပါသည်။

ဇယား ၆-၉
သူနာပြုပညာရည်ဖွံ့ဖြိုးရေးလုပ်ငန်း လျာထားချက်

| စဉ် | ပညာရှင်အမျိုးအစား | ဒုတိယကာလတို(၅)နှစ်စီမံကိန်း | | | | | စုစု ပေါင်း |
|---|---|---|---|---|---|---|---|
| | | ၂၀၁၆-၁၇ | ၂၀၁၇-၁၈ | ၂၀၁၈-၁၉ | ၂၀၁၉-၂၀ | ၂၀၂၀-၂၁ | |
| ၁ | သူနာပြုသိပ္ပံဘွဲ့(ပုံမှန်) | ၂၄၅ | ၂၈၀ | ၄၁၉ | ၄၀၀ | ၄၀၀ | ၁၇၄၄ |
| ၂ | သူနာပြုသိပ္ပံဘွဲ့(ပေါင်းကူး) | ၃၀၁ | ၃၀၀ | ၃၀၀ | ၃၀၀ | ၃၀၀ | ၁၅၀၁ |
| ၃ | သူနာပြု(ဒီပလိုမာ) | ၁၄၂၇ | ၁၅၆၀ | ၁၆၀၀ | ၁၆၀၀ | ၁၆၀၀ | ၇၇၈၇ |
| | စုစုပေါင်း | ၁၉၇၃ | ၂၁၄၀ | ၂၃၁၉ | ၂၃၀၀ | ၂၃၀၀ | ၁၁၀၃၂ |

ရင်းမြစ်။ ကျန်းမာရေးဝန်ကြီးဌာန

**ဇယား ၆-၁၀**

**အခြေခံကျန်းမာရေးဝန်ထမ်းများ**

**လေ့ကျင့်မွေးထုတ်ပေးရေး လုပ်ငန်းလျာထားချက်**

| စဉ် | ပညာရှင်အမျိုးအစား | ဒုတိယ ကာလတို (၅)နှစ်စီမံကိန်း | | | | | စုစုပေါင်း |
|---|---|---|---|---|---|---|---|
| | | ၁၆-၁၇ | ၁၇-၁၈ | ၁၈-၁၉ | ၁၉-၂၀ | ၂၀-၂၁ | |
| ၁ | လက်ထောက်ကျန်းမာရေးမှူး | ၁၀၀ | ၁၀၀ | ၁၀၀ | ၁၀၀ | ၁၀၀ | ၅၀၀ |
| ၂ | ကျန်းမာရေးမှူး(အခြေခံ ကျန်းမာရေး) | ၁၃၁ | ၁၃၄ | ၁၆၂ | ၂၀၀ | ၂၀၀ | ၈၂၇ |
| ၃ | အမျိုးသမီးကျန်းမာရေးဆရာမ | ၁၅၀ | ၁၅၀ | ၁၅၀ | ၁၅၀ | ၁၅၀ | ၇၅၀ |
| ၄ | သားဖွားဆရာမ | ၁၁၉၇ | ၁၂၀၀ | ၁၂၀၀ | ၁၂၀၀ | ၁၂၀၀ | ၅၉၉၇ |
| ၅ | ပြည်သူ့ကျန်းမာရေးကြီးကြပ်(၁) | ၁၀၀ | ၁၀၀ | ၁၀၀ | ၁၀၀ | ၁၀၀ | ၅၀၀ |
| | စုစုပေါင်း | ၁၆၇၈ | ၁၆၈၄ | ၁၇၁၂ | ၁၇၅၀ | ၁၇၅၀ | ၈၅၇၄ |

ရင်းမြစ်။ ကျန်းမာရေးဝန်ကြီးဌာန

အချို့တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ကျေးလက်ကျန်းမာရေးဌာန တစ်ခုလျှင် ကျေးလက် လူဦးရေ ၂၀,၀၀၀ ခန့် ကိုသာ ကုသဆောင်ရွက်ပေးနိုင်သော်လည်း အချို့တွင် ကျေးလက်လူဦးရေ ၄,၀၀၀ကိုလွှမ်းခြုံမှုပေးနိုင်ပြီဖြစ်ပါသည်။ သို့သော်အချို့တိုင်းဒေသကြီး/ ပြည်နယ်များတွင် လွှမ်းခြုံမှု မပြည့်မီသေး ကြောင်း တွေ့ရှိရပါသည်။

ပထမ ကာလတို (၅) နှစ်စီမံကိန်းကာလ ၂၀၁၁-၂၀၁၆ ကာလအတွင်းတွင် နှစ်စဉ် ကျေးလက်ကျန်းမာရေးဌာန ၆၀ ခုနှင့် ကျေးလက်ကျန်းမာရေးဌာနခွဲ ၂၄၀ ခုတို့ တိုးချဲ့ ဖွင့်လှစ်နိုင်ရန် လျာထားခဲ့ရာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲများကို လျာထားချက်ထက် ကျော်လွန်အောင် တိုးချဲ့ဖွင့်လှစ်နိုင်ခဲ့ပြီး ကျေးလက်ကျန်းမာရေးဌာန တိုးချဲ့ဖွင့်လှစ်နိုင်မှု အားနည်းနေကြောင်း တွေ့ရှိရပါသည်။ ထို့ကြောင့် ဒုတိယကာလတို( ၅) နှစ် စီမံကိန်း ကာလအတွင်း ကျန်းမာရေးဌာနများကို နှစ်အလိုက် တိုးချဲ့ဖွင့်လှစ်သွားရန် ရည်မှန်းထား ပါသည်။

**( စ) အခြေခံကျန်းမာရေးဌာနခွဲများဖွင့်လှစ်ခြင်း**

မြန်မာနိုင်ငံတွင် စုစုပေါင်းလူဦးရေ၏ ၇၀ ရာခိုင်နှုန်းခန့်မှာ ကျေးလက်တွင်နေထိုင်သူများ ဖြစ်သဖြင့် နိုင်ငံတော်သည် ပထမကာလတို (၅) နှစ်စီမံကိန်းကာလ စတင်သည့် နှစ်မှစ၍

ဆင်းရဲနွမ်းပါးမှုလျှော့ချရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး စီမံကိန်းများကို အရေးပေး ဆောင်ရွက်ခဲ့ပါသည်။ ထို့ကြောင့် ကျန်းမာရေးဝန်ကြီးဌာနသည် ကျေးလက်ကျန်းမာရေး ဖွံ့ဖြိုးမှုလုပ်ငန်းများကို ကျေးလက်နေပြည်သူများ၏ ကျန်းမာရေးအဆင့်အတန်းကို မြှင့်တင် ပေးရန်နှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် မြို့ပြနှင့်ကျေးလက် ကွာဟမှု ကျဉ်းမြောင်း သွားစေရန်ဖြစ်ပါသည်။

ကျေးလက်နေပြည်သူများ၏ ပဏာမကျန်းမာရေးစောင့်ရှောက်မှုကို လက်လှမ်းမီ လွယ်ကူစွာရရှိနိုင်စေရန်နှင့် အရည်အသွေးပြည့်ဝသော ကျန်းမာရေးစောင့်ရှောက်မှု ရရှိစေရန် ကျေးလက်ကျန်းမာရေးဌာနနှင့် ဌာနခွဲများကို နှစ်အလိုက် တိုးချဲ့ဖွင့်လှစ်ပေးခဲ့သော်လည်း တိုးတက်လာသော လူဦးရေကြောင့် အချို့သော တိုင်းဒေသကြီး/ ပြည်နယ်များ၌ ကျေးလက် ကျန်းမာရေးဌာနတစ်ခုလျှင် ကျေးလက်လူဦးရေ ၂၀,၀၀၀ လွှမ်းခြုံမှုပေးနိုင်သော်လည်း အချို့ တိုင်းဒေကြီး/ ပြည်နယ်များတွင် လိုအပ်ချက်များ ရှိနေသေးကြောင်း တွေ့ရပါသည်။

ထို့ကြောင့် ဒုတိယကာလတို(၅) နှစ် စီမံကိန်းကာလတွင် ကျေးလက် ကျန်းမာရေး ဌာနများနှင့် ကျေးလက်ဌာနခွဲများကို အောက်ပါနှစ်အပိုင်းအခြားအလိုက် ဖြည့်ဆည်းပေးရန် လိုအပ်ပါသည်။

ဇယား ၆-၁၁

နှစ်အလိုက် တိုးချဲ့ဖွင့်လှစ်ပေးရန် လိုအပ်မည့် ကျန်းမာရေးဌာနများစာရင်း

| စဉ် | ကျန်းမာရေးဌာန | ၂၀၁၄-၁၅ အခြေခံ | တိုးချဲ့ဖွင့်လှစ်ပေးရမည့် ကျန်းမာရေးဌာနများ | | | | | |
|---|---|---|---|---|---|---|---|---|
| | | | ၂၀၁၅-၁၆ | ၂၀၁၆-၁၇ | ၂၀၁၇-၁၈ | ၂၀၁၈-၁၉ | ၂၀၁၉-၂၀ | ၂၀၂၀-၂၁ |
| ၁ | ကျေးလက်ကျန်းမာရေးဌာန | ၁၆၉၆ | ၁၀၃ | ၁၁၃ | ၁၂၇ | ၁၄၁ | ၁၅၉ | ၁၈၁ |
| ၂ | ကျေးလက်ကျန်းမာရေး ဌာနခွဲ | ၈၆၄၀ | ၃၅၈ | ၃၂၂ | ၃၃၉ | ၃၅၈ | ၃၇၉ | ၄၀၂ |

ရင်းမြစ်။ ကျန်းမာရေးဝန်ကြီးဌာန

ကျန်းမာရေး စောင့်ရှောက်မှုသည် ပြည်သူတစ်ရပ်လုံးကို လွှမ်းခြုံနိုင်စေရန် ကျေးလက်၊ နယ်စပ်ဒေသ၊ မြို့ပြဆင်ခြေဖုံးဒေသများနှင့် ဝေးလံသော နယ်စွန်နယ်ဖျား ဒေသများတွင်လည်း ကျန်းမာရေးစောင့်ရှောက်မှုပေးရေးနှင့် လွှမ်းခြုံမှု မြှင့်တင်ရန်အတွက် ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာEssential Health Package ရေးဆွဲပြုစုကာ ကုန်ကျစရိတ်

တွက်ချက်ခြင်း၊ ပြည်သူများ၏ကိုယ်တိုင်ကျခံ သုံးစွဲရသည့် ကျန်းမာရေးဆိုင်ရာ ငွေကြေးအခက်အခဲကို လျော့နည်းကျဆင်းအောင် ဆောင်ရွက်ခြင်း၊ ပြည်သူ့ကျန်းမာရေးဆိုင်ရာဘဏ္ဍာငွေကြေးမူဝါဒ သုံးသပ်ခြင်းနှင့် ထိရောက်သည့် မူဝါဒသစ်များ ချမှတ်အကောင်အထည်ဖော်ခြင်း၊ နိုင်ငံဝန်ထမ်းများနှင့် ပုဂ္ဂလိကအလုပ်သမားများအတွက် လူမှုလုံခြုံရေးဆိုင်ရာ မူဝါဒ၊ ဥပဒေနှင့် လုပ်ထုံးလုပ်နည်းများ ရေးဆွဲအကောင်အထည်ဖော်ခြင်းတို့ကို နှစ်အလိုက် ရေးဆွဲအကောင်အထည်ဖော်သွားပါမည်။

ကျန်းမာရေး လက်လှမ်းမီမှုနည်းသည့် နေရာများတွင် လက်လှမ်းမီစေရေးအတွက် အခြေခံအဆောက်အအုံ တည်ဆောက်ရေးနှင့် လိုအပ်သည့်ပညာရှင်များ မွေးထုတ်နိုင်ရေးအတွက် ဆက်လက်ဆောင်ရွက်ရမည်ဖြစ်ပါသည်။

ကျန်းမာရေးဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျန်းမာရေးစောင့်ရှောက်မှု အမျိုးအစားအလိုက် လိုအပ်မည့်လူ့စွမ်းအားစုများကို အရည်အသွေးပြည့်ဝစွာ လေ့ကျင့်မွေးထုတ်ရန်အတွက် အရည်အသွေးပြည့်ဝသည့် ဆရာဝန်၊ သူနာပြုနှင့်ကျွမ်းကျင်ကျန်းမာရေးဝန်ထမ်းများ တိုးချဲ့မွေးထုတ်ခြင်း၊ အခြေခံကျန်းမာရေး ဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းကျန်းမာရေးလုပ်သားများ အရည်အသွေးမြှင့်တင်ခြင်း၊ လိုအပ်သောကျန်းမာရေးဝန်ထမ်းများ အပြည့်အဝခန့်ထားနိုင်ရေးနှင့် ကျန်းမာရေးဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် သုတေသနများပြုလုပ်ခြင်းတို့ကို ဆောင်ရွက်ရန်ဖြစ်ပါသည်။

ကုသမှုအရည်အသွေး မြှင့်တင်ရန် အတွက် ဆေးရုံများ အရည်အသွေးမြှင့်တင်ခြင်း၊ တိုင်းရင်းဆေးရုံများ အရည်အသွေးမြှင့်တင်ခြင်း၊ စက်ပစ္စည်း-ဆေးဝါးပစ္စည်း-ဖြည့်တင်းခြင်း၊ နည်းပညာ သင်တန်းများပေးခြင်း၊ လူနာတင်ယာဉ်ဝန်ဆောင်မှုစနစ် ဆောင်ရွက်ခြင်း၊ ပုဂ္ဂလိက ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်း ကြီးကြပ်ကွပ်ကဲခြင်းတို့ကို လျာထားဆောင်ရွက်မည် ဖြစ်ပါသည်။

ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများမြှင့်တင်ရန် လျာထားဆောင်ရွက်မည့်လုပ်ငန်းများမှာ ပဏာမကျန်းမာရေး စောင့်ရှောက်မှုရရှိရန် ကျေးလက်ကျန်းမာရေးဌာနနှင့်ဌာနခွဲများ၏ အရေအတွက်နှင့် အရည်အသွေးတိုးမြှင့်ခြင်း၊ လူတိုင်းလက်လှမ်းမီသောကျန်းမာရေး လွှမ်းခြုံမှုအတွက် နယ်စပ်ဒေသနှင့် ဝေးလံဒေသများတွင် ကျန်းမာရေး

စောင့်ရှောက်မှုလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ခြင်းနှင့် ရောဂါနှိမ်နင်းရေးလုပ်ငန်းများ ထိရောက်စွာ ဆောင်ရွက်ခြင်းတို့ဖြစ်ပါသည်။

ကျန်းမာရေး စာရင်းအင်းကိန်းဂဏန်းများ ပြည့်စုံမှန်ကန်ရန်အတွက် ကျန်းမာရေး သတင်းအချက်အလက်စီမံခန့်ခွဲမှုစနစ်(HMIS) အားကောင်းဖွံ့ဖြိုးအောင် ဆောင်ရွက်ခြင်း၊ e-Government စနစ် ပြည့်စုံကောင်းမွန် ကျယ်ပြန့်လာအောင် ဆောင်ရွက်ခြင်းတို့ကို လျာထားဆောင်ရွက်မည် ဖြစ်ပါသည်။

လူသားအရင်းအနှီးအညွှန်းကိန်း(HAI) ဖွံ့ဖြိုးတိုးတက်ရန်အတွက် အာဟာရဖွံ့ဖြိုးရေး လုပ်ငန်းများဆောင်ရွက်ခြင်း၊ မျိုးဆက်ပွား ကျန်းမာရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ထောင်စုနှစ်ရည်မှန်းချက်များနှင့် ၂၀၁၅ ခုနှစ်အလွန် ရေရှည်ဖွံ့ဖြိုးတိုးတက်မှု ရည်မှန်း ချက်များ ပြည့်မီအောင်ဆောင်ရွက်ခြင်းတို့ကို လျာထားဆောင်ရွက်မည် ဖြစ်ပါသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ထုတ်ပြန်ထားသော အစီရင်ခံစာများအရ မြန်မာနိုင်ငံတွင် သွေးတိုးရောဂါဖြစ်ပွားခြင်း၊ အဝလွန်ခြင်းနှင့် ဆေးလိပ်/ဆေးရွက်ကြီး သုံးစွဲခြင်းသည် အရှေ့တောင်အာရှဒေသတွင်း နိုင်ငံများထက် ပိုမိုမြင့်မားလျက် ရှိပါသည်။ ထို့အပြင် သေဆုံးမှု၏ (၅၉) ရာခိုင်နှုန်းသည် မကူးစက်တတ်သော ရောဂါများကြောင့် ဖြစ်သည်ကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကခန့်မှန်းထားပြီး၊ အသက်အရွယ် ၃၀ နှစ်နှင့် ၇၀ နှစ်အကြားရှိသူများ ၏ လေးပုံတစ်ပုံမှာ မကူးစက်တတ်သော ရောဂါများကြောင့်သေဆုံးနိုင်ကြောင်း ခန့်မှန်းထား သဖြင့် မြန်မာနိုင်ငံ၏ ကြိုတင်ကာကွယ်ခြင်း၊ ကုသခြင်းနှင့် ပညာပေးဝန်ဆောင်မှုများ တိုးတက်ရေးအတွက် ဆက်လက်ဆောင်ရွက်ရန် ရည်မှန်းထားသည်။

## ၆-၃။ ယဉ်ကျေးမှု

### (က) မြန်မာ့ယဉ်ကျေးမှုနှင့်အမျိုးသားအမွေအနှစ်များထိန်းသိမ်းရေး

ယဉ်ကျေးမှုဟူသည် နိုင်ငံတစ်နိုင်ငံရှိ လူတန်းစားများ၏ ဖြစ်တည်မှုသမိုင်းကိုသာမက လူမျိုး၏အဆင့်အတန်းကိုပါ ထင်ဟပ်စေနိုင်သည့်အရာဖြစ်သည်။ ထိုသို့ထင်ဟပ်စေသည့် အတွက် မြန်မာနိုင်ငံတွင် အတိတ်တစ်ချိန်က ယဉ်ကျေးမှုမြင့်မားသော မြို့ပြနိုင်ငံများ ဖြစ်ထွန်းခဲ့သည်ကို ယနေ့ကျန်ရှိနေသော သမိုင်းအမွေအနှစ်များ၊ ယဉ်ကျေးမှုအစဉ်အလာများက ဖော်ပြလျက် ရှိနေပါသည်။ ထိုသို့ အစဉ်အလာ မြင့်မားခဲ့သည့် ယဉ်ကျေးမှု အမွေအနှစ်

လက္ခဏာများ မပျောက်ပျက်စေရေးအတွက် ယဉ်ကျေးမှုဆိုင်ရာမူဝါဒများ၊ ရည်မှန်းချက်များနှင့် လုပ်ငန်းစဉ်များချမှတ်၍ မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းလျက်ရှိပါသည်။

ပထမ ကာလတို (၅) နှစ် အမျိုးသားစီမံကိန်း တွင် "အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး" နှင့် "မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး" ဟူသော ဦးတည်ချက်များကို အမျိုးသားရေးတာဝန်အဖြစ်သတ်မှတ်၍ ရေးဆွဲအကောင်အထည်ဖော်ခဲ့ပြီး ဒုတိယကာလတို (၅) နှစ်စီမံကိန်းကာလတွင် မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်များနှင့် အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရန် နိုင်ငံသားအားလုံးတွင် စစ်မှန်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ခိုင်မာရေး ဆောင်ရွက်ရန် တိုင်းတပါးသရုပ်ပျက်ယဉ်ကျေးမှုများ ထိုးဖောက်ဝင်ရောက်လာခြင်းကိုတားဆီးရန် လူငယ်ထုအတွင်း ယဉ်ကျေးမှုကိုယ်ခံအား ကောင်းမွန်စေရေးအတွက် ပြုစုပျိုးထောင်ရန် ဦးစားပေးဆောင်ရွက်သွားပါမည်။

### (ခ) ပထမ ကာလတို (၅) နှစ်စီမံကိန်းကာလအတွင်းဆောင်ရွက်ပြီးစီးမှု အခြေအနေ

ပထမ ကာလတို (၅) နှစ် စီမံကိန်းကာလတွင် မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များကို ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ဖြစ်ရေးအတွက် ဆောင်ရွက်ခဲ့ရာတွင် အောင်မြင်မှုများ ရရှိခဲ့သည့်အပြင် ရှေးဟောင်းအဆောက်အအုံများ ကာကွယ်ထိန်းသိမ်းရေး ဥပဒေကို ၃၁.၈.၂၀၁၅နေ့တွင် ပြဋ္ဌာန်းနိုင်ခဲ့သည်။ ယဉ်ကျေးမှုအမွေအနှစ်ဆိုင်ရာ အထောက်အထားများအား ရှာဖွေဖော်ထုတ်သုတေသနပြု မှတ်တမ်းတင်ခြင်း၊ ပြည်တွင်းလူမှုအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ ယူနက်စကိုနှင့် ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များကို သိမြင်လာစေရေးအတွက် ဆောင်ရွက်ပြီးစီးခဲ့သည့်လုပ်ငန်းများအနေဖြင့် ကမ္ဘာ့မှတ်တမ်းအမွေအနှစ်အစီအစဉ် အပြည်ပြည်ဆိုင်ရာအကြံပေး ကော်မတီ၏ (၁၂) ကြိမ်မြောက်အစည်းအဝေးတွင် ၂၀၁၅ ခုနှစ်အတွက် ကမ္ဘာ့မှတ်တမ်းအမွေအနှစ် လျှောက်ထားမှုပေါင်း ၈၈ ခုအနက် မြန်မာနိုင်ငံမှတင်သွင်းသော မြစေတီကျောက်စာ၊အလောင်းမင်းတရားကြီး၏ ရွှေပေလွှာအပါအဝင် ၄၇ ခုကို ယူနက်စကို ကမ္ဘာ့မှတ်တမ်း အမွေအနှစ်စာရင်းတွင် ထည့်သွင်း အတည်ပြုနိုင်ခဲ့ပြီ ဖြစ်ပါသည်။ မန္တလေးမြို့ ကုသိုလ်တော် ဘုရားကြီးပရိဝုဏ်အတွင်း မင်းတုန်းမင်းကြီး စိုက်ထူထားခဲ့သော ပဉ္စမသင်္ဂါယနာတင် ပိဋကတ်သုံးပုံ

ကျောက်ထက်အက္ခရာတင် ကျောက်ချပ်ကြီးပေါင်း ၇၂၉ ချပ် (ဓမ္မစေတီ) တို့ကို ယူနက်စကို အဖွဲ့ကြီးက ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်စာရင်း (Memory Of The World) သို့ ၂၀၁၃ ခုနှစ်တွင် မှတ်တမ်းတင်စာရင်းသွင်းပြီးဖြစ်သည်။ ယူနက်စကို၏ အကူအညီ၊ အီတလီ အစိုးရ၏ ငွေကြေးအထောက်အပံ့တို့ဖြင့် သရေခေတ္တရာ၊ ဗိဿနိုး၊ ဟန်လင်း ပျူမြို့ဟောင်း (၃) မြို့အား ကမ္ဘာ့အမွေအနှစ်စာရင်းသို့ ဝင်အောင်ဆောင်ရွက်ခဲ့ပြီး ဖြစ်သည့်အပြင် ရန်ကုန်တိုင်းအတွင်းရှိ သက်တမ်း (၁၀၀) ပြည့်တော့မည့် ချင်းချောင်းနန်းတော်ကိုလည်း ယဉ်ကျေးမှုဝန်ကြီးဌာနက ယဉ်ကျေးမှုအမွေအနှစ်အဖြစ် သတ်မှတ်ခဲ့ သည်။

**(ဂ) မြန်မာ့ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းခြင်း**

မြို့ပြယဉ်ကျေးမှုပေါ်ထွန်းပြီးနောက် ၁၉၀၉ ခုနှစ်တွင် တည်ဆောက်ခဲ့သည့် နှစ်တစ်ရာကျော်သက်တမ်းရှိသည့် ဗဟိုပုံနှိပ်စက်ရုံအဆောက်အအုံကြီးကို ပြန်လည် မွမ်းမံ ပြင်ဆင်နေပြီဖြစ်ရာ နိုင်ငံအတွက် အရေးကြီးသောမှတ်တမ်းမှတ်ရာများ၊ စာအုပ်ဆိုင်များ၊ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်းများအတွက် အချက်အချာကျသည့်နေရာတစ်ခု အဖြစ် တည်ရှိလာမည်ဖြစ်သည်။ မန္တလေးတိုင်းဒေသကြီး တံတားဦးမြို့နယ် အင်းဝ ယဉ်ကျေးမှုနယ်မြေ ဆင်ကျုံးခံတပ်နှင့် အမရပူရခံတပ်များ သန့်ရှင်းသာယာလှပရေး၊ မြက်ခင်းအလှပြင်ဆင်ရေး၊ ဖျက်ဆီးမခံရစေရန်ထိန်းသိမ်းဆောင်ရွက်ရေး၊ ပြည်တွင်း ပြည်ပ ဧည့်သည်များအန္တရာယ်ကင်းစွာဝင်ရောက် ကြည့်ရှုနိုင်ရေးများ ဆောင်ရွက်လျက်ရှိသည်။

ရန်ကုန်မြို့ပြ အမွေအနှစ်ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့မှ အစိုးရဝန်ကြီးဌာနများ၊ ပြည်ပအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိရာတွင် ရန်ကုန်မြို့ရှိ ရှေးဟောင်း အဆောက်အအုံပေါင်း ၁၈၉ ခုကို စာရင်းပြုစုကာထိန်းသိမ်းစောင့်ရှောက်ခြင်းလုပ်ငန်းများ လုပ်ဆောင်ရန် လျာထားဆောင်ရွက်လျက် ရှိသည့်အပြင် ယင်းအဆောက်အအုံများ၏ သမိုင်းကြောင်း၊ အချက်အလက်များနှင့် ထိန်းသိမ်းမှုအခြေအနေ၊ လက်ရှိကြုံတွေ့နေရသည့် အနေအထားများကို လေ့လာမှတ်တမ်းများပြုစုလျက်ရှိသည်။

ထို့ပြင် မြန်မာနိုင်ငံ၏ စီးပွားရေးအချက်အချာဖြစ်သည့် မန္တလေးမြို့နှင့် ရန်ကုန်မြို့ တွင် နိုင်ငံတကာအဆင့်မီ အနုပညာဗဟိုဌာန (Art Centre) တည်ဆောက်မည့်စီမံကိန်းကို ဆောင်ရွက်နေခြင်းသည် မြန်မာ့ရိုးရာယဉ်ကျေးမှု အမွေအနှစ်မပျောက်ပျက်ရန်၊ နိုင်ငံ့ ဂုဏ်သိက္ခာမြင့်မားစေရန်၊ ပြည်သူများပျော်ရွှင်ချမ်းမြေ့စေရန်နှင့် ယဉ်ကျေးမှုများကို သားစဉ်

မြေးဆက် ထိန်းသိမ်းစောင့်ရှောက်နိုင်ရန်နှင့် ရုပ်ရှင်၊ သဘင်၊ ဂီတနှင့် ပန်းဆယ်မျိုးပညာရှင်များ ဖြစ်သော အနုပညာရှင်များ၏ ဘဝရပ်တည်နိုင်ရန် ဖြစ်ပါသည်။

**(ဃ) မြန်မာ့ယဉ်ကျေးမှုများနိုင်ငံတကာသို့ သိရှိစေခြင်း**

အာဆီယံနိုင်ငံများနှင့် အခြားသောနိုင်ငံများမှ ယဉ်ကျေးမှုကိုယ်စားလှယ်အဖွဲ့များ မြန်မာနိုင်ငံသို့ လာရောက်ဖျော်ဖြေတင်ဆက်ရာတွင် မြန်မာ့ရိုးရာယဉ်ကျေးမှု အနုပညာများဖြင့် ပူးပေါင်းဖျော်ဖြေတင်ဆက်ခြင်း၊ အာဆီယံနိုင်ငံများနှင့် အခြားသောနိုင်ငံများသို့ ယဉ်ကျေးမှု ကိုယ်စားလှယ်အဖွဲ့များစေလွှတ်၍ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက တို့ဖြင့် ဖျော်ဖြေတင်ဆက်ခြင်း၊ နိုင်ငံတော်အဆင့် အခမ်းအနားများနှင့် နိုင်ငံတော်အဆင့် ချစ်ကြည်ရေးခရီး လာရောက်လည်ပတ်မည့် ဧည့်သည်တော်များအား မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အကများဖြင့် ဖျော်ဖြေတင်ဆက်ခြင်းဖြင့် မြန်မာ့ယဉ်ကျေးမှုကို နိုင်ငံတကာမှ သိရှိနိုင်ရန် ဆောင်ရွက်လျက်ရှိသည်။

**(င) လေ့ကျင့်သင်တန်းပေးခြင်း**

မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များနှင့် အနုပညာရပ်များကို မတိမ်ကောစေရန်၊ ခေတ်မီတိုးတက်ပြီး အရှည်တည်တံ့စေရန်နှင့် လူငယ်လူရွယ်များသိရှိစေရန် မြန်မာအက အခြေခံကဗျာလွတ် အကသင်တန်းများနှင့် အနုပညာအထက်တန်းကျောင်းများတွင် ပန်းတျာ နှင့် ပန်းချီ၊ ပန်းပု (၃) နှစ်သင်တန်းများ ယဉ်ကျေးမှုဆိုင်ရာ သင်တန်းများပေးခြင်း၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်များတွင် သက်ဆိုင်ရာဘာသာရပ်အလိုက် ဂုဏ်ထူးဆောင်ပါရဂူဘွဲ့များ၊ မဟာဝိဇ္ဇာဘွဲ့နှင့် ဝိဇ္ဇာဘွဲ့များအပ်နှင်းခြင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် အနုပညာကောလိပ်များ ဖွင့်လှစ်နိုင်ရေး စီစဉ်ခြင်းတို့ကို ဆောင်ရွက်လျက် ရှိပါ သည်။ www.dhrmyanmar.com website ဖြင့် Online Catalogue ရှာဖွေပြုလုပ်ရန် ဆာဗာတွင် အချက်အလက်ထည့်သွင်းခြင်းနှင့် Online ဝန်ဆောင်မှု အဆင့်မြှင့်တင်ခြင်း၊ ပြည်တွင်း/ပြည်ပ စာတမ်းဖတ်ပွဲ၊ အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပခြင်း၊ တိုင်းဒေသကြီးနှင့်ပြည်နယ်ဒေသများရှိ ပြတိုက်များ၊ ရှေးဟောင်းသုတေသန ပြတိုက်များအား အဆင့်မြှင့်တင်ခြင်း၊ နိုင်ငံတကာသို့သင်တန်းများ၊ လေ့လာရေးများ၊ သုတေသနပြုမှုများ စေလွှတ်ခြင်းနှင့် စာကြည့်တိုက်ပညာရပ်ဆိုင်ရာအခြေခံသင်တန်းများ၊ ဘွဲ့လွန်သင်တန်းများ

ဖွင့်လှစ်ခြင်းဖြင့် လူ့စွမ်းအားဖွံ့ဖြိုးမှု (Capacity Building) ကို လုပ်ဆောင်သွားမည် ဖြစ်ပါသည်။

**(စ) သတင်းအချက်အလက်များဖြန့်ဝေခြင်း**

မြန်မာ့ယဉ်ကျေးမှုနှင့် ပတ်သက်သော သမိုင်းဖြစ်စဉ်များနှင့် ဓလေ့များကို ပြည်သူများအကြား စိမ့်ဝင်ပျံ့နှံ့သိရှိစေရန် တိုင်းရင်းသားလူမျိုးများ၏ ရိုးရာယဉ်ကျေးမှု ဓလေ့နှင့် စရိုက်လက္ခဏာရှိရာ နေရာဒေသများသို့ ကွင်းဆင်းလေ့လာပြီး စာအုပ်စာတမ်းများ ရေးသားပုံနှိပ်နိုင်ရန် ဆောင်ရွက်ခြင်း၊ "တိုင်းရင်းသားရက်စဉ်သမိုင်း" များထုတ်ဝေခြင်း၊ တူးဖော်တွေ့ရှိရသော ပျူမြို့ပြများမှ အချက်အလက်အထောက်အထားများအပေါ်မူတည်၍ ပျူသမိုင်းကို ရေးသားပြုစုထုတ်ဝေနိုင်ရန် ဆောင်ရွက်ခြင်း၊ ရှေးဟောင်းအမွေအနှစ်ဆိုင်ရာ တန်ဖိုးမြင့်မားသည်ဟု ဥပဒေတွင် သတ်မှတ်ထားသော ရှေးဟောင်းဝတ္ထုပစ္စည်းများအား အမျိုးသားပြတိုက်သို့ပို့ဆောင်၍ ထိန်းသိမ်းထားရှိခြင်း၊ ခင်းကျင်းပြသခြင်းနှင့် သုတေသန စာတမ်းများ ပုံနှိပ်ထုတ်ဝေခြင်းကို အလေးထားလုပ်ဆောင်သွားမည်ဖြစ်ပါသည်။

မြန်မာ့ယဉ်ကျေးမှုဆိုင်ရာ ဦးစီးဌာနထုတ်စာအုပ်၊ စာစောင်များကို ပြည်သူများ အတွင်း ကျယ်ပြန့်စွာရောက်ရှိစေရန်နှင့် အမျိုးသားယဉ်ကျေးမှုသမိုင်းကို ချစ်မြတ်နိုးတတ် လာစေရန် တို့အတွက် တွေ့ဆုံမေးမြန်းခန်း ကဲ့သို့သော လူအများ စိတ်ဝင်စားနိုင်မည့် နည်းလမ်းများဖြင့် ထုတ်လွှင့်ပြသနိုင်ရေး ဆောင်ရွက်သွားမည်။

ရှားပါးလက်ရေးစာမူများကို စုဆောင်း၍သုတေသီများနှင့် ပြည်သူလူထုများက ရည်ညွှန်းကိုးကား၍ အသုံးပြုနိုင်ရန်ဆောင်ရွက်ခြင်း၊ ပိုမိုစနစ်ကျသော သတင်းအချက် အလက်နှင့် စီမံခန့်ခွဲမှုဆိုင်ရာအစီအစဉ်များဆောင်ရွက်ခြင်း၊ ယဉ်ကျေးမှုဖြစ်စဉ်အလိုက် သတင်းအချက်အလက်ဆိုင်ရာစနစ်တစ်ရပ် Cultural Information Data System ဖော်ဆောင်ခြင်း၊ အဆင့်မြင့်စာကြည့်တိုက်ပညာ စီမံခန့်ခွဲမှုနည်းစနစ်များအား ပြည်သူလူထုထံ ကျယ်ပြန့်စွာရောက်ရှိစေရန် ပညာပေးရေးလုပ်ငန်း၊ သတင်းအချက်အလက် ဝန်ဆောင်မှု လုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်ခြင်းစသည့်လုပ်ငန်းများကို ဦးစားပေးလုပ်ဆောင်သွားမည်။

## (ဆ) သုတေသနပြုခြင်းနှင့်ထိန်းသိမ်းပြုစုထားရှိခြင်း

ပြဒါးလင်းဂူနှင့် ကမ်းပါးနီကျောက်နံရံပန်းချီများ သုတေသနပြုခြင်းနှင့်ထိန်းသိမ်းခြင်း၊ သုဝဏ္ဏဘူမိမြို့ဟောင်း ကွင်းဆင်းလေ့လာတူးဖော် သုတေသနပြုခြင်းနှင့် ထိန်းသိမ်းခြင်း၊ အင်းဝမြို့ဟောင်း၊ ကျိုး၊ စည်တိုပုံမြို့ဟောင်း အတွင်းရှိ အုတ်မြို့ရိုးနှင့် ကျုံးတူးဖော် ထိန်းသိမ်းခြင်း၊ ရှေးမြို့ဟောင်းများနှင့် ရှေးဟောင်းနေရာများအား ကွင်းဆင်းတူးဖော် သုတေသနပြု ထိန်းသိမ်းခြင်းနှင့် ဒေသအသီးသီးရှိ ရှေးဟောင်းအဆောက်အအုံများ၊ နေရာများအား ထိန်းသိမ်းကာကွယ်စောင့်ရှောက်ခြင်း၊ ရှေးဟောင်း စဥ့်ဖိုများအား သုတေသနပြုခြင်း၊ မြို့ရိုးများ၊ ကျုံးများအား တူးဖော်ထိန်းသိမ်းခြင်း၊ ကျောက်ခေတ်၊ ကြေးခေတ်၊ သံခေတ် ယဉ်ကျေးမှု သုတေသနလုပ်ငန်းများဆောင်ရွက်ခြင်း၊ ယဉ်ကျေးမှု အမွေအနှစ်ဒေသများ ဖုန်နယ်နိမိတ် ကျောက်တိုင်များစိုက်ထူခြင်း၊ ပရိုင်းမိတ်ဒေသဖုန် ကျောက်စာတိုင်များစိုက်ထူခြင်းလုပ်ငန်းများကို ယဉ်ကျေးမှုအမွေအနှစ်များတန်ဖိုးမြင့်မားမှု၊ လေးစားတန်ဖိုးထားမှုသိစိတ်များ ပြည်သူလူထုထံ ပိုမိုတိုးပွားလာစေရေးအတွက် ရည်မှန်း လုပ်ဆောင်သွားပါမည်။

ပုဂံဒေသအတွင်းရှိ ရှေးဟောင်းယဉ်ကျေးမှု အဆောက်အအုံများကို ယူနက်စကိုနှင့် နိုင်ငံတကာ အကူအညီများရယူ၍ ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ပုဂံဒေသ အတွက် Master Plan နှင့် Management Plan တို့ကို ပြည်တွင်း ပြည်ပ ပညာရှင်များဖြင့် ရေးဆွဲရန်ဆောင်ရွက်လျက်ရှိနေခြင်း၊ ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းဝင် ပျူမြို့ဟောင်း (၃) မြို့ အား စနစ်တကျ အဆင့်မြင့်တင်ထိန်းသိမ်းခြင်းနှင့် ပုဂံ၊ မြောက်ဦး ဒေသအပါအဝင် အခြားယဉ်ကျေးမှုအမွေအနှစ် နေရာဒေသများကိုလည်း ကမ္ဘာ့အမွေအနှစ် စာရင်းဝင် ဖြစ်စေရေး ဆောင်ရွက်ခြင်းတို့ကို ယဉ်ကျေးမှုအမွေအနှစ်များ ရေရှည်တည်တံ့ရေးနှင့် ခရီးသွားလုပ်ငန်းများ ပိုမို ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ရည်မှန်းလုပ်ဆောင်သွားမည် ဖြစ်ပါသည်။

မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်များကို ရေရှည်တည်တံ့စေရန် အမျိုးသား စာကြည့်တိုက် ဥပဒေသစ်ကို ပြဋ္ဌာန်းနိုင်ရေးဆောင်ရွက်ခြင်း၊ ၁၉၅၇ ခုနှစ် ရှေးဟောင်း ဝတ္ထုပစ္စည်းများ အက်ဥပဒေ၊ ၁၉၆၂ ခုနှစ် ရှေးဟောင်းဝတ္ထုပစ္စည်းများ အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေဖြင့် ယဉ်ကျေးမှုအမွေအနှစ်များ ဖော်ထုတ်၍ ရေရှည်တည်တံ့အောင်

ထိန်းသိမ်းကာကွယ်ခြင်း၊ စီမံကိန်းအသစ် အဆိုပြုလွှာများအားတင်ပြခြင်း၊ သဘာဝဘေး အန္တရာယ် ကာကွယ်တားဆီးရေး စီမံခန့်ခွဲမှု စီမံချက်များရေးဆွဲခြင်း၊ နှစ်စဉ်ရေးဆွဲထားသော သုတေသနလုပ်ငန်း စီမံချက်များအရ အထောက်အပံ့ဖြစ်စေသည့် ကွင်းဆင်းခရီးများ စေလွှတ်ခြင်း၊ ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေးဥပဒေ အမှတ် ၉/ ၉၈ ဖြင့် ရှေးဟောင်းဇုန်၊ ရှေးဟောင်းနေရာဒေသများအား ပျက်စီးမှုကိုကာကွယ်ခြင်း၊ ဒြပ်ရှိ/ ဒြပ်မဲ့ ယဉ်ကျေးမှုအမွေအနှစ်များစာရင်းကောက်ယူခြင်းနှင့် မှတ်တမ်းပြုစုခြင်း၊ DVD, VCD, External Storied Drive များဖြင့် ထိန်းသိမ်းခြင်းများကို လုပ်ဆောင်သွားရန် ရည်မှန်းထားပါသည်။

**(ဓ) တည်ဆောက်ပြုပြင်မွမ်းမံခြင်း**

မြန်မာ့ယဉ်ကျေးမှု တိုးတက်ဖွံ့ဖြိုးစေရန် ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များကို ကာကွယ်ထိန်းသိမ်းခြင်းသာမက ယဉ်ကျေးမှုအနုပညာဆိုင်ရာ အဆောက်အအုံများကို တည်ဆောက်ပေးခြင်းများဖြင့်လည်းလုပ်ဆောင်သွားမည်။ ရန်ကုန်နှင့်မန္တလေးရှိ အမျိုးသား ယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် တည်ဆောက်ခြင်း၊ ထပ်မံတိုးချဲ့ တည်ဆောက်ခြင်းနှင့် မွမ်းမံခြင်း၊ အနုပညာ အထက်တန်းကျောင်း (ရန်ကုန်) အထွေထွေ မွမ်းမံဆောင်ရွက်ခြင်း၊ အနုပညာကောလိပ် (ညောင်ရွှေ)တည်ဆောက်မွမ်းမံခြင်း၊ တက္ကသိုလ် ဥပမိရုပ်ပေါ်လွင် စေရန်အတွက် သစ်ပင် ပန်းမာန် မြက်ခင်း၊ ထိုင်ခုံ၊ ရုပ်ထုများဖြင့် မြေယာရှုခင်း ဆောင်ရွက်ခြင်း၊ ကောလိပ်ဝင်းအတွင်း Transformer တစ်လုံး တပ်ဆင်ခြင်းနှင့် မဟာဓာတ်အားလိုင်းသွယ်တန်းခြင်း၊ ဂါလံ (၅၀၀၀) ဆံ့ Tank (၂)လုံး တည်ဆောက် ခြင်းများကို ဦးစားပေးလုပ်ဆောင်သွားမည်။ ထို့ပြင် မန္တလေး ရှေးဟောင်း သုတေသနရုံး ပြုပြင်ခြင်း၊ ပျူမြို့ဟောင်းများနှင့် မြောက်ဦး ဒေသရုံးတွင် ဝန်ထမ်းအိမ်ရာများ တည်ဆောက်ခြင်း၊သရေခေတ္တရာပြတိုက်ဝင်းအတွင်း ရှေးပစ္စည်းသိုလှောင်ရုံတည်ဆောက်ခြင်း၊ နေပြည်တော်၌ ထုတ်လုပ်ဌာနခွဲမှ အနုပညာရှင်ဝန်ထမ်းများ ဇာတ်တိုက်လေ့ကျင့်မှုများ ဆောင်ရွက်နိုင်ရန် အတွက် လေ့ကျင့်ရေးဇာတ်ရုံငယ် တည်ဆောက်နိုင်ရေး စီစဉ် ဆောင်ရွက်ခြင်း၊ ပြတိုက်များရှိပစ္စည်းများစာရင်းပြုစုရန်၊ မှတ်တမ်းတင်ရန်နှင့် ပြတိုက်များ ပြုပြင်မွမ်းမံ အဆင့်မြှင့်တင်ခြင်း၊ တိုးချဲ့ဆောက်လုပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ လိုအပ်သည့်ရုံးသုံးနှင့် လုပ်ငန်းသုံး စက်ကိရိယာများ တပ်ဆင်ခြင်း၊ ရန်ကုန်တိုင်း၊ ဗဟန်း

မြို့နယ် ကမ္ဘောဇရိပ်သာဝင်း၊ အာဇာနည်ဝင်းအတွင်းနှင့် မန္တလေးတိုင်း၊ အောင်မြေသာဇံမြို့နယ်၊ မန္တလေးဌာနဝင်းအတွင်း မွမ်းမံခြင်း၊ ရန်ကုန်နှင့် မန္တလေးရှိ အမျိုးသားဇာတ်ရုံတွင် အထွေထွေမွမ်းမံခြင်း လုပ်ငန်းများကိုလည်း ဆောင်ရွက်သွားမည်ဟု ရည်မှန်းထားပါသည်။

**(ဈ) ပြည်ပအကူအညီအထောက်အပံ့ရယူဆောင်ရွက်ခြင်း**

မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းရာတွင် ရေရှည်တည်တံ့စေရန်အတွက် နိုင်ငံတော်အစိုးရ အကူအညီသာမက ပြည်ပအကူအညီ အထောက်အပံ့များလည်း လိုအပ်ပါသည်။ ရန်ကုန်မြို့နှင့် မန္တလေးမြို့ကြီးများရှိ အမျိုးသားဇာတ်ရုံများအား နိုင်ငံတကာအဆင့်မီ ဇာတ်ရုံများ ဖြစ်စေရေးအတွက် နိုင်ငံတော်၏ဘဏ္ဍာရန်ပုံငွေဖြင့် လည်းကောင်း၊ ပြည်ပအကူအညီရယူ၍လည်းကောင်း ဆောင်ရွက်သွားပါမည်။

**(ည) ဝတ်စားဆင်ယင်မှု**

ယနေ့သိပ္ပံနည်းပညာ တိုးတက်လာသော ခေတ်ကြီးတွင် မြန်မာအမျိုးသမီးများသည် ခေတ်အလိုက် ဝတ်စားဆင်ယင်မှုနှင့်အလှအပအတွက် အမျိုးမျိုးပြုပြင်ဖန်တီးကြသည်။ မြန်မာ့ယဉ်ကျေးမှုတွင် မြန်မာအမျိုးသားနှင့်အမျိုးသမီးများသည် ပုဆိုးနှင့်ထမီကို အဓိကထား ဝတ်ဆင်ကြသည်မှာ မြန်မာ့ရိုးရာယဉ်ကျေးမှုတစ်ခုဖြစ်သည်။ အရိုးကိုအရွက်မဖုံးစေရန် လည်းကောင်း၊ ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးတမ်းစဉ်လာများအရ ဝတ်စားဆင်ယင်မှု မပျောက်ပျက်စေရန်အတွက်လည်းကောင်း ထိန်းသိမ်းစောင့်ရှောက်ပြီး မျိုးဆက်သစ်လူငယ်များ သိရှိစေရန် လက်ဆင့်ကမ်းသိရှိစေရန်လုပ်ဆောင်ပေးမှုများကို ဆက်လက်ဆောင်ရွက်သွားရန်ရည်မှန်းပါသည်။ ထို့ပြင် မိဘဝတ်၊ သားသမီးဝတ်နှင့် ဇနီးဝတ်များသည် အရွယ်သုံးပါးမိန်းမသားတို့၏ ကျင့်ဝတ်များဖြစ်ရာရုပ်အလှပြုပြင်မှုသာမက စိတ်ထားအလှရရှိရန်သည် အရေးကြီးသော ကိုယ်ကျင့်တရားဆိုင်ရာကျင့်ဝတ်ဖြစ်သောကြောင့် စိတ်အလှရှိသူများ၊ လူ့ကျင့်ဝတ်စောင့်ထိန်းသူများ၊ ဂုဏ်သိက္ခာကိုစောင့်ထိန်းတန်ဖိုးထားကြသူများ အဖြစ် နေထိုင်ခြင်းသည်လည်း မြန်မာအမျိုးသမီးများ၏ ယဉ်ကျေးမှုဂုဏ်ရည်ပင်ဖြစ်၍ ဝတ်စားဆင်ယင်မှုကိုသာမက ကျင့်ဝတ်ဆိုင်ရာ ဂုဏ်ရည်များကိုလည်း ဆက်လက်ထိန်းသိမ်းစောင့်ရှောက်မှုများကို ပြုလုပ်ဆောင်ရွက်သွားရန် ရည်မှန်းပါသည်။

သို့ဖြစ်၍ မြန်မာ့ယဉ်ကျေးမှုအစဉ်အလာနှင့်အမွေအနှစ်များကို တန်ဖိုးထား၍ ထိန်းသိမ်းစောင့်ရှောက်ရေးနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးကို တစ်ဖက်တစ်လမ်းမှ အထောက်အကူ ဖြစ်စေရေးတို့အတွက် ဒုတိယကာလတို(၅) နှစ်စီမံကိန်း (၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်) အတွင်း ယဉ်ကျေးမှုကဏ္ဍဆိုင်ရာ လုပ်ငန်းများ ရည်မှန်းချက် ပြည့်မီအောင်ဆောင်ရွက်၍ ယဉ်ကျေးမှုကဏ္ဍနှင့် ဆက်နွယ်လျက်ရှိသော လူမှုစီးပွားနယ်ပယ်တွင် ဖွံ့ဖြိုးတိုးတက်မှုများရရှိစေရေးကို ဦးတည်၍ ဆောင်ရွက်သွားရန် ရည်မှန်းထားပါသည်။

## ၆-၄။ အပန်းဖြေမှု

လူတိုင်းသည် ကိုယ်၊ စိတ်ကျန်းမာမှသာလျှင် နေ့စဉ်ဘဝရပ်တည်နေနိုင်မှုတွင် အဆင်ပြေချောမွေ့နိုင်ပြီး လူတို့၏လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မှုအတွက် လေ့လာသင်ယူ နိုင်သော စွမ်းရည်ကို တိုးမြှင့်ရရှိစေနိုင်မည်ဖြစ်ပါသည်။ လူတို့သည် နေ့စဉ်လူနေမှုဘဝကို ဖြတ်သန်းရာတွင် အလုပ်လုပ်ပြီးနောက် စိတ်ဓါတ်နှင့်ခွန်အားများ ပြန်လည်လန်းဆန်း တက်ကြွလာစေရန် သင့်လျော်သော အပန်းဖြေခြင်း၊ ကောင်းမွန်စွာအနားယူခြင်း (သို့) ပျော်ရွှင်ခြင်းကို ရရှိရန် လိုအပ်သည်။ အပန်းဖြေခြင်းကဏ္ဍသည် နေ့စဉ်လူမှုစီးပွားဘဝနှင့် များစွာ ဆက်စပ်လျက်ရှိသည့်အတွက် အပန်းဖြေခြင်းဆိုင်ရာဝန်ဆောင်မှုများကို ပြည်သူများ အတွက် စီစဉ်ဆောင်ရွက်ပေးခြင်းသည် အပန်းဖြေခြင်းစီမံကိန်းတစ်ခုဖြစ်ပြီး ဒုတိယ ကာလတို(၅) နှစ်အမျိုးသားစီမံကိန်း (၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် အထိ) တွင် ထည့်သွင်းရေးဆွဲပြီး ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

အပန်းဖြေခြင်းမှ အဝလွန်ခြင်းကိုလျော့ချနိုင်ခြင်း၊ နာတာရှည်ရောဂါဖြစ်ပွားခြင်းကို လျော့နည်းစေခြင်း၊ နှလုံး၊ ဆီးချို၊ ကင်ဆာ၊ အရိုးပွရောဂါများကို ကာကွယ်ပေးခြင်း၊ ကိုယ်ခံအား မြှင့်တင်ပေးသောစနစ်ကိုအားပေးခြင်းနှင့် လူ့သက်တမ်းကိုတိုးစေခြင်းဟူသော ရုပ်ပိုင်းဆိုင်ရာအကျိုး ရလဒ်များကိုရရှိနိုင်သကဲ့သို့ စိတ်ကျခြင်းကို လျော့ကျစေခြင်း၊ စိတ်ဖိစီးမှုကို သက်သာစေခြင်း၊ ဘဝ၏အရည်အသွေးကို တိုးတက်စေခြင်း၊ မိမိကိုယ်ကို ယုံကြည်စိတ်ချမှုရှိလာခြင်းနှင့် ဘဝကို ကျေနပ်မှုဖြစ်စေခြင်းစသည့် စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေးအကျိုးရလဒ်များကိုလည်း ရရှိစေနိုင်ပါသည်။

ထို့ပြင် လူမှုဆက်ဆံရေးနှင့်ပတ်သက်သည့်ရလဒ်များအနေဖြင့် မိသားစုများအတွင်း ညီညွတ်မှုကို တိုးပွားစေခြင်း၊ စိတ်နေသဘောထားညီညွတ်ခြင်းကို တည်ဆောက်ပေးခြင်း၊ ကူညီရိုင်းပင်းစိတ်ကို ထက်သန်စေခြင်းတို့ရရှိနိုင်ပါသည်။ လူမှုရေးဆိုင်ရာအကျိုးရလဒ်များ အနေဖြင့် အဖွဲ့အစည်းအတွင်း ပူးပေါင်းဆောင်ရွက်မှုများကို အားကောင်းလာစေခြင်း၊ မှုခင်းများကို လျော့ကျစေခြင်း၊ စိတ်စေတနာအလျောက် စေတနာ့ဝန်ထမ်း လုပ်ခြင်းများ တိုးပွားလာခြင်းနှင့် ကြီးကြပ်အုပ်ချုပ်မှု စွမ်းရည်တိုးတက်လာခြင်း တို့ကိုလည်း ရရှိစေပါသည်။ လူငယ်များအတွက် အထောက်အပံ့ဖြစ်စေခြင်းနှင့်ပတ်သက်၍ လူငယ်များကို ဖွံ့ဖြိုးတိုးတက်စေခြင်း၊ လူငယ်များ၏ ပညာရေးကို ပိုမိုတိုးတက် ကောင်းမွန်အောင် လုပ်ဆောင်ပေးနိုင်ခြင်း၊ အန္တရာယ်ဖြစ်စေနိုင်သော အပြုအမူများကို တားဆီးပေးနိုင်ခြင်း၊ အရွယ်မတိုင်မီလိင်မှုကိစ္စဖြစ်ပွားခြင်းနှင့် မူးယစ်ဆေးဝါးသုံးစွဲခြင်းကို လျော့ကျစေခြင်းနှင့် ပြစ်မှုများကို တားဆီးပေးခြင်းစသည့် အကျိုးရလဒ်များကို ရရှိနိုင်ပါသည်။

သင့်လျော်သောအပန်းဖြေခြင်းသည် ကိုယ်ခန္ဓာကျန်းမာမှုသာမက စိတ်ကျန်းမာမှု ရရှိရန်လည်း ပေးစွမ်းနိုင်သောကြောင့် လူတိုင်းအတွက် အရေးကြီးသည့်အတွက် ဒုတိယ ကာလတို (၅) နှစ် စီမံကိန်းတွင် အောက်ပါ လုပ်ဆောင်ချက်များဖြင့် ရည်မှန်းဆောင်ရွက် သွားမည် ဖြစ်ပါ သည်။

- ကျန်းမာရေးနှင့် အပန်းဖြေခြင်းဆိုင်ရာတွင် ကလေးများအတွက် ယုံကြည် စိတ်ချရပြီး ပျော်ရွှင်မှုကို ပေးနိုင်သော ရုပ်ပိုင်းဆိုင်ရာ ပံ့ပိုးပေးနိုင်သော အစီအစဉ်များ လုပ်ဆောင်ပေးခြင်း၊
- ကိုယ်လက်အင်္ဂါနှင့် စိတ်ပိုင်းဆိုင်ရာချို့ယွင်းနေသူများ မိမိဘဝကို မိမိကိုယ်တိုင် ရပ်တည်နိုင်စေရန်၊ မိမိကိုယ်ကိုမိမိ ယုံကြည်စိတ်ချမှုရှိစေရန်၊ ပူးပေါင်း ဆောင်ရွက်တတ်စေရန်နှင့် အခြားသူများ၏ လေးစားမှုကိုရရှိစေရန် စသည့် ဘဝအရည်အသွေးကို ရရှိမြှင့်တင်နိုင်စေရန်အတွက် လိုအပ်သောအပန်းဖြေခြင်း ဆိုင်ရာ အစီအစဉ်များ ဆောင်ရွက်ပေးခြင်း၊
- ပန်းခြံနှင့်အပန်းဖြေဝန်ဆောင်မှုများအတွက်ဝန်ထမ်း(သို့)စေတနာ့ဝန်ထမ်းများ ဖြင့် လုပ်ဆောင်ခြင်း၊
- အပန်းဖြေဝန်ဆောင်မှုများအတွက် လိုအပ်သောအဆောက်အဦ၊ မြေနေရာများ

နှင့် ရန်ပုံငွေများ ရရှိနိုင်ရန်ဆောင်ရွက်ခြင်း၊

- အရွယ်ရောက်ပြီးသူတိုင်းသည် အားကစား၊ ယဉ်ကျေးမှုနှင့် အပန်းဖြေခြင်း အစီအစဉ်များနှင့် ဝန်ဆောင်မှုများတွင် ပါဝင်လုပ်ဆောင်လာစေခြင်း စသည့် လုပ်ငန်းများကို ရည်မှန်းဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ထို့ကြောင့် မြန်မာတစ်မျိုးသားလုံး၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်မှုသွားရာ ခရီးလမ်းကြောင်းတွင် တစ်ထောင့်တစ်နေရာမှ ကူညီအားဖြည့်ပေးနိုင်သော အပန်းဖြေခြင်း ဆိုင်ရာလုပ်ငန်းများကို ဒုတိယကာလတို(၅) နှစ်စီမံကိန်း (၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်) အတွင်း အပန်းဖြေခြင်းဆိုင်ရာလုပ်ငန်းများ ရည်မှန်းချက်ပြည့်မီအောင် အလေးထားဆောင်ရွက်၍ ပြည်သူများအပန်းဖြေခြင်းမှ ကောင်းမွန်သော အကျိုးရလဒ်များ ကို ရရှိခံစားပြီး နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခြင်းဖြင့် လူမှုစီးပွားနယ်ပယ်တွင် ဘက်စုံဖွံ့ဖြိုးတိုးတက်မှုများရရှိစေရေးကို ဦးတည်၍ ဆောင်ရွက် သွားရန် ရည်မှန်းထားပါသည်။

### ၆-၅။ လူမှုဖူလုံရေးနှင့် လူမှုအကာအကွယ်ပေးရေး

လူမှုဖူလုံရေးသည် ပြည်သူတစ်ရပ်လုံး ရရှိခံစားနိုင်မည့် ပြည်သူ့ဗဟိုပြုဖွံ့ဖြိုးမှု ဖြစ်စဉ်တွင် အရေးကြီးသော ကဏ္ဍတစ်ရပ်အဖြစ်ပါဝင်သည်။ ပြည်သူအများ ပူးပေါင်း ပါဝင်မှုနှင့် အုပ်ချုပ်မှုပုံစံကောင်းမွန်ခြင်း၊ ဝင်ငွေကွဲဟခြင်း၊ ကျန်းမာရေးအခြေအနေ တိုးတက်ကောင်းမွန်ခြင်း၊ အိုးအိမ်ပိုင်ဆိုင်ခြင်း၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းခြင်း၊ လူမှုဘဝ လုံခြုံစိတ်ချမှုအခြေအနေနှင့် လူမှုဘဝပြည့်စုံကောင်းမွန်ခြင်းစသည်တို့သည် လူ့အဖွဲ့အစည်းကိုအကာအကွယ်ပေးသော အခြေခံလိုအပ်ချက်များဖြစ်ပါသည်။ လူမှုဖူလုံရေး စီမံကိန်းသည် နိုင်ငံတော်၏ လူမှုအကာအကွယ်ပေးရေးကဏ္ဍတွင် အဓိကကျသည့်လုပ်ငန်းရပ် တစ်ခုဖြစ်ပြီး ဆင်းရဲနွမ်းပါးမှုလျှော့ချရေးနှင့် လူမှု-စီးပွား ဖွံ့ဖြိုးတိုးတက်မှုအတွက်လည်း အရေးကြီးသော အခန်းကဏ္ဍတစ်ရပ်ဖြစ်သောကြောင့် ဖွံ့ဖြိုးပြီးနိုင်ငံများနှင့်ဖွံ့ဖြိုးဆဲနိုင်ငံများ တွင်လည်း စီမံကိန်းတိုင်းတွင် ရေးဆွဲကျင့်သုံးလျက်ရှိပါသည်။

ကျန်းမာရေးစောင့်ရှောက်မှု အခန်းကဏ္ဍကို လက်လှမ်းမီစေရေး တိုးမြှင့်ဆောင်ရွက်ရန်၊ လူမှုဘဝလုံခြုံမှုကို တိုးမြှင့်အကာအကွယ်ပေးရန်၊ နိုင်ငံတကာအတွေ့အကြုံများ ရရှိဖလှယ်ရန် နှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်လာစေရန်၊ အာမခံထားသူများအား အိမ်ရာ

ပိုင်ဆိုင်ခွင့်များရရှိစေ၍ လူနေမှုဘဝ တိုးတက်ကောင်းမွန်လာစေရန်၊ လူမှုဖူလုံရေး စီမံကိန်းကို တစ်မျိုးသားလုံး အကျုံးဝင်သည့် စီမံကိန်းဖြစ်စေ၍ လူမှုဘဝဖူလုံရေးကို တိုးမြှင့်ဆောင်ရွက်နိုင်ရန်အတွက် မြန်မာနိုင်ငံတွင် အာမခံစနစ် (၆) မျိုး ပါဝင်သော လူမှုဖူလုံရေးဥပဒေကို ၂၀၁၂ ခုနှစ်၊ ဩဂုတ်လ၌ ပြဋ္ဌာန်းခဲ့ပါသည်။ ၎င်းအာမခံစနစ်များသည် လူမှုဖူလုံရေးအတွက် အာမခံထားရှိသော အလုပ်သမားများအား ဆေးဝါးကုသမှုနှင့် ငွေလက်ငင်း အကျိုးခံစားခွင့်များပေးပြီး မမာမကျန်းမှု၊ ကိုယ်ဝန်ဆောင်မှု၊ အလုပ်ခွင် ထိခိုက်ဒဏ်ရာရမှုများအတွက် ဆေးကုသမှုပေးနိုင်ရန် လူမှုဖူလုံရေး ဆေးရုံ၊ ဆေးခန်းများကို တည်ထောင်ပေးကာ ဝန်ဆောင်မှုများ ပေးလျက်ရှိပါသည်။ ၎င်းဥပဒေအရ လုပ်ငန်းအတည်တကျရှိသော အလုပ်သမားများသာမက လုပ်ငန်းအတည်တကျမရှိသော လက်လုပ်လက်စားအလုပ်သမားများနှင့် မိမိဆန္ဒအလျောက် ဝင်ရောက်လိုသူများကို အကျုံးဝင်နိုင်စေရေး စတင်ဆောင်ရွက်ပြီး နှစ်စဉ်အကျုံးဝင် အာမခံအလုပ်သမား ၇ သိန်းအထိ မှတ်ပုံတင်ဆောင်ရွက်နိုင်ခဲ့ပါသည်။ အဆိုပါ လုပ်ငန်းများအား ဒုတိယကာလတို (၅)နှစ် စီမံကိန်းကာလအတွင်း ဆက်လက်ဆောင်ရွက်ရန် ဖြစ်သည်။

အလားတူပင် မွေးဖွားသည်မှ သေဆုံးသည်အထိ ကျန်းမာသန်စွမ်းသည့် လူမှုအဖွဲ့အစည်း ဖြစ်ပေါ်စေရေးအတွက် ရှေးဦးအရွယ် ကလေးသူငယ် ပြုစုပျိုးထောင်ရေး၊ ကလေးနှင့်လူငယ် စောင့်ရှောက်ရေးလုပ်ငန်း၊ အမျိုးသမီး စောင့်ရှောက်ရေးလုပ်ငန်း၊ သက်ကြီးရွယ်အို စောင့်ရှောက်ရေးလုပ်ငန်း၊ မသန်စွမ်းသူများ ပြန်လည်ထူထောင်ရေးလုပ်ငန်း၊ မူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေးလုပ်ငန်းတို့ကို နိုင်ငံသားတိုင်း ရရှိခံစားနိုင်ရေး ဆက်လက်ဆောင်ရွက်မည် ဖြစ်ပါသည်။

လူမှုဘဝကာကွယ်ပေးရေး အစီအစဉ်များမှတစ်ဆင့် ငွေကြေး သို့မဟုတ် ပစ္စည်းလိုအပ်ချက်များ ထောက်ပံ့ကူညီပေးခြင်းအားဖြင့် ကျေးလက်ဒေသနေ ဆင်းရဲနွမ်းပါးသူပြည်သူများလက်ရှိရင်ဆိုင်နေကြရသည့် ငွေပေါ်လွယ်မှုအခက်အခဲ၊ ငွေချေးငှားရန်အခက်အခဲ၊ မမျှော်မှန်းနိုင်သည့် အန္တရာယ်များအပေါ် စီမံနိုင်မှုအခက်အခဲများကို ကျော်လွှားစေနိုင်မည် ဖြစ်ပါသည်။

လူမှုကာကွယ် စောင့်ရှောက်ရေး မဟာဗျူဟာသည် မြန်မာနိုင်ငံ၏ လူမှုစီးပွား၊ ဘေးအန္တရာယ်ကျရောက်မှု၊ ထိခိုက်လွယ်မှုဆိုင်ရာ အကြောင်းအရာများအပေါ် အခြေခံ၍

ရေးဆွဲလျက်ရှိပါသည်။ လူမှုကာကွယ်စောင့်ရှောက်ရေး မူဝါဒများနှင့် အစီအစဉ်များသည် လူ့အဖွဲ့အစည်းတွင် ဘေးထုတ်ဖယ်ကျင်ခံရသူများနှင့် ဘေးအန္တရာယ်ကျရောက်နိုင်သည့် ထိခိုက်လွယ်နိုင်သော အခြေအနေတွင်ရှိသည့်လူများ ၎င်းတို့ကိုယ်တိုင် ပိုမိုကောင်းမွန်သော ဘဝအခြေအနေတစ်ခု တည်ဆောက်နိုင်ရေး၊ လူမှုရေးတည်ငြိမ်မှုအား မြှင့်တင်နိုင်ရေးနှင့် ရေရှည်တွင် ဆင်းရဲနွမ်းပါးမှုအား လျှော့ချနိုင်ရေးတို့တွင် အကူအညီပေး ဆောင်ရွက်မည် ဖြစ်ပါ သည်။

ရွှေ့ပြောင်းသွားလာ လုပ်ကိုင်နေထိုင်သူများနှင့် ပတ်သက်၍ လူထုအသိမြှင့်တင်ခြင်း၊ ရွှေ့ပြောင်းသွားလာ လုပ်ကိုင်နေထိုင်သူများနှင့် မိသားစုဝင်များ၏ ရပိုင်ခွင့်များအား နိုင်ငံတကာစံနှုန်း နှင့်အညီ ထိရောက်စွာ တိုးမြှင့်ကာကွယ်ခြင်း လုပ်ငန်းများအား ဆောင်ရွက်ရန် ဖြစ်ပါသည်။

**(က) ကျန်းမာရေးစောင့်ရှောက်မှု**

ကျန်းမာရေးစောင့်ရှောက်မှုနှင့် စပ်လျဉ်း၍ ဒုတိယကာလတို (၅) နှစ် စီမံကိန်း ကာလအတွင်း အောက်ပါတို့ကို ချဉ်းကပ်ဆောင်ရွက်မည် ဖြစ်ပါသည်-

- လူမှုဖူလုံရေး ဆေးရုံကြီးများအား နိုင်ငံတကာအဆင့်မီ ဆေးရုံကြီးများအဖြစ် ပေါ်ထွက်လာစေရန် ဆောင်ရွက်ခြင်း၊
- ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ မူဝါဒများပြင်ဆင်ချမှတ်ခြင်း၊
- ကျန်းမာရေး စောင့်ရှောက်မှုတွင် စရိတ်မျှပေး (Co-payment) အသုံးပြုခြင်း၊
- ထိုင်ဝမ်နိုင်ငံ CHC Health Corporationနှင့် ပူးပေါင်း၍ အလုံ စတိုဝင်းတွင် ကင်ဆာဆေးရုံကြီးဆောက်လုပ်ခြင်း (Equipment and Human Resources များ ဖြည့်တင်းခြင်း)၊ ဆေးရုံ၊ ဆေးခန်းများ၏ အရည်အသွေး ထိန်းသိမ်းနိုင်ရေး ဆောင်ရွက်ခြင်း၊
- မြို့နယ်၊ ခရိုင်၊ တိုင်းဒေသကြီး၊ ရုံးချုပ်ဝန်ထမ်းများ အပါအဝင် ကျန်းမာရေး ဝန်ဆောင်မှု စွမ်းဆောင်ရည်မြှင့်တင်ခြင်း၊

- ရန်ကုန် အလုပ်သမားဆေးရုံကြီးအား နိုင်ငံတကာအဆင့်မီ ဆေးရုံကြီးအဖြစ် အဆင့်မြှင့်တင်နိုင်အောင်ဆောင်ရွက်ခြင်း၊
- Academic Centre တစ်ခု တည်ဆောက်ခြင်း၊
- ထန်းတပင်ဆေးရုံဝင်းအတွင်း ခေတ်မီအထူးကုဆေးရုံကြီး(သို့) ဆေးတက္ကသိုလ်ကြီး ပေါ်ထွက်ရေးအတွက် ပြည်တွင်းပြည်ပအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းများ ဆောင်ရွက်သွားပါမည်။
- လူမှုဖူလုံရေးရုံး အဆောက်အဦအင်္ဂါရပ်များနှင့် ကိုက်ညီ၍ သစ်လွင်ပြီး အဆင့်မီသော ရုံးခွဲများဖြစ်စေရန် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ရုံးခွဲ ၅ ရုံးနှင့် ဆေးခန်း ၅ ခန်းအား ပြုပြင်မွမ်းမံခြင်း၊
- သထုံရုံးနှင့် ဆေးခန်း၊ ဟင်္သာတရုံးနှင့် ဆေးခန်း၊ ဖျာပုံရုံးနှင့် ဆေးခန်း၊ ကျောက်ဖြူရုံးနှင့် ဆေးခန်းများအတွက် အဆောက်အဦးများ ဆောက်လုပ်ရန် ရည်မှန်းထားပါသည်။

**(ဓ) အမျိုးသမီးများစွမ်းပကား တိုးမြှင့်ဆောင်ရွက်နိုင်ရေး**

မြန်မာနိုင်ငံတွင် ကျားမခွဲခြားဆက်ဆံမှုသည် အဓိကအကြောင်းအရင်း တစ်ရပ် မဟုတ်သော်လည်း ကုလသမဂ္ဂမှ ချမှတ်ထားသည့် အမျိုးသမီးများ၏ စွမ်းပကားတိုးမြှင့် ဆောင်ရွက်ရေးဆိုင်ရာ ရည်မှန်းချက်များ တိုးတက်ဆောင်ရွက်ရေးကို ဦးတည်ဆောင်ရွက် သွားမည် ဖြစ်ပါသည်။

မြန်မာနိုင်ငံတွင် စုစုပေါင်းလူဦးရေတွင် အမျိုးသမီးဦးရေ များပြားခြင်းကြောင့် အမျိုးသမီးလုပ်သားထုအင်အားတိုးတက်လာရေး၊ အဆင့်မြင့်စီမံခန့်ခွဲမှုများတွင် အမျိုးသမီး များ၏ ပါဝင်မှုနှုန်းတိုးတက်လာရေး ကိစ္စရပ်များအား တိုးမြှင့်ဆောင်ရွက်ခြင်းတို့ကို ဒုတိယ ကာလတို (၅)နှစ် စီမံကိန်းကာလအတွင်း ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

အမျိုးသမီးအိမ်တွင်းမှု အသက်မွေးပညာသင်တန်းကျောင်းများ၊ အိမ်တွင်းမှု အတတ် ပညာနှင့် စက်ချုပ်၊ သိုးမွေးစက်ဆွဲနှင့် ကြိမ်ထည် ယက်လုပ်ခြင်း စသည့် သက်မွေးပညာများ တတ်မြောက်စေရန် သက်ဆိုင်ရာ သင်တန်းအသီးသီးကိုပေးရန်ဖြစ်ပါသည်။

## (ဂ) လူငယ်ဖွံ့ဖြိုးတိုးတက်ရေး

အနာဂတ်နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်မှုတွင် လူငယ်များသည် အဓိကအခန်းကဏ္ဍ အဖြစ်ပါဝင်သည်။ ထို့ကြောင့်လူငယ်ဖွံ့ဖြိုးတိုးတက်မှုအတွက် အမျိုးသားမဟာဗျူဟာများဖြင့် လူငယ်ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်သည့် မူဝါဒများဖြင့် ဆောင်ရွက်ကြရမည် ဖြစ်ပါသည်။ ရုပ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးမှုနှင့်အတူ စိတ်ပိုင်းဆိုင်ရာ ကျန်းမာဖွံ့ဖြိုးသည့် လူငယ်များသည် အနာဂတ်နိုင်ငံတော်၏ လူ့စွမ်းအား အရင်းအမြစ် ဖြစ်ပါသည်။

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုကို ဆောင်ရွက်ရာတွင် ကြုံတွေ့ရသည့် လူမှုရေး ပြဿနာ နှင့် အငြင်းပွားမှုကိစ္စရပ်များ၊ ဥပဒေနှင့်ဆန့်ကျင်သော လုပ်ဆောင်မှုများတွင် ပါဝင်သည့် လူငယ်အရေအတွက်ကိုလျှော့ချနိုင်ရန်၊ လူငယ်များ၏စွမ်းရည်ကြံဆမှု ကန့်သတ်ချက်ဘောင် များကို လျှော့ချပေးရန်နှင့် ပညာတတ်မြောက်ပြီး စဉ်းစားတွေးခေါ်နိုင်သော လူတော် လူကောင်းလေးများ ဖြစ်လာနိုင်ရန် အတွက် မွေးထုတ်လေ့ကျင့်ပေးရမည်ဖြစ်ပါသည်။

အသက်မွေးမှုပညာသင်တန်းများတိုးချဲ့ဖွင့်လှစ်ပေးခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးခြင်း၊ လူငယ်ဖွံ့ဖြိုးမှုစီးပွားရေးစွမ်းဆောင်ရှင်အဖွဲ့အစည်းများ ဖွဲ့စည်းပေးခြင်း နှင့် လူငယ်စီးပွားရေးအဖွဲ့အစည်း အသင်းများ ဖွဲ့စည်းပေးခြင်းဖြင့် လူငယ်များအားလုံး နိုင်ငံတော်ဖွံ့ဖြိုးမှုတွင် ပါဝင်လာစေရန် ဆောင်ရွက်ကြရမည် ဖြစ်ပါသည်။ ထို့အပြင် လူငယ်များ မူးယစ်ဆေးဝါးသုံးစွဲမှုနှင့် ရောင်းဝယ်ဖြန့်ဖြူးမှုများကို အချိန်မီတားဆီး၊ ဖမ်းဆီး နိုင်ရန် ပညာပေးအစီအစဉ်များဖြင့် လူညွှန့်မတုံးစေရန် အချိန်မီဆောင်ရွက်ပေးရပါမည်။ မဖွံ့ဖြိုးသေးသော ကျေးလက်ဒေသနှင့်ဝေးလံခေါင်ဖျားဒေသရှိ အားနည်းသည့်လူငယ်များကို လူမှုရေးဝန်ဆောင်မှုများ၊ ပညာရေး၊ ကျန်းမာရေးစောင့်ရှောက်မှုများ ဖြည့်ဆည်းပေးခြင်းဖြင့် ဖွံ့ဖြိုးတိုးတက်မှုတွင် ပါဝင်လာစေရန် ဆောင်ရွက်ရမည် ဖြစ်ပါသည်။

လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးသည် ဒေသတွင်းနှင့် ကမ္ဘာလုံးဆိုင်ရာ စီးပွားရေး တွင် ကာလရှည်ယှဉ်ပြိုင်နိုင်ခြင်း အကျိုးကျေးဇူးကို ရရှိနိုင်သောကြောင့် လူ့စွမ်းအား အရင်းအမြစ်ဖွံ့ဖြိုးလာစေရန် လူငယ်ဖွံ့ဖြိုးမှုမူဝါဒများ ချမှတ်ဆောင်ရွက်ရပါမည်။ လူငယ် ဖွံ့ဖြိုးမှုမှ ကဏ္ဍအလိုက် အလုပ်အကိုင် အခွင့်အလမ်းသစ်များအတွက် လုပ်သားအင်အားကို တိုးမြှင့်စေပြီး လူမှုဘဝသာယာဝပြောရေးနှင့် နိုင်ငံတော်ဖွံ့ဖြိုးရေးကို ဖြစ်ပေါ်စေမည် ဖြစ်ပါသည်။ လူငယ်များနိုင်ငံကို ချစ်မြတ်နိုးသည့်စိတ် ဖြစ်ပေါ်လာစေရန် လူငယ်များ

စုပေါင်း၍ လုပ်ရှားဆောင်ရွက်ရသည့် လှုပ်ရှားမှုများ၊ နေ့ရာသီသင်တန်းများ၊ ကြက်ခြေနီ သင်တန်းများ၊ လူရည်ချွန်စခန်းများနှင့် ကင်းထောက်လူငယ်စခန်းများ ဖွင့်လှစ်၍ လူငယ်ပြုစုပျိုးထောင်မှုများ ဆောင်ရွက်မည်ဖြစ်ပါသည်။

**၆-၆။ ရေရရှိမှု**

လူတို့နေထိုင်ရာ ကမ္ဘာကြီးတွင် ရေထုသည် ကုန်းမြေထက် ပိုမိုများပြားသော်လည်း အသုံးပြုနိုင်သော ရေထုမှာ (၁) ရာခိုင်နှုန်းသာရှိပါသည်။ ကမ္ဘာ့လူဦးရေသည်လည်း သန်းပေါင်း (၇၀၀၀) ကျော်ရှိပြီး နေ့စဉ်နှင့်အမျှ တိုးပွားလာသည့် လူဦးရေနှင့် လယ်ယာ စိုက်ပျိုးရေးကဏ္ဍတွင် အသုံးပြုနိုင်ရန် ရေလုံလောက်စွာ လိုအပ်သကဲ့သို့ သောက်သုံးရန်ရေ ကိုလည်း လိုအပ်လျက်ရှိပါသည်။ ရေအရင်းမြစ်များသည် သဘာဝပတ်ဝန်းကျင်အရ ဖြစ်ပေါ် လာသော ရာသီဥတုဖောက်ပြန်မှု၊ ရေကို မဆင်မခြင်သုံးစွဲဖြုန်းတီးမှု၊ လူဦးရေတိုးပွားမှု စသည့်အချက်များကြောင့် ကမ္ဘာ့လူဦးရေ၏ ၄၀ ရာခိုင်နှုန်းသည် ရေရှားပါးမှုနှင့် ရင်ဆိုင် နေရပါသည်။

၂၀၂၅ ခုနှစ်တွင် ကမ္ဘာ့လူဦးရေ၏ ၃ ပုံ ၂ ပုံ သည် သောက်သုံးရေ ရှားပါးမှုနှင့် ကြုံတွေ့ရနိုင်သည်ဟု ရေအရင်းမြစ်ပညာရှင်များက ခန့်မှန်းထားပါသည်။ သန့်ရှင်းသော သောက်သုံးရေအပါအဝင် ရေရှားပါးမှုကြောင့် စားနပ်ရိက္ခာထုတ်လုပ်မှု လျော့ကျခြင်း၊ တစ်ကိုယ်ရေသန့်ရှင်းရေးဆောင်ရွက်နိုင်မှု နည်းပါးခြင်းတို့ကြောင့် ကျန်းမာရေးပြဿနာများ ဖြစ်ပေါ်လာပြီး လူမှုရေး၊ စီးပွားရေးအပေါ်များစွာ ထိခိုက်စေနိုင်ကြောင်းလည်း သတိပေး သုံးသပ်ကြပါသည်။

၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အတွင်း ဆည်မြောင်းဦးစီးဌာနမှ ရေရရှိရေးအတွက် စီမံကိန်းလုပ်ငန်း ၂၀၆ ခု၊ ဖြည့်စွက် လုပ်ငန်းစီမံကိန်း ၇၈ ခု၊ လုပ်ငန်းစီမံကိန်းသစ် ၃၉ခု ဆောင်ရွက်နိုင်ခဲ့သည်။ ယင်းစီမံကိန်းများအနက် ဆောင်ရွက်ဆဲ စီမံကိန်း ၂၈ခု၊ ဖြည့်စွက်လုပ်ငန်း ၆၈ခုနှင့် စီမံကိန်းလုပ်ငန်းသစ် ၁၁ခု ကို ရာခိုင်နှုန်း ပြည့်ပြီးစီးအောင်ဆောင်ရွက်ခဲ့သဖြင့် ဆည်ရေသောက် ၃၆၆,၂၇၂ဧက အတွက် စိုက်ပျိုးရေ ရရှိရေးကို ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။ ထို့ပြင် သောက်သုံးရေရရှိရေးအတွက် တွင်းပေါင်း ၃၈,၄၂၅ ကို ဆောင်ရွက်ပေးနိုင်ခဲ့ပြီး လူဦးရေ ၁၄,၉၇၈,၁၁၈ ဦး ကို အကျိုးပြုနိုင်ခဲ့ပါသည်။

ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနသည် ကျေးလက်ဒေသများတွင် သန့်ရှင်းသော သောက်သုံးရေ လုံလောက်စွာရရှိရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် UNICEF တို့ ပူးပေါင်း၍ ကျေးလက် ရေရရှိရေးလုပ်ငန်း အစီအစဉ်များကို ဆောင်ရွက်လျက်ရှိသည်။

လက်ရှိမြန်မာနိုင်ငံ၏ လူဦးရေ တစ်နှစ်ထက်တစ်နှစ် များပြားလာခြင်းနှင့် ရာသီဥတု ပြောင်းလဲလာခြင်းတို့ကြောင့် မိုးခေါင်ခြင်း၊ ရေကြီးခြင်းတို့ ဖြစ်ပေါ်ကာ သောက်သုံးရေရရှိမှု ခက်ခဲသည့်အခြေအနေများကို ယခင်ကာလများထက် ပိုမိုကြုံတွေ့နေရသည့် အခြေအနေ ဖြစ်ပါသည်။ အထူးသဖြင့် မြန်မာနိုင်ငံအလယ်ပိုင်း မိုးခေါင်ရေရှားရပ်ဝန်း ဒေသများတွင် နှစ်စဉ် သောက်သုံးရေရှားပါးမှုနှင့် ကြုံတွေ့နေရပြီဖြစ်ပါသည်။ ထို့ကြောင့် ရေရရှိရေးကို ဦးစားပေးအစီအစဉ် ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်ရန်ဖြစ်ပါသည်။ မြန်မာနိုင်ငံ တွင် ကျေးရွာပေါင်း ၆၄,၉၁၇ ရွာ ရှိသည့်အနက် ၂၀၁၄ ခုနှစ်တွင် ရေရရှိရေး ဆောင်ရွက်ပြီး သော ကျေးရွာပေါင်းမှာ ၃၀,၉၉၂ ရွာသာ ရှိသေးသည့်အတွက် ဆက်လက်တိုးချဲ့ ဆောင်ရွက် သွားရန်ဖြစ်ပါသည်။

မြို့ပြရေဖြန့်ဝေရေးကို မြို့တော်စည်ပင်သာယာရေးကော်မတီက ဆောင်ရွက်သကဲ့သို့ ကျေးလက်ဒေသများတွင် သန့်ရှင်းသော သောက်သုံးရေဖူလုံစေရန် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နှစ်စဉ်ရန်ပုံငွေများဖြင့်လည်းကောင်း၊ ပြည်တွင်း ပြည်ပမှ အကူအညီများဖြင့် လည်းကောင်း၊ ကျေးရွာများတွင် ကိုယ်ထူကိုယ်ထ စနစ်များဖြင့် လည်းကောင်း ပေါင်းစပ်ဆောင်ရွက်သွားရန် ရည်မှန်းထားပါသည်။

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် မှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အထိ ဒုတိယကာလတို (၅) နှစ် စီမံကိန်းကာလတွင် ကျေးလက်ရေရရှိရေးအတွက် အောက်ပါတို့အား ဆောင်ရွက်မည် ဖြစ်ပါသည်-

- နေပြည်တော်အပါအဝင် တိုင်းဒေသကြီး၊ ပြည်နယ် (၁၅) ခုနှင့် ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ(၆) ခုမှ ကျေးရွာများကို တစ်နှစ်လျှင် (၃,၇၉၇) ရွာ ရွေးချယ်၍ တွင်းတိမ် (၁၉၅)၊ တွင်းနက်(၁,၁၁၀)၊ လက်တူးတွင်း (၄၅၃)၊ ရေကန် (၁,၁၃၈) နှင့် စိမ့်စမ်း (၉၀၁) အကောင်အထည်ဖော်ခြင်း၊

- ဒုတိယကာလတို (၅) နှစ်စီမံကိန်းတွင် စုစုပေါင်း ကျေးရွာ (၁၈,၉၈၅) ရွာအား သောက်သုံးရေရရှိရေး ဆောင်ရွက်ခြင်း၊

သန့်ရှင်းသောသောက်သုံးရေရရှိရေးလုပ်ငန်းများကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ နှစ်စဉ် ရန်ပုံငွေများဖြင့်လည်းကောင်း၊ ပြည်တွင်း ပြည်ပမှ အကူအညီများဖြင့် လည်းကောင်း၊ ကျေးရွာများတွင် ကိုယ်ထူကိုယ်ထ စနစ်များဖြင့် လည်းကောင်း ပေါင်းစပ် ဆောင်ရွက် သွားမည်ဖြစ်ပါသည်။

## ၆-၇။ အိမ်ရာဖွံ့ဖြိုးရေး

လူတို့၏အခြေခံလိုအပ်ချက်ဖြစ်သော စား၊ ဝတ်၊ နေရေး အရေးသုံးပါးတွင် လက်ရှိ အခြေအနေအရ နေရေးသည် အခက်ခဲဆုံးဖြစ်နေပါသည်။ လူဦးရေတိုးတက်လာသည်နှင့် အညီ မြို့ပြဖြစ်ထွန်းမှုများ ဖွံ့ဖြိုးတိုးတက်လာမှုနှင့်အတူ အိမ်ရာများ၊လမ်းများ၊ ဈေးဝယ် စင်တာများ၊ ကုန်တိုက်ကြီးများ၊ အပန်းဖြေအနားယူသည့်နေရာများ လိုအပ်သည်ထက် ပိုမို လိုအပ်လာသောကြောင့် မြေယာဈေးနှုန်းများမြင့်တက်လာခြင်းကြောင့် နေရေးသည် အဓိက အရေးကြီးသော အခန်းကဏ္ဍတွင် ပါဝင်လာပါသည်။ ထိုသို့ ကျယ်ပြန့်လာသော နေထိုင်မှု အတွက် နယ်မြေဧရိယာ ထပ်မံတိုးချဲ့ရန် အခက်အခဲရှိလာသဖြင့် အထပ်မြင့်အိမ်ရာ အဆောက်အဦများ တည်ဆောက်ပေးရမည်ဖြစ်ပါသည်။ အိမ်ရာစီမံကိန်းများ တည်ဆောက် ရာတွင် အဆောက်အဦများ၏ အရည်အသွေးကောင်းခြင်းနှင့် သဘာဝဘေးအန္တရာယ် ကာကွယ်နိုင်ရန်မှာလည်း အလွန်အရေးကြီးပါသည်။

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေး ဦးစီးဌာနသည် မြို့ပြနှင့် အိမ်ရာ ကဏ္ဍဖွံ့ဖြိုးရေး မျှော်မှန်းချက်ကို ချမှတ်ရာတွင် တစ်နိုင်ငံလုံးရှိ လူနေမြို့ရွာများ ဟန်ချက်ညီညီ စဉ်ဆက်မပြတ် ရေရှည်ရှင်သန်ဖွံ့ဖြိုးတိုးတက်နိုင်စေမည့် မြို့ပြစနစ်ပေါ်ထွန်း လာစေရန်၊ နိုင်ငံသားအားလုံး လူနေမှုဘဝမြင့်တင်စေမည့် သင့်လျော်သောအိမ်ရာများတွင် နေထိုင်နိုင်စေရန် ရည်မှန်း၍ ဆောင်ရွက်လျက်ရှိပါသည်။ ထိုသို့ ဆောင်ရွက်ရာတွင် တန်ဖိုးနည်းအိမ်ယာ၊ တန်ဖိုးသင့်အိမ်ယာ၊ တန်ဖိုးမြင့်အိမ်ယာနှင့် ဝန်ထမ်းအိမ်ယာ စသည်ဖြင့် ဆောင်ရွက်လျက်ရှိပါသည်။ အိမ်ရာကဏ္ဍဖွံ့ဖြိုးရေးအတွက် ၂၀၁၁ခုနှစ်မှ ၂၀၁၅ ခုနှစ် အတွင်း တိုင်းဒေသကြီး၊ ပြည်နယ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများတွင်

ဝန်ထမ်းအိမ်ရာ (၂၅၉၆) ခန်း၊ တန်ဖိုးနည်းအိမ်ရာ (၂၀၂၉၈)ခန်း၊ တန်ဖိုးသင့်အိမ်ရာ (၇၁၃၆) ခန်း နှင့် အကျိုးတူအိမ်ရာ (၆၀၂၉) ခန်း တို့ကို ဆောက်လုပ်ပေးခဲ့ပါသည်။

ရန်ကုန်တိုင်းဒေသကြီး ရွာဝေး - ရတနာ အိမ်ရာစီမံကိန်းမှ ၂၀၁၃ ခုနှစ်၊ ဧပြီလ ၁၀ ရက်နေ့တွင် စတင်ခဲ့ပြီး မြေဧက ၂၂၀၊ ၂၄ ခန်းတွဲ ၁၈ ထပ် အဆောက်အအုံ ၄၉ လုံး၊ အခန်းပေါင်း ၁၆,၆၉၆ ခန်း ဆောက်လုပ်လျက်ရှိသကဲ့သို့ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ပြည်သူ့အငှားအိမ်ရာ ၅၁၅၆ ခန်း၊ ဝန်ထမ်းအိမ်ရာ အခန်း ၁၈၃၀ ခန်း၊ တန်ဖိုးနည်းအိမ်ရာ အခန်း ၁၁၁၆၀၊ တန်ဖိုးသင့်အိမ်ရာ ၆,၈၂၉ ခန်း၊ တန်ဖိုးမြင့် အကျိုးတူအိမ်ရာ ၄,၃၈၂ ခန်း ဖြည့်ဆည်းပေးနိုင်ရေး ဆောင်ရွက်လျက်ရှိပါသည်။

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနသည် မြို့ပြနှင့် အိမ်ရာကဏ္ဍဖွံ့ဖြိုးရေးအတွက် နိုင်ငံသားများအတွက်သင့်လျော်ကောင်းမွန်ပြီးဝယ်ယူနိုင်စွမ်း ရှိသော အိမ်ရာများကို ရေရှည်ရှင်သန်စေနိုင်သော နည်းလမ်းများဖြင့် ဖြည့်ဆည်း ဆောင်ရွက်ရေး၊ အိမ်ရာပိုင်ဆိုင်ခွင့်အတွက် အထောက်အပံ့ဖြစ်စေမည့် ငွေကြေးစနစ် (Housing Finance Mechanism) အကောင်အထည်ဖော်ရေး၊ ဆောက်လုပ်ရေးကဏ္ဍ (Construction Industry)ကို ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှု ပိုမိုပါဝင်စေပြီး အလုပ်အကိုင်အခွင့် အလမ်းများဖန်တီးပေးရေးနှင့် ဆောက်လုပ်ရေးနည်းပညာသစ်များ ထွန်းကားရေး၊ အိမ်ရာ အမှန်တကယ်လိုအပ်သူများရရှိအောင် စနစ်တကျအကောင်အထည်ဖော်ရေး ဦးတည်ချက်များ ချမှတ်၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အထိ ဒုတိယကာလတို (၅) နှစ် စီမံကိန်းကာလအတွင်း တိုင်းဒေသကြီးနှင့်ပြည်နယ်အစိုးရများနှင့် ပူးပေါင်း၍ ဒေသအလိုက် အိမ်ရာလိုအပ်ချက်များအပေါ် မူတည်ပြီး အောက်ပါတို့အား ဆောင်ရွက်ပေးသွားမည် ဖြစ်ပါသည်-

- Public Sectorမှ ဆောင်ရွက်ပေးရန်သင့်တော်မည့် အိမ်ရာစီမံကိန်းများ ရေးဆွဲခြင်း၊
- ပြည်ထောင်စု၏ဘဏ္ဍာရေး ထောက်ပံ့မှုဖြင့် ဆောင်ရွက်ပေးလိုသော ပြည်သူ့ အိမ်ရာစီမံကိန်းများ(Public Housing)နှင့် အစိုးရဝန်ထမ်းအိမ်ရာစီမံကိန်းများ

(Government Housing) အတွက် စီမံကိန်းမြေနေရာလိုအပ်ချက်ကို ညှိနှိုင်းလျာထားခြင်း၊

- အစိုးရကဏ္ဍ Public Sector နှင့် Private Sector နှစ်ခုစလုံးမှ ထုတ်လုပ်မည့် ပြည်သူလူထုဝယ်ယူနိုင်စွမ်းရှိသောအိမ်ရာ Affordable Housing အရေအတွက် အိမ်ယူနစ် (၁.၈) သိန်း လျာထားတည်ဆောက်ခြင်း၊
- ပြည်သူ့အိမ်ရာနှင့် အစိုးရဝန်ထမ်းအိမ်ရာ ၄၂ ခုအား အဆောက်အဦသစ်များ ပြန်လည်အစားထိုးတည်ဆောက်ခြင်း၊
- EstateRe-Development Schemes အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊
- အစိုးရဝန်ထမ်းများ ဘဝနောင်ရေး လုံခြုံစိတ်ချရစေရန် ကိုယ်ပိုင်အိမ်ရာဝယ်ယူရေး နှစ်ရှည်အရစ်ကျငွေချေစနစ် Housing Mortgage ထူထောင်ပေးခြင်း၊
- အရည်အသွေးပြည့်မီသော အိမ်ဆောက်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ပြည်တွင်း၌ လုံလောက်စွာထုတ်လုပ်နိုင်အောင် ပုဂ္ဂလိက စက်မှုလုပ်ငန်းများကို အားပေးကူညီခြင်း၊
- အိမ်ရာကဏ္ဍတွင် ပြည်တွင်းပြည်ပမှ ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုများ ဆောင်ရွက်နိုင်ရန် အားပေးကူညီခြင်းနှင့် စနစ်တကျဖြစ်စေရန် ထိန်းကျောင်းကူညီပေးခြင်းတို့ကို ဆောင်ရွက်ရန် ရည်မှန်းထားရှိပါသည်။

အိမ်ရာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးသည် ပြည်သူလူထု၏ လူမှုစီးပွားရေးအခြေအနေကို မြှင့်တင်ပေးရာတွင် အလွန်အရေးပါသော ကဏ္ဍတစ်ရပ်ဖြစ်၍ Public Sector မှ ဖြည့်ဆည်းဆောင်ရွက်ပေးရုံဖြင့် မလုံလောက်ပဲ Private Sector Participation ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုပါဝင်ဆောင်ရွက်ခွင့်ပြုမှသာ လျင်မြန်စွာဖွံ့ဖြိုးတိုးတက်နိုင်မည်ဖြစ်ပါသည်။ သို့ပါ ၍ ဒုတိယကာလတို (၅) နှစ် စီမံကိန်း ကာလအတွင်း Public-Private- Partnership (PPP) ပုံစံဖြင့် ပုဂ္ဂလိကနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်သည့် အိမ်ရာစီမံကိန်းများကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ခွင့်ပြုသွားမည်ဖြစ်ပါသည်။

ဇယား ၆-၁၂

## ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အတွင်း တိုင်းဒေသကြီး/ပြည်နယ်များတွင် မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေး ဦးစီးဌာနမှဆောက်လုပ်မည့်အိမ်ရာစီမံကိန်းများ

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | ၂၀၁၆-၂၀၁၇ လျာထားချက် | ၂၀၁၇-၂၀၁၈ လျာထားချက် | ၂၀၁၈-၂၀၁၉ လျာထားချက် | ၂၀၁၉-၂၀၂၀ လျာထားချက် | ၂၀၂၀-၂၀၂၁ လျာထားချက် |
|---|---|---|---|---|---|---|
| ၁ | ကချင်ပြည်နယ် | ၃၈၄ ယူနစ် | ၃၈၄ ယူနစ် | ၃၈၄ ယူနစ် | ၃၈၄ ယူနစ် | ၃၈၄ ယူနစ် |
| ၂ | ကယားပြည်နယ် | ၁၉၂ ယူနစ် | ၁၉၂ယူနစ် | ၁၉၂ယူနစ် | ၁၉၂ယူနစ် | ၁၉၂ယူနစ် |
| ၃ | ကရင်ပြည်နယ် | ၂၅၆ ယူနစ် | ၂၅၆ ယူနစ် | ၂၅၆ ယူနစ် | ၂၅၆ ယူနစ် | ၂၅၆ ယူနစ် |
| ၄ | ချင်းပြည်နယ် | ၂၈၈ ယူနစ် | ၂၈၈ ယူနစ် | ၂၈၈ ယူနစ် | ၂၈၈ ယူနစ် | ၂၈၈ ယူနစ် |
| ၅ | မွန်ပြည်နယ် | ၉၆ ယူနစ် | ၉၆ ယူနစ် | ၉၆ ယူနစ် | ၉၆ ယူနစ် | ၉၆ ယူနစ် |
| ၆ | ရခိုင်ပြည်နယ် | ၂၈၈ ယူနစ် | ၂၈၈ ယူနစ် | ၂၈၈ ယူနစ် | ၂၈၈ ယူနစ် | ၂၈၈ ယူနစ် |
| ၇ | ရှမ်းပြည်နယ် | ၃၈၄ ယူနစ် | ၃၈၄ယူနစ် | ၃၈၄ယူနစ် | ၃၈၄ယူနစ် | ၃၈၄ယူနစ် |
| ၈ | စစ်ကိုင်းတိုင်းဒေသကြီး | ၃၂၀ ယူနစ် | ၃၂၀ ယူနစ် | ၃၂၀ ယူနစ် | ၃၂၀ ယူနစ် | ၃၂၀ ယူနစ် |
| ၉ | တနင်္သာရီတိုင်းဒေသကြီး | ၃၂၀ ယူနစ် | ၃၂၀ ယူနစ် | ၃၂၀ ယူနစ် | ၃၂၀ ယူနစ် | ၃၂၀ ယူနစ် |
| ၁၀ | ပဲခူးတိုင်းဒေသကြီး | ၃၅၂ ယူနစ် | ၃၅၂ ယူနစ် | ၃၅၂ ယူနစ် | ၃၅၂ ယူနစ် | ၃၅၂ ယူနစ် |
| ၁၁ | မကွေးတိုင်းဒေသကြီး | ၃၂၀ ယူနစ် | ၃၂၀ ယူနစ် | ၃၂၀ ယူနစ် | ၃၂၀ ယူနစ် | ၃၂၀ ယူနစ် |
| ၁၂ | မန္တလေးတိုင်းဒေသကြီး | ၅၉၂ယူနစ် | ၅၉၂ယူနစ် | ၅၉၂ယူနစ် | ၅၉၂ယူနစ် | ၅၉၂ယူနစ် |
| ၁၃ | ရန်ကုန်တိုင်းဒေသကြီး | ၂၀၀၀ ယူနစ် | ၂၀၀၀ ယူနစ် | ၂၀၀၀ ယူနစ် | ၂၀၀၀ ယူနစ် | ၂၀၀၀ ယူနစ် |
| ၁၄ | ဧရာဝတီတိုင်းဒေသကြီး | ၃၅၂ ယူနစ် | ၃၅၂ ယူနစ် | ၃၅၂ ယူနစ် | ၃၅၂ ယူနစ် | ၃၅၂ ယူနစ် |
| ၁၅ | နေပြည်တော်ကောင်စီနယ်မြေ | ၃၈၄ ယူနစ် | ၃၈၄ ယူနစ် | ၃၈၄ ယူနစ် | ၃၈၄ ယူနစ် | ၃၈၄ ယူနစ် |
| ၁၆ | နာဂကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ | ၄၈၀ ယူနစ် | - | - | - | - |
| ၁၇ | ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ | ၁၆၀ ယူနစ် | - | - | - | - |
| ၁၈ | ဓနုကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ | ၁၆၀ ယူနစ် | - | - | - | - |
| ၁၉ | ပလောင်ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ | ၁၆၀ ယူနစ် | - | - | - | - |
| ၂၀ | ကိုးကန့်ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ | ၃၂၀ ယူနစ် | - | - | - | - |
| ၂၁ | ဝကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ | ၁၆၀ ယူနစ် | - | - | - | - |
| | စုစုပေါင်း | ၇၉၆၈ ယူနစ် | ၆၅၂၈ ယူနစ် | ၆၅၂၈ ယူနစ် | ၆၅၂၈ ယူနစ် | ၆၅၂၈ ယူနစ် |

ရင်းမြစ်။ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန

မြို့ပြနှင့်ဒေသ ဖွံ့ဖြိုးရေးဌာနခွဲ၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အတွင်း နှစ်အလိုက် မြို့ပြစီမံကိန်းများရေးဆွဲရန် လျာထားချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

## ဇယား ၆-၁၃
## မြို့ပြနှင့်ဒေသ ဖွံ့ဖြိုးရေးဌာနခွဲ၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အတွင်း နှစ်အလိုက် မြို့ပြစီမံကိန်းများ

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | ၂၀၁၆-၂၀၁၇ လျာထားချက် | ၂၀၁၇-၂၀၁၈ လျာထားချက် | ၂၀၁၈-၂၀၁၉ လျာထားချက် | ၂၀၁၉-၂၀၂၀ လျာထားချက် | ၂၀၂၀-၂၀၂၁ လျာထားချက် |
|---|---|---|---|---|---|---|
| ၁ | ကချင်ပြည်နယ် | - | - | ၁ | ၂ | ၁ |
| ၃ | ကရင်ပြည်နယ် | ၁ | - | - | - | ၂ |
| ၄ | ချင်းပြည်နယ် | - | - | - | ၁ | - |
| ၅ | မွန်ပြည်နယ် | ၁ | - | - | ၃ | - |
| ၆ | ရခိုင်ပြည်နယ် | - | ၁ | - | - | - |
| ၇ | ရှမ်းပြည်နယ် | - | ၁ | ၄ | - | - |
| ၈ | စစ်ကိုင်းတိုင်းဒေသကြီး | ၂ | ၂ | - | - | ၁ |
| ၉ | တနင်္သာရီတိုင်းဒေသကြီး | - | ၁ | - | - | - |
| ၁၀ | ပဲခူးတိုင်းဒေသကြီး | - | ၂ | - | - | - |
| ၁၁ | မကွေးတိုင်းဒေသကြီး | - | - | - | - | ၁ |
| ၁၂ | မန္တလေးတိုင်းဒေသကြီး | ၁ | ၁ | ၃ | - | - |
| ၁၃ | ရန်ကုန်တိုင်းဒေသကြီး | ၁ | - | - | - | - |
| ၁၄ | ဧရာဝတီတိုင်းဒေသကြီး | - | - | - | ၁ | - |
| | စုစုပေါင်း | ၆ | ၈ | ၈ | ၇ | ၅ |

ဓာတ်မြစ်။ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန

ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနသည် ပြည်သူလူထုအတွက် လုံခြုံစိတ်ချ၍ ကျန်းမာရေးနှင့်ညီညွတ်ပြီး သဘာဝပတ်ဝန်းကျင်နှင့် သဟဇာတဖြစ်အောင် အိမ်ရာစီမံကိန်းများကို အကောင်အထည်ဖော်ခြင်း၊ ပဋိပက္ခဖြစ်ပွားရာဒေသများနှင့် စစ်ဘေးရှောင်ဒေသများရှိ ဒုက္ခရောက်ရှိသူများအတွက် သက်ဆိုင်ရာဒေသများတွင် ပြန်လည်နေရာချထားရေး အစီအစဉ်များကိုလည်း ဆောင်ရွက်မည်ဖြစ်ပြီး ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှ ၂၀၃၀-၂၀၃၁ ဘဏ္ဍာရေးနှစ်အထိ အိမ်ရာယူနစ်တစ်သန်းကို တိုင်းဒေသကြီးနှင့်

ပြည်နယ်များ၏ မြို့တော်များနှင့် ဖွံ့ဖြိုးမှု အလားအလာရှိသည့် မြို့ကြီး ၈၁ မြို့ဖြင့် တည်ဆောက်သွားမည် ဖြစ်ပါသည်။

**သုံးသပ်တင်ပြချက်**

ကျွမ်းကျင်မှုနှင့်နည်းပညာအား သင်ယူနိုင်စွမ်းအား (Absorptive Capacity) ရှိသည့် ကျွမ်းကျင်လုပ်သားများ မွေးထုတ်ပေးခြင်း၊ တက္ကသိုလ် ပညာရေးသည် လက်တွေ့ လုပ်ငန်းခွင်များနှင့် ချိတ်ဆက်စေပြီး အသုံးချပညာရပ်များပါ တိုးတက်ဖွံ့ဖြိုးစေခြင်း၊ လုပ်သားဈေးကွက်မှ တောင်းဆိုလာသည့် ပညာရပ်များအား ပုဂ္ဂလိကနှင့် အစိုးရကဏ္ဍတို့မှ တုန့်ပြန်ဖြည့်ဆည်းနိုင်ရန်သည့် ပညာရေးစနစ်ပေါ်ပေါက်စေရေးသည် လွန်စွာအရေးပါခြင်း ကြောင့် ဒုတိယစီမံကိန်းကာလအတွင်း အထူးဦးစားပေး အကောင်အထည်ဖော်ရန် ဖြစ်ပါ သည်။ ထို့ပြင် လူ့စွမ်းအားရင်းမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အာဟာရဖွံ့ဖြိုးရေး လုပ်ငန်းများဆောင်ရွက်ခြင်း၊ မျိုးဆက်ပွားကျန်းမာရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း လုပ်ငန်းများ၊ မြန်မာနိုင်ငံ၏ လူမှုစီးပွား၊ ဘေးအန္တရာယ်ကျရောက်မှု၊ ထိခိုက်လွယ်မှုဆိုင်ရာ အကြောင်းအရာများအပေါ်အခြေခံ၍ရေးဆွဲထားသည့် လူမှုကာကွယ် စောင့်ရှောက်ရေး မဟာဗျူဟာအရ လုပ်ငန်းများအား အကောင်အထည်ဖော်ဆောင်ရန် ဖြစ်ပါသည်။ ထို့ပြင် လူသားအရင်းအနှီးအညွှန်းကိန်း (HAI) ဖွံ့ဖြိုးတိုးတက်ရန် အတွက် သော်လည်းကောင်း၊ ၂၀၁၅ ခုနှစ်အလွန် ရေရှည်ဖွံ့ဖြိုးတိုးတက်မှု ရည်မှန်းချက်များ ပြည့်မီရန်အတွက် သော်လည်းကောင်း ချဉ်းကပ်ဆောင်ရွက်ရန် ဖြစ်ပါသည်။ ဂလိုဘယ်လိုက်ဖေးရှင်းခေတ်တွင် မိမိတို့၏ ကိုယ်ပိုင်ယဉ်ကျေးမှုအား ထိန်းသိမ်းရေး၊ မိမိတို့ယဉ်ကျေးမှု အမွေအနှစ်များအား ကမ္ဘာတည်သရွေ့ တည်တံ့ထိန်းသိမ်းနိုင်ရေး၊ သောက်သုံးရေသန့်ရရှိရေးနှင့် ပြည်သူတို့ အတွက် အိမ်ရာများဖန်တီးပိုင်ဆိုင်စေခြင်းဖြင့် စိတ်ပိုင်းဆိုင်ရာ လုံခြုံမှုရှိစေရေးတို့ကို အထူး ဦးစားပေး ဆောင်ရွက်ရန်ဖြစ်ပါသည်။